
www.burmeseclassic.com



www.burmeseclassic.com

ဖြန့်ချိရေး

လမင်းအိမ်

ပန်းမျိုးတစ်ရာစာပေ

တိုက်-၉၊ အခန်း ၂၀၃-၂၀၄

ပုဇွန်တောင်ဥယျာဉ်အိမ်ရာ

ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။

ဖုန်း-၂၀၂၇၇၂။ ၂၉၉၃၁၆

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ၊ - ၄၈၀/၉၈(၈)

မျက်နှာဖုံးခွင့်ပြုချက် - ၅၉၂/၂၀၀၀(၈)

ပုံနှိပ်ခြင်း

နဝမအကြိမ်

ထုတ်ဝေကာလ

စက်တင်ဘာ၊ ၂၀၀၀ ပြည့်နှစ်

မျက်နှာဖုံးပန်းချီ

စံတိုး

စောင်ရေ

၁၀၀၀

တန်ဖိုး- ၇၀၀ ကျပ်

စာအုပ်ချုပ် - ကိုမြင့်

မျက်နှာဖုံးပုံနှိပ်သူ

ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၁၉)

၁၅၉၊ ၃၃လမ်း၊ ကျောက်တံတား၊ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ

ဦးကျော်စိုး၊ 'စိုး'အော့ဖ်ဆက် (၀၄၂၅၀)

၇၈/ခ၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

ထုတ်ဝေသူ

ဒေါ်မော်မော် ပန်းမျိုးတစ်ရာစာပေ (၀၂၀၃၇)

တိုက် ၂၃၃၊ အခန်း ၁၄၊ ၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်။

www.burmeseclassic.com

# အမေ

# နှင့်

# အမေ့အကြောင်း

(နဝမအကြိမ်)

ချစ်စံဝင်း

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| အခန်း(၁) | ဆန်နှစ်တင်းနှင့်အမေ | ... | ၁ |
| အခန်း(၂) | ဂေါ်ဂီနှင့်အမေ | ... | ၂၂ |
| အခန်း(၃) | အမေ့အရိပ်အေးပါတယ် | ... | ၃၉ |
| အခန်း(၄) | မေတ္တာစိတ်၏ ယုံကြည်မှု | ... | ၄၉ |
| အခန်း(၅) | အမေ့မေတ္တာ၏ သဘော | ... | ၆၁ |
| အခန်း(၆) | စုန်ရေ | ... | ၇၂ |
| အခန်း(၇) | မိခင်စိတ် | ... | ၈၆ |
| အခန်း(၈) | တစ်ခုသော တန်ဆောင်တိုင် | ... | ၉၅ |

www.burmeseclassic.com


| | | |
|---|---|---|
| အခန်း( ၉ ) | မိခင်သောက | . . . ၁၁၀ |
| အခန်း(၁၀) | မျောက်မကြီး | . . . ၁၂၆ |
| အခန်း(၁၁) | တောခွေးမ၏ တစ်ညတာ | . . . ၁၄၅ |
| အခန်း(၁၂) | ပိုက်ထွေးယုယ | . . . ၁၅၇ |
| အခန်း(၁၃) | အရေးကြီးသော မေတ္တာစခန်း | . . . ၁၇၁ |
| အခန်း(၁၄) | အစားထိုး၍မရသောဟာကွက် | . . . ၁၈၂ |
| အခန်း(၁၅) | အမေဟူသည်အလွမ်းသည် | . . . ၁၉၃ |
| အခန်း(၁၆) | အမေ့ကဗျာ | . . . ၂၁၀ |
| အခန်း(၁၇) | ငါသာလျှင် အကြီးကျယ်ဆုံး | . . . ၂၃၂ |
| အခန်း(၁၈) | သဘော်သီး | . . . ၂၄၄ |
| အခန်း(၁၉) | မြေမှာကြီးရသောအမေ့ဘဝ | . . . ၂၆၀ |
| အခန်း(၂၀) | မြန်မာ့မြေယာသမိုင်း၏ | |
| | ဇာတ်ပို့ဇာတ်ရံအဖြစ် | . . . ၂၇၃ |
| အခန်း(၂၁) | မြေကိုချစ်သောအမေ | . . . ၂၉၇ |
| အခန်း(၂၂) | ပြဟ္မာမည်သောပုဂ္ဂိုလ် | . . . ၃၀၂ |
| အခန်း(၂၃) | လူသား၏ မြင့်မြတ်သော | |
| | စံပြစိတ်ဓာတ် | . . . ၃၁၉ |
| အခန်း(၂၄) | ဦးသုခ၏ အမေ | . . . ၃၂၆ |
| အခန်း(၂၅) | ဦးရန်အောင်၏ အမေ | . . . ၃၄၁ |
| အခန်း(၂၆) | ချစ်မေတ္တာကို ပေးသနားပါ | . . . ၃၅၈ |
| အခန်း(၂၇) | ကမ္ဘာစစ်ပင်ခြားခြား | . . . ၃၆၉ |
| အခန်း(၂၈) | ကျွန်မသားကြီး | . . . ၃၇၉ |
| အခန်း(၂၉) | ဗန္ဓေ မာတရံ | . . . ၃၉၅ |

www.burmeseclassic.com

**မြင့်မြတ်ကြီးမားသော ကြင်နာခြင်းတရားသည်**
**မိခင်တို့၌**
**ထာဝစဉ် တည်ရှိနေမည်ဖြစ်သော**
**တုန့်ိုင်းမရသည့် ဂုဏ်ပုဒ်တစ်ခုဖြစ်သည်။**

သောမတ်(စ) ဒီဝတ်ဘဲလ်မက်(၁၈၃၂–၁၉၀၂)
အမေရိကန်လူမျိုး ဘုန်းတော်ကြီး

# အခန်း (၁)

## ဆန်နှစ်တင်းနှင့် အမေ

အချိန်သည် ဆန်ကို တစ်မြို့နယ်မှ တစ်မြို့ မသယ်ယူရသောအချိန်ဖြစ်သည်။ ရန်ကုန်မြို့တွင်ကား လူဦးရေကများ၊ ငွေရှိသူတို့က ဝယ်ယူသိုလှောင်မှုက အားကြီးလွန်း၍ ဆန်အခက်အခဲရှိလာ၏။ သက်ဆိုင်ရာတွင် ဆန်အလုံအလောက်တော့ ရှိသည်။ သို့သော်လည်း ခြိုးခြံ၍ ဆန်ပိုများ ထွက်လာပါက နိုင်ငံခြားသို့ ရောင်းရလျှင် နိုင်ငံခြားငွေ ရှိနိုင်သည်။

ယခုအခက်အခဲမှာ လက်ဝယ်ရှိသောဆန်ကို အချိန်မီ ဖြန့်ဖြူးရေးအခက်အခဲဖြစ်၏။ ပြည်သူ့ဆိုင်မှလည်း ဆန်ဘယ်တော့ရောက်မည်၊ ဘယ်နေ့ဖြန့်မည်၊ ဘယ်နှုန်းဖြန့်မည်ကို အာမခံချက် မပေးနိုင်။ သတင်းမျှကိုပင် မပေးနိုင်ဖြစ်နေ၏။

www.burmeseclassic.com



ရန်ကုန်တစ်မြို့လုံး ကြုံတွေ့ရသလို ကျွန်တော်တို့မိသားစုတွင်လည်း ဆန်အခက်အခဲကြုံလာသည်။ ဇနီးက 'လိုလိုမည်မည် ဆန်သုံးလေးတင်းလောက်တော့ ရှာထားမှဖြစ်မယ်'ဟုဆို၏။ ကျွန်တော်က 'ခေတ္တစောင့်ပါဦး၊ ကုန်သွယ်ရေးမှာ ဆန်ရှိပါတယ်၊ သိပ်စိတ်မစောပါနဲ့၊ သက်ဆိုင်ရာက ဖြန့်ကို ဖြန့်မှာပါ' ဟု ဆိုသည်။ သို့သော်လည်း ဇနီးက မကျေနပ်။

"ကလေးလည်းရှိသေးတယ်၊ လူကြီးတွေအတွက် စားစရာမရှိတာ ကိစ္စမရှိဘူး၊ ကလေးတွေ အတွက်ကတော့ ဆန်ရှာထားမှဖြစ်မယ်"

"ရန်ကုန်မြို့မှာတို့မိသားစုမှာမှ ကလေးရှိတာ မဟုတ်တာ၊ မိသားစုတိုင်းမှာ ကလေးရှိကြတာပဲ၊ သူ့ဟာသာသူတော့ ဖြစ်လာမှာပါ၊ စိတ်မပူပါနဲ့ကွာ"

"မိသားစုတိုင်းမှာ ကလေးရှိပေမယ့် တခြားမိသားစုတွေက အိမ်မှာ ဆန်သုံးလေးတင်း စုပြီးသားရှိနေကြတာ၊ အိမ်မှာက အလွန်ဆုံးရှိ ငါးရက်စာပေါ့"

"အေး...အဲဒီလိုဆန်တွေစုကုန်လို့ ခက်တာပေါ့၊ရန်ကုန်မြို့မှာ မိသားစု ငါးသိန်းရှိတယ်ကွာ၊ တစ်မိသားစု တစ်တင်းပဲ အပိုစုထားဦး၊ ဆန် တင်းငါးသိန်းလောက် ရန်ကုန်မြို့ပေါ်မှာ ရှိနေသေးတယ်လို့ သက်ဆိုင်ရာတွေကလည်း တွက်ကြမှာပေါ့"

"ရှင်တို့လို တွက်ချက်နေတာတွေထားလိုက်တော့၊ အခု ဆန်ပြတ်ရင် ပြည်သူ့ဆိုင်ကလည်း မရသေးဘူး၊ သူများဆီလည်း သွားချေးလို့ ရတာမျိုးမဟုတ်ဘူး၊ ဆန်တစ်တင်း နှစ်တင်းတော့ ရအောင်ရှာမှ ဖြစ်မယ်ရှင့်"

www.burmeseclassic.com


"အေးပါကွာ၊ တစ်ရက် နှစ်ရက်တော့ စောင့်ကြည့်ပါဦး၊ မရတဲ့အဆုံးတော့ ရှာရမှာပေါ့"

ကျွန်တော်က တစ်ရက် နှစ်ရက် အချိန်ဆွဲခဲ့သော်လည်း သုံး လေးရက်အတွင်း ဆန်ကိစ္စမှာ ပြေလည်မှု မရှိခဲ့ပေ။ ထို့ကြောင့်လည်း ကျွန်တော်သည် ဆန်တစ်တင်းလောက် ဝယ်ထားရန် ထွက်ခဲ့ရ၏။ ဆန်ဈေးကလည်း ဘယ်ဈေးရှိမှန်းမသိ၍ ငွေနှစ်ရာတော့ ထည့်ယူခဲ့၏။

အိမ်မှထွက်လာသောအခါ ဘယ်သွားဝယ်ရပါ့မလဲဟု တိတိကျကျစဉ်းစား၍မရဘဲရှိနေ၏။ နောက်မှ ပဲခူးသွားရင်တော့ ရမည်ဟု စိတ်ကူးပေါက်လာသည်။

ပဲခူးသည် ကျွန်တော်မြို့ဖြစ်သည်။ ကျွန်တော့်ကို ကဝမြို့နယ် ရစ်ကံကြီးရွာတွင် မွေးဖွားခဲ့သော်လည်း လူငယ်ဘဝစောစော ပိုင်း တစ်ခုလုံး ပဲခူးမြို့တွင်သာ ကုန်ဆုံးခဲ့ရ၏။ ပဲခူးမြို့တွင် ကျွန်တော်နှင့် ကျောင်းနေဖက်သူငယ်ချင်းများရှိသည်။ မြို့နယ် အဆင့်၊ တိုင်းအဆင့်တို့တွင် သူတို့လည်း လုပ်ပိုင်ခွင့်ရှိကြသူ များ ဖြစ်၏။ သူငယ်ချင်းများကို ပြောဆို၍ ယူလာလျှင်ပင် ဆန်နှစ်တင်းလောက် လွယ်ကူမည်ဟု ထင်ခဲ့သည်။

ပဲခူးသို့ရောက်သော် ဆန်သယ်ယူရေးသည် မလွယ်ကူလှ ကြောင်း ကျွန်တော်စ၍သိလာသည်။ မြို့နယ်တစ်ခုနှင့်တစ်ခု အဝင်အထွက်တိုင်းတွင် ကြပ်ကြပ်မတ်မတ် စစ်ဆေးကြ၍ တစ် မြို့နယ်မှတစ်မြို့နယ်ဆန်မသယ်ယူရေးကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်နေကြ၏။ သို့သော်လည်း ကျွန်တော်သည် ရောင်း

www.burmeseclassic.com



ရင်းများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများအားကိုးဖြင့် သယ်ယူနိုင်လိမ့်မည်ဟုသာ ဆက်၍ထင်နေမိ၏။

ပဲခူးမှဆန်ဝယ်၍ ကားနှင့်ပြန်လာပါက လမ်းတွင် လှည်းကူးမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိသည်။ မင်္ဂလာဒုံမြို့နယ်သည် ကား ရန်ကုန်နယ်နိမိတ်အတွင်းသို့ ဝင်ပြီဖြစ်၍ လှည်းကူးမြို့နယ် တစ်ခုသာစိုးရိမ်စရာရှိ၏။ ပဲခူးမြို့နယ်မှခွင့်ပြုလိုက်သော် လှည်းကူးမြို့နယ်ကို ကျော်ဖြတ်ရန် ကျွန်တော့်အတွက် အတော်လေးလွယ်၏။ မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦးသည် ကျွန်တော့်သူငယ်ချင်းဖြစ်နေ၍ သူကားနှင့်ပင် ရန်ကုန်သို့ ယူလာနိုင်သေး၏။ ပဲခူးမြို့နယ်မှယူလာရန်အတွက်လည်း မခက်ခဲပေ။ အဘယ်ကြောင့်ဆိုသော် မြို့နယ်အဆင့်သာမက တိုင်းအဆင့် တာဝန်ရှိသူများပင် ကျွန်တော့် အိမ်သည် သူတို့အတွက် စားအိမ်သောက်အိမ် ဖြစ်နေသောကြောင့်ပါတည်း။

ပဲခူးသို့ရောက်သော် ကျွန်တော်သည် ကျွန်တော့်မိတ်ဆွေရုံးခန်းသို့ တန်းတန်းမတ်မတ် သွားခဲ့သည်။ ကျွန်တော့် မိတ်ဆွေကို အဆင်သင့်တွေ့၏။ ကျွန်တော် ဆန်နှစ်တင်းလောက် သယ်ယူလိုကြောင်းပြောရာ မိတ်ဆွေမှာ အတော်လေး အကြံအိုက်သွားရှာသည်။

"မဖြစ်ဘူးထင်တယ် သူငယ်ချင်း"

"ဘာဖြစ်လို့လဲကွ"

"အခု ဆန်တားတာက ငါတို့ကိုယ်တိုင်တားဖို့အမိန့်ထုတ်ဆောင်ရွက်နေရတာ၊ ရွှေသမင် ဘယ်ကထွက် ဖြစ်နေဦးမယ်"

www.burmeseclassic.com


"ဒါတော့ဒါပေါ့၊ ဒါပေမယ့်အိမ်မှာကလည်းစားစရာကို မရှိဘူး၊ မိန်းကလည်း ဆန်နှစ်ရက်စာပဲရှိတော့တယ် ဆိုတာနဲ့ ထွက်လာရတာ၊ ကိုယ့်မလည်း အလုပ်က အားတာမဟုတ်ဘူး"

"ကဲ...မင်းဆန်သယ်ပို့ရာမှာ ငါလုပ်ပေးရမယ့် အပိုင်းက ဘာလဲ"

"ပဲခူးမြို့နယ်ထဲက ဆန်နှစ်တင်း ဝယ်ခွင့်ရရေးကွာ"

"အမယ်လေး၊ဘုရား...ဘုရား၊ သူငယ်ချင်းရေ၊ ဘယ်လိုမှ မရလို့ပါကွာ၊ ငါတောင်းပန်ပါတယ်၊ ရှိခိုးဆို ရှိခိုးပါမယ်ကွာ"

"အိမ်မှာ စားစရာမရှိတာ ဘယ်လိုလုပ်မလဲ"

"မင်းက ရန်ကုန်မှာပဲနေ၊ အမျိုးသမီးနဲ့ကလေးတွေ ပဲခူးပို့ထား၊ ငါ့အိမ်မှာ ကြိုက်သလောက်စား၊ ကြိုက်သလောက်နေကွာ၊ ဒီဆန်ကိစ္စက အလွန်ဆုံး ဆယ်ရက်ပေါ့ကွာ၊ ဆယ်ရက်လောက်ကျော်ရင် ပြေလည်သွားမှာ၊ မင်းကလည်း သိလျက်နဲ့ အလကား ဒုက္ခရှာနေသေးတယ်"

ကျွန်တော်သည် သူနှင့် ပြောလို့တော့ ပြေလည်မည့်ဟန် မရှိသည်ကို တွက်မိ၍ အခြားသူငယ်ချင်း လေးငါးယောက်နှင့် ဆက်၍တွေ့လိုက်ရသေးသည်။ သို့သော်လည်း ထိုကိစ္စကို တစ်ဦးတစ်ယောက်ကမျှ ဆောင်ရွက်မပေးနိုင်ပေ။

ကျွန်တော် အချိန်ကို ကြည့်လိုက်သောအခါ ဆယ်နာရီခွဲရှိနေပြီဖြစ်၏။ သနပ္ပင်သည်လည်း ဆန်ရှိသော မြို့နယ်တစ်ခုဖြစ်သည်။ သနပ္ပင်သည် ပဲခူးထက်စာလျှင် ပိုမိုလွယ်ကူနိုင်မည်ဟု ကျွန်တော် မျှော်လင့်မိ၏။ ထို့အပြင် သနပ္ပင်မှ တာဝသို့

www.burmeseclassic.com


တူးမြောင်းရှိသည်။ သနပ္ပင်မှ ဆန်ကို တာဝသို့ ပဲ့ချိတ်ဖြင့် သယ်ယူပြီး တာဝမှ ရထားဖြင့် ရန်ကုန်သို့ယူသော် ပဲခူးနှင့် လှည်းကူးမြို့နယ်များကိုပင် ဖြတ်သန်းရန် မလိုပေ။ ကျွန်တော်သည် ထိုအကြံအတွက် လက်ဖျောက်တီးကာ သနပ္ပင်ကားပေါ်သို့ ခုန်တက်၍ လိုက်ခဲ့တော့၏။

နာရီဝက်ခန့်ကြာသောအခါ ကျွန်တော်သည် သနပ္ပင်သို့ ရောက်လာ၏။ ရှေးဦးစွာ ကျွန်တော့်သူငယ်ချင်းနှင့် ဝင်တွေ့ရန် သူ့ရုံးသို့ သွားခဲ့မိသည်။ ရုံးသို့ ရောက်သော် ရုံးတွင် စောင့်နေသူ လူငယ်တစ်ဦးက အစည်းအဝေးလုပ်နေသဖြင့် ခေတ္တစောင့်ပါရန် မေတ္တာရပ်ခံ၍ ထိုင်စောင့်နေရ၏။ စောင့်နေသောအခန်းနှင့် အစည်းအဝေးခန်းမသည် သုံးထပ်သား တစ်ချပ်သာ ခြားသောကြောင့် အတွင်းမှ ပြောဆိုနေသည်များကို အတိုင်းသား ကြားနေရ၏။ ဦးဆောင်စည်းဝေးနေသူမှာ ပြောမနာ ဆိုမနာ ကျွန်တော့်သူငယ်ချင်းပင် ဖြစ်သည်။

"ခုစီမံချက်က အရေးကြီးတဲ့အတွက် တိတိကျကျတော့ လုပ်ဆောင်ဖို့ လိုပါမယ်။ အဆင့်ဆင့် တာဝန်ပေးရာမှာလည်း စိတ်အချရဆုံး လူတွေကိုသာ ရွေးချယ်တာဝန်ပေးထားတာပါ၊ တာဝန်ယူလုပ်ဆောင်တဲ့သူတွေရဲ့ ခေါင်းထဲမှာ ကျွန်တော်တို့ မြို့နယ်ထဲက ဆန်ကို တစ်စေ့မှ တရားမဝင် အပြင်မရောက်စေရဘူးဆိုတဲ့ အသိ စွဲနေစေလိုပါတယ်"

ကျွန်တော်သည် ထိုင်နေရာမှ ထလိုက်သည်။ ငုံ့ထားသော အကြမ်းပန်းကန်တစ်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး စောင့်နေသော လူငယ်လေးအား တစ်အောင့်နေမှ ပြန်လာမည်

ဟု ပြောကာ တစ်ချိုးတည်း လစ်လာခဲ့သည်။ ကျွန်တော်သည် တစ်ချိုးတည်း လစ်လာခဲ့သော်လည်း ဘယ်သွားရမှန်းမသိ။ ရှေ့ဆက်၍သွားလျှင်ကား ကဝမြို့နယ်အတွင်းမှ ကျွန်တော့်ရွာသို့ ရောက်မည်။ ရွာရောက်လျှင်လည်း ဆန်တော့ရှိသည်။ ဆန်လိုသလောက်ရမည်။ သို့သော် ရန်ကုန်အရောက် မည်သို့သယ်မည်နည်း။

ကျွန်တော်သည် သနပ်ပင် တံတားထိပ်တွင် ကြံရည် သောက်ရင်း အကြံထုတ်နေမိ၏။ ယခုအတိုင်းဆိုပါက တာဝန်ရှိသူများ၏ ခွင့်ပြုချက်ဖြင့် အပေါ်မှ သွား၍ကား မလွယ်ကူပေ။ မိမိဘာသာ အောက်ပိုင်းနည်းကို သုံးရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ကျွန်တော်သည် ချက်ချင်းပင် ပဲခူးသို့ ပြန်လာခဲ့သည်။ သနပ်ပင်မှ အထွက်တွင် ကားပေါ်မှ လူများကို ဆင်းစေကာ ပိုက်စိပ်တိုက်ရှာသေးသည်။ တွေ့သော ဆန်တစ်အိတ်ကို ဖမ်းထားလိုက်ကြသည်။ သို့တိုင်အောင် ကျွန်တော်ကားစိတ်မလျှော့။ ပဲခူးသို့ ကျွန်တော်ပြန်ရောက်သော် ဆယ့်တစ်နာရီခွဲ ကျော်နေပြီဖြစ်သည်။ ကျွန်တော်သည် ပဲခူးဈေးထဲမှ အဒေါ်တစ်ယောက်၏ အကူအညီဖြင့် မှောင်ခိုဈေးမှ ဆန် နှစ်တင်းကို ဝယ်ယူလိုက်သည်။

အဒေါ်က 'သယ်လို့လွယ်ပါ့မလားဟယ်'ဟု ပြောရှာသေး၏။ ကျွန်တော်က 'ရပါတယ် အဒေါ်ရဲ့' ဟု ဆိုကာ အိတ်ကိုသာ လုံအောင်ချည်ပေးပါဟု ပြောလိုက်၏။ ကျွန်တော်သည် ဆန်ဝယ်၍ ရသည့်နေရာမှ ဆိုက်ကားတစ်စီးကို ငှားကာ ရန်ကုန်ကားဂိတ်သို့ လာခဲ့သည်။ ကားဂိတ်တွင် ကား

www.burmeseclassic.com


ဆရာက ဆန်တင်ရန် ငြင်းဆိုနေ၏။ ကျွန်တော်က လမ်းတွင် တွေ့သည့် ပြဿနာကို ကျွန်တော့်ပြဿနာထားပါ၊ ကားခကို နှစ်ဆပေးမည်ဟု ပြောလိုက်၏။ ကားဆရာက သဘောတူပြီး တင်ခွင့်ပြုလိုက်သည်။ ကျွန်တော်သည် ဆန်အိတ်ကို ကားခေါင်မိုးပေါ်သို့ တင်လိုက်သည်။ ခေါင်မိုးပေါ်တွင် ဆန်အိတ်ကိုချည်ထားသောကြိုး ပြတ်ကာ ဆန်နည်းနည်း ထွက်ကျလာ၏။ ထွက်ကျလာသောဆန်များကို လွယ်အိတ်ထဲသို့ ထည့်ကာ ဆန်အိတ်ကို ပြန်၍ကြိုးနှင့်ချည်ရသည်။ ကြိုးချည်ရုံဖြင့် မရသောကြောင့် အနီးရှိ အုန်းသီးဆိုင်မှ အပ်ငှား၍ ချုပ်လိုက်ရသေး၏။

ကျွန်တော့် ဆန်အိတ်ပေါ်တွင် အခြားပစ္စည်းများကို တင်လိုက်၏။ ကျွန်တော်တို့ကားသည် ပဲခူးမှ နေ့လယ် တစ်နာရီလောက်တွင် ထွက်လာသည်။ ကားထွက်၍ ဆယ့်ငါးမိနစ်ပင် မကြာပါ။ ပဲခူးမြို့အထွက်တွင် ကျွန်တော်တို့ကား အစစ်ခံရပါတော့သည်။ ကျွန်တော်သည် ပါးစပ်မှလေများကို တဝူးဝူး မှုတ်ထုတ်ရင်း ဣန္ဒြေဆည်နေရသော်လည်း စိတ်တွင်း၌ကား ပျာလောင်ခပ်နေမိ၏။ ဥပဒေနှင့် မကင်းသော အလုပ်မို့လည်း ရင်မောရ၏။

ဤကဲ့သို့သောအဖြစ်မျိုး ရန်ကုန်မရောက်မီ ဘယ်နှစ်ကြိမ် ကြုံရလေဦးမည်မသိ။ ကားအောက်ပိုင်း၊ ဒရိုင်ဘာခန်း၊ ကားရှေ့ပိုင်း နောက်ပိုင်း အနံ့ရှာကြသည်။ သို့သော် ဘာကိုမျှ မတွေ့။ ကျွန်တော့်စိတ်ထဲတွင်ကား ကားခေါင်မိုးပေါ်သို့ မတက်သည်ကိုပင် ကျိတ်၍ ကျေးဇူးတင်နေရသည်။

သို့သော် ကျေးဇူးတင်၍ မဆုံးသေးခင်မှာပင် ခေါင်မိုးပေါ်မှအသံ တစ်ခုက 'ဟောဒီဆန်အိတ်က ဘယ်သူ့ဟာလဲ'ဟု အော်မေးလိုက်၏။ စပါယ်ယာက ကျွန်တော့်အား လှမ်း၍ ကြည့်လိုက်သည်။ ကျွန်တော်က ကတိအတိုင်း ကျွန်တော့်ဟာပါဟု ဝန်ခံကာ ကားပေါ်မှ ဆင်းလိုက်ရ၏။ ကားပေါ်မှ ဆန်အိတ်သည် ဖုတ်ခနဲ ကျလာသည်။ ကားသည် ဝူးခနဲ ထွက်သွား၏။ ကျွန်တော်သည် ရုက်လွန်းလှ၍ မျက်နှာကိုပင် ဘယ်ထားရမည် မသိပေ။

ကျွန်တော်သည် ဆုံးဖြတ်ချက်ချပြီးသားမို့ အပေါ်အင်္ကျီ အိတ်ကပ်ထဲမှ ဆယ်တန်လေးများကို စမ်းစစ်မိ၏။ ဆယ်တန်လေးများသည် ထွက်ချင်လွန်း၍ ခုန်နေသည်ဟု ထင်ရသည်။

ဆန်ရှာဖွေရေးအဖွဲ့သည် ကျွန်တော့်အား အနီးရှိ အမိုးတစ်ခုအောက်သို့ ခေါ်ကာ တစ်ဦးက စာရွက်တစ်ခုပေါ်တွင် ရေးမှတ်၍ မေးခွန်းများ မေး၏။

"ဒီဆန်အိတ်က ခင်ဗျားဟာလား"

"ဟုတ်ပါတယ်"

"ဘယ်ကိုသယ်မှာလဲ"

"ရန်ကုန်ကိုပါ"

"ခင်ဗျား နာမည်က"

"ကျွန်တော့်နာမည်က ချစ်စံဝင်းပါ"

"စာရေးဆရာ နာမည်ပဲ"

"ကျွန်တော်လည်း စာရေးဆရာပါ"

"စာရေးဆရာဆို ကလောင်နာမည်ကရော"

www.burmeseclassic.com


"ချစ်စံဝင်းလေ"

"ဆရာက ချစ်စံဝင်းလား"

"ဟုတ်တယ်၊ ကျွန်တော်က ဆောင်းပါးရှင်ပါ"

"ဆရာ့ကို ကျွန်တော်က လူကြီးကြီးမှတ်နေတာ၊ ဆရာက သိပ်မှ မကြီးသေးတာဘဲ၊ ဆရာ့ဆောင်းပါးတွေကို ကျွန်တော် မလွတ်တမ်း ဖတ်တယ်၊ အကြိုက်ဆုံးကတော့ 'မူလတန်းပြ ဆရာဖြစ်သောနေ့'ဆိုတာပဲ၊ ကြေးမုံမှာ ပါတာလေ၊ ကျွန်တော် အဲဒီဆောင်းပါးကို ဖြတ်ပြီး သိမ်းထားတယ်၊ ကျွန်တော်လည်း မူလတန်းပြ ဆရာပဲ"

ကျွန်တော့်အဖို့ မှတ်ဆိတ် ပျားစွဲခြင်းပင်တည်း။ ကျွန်တော်၏ စာကို အမည်နာမနှင့်တကွ ချက်ချင်း ဖော်နိုင်ပြီး ကျွန်တော့်အား လေးစားသူ စာဖတ်ပရိသတ်နှင့် တိုးနေ၍ ကျွန်တော် ဝမ်းသာနေမိပြန်၏။ သူငယ်ချင်းတို့ မိတ်ဆွေတို့ မကူလျှင်နေ၊ စာရေးသူတို့ဝယ် စာဖတ်ပရိသတ် ရှိနေသည်။ ကျွန်တော့်ကိုယ် ကျွန်တော် ဂုဏ်လည်း ယူမိသည်။

ကျွန်တော်က သူ့နာမည်ကိုမေးကြည့်သည်။ သူကနာမည် ကိုသာမက အိမ်လိပ်စာ၊ အလုပ်လိပ်စာ တို့ကိုပါ ပေးသည်။ ထိုကဲ့သို့ ပေးရသည်ကိုလည်း ကျေနပ်နေဟန် ရှိ၏။

"ကျွန်တော်လည်းဗျာ အိမ်မှာ ဆန်ကို စားစရာ မရှိလို့ ဒီမှာ ဆန်လာဝယ်တာ၊ အဲဒါ ခင်ဗျားပဲကြည့်လုပ်ပေးပါဦး ဗျာ"

"ဆရာတို့က တကယ့်ကို ကိုယ်ကျိုးစွန့် လုပ်နေတယ် ဆိုတာ ကျွန်တော်ယုံပါတယ် ဆရာ၊ ဆရာတို့မှာ စားစရာမရှိဘူး

www.burmeseclassic.com


ဆိုတာလည်း ယုံပါတယ်ဆရာ၊ စာရေးဆရာဆိုတာ ကျွန်တော်တို့ နိုင်ငံမှာ ငမွဲပါ”

အလားအလာ ပိုကောင်းလာပါသည်။ မမျှော်လင့်ဘဲ တွေ့ခဲ့ရသော ကျွန်တော့်စာဖတ် ပရိသတ်သည် ဤဆန်အိတ်ကို ပဲခူးနယ်နိမိတ်မှ လွန်အောင်ကား စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ကျွန်တော် ယုံကြည်မိသည်။

“ဒီလိုဆို ဒီဆန်အိတ်ကို ကျွန်တော်ဘယ်လိုလုပ်ရမလဲ”

ထိုပုဂ္ဂိုလ်သည် အလေးအနက် စဉ်းစားနေ၏။

“ဒီလိုလုပ်ဆရာရယ်၊ ဒီနေ့တော့ ဒီဆန်အိတ်ကိုသယ်ဖို့ ဆိုတာ ဖြစ်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော်က အဖွဲ့နဲ့လုပ်နေရတာ၊ နောက်ပြီးတိတိကျကျညွှန်ကြားချက်တွေလည်း ရှိတယ်၊ ဆန်ဆိုရင် ဖမ်းပြီးတရားစွဲရမှာ၊ ဒီတော့ ဒီဆန်နှစ်အိတ်ကို ပဲခူးမှာ မိတ်ဆွေရှိရင် အဲဒီအိမ် တစ်အိမ်အိမ်မှာ ထားခဲ့၊ မရှိရင်လည်း ကျွန်တော့်အိမ်မှာ ထားခဲ့၊ နည်းနည်းလေးချောင်တာနဲ့ ကျွန်တော် ဆရာ့အိမ်ကို လာပို့ပေးမယ်”

ထိုပုဂ္ဂိုလ်သည် တကယ်ပင် လေးလေးနက်နက် ပြောနေသည်ကို ကျွန်တော်သတိထားမိလိုက်သည်။ သူ၏စေတနာကို လည်း ကျွန်တော် နားလည်လိုက်၏။ ကျွန်တော့်ကို မဖမ်းဘဲ ဆန်များ ပြန်ပေးသည်ကိုပင် ကျွန်တော်က ကျေးဇူးတင်ရမည် ဖြစ်၏။ ကျွန်တော်သည် ကျွန်တော့်အား လေးစားနေသည့် စာဖတ်သူတစ်ဦးအား ဒုက္ခဆက်မပေးလိုသည်နှင့်...

‘ကိစ္စမရှိပါဘူး၊ ခုလိုကူညီတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ညနေပိုင်းကျမှ ခင်ဗျားဆီလာခဲ့ပါ့မယ်’ဟုဆိုကာ ဆန်အိတ်ကို

www.burmeseclassic.com


မြို့ထဲသို့ ပြန်သယ်လာသည်။ ထိုပုဂ္ဂိုလ်သည် ဆိုက်ကားတစ်စီး ငှား၍ ဆန်အိတ်ကိုတင်ပေးလိုက်သည့်အပြင် ဆိုက်ကားခကိုပါ ပူဇော်လိုက်သေးသည်။ ကျွန်တော်က မပေးပါနှင့် ဆိုသည် ကိုလည်း မရ။ သူက ခလိုပေးလိုက်ရသည်ကိုပင် ကျေးဇူး တင်နေဟန်ရှိ၏။

ဆိုက်ကားဆရာ၊ ကျွန်တော်နှင့် ဆန်နှစ်အိတ်သည် ပဲခူးမြို့ထဲသို့ ပြန်ဝင်လာ၏။ ကျွန်တော်က ကျွန်တော့်ဖြစ်ရပ်ကို ဆိုက်ကားဆရာအား ပြောပြ၏။ သူက လွတ်ချင်လည်း လွတ်မယ်၊ ဖမ်းချင်လည်း ဖမ်းမယ်၊ လော်ကယ်ရထား တစ်စင်း တော့ ရှိသေးတယ်၊ အဲဒီရထားနဲ့ လိုက်ပါလားဟု ဆို၏။ ကျွန်တော်က ရထားပေါ် ဆန်အိတ်ရောက်သည်အထိကူညီရန်နှင့် ပိုက်ဆံပိုပေးပါမည်ဟု ဆိုလေရာ သူက သဘောတူ၏။

ဆိုက်ကားဆရာသည် အတွေ့အကြုံ ရှိသူဖြစ်သည်။ ဆရာ့ဆန်အိတ်က ဘယ်လောက် ပါသလဲဟု မေး၏။ ကျွန်တော်က နှစ်တင်း၊ ဖိတ်တာနဲ့ဆို နည်းနည်းပဲ လျော့မယ် ဆို၏။ သူက ဆရာ ခြင်းတစ်ခု ထပ်ဝယ်၊ တစ်တင်းစီ ခွဲထည့်ဟု ဆို၏။ ကျွန်တော်က ဘာပြုလို့လဲဟု မေးကြည့်ရာ...

'ဒီလိုဆရာရဲ့၊ နှစ်အိတ်ခွဲထားတော့ တစ်တင်းမိသွား လည်း တစ်တင်း ကျန်သေးတာပေါ့'ဟု ဆိုသည်။

ကျွန်တော်တို့ စာရေးသူများပင် ဤအကြံမရပေ။ ဘဝက သင်ကြားပေးသော သဘောတရားပင် ဖြစ်၏။ ကျွန်တော်က သဘောတူ၍ ကြိမ်ခြင်းတစ်လုံး ထပ်ဝယ်ကာ ဝဇီရာ ရုပ်ရှင်ရုံ ဘေးတွင်ခွဲထည့်ကြ၏။ပြီးမှဘူတာရုံသို့ ချီတက်သွားကြသည်။

www.burmeseclassic.com


မီးရထားဝင်လာသည်မှာ တွဲပေါ်ရောက်သည်အထိ ဘူတာရုံရှိ ကုလားလေး နှစ်ယောက်၏ အကူအညီကိုပါ ယူကာ ဆန်တစ်အိတ်နှင့်လက်ဆွဲခြင်းကို ရထားပေါ်သို့ တင်ခဲ့ကြသည်။ မကြာမီ ရထားသည် စတင်၍ ထွက်ခွာလာတော့၏။ ရထားပေါ်တွင် ကားခရီးသည်များကလည်း ပြည့်နှက်နေ၏။ ဆန်အိတ်များလည်း ပါ၏။ အခြား မှောင်ခိုပစ္စည်းများလည်း ပါသည်။ ပဲခူးမှ ထွက်လာ၍ ဒါးပိန်ဘူတာရောက်သော် ကျွန်တော်တို့ ရထားကို ရှာဖွေရေး ဝင်ပါတော့သည်။ ရထားကိုရပ်၍ ရှာဖွေကြပေရာ မှောင်ခိုပါလာသူများ၊ ဆန်ပါလာသူများ အားလုံးသည် ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။ ကျွန်တော်သည်လည်း ကျွန်တော့်အပူနှင့်ကျွန်တော် ချွေးပြန်နေမိသည်။ ရှာဖွေရေးသမားများသည် ကျွန်တော်၏ ဆန်အိတ်ကို တွေ့သွားကြသည်။ ခုံအောက်မှ ဆွဲထုတ်ကြ၏။ ဘယ်သူ့ဆန်အိတ်လဲဟု အော်တော့ မေးသေးသည်။ သို့သော် ပိုင်ရှင် မပေါ်သည့်အဆုံး ရထားအောက်သို့ ဆွဲချလိုက်သည်။ ကျွန်တော်သည် ခေါင်းနပန်းကြီးသွားသည်။ သို့သော် ဆန်တစ်တင်းကျန်နေသေး၍ တော်သေးသည်။ ဆိုက်ကားဆရာကိုလည်း ကျေးဇူးတင်ရသေးသည်။ ကျွန်တော်သည် ကျွန်တော့်ပေါင်အောက်မှ ခြင်းကို မမြင်အောင် ဖုံးထားရ၏။ မမြင်အောင်ဖုံးထားမှ မြင်မိအောင် မြင်သွားတော့သည်။

"ဒီအထဲက ဘာတွေလဲ"

ကျွန်တော်သည် အဆင်သင့်စဉ်းစားမထား၍ ဘာဖြေရမှန်းမသိ။ သူက သူ့ဘာသာသူ ဖွင့်ကြည့်လိုက်သည်။

www.burmeseclassic.com


"ဆန်တွေပဲ၊ ဘယ်သူ့ဟာလဲ"

"ဆရာရယ်...ကျွန်တော့်ဟာပါဗျာ"

"ဒီလိုဆို အောက်ချဗျာ"

"တောင်းပန်ပါတယ် ဆရာရယ်၊ စားဖို့တင်ဗျာ၊ တစ်တင်းတောင် မရှိပါဘူး"

"မရဘူးဗျာ၊ တစ်ခုနှစ်ခုခွင့်ပြုရင် အားလုံးခွင့်ပြုရမှာ ကျွန်တော်တို့လည်း တာဝန်အရလုပ်တာပါဗျာ"

ထိုပုဂ္ဂိုလ်က ရေလည်အောင်ရှင်းပြနေသေး၏။ နောက်တစ်ယောက်က ခြင်းတောင်းကို ဆွဲချသွားသည်။ ကျွန်တော်က ခြင်းတောင်းကိုပြန်ဆွဲရင် ထိုသူ့လက်ထဲသို့ ငွေနှစ်ဆယ်ထည့်သည်။ ထိုသူကမယူ။ ခြင်းတောင်းကိုသာ ဆွဲသည်။ ရထားက ထွက်ရန် အသံပေးလိုက်သည်။ ကျွန်တော်သည် စိတ်ကို လျှော့လိုက်သည်။

ရထားသည် တဖြည်းဖြည်း ထွက်၍လာသည်။ ကျွန်တော်သည် မတ်တတ်ရပ်ရင်း ပါလာသော ငွေကို စစ်ကြည့်မိသည်။ ငွေနှစ်ဆယ်နှင့် အကြွေသာ ကျန်တော့၏။ ငွေတစ်ရာ့ရှစ်ဆယ်ကုန်ပါသော်လည်း ဆန်တစ်စေ့မှ မပါတော့ပြီ။ ကျွန်တော်သည် မည်သူ့အား စိတ်ဆိုးရမှန်းမသိ။ အိမ်က မိန်းမကိုသာ စိတ်ဆိုးနေမိ၏။ အိမ်သို့ရောက်သော် မိန်းမက ဆန်ပါလားဟု လှမ်း၍မေးသည်။

"အေး မင်းက ဆန်ပါလာလို့မေးနေ၊ အဖမ်းမခံရတာဘဲကံကောင်း"

"ဘာပြုလို့လဲ"

ကျွန်တော်က ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြသည်။ မိန်းမက ဘာမှ မပြောတော့ပေ။ ဆန်မပါဘူးဟု ဆိုသော်လည်း ကျွန်တော်သည် ပဲခူးကားဂိတ်၌ ဆန်အိတ်ကို အမိုးပေါ်တင်စဉ်က ဖိတ်ကျ၍ လွယ်အိတ်ထဲသို့ ကျုံးထည့်ခဲ့သော ဆန်တော့ ပါလာသေးသည်။ နို့ဆီဘူး ငါးလုံးခန့် ပါ၏။

“ကို့ ဆန်နို့ဆီဘူး ငါးလုံးကို တစ်ရာ့ရှစ်ဆယ်တောင် ကျတာ၊ မစားပါနဲ့၊ ဘုန်းကြီးကျောင်းပဲ ဆွမ်းချက်လှူလိုက်ပါ” ဟု မိန်းမက ပြောသည်။ တကယ်တော့လည်း စားရက်စရာမရှိ၊ ဆွမ်းချက်လှူဖို့သာ ကောင်းသည်။ သုံးလေးရက်စာကိုတော့ မိန်းမက အမေတို့ အဖေတို့အိမ်က လာပို့သွားသည်ဟု ဆို၏။

ကျွန်တော့်မိဘများမှာ ကဝမြို့နယ်အတွင်း၌ နေ၍ သူ့မိဘများက ကြည့်မြင်တိုင်တွင် နေသည်။ သူ့မိဘများမှာလည်း ဒယ်ကြီးအိုးကြီးနှင့် တစ်နေ့ တစ်ပြည်ကျော်ကျော် ချက်ရ၏။ မိသားစုက များ၍ ပြောကြစမ်းဆိုလျှင် ကျွန်တော်တို့ အိမ်ထက်ပင် ပို၍ အခက်အခဲ တွေ့နိုင်သေး၏။ သို့သော်လည်း မိဘဆိုသည်ကား စုန်ရေမဟုတ်ပါလား။

ကျွန်တော်သည် စဉ်းစားရင်းမောမောနှင့် တုံးလုံးလှဲနေစဉ် အိမ်အောက်ထပ်မှ ကလေးများက တံခါးကို လာ၍ ထုကြ၏။ ကလေးများက ‘ဦးချစ်စံ၊ ဦးချစ်စံ၊ အောက်မှာ ဦးချစ်စံတို့ အမေရောက်နေတယ်’ဟု ဆို၏။ တိုက်သည် လေးထပ်တိုက် ဖြစ်၏။ ကျွန်တော်တို့ နေသည်မှာ အပေါ်ဆုံးထပ်တွင်မို့ အိမ်သို့ ရောက်လာသူတို့အား ဗြုန်းခနဲ မမြင်ရပေ။ ကျွန်တော့်

www.burmeseclassic.com


အမျိုးသမီးနှင့် ညီဖြစ်သူက အိမ်အောက်ထပ်သို့ အပြေးဆင်း သွားကြ၏။

ကျွန်တော့် စိတ်တွင်ကား ဆန်ရှားတုန်း အမေရောက် လာ၍ ဘယ်လိုများ လုပ်ရပါ့မလဲဟု စဉ်းစားနေမိ၏။ အမေ့ကို ကျွန်တော်မကျွေးလို၍ မဟုတ်၊ ဆန်ရှာရခက်လွန်း၍ အမေ့ကို ရှာမကျွေးနိုင်မည် စိုးသောကြောင့် ဖြစ်သည်။ ကျွန်တော့် အစွမ်းအစနှင့် ဆန်သွားရှာသည်မှာလည်း နို့ဆီဘူးငါးလုံးခန့် သာ ရခဲ့၏။ သို့သော်လည်း အိမ်မှာ ယခုရှိသောဆန်နှင့် ပြည်သူ့ဆိုင်က ပေးမည့်အချိန် ဆက်မိသွားမှာပါပဲဟု တွက် ကာ အမေ့ကိုကြိုရန် ကျွန်တော်လည်း အောက်သို့ ဆင်းလိုက် သွား၏။ အမေ ရောက်လာသောအခါ ည ခုနစ်နာရီပင် ကျော်နေပြီ ဖြစ်သည်။

ကျွန်တော့်ညီသည်အထုပ်တစ်ခုကိုထမ်း၍ အထုပ်တစ်ခုကို လက်မှဆွဲကာ တက်လာ၏။ ဇနီးဖြစ်သူကလည်း ခြင်းတစ်ခုကို ဆွဲလာသည်။ အိမ်နီးချင်းကလေးများကလည်း အထုပ်များကို ဝိုင်းဆွဲလာကြ၏။ အမေကိုယ်တိုင်ကလည်း အထုပ်တစ်ထုပ်ကို ရွက်၍ အိမ်ပေါ်သို့ တက်လာသည်။ အမေရွက်လာသော အထုပ်ကို ကျွန်တော်က ယူမည်လုပ်သောအခါ အမေက ‘ငှက် ပျောတစ်ခိုင် ကျန်သေးတယ်၊ အဲဒါသွားယူ’ဆို၍ ကျွန်တော် သည် ကျန်ရစ်ခဲ့သော ငှက်ပျောတစ်ခိုင်ကို ဆွဲ၍ ပြန်တက်၏။

မည်သို့ပင်ဆိုစေ အမေရောက်လာခြင်းသည် ကျွန်တော်တို့ အိမ်လေးကို ပို၍ စည်ပင်လာစေ၏။ အမေသည် ခရီးရောက် မဆိုက်ပင် အထုပ်များကို ချကာ သူကြိုက်တတ်သည့် ဆေးပေါ့

www.burmeseclassic.com


လိပ်ကို ဆောင့်ကြောင့်ထိုင်၍ ဖွာနေ၏။ ဆေးလိပ်ဖွာ၍ ပြီးသော် ကျွန်တော့်သားငယ် ဆော့ထားသော အရုပ်များ၊ ကစားစရာမားကို လိုက်၍သိမ်းသည်။

ဇနီးက 'အမေရယ်…အခုပဲရောက်လာတာ အမောဖြေပါဦး'ဟု ပြော၏။ အမေက မကြားသလို ဆက်၍ လုပ်နေ၏။ ထို့နောက်မှ သူပါလာသော အထုပ်များကို ဖြည်၏။

ပထမအထုပ်တစ်ခုကို ဖွင့်လိုက်သည်။ အထုပ်ထဲမှ ယခင်ဂိုးရင်းပတ်ဘူးလွတ်တစ်ခုနှင့် ဟောလစ်ပုလင်းအကြီးတစ်လုံး ထွက်လာ၏။

"ဟောဒါ ညည်းတို့ဆီမှာ ရှားတယ်၊ ပုစွန်ခြောက်၊ ဒါကို သတ်သတ်သိမ်း"

ဇနီးက 'ဟုတ်ကဲ့'ဟု ဆို၏။

"ဟောဒါက ဘဲဥ၊ မကွဲအောင် ဆန်နဲ့ရောထည့်လာတာ၊ ဒါက မြေးလေးဖို့ ကြက်ဥကွယ့်"

ဇနီး၏ 'ဟုတ်ကဲ့'သံကို ဆက်၍ ကြားရသည်။

"ဟောဒါက ငပြာရည်၊ အိမ်မှာတင်လုပ်တာ၊ ဒီပုလင်းက အငန်ရည်၊ ဒီပုလင်းတွေက အချိုရည်"

"ဒါက နနွင်းမှုန့်၊ ညည်းတို့က နနွင်းအသုံးနည်းတယ်၊ နနွင်းဆိုတာဆေးပဲ၊ တောမှာတော့ တို့ နနွင်းပဲသုံးရတာ"

တကယ်တော့ ငါးပိ၊ ငါးခြောက်၊ ငပြာရည်၊ ငှက်ပျောသီး၊ နနွင်း၊ ကြက်ဥ၊ ဘဲဥ အစရှိသည့် ပစ္စည်းများမှာ ကျွန်တော်တို့ အိမ်ထွက်ပစ္စည်းများ ဖြစ်သည်။ အမေလာတိုင်း ပါနေကျ ပစ္စည်းများလည်း ဖြစ်၏။ တောတွင် ကျွန်တော်တို့ အိမ်ခြံ၌

www.burmeseclassic.com


အပင်မျိုးစုံ အသီးမျိုးစုံရှိသည်။ ရှောက်ပင်၊ သံပရာပင်မှ အစ အာတာလွတ်၊ ကန်စွန်းဥ အဆုံး ရှိ၏။

"ဒါက ညည်းတို့ဖို့ ဆန်အေ့"

'ဆန်'ဟူသော စကားကို ကြားလိုက်ရသောအခါ ကျွန်တော်သည် အလိုလို နားရွက်ထောင်သွားမိသည်။ အမေနှင့် ဇနီးဖြစ်သူ အထုပ်ထဲမှ ပစ္စည်းများ ထုတ်နေသော နေရာနှင့် ကျွန်တော်ထိုင်နေသောနေရာသည် ကြားထဲ၌ စာအုပ်စင် တစ်ခုကခြားနေ၏။ ဆန်ဟူသော အသံကြားလိုက်ရသောအခါ ကျွန်တော်သည် မတ်တတ်ရပ်၍ ကြည့်လိုက်သည်။ သို့သော်လည်း ဆန်အိတ်ကို မတွေ့ရပေ။ အမေသည် တစ်ပြည်စ နှစ်ပြည်စ ရသမျှကို ညှပ်၍ ယူလာဟန်တူ၏။ သို့သော်လည်း ကျွန်တော်သည် အမေနှင့်ဇနီး ပစ္စည်းများ ထုတ်နေရာသို့ ရောက်အောင်သွား၍ ကြည့်လိုက်မိသည်။

"အမေ ဆန် ဘယ်လောက်ပါလာလို့လဲ"

"နှစ်တင်းကျော်ကျော်လောက်ပါ သားရယ်၊ ဒီထက်လည်း ပိုမယူရဲဘူး သားရဲ့၊ လမ်းထဲမှာ နေရာတိုင်းလိုလိုရှာနေတာ"

"ဗျာ...အမေဆန်နှစ်တင်းယူခဲ့တယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ဆန်တွေတစ်နေရာကတစ်နေရာ မယူရဘူးလို့ ရေဒီယိုကပြောတာနဲ့ သားတို့လည်း ဆန်စားစရာ ရှိမှာမဟုတ်ဘူးဆိုပြီး အမေလာပို့တာ၊ ပြီးခဲ့တဲ့ နှစ်ရက်ကတည်းက လာမလို့၊ မြေပဲက မပြီးသေးတာနဲ့ ဆီရော၊ မြေပဲအဆန်ရော ယူလာချင်တာနဲ့ ကြာသွားတာ"

www.burmeseclassic.com


ဇနီးသည်က ကျွန်တော့်မျက်နှာကို လှမ်း၍ ကြည့်လိုက်သည်။ သူက ဘာရည်ရွယ်၍ ကြည့်လိုက်သည်ကား မသိ။ ကျွန်တော့်အဖို့ကား ကြက်သီးများပင် ထလာမိတော့သည်။

အမေ ဒီဆန်နှစ်တင်းကို ဘယ်လိုလုပ် ယူလာခဲ့သနည်း။

ကျွန်တော်တို့ရွာသည် ကဝမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ဝ ခေါင်းလောင်းပုံ နေရာနှင့် မနီးမဝေးတွင် ဖြစ်၏။ ရွာအမည်က မီးလောက်ဟူ၍ ဖြစ်သည်။ ဘာ့ကြောင့် မီးလောက်ဟူ၍ အမည်ပေးထားသည်ကိုတော့ ကျွန်တော် မသိ။

မီးလောက်မှ ရန်ကုန်သို့လာသော် ပထမ မမောက်ဟုဆိုသော တခြားရွာမှ ကားကိုစီး၍ ကမာစဲသို့ လာရ၏။ ကမာစဲသည် ကဝမြို့နယ်နှင့် သနပ္ပင်မြို့နယ် နယ်စပ်ရွာလေးဖြစ်သည်။ ကမာစဲမှ သနပ္ပင်သို့ လာရ၏။ ကမာစဲနှင့် သနပ္ပင်ခုနစ်မိုင်ဝေး၏။ သနပ္ပင်မှ ပဲခူးသို့ လာရသည်။ ပဲခူးတွင် ကားပြောင်းစီး၍ ရန်ကုန်သို့ လာရသည်။ အမေသည် မီးရထားစီးလေ့မရှိ။ အမြဲတမ်း မော်တော်ကားကိုသာ စီး၏။

အမေသည် ဤဆန်နှစ်တင်းနှင့်ပစ္စည်းများကို ကဝမြို့နယ်၊ သနပ္ပင်မြို့နယ်၊ ပဲခူးမြို့နယ်၊ လှည်းကူးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ အင်းစိန်မြို့နယ် အစရှိသော မြို့နယ်ခြောက်ခုကို မလွဲမရှောင်သာ ဖြတ်ကျော်၍ ယူလာရမည်ဖြစ်သည်။ အင်းစိန်သို့ ရောက်လျှင်ကား သိပ်ကိစ္စမရှိတော့ပေ။ ကျန်မြို့နယ်များကို အမေဘယ်လို ကျော်၍ ဆန်နှစ်တင်း ယူခဲ့သနည်း။ ကျွန်တော်သည်လည်း ယနေ့ပင် ပဲခူးမှ ဆန်နှစ်တင်းကို ရန်ကုန်သို့ ယူလာရန် ကြိုးစားခဲ့သေး၏။ သို့သော်လည်း သယ်ယူနိုင်စွမ်း မရှိခဲ့။

www.burmeseclassic.com


ကျွန်တော်သည် အမေ့ထက်စာသော် သယ်ယူရန်အခွင့်အလမ်း များစွာပိုကြောင်း ကျွန်တော်သိသည်။ မြို့နယ်တိုင်းတွင် မိတ်ဆွေများ၊ သူငယ်ချင်းရှိသည်။ အကြောင်းညီညွတ်ပါက ပဲခူးအထွက်မှာကဲ့သို့ စာဖတ်ပရိသတ်နှင့်လည်း တွေ့နိုင်သေးသည်။ အမေ၌ကား ဘာအခွင့်အလမ်းမှ မရှိပေ။

အမေသည် ကမာစဲတွင်တစ်ကြိမ်၊ သနပ်ပင်အထွက်၌ တစ်ကြိမ်၊ ပဲခူးမြို့အထွက်နှင့် ပဲခူးမြို့နယ်အထွက် လှည်းကူး၊ ထောက်ကြန့်နှင့် ရန်ကုန်အဝင် နေရာများတွင် ကျိန်းသေလက်သေ အရှာခံရမည် ဖြစ်သည်။ ထိုနေရာများကို ကျော်၍ စစ်တောင်းမြစ်ကမ်းပေါ်မှ ဆန်နှစ်တင်းကို ရန်ကင်း လေးထပ်တိုက်ပေါ်သို့ အမေက မည်ကဲ့သို့ ရအောင် ယူခဲ့သနည်း။ ဤမေးခွန်းသည် ကျွန်တော့် ရင်တွင်း၌ လှိုင်းထသလို ပေါ်ထွက်လာ၏။ သို့သော်လည်း ကျွန်တော်သည် အမေ့အား နှုတ်မှတော့ ဖွင့်၍ မမေးရက်ခဲ့။

ကျွန်တော်ကိုယ်တိုင် ယနေ့ပင် လုပ်ဆောင်ခဲ့သူမို့ ဤကိစ္စမည်မျှ ခက်ခဲသည်ကို ကျွန်တော်သိသည်။ တိုင်းပြည်အတွက်မို့ နေရာအသီးသီးတွင် တိတိကျကျ လုပ်ဆောင်နေကြချိန်၊ ဖြစ်၏။ ဆန်ကို ယခုကဲ့သို့ နယ်ကူးခွင့် မပိတ်ပင်ပါလျှင်လည်း ဤသည်ကို အခွင့်အရေးယူကာ မှော်ခိုသူများ၊ ဆန်ကုန်သည်များက နိုင်ငံခြားအထိ သယ်ယူပို့ဆောင်ကြမည် ဖြစ်၏။ ထို့ကြောင့်လည်း မြို့နယ်အလိုက် ခပ်စိပ်စိပ် အရေးယူချိန်တွင် ဆန်နှစ်တင်းကို ခေါင်းဖြင့်ရွက်၍ သားသမီးထံ မရောက်ရောက်အောင် လာပို့သော အမေ့အပေါ် ကျွန်တော် အံ့ဩနေမိသည်။

www.burmeseclassic.com


ကျွန်တော်သည် အမေ့ကို သေသေချာချာ ကြည့်လိုက်သည်။ အမေ့အသက်ကား ခြောက်ဆယ်နားသို့ ကပ်၍ နေပေပြီ။ အမေ၏ ပါးများသည် အာခေါင်သို့ ရောက်အောင် ကပ်နေ၍ အမေ့တွင် သွားတစ်ချောင်းမှ မရှိတော့ပေ။ အမေ့ အသားအရေတို့မှာလည်း တွန့်၍နေ၏။ အမေ့ ကိုယ်အလေးချိန်သည် ပေါင်ကိုးဆယ်လောက်သာ ရှိမည် ဖြစ်၏။

အမေ့ နားထင်နှစ်ဘက်မှာလည်း ချိုင့်ဝင်နေ၏။ အမေသည် ပိန်လွန်း၍ အရိုးများပင် ငေါထွက်နေ၏။ တစ်ခုရှိသည်ကတော့ အမေသည် ဆံပင်မဖြူသေးပေ။ မျက်စိနှစ်စုံတို့မှာလည်း မှုန်မွဲလှပြီဖြစ်၍ ကျွန်တော် မျက်မှန်တစ်လက် လုပ်ပေးရဦးမည် ဖြစ်၏။

အမေ၏ အရပ်သည် ငါးပေ ငါးလက်မလောက် ရှိသည်။ ကျွန်တော့်အရပ်သည် ငါးပေလေးလက်သာ ရှိ၏။ အမေသည် ကျွန်တော့်အထက် အရပ်ရှည်သည်။ သို့သော် အမေ့ခါးသည် မကိုင်းသေး။ အမေသည် သားရှိနေသမျှ ဤခါးကို အကိုင်းမခံ။ ရင်ကော့၍ နေလိုဟန် ရှိသေးသည်။

အမေ၏ အလေးချိန်သည် ပေါင်ကိုးဆယ်ခန့်သာရှိ၍ ပါးရေ နားရေတို့ တွန့်နေပြီး သုံးဆယ့်နှစ်ချောင်းသော သွားတို့သည်ပင်လျှင် တစ်ချောင်းမှ မကျန်တော့ဘဲ သွားဖုံးကို အားပြုကာ မွဲတေ မှုန်ဝါးနေပြီဖြစ်သော မျက်လုံးတို့ဖြင့် ဆန်နှစ်တင်းအား သားထံသို့ အရောက်လာပို့ခဲ့သော အမေ့ကို စေ့စေ့ကြည့်ရင်း ကျွန်တော်သည် လက်အုပ်မိုး၍ ရှိခိုးခဲ့ရပါ၏။

www.burmeseclassic.com

**သဘာဝတရားက ချစ်ခင်မှု ပြယုဂ်အဖြစ်**
**မိခင်များကို**
**စေလွှတ်ထားလေသည်။**

အက်ဒဝစ် ဂျော့ဘုလ်ဝါလစ်တန် (၁၈ဝ၃–၁၈၇၃)
အင်္ဂလိပ်လူမျိုး စာရေးဆရာကြီး

## အခန်း(၂)

## ဂေါ်ကီ၏ အမေ

ကျွန်တော်သည် အမေ မည်ကဲ့သို့ ဆန်သယ်လာသည်ကို စဉ်းစားရင်း စာအုပ်စင်သို့ ထသွားမိသည်။ ထို့နောက် စာအုပ်စင်ပေါ်မှ ကောင်းနိုးရာရာ ဖတ်စရာ စာအုပ်တစ်အုပ်ကို ရှာနေမိသည်။ တကယ်တော့လည်း ကျွန်တော် စာအုပ်စင်၌ စာအုပ်ရှာနေခြင်းမှာ စာဖတ်ချင်၍ မဟုတ်ပါ။ အမေ ဆန်နှစ်တင်းကို မည်ကဲ့သို့ ယူလာသည်ကို စဉ်းစား၍ မရနိုင်သောကြောင့် ရှာမိရှာရာ ရှာနေမိခြင်းဖြစ်သည်။ စာအုပ်စင်ပေါ်တွင် ကျွန်တော်သည် **'အမေ'**ဆိုသော စာအုပ်ကို မတော်တဆ သွား၍တွေ့၏။

ကျွန်တော်တွေ့သော အမေစာအုပ်မှာ ဆိုဗီယက် စာရေးဆရာကြီး **မက္ကဇင်ဂေါ်ကီ** ရေးသား၍ စာရေးဆရာ **ဂုဏ်ရောင်** မြန်မာပြန်ဆိုသော ပုဂံတိုက်ထုတ် အမေစာအုပ် ဖြစ်သည်။

ဂုဏ်ရောင်သည် သတင်းစာဆရာ၊ စာရေးဆရာ **ဦးစောဦး**ဖြစ်၍ ကျွန်တော့်အား သတင်းစာပညာနှင့် စာရေးခြင်း အတတ်ပညာကို ဆယ်နှစ်ဆယ်မိုး သင်ကြားပေးခဲ့သည့် ကန့်ကူလက်လှည့် ဆရာလည်းဖြစ်၏။ သတင်းစာ ပညာနှင့် ပတ်သက်လာလျှင် လက်ဦးဆရာလည်း ဖြစ်၏။

ဆရာ ဦးစောဦး၏ အမေ ဘာသာပြန်မှာ မူရင်း ဂေါ်ကီ စာအုပ်၏ ပထမပိုင်းကိုသာ ပြန်ထားခြင်း ဖြစ်၏။ ဒုတိယပိုင်း ကိုကား ဆရာသည် ယနေ့တိုင် မပြန်ဖြစ်သေးဟု သိရ၏။ ဂုဏ်ရောင်၏ အမေ ဘာသာပြန် ပထမပိုင်းကို ကျွန်တော်သည် ယခင်က သုံးလေးကြိမ် ဖတ်ဖူးပြီး ဖြစ်၏။ ဂေါ်ကီ၏ အမေ တစ်အုပ်လုံးကိုကား ကျွန်တော်၏ မိတ်ဆွေလည်းဖြစ်၊ လေးစား ရသူလည်းဖြစ်သော တောင်တွင်းဦးကိုကိုကြီးသည် အစအဆုံး ဘာသာပြန်ဆိုခဲ့သည်။

ကျွန်တော့်တွင်လည်း အင်္ဂလိပ်ဘာသာဖြင့် ဂေါ်ကီ၏ အမေ စာအုပ်တစ်အုပ်ရှိသည်။ ယင်းစာအုပ်သည် ၁၉၆၆ ခုနှစ် က ရုစ်ကြိမ်မြောက် ရိုက်နှိပ်ထားသော စာအုပ်ဖြစ်၏။ ထိုစာအုပ် တွင် အမေကို ဘာသာပေါင်း ၄၂ ဘာသာတို့ဖြင့် အကြိမ်ပေါင်း ၂၂၆ ကြိမ် ရိုက်နှိပ် ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း ရေးသားထား၏။ ယခုအချိန်ဆိုပါက ထို့ထက် များပြားနေပြီ ဖြစ်ပေမည်။

အမေစာအုပ်ကို ယခင်က ကျွန်တော် ဖတ်ခဲ့သည်မှာ နိုင်ငံရေးအသိ နိုင်ငံရေးစိတ်ဓာတ်ဖြင့် ဖတ်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com


ယခုတစ်ကြိမ်တွင် ကျွန်တော်သည် သားတစ်ယောက်အနေဖြင့် ဂေါ်ကီ၏ အမေစာအုပ်ကို ပြန်၍ ဖတ်ကြည့်မိသည်။

အချိန်သည် ရုရှားတစ်ပြည်လုံးအား ဇာဘုရင်က ဖားမိုး၍ အုပ်ချုပ်နေချိန်ဖြစ်သည်။ ဆိုရှယ်လစ်အင်အားစုတို့သည် ဘုရင်စနစ်အား ဖြိုချ၍ ဆိုရှယ်လစ်နိုင်ငံတော် ထူထောင်ရန် ကြိုးစားနေချိန်ဖြစ်သည်။

ရုရှားပြည် ဥက္ကမြစ်ဝှမ်းနှင့် ဗော်လဂါမြစ်ဝှမ်းတို့ ဆုံရာတွင် နဇ္ဇနီဂိုရော့အမည်ရှိ မြို့ကလေးတစ်မြို့ရှိ၏။ ထိုမြို့ကလေးတွင် ဂေါ်ကီကို မွေးဖွားခဲ့၏။ နောင်အခါ ထိုမြို့ကလေးကို ဂေါ်ကီမြို့ဟု ပြောင်းလဲခေါ်ခဲ့ကြသည်။ ယင်းမြို့ကလေးတွင် ကရာစ်နိုရေဆော်မိုဗိုဟုခေါ်သော စက်ရုံကြီးတစ်ရုံ ရှိသည်။ အမေသည် ထိုစက်ရုံကြီး တစ်ရုံမှ လုပ်သားကြီး တစ်ဦး၏ ဇနီးဖြစ်၏။ ဂေါ်ကီသည် သူ့စာအုပ်၏ အခန်း ၁ ကို စက်ရုံ၏မြင်ကွင်းဖြင့် ဖွင့်ထား၏။

နံနက်ပိုင်းဝယ် စက်ရုံ၏ဥသြသံသည် ကျပ်ခိုးအလိမ်းလိမ်း စက်ဆီရောင် တဝေ့ဝေ့နှင့် ညစ်ပတ် ချောကျိုလျက်ရှိသော အလုပ်သမားဆင်ဖြေဖုံးကလေးအတွင်းသို့ တုန်ဟည်းစူးရှစွာဖြင့် ဝင်ရောက်လာသည် လုပ်သားများသည် အချက်ပေး ဥသြသံ၏ အမိန့်ကို နာခံရင်း ယိုင်တိယိုင်ထိုးဖြင့် စက်ရုံကြီးအတွင်းသို့ ဝင်သွားကြ၏။ ညနေပိုင်းသို့ရောက်သောအခါတွင်ကား စက်ရုံကြီးအတွင်းမှ ပြာပူများကို အန်ထုတ်လိုက်သလို အလုပ်သမားများသည် သွန်၍ ထွက်လာကြ၏။ ချွေးအလိမ်းလိမ်းဖြစ်နေသော သူတို့၏ မျက်နှာများတွင် ဆာလောင်မွတ်သိပ်နေသော

သူတို့၏ ပါးစပ်များက အဟောင်းသားဖြစ်နေ၏။ သူတို့ကိုယ်တွင်ကား စက်ဆီနံ့ တထောင်းထောင်း ထနေ၏။

စက်ရုံသည်နေ့ကို ဝါးမျိုး၍ပစ်လိုက်သည်။စက်ရုံအတွင်းရှိ စက်ယန္တရားတို့သည် လုပ်သားများ၏ကြွက်သားမှ လိုသမျှသော အသွေးအသားနှင့် ခွန်အားတို့ကို စုပ်ယူ၍ ထားလိုက်၏။ ဤသည်ကား သူတို့၏ ဘဝဖြစ်၏။ ဤသို့ဖြင့် သူတို့သည် သူတို့အား မြှုပ်နှံမည့် သင်္ချိုင်းမြေနေရာကွက်ဆီသို့ အမှုမဲ့အမှတ်မဲ့နှင့်ပင် တစ်ထစ်စီ ရွေ့နေတော့၏။

ဤစက်ရုံအတွင်းမှ အလုပ်သမား တစ်ဦးဖြစ်သူ အမေ့ယောက်ျားသည် ကျွမ်းကျင်သော လုပ်သားတစ်ဦးဖြစ်၏။ သူသည် အမြဲမှုန်ကုပ်ကုပ်နှင့် ညှိုးငယ်နေပြီး စိတ်ထွေနေတတ်၏။ အမေ့ယောက်ျားသည် သော့ခလောက်လုပ်သည့်ဘက်တွင် လက်ရာအမြောက်ဆုံး အလုပ်သမားတစ်ဦး ဖြစ်သော်လည်း စက်ရုံအတွင်းမှ အထက်လူကြီးအား မခိုးမခန့်လုပ်လေ့ရှိသောကြောင့် လစာကောင်းကောင်း မရရှာပေ။

လောက၌ အမေ့ယောက်ျားသည် အမေ့ကို အနှိပ်စက်ဆုံး ဖြစ်သည်။ နေ့စဉ် အရက်သောက်တတ်၍ တစ်ရွာလုံးနှင့်လည်း မတည့်ပေ။ တစ်ရွာလုံးက သူ့ကို ရွံကြောက်ကြီး ကြောက်ကြ၏။ တစ်နေ့တွင် အမေ့ယောက်ျားသည် တိရစ္ဆာန်လို အနာကျ၍ သေဆုံးသွားခဲ့၏။

အမေ့ယောက်ျား သေသောအခါ အမေ့တွင် သားတစ်ယောက် ကျန်ခဲ့သည်။ အမေ့သားသည်လည်း ကြက်ခြင်းထဲမှ ကြက်တစ်ကောင်သာ ဖြစ်၏။ အမေ့သားသည် ဤ အလုပ်ရုံ

www.burmeseclassic.com



ကြီးတွင် အလုပ်လုပ်၍ အလုပ် ပိတ်ရက်များတွင် အရက် သောက်တတ်လာ၍ အခြားလူငယ်များနှင့် ဘာမှ မထူးခြား လှပေ။ သားသည် အလုပ်ခွင်၌ အလုပ်ကြိုးစား၍ လုပ်သော် လည်း ဤလမ်းဟောင်းကြီးမှကား ရှောင်ကွင်း၍ မလွတ်နိုင် ရှာ။ လမ်းဟောင်းဆိုသည်ကား သူ့အဖေ လျှောက်ခဲ့သော လမ်းအတိုင်းဖြစ်၏။

အမေသည် တစ်ဦးတည်းသော သားလေးအား မျက်ခြည် မပြတ် စောင့်ကြည့်နေ၏။ သား အရက်တွေ သောက်လာလျှင် အမေငိုခဲ့ရသည်။ တစ်နေ့ သားသည် အရက်များသောက်လာပြီး အရက်အရှိန်ဖြင့် အမေ့ကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

အမေသည် အရပ်မြင့်ပြီး ခါးအတော်ကိုင်းနေ၏။ လင်၏ လက်သီးတစ်ချက် တုတ်တစ်ချက်ဖြင့် အိမ်၏ ဗာဟီရများကို နှစ်ရှည်လများ လုပ်ကိုင်ရသောကြောင့်လည်း ခါးတစ်ဖက် စောင်း ၍ နေရှာ၏။ အမေ့ အသားအရေတို့သည် ရေစိမ်ထားသော ပဲကြီးခွံလို တွန့်နေသည်။ အမေ၏ လက်ယာဘက် မျက်ခုံးတွင် ကား အတော်လေးစောက်နက်သော အမာရွတ်တစ်ခုရှိ၏။ ထို အမာရွတ်ကြောင့် အမေ၏ ဘယ်ဘက် မျက်ခုံးသည် အထက် သို့ ခပ်ပင့်ပင့် ချီထားသလို ဖြစ်နေ၏။ လက်ယာဘက် နားရွက်ကလည်း လက်ဝဲဘက်ထက် အထက်သို့ မြင့်နေရ ကား အမေသည် လန့်၍ နားစွင့်နေသော မျက်နှာအမူအရာ ဖြစ်နေ၏။ အမေ့ ဆံပင်များက အဆုပ်လိုက် အဆုပ်လိုက် ကွက်၍ ဖြူနေ၏။ တကယ်တော့ အမေသည် သိမ်မွေ့၍ မာန်

www.burmeseclassic.com


မာန ကုန်ခန်းလျက် ရှိသော အပူသည်မကြီး တစ်ဦးပင် ဖြစ်သည်။

အမေသည် ဘာသာတရားကို ကိုင်းရှိုင်းရှိသေသူ ဖြစ်၍ စာမတတ်ပေ။ အမေသည် ရိုးသားသည်။ အသိတရားနှင့် ပတ်သက်၍ ပြောရလျှင် အမေသည် ဘာမှမသိသူတစ်ဦးဖြစ်သည်။ သို့သော် သားကို ချစ်တာတစ်ခုတော့ ပြည့်ပြည့်စုံစုံ သိ၏။ တစ်ဦးတည်းသော သားမို့လည်း မျက်စိအောက်မှ အပျောက်မခံ။

အမေသည် သားကိုစောင့်ကြည့်နေရင်းမှ မကြာမီ သား၏ အမူအရာများ တစ်စတစ်စ ပြောင်းလဲလာသည်ကို သတိပြုမိ၏။ သားသည် အရင်လို အရက်သောက်မလာတော့။ အမေ့သားသည် တခြားသော အလုပ်သမား လူငယ်လူရွယ်များနှင့် မတူ တစ်မူပြောင်း၍ ထွက်လာသည်။ သား၏ မျက်နှာသည် ဣန္ဒြေလည်း ရှိလာ၏။ သိက္ခာလည်း ဆည်လာသည်။

သားသည် တစ်ခါတစ်ရံ ဒေါသထွက်နေသလို၊ ဝေဒနာ တစ်မျိုးအား ခံစားနေရသလိုလို နေမထိ ထိုင်မသာ ဖြစ်လာသည်ကိုလည်း အမေ သတိပြု၏။ သားသည် အိမ်သို့ စာအုပ်များ သယ်လာစပြု၏။ အစဦး၏ ထိုစာအုပ်များကို ဖတ်လျှင် လူမြင်သူမြင် မခံပေ။ စာတစ်အုပ်ဖတ်၍ ကုန်ဆုံးသွားလျှင်လည်း ထိုစာအုပ်ကို ဝှက်ထားလိုက်၏။ ရံဖန်ရံခါလည်း စာအုပ်ထဲမှ စာပိုဒ်အချို့ကို စာရွက်ကလေးတစ်ခု၌ ကူးယူရေးသားပြီး ထို စာရွက်ကိုလည်း ဝှက်ထားပြန်၏။

www.burmeseclassic.com



သားသည်အလုပ်ပြီးစီးခဲ့သော ညနေဘက်များတွင် ရေချိုးထမင်းစားပြီးသည်နှင့် စာအုပ်ကို ကောက်ကိုင်ကာ စာဖတ်နေတတ်၏။ အလုပ်ပိတ်ရက်များတွင် နံနက် မိုးလင်းသည်နှင့် အိမ်မှထွက်သွားသည်မှာ မိုးချုပ်မှ ပြန်လာတတ်သည်။ သား၏ပြောင်းလဲမှုများအတွက် အမေသည် စိုးရိမ်လာ၏။

တစ်နေ့တွင် အမေကသားကို မေးကြည့်သည်။

"သား ခု ဖတ်နေတာ ဘာစာအုပ်တွေလဲ"

"ဇာဘုရင်က မဖတ်ရဘူးလို့ပိတ်ထားတဲ့ စာအုပ်တွေပေါ့"

အမေ့မျက်လုံးများသည် ပြူးသွားသည်။

"ဒီလိုဆို ဘာပြုလို့ ဖတ်ရတာလဲသားရယ်၊ ဒီလိုအလုပ်မျိုး ဘာပြုလို့ ငါ့သား လုပ်ရတာလဲ၊ ဇာဘုရင်က သားကို ထောင်ချရင် သားနဲ့ အမေ ကွဲသွားမှာပေါ့ သားရယ်"

ထို့နောက် အမေက ငိုသည်။ သားက ဘာကြောင့်ထိုစာများကို ဖတ်ရသည်မှာ ရှင်းပြ၏။ သို့သော် အမေ နားမလည်၊ အမေနားလည်သည်မှာ သားကို ချစ်ခြင်း တစ်ခုသာတည်း။

တစ်နေ့တွင် သားက အမေ့အား စနေနေ့သို့ ရောက်လျှင် ဧည့်သည်အချို့ လာမည်ဖြစ်ကြောင်း ပြော၏။ အစတွင် အမေသည် ကြောက်နေ၏။ သားသည် ဥပဒေနှင့် မလွတ်ကင်းသော စာအုပ်များကို ဖတ်နေသည်။ အခုတော့ အိမ်တွင်လူတွေစု၍ စကားပြောကြမည်ဟု ဆိုသည်။ ဘာတွေပြောကြမည်ကို အမေ မသိ။ သို့သော်လည်း အမေသည် သားမိတ်ဆွေများကို ကြည့်ချင်သည်၊ သိချင်သည်။ ထို့ကြောင့်လည်း အမေကိုယ်တိုင် ဧည့်ခံ၍ အမေ့အိမ်တွင်ပင် ဆွေးနွေးစေခဲ့သည်။

သား၏ ညည့်သည်များ ဆိုသည်ကား မြို့ပေါ်မှ တချို့နှင့် စက်ရုံထဲမှ အမေသိပြီးသား အလုပ်သမားတချို့သာ ဖြစ်၏။ သူတို့သည် ဝိုင်းဖွဲ့၍ ဆွေးနွေးကြသည်။ ပြောဆိုကြသည်များကို အမေ ဘာမျှနားမလည်။ အမေ နားလည်သည်မှာ သားကို ချစ်ခြင်းသာလျှင် ဖြစ်၏။

သားသည် စက်ရုံမှ မန်နေဂျာ၏ မတရား ဖိနှိပ်မှုများကို ဦးဆောင် တော်လှန်ခဲ့သည်။ အမေသည် ဘာမှ မသိသော်လည်း သား၏ လုပ်ဆောင်မှုများတွင် ပါလာခဲ့၏။ သားသည် စက်ရုံထဲ၌ ဇာဘုရင် ဆန့်ကျင်ရေးစာများကို တိတ်တဆိတ် ဝေငှခဲ့သည်။ စက်ရုံအကြီးအကဲများနှင့် ပုလိပ်များက ယမ်းပုံမီးကျ ဖြစ်ခဲ့ရ၏။ သို့သော်လည်း လက်သည်မပေါ်ခဲ့ပေ။

တစ်နေ့တွင် စက်ရုံဘေးရှိ ရွံ့ပုပ်အိုင်ကြီး မြေဖို့ရန်အတွက်ဟု ဆိုကာ စက်ရုံမန်နေဂျာသည် အလုပ်သမားများ၏ လစာမှ တစ်ယောက်လျှင် တစ်ပဲနိ ဖြတ်ယူမည်ဖြစ်ကြောင်း အမိန့်ထုတ်ခဲ့၏။ ထိုအခါ အလုပ်သမားအများစုကြီးသည် မကျေနပ်ခဲ့ဘဲ စက်ရုံအတွင်း၌ ဆူပူမှုများဖြစ်၏။ ထိုဆူပူမှုတွင် သားက တရားဟောခဲ့၏။ ထို့ကြောင့် သားအား ဇာဘုရင်၏ ပုလိပ်များက ထောင်ချရန် လာရောက် ဖမ်းဆီးခဲ့သည်။

အမေသည် ကြောက်တတ်သူတစ်ဦးဖြစ်သည်။အမေသည် သားကို ချစ်သည်။ သားနှင့် တစ်နေ့ တစ်ရက် တစ်မနက်မှ ခွဲခွာ၍နေလိုသူ မဟုတ်ပေ။ ပုလိပ်တို့ လာဖမ်းစဉ်က အမေသည် သားကို ဖက်၍ ငိုကြွေးလိုက်ချင်၏။ သို့သော်လည်း အမေသည် စိတ်ကိုတင်းထား၍ မငိုဖြစ်အောင် ကြိုးစားခဲ့သည်။ မျက်နှာ

www.burmeseclassic.com


ထား သုန်သုန်မှုန်မှုန်ရှိသော ပုလိပ်အရာရှိသည် အမေ့ မျက်စိထဲမှ မျက်ရည်များကျလာအောင် တမင် စောင့်ကြည့်နေသည်ဟု အမေ ထင်၏။

ထိုနေ့က အမေ မငိုဖြစ်ခဲ့။ အဘယ်ကြောင့်ဆိုသော် အမေငိုသော် သားကိုလာဖမ်းသူတို့ အားရပေလိမ့်မည်။ ထို့ကြောင့် အမေသည် သား၏လက်ကိုဆုပ်ကိုင်လျက် အသက်ကို အောင့်ပြီးခါမှ 'သွားပေတော့ သားရေ' ဟုသာ တစ်ခွန်းတည်းပြောခဲ့၏။

အရင်က စက်ရုံအတွင်းသို့ စာရွက်များကို သားတို့အုပ်စုမှ သွင်းခဲ့ကြ၏။ ယခု သားတို့တစ်တွေ မရှိသည့်အဆုံးတွင် စက်ရုံအတွင်းသို့ စာရွက်စာတမ်းများ သွင်းမည့်သူ မရှိ ဖြစ်လာ၏။ သက်ဆိုင်ရာ စက်ရုံမန်နေဂျာနှင့် ပုလိပ်တို့ကလည်း အရင်ကထက် အဆပေါင်းများစွာ ကြပ်မတ်၍ စောင့်ကြည့်နေကြ၏။ စက်ရုံအတွင်းသို့ ဓာတုရင် ဆန့်ကျင်ရေး စာရွက်များ သွင်းသော အလုပ်သည် သား၏ အလုပ်ဖြစ်သည်။ သားမရှိတော့ ဒီအလုပ်ကို အမေက သူ့အလုပ်ဟု မြင်လာ၏။ အမေသည် စာမတတ်သောကြောင့် အထဲတွင် ဘာတွေရေးထားသည်ကိုတော့ မသိ။ သို့သော်လည်း သားလုပ်သော အလုပ်မို့ အမေ ဆက်လုပ်လိုသည်။

နောက်ဆုံးတွင် အမေသည် ဓာတုရင်၏ အစောင့်များအကြားမှ စာရွက်စာတမ်းများကို စက်ရုံအတွင်းသို့ ယူဆောင်ခဲ့သည်။ သားမရှိသော်လည်း စာရွက်စာတမ်းများသည် စက်ရုံ

www.burmeseclassic.com


အတွင်းဝယ် ရှေ့ကကဲ့သို့ ဆက်လက် ထွက်ပေါ်လာမြဲ ထွက်ပေါ်လာနေ၏။

စက်ရုံမန်နေဂျာများနှင့် ပုလိပ်များသည် ကြီးကန်းတောင်းမှောက် ရှာဖွေကြ၏။ သို့သော် အမေသည် စာရွက်စာတမ်းများကို မရ ရအောင် စက်ရုံတွင်းသို့ သယ်ဆောင်ခဲ့ပြန်၏။

အမေ့သားကို အရင်က စက်ရုံအတွင်းသို့ စာရွက်စာတမ်းဖြန့်ဝေသူဟု အထင်ရှိခဲ့၏။ အမေ့သား မရှိသော်လည်း စက်ရုံအတွင်းဝယ် စာရွက်စာတမ်းများသည် မှိုပေါက်သလို ပေါ်လာမြဲ ပေါ်လာနေ၏။ နောက်ဆုံးတွင် ပုလိပ်များသည် သားကို ထောင်မှ ပြန်၍လွှတ်လိုက်သည်။

ဤသို့ဖြင့် မိုးရာသီသို့ ချဉ်းကပ်လာခဲ့၏။အမေတို့ရွာလေးတွင်လည်း နှင်းခဲများ အရည်ပျော်သွား၍ ရွှံ့ဗွက်များနှင့် ခေါင်းတိုင်မှ လွင့်တက်လာသော ကျပ်ခိုးတို့က လမ်းအသွယ်သွယ်တွင် ဗလာကျင်းလာ၏။ အမေတို့ရွာထဲတွင်ကား မေလ ၁–ရက်နေ့ အလုပ်သမားနေ့သို့ ရောက်ရှိရန် မဝေးတော့သဖြင့် လှုပ်လှုပ်ရွရွနှင့် ပြင်ဆင်နေကြ၏။ အလုပ်ရုံကြီးအတွင်း၌လည်း မေလ ၁–ရက်နေ့၏ ထူးခြားသောအဓိပ္ပာယ်ကို ရှင်းလင်းသည့် စာရွက်များ ထွက်ပေါ်၍ နေလေ၏။

မေလ ၁–ရက်နေ့ လူထုချီတက်ပွဲတွင် သားက အလံကိုင်ချီတက်ရန် ဆုံးဖြတ်ခဲ့၏။ ဤသည်ကို အမေက မကန့်ကွက်ခဲ့ပေ။ မေလ ၁–ရက်နေ့ နံနက်ပိုင်းဝယ် အလုပ်သမားများ စုဝေးခဲ့ကြသည်။

www.burmeseclassic.com


စုဝေးရာသို့ အမေသည် သားနှင့်အတူ ချီတက်ခဲ့သည်။ လူသွားလမ်းမကြီး၏ တစ်ခုသော ထောင့်ဖြတ်လမ်းကလေးထဲတွင် ပရိသတ် တစ်ရာခန့် စုဝေးနေ၏။ ထိုပရိသတ်ထဲမှ သားမိတ်ဆွေတစ်ယောက်က တရားစ၍ ဟောသည်။ သားမိတ်ဆွေနောက်တစ်ယောက်က ဆက်၍ ဟောသည်။ ပရိသတ်မှာ တစ်စတစ်စ များလာ၏။ သားမိတ်ဆွေလည်း သူ့အသံကို မြှင့်၍ဆက်ပြီး ပြော၏။

ထိုအချိန်၌ တစ်စုံတစ်ယောက်က 'ပုလိပ်တွေဗျို့'ဟု အော်လိုက်၏။

"လူစုခွဲလိုက်"

"ဘာစကားတွေ ပြောနေတာလဲ"

"အခုစကားပြောနေတာ ဘယ်သူလဲ"

လူထုထဲသို့ဒုန်းစိုင်းဝင်လာသော ပုလိပ်များကို ပရိသတ်က မဖယ်ချင့် ဖယ်ချင်နှင့် လမ်းဖယ်ပေးလိုက်ကြ၏။ ထို့နောက် အလုပ်သမားများသည် ဘုရားရှိုးကျောင်းဝင်းအတွင်း၌ စုမိကြပြန်၏။

ဤနေရာတွင် သားသည် အလံကြီးတစ်ခုကို လွှင့်ထူလိုက်သည်။ အလံကြီးသည် အလုပ်သမားထု အတွင်းဝယ် ငှက်နီကြီးတစ်ကောင် အတောင်ဖြန့်နေသလို ရှိသည်ဟု အမေက ထင်သည်။ သားသည် တရားဟော၍ အလံကိုကိုင်ကာ ရှေ့မှ ချီတက်သည်။ အမေသည် သားနှင့် မကွာအောင် ကပ်၍ လိုက်၏။ တစ်နေရာတွင် ဓာဘုရင်စစ်တပ်နှင့် သားတို့ ရင်ဆိုင်မိကြလေ၏။

ဇာဘုရင်ဟူသည်ကား အင်ပါယာမင်းမြတ်။
အလံကိုင်သူကား အမေ့သား။
ဇာဘုရင်၏ စစ်သားများသည် ယူနီဖောင်း အပြာများကို ဝတ်၍ ပခုံးထက်၌ လှံစွပ်များ ကိုယ်စီ ထောင်လျက် ရှိ၏။ ကျောက်ရုပ်ကဲ့သို့ မလှုပ်သော စစ်သားများသည် သား အလံ ကိုင်ချီတက်သော လမ်းရှေ့တည့်တည့်မှ ရပ်နေသည်။ ထို မြင်ကွင်းကြောင့် အမေ့ရင်တွင်း၌ အေးစက်သွားတော့သည်။ အမေသည် သားဆီသို့ တိုး၍တက်သွား၏။
"ရဲဘော်တို့ အသက်ကို မငဲ့ပါနဲ့၊ ရှေ့ကိုတက်ကြပါ"
သား၏ အသံကို အမေကြားလာရသည်။ ပတ်ဝန်းကျင် မြင်ကွင်းမှာလည်း ရင်ဖိုစရာဖြစ်လာသည်။ သားနှင့်သူ့အဖော် လေးယောက်သည် ရှေ့သို့ ချီတက်သွားကြ၏။ ပရိသတ်သည် သားတို့နှင့် ပြတ်၍ကျန်ခဲ့၏။ အမေသည် ရင်ကိုမ,၍ ဟိုဟို ဒီဒီ ကြည့်လိုက်ရာ မူလက ကြွကြွကြီးခိုင်မာခဲ့သော ပရိသတ်မှာ ယခုအခါ စိတ်မခိုင်ရှိလာသည်ကို တွေ့လိုက်ရ၏။
သားတို့လေးယောက်သည် ဆက်၍ ချီတက်သွားကြ၏။ သူတို့နောက်မှ ကပ်၍ကား လူတစ်ဒါဇင်ခန့် ပါသွား၏။ အမေ့ ရင်သည် တဆွေ့ဆွေ့ခုန်လာသည်။ ချီတက်သွားကြသူများထဲ၌ သားကို အမေ လှမ်းကြည့်လိုက်သည်။
"လှံစွပ်ပြင်"
အမိန့်ပေးသံသည် စူးရှကျယ်လောင်စွာ ပေါ်လာသည်။ အမိန့်ပေးသံကို အမေ ကောင်းစွာ ကြားရ၏။ အမေ့မျက်လုံး များကား ဘာကိုမျှ သဲကွဲစွာ မမြင်ရတော့ပါ။ မြင်မြင်သမျှမှာ

www.burmeseclassic.com


မျက်စိထဲ၌ ပြည့်လျှံနေ၏။ အသက် တစ်ခါရှူလိုက်တိုင်းလည်း အမေ့ရင်သည် ပေါက်ကွဲထွက်တော့မလောက် ထင်ရ၏။ စစ်သားများသည် ချီတက်လာသော လူစုကို ခွဲပစ်လိုက်ကြသည်။ အလံ၏ ပတ်ဝန်းကျင်တွင်ကား သားနှင့် လူ ၂၀ ခန့် ဝိုင်းအုံကျန်ရစ်၏။ စစ်ဗိုလ်လေးဦးက သားထံသို့ ခုန်လွှားကာ အလံတိုင်ကို ဆွဲလုလိုက်၏။ ထိုခဏဝယ် အလံနီကြီးသည် ဘယ်ယိမ်းညာလူးပ်ဖြင့် တယမ်းယမ်းဖြစ်နေ၏။ အလံကို လုနေကြကြောင်း အမေ သိသည်။ နောက်ဆုံး အလံသည် ထိုး၍ကျသွားကာ အပြာရောင် စစ်သားအုပ်ထဲ၌ ပျောက်ကွယ်သွားတော့၏။

အမေသည် ရှေ့သို့ချီတက်သွားတော့သည်။ စစ်ဗိုလ်တစ်ဦးက 'အမယ်ကြီး ရပ်၊ ဆက်မသွားနဲ့'ဟု အမိန့်ပေးလိုက်၏။ အမေသည် စစ်ဗိုလ်လေးကို ပြန်၍ ကြည့်လိုက်သောအခါ သူ့ခြေထောက်အောက်တွင် နှစ်ပိုင်းကျိုးနေသော အလံကို တွေ့လိုက်ရ၏။ တစ်ခုသော အပိုင်းတွင် အလံနီစ တန်းလန်းရှိနေသည်ကို အမေမြင်လိုက်ရသည်။ အမေသည် အနီစတန်းလန်းနှင့် အလံပိုင်းကို ကုန်းကောက်လိုက်၏။ ထိုအခါ စစ်ဗိုလ်လေးက ပြန်၍ လုယူပြီး ဘေးသို့ လွှင့်ပစ်လိုက်၏။ အမေသည် အလံကို ပြန်၍ ကောက်ပြန်သည်။ အမေ့အား စစ်သားတစ်ယောက်က 'ဒီဟာမကြီး သွားဆို ဘာလုပ်နေတာလဲ'ဟု ဆိုကာ တွန်းပစ်လိုက်ပြန်၏။

အမေသည် အလံအကျိုးကို အားပြုကာ ထိုနေရာမှ ခွာခဲ့သည်။ သားသည် ဓာဘုရင်၏ စစ်သားများနောက်သို့ ပါသွား

www.burmeseclassic.com


ပြီဖြစ်၍ အမေသည် ကျန်နေခဲ့သော လူအုပ်ဆီသို့ တရွေ့ရွေ့နှင့် ပြန်လာခဲ့သည်။

'အမေ့လက်ထဲမှာ အလံနီကြီးနဲ့'ဟု တစ်စုံတစ်ယောက်က လှမ်းပြောလိုက်၏။ အမေသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ အလံကို ထောင်လိုက်သည်။

"ခရစ်တော်ရဲ့အလို့ငှာ ကျုပ်ပြောတာကို တဆိတ် နားထောင်ကြပါ"

အမေက အသံကုန်ဟစ်၍ ဆိုလိုက်၏။

ပရိသတ်သည် အမေ့စကားကို နားထောင်ရ၏။ အမေက အရှည်ကြီး ဆက်၍ တရားဟောနေ၏။

တရားဟောနေရင်းမှ အမေ့ နှလုံးအိမ်မှာ ပေါက်ကွဲလုမခန်း ရှိနေ၏။ အမေ့ရင်ထဲမှ မေတ္တာဓာတ်လူး၍ ထူးကဲသော စကားလုံးများသည် လျှံကျလာတော့သည်။ ပရိသတ်အားလုံး ငြိမ်၍ နားထောင်နေကြ၏။ အမေ ပြောသမျှကို ပရိသတ်သည် လိုက်၍ တွေးတောနေကြသည်။ အမေသည် သူ့ကိုယ်သူ အမေဟူ၍ မထင်တော့ပေ။ သူသည် သူ့ကိုယ်သူ သားဟု ထင်လာတော့သည်။ သား ပြောဆိုနေသော စကားလုံးများ၊ သား၏ အတွေးအခေါ်များသည် အမေ့ ပါးစပ်မှ ကရားရေလွှတ်သလို ထွက်လာသည်။ ပရိသတ်က ငြိမ်၍ နားထောင်နေ၏။

နောက်ဆုံးတွင် အမေ၏အသံသည် ပြတ်သွားသည်။အမေသည် ဒယီးဒယိုင် ဖြစ်လာ၏။ ရှိသမျှသော ခွန်အားကား

www.burmeseclassic.com


ကုန်ခန်းခဲ့ပေပြီ။ လဲကျလာသော အမေကို တစ်စုံတစ်ယောက်က ပွေ့ဖမ်းထားလိုက်ရပါ၏။

ဂေါ်ကီ၏အမေသည် မာနကုန်ခန်း၍ သိမ်မွေ့သော အပူသည်မကြီးတစ်ဦး ဖြစ်၏။ အမေသည် ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက်လည်း ဖြစ်သည်။ အမေသည် ခါးတစ်ဖက်စောင်းနေ၍ လင်ဆိုးဒဏ်ကို နာလန်မထူအောင်ခံစားထားရသူဖြစ်၏။ အမေ့တွင် သာမန်အားဖြင့်သတ္တိဟူ၍ စိုးစိမျှ ရှိသူမဟုတ်။

အမေသည် အင်ပါယာပြည့်ရှင် ဇာဘုရင်ကို မဆိုထားဘိ၊ ပုလိပ်တစ်ယောက်အိမ်ရှေ့ဖြတ်သွားလျှင်ပင် ဖိမ့်ဖိမ့်တုန်အောင် ကြောက်သူဖြစ်သည်။ သို့သော်လည်း အမေသည် သားအတွက် သူမတူသော အစွမ်းများ ပေါ်၍လာသည်။ အမေသည် သူ့ဘဝတစ်သက်လုံး ဦးနှိမ်ခဲ့ရသော မန်နေဂျာနှင့် သူကြောက်လွန်းသည့် ပုလိပ်များကို လှည့်စား၍ စက်ရုံကြီးအတွင်းသို့ စာရွက်များ သွင်းယူခဲ့သည်။ ဤအလုပ်သည် အလွန်ခဲယဉ်းသောအလုပ် ဖြစ်သည်။ အမေ့တစ်သက်တွင် တစ်ခါဖူးမျှ စိတ်မကူးဝံ့ခဲ့သော အလုပ်ဖြစ်သည်။

ဇာဘုရင်ဟူသည် အမေမော်ဖူးဝံ့သည့် လူစားမဟုတ်၊ အမေ့ဘဝဝယ် ဇာဘုရင်ကို မြင်လည်းမမြင်ဘူး၊ အင်ပါယာအရှင်ဟု ကြားရုံမျှနှင့် ဦးခိုက်ရိုသေ လေးစားရသူဖြစ်၏။ သို့သော်လည်း အမေသည် ဇာဘုရင်အား ဆန့်ကျင်သည့် စာရွက်စာတမ်းများကိုဖြန့်ဝေခဲ့သည်။ အမေသည် ဇာဘုရင်၏ လက်မရွံ့ စစ်သားများထံမှ ဆိုရှယ်လစ်အလံကို လုယူခဲ့သည်။

www.burmeseclassic.com


ထိုအလံသည် သားထံမှ စစ်သားတို့ကလုယူ၍ ဆုတ်ဖြဲဖျက်ဆီးခဲ့သော အလံဖြစ်သည်။ သို့သော် ထိုအလံသည် သားကိုယ်တိုင်လွှင့်ထူခဲ့သောအလံဖြစ်၏။ ထို့ကြောင့် အမေသည် ဇာဘုရင်ကို အန်တုသော ဤဆိုရှယ်လစ်အလံကို ဇာဘုရင်၏ အင်ပါယာအတွင်း၌ အမေလွှင့်ထူခဲ့သည်။ အမေသည် ဆိုရှယ်လစ်ဟူသော စကားကို နားမလည်။ ယခင်ကဆိုလျှင် အမေက ဆိုရှယ်လစ်ဟူသည် ဇာဘုရင်ကိုသတ်သူများဟုသာ သိ၍ ဆိုရှယ်လစ်များကို အကြောက်ကြီးကြောက်ခဲ့သည်။ သို့သော်သားသည် ဆိုရှယ်လစ် ဖြစ်လာသည်။

သည်တော့လည်း အမေလည်း ဆိုရှယ်လစ်ဖြစ်လာပြန်သည်။ အမေသည် အလံနီကိုကိုင်လျက် အလုပ်သမားများအား ဆိုရှယ်လစ်တရားကို ဟောခဲ့သည်။ အမေသည်သတ္တိရှိရှိဖြင့် သားလုပ်ငန်းကို ဆက်လက် သယ်ဆောင်ခဲ့၏။ အမေ၌ ထိုသတ္တိများသည် ဘယ်မှ ရောက်လာသနည်း။

ဂေါ်ကီ၏ အမေစာအုပ်နှင့် ပတ်သက်၍ ဆရာဦးစောဦး(ဂုဏ်ရောင်)က...

> 'သားများ၏ အရေးသည် မိခင်များ၏ အရေးဖြစ်လာပုံမှာ ဤစာအုပ်၏ အသက်ပင် ဖြစ်ပေတော့သည်။ ရိုးသားသော တောသူမကြီးသည် သားကို ချစ်ခြင်းမှ တစ်ပါး အခြားဘာမျှ နားမလည်ပေ။ သို့သော် သူ့သားအား ရန်သူတို့သည် စော်စော်ကားကား နှိုင်ထက်ကလူ ဖိစီးညှဉ်းပန်းလာ၏။ သူ့သား၏ လွတ်လပ်စွာ

www.burmeseclassic.com


တွေးတောမှုများကို ပိတ်ပင် ချုပ်ချယ်လာကြ၏။ နောက်ဆုံးတွင် သူ့သားအား ပုလိပ်စစ်တပ်က ကျည်ဆန်၊ လှံစပ်တို့ ဝိုင်းကြီးပတ်ပတ် ရံပြီး မျက်စိအောက်၌ နှိပ်စက်ကလူ ပြုမူနေသည်ကို မြင်ရသောအခါ၌ သား၏အရေးသည် သူ့အရေး ဖြစ်လာခဲ့၏။ ထိုမှ တစ်ဆင့် ရှေ့သို့တက်၍ တော်လှန်ရေးသမားတိုင်း၏ အရေးသည် သူ့အရေး ဖြစ်လာခဲ့၏။ နောက်ဆုံး၌ သူကိုယ်တိုင်ပင်လျှင် တကယ့် အာဇာနည်တော်လှန်ရေး အမျိုးသမီးကြီး အဖြစ်သို့ရောက်လာပေတော့သည်’ဟု ရေးသားထား၏။

ဘာမှ မသိသော အမေသည် မည်ကဲ့သို့ အာဇာနည် တော်လှန်ရေး အမျိုးသမီးကြီး ဖြစ်လာသနည်း။

●

www.burmeseclassic.com

## ကလေးငယ်တို့၏ ကံကြမ္မာကို သူ့မိခင်ကသာ ဖန်တီးသည်။

နပိုလီယံဘိုနာပတ် (၁၇၆၉–၁၈၂၁)
ပြင်သစ်ဧကရာဇ်

# အခန်း(၃)

## အမေ့အရိပ်က အေးပါတယ်

ကျွန်တော်သည် ဖတ်နေသော စာအုပ်ကို ချ၍ အမေ့အကြောင်းကို စဉ်းစားနေမိသည်။ အမေနှင့်နေခဲ့ရသော အချိန်များသည် ကျွန်တော့်အတွက် အပျော်ဆုံး အအေးချမ်းဆုံးနှင့် အနိုင်အရဆုံး အချိန်များ ဖြစ်၏။

လူ့ဘဝ လူ့လောကကို ရင်ဆိုင်ရာတွင် လူတိုင်းအနိုင် ယူလိုကြသည်။ အနိုင်ရသည့်အခါ ကျေနပ်ပီတိဖြစ်ရသည်။ အမေနှင့် နေလျှင် ကျွန်တော် အမြဲအနိုင်ရသည်။ ကျွန်တော်မှတ်မိပါသည်။ တစ်နေ့ အမေက ကျွန်တော့်ကို ငါးဟင်းနှင့်ထမင်းကျွေး၏။ ကျွန်တော်ထမင်းစားနေစဉ် အမေက 'သား…ငါးနာမည်တွေ ဘယ်လောက်သိသလဲ'ဟု မေး၏။ ကျွန်တော်က 'အများကြီး သိတာပဲ'ဟု ပြော၏။

www.burmeseclassic.com



"ကဲ...ဒီလိုဆိုရင် ငါးနာမည်တွေကို သားနဲ့ အမေနဲ့ ဘယ်သူက ပိုသိတယ်ဆိုတာ ပြိုင်မလား"

"ပြိုင်မယ်"

ပြိုင်ရမည်ဆို၍ ကျွန်တော်စိတ်တက်ကြွလာ၏။

"သားသိတဲ့ ငါးနာမည်တွေ ပြောစမ်း"

ကျွန်တော်က စဉ်းစားနေရ၏။ အမေက ပြုံးပြီး ကျွန်တော့် ထမင်းပန်းကန်ကို လှမ်းကြည့်မှ ပန်းကန်ထဲက ငါးကို သတိရလာ၏။

"ငါးရံ့ အမေရာ"

"ဟုတ်တယ်၊ နောက်ပြီးတော့ သိသေးလား"

"ငါးရှူ"

"နောက်ပြီးတော့ရော"

"ကကတစ်"

"ဟုတ်တယ်"

"ငါးပတ်ဖျာ"

"ဟုတ်တယ်"

"ငါးပြေမနဲ့ ငါးမြွေထိုး"

"ဟုတ်တယ်"

"ငါးကျည်း"

"နောက်ပြီးတော့ရော"

"ငါးခုံးမ"

"ဟုတ်တယ်"

နောက် ကျွန်တော်စဉ်းစား၍ မရတော့ပေ။ ငါးရံ့၊ ငါးပတ်၊ ငါးခူ၊ ကကတစ်၊ ငါးမြွေထိုး၊ ငါးကျည်း၊ ငါးပြေမ၊ စသည်တို့သည် ကျွန်တော်တို့ အရပ်တွင် အလွန်ပေါသော ရေချိုငါးများဖြစ်သည်။

"နောက်သားသိသေးလား"

"ငါးဆိုတာ ဒါအကုန်ပဲအမေရာ"

"သားသိတဲ့ ငါးတစ်မျိုးကျန်သေးတယ် သားရဲ့"

"ဒါအကုန်ပဲအမေရာ"

"မဟုတ်ဘူးလေ၊ အဲဒီငါးက မစားရဘူး၊ ဗိုက်ပူပူနဲ့"

"ငါးပူတင်း အမေရာ"

"ဟုတ်တယ်၊ နောက်ထပ်သားသိသေးလား"

ကျွန်တော်က ထပ်၍ စဉ်းစားပြီး...

"နောက်ငါးတစ်မျိုး သားသိသေးတယ် အမေ"ဟု ပြောလိုက်၏။

အမေက "ဘာ ငါးလဲ"ဟု ပြန်မေးသည်။

"ပုစွန်ဗျာ"

"ပုစွန်က ပုစွန်ပဲ၊ ငါးမှ မဟုတ်တာ"

"ဟုတ်ပါတယ် အမေရာ၊ သူလည်းရေထဲမှာပဲ နေတာ၊ ငါးလိုပဲ ရေကူးတတ်တယ်"

အမေက ဆက်၍ မငြင်းပါ။ ကျွန်တော့်ကို အမှန်ရော အနိုင်ရော ပေးပါသည်။

www.burmeseclassic.com


"သားက ငါးနာမည်တွေ အများကြီး သိတာပဲ၊ အမေ တောင် ဒီလောက် မသိဘူး၊ သားတော်တယ်၊ နောက် ငါး တစ်မျိုးထပ်မေးမယ်"

ထိုအခါ ကျွန်တော်သည် ပို၍ပျော်ရသည်။ အမေဘုရား ပန်းအိုးလဲပြီးသောအခါများတွင်လည်း ကျွန်တော်ပင်အနိုင်ရတတ်၏။ အမေ့ကို အနိုင်ရခဲ့သောစိတ်သည် အမေမပါဘဲ လောက ကြီးကိုရင်ဆိုင်ရာတွင် ထိုစိတ်သည် ကျွန်တော့်အား သတ္တိများ ကိုဖြစ်ပေါ်လာစေခဲ့၏။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုများ လည်း ပို၍ တိုးပွားလာစေခဲ့၏။ ဤစိတ်ကြောင့် ကျွန်တော့် ဘဝဝယ် အောင်မြင်မှု အများအပြားကိုလည်း ရရှိခဲ့သည်။

အမေနှင့်နေရသောအချိန်များသည် ကျွန်တော့်ဘဝတွင် အပျော်ဆုံး ဖြစ်ရသည်။ ငယ်စဉ်က ပဲခူးတွင် ကျောင်းလာနေ သောအခါ ဆရာမ 'ကမ္ဘာပေါ်မှာ ဘယ်ဟာ အကောင်း ဆုံးလဲ၊ ဘယ်ဟာက အပျော်ဆုံးလဲ'ဟု ဆိုသော မေးခွန်းကို တစ်ဦးချင်းအား မေးသည်။ ထိုအခါ ကျွန်တော်က 'ရွာပြန် ရတာ အကောင်းဆုံး၊ အမေနဲ့ နေရတာ အပျော်ဆုံး'ဟု မဆိုင်းမတွ ပြန်ဖြေသောအခါ ဆရာမက ကျေသတ်၍ သွား ခဲ့၏။

ကျွန်တော့်ကို မွေးခဲ့သော ရွာသည် ရစ်ကံကြီးရွာဖြစ်၍ ယခင် သနပ္ပင်၊ အုန်းနဲ့၊ သက္ကလ မီးရထားလမ်းကြောင်းပေါ် တွင် ရှိသည်။ အမေသည် ငယ်စဉ်က ရစ်ကံကြီးရွာတွင် နေ

www.burmeseclassic.com


သော်လည်း ကျွန်တော် အတော်အတန် ကြီးလာသောအခါ မီးလောက်ရွာသို့ ပြောင်း၍ နေ၏။ ကျွန်တော်သည် အမေကြီးနှင့် ရစ်ကံကြီးရွာတွင်ပင် ကျောင်းနေရင်း ကျန်ရစ်ခဲ့သည်။

ကျွန်တော်တို့ရွာများသည် အမှန်စင်စစ် စစ်တောင်းမြစ်၏ မြစ်ကျွန်းပေါ် အနောက်ဘက်ကမ်း ဒေသများ ဖြစ်သည်။ ကျွန်တော်သည် သနပ္ပင်မြို့ကို ကျော်၍ စစ်တောင်းမြစ်ဝကျွန်းပေါ်ဒေသကြီးကို သနပ္ပင်–သက္ကလ ကားလမ်းပေါ်မှ လှမ်း၍ မြင်လိုက်ရလျှင်ပင် မိခင်၏ ရင်ခွင်သို့ဝင်လိုက်သလို နွေးထွေး၍ သွားသည်။ စစ်တောင်းမြစ်ဝကျွန်းပေါ် အနောက်ဘက်ဒေသသည် ကျွန်တော့်အတွက် အန္တရာယ်အကင်းဆုံးဒေသ ဖြစ်သည်။ ယင်းဒေသဝယ် ကျွန်တော့်အား မည်သူမျှ ရန်မူမည့်သူမရှိပေ။ ရန်သူပင် ဖြစ်လင့်ကစား ထိုဒေသသို့ရောက်သော် ကျွန်တော့်အား ချစ်ခစ်မြတ်နိုးကြသည်သာ ဖြစ်၏။ တကယ်တော့လည်း ဤဒေသကြီးသည် ကျွန်တော့်မိခင်၏မေတ္တာလွှမ်းမိုးရာဒေသကြီး ဖြစ်သည်။

ကျွန်တော်သည် စိတ်ဆင်းရဲလာလျှင် အတတ်နိုင်ဆုံးတော့ ကြိုးစား၍ ဖြေရှင်းသည်။ အတတ်နိုင်ဆုံးတော့ သည်းခံဖြေရှင်းသည်။ ထိုအဆင့်တွင်မှ မရလျှင်တော့ ကျွန်တော်သည် ပြဿနာ အရပ်ရပ်၊ ဖြစ်ရပ်အစုံစုံကို ဒီအတိုင်းထားခဲ့ကာ မိခင်ထံသို့ ပြေးသွားတော့သည်။ ဤသည်မှာ ကျွန်တော့် အကျင့်ဖြစ်၏။ ဤအကျင့် ရရှိခဲ့သည်မှာလည်း ကျွန်တော်သည် အမေ့ထံ ပြန်သွားလျှင် သောကအားလုံး ချုပ်ငြိမ်းတတ်သောကြောင့် သာဖြစ်၏။ မည်မျှ သောကများ ရောက်ပါစေ၊ သနပ္ပင်မြို့ကို

www.burmeseclassic.com


ကျော်ခဲ့ပါလျှင် ကျွန်တော်သည် မိခင်၏ရင်ခွင်ထဲသို့ ဝင်ရသော နွေးထွေးမှုကို ခံစားရသလို ခံစားလာပြီး တစ်ချိန်တည်းမှာပင် သောကတို့သည် ပိန်းကြာဖက်ပေါ်မှရေလို လျှောကျပျောက် ကွယ်ရတော့၏။

အမေ့ထံသို့ ကျွန်တော် ပြေးထွက်ခဲ့သောအကြိမ် သုံးလေး ကြိမ် ရှိခဲ့၏။ ကျွန်တော်သည် ဆယ့်သုံးနှစ်သားလောက်တွင် ပဲခူးသို့လာ၍ ကျောင်းနေရသည်။ ကျောင်းပိတ်ရက်ရှည်များတွင် ကျွန်တော်သည် အမေ့ထံ ပြန်တတ်၏။ ကျွန်တော် ဆယ့်ခြောက် ဆယ့်ခုနှစ်နှစ်အရွယ်သို့ ရောက်လာသော ကျွန်တော်နှင့် ပတ်သက်၍ အမေသည် စူးစမ်းလာခဲ့သည်။ စူးစမ်းသည်မှာ ကျွန်တော်ကြိုက်သော မိန်းကလေးသည် ဘယ်လို မိန်းကလေး လဲဟု စူးစမ်းခြင်းဖြစ်၏။ အမေသည် ကျွန်တော် ဘယ်လို မိန်းကလေးကို ကြိုက်မလဲဆိုတာကို အတော်လေးသိချင်သည်။ သို့သော်လည်း အမေသည် ဘယ်လိုမိန်းကလေးကိုတော့ ကြိုက်၊ ဘယ်လိုမိန်းကလေးကိုတော့ မကြိုက်နဲ့ဟု ပြောဆိုခြင်း မရှိပေ။ အမေသည် သိချင်တာသက်သက်သာလျှင် ဖြစ်၏။

ကျွန်တော်ရွာပြန်သွားလျှင် ကျွန်တော့်အဝတ်အစားများ ကိုဖွပ်ရန်ရွေးရင်း သဲလွန်စများကို ရှာတတ်သည်။ အမေ ရှာသည်ကိုသိ၍ ကျွန်တော်သည် ရွာပြန်လျှင် သဲလွန်စမပါ အောင်ပြန်၏။ တစ်ခါတွင် ကျွန်တော့် စာအုပ်တစ်ခုထဲ၌ အမျိုးသမီးတစ်ဦး၏ ဓာတ်ပုံလေးတစ်ပုံ ညပ်၍ ပါလာခဲ့သည်။ ပါလာသည်ကိုပင် ကျွန်တော်မသိ။ အမေသည် ကျွန်တော့် လွယ်အိတ်ကို လျှော်ဖွပ်ရန်ယူရင်း ထိုဓာတ်ပုံကလေးကို တွေ့သွား

သည်။ တွေ့သွားတော့လည်း ဘာမှမပြောပေ။ သို့သော်လည်း အမေက 'တော့်သားက မိန်းမဓာတ်ပုံနဲ့ဘာနဲ့တော့်'ဟု အဖေ့ကို တိုင်သလိုမတိုင်သလိုလိုနှင့် ကျွန်တော့်အား မကြားတကြား ပြော၏။

တစ်ကြိမ်က ကျွန်တော်သည် လူငယ်ဘာဝ မိန်ကလေး တစ်ဦးနှင့် ချစ်ခင်စုံမက်ဖူးသည်။ နှစ်ရှည်လများ ချစ်ကြိုးသွယ် ခဲ့ဖူး၏။ သို့သော် တစ်နေ့တွင် ထိုမိန်းကလေးသည် ဆိုင်းမဆင့် ဗုံမဆင့် လက်ထပ်သွားခဲ့၏။

ထိုအခါ ကျွန်တော်သည် လူငယ်တို့ဘာဝ ဝမ်းနည်းမှု၊ အားငယ်မှု၊ စိတ်ဆင်းရဲမှုတို့ကို ခံစားခဲ့ရ၏။ သူ့ဘဝသူ့အရွယ် တွင်တော့ ကြီးကျယ်သောခံစားမှုတစ်ရပ် ဖြစ်၏။

သည်တုန်းက ကျွန်တော်အမေ့ဆီပြန်ပြေးခဲ့သည်။ အမေ သည် ကျွန်တော့်အား ဝမ်းသာအားရဖြင့် ကြိုဆိုခဲ့၏။ ထိုအခါ က နွေခေါင်ခေါင်ကြီးဖြစ်သည်။ နေပူကြီးပြန်လာသောသား အတွက် အမေက 'သားရယ်...နေပူကြီး ဘာလို့ပြန်လာရ တာလဲ၊ ရစ်ကမှာ တစ်ညဝင်အိပ်ပြီး မနက်မှလာခဲ့ရောပေါ့'ဟု ပြောရှာ၏။

အမေသည် ထိုနေ့က ကျွန်တော်ကြိုက်တတ်သော ကြက် သားဆီပြန်ဟင်းကို အတုံးကြီးကြီးတုံး၍ ချက်ပေးသည်။ စကား တွေလည်း အများကြီးပြောသည်။ ကျွန်တော်က ခေါင်းကိုက် သည်ဟု မူနေသည်ကိုပင် တကယ်ထင်၍ နှိပ်ပေးသေးသည်။ အမေသည် ကျွန်တော့်ရင်ထဲတွင်ရှိသော သောကအားလုံးကို

www.burmeseclassic.com


တစ်ခုမကျန် ကုန်စင်အောင် ကုသပေးသည်။ အမေ့ထံတွင် တစ်လခန့်နေ၍ ကျွန်တော်တက္ကသိုလ်သို့ ပြန်လာသောအခါ ကျွန်တော်သည် လူသစ်စိတ်သစ်ဖြစ်နေ၏။ ကျွန်တော်သည် အမေ့ရင်ခွင်အောက်၌ ပိုမိုလန်းဆန်းနုပျို၍ပင် လာတော့သည်။

တက္ကသိုလ်၌ ဥပစာသိပ္ပံ အပိုင်း(က)တစ်တန်းတည်းကို ဖြေဆိုရာတွင်ပင် ကျွန်တော်သည် သုံးနှစ်ခန့်ကြာခဲ့၏။ကျွန်တော် ဝါသနာပါသည်က မြန်မာစာ၊ ကျွန်တော်တက္ကသိုလ်သို့ရောက် သောအခါ ဘာသာတွဲမိသည်က ဘိုင်အိုလော်ဂျီခေါ် ပါဏဗေဒ ဘာသာရပ်။ ထို့ကြောင့်လည်း စာမလိုက်နိုင်သည့် ဒုက္ခကို ကျွန်တော်သည် တက္ကသိုလ်ရောက်ရောက်ချင်း ကြုံတွေ့ရ၏။ ဒီကြားထဲတွင် ပါဏဗေဒမှ ဘာသာရပ်တစ်ခုဖြစ်သော သတ္တဗေဒကို သင်သည့်ဆရာက မစ္စတာနယား ဆိုသည့် ကုလားဆရာကြီးဖြစ်သည်။ ဆရာသည် အလွန်တော်ပါသည်။ သို့သော် အင်္ဂလိပ်ဘာသာအား ကုလားအသံဖြင့် စာသင်သည်ကို ကျွန်တော်လုံးဝလိုက်မမီပါ။ ပထမတစ်နှစ်ဝယ် သူ့အသံကို နားလည်အောင် ကြိုးစားရင်း အချိန်ကုန်ခဲ့၏။ ဒီလိုနှင့် သိပ္ပံအပိုင်း(က) အတန်းတွင် စာမေးပွဲသုံးနှစ် ဆက်ကျခဲ့၏။ ထိုအခါ ကျွန်တော့်ကို မိတ်ဆွေအပေါင်းအသင်းများကလည်း လူညံ့ဟု သဘောထားလာ၏။ ဆွေမျိုးအသိုက်အဝန်းများက လည်း ဖြစ်ထွန်းမည်မဟုတ်ဟု ထင်လာ၏။ ချစ်သူကလည်း အထင်သေးလာသည်။ ကျွန်တော့်ကို အားပေးမည့်သူလည်း မရှိပေ။ ကျွန်တော်သည် စိတ်ညစ်၍လာသည်။ ဘာလုပ်ရမည်

www.burmeseclassic.com


လည်းမသိ။ စာမေးပွဲ ဖြေခွင့်ရသော်လည်း ကျွန်တော်သည် ကျောင်းတက်ခွင့်အပိတ်ခံရသည်။

ထိုအခါ ကျွန်တော်သည် အမေ့ထံသို့သာ ပြန်ရပြန်ပါသည်။ အမေသည် စာမေးပွဲရှုံး၍ပြန်လာသောသားကို အောင်ပွဲရလာသော စစ်သူကြီးကိုပြည်သူတို့က ကြိုဆိုသလိုပင် ကြိုဆိုသည်။ ကျွန်တော်ရွာကို ပြန်ရောက်သောနေ့က ဥပုသ်နေ့ဖြစ်သည်။ အမေသည် ဘာသာရေးကို အလွန်လေးစား၍ မနက်တိုင်း ညနေတိုင်းဘုရားထံတွင် ဝပ်တွားခယ အဆုံးအမကို ခံယူဆည်းကပ်ရှိခိုးသူဖြစ်၏။ ကျွန်တော်ရောက်သွားသောနေ့က အမေ ဥပုသ်စောင့်ထားသည်။

အမေသည် ထိုနေ့ကဥပုသ်စောင့်ထားသော်လည်း ဥပုသ်မှထွက်လိုက်သည်။ ကျွန်တော်တို့နှင့် ငယ်စဉ်ကပင် အတူနေခဲ့သူ အစ်ကိုသန်းအား ကြက်တစ်ကောင် ရှာခိုင်းသည်။ ထိုနေ့ညနေက အမေသည် ကြက်လတ်လတ်ဆတ်ဆတ်ကို ဆီပြန်ချက်၍ ကျွန်တော့်အားကျွေးသည်။

နောက်တစ်ကြိမ် ကျွန်တော်အမေ့ထံသို့ ပြန်လာခဲ့သည်မှာ ကျောင်းမှထွက်ပြီး အလုပ်ရှာစဉ်က ဖြစ်၏။ ကျွန်တော်သည် ရန်ကုန်၌ အဘိုးအိမ်တွင်နေ၍ အလုပ်ရှာရသည်။ အလုပ်က ရှာလေရှားလေဖြစ်၏။ တစ်ရုံးဝင်တစ်ရုံးထွက် လျှောက်လွှာစာရွက်တစ်လိပ်ဖြင့် နေထွက်မှနေဝင် အလုပ်ရှာရသည်။ အလုပ်ကား ဘယ်မှာမှမရ။ အချို့သော ရုံးများတွင်ကား ရုံးပေါက်ဝတွင်ပင် 'ဤရုံး၌ လစ်လပ်သောနေရာမရှိ'ဟု ရေးထား၏။

www.burmeseclassic.com



ရရာအလုပ် လုပ်ပါမည်ဟု ဆိုသည့်တိုင် ဘာအလုပ်မှမရပေ။ အလုပ်မရှိဘဲ ရန်ကုန်မြို့တွင် နေရသည်ကား သိမ်ငယ်လှသည်။ ရန်ကုန်မြို့တွင် နေရသောစရိတ်ကလည်း ကြီးလှ၏။ အလုပ်မရှိသောအခါ ကိုယ့်ကိုယ်ကိုလည်း အားငယ်စိတ်များဝင်လာသည်။ နံနက်မိုးလင်းလာသည်နှင့်တစ်ပြိုင်နက် မနေ့ကသွားပြီးသော ရုံးများကိုချန်၍ နောက်ရုံးများသို့ ဆက်လိုက်ရ၏။ တစ်ခါတစ်ရံ ရုံးများသို့သွားရန်ပင် ပိုက်ဆံကမရှိ၊ထမင်းကတော့ အဘိုးအိမ်မှ မနက်တစ်နပ် ညတစ်နပ်ကျွေးထား၍တော်သေး၏။

သို့သော် လနှင့်ချီ၍ အလုပ်ရှာမသောအခါ ကျွန်တော်သည် ကိုယ့်အစွမ်းအစကိုပင် ကိုယ်အထင်သေးလာမိသည်။ တစ်ခါတစ်ရံ ဘတ်စ်ကားခ တစ်ကျပ် ငါးမူးအတွက်ပင် လက်ဖြန့်တောင်းစရာ လူမရှိဖြစ်လာ၏။ မိတ်ဆွေအပေါင်းအသင်းဖြန့်တောင်းစရာ လူမရှိဖြစ်လာ၏။ မိတ်ဆွေအပေါင်းအသင်းများကပင် အလုပ်မရှိ၍ လူရာမသွင်းချင် ဖြစ်လာသည်။ ကျွန်တော်သည် ထိုဒုက္ခအဝဝကို ကြိတ်မှိတ်၍ကား ခံခဲ့ရသေးသည်။ သို့သော် နောက်ဆုံးမခံနိုင်သည့်အချိန်တွင် အမေ့ထံသို့သာ ပြန်ခဲ့ရသည်။

အမေကား ကြီးမားသော မေတ္တာ စေတနာတို့ဖြင့် လက်ဖြန့်ကာ ကြိုခဲ့သည်။ အမေသည် အလုပ်ရှာမရ၍ ပြန်လာသောသားကို ဝမ်းပန်းတသာ ကြိုဆိုပြန်ပါသည်။

●

www.burmeseclassic.com

**ကျွန်ုပ်နှင့် ကျွန်ုပ် အောင်မြင်မှုသည် ကျွန်ုပ်မိခင်၏ ကျေးဇူးတရားများသာ ဖြစ်ပေသည်။**

အေဘရာဟင် လင်ကွန်း (၁၈၀၉–၁၈၆၅)
အမေရိကန်ပြည်ထောင်စု၏
၁၆ ဆက်မြောက်သမ္မတကြီး။

# အခန်း(၄)

## မေတ္တာစိတ်၏ယုံကြည်မှု

ကျွန်တော်သည် အမေ့အကြောင်းကို ဆက်၍စဉ်းစားနေမိသည်။ ကျွန်တော့်ဘဝတွင် အမေသည် ကျွန်တော့်ကို အယုံကြည် စိတ်အချဆုံးဖြစ်သည်။ အမေသည် ကျွန်တော့်ကို အထင်အကြီးဆုံးလည်းဖြစ်သည်။ အမေ၏ယုံကြည်စိတ်ချရမှုနှင့်အထင်ကြီးမှုတို့သည် မည်မျှအထင်သေးစရာဖြစ်ရပ်၊ မည်မျှ မယုံစရာအဖြစ်တို့နှင့် ကြုံတွေ့စေကာမူ ပျက်ပြယ်ခြင်း၊ သံသယဝင်ခြင်း မရှိပေ။

တကယ်တော့လည်း ကျွန်တော်သည် ငယ်စဉ်ကရွာ၌ လူဆိုးစာရင်းဝင်တစ်ယောက် ဖြစ်သည်။ ရန်ဖြစ်ရာတွင်လည်း ကျွန်တော်ပါတတ်သည်။ ထိပ်ပေါက်ခေါင်းကွဲလျှင်လည်း ရှေ့ဆုံးမှ ဖြစ်၏။ ကျွန်တော်သည် ရွာ၌ 'လူသန်းသား'ဟူ၍ နာမည်

www.burmeseclassic.com


ကျော်၏။ ရွာတွင် ကလေးများ၏အမည်ကို ခေါ်ဆိုပြောထုံးကြသည်ထက် ဘယ်သူဘယ်ဝါ့သားသမီးဟုသာ ပြောဆိုကြသည်ကများ၏။ လိမ္မာလျှင်လည်း 'ဟယ်...လှသန်းသားလေးကသိပ် လိမ္မာတာ'ဟု ပြောဆိုကြ၏။ သို့သော်လည်း ရွာတွင်ကျွန်တော်သည် ထိုသို့ပြောဆိုချီးမွမ်းခံရမှု အလွန်နည်း၏။ မရှိသလောက်လည်း ဖြစ်၏။

ချီးမွမ်း၍ မဖြစ်လောက်အောင်လည်း ကျွန်တော်ကဆိုးသည်။ ရွာ၌ ကျွန်တော်တို့ သူငယ်ချင်း ငါးယောက်ရှိသည်။ သူငယ်ချင်း ငါးယောက်မှာ ကျွန်တော်၊ ကိုတင်အောင်၊ ကိုတွမ်တီး၊ ကိုဆံအိတ်နှင့် ကိုသံချောင်းတို့ဖြစ်သည်။ ကိုတင်အောင်နှင့် ကိုတွမ်တီးတို့မှာ ကျွန်တော့်ထက် အသက်ကြီးကြသည်။ ကျွန်တော်၊ ကိုဆံအိတ်နှင့်ကိုသံချောင်းတို့သာလျှင် ရွယ်တူဖြစ်၏။

တစ်ခါက ကျွန်တော်နှင့် သံချောင်းသည် ရွာ၌ သရက်သီးခိုးစားကြဖူး၏။ ကျွန်တော်တို့ရွာတွင် ဘိုးသာထူးခြံဟုဆိုသော ခြံကြီးတစ်ခြံရှိ၏။ ထိုခြံကြီးအတွင်းမှ ငါးပြေမသရက်သီးပင်သည် တစ်နှစ်ကို နှစ်ခါသီးသည်။ တစ်ကြိမ်တွင် အခြားအပင်များနှင့်ရော၍ တစ်ခါသီးပြီး ဆောင်းဦးလောက်တွင် တစ်ခါထပ်၍သီးပြန်၏။ တစ်ရွာလုံး သရက်သီးတုံးချိန်တွင် ဤခြံတွင်း၌ သရက်သီး ရှိနေသည်ကို ကျွန်တော်တို့ကလေးများသိသည်။ ထို့ကြောင့် ကျွန်တော်နှင့်သံချောင်းသည် ထိုခြံထဲသို့ဝင်၍ သရက်သီးခိုးစားကြ၏။

ထိုခြံထဲသို့ ဝင်ရသည်မှာလည်းမလွယ်၊ ကြခတ်ပင်များကထူထူထဲထဲ ပေါက်နေသလို ခြံထဲ၌သရဲခြောက်တတ်သည်ဟု

www.burmeseclassic.com


လည်း ကလေးများအားလုံး သိထားကြသည်။ သို့သော်လည်း ကျွန်တော်နှင့် သံချောင်းတို့သည် ခြံတွင်းသို့ရအောင် ဝင်ခဲ့ကြ၏။ သံချောင်းက သရက်ပင်ပေါ်သို့တက်သည်။ ကျွန်တော်က သရက်ပင်အောက်မှ စောင့်နေ၏။ သံချောင်းသည် သရက်သီးများကို တစ်လုံးချင်းခူး၍ အောက်သို့ ပစ်ချပေး၏။ ကျွန်တော်က လက်နှင့်ဖမ်းယူကာ ကွင်းသိုင်းထားသော လုံချည်ထဲတွင် ထည့်ရသည်။

ထိုကဲ့သို့ ခူးကောင်းနေချိန်တွင် ကျွန်တော့်နောက်မှ လူတစ်ယောက် ပေါ်လာပြီး ကျွန်တော်၏ဇက်ကို သံညှပ်နှင့်ညှစ်သလို ကုပ်ဆွဲထားလိုက်သည်၊ ကျွန်တော်က သရဲထင်၍ ငယ်သံပါအောင် အော်လိုက်မိသည်။ ထိုလူက ခြံရှင်လား၊ ခြံစောင့်လားတော့ ကျွန်တော်မသိတော့။ သူက သံချောင်းအားလည်း ဆင်းလာခဲ့ဟုဆိုသည်။

ကျွန်တော့်ဇက်ကိုကား သူသည် နိုင်နိုင်နင်းနင်းကိုင်ထား၏။ သံချောင်းသည် သရက်ပင်အောက်မှ အခြေအနေကို အပေါ်မှ စောင့်ကြည့်နေ၏။ သူသည် ကျန်သရက်သီးများကို ပစ်မချတော့ဘဲ သူ၏ ကွင်းသိုင်းထားသော လုံချည်ထဲတွင် ထည့်ပြီး ရစ်ပတ်လိုက်၏။ ထိုအခါ လုံချည်မှာလွယ်အိတ်လို ဖြစ်သွားတော့သည်။ သံချောင်းသည် လုံချည်စလွယ်သိုင်းထားသည်ကို ခိုင်မခိုင် စစ်ဆေးရင်း တဖြည်းဖြည်းဆင်းလာ၏။ အောက်ဆုံး အကိုင်းသို့ရောက်သော် သံချောင်းက ဆောင့်ကြောင့်ထိုင်၍ ထိုလူကြီးအား ကြည့်နေသည်။ လူကြီးက 'ဟော့ ကောင်ဆင်းခဲ့'ဟု ခေါ်၏။

www.burmeseclassic.com


တစ်ဆက်တည်းမှာပင် ကျွန်တော့်မျက်နှာအား ငုံ့ကြည့်ကာ 'မင်း ဒေါ်သင်း မြေးမဟုတ်လား၊ အေး...သေပေတော့ သူကြီးအိမ်အထိ ပို့မယ်'ဟုဆို၏။ သူကြီးအိမ်ပို့မည်ဆို၍ ကျွန်တော်သည် ပိုကြောက်သွားသည်။ ထိုအချိန်တွင် သံချောင်းက ထိုလူကြီး၏ ခေါင်းပေါ်သို့ ခုန်ချလိုက်၏။ လူကြီးမှာ မမျှော်လင့်ဘဲ သူ့ခေါင်းပေါ်သို့ သံချောင်း ကျလာသောကြောင့် ခေတ္တလန့်သွားကာ ကျွန်တော့်ကို လွှတ်လိုက်၏။ လူကြီးလည်း လဲကျသွားသည်။ ကျွန်တော်သည် ကျနေသော သရက်သီး တစ်လုံးကို ထပ်ကောက်ကာ တစ်ချိုးတည်း လစ်ခဲ့ရတော့သည်။

ညနေ အိမ်ပြန်သွားသော် အမေကြီး (အမေ၏ အမေ) တုတ်နှင့် စောင့်နေ၏။ ထိုသို့ဖြစ်စဉ်က အိမ်၌ အမေမရှိပေ။

အမေကြီးက မေးရင်းပြောရင်း တုတ်နှင့်ရိုက်၏။ 'ဟဲ့... ငါနဲ့ တုတ်နဲ့ ဘယ်သူ့ကြောက်သလဲ'ဟု အမေကြီးက ရိုက်ရင်းမေးရာ ကျွန်တော်က 'တုတ်ကြောက်တယ်'ဟု ဖြေ၍ ထပ်ရိုက်ခံရသည်။

တစ်ခါကလည်း ကျွန်တော်သည် ဈေးထဲသို့လျှောက်သွားရာ စွန်ပလွံသီးများကို တွေ့ရသည်။ စိတ်ထဲ၌စားချင်လာ၏။ ကျွန်တော်သည် စွန်ပလွံသီးသည် အနီး၌ ရစ်သီရစ်သီလုပ်နေပြီးမှ 'စွန်ပလွံသီး အစိတ်သားပေးပါ'ဟု ပြောလိုက်သည်။ ဈေးသည်က 'နင့်အမေကြီး ဝယ်ခိုင်းတာလား'ဟု မေး၏။ ကျွန်တော်က ခေါင်းညိတ်လိုက်သည်။ ဈေးသည်က စွန်ပလွံသီး အစိတ်သားကို ချိန်ပေးပြီး လေးငါးခုကို အသာထည့်လိုက်

ရင်း ‘နင့်အမေကြီးပြောလိုက်၊ ပိုထည့်ပေးလိုက်တယ်’ဟု ဆို၏။

ကျွန်တော်သည် ဈေးသည်လက်ထဲမှ စွန်ပလွံသီးထုပ်ကို လှမ်းယူလိုက်သည်။ ထို့နောက် ကျွန်တော့်အိတ်ကပ်ထဲမှ ကြွေပန်းကွဲများကို ဈေးသည်အား ပစ်ပေးပြီး တစ်ချိုးတည်း လစ်ပြေးတော့သည်။ ကျွန်တော်သည် တစ်ယောက်တည်း ရွာထိပ် ဝါးရုံပင်အောက်တွင် စွန်ပလွံသီးအစိတ်သား စားပစ်လိုက်သည်။ နည်းနည်းကျန်သေးသည်ကို ဝါးရုံထဲ၌ ဝှက်ထားလိုက်၏။ အနီးအိမ်တစ်အိမ်၌ ရေတောင်းသောက်ပြီး ထိုဝါးရုံပင်အောက်တွင်ပင် တစ်ရေးအိပ်ပစ်လိုက်ပြန်၏။

ညနေ အိမ်အပြန်တွင်ကား တုတ်နှင့် စောင့်နေသည်မှာ အမေကြီးပါတည်း။

နောက်တစ်ခု ကျွန်တော်မှတ်မိသော ဖြစ်ရပ်မှာ ရွာထဲမှ တရုတ်မကြီးတစ်ယောက် ကလေးမွေးသည်ကို ကျွန်တော်နှင့် သံချောင်းသွားကြည့်ကြသော အဖြစ်အပျက်ဖြစ်၏။ တစ်နေ့တွင် သံချောင်းက ရွာထဲမှ တရုတ်မကြီးတစ်ယောက် ကလေးမွေးနေတယ်ဟု ပြော၏။ ကျွန်တော်က အဲဒါဘာဖြစ်လဲဟု ပြောရာ သူက သွားကြည့်ရအောင်ဟု ဆိုသည်။ သံချောင်းက တရုတ်မ ကလေးမွေးတာ ဗမာနဲ့မတူဘူး၊ သူ့ဟာသူ တစ်ယောက်တည်း စည်ပိုင်းကြီးထဲဝင်မွေးတာဟု ပြော၏။ ကျွန်တော်က သွားကြည့်မယ်ကွာဟုဆိုကာ ကျွန်တော်တို့ ထွက်လာကြသည်။

www.burmeseclassic.com


ကျွန်တော်တို့သည် ပုဆိုးကိုစလွယ်သိုင်း၍တရုတ်ခြံထဲသို့ အလွယ်တကူပင် ဝင်လာခဲ့ကြ၏။ သို့သော် အိမ်ထဲသို့ကား မည်ကဲ့သို့ဝင်ရမည်မသိ။ ဤတရုတ်အိမ်သည် ကုန်စုံဆိုင်ဖြစ်၍ အိမ်က ဈေးဝယ်ခိုင်းလျှင် ကျွန်တော်တို့ဝယ်နေကျဆိုင်လည်း ဖြစ်၏။ ကျွန်တော်တို့သည် အိမ်နောက်ဖေးပေါက်မှ တိတ်တိတ် ဝင်သွားကြ၏။ ကျွန်တော်တို့အဝင်တွင် ဝက်ကအော်၍ ပုနေရသည်။ အိမ်နောက်ဖေးသို့ရောက်သော အခန်းသည် အတော်လေး မှောင်၍ လှော်ကျော့စမ်းကြည့်ရာ ထန်းလျက်အိုးနှင့် သွားတိုးနေ၏။ ကျွန်တော်တို့နှစ်ယောက်သည် ထန်းလျက်စားရင်း အိတ်ကပ်ထဲလည်းထည့်၊ လုံချည်ထဲလည်းထည့်ကြ၏။ ကျွန်တော်တို့နှစ်ယောက်သည် သာမန်အားဖြင့်ဆိုပါက ထန်းလျက်အိုးသည် ကျွန်တော်တို့အတွက် ရည်မှန်းချက်ဖြစ်မည် ဖြစ်သော်လည်း ယခုအကြိမ်တွင်မူ နှစ်ယောက်စလုံးက တရုတ်မ ကလေးမွေးသည်ကိုပင် ကြည့်ချင်နေကြ၏။

ကျွန်တော်တို့နှစ်ယောက် ထန်းလျက်အိုးဘေးတွင်ထိုင်၍ ထန်းလျက်စားနေကြစဉ် တရုတ်မကြီး ကလေးမွေးနေသည့် နေရာသည် အိမ်၏ညာဘက်ဘေးတွင်ဖြစ်ကြောင်း သိလာရ၏။ ထို့ကြောင့် ကျွန်တော်တို့သည် အိမ်မှပြန်ထွက်လာပြီး အိမ်ဘေးသို့ လှည့်လာ၏။ အိမ်ဘေးတွင် ဝါးလှေကားကြီးတစ်ခု ရှိသည်။ ဝါးလှေကားသည် အိမ်နံရံကို မှီထား၏။ ကျွန်တော်သည် ရှေ့မှလှေကားပေါ်သို့ တက်လိုက်၏။ သံချောင်းက နောက်မှလိုက်တတ်သည်။ ကျွန်တော်တို့ လှေကားအဖျားသို့ ရောက်သော် မှီထားသော ဝါးနံရံမှာ ဆွေးနေ၍ လှေကား

ကြီး အိမ်ထဲသို့ ကျွံဝင်သွားကာ တရုတ်တွေ သိကုန်ပြီး အတင်း ထွက်ပြေးလာခဲ့ရ၏။ ထို့နောက် ရွာလယ်ကန်ပေါင် တစ်ခုပေါ်မှ 'တည်ပင်ပေါ်'သို့တက်၍ နှစ်ယောက်သား ပုန်း နေရသည်။

ထန်းလျက်တွေကို စားထား၍ ရင်ပူနေသော်လည်း အောက်သို့ မဆင်းရဲပေ။ တရုတ်တွေက လှံနှင့်လိုက်သည်ဆို၍ နှစ်ယောက်စလုံး ကြောက်နေကြ၏။ ညနေ အတော်လေး မိုးချုပ်မှ ကျွန်တော်တို့ တည်ပင်ပေါ်မှ ဆင်းလာခဲ့သည်။ ထိုကန်ထဲတွင်ပင် ရေတစ်ဝသောက်ပြီး အိမ်ပြန်လာကြ၏။

ကျွန်တော်သည် အိမ်သို့ပြန်လာရာတွင် ဆံအိတ်ကြီးထံမှ ဘောင်းဘီတစ်ထည်ငှားကာ ထပ်၍ ဝတ်သွားခဲ့၏။ အိမ်တွင် အမေကြီးရိုက်ပါက အနာသက်သာစေရန်ဖြစ်၏။ သို့သော် ကံကောင်း ထောက်မ၍ ထိုအဖြစ်အပျက်ကို အမေကြီးမသိ လိုက်။ ကျွန်တော်တို့ ထွက်ပြေးသဖြင့် ဘယ်သူဘယ်ဝါမှန်း မည်သူမျှ သိလိုက်ဟန်မတူ။

သို့သော်လည်း နောက်တစ်နေ့၌ ရွာထဲတွင်ကား 'တရုတ်မ ကလေးမွေးတာ ချောင်းတာ ချစ်စံနဲ့ သံချောင်းပဲ ဖြစ်မှာပါ ကွာ'ဟု အတပ်ပြောကြသည်။

ငယ်စဉ်က ကျွန်တော်သည် မနက်အစောကြီး ထ၍ လေးခွတစ်ချောင်းဖြင့် ငှက်လိုက်ပစ်သည်။ ရသောငှက်များကို ရောက်ရာအရပ်တွင် ကင်၍စားကြ၏။ ပစ်လိုက်သော လောက် စာလုံးသည် ငှက်ကိုထိသလို တစ်ခါတစ်ရံ အိမ်ပေါ်ကျသည် လည်း ရှိ၏။ လူကိုမှန်သည်လည်း ရှိသည်။ ဗိုက်ထဲတွင် ဆာ

www.burmeseclassic.com


လာမှ အိမ်သို့ပြန်လာပြီး ထမင်းအိုးကိုလှန်၍ တစ်ဝစားကြသည်။ ထမင်းစားပြီးသော် အိမ်မှ လိုချင်တာယူ၍ ထွက်သွားကြပြန်၏။

မိုးတွင်းအခါများတွင်ကား ကန်ကြိုကန်ကြား ချောင်းကြိုချောင်းကြားတွင် ကျွန်တော်တို့ တစ်နေကုန် ရေကူးကြသည်။ ငါးဖမ်းကြသည်။ ဂဏန်းနှိုက်ကြသည်။ ဝက်မြေစာဥကောက်ကြသည်။ တစ်ခါတစ်ရံ ဂဏန်းနှိုက်ရင်း မြွေပါလာသည့် အခါများလည်း ရှိ၏။

ထို့ကြောင့်လည်း တစ်ရွာလုံးက ကျွန်တော်တို့ကို လူဆိုးလေးများဟု အသိအမှတ်ပြုကြ၏။ တစ်ရွာလုံးက တစ်ယောက်ကမှ အကောင်းမပြောဟု ကျွန်တော်ထင်သည်။ ဒီအတွက်လည်း တစ်ခါတစ်ရံ ကျွန်တော်သည် တစ်ရွာလုံးကို စိတ်နာသည်။

ကျွန်တော် ဘာလုပ်ခဲ့လုပ်ခဲ့ အဆိုးဟူ၍မမြင်သူမှာ အမေဖြစ်သည်။ အမေသည် ကျွန်တော့်အား မရိုက်တော့မဟုတ်၊ တစ်ခါတစ်ရံ ပြောမရ ဆိုမရသည့်အဆုံးဝယ် လက်သံပြောင်အောင်တော့ ရိုက်သည်။ ထိုကဲ့သို့ ရိုက်ခဲ့သော် ကျွန်တော်သည် အမေ့ထံသို့ ပြန်မလာတော့ဘဲ အိမ်ဘေးမှ ကျွန်တော့်ကို မွေးစားသော မွေးစား အမေမြိုင်အိမ်တွင် သွားနေတတ်၏။

ထိုအခါ အမေက ချော့၍ပြန်ခေါ်သည်။

တစ်ရွာလုံးက ကျွန်တော့်အားဆိုးသည်ဟု သတ်မှတ်သော်လည်း အမေကမသတ်မှတ်။ ကျွန်တော်ပဲခူးမြို့သို့ ပညာဆက်သင်ရန် အမေက ပြင်ဆင်သောအခါတွင်လည်း ‘ညည်းသား

www.burmeseclassic.com


လေး စာတတ်မှာ မဟုတ်ပါဘူးအေ’ဟု ဖျက်သူများပင် ရှိ၏။ တချို့ကလည်း ‘ငွေကုန်သံပြားလေး ဖြစ်မှာပါ’ဟု ဆိုကြသည်။ သို့သော် အမေသည် ကျွန်တော့်ကို ယုံသည်။ ကျွန်တော့်ကို အထင်ကြီးသည်။ ကျွန်တော်စာတတ်မည်ဟု မျက်စိကိုစုံမှိတ်၍ ယုံကြည်သည်။ အားလုံး၏ အလိုကိုဆန့်ကျင်၍ အမေက ကျွန်တော့်ကို ပဲခူး၌ ကျောင်းထားရန် ဆုံးဖြတ်၏။ အမေကြီးကတော့ ကျောင်းမထားလည်း နင့်အဖေ ကာလူးအရက်သောက်တာနဲ့ ကုန်မှာပဲ၊ မထူးဘူးဟု ဆို၏။ အဲဒီလောက်တုန်းက အဖေ အရက်သောက်သည်။ နောက်ပိုင်းတွင်တော့ အရက်လုံးဝ မသောက်တော့ပါ။

အဖေကြီးကတော့ ကျွန်တော်ပဲခူးတွင် ပညာသွားသင်ရေး အတွက် တစ်ခုတောင်းဆို၏။ ထိုတောင်းဆိုချက်မှာ ထိုအခါ လောက်က ဗုဒ္ဓကလျာဏယုဝအသင်းမှ ကျင်းပသော မင်္ဂလာ စာမေးပွဲကို ဝင်ဖြေရန်ဖြစ်၏။ ထိုစာမေးပွဲအောင်မှ သွားရမည်ဟု ဆိုသည်။ ဤအချက်ကို အမေကြီးကလည်းကောင်း၊ ရွာမှဆရာတော်ကလည်းကောင်း သဘောတူ၏။ အဖေကြီးက အင်္ဂလိပ်စာသင်လျှင် ခရစ်ယာန်ဖြစ်သွားလိမ့်မည်ဟု ယုံကြည် နေ၏။

ကျွန်တော်သည် မင်္ဂလာစာမေးပွဲကို ဖြေဆိုခဲ့သည်။ အောင် မြင်ခဲ့၍ ကျွန်တော့်အား ပဲခူးသို့ပို့ပြီး ခေတ်ပညာကို သင်စေ၏။ ကျွန်တော့်အတွက်ကား ရွာမှ အကျင့်လေးများသည် ပဲခူး ထိအောင်ပါလာသည်။ ကျွန်တော်သည် ကျောင်းတက်မည်ဟု ပြောကာ ရွှေမော်ဓောဘုရား အနောက်ဘက်ရှိ ကျိုက်ထီးရိုး

www.burmeseclassic.com


ဘုရားလေးတွင်သွား၍ မရမ်းသီးပစ်စားနေတတ်၏။ ဇရပ်ကြို ဇရပ်ကြားတွင် လျှောက်သွားနေတတ်၏။ လိပ်ပြာကန်နှင့် ကျိုးထဲတွင် တစ်နေကုန် ရေသွားကူးနေတတ်သည်။ ပဲခူးတွင် ကျောင်းနေသော ပထမသုံးနှစ်တွင် ကျွန်တော် ဟုတ်တိပတ်တိ အတန်းမအောင်ခဲ့။

သို့သော အမေသည် ဖွဲ့မလျှော့ပေ။ အမေသည် ကျွန်တော့် ကိုယုံကြည်ဆဲ အထင်ကြီးဆဲပင် ရှိသည်။ တစ်ရွာနှင့်တစ်ယောက် ခုခံဆဲပင် ရှိသည်။ ကျွန်တော် ပဲခူးတွင် ကျောင်းလာနေ၍ စာမတတ်သော်လည်း ဆူခြင်း၊ ဆုံးမခြင်းမရှိ။ ငါ့သား စာတတ် မည်ဟုသာ တစ်ထစ်ချယုံကြည်နေသည်။

ကျွန်တော်အမေ့ထံ ပြန်သွားပါက အမေက သူ့ရဲကောင်း တစ်ယောက်လို ကြိုဆိုမြဲကြိုဆို၏။ အဖေက ကောင်းသည် မကောင်းသည် ဘာမှမပြောပေ။ တစ်နေ့တွင် ကျွန်တော်သည် ပဲခူး၌ ရွာပြန်မည်ဟုပြောကာ ကျွန်တော့်သူငယ်ချင်းများနှင့် သနပ်ပင်နယ်မှ မင်းရွာသို့လိုက်သွား၏။ မင်းရွာကို သနပ်ပင်မှ တစ်ဆင့်ပင် သွားရသည်။ ကျွန်တော်သည် မင်းရွာတွင် ပျော် သလောက်နေ၏။ ရွာမှ လူကြုံ ပဲခူးသို့လာ၍ ကျွန်တော် ရွာသို့ မရောက်သေးဟု ဆိုသောအခါ ကျွန်တော် ထွက်ပြေးပြီဟု ဆိုကာ လိုက်ရှာကြသည်။ ထိုအခါ အဖေကြီး အမေကြီးတို့က ‘ငါ့ မြေးလေး စိတ်မပျော်လျှင် ကျောင်းမထားပါနှင့်’ဟုဆို၏။ အမေက ဘာမှမပြောပေ။ ဘယ်လိုမှလည်း မဆုံးမပေ။ ဆွေမျိုး များက ပဲခူးတွင်ထားပါက ပို၍ပျက်စီးသွားမည်။ ထို့ကြောင့် ကျောင်းနုတ်လိုက်ရန် ပြောကြ၏။

www.burmeseclassic.com


အမေက တုတ်တုတ်မျှမလှုပ်။

ထိုအခါ ကျွန်တော်သည် အမေ့ကို သနားလာသည်။ အမေ၏ အထင်ကြီးမှုသည် ကျွန်တော့်ကို ဖမ်းစားလာသည်။ အမေ၏ အထင်ကြီးမှုသည် ကျွန်တော့်ကိုယ်တွင် ဝင်စားလာသည်။ အမေသည် ကျွန်တော့်အား ပြုံးစုမြဲ ပြုံးစုနေ၏။ အမေသည် ကျွန်တော့်အား ယုယမြဲ ယုယနေ၏။ အမေသည် ပို၍နူတ်ဆိတ်လာ၏။

အမေသည် သားတစ်ကောင်အတွက် အပြောအဆိုခံနေရသည်ကို ကျွန်တော်သည် အမေ့အစား မခံချင်ဖြစ်လာ၏။ ကျွန်တော်က ပဲခူးတွင် ကျောင်းပြန်နေရန် အမေ့ကို ပြောလိုက်သည်။ အမေက ကျောင်းသို့ပြန်ပို့သည်။

ကျွန်တော့်အတွက် အမေ့စိတ်၊ အမေ့ယုံကြည်ကိုးစားမှုတို့သည် ကျွန်တော့်စိတ်၊ ကျွန်တော့်ယုံကြည်ကိုးစားမှုများဖြစ်လာရသည်။ အမေယုံကြည်သလို ကျွန်တော် ယုံကြည်လာသည်။ ကျွန်တော်သည် အမေက စာတတ်စေချင်သလို စာတတ်စေမည်ဟုလည်း ဆုံးဖြတ်လိုက်မိသည်။ နောက်ဆုံးကျွန်တော့်ကိုယ်၌ အမေ ဝင်စားလာသည်။

အမေ၏ နှစ်ပေါင်းများစွာ စိတ်ရှည်လက်ရှည်ယုံကြည်ခဲ့သော ယုံကြည်မှုကို အကောင်အထည်ဖော်ရန် ကျွန်တော်ပဲခူးမြို့သို့လာ၍ကျောင်းပြန်နေသည်။ဤတစ်ကြိမ်တွင် ဆရာကြီးဦးသာဒင်၏ အထူးသဒ္ဒါအထက်တန်းကျောင်းတွင် သုံးတန်းမှ နေ၍ စာ စသင်ရသည်။ ၁၉၅၇ ခုနှစ်တွင် ဆရာကြီး

www.burmeseclassic.com


ကျောင်းမှပင် ဆယ်တန်းအောင်ခဲ့၏။ ကျွန်တော်သည် သုံးတန်းမှ ဆယ်တန်းအထိ ကျောင်းသုံးနှစ်သာ နေခဲ့သည်။ ထိုအခါက တစ်နိုင်ငံလုံးတွင် ဆယ်တန်းအောင်သည့် ရာခိုင်နှုန်းသည် ၃ဒသမ၅သာလျှင် ဖြစ်၏။

သုံးတန်းမှ သုံးနှစ်အတွင်း ဆယ်တန်းအောင်လာခြင်းသည် ကျွန်တော်၏ ကြိုးစားမှု အထိုက်အလျောက်ပါသော်လည်း အမေဝင်စားမှုသည် အဓိကဖြစ်သည်။ အမေသည် ကျွန်တော့်အား အနည်းငယ်အထင်သေးမှုကို တစ်ကြိမ်မျှပြခဲ့အံ့။ ကျွန်တော်သည် ဆယ်တန်းအောင်မည် မဟုတ်ပေ။

ကျွန်တော် ဆယ်တန်းအောင်၍ ရွာပြန်သွားသောအခါ အမေသည် ကျွန်တော့်အား ဝမ်းသာကြောင်းလည်း မပြော မကျေနပ်မှုလည်း မပြပေ။ ကျွန်တော့်အား ယခင်ကလို ကြိုးဆိုမြဲ ကြိုဆိုသည်။ ကျွန်တော်ကြိုက်တတ်သည်တို့ကို ချက်ပြုတ်ကျွေးမွေးမြဲ ကျွေးမွေးသည်။

သို့သော် မီးဖိုချောင်ထဲ၌ အမေပျော်ရွှင်နေသည်ကိုတော့ ကျွန်တော်သိပါသည်။

●

www.burmeseclassic.com

**မိမိသားငယ်၏ ကောင်းမွန်သော ကံကြမ္မာကို ပီတိဖြစ်နေသော မိခင်လောက် ပျော်ရွှင်သူသည် လောက၌ မရှိ။**

ဂျင်းပေါလ်ရစ်ချတာ (၁၇၆၃–၁၈၂၆)
ဂျာမန်လူမျိုး ဟာသပညာရှင်

## အခန်း(၅)

## အမေ့မေတ္တာ၏သဘော

ကျွန်တော်သည် အမေ့အကြောင်းကို စဉ်းစားရင်း ငယ်စဉ်က သင်ကြားခဲ့ရသော ပုံပြင်လေး တစ်ခုကို သွား၍သတိရသည်။ ထိုပုံပြင်လေးမှာ **'A Mother's Love'** 'မိခင်တစ်ဦး၏ မေတ္တာ' ဆိုသော ပုံပြင်လေးဖြစ်သည်။ ဤပုံပြင်လေးကို ကျွန်တော်သည် ဆရာကြီးဦးသာဒင်ကျောင်း၊ တတိယတန်းတွင် သင်ကြားရ၏။ သင်ကြားသူမှာ ဆရာကြီးဦးသာဒင်၏ ဇနီး ဆရာမကြီး ဒေါ်လေးတင်ဖြစ်သည်။ ဆရာမကြီးသည် ကျွန်တော်တို့ တတိယတန်းတွင် အင်္ဂလိပ်ဘာသာ သင်ကြားပြသ၏။

www.burmeseclassic.com


ထိုပုံသည် ကျွန်တော်တို့ တတိယတန်း အင်္ဂလိပ်ဖတ်စာ စာအုပ်ထဲမှ ပုံပြင်ဖြစ်သည်။ ထိုဖတ်စာ စာအုပ်ကို ရေးသူမှာ မောရစ်ဆိုသူ ဖြစ်၍ မက္ကမိလန် ကုမ္ပဏီက ထုတ်ဝေသော စာအုပ်ဖြစ်သည်။

ထိုနေ့သည် ကျွန်တော်တို့အတန်းတွင် သင်ခန်းစာသစ်တက်သောနေ့ဖြစ်၏။ ဆရာမကြီးက တပည့်တို့ကို ပုံတစ်ခု ပြောပြမည်ဟုဆို၏။ ဆရာမကြီးသည် သင်ခန်းစာအသစ်ကို ပုံလိုလုပ်ပြောခြင်းဖြစ်၏။ ဆရာမကြီးက ပုံပြောမည်ဆိုခြင်းကြောင့်လည်း အတန်းသားအားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။

တစ်ခါက တောင်ခြေတစ်ခုတွင် ရွာငယ်တစ်ရွာ ရှိသည်။ ထိုတောင်သည် သိပ်မမြင့်လှပေ။ တောင်၏ အောက်ခြေပိုင်းသည် တွယ်တက်ရန် လွယ်ကူလောက်အောင် ဆင်ခြေလျှောဖြစ်နေ၍ တောင်ထိပ်နှင့်နီးသော အပိုင်းသည် နံရံကဲ့သို့ မတ်နေသည်။ ထို့ကြောင့်လည်း တောင်၏ အပေါ်ပိုင်းကို မည်သူမျှ တက်ရန်မကြိုးစားခဲ့ပေ။ ဆရာမကြီးက ထိုတောင်သည် ပုပ္ပားတောင်ကဲ့သို့ အပေါ်ပိုင်း ဝါးထောင်ထားသလို မတ်နေသော တောင်မျိုး ဖြစ်မည်ဟု ပြောပြ၏။

ထိုတောင်ခြေမှ ရွာကလေးတွင် တောင်သူလင်မယားနေထိုင်၏။ နံနက်တိုင်း ခင်ပွန်းဖြစ်သူတောင်ကြီးသူမှာ သူ့အိမ်မှ မိုင်အနည်းငယ်ဝေးသော ယာခင်းသို့သွား၍ အလုပ်လုပ်၏။ သူသည် တစ်နေကုန်အိမ်သို့ပြန်မလာဘဲ မိုးချုပ်မှသာ အိမ်သို့ပြန်လာလေ့ရှိသည်။ သူ့ဇနီးမှာ အိမ်အလုပ်များနှင့် တစ်နေ့လုံး

www.burmeseclassic.com


အလုပ်များနေသူ အိမ်ရှင်မတစ်ယောက်ဖြစ်၏။ သူမအား ကူညီမည့်သူဟူ၍လည်း တစ်ယောက်မှ မရှိပေ။ ဇနီးဖြစ်သူသည် အိမ်တွင်းအိမ်ပြင် သန့်ရှင်းအောင် တံမြက်လှည်းရသည်။ အဝတ်လျှော်ရသည်။ မနက်စာ ညစာအတွက် ထမင်းချက်ရ၏။ ထိုသို့ အိမ်မှုကိစ္စများကို လုပ်ရင်းနှင့်ပင် သူ၏ကလေးငယ်အားလည်း ကြည့်ရသေးသည်။ သူ၏ကလေးသည် လသားအရွယ်သာရှိသေး၏။ သူ တစ်နေကုန်လုပ်ရသော အလုပ်များထဲတွင် ကလေးကိုကြည့်ရှုထိန်းကျောင်းရသော အလုပ်သည် သူ့အတွက် အပန်းဖြေစရာဖြစ်သည်။

သို့သော် သူမသည် တစ်နေ့တစ်နေ့ အလုပ်တွေက များသောကြောင့် ကလေးအနီးတွင် အချိန်ပြည့် မနေနိုင်ပေ။ ထိုတောင်ခြေရှိ ရွာသားများသည် ဆောင်းအခါများတွင် ကလေးများကို အိမ်ထဲတွင်သာ ထားသော်လည်း နွေကာလများတွင် နေရောင်ခြည်ရရှိရန်အတွက် ခြံထဲတွင် ချထားတတ်၏။ ဤသည်မှာ ဒေသထုံးစံဖြစ်၏။ သူ့ကလေးသည် အစဉ်သဖြင့် သူမအား ဒုက္ခမပေးတတ်ဘဲ ပုခက်ထဲတွင်သာ အိပ်၍ နေတတ်သည်။ သန္ဓေကောင်းသော ကလေးဖြစ်၏။ ခြံထဲတွင်ကလေးကို ထား၍ဗာဂဟီရ ကိစ္စများကို လုပ်ရာတွင် ကလေးအမေသည် များစွာစိုးရိမ်စိတ်မရှိပေ။ သူတို့၏ ခွေးလိမ္မာလေးတစ်ကောင်လည်းရှိ၏။ ထိုခွေးလိမ္မာလေးသည် ကလေးပုခက်ဘေးတွင်အမြဲစောင့်နေတတ်၏။

တစ်နေ့တွင် ခါတိုင်းနေ့များကဲ့သို့ အမေက အလုပ်လုပ်နေချိန်တွင် ကလေးသည်လည်း ခြံထဲနေပူဆာအောက်၌ အေးချမ်း

www.burmeseclassic.com


စွာအိပ်ပျော်နေ၏။ သူတို့၏ ခွေးလိမ္မာလေးသည်လည်း ထုံးစံအတိုင်း အနား၌ ထိုင်စောင့်နေ၏။

ထိုအချိန်တွင် ရတ်တရက်ငှက်တစ်ကောင်သည် ကောင်းကင်မှ ဆင်းလာပြီး ကလေးအိပ်နေသော ပုခက်အား ခြေထောက်ဖြင့်ကုပ်ဆွဲကာ ပျံတက်သွား၏။ ခွေးလိမ္မာသည် ငှက်ကြီးအား ခုန်၍ဟပ်လိုက်သည်။ သို့သော် ငှက်ကြီးအား မဟပ်မိဘဲ ငှက်ကြီး၏ ခြေထောက်ထဲတွင် ကလေးငယ်နှင့်ပုခက် ပါသွားတော့၏။ ငှက်ကြီးသည် တဖြည်းဖြည်းအမြင့်သို့ ပျံတက်သွား၏။ သူ၏ခြေထောက်များက ကလေးပုခက်၏ထိပ်ပိုင်းကို မိမိရရ ကုပ်ထား၏။ ကလေးငယ်သည်ကား ပုခက်ထဲတွင် အိပ်ပျော်နေဆဲဖြစ်၏။

ငှက်ကြီးသည် တဖြည်းဖြည်း မြင့်သည်ထက်မြင့်သွား၏။ အလုပ်လုပ်နေကြသော လူများသည် အလုပ်များကိုရပ်၍ ကလေးပုခက်နှင့်ငှက်ကြီးအား ကြည့်နေကြ၏။ ထိုအချိန်တွင် အိမ်တွင်းရှိ အိမ်ရှင်မများသည်လည်း အိမ်တွင်းမှ ပြေးထွက်လာကြသည်။ အားလုံးသည် ကောင်းကင်သို့ မော့်ကြည့်ကာ ငှက်ကြီးအား စောင့်ကြည့်နေကြသည်။ စောင့်ကြည့်သူများအဖို့ ငှက်ကြီးသည် ကလေးနှင့်ပုခက်ကို လွှတ်ချလိုက်လေမလား၊ ဘယ်သို့များချီ၍ သွားလေမလဲဟု အားလုံးသည် ရင်တမမ ဖြစ်နေကြသည်။ သူတို့သည် အသံကျယ်ကျယ်ကိုမျှပင် မဟဝ့်ဘဲ ရှိနေ၏။ မတော်တဆ အသံပြုမိ၍ ငှက်ကြီးလန့်သွားပါက ပုခက်ကို လွှတ်ချခဲ့ပါလျှင် ဖြစ်ပေါ်လာမည့် ဖြစ်ရပ်သည် မတွေးဝံ့အောင်ပင်ဖြစ်သည်။

www.burmeseclassic.com


အားလုံးစောင့်ကြည့်နေစဉ်တွင်ပင် ငှက်ကြီးသည် တောင်ကြီး၏ ထိပ်ပိုင်းဆီသို့ ဦးတည်၍ပျံသန်းနေ၏။ တောင်ထိပ်သို့ ရောက်သောအခါ ငှက်ကြီးသည် ကလေးနှင့်ပုခက်အားချထားခဲ့ပြီး အဝေးသို့ ပျံသွားလေတော့သည်။ ကြည့်နေကြသော လူများသည် တောင်ခြေသို့ စုရုံးရောက်ရှိလာကြ၏။ ရောက်ရှိလာကြသော အမျိုးသမီးများ၏ မျက်နှာများသည် အထိတ်တလန့်ဖြင့် သွေးမရှိကြပေ။ အမျိုးသားများသည်ကား ညိုးငယ်သော မျက်နှာများနှင့်ရှိကြ၏။ အမှန်စင်စစ် ထိုသူများသည် သတ္တိရှိကြသူများဖြစ်၏။ သို့သော်လည်း ဤတောင်၏ မတ်စောက်သော အပိုင်းကို တွယ်တက်ရန်လောက်ကိုကား သူတို့တွင် သတ္တိမရှိကြပေ။

သူတို့အချင်းချင်းလည်း 'တောင်ထိပ်ကိုတက်ဖို့ရာကတော့ မဖြစ်နိုင်ဘူး'ဟု တညီတညွတ်တည်းဆိုကြ၏။ အချို့ကလည်း 'တွယ်တက်တဲ့လူ သေမှာပဲ'ဟု ဆိုကြ၏။ သူတို့အဖို့ကား တောင်ခြေတွင် စုရုံး၍တောင်ထိပ်သို့ မော့ကြည့်ကာ ဝမ်းနည်းနေရုံမှလွဲ၍ ဘာမှမတတ်နိုင်ပါ။

ထိုအချိန်တွင် ရုတ်တရက် 'ဟိုမှာကြည့်၊ ဟိုမှာကြည့်'ဟူသော အသံတစ်ခု ပေါ်လာ၏။ အသံရှင်လက်ညှိုးညွှန်ရာဘက်သို့ ကြည့်လိုက်သောအခါတွင်ကား တစ်စုံတစ်ယောက်သည် တောင်ပေါ်သို့ ပြေးတက်နေသည်ကို တွေ့လိုက်ကြရ၏။ တောင်ပေါ်သို့ ပြေးတက်နေသူကား အခြားသူမဟုတ်။ ကလေးငယ်၏ မိခင်ဖြစ်၏။

www.burmeseclassic.com


"ပြန်လာခဲ့၊ ပြန်လာခဲ့"

"မတက်နဲ့၊ ပြန်လာခဲ့"

ကြည့်နေကြသူများက မတက်ရန်၊ ပြန်လာရန် အော်၍ ပြောကြ၏။ ကလေးအမေသည်ကား ဆက်၍ တက်နေ၏။ သူတို့ပြောနေသည်ကို ကြားချင်မှလည်းကြားမည်၊ ကြားလျက်နှင့် ဆက်တက်နေသည်လည်း ဖြစ်နိုင်၏။ သူမသည် အော်ရင်းခေါ်ရင်းကြားမှပင် တောင်၏အမြင့်ဆုံးပိုင်းဆီသို့ရောက်သွား၏။ သူမသည် တောင်ထိပ်သို့ တွယ်၍စတင်တက်တော့သည်။

ကြည့်နေကြသူများ အားလုံး ဝမ်းနည်းစွာဖြင့် ကြည့်နေကြရသည်။ အချို့သူများသည်ကား ကြည့်ပင်မကြည့်ရဲကြပေ။ 'ဘုရား ဘုရား၊ ကလေးအမေကတော့ မုချ ချော်ကျပြီးသေတော့မှာပဲ'ဟု ဘုရားတ၍ ပြောကြသူများကလည်း ပြောကြ၏။ 'ဘယ်သူမှ ဒီတောင်ထိပ်ကို တက်နိုင်မှာ မဟုတ်ပါဘူး၊ တောင်ထိပ်ကိုတက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး'ဟု ညည်းတွား၍ ပြောသူများကလည်း ပြောကြသည်။

သို့သော် အမေသည် ဆက်၍ တက်သွားသည်။ တဖြည်းဖြည်းလည်း မြင့်သွား၏။ အမေသည် နောက်သို့ တစ်ချက်ပင်လှည့်၍မကြည့်။ အမေသည် သူ့ကိုယ်သူ ကျသေမည့် အန္တရာယ်ကိုလည်း လုံးဝဂရုစိုက်ပုံမပေါ်ပေ။ သူ၏ အတွေးထဲတွင် ရှိသည်ကား သူ့ကလေးငယ်သာလျှင် ဖြစ်တော့၏။

www.burmeseclassic.com


သူ့အတွက်ကလေးငယ်၏ အသက်ကိုကယ်နိုင်လျှင်ကယ်၊မကယ်နိုင်လျှင်လည်း သူကိုယ်တိုင် သေရံသာရှိမည်ကိုဆုံးဖြတ်ပြီး ဟန်တူ၏။

အောက်မှကြည့်နေသော ရွာသူရွာသားများအားလုံးအတွက်ကား ကလေးအမေသည် မုချပြုတ်ကျ၍ သေဆုံးလိမ့်မည်ကို ကျိန်းသေတွက်ဆထား၏။ သို့သော် အမေသည် တစ်ဆင့်ပြီး တစ်ဆင့် ဆက်၍ တက်သွား၏။ တဖြည်းဖြည်း မြင့်သထက်လည်းမြင့်သွားသည်။ နောက်ဆုံးတွင် အမေသည်ကလေးနှင့်ပုခက်ချထားသော တောင်ထိပ်ပိုင်းဆီသို့ ရောက်သွားတော့၏။

အမေသည် ကလေးထံသို့ ရောက်သောအခါ ငိုရင်းပုခက်အနီးတွင် လှဲချလိုက်သည်။ ထို့နောက် ပုခက်အတွင်းမှ ကလေးငယ်ကိုယူ၍ ပွေ့ထားပြီး အကြိမ်ကြိမ်နမ်းလိုက်၏။ ထို့နောက် ကလေးကို ချီ၍ တောင်ခြေသို့ပြန်ဆင်းလာခဲ့၏။

တည့်တည့်မတ်မတ်ဖြစ်နေသော တောင်စောင်းကိုဆင်းရခြင်းသည် အတက်ထက် အဆများစွာပို၍ခက်သည်။ တောင်ခြေမှ လူများသည် အသက်ရှူရပ်မတတ် စိုးရိမ်ထိတ်လန့်စွာဖြင့် မော်ကြည့်နေကြ၏။ အမေသည် သူ့ကလေးကို လက်တစ်ဖက်ဖြင့်ပွေ့ကာ တောင်အောက်သို့ ဆက်၍ဆင်းလာ၏။

အမေသည် အဆင်းတွင် ဖြည်းနိုင်သမျှ ဖြည်းဖြည်းဆင်းလာနေသည်။ ကြည့်နေသူများအတွက်ကား ကလေးအမေဆင်းနေသည်မှာ နာရီပေါင်းများစွာ ကြာနေသည်ဟုပင် ထင်ရ၏။ အမေသည် တစ်ထစ်ပြီး တစ်ထစ်ပြန်ဆင်းနေ၏။

www.burmeseclassic.com



အမေသည် အတက်တုန်းကလိုပင် ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် တောင်ခြေသို့ပြန်၍ ဆင်းနိုင်ပါမည်လော။ ကြည့်နေသူတိုင်း၏စိတ်တွင် ထိုမေးခွန်းသည် စိုးရိမ်ကြီးစွာဖြင့် ပေါ်လာ၏။

* * *

ဆရာမကြီးသည် ပုံကို ထိုနေရာတွင် ရပ်ပစ်လိုက်သည်။

'ကဲ တပည့်တို့၊ အမေဟာ သူ့ကလေးနဲ့အတူ တောင်ခြေကို ဘေးအန္တရာယ် ကင်းရှင်းစွာနဲ့ ဆင်းနိုင်မယ်လို့ ထင်သလား လိမ့်ကျသွားလိမ့်မယ်လို့ ထင်သလား'

ဆရာမကြီးသည် ကျွန်တော်တို့အား မေးခွန်းထုတ်လိုက်ပြန်၏။ ပုံပြောကောင်းသော ဆရာမကြီးကြောင့် ကျွန်တော်တို့တစ်တန်းလုံးသည် တောင်ခြေမှ စောင့်ကြည့်နေသူများလို ချွေးပြန်နေကြ၏။ အလွန့်အလွန်လည်း စိုးရိမ်နေကြသည်။ ထိုအချိန်တွင် ကျောင်းသူလေး တစ်ဦး၏ တရှုပ်ရှုပ်ငိုသံထွက်ပေါ်လာ၏။ ဆရာမကြီးက ဘာပြုလို့ ငိုတာလဲဟုမေးသောအခါ 'ကလေးနဲ့ အမေ တောင်အောက်ကိုကျပြီး သေမှာစိုးလို့'ဟုဆို၏။ ကျောင်းသူလေးထဲမှ နောက်တစ်ယောက်ကလည်း ငိုပြန်သည်။

ထိုအခါ ဆရာမက ကျွန်တော့်သူငယ်ချင်းအား 'ကဲ တပည့်ပြောစမ်း၊ လိမ့်ကျလိမ့်မယ် ထင်သလား၊ မကျဘူး ထင်သလား'ဟု မေးလိုက်၏။ ကျွန်တော့်သူငယ်ချင်းက 'မကျဘူး ဆရာမကြီး'ဟု ငိုသံပါကြီးနှင့်ပြန်ဖြေသည်။ ထိုအခါ ဆရာမကြီးက 'ဘာပြုလို့တပည့်တွေက မကျဘူးလို့ ထင်ရတာလဲ'ဟု မေးသောအခါ ကျွန်တော့်သူငယ်ချင်းက 'လိမ့်ကျရင် အမေရော ကလေးပါ သေမှာစိုးလို့ မကျဘူး ပြောတာပါ'ဟု ပြန်ဖြေ၏။ ထိုအခါ ဆရာမကြီးက တပည့်များ၏ အကဲကိုစမ်းပြီးမှ 'ကဲ တပည့်တို့၊ အဲဒီသတ္တိရှိတဲ့ အမေနဲ့ ကလေးဟာ တောင်အောက်ကို ချောချောမောမောနဲ့ ပြန်ရောက်ခဲ့တယ်'ဟု ပြောကာ ပုံကို အဆုံးသတ်လိုက်သည်။

ကျွန်တော်တို့ တစ်တန်းလုံးသည်လည်း ရင်ထဲမှ အပူလုံးကြီး ကျသွားရသည်။ ခုနငိုထားသော ကျောင်းသူမလေးများလည်း မျက်ရည်သုတ်ရင်း ရွှင်ပျလာကြ၏။

ငယ်စဉ်က ကျွန်တော်တို့ သင်ခဲ့ရသည့် သုံးတန်းဖတ်စာ စာအုပ်ကလေးကို ဗီရိုထဲ၌ ပြန်ရှာလိုက်သည်။ အဆင်သင့်ပင် ထိုစာအုပ်ကလေးကို တွေ့လိုက်ရသည်။ ကျွန်တော်သည် သင်ကြားခဲ့ရသော စာအုပ်များကို တတ်နိုင်သမျှ စုဆောင်းသိမ်းဆည်းထား၏။ သိမ်းဆည်းထားသော ဖတ်စာအုပ်ကလေးတွင် ဆရာမကြီးဒေါ်လေးတင်ကိုယ်တိုင် ကျွန်တော့်နာမည်ကို စာအုပ်ပေါ်တွင် ထိုးထားပေးသည့် လက်ရေးကိုပင် တွေ့ရသည်။

www.burmeseclassic.com


ထိုပုံလေးကို ကျွန်တော်အစအဆုံး ပြန်ဖတ်လိုက်၏။ ပုံလေး၏အဆုံးတွင် **How she did it no one could say, We only know that sometimes a mother's love can do impossible things** ဟု ရေးသားရင်း အဆုံး သတ်ထား၏။

(ကလေးအမေ ဘယ်လိုဆင်းလာခဲ့သည်ကို ဘယ်သူမှ အတပ်မပြောနိုင်ပါ။ တစ်ခုတော့ရှိသည်။ တစ်ခါတစ်ရံမိခင်တို့၏မေတ္တာသည် မဖြစ်နိုင်ဆိုသော အရာများကို ဖြစ်အောင် လုပ်နိုင်စွမ်းရှိ၏။)

မဖြစ်နိုင်သော အရာများကိုဖြစ်အောင် မိခင်မေတ္တာသည် စွမ်းဆောင်နိုင်သည်ဟုဆို၏။ မိခင်မေတ္တာသည် ဆန်းကျယ်၍ အံ့ဖွယ်ကောင်းလှ၏။

အမေသည် တားမြစ်ထားသော အကြားမှ ဆန်နှစ်တင်းရအောင် ယူလာနိုင်သည်။ ထိုဆန်နှစ်တင်း သယ်ယူခြင်းသည် ကျွန်တော်မစွမ်းဆောင်နိုင်သော ကိစ္စဖြစ်၏။

ဂေါ်ကီ၏အမေသည် ယခင်က စိတ်ကူး၍ပင်မပြစ်မှားဝံ့သော အလုပ်ဖြစ်သည့် ဇာဘုရင်ဆန့်ကျင်ရေး လုပ်ငန်းတွင် အင်ပါယာ ဇာဘုရင်အား ဆန့်ကျင်သည့် လှုံ့ဆော်စာများကို ကျီးကန်းတောင်းမှောက် ကြည့်နေသော ပုလိပ်များ၊ အစောင့်များကြားမှ စက်ရုံတွင်းသို့ ရောက်အောင် သွင်းနိုင်ခဲ့၏။ ထိုမျှသာမက ဆိုရှယ်လစ်မဟုတ်သောအမေသည် ဆိုရှယ်လစ်

www.burmeseclassic.com


အလံကို ဇာဘုရင်၏ အင်ပါယာအပေါ်၌ လွှင့်ထူကာ ကေရာဇ် အုပ်စိုးမှုတစ်ခုလုံးကို အန်တုစိန်ခေါ်၍ ဆိုရှယ်လစ်တည်ဆောက် ရေး၊ ဇာဘုရင်ဆန့်ကျင်ရေး တရားများကို ဟောခဲ့၏။

ကျွန်တော့်အမေသည် လူပေ လူတေလေးဖြစ်သော ကျွန်တော့်ကို စာတတ်အောင်၊ အတန်းအောင်အောင် ပံ့ပိုးပေး ခဲ့၏။

ဖတ်စာအုပ်ထဲမှအမေသည် အုတ်နံရံလို မတ်စောက်နေသော တောင်နံရံမှတက်၍ ကလေးကို ပွေ့ချီပြီး တောင်ခြေသို့ အောင်မြင်စွာ ဆင်းလာနိုင်ခဲ့၏။

●

**ဤလောကၚ္ဖ ဇနီးမယားထက် ကောင်းမွန်သောသူ**
**တစ်ဦးရှိသည်။**
**ထိုသူသည် မိခင်ဖြစ်သည်။**

လီယိုပိုရှက်ဖာ (၁၇၈၄)
ဂျာမန်လူမျိုးကဗျာဆရာ။

## အခန်း(၆)

## စုန်ရေ

ဆန်လာပို့ရင်း အမေရောက်လာသောကြောင့် ကျွန်တော်တို့အိမ်လေးသည် ပို၍စည်ပင်သွားသည်။အမေသည် ပထမဆုံး မီးဖိုချောင်ကိုဝင်သည်။ မီးဖိုချောင်ထဲ၌ ဆီပုလင်း ဆီပုလင်းနေရာ၊ ငရုတ်သီးအိုး ငရုတ်သီးအိုးနေရာ စနစ်တကျထားသည်။ အိုးမည်း အထပ်လိုက် အထပ်လိုက် တက်နေသော အိုးများကို ဖွဲပြာနှင့် ပြောင်နေအောင်တိုက်သည်။ ကျွန်တော်တို့ အိမ်မှ တစ်စွယ်တည်းတက်နေသော ရေနံဆီမီးဖိုကိုဖြုတ်၍ ဆေးသည်။ မီးစာများ ညီညီညာညာဖြစ်စေရန် ညှိပေးသည်။

ကျွန်တော်တို့အိမ်တွင် ကျွန်တော်၊ ကျွန်တော်ဇနီး၊ သားလေး မောင်နေဦးနှင့် ညီဝမ်းကွဲတစ်ယောက်ရှိ၏။ ကျွန်တော်

www.burmeseclassic.com


ကျွန်တော့်ဇနီးနှင့် ညီလေးပါ အလုပ်လုပ်ကြ၏။ ကျွန်တော်တို့သည် မနက်ရှစ်နာရီ ရုံးတက်ရသည်။ နံနက်စောစော အမြဲ ထမင်းချက်ရသည်။ ညနေ လေးနာရီကျော်မှ အိမ်ပြန်ရောက်ကြ၏။ ထိုအခါမှပင် ထမင်းချက်ပြီး စားကြရသည်။ ထမင်းချက်၍ စားပြီးသည်နှင့် တစ်နေကုန် ပင်ပန်းလာသမျှ မောမောနှင့် အိပ်လိုက်ကြတော့၏။

ထို့ကြောင့်လည်း ကျွန်တော်တို့အိမ်မှ မီးဖိုသည် အထိုက်အလျောက် ညစ်ပေနေ၏။ အိမ်သာမှာလည်း ထို့အတူပင် ဖြစ်သည်။ ရေလောင်းအိမ်သာ ဖြစ်သော်လည်း ကျွန်တော်တို့ နေ့စဉ် မဆေးကြောနိုင်သောကြောင့် ပေကျံနေသည်။ တစ်ခါ တစ်ရံ ဇနီးဖြစ်သူက ဆေးကြောတတ်၍ မတတ်သာလွန်းလျှင်တော့ ညီဖြစ်သူအား ဆေးခိုင်းရသည်။ အမေရောက်လာလျှင်တော့ အမေက တစ်နေ့ တစ်ခါ အိမ်သာကို ဆေးသည်။

ကျွန်တော်တို့မိသားစုသည် သာမန်အားဖြင့် ဟင်းတစ်ခွက်ဖြင့် ရုံးသို့ပြောကြရသည်။ ညနေဘက်တွင်လည်း ဟင်းတစ်ခွက်ချက်၍ ဝိုင်းစားလိုက်ကြသည်။ အမေ ရောက်လာသောအခါ ကျွန်တော်တို့အိမ်မှ ထမင်းဝိုင်းသည် စိုပြည်လာသည်။ အချို၊ အချဉ် ဟင်းလေးတစ်ခွက်လည်း ပါသည်။ ဆီပြန်ဟင်းလေးလည်းပါသည်။ ငါးပိရည်တို့စရာနှင့် ဟင်းရွက်ကြော်လေးလည်း ပါတတ်၏။ ဟင်းစပ်ရာတွင်လည်း အတော်လေး အဆင်ပြေသည်။ မနက် အချိုချက်ဆို ညနေ အချဉ်ချက်ကလေးဖြစ်၏။ အဖန်လေး အခါးလေးလည်း ပါလာတတ်သည်။ အမေသည် ဟင်းချက်ကောင်းသူဖြစ်၍ တို့တို့တိတိဖြင့် ထမင်းမြိန်အောင်

www.burmeseclassic.com


ချက်တတ်သည်။ ကျွန်တော်တို့ ရုံးကပြန်လာလျှင် ထမင်းဝိုင်း အဆင့်သင့်ဖြစ်နေ၏။

အမေ မရှိပါက ရုံးကပြန်ရောက်လျှင် ရောက်ချင်း ချွေး တလုံးလုံးနှင့် ထမင်းချက်ရသည်။ ပထမ ထမင်းအိုးတည်၍ ထမင်းရည်ရမှ လိမ်နေသောအူကို ထမင်းရည်ပူပူဖြင့် ဖြည့်ထား ရ၏။ တစ်ခါတစ်ရံလည်း ထမင်းချက်ပြီးခါမှ အဆာလွန်ကာ ဘာမျှ မစားချင်တော့ဘဲ အိပ်လိုက်ရသည့်အခါလည်း ရှိ၏။

မနက်ဆိုပါက အမေသည်ကျွန်တော်တို့မနိုးခင်ထနေ၏။ သူဝယ်နေကျ ပဲပြုတ်နှင့်နံပြားသည်ကို စောင့်ရင်း ထမင်းအိုး တည်သည်။ ပဲပြုတ်သည်လာသောအခါ ပဲပြုတ်နှင့်နံပြားဝယ်၍ ကျွန်တော်တို့ဖို့ တချို့ ချန်ထားကာ အမေက စားနှင့်၏။ ထမင်းနှင့်ဟင်းကိုချက်၍ သားနှင့်ချွေးမ နိုးလာပါက ဘာချက် လိုသေးသနည်း၊ ချက်လိုသည်ကို ချက်ချင်းချက်နိုင်ရန် အဆင သင့် ပြင်ထားသေး၏။

ကျွန်တော်တို့နိုးလာလျှင် ရုံးသို့ ဘာယူသွားချင်သေးသည် ကို သားနှင့်ချွေးမ မျက်နှာရိပ်မျက်နှာကဲ ကြည့်၍ မေး၏။ မနက်ပိုင်းအလုပ်များ ပြီးသော် အမေသည် ဘုရားရှိခိုး၏။ အမေသည် အလုပ်မရှိပါက ဘုရားအရှည်ကြီး ရှိခိုးလေ့ရှိသော် လည်း အလုပ်ရှိပါက အတိုချုပ် ရှိခိုးတတ်၏။ အမေ၏ ဘုရားရှိခိုးသည် 'ဩကာသ'မှစ၍ 'ပေးလို့မကုန် လှူလို့မခန်း ပဒုမ္မာ ရွှေကြာပန်းကဲ့သို့ ရှင်လန်းရပါလို၏'ဟု ဆိုသော ဆုတောင်းတွင် ဆုံး၏။ အမေ ဘုရားရှိခိုးသောအခါ အသံ ထွက်၍ ရှိခိုး၏။

www.burmeseclassic.com


အမေရောက်လာလျှင် ကျွန်တော်တို့အတွက် ထူးခြားချက်မှာ ကျွန်တော်တို့ သားလေးကို အိမ်သို့ ခေါ်ထားနိုင်ခြင်းဖြစ်၏။ သား မောင်နေဦးသည် ယခု သုံးနှစ်သားအရွယ်သာရှိသေးသည်။ ထို့ကြောင့် အားလုံးအလုပ်လုပ်သော ကျွန်တော်တို့ မိသားစုတွင် သားကို ကျွန်တော်တို့နှင့် အတူမထားနိုင်၊ အဘိုးအဘွားများထံ ပို့ထားရ၏။ ကျွန်တော့်ယောက္ခမများလက်တွင်ပင် သားငယ် ကြီးလာရသည်။ ကျွန်တော်တို့သည် စနေနေ့ ရုံးလွှတ်မှ သားကို သွားခေါ်ကြ၏။ တနင်္လာနေ့ မနက်စောစော အဘိုးအဘွားများထံ ပြန်ပို့ရ၏။ အမေ မရှိလျှင် ကျွန်တော်တို့ သားလေးကို အိမ်ခေါ်မထားနိုင်ပေ။ အမေရှိလျှင်တော့ သားလေးကို အိမ်ခေါ်ထားနိုင်၏။ ထို့ကြောင့်လည်း ဇနီးက အမေ့ကို အိမ်မှ မပြန်စေလိုပေ။

အမေသည် သားကို တစ်နေ့လုံးထိန်းပေးရသည်။ တစ်ခါတစ်ရံ သားက အမေကြီးနှင့် နပမ်းလုံး၏။ အမေက ကလေးလိုလုပ်၍ မြေးနှင့် နပမ်းလုံးရပြန်သည်။

အမေသည် ဒီကြားထဲမှ အဝတ်များကို လျှော်သေးသည်။ ကျွန်တော်၏ အဝတ်အစားများ၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်၊ အိပ်ရာခင်း၊ ခြေသုတ်သည့် ပုဆိုးစုတ်မှအစ လက်နှီးအဆုံး လျှော်သည်။ အိမ်တွင်ရှိသော ပိုးမျှင် ပင့်ကူအိမ်များကို ရှင်းသည်။

အမေ အိမ်သို့ရောက်ပြီး သုံးလေးရက်ကတော့ မနားရပေ။ အိမ်တွင်း အိမ်ပြင် သန့်ရှင်းရေးနှင့် တစ်နေကုန်သွားတတ်၏။ အမေသည် တံမြက်စည်းကို အိမ်တွင်းအိမ်ပြင် ညှော့ခန်းပြောင်

နေအောင် လှည်းတတ်သော်လည်း အမေ့တွင် အခက် တစ်ခုတော့ ရှိ၏။ ထိုအခက်မှာ ဧည့်ခန်းကို လှအောင် ခေတ်ဆန်ဆန်သားကြိုက် ချွေးမကြိုက် မပြင်တတ်ခြင်းဖြစ်၏။ ထိုအခါများတွင်တော့ 'ကဲ...ညည်းတို့ဟာ ညည်းတို့ပြင်၊ ညည်းတို့လုပ်၊ အမေတော့ မလုပ်တတ်ဘူး'ဟု ပြောကာ ပန်းများကို ဒီအတိုင်းပေးတတ်၏။

ကျွန်တော်တို့ မျက်စိထဲတွင် လှအောင်ပြင်ဆင်၍ ဧည့်ခန်းတွင် ချထားသော ပန်းအိုးကို အမေက သူပြင်တာနှင့် သိပ်မထူးဘူးဟု ထင်နေ၏။ ဇနီးသည်က ဧည့်ခန်းကို လှအောင်ပြင်တတ်၏။ အမေက မပြင်တတ်။ အမေက ပန်းအိုးကို စားပွဲအလယ်ခေါင်တည့်တည့်တွင်သာ အမြဲထောင်ထားတတ်၏။ ဇနီးကတော့ စားပွဲပေါ်သို့ နေရောင်ခြည် တစ်ဖက်က ထိုးနေလျှင် ပန်းအိုးကို အခြားတစ်ဖက်သို့ ရွှေ့ထား၏။ စားပွဲတစ်ဖက်၌ စာအုပ်သုံးလေးအုပ် ရှိနေလျှင် ပန်းအိုးကို အခြားတစ်ဖက်၌ ထားသည်။ အမေသည် ထိုကဲ့သို့ ပြင်ဆင်သည်ကို မတတ်။ ချွေးမက ပန်းအိုးကို ပြင်ပြီးသော် ဘယ်လောက်များပိုလှသလဲဟုတော့ သတိထားကြည့်မိ၏။ သို့သော် ပိုလှသွားသည်ဟုတော့ အမေက မထင်။ အမေ့ မျက်စိထဲတွင် စားပွဲပေါ်၌ ပန်းအိုးတစ်လုံး တင်ထားသည်ကိုသာ မြင်၏။

နောက်တော့လည်း အမေက ဧည့်ခန်းအလှကို ပြင်ထားတော့ 'ညည်းတို့ စိတ်ကြိုက်ပဲ'ဟုဆိုကာ ချွေးမလုပ်သည်ကိုသာ စောင့်၍ ကြည့်၏။

အမေသည် ကျွန်တော့်သား၏ အနွံအတာကို ဆက်၍ခံရသည်။ သားက အမေကြီး ပိုက်လုံးသွားမယ်ဆိုက လိုက်ပို့ရ၏။ ကျွန်တော်တို့ ရန်ကင်းတွင် ရန်ကုန်မြို့သို့ ရေပေးသည့် ပိုက်လုံးကြီးရှိသည်။ ထိုပိုက်လုံးကြီးနားတွင် သွားဆော့ရသည်ကို ကလေးများ သဘောကျ၏။ ဒေါင်ဒေါင်မြည်အောင် ဆော့သော သားနောက်သို့ တကောက်ကောက် လိုက်ရသည်။ သား ဆော့ပြီး၍ ပွနေသော အရုပ်များကို အမေက သိမ်းရ၏။

ကျွန်တော်သည် ရုပ်သေးဝါသနာပါသူတစ်ဦးမို့ ကျွန်တော့်သားအား ရုပ်သေးစင်တစ်ခု ထောင်ပေးထား၏။ ရုပ်သေးစင်မှာ ကတ်ပြားအထူတစ်ခုပေါ်တွင် ‘စိန်ဝိဇ္ဇာ မောင်နေဦး၏ ရုပ်သေးစင်တော်ကြီး’ဟု ဆိုင်းဘုတ်တစ်ခု ရေးထားကာ ကြိုးနှင့် ဆွဲပေးထား၏။ ရွှေတိဂုံဘုရားစောင်းတန်းမှ မင်းရုပ်၊ ကျားရုပ်၊ ဓီးကွက်ရုပ်၊ သစ်ကုလားအုပ်ရုပ်၊ ဆင်ရုပ် စသည်တို့ကို ဝယ်၍ ကြိုးတပ်ပေးထား၏။ ထိုအရုပ်များကို သားက ကြိုးဆွဲ၍ ကစေ၏။ အမေက ပွဲကြည့်ရသည်။ သားက သူ ရုပ်သေးကြိုးဆွဲနေချိန်တွင် တစ်ယောက်ယောက်က ကြည့်နေမှ ကြိုက်သည်။ ကျွန်တော်တို့လည်း ကိုယ့်အလုပ်နှင့်ကိုယ်မို့ သူ့ကို ကြည့်မနေနိုင်ပေ။ သို့သော် အမေသည် ကျွန်တော့်သားအတွက် အကောင်းဆုံး ရုပ်သေးပရိသတ်သာလျှင် ဖြစ်၏။ သားက ရုပ်သေးကြိုးဆွဲ ကစားပြီး၍ အီသွားလျှင် နောက်တစ်မျိုး ကစားပြန်သည်။ ထိုအခါအမေသည် အရုပ်များကို သိမ်းပေး

www.burmeseclassic.com


၍ နောက်ကစားနည်းအတွက် ကစားစရာအသစ် ရှာပေးရပြန်သည်။

ကျွန်တော်တို့အိမ်သည် အမေရောက်ပြီဟုဆိုပါက သိသာလှသည်။ အမေမရှိပါက ကျွန်တော်တို့ အိမ်ကို တံခါးအားလုံး ပိတ်၍ သော့ခတ်သွားရပြီး အမေရောက်လာလျှင်တော့ တံခါးအားလုံး ပွင့်၍နေတော့၏။

တစ်ခါက အမေသည် ချွေးမဖြစ်သူ၏ ထဘီများကိုပါ လျှော်ပေးသည်။ ဇနီးဖြစ်သူက 'အမေရယ်...ငရဲကြီးပါ့မယ်၊ မလျှော်ပါနဲ့'ဟုဆိုမှ မလျှော်ဘဲနေ၏။

အမေသည် သားကျွန်၊ ချွေးမကျွန်၊ မြေးကျွန်သာလျှင် ဖြစ်ပါတော့၏။ ဤစကားကို ဆရာဦးစောဦးက သူ၏ **'စုန်ရေဆန်ရေ'** ဆိုသော ဝတ္ထုထဲတွင် တိတိကျကျ ရေးထား၏။ စုန်ရေ ဆန်ရေ ဝတ္ထုသည် တကယ်တော့လည်း အမေနှင့်သားတို့၏ အပြန်အလှန် သဘောကို နင့်နေအောင် ဖော်ထားသော ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်၏။ ဤဝတ္ထုထဲမှ တချို့ဖြစ်ရပ်များသည်လည်းကောင်း၊ ဖြစ်ရပ်အားလုံးနီးပါးသည်လည်းကောင်း စာရေးသူ ကိုယ်တွေ့များ ဖြစ်ဟန်တူ၏။ ဤဝတ္ထုမှာ ၁၉၅၅ခု၊ စက်တင်ဘာလ၊ မြဝတီ အတွဲ–၃၊ အမှတ် ၁၁ တင် ပါသည်။ ထိုအခါက ကျွန်တော် မဖတ်ဖူးခဲ့။ ပုဂံတိုက်ထုတ် **'စောဦး၏စာ'** တွင်မှ ဖတ်ဖူး၏။

စုန်ရေ ဆန်ရေတွင် မိခင်မုဆိုးမကြီးက သား သုံးယောက်အား ငွေသုံးကျပ်ခွဲနှင့် လူတစ်လုံးသူတစ်လုံးဖြစ်အောင် ထားခဲ့ပုံကို ဖွဲ့ဆိုထား၏။

www.burmeseclassic.com


အမေဒေါ်လှမေတွင် သားသုံးယောက်ရှိသည်။ ယင်းတို့မှာ အောင်ဒင်၊ အောင်ခင်နှင့် အောင်မြင်တို့ ဖြစ်၏။ အောင်မြင်လသားအရွယ်တွင် ခင်ပွန်းဖြစ်သူ ဦးမြဒင်သည် ဝါးဖောင်မျှောရာ၌ အညာဆန်သင်္ဘောကြီးဖြင့် ဝင်တိုက်ကာ အသက်ဆုံးခဲ့ရ၍ အလောင်းပင် ရှာမတွေ့ခဲ့ပေ။

မီးထွက်စသွေးသားနုတွင် အမေသည် ခင်ပွန်းဆုံးကြောင်းကြားရသောအခါ အရပ်ကြိုးပြတ်ဖြစ်ခဲ့ရသည်။ အမေသည် အသက် ၂၈–နှစ်အရွယ်တွင် သားသုံးယောက်အမေ မုဆိုးမဖြစ်လာရပေရာ သားသုံးယောက်အတွက် ဘဝကို စတင်ရုန်းကန်ရင်ဆိုင်ရသည်။ အမေသည် ခင်ပွန်းဖြစ်သူ လုပ်ပေးခဲ့သောလက်ကောက်တစ်ရန်ကိုရောင်းကာ စင်းကား ကိုယ်စားလှယ်ထံမှ အပ်ချုပ်စက် တစ်ခုကို လပေးနှင့် ဝယ်လာပြီး သားသုံးယောက်နှင့် သူ့ဘဝကို စတင်ရုန်းကန်၏။ အမေသည် သူ့အား ထောက်ပံ့လေ့ရှိသော သူငယ်ချင်းထံတွင် ကျေးဇူးတင်လွန်း၍ သူငယ်ချင်း နာမကျန်းဖြစ်ပါက သနပ်ခါးသွေး၊ အဝတ်လျှော်ပေးပါ လုပ်ခဲ့သည်။

တစ်ခါတွင် အမေသည် သားလေးများအတွက် ကျောင်းလခပေးရန် ငွေမရှိသောကြောင့် ခေါင်းမှ ဆံပင်ကို ဖြတ်ကာသုံးကျပ်နှင့်ရောင်း၍ ကျောင်းလခ ပေးခဲ့၏။ ဆံပင်ဟူသည်မြန်မာအမျိုးသမီးတိုင်း အမြတ်တနိုးထားလေ့ရှိသော အရာဖြစ်ပေရာ ထိုအပြုအမူအတွက် အမေ့မိတ်ဆွေ သူငယ်ချင်းများက တဖျစ်တောက်တောက် ဖြစ်ခဲ့ရပြန်၏။

www.burmeseclassic.com


အမေ၏ ဖွဲ့၊ အမေ၏ ကြိုးစားမှုများကြောင့်ပင် သားများသည် စာတော်သူများ ဖြစ်လာခဲ့သည်။ တစ်နေ့တွင် သာသနာပြု အလယ်တန်းကျောင်းအုပ် ကုလားဆရာကြီးက အမေ့ထံလာ၍ သားအကြီးဆုံးသည် ဒီနှစ် ခုနစ်တန်းအောင်မည်မှာ မုချဖြစ်၍ ရန်ကုန်တွင် ကျောင်းဆက်ထားရန် ပြောသည်။ ထိုနေ့ညက အမေသည် တစ်ညလုံးအိပ်၍ မပျော်ပေ။ အမေသည် သားများ ရန်ကုန်တွင် ကျောင်းဆက်ထားရန်အတွက် မိမိလက်ကိုင်ပဝါတစ်ခုဖြင့် ထုပ်ထားသော အထုပ်ကိုဖြေ၍ ငွေစလေးကို ရေတွက်ကြည့်လိုက်၏။ ကျော့ခေါင်းဒင်္ဂါး ၃ပြားနှင့်ငါးမူးစေ့တစ်စေ့သာ ထွက်လာ၏။

အမေသည် ထိုငွေဖြင့် သားသုံးယောက်ကိုခေါ်၍ ရန်ကုန်သို့ ပြောင်းလာခဲ့သည်။ ရန်ကုန်တွင် အခန်းကလေးတစ်ခန်းကို တစ်လဆယ့်ငါးကျပ်နှင့်ငှား၍ ဈေးဖွင့်ချိန်တွင် ချဉ်ဖတ်ရောင်းသည်။ ကျန်အချိန်များတွင် စက်ချုပ်၏။ ဤသို့ဖြင့် အမေသည် သားအကြီးဆုံး အောင်ဒင်ကို နိုင်ငံခြားရေးဌာနမှ အရာရှိတစ်ယောက် ဖြစ်လာအောင် ပြုစုနိုင်ခဲ့၍ သားလတ်အောင်ခင်ကို တပ်မတော်တွင် ဗိုလ်မှူးဖြစ်လာအောင် ပြုစုနိုင်ခဲ့၏။ သားငယ်အောင်မြင်ကတော့ ရုပ်ရှင်ရူး၍ သူလိုရုပ်ရှင်ရူးမလေးတစ်ယောက်ကိုပင် ပညာမစုံမီ ခိုးယူလက်ထပ်ကာ မအောင်မမြင် ဖြစ်ခဲ့ရရှာ၏။

'စုန်ရေဆန်ရေ'တွင် သားကြီးအောင်ဒင်သည် မိခင်ကျေးဇူးကို သိတတ်သောသားဖြစ်၏။ သို့သော်လည်း အောင်ဒင်သည်

www.burmeseclassic.com


အမေနှင့် ခြောက်နှစ်လောက် ကွဲနေခဲ့၍ မိခင်ကြီး နေ့လား၊ ညလား သေခါနီးအချိန်မှ မိခင်နားသို့ ရောက်လာ၏။

သားလတ်အောင်ခင်သည် မိခင်အား သူမွေးထားသော ခွေးသုံးကောင်လောက်မျှ အလေးမထားဘဲ သားငယ်အောင်မြင်သည် အဆိုးဆုံးနှင့် သေလောက်အောင် ဒုက္ခပေးခဲ့သော်လည်း အောင်မြင်ကို မိခင်ကြီးက မည်ကဲ့သို့ သံယောဇဉ်ရှိပုံကို ရေးသားထား၏။ အမေသည် သားသုံးယောက်ကို မုဆိုးမဘဝဖြင့် ငွေသုံးကျပ်ခွဲအား ခါးကြားတွင်း၌လိမ်ကာ အထက်တန်းအရာရှိကြီး၊ ဗိုလ်မှူးကြီးဖြစ်သည်အထိ ပြုစုခဲ့သော်လည်း သားများ အရာရှိကြီးများ ဖြစ်လာကြသောအခါ အထုပ်ကလေး ခေါင်းပေါ်တွင်တင်၍ သားကြီးအိမ်တစ်လှည့်၊ သားငယ်အိမ်တစ်လှည့် နေရသောအမေ့ဘဝကို စာရေးသူက အောက်ပါအတိုင်းဖော်ပြထား၏။

ဒေါ်လှမေသည် တစ်ခါတစ်ရံ နောက်ကြောင်းများကို ပြန်လည်သတိရလာသောအခါ သူ့သားများအား ရန်ကုန်သို့ အိမ်ထောင်ပြောင်းလာခဲ့ပုံ စွန့်စားခန်းများကို သူ့ဟာသာသူ ရယ်ရင်း အားရပါးရ ပြန်၍ပြောတတ်ပေသည်။ အမှန်အားဖြင့် ဒေါ်လှမေသည် သူ့သားများထက် သူ့ချွေးမများ၏ ရှေ့၌ ပြောရခြင်းကို ပို၍မြိန်ရှက်ပုံရလေသည်။

“အဲဒီတုန်းက စဉ်းစားလိုက်ရတာလေ၊ ခေါင်းကိုခြောက်ရမတတ်ပါပဲ၊ ထုတ်လိုက်ရတဲ့အကြံ၊ ရှာလိုက်ရတဲ့လမ်း၊ ညညများကျမှဖြင့် တစ်စက်မှ အိပ်မပျော်တော့လို့ ဆေးလိပ်ချည်းထိုင်သောက်ပစ်နေလိုက်ရတာပဲ။ လက်ထဲကြည့်လိုက်တော့

www.burmeseclassic.com


ဘယ်အခါမှ သုံးကျပ်ခွဲ လေးကျပ်ထက်မပိုပါဘူး၊ တစ်ခါဖြင့် ခက်ချည်ရဲ့လို့ စိတ်များတောင်ပျက်မိပါရဲ့"

သားသုံးယောက်အနက် နှစ်ယောက်က ထိုအကြောင်းများကို နားမထောင်ချင်ပေ။ အထူးသဖြင့် သူတို့၏မယားများရှေ့၌ ဘယ်အကြောင်းနှင့်မျှ ဤဆင်းရဲခန်းများကို စားမြုံ့မပြန်စေချင်ပေ။ 'ရှက်စရာကြီး အမေရာ၊ ဒါတွေ ပြောပြောမနေစမ်းပါနဲ့'ဟု သားအလတ်နှင့်အငယ်ဆုံးက ပိတ်ကြ၏။ 'ပြော ဘာဖြစ်သလဲကွ၊ ဒီအကြောင်းတွေ ပြန်ကြားရတော့ အမေ့ကျေးဇူးတွေကို ပိုပြီး သတိရလာနိုင်တာပေါ့'ဟု သားကြီးအောင်ဒင်က ဝင်၍ငေါက်လေ၏။

"အမေပြောစမ်းပါရစေ သားတို့ရယ်၊ ပြောစမ်းပါရစေ၊ ဒါတွေကိုစိတ်ပါတုန်း ပြောရတာ အရသာရှိလွန်းလို့ပါ၊ စိတ်ပါတုန်းပြောစမ်းပါရစေ"

ဒေါ်လှမေက ခေါင်းကလေးတညိတ်ညိတ်နှင့် တောင်းပန်ပြီး သူ့စကားကို အားပါးတရဆက်တတ်၏။ ထိုအခါမျိုး၌ သားအငယ် နှစ်ယောက်တို့သည် မအေအိုကြီး၏ ထံပါးမှ မယောင်မလည်နှင့် ကိုယ်လျှိုကွယ်ပျောက်သွားတတ်ကြလေသည်။ လင်များပျောက်သွားသောအခါ မယားများကလည်း အလျှိုလျှို ပျောက်သွားကြလေသည်။ သို့သော် ဒေါ်လှမေကား အပြောမပျက်ပေ။ သူ့ဘေး၌ မည်သူမျှမရှိတော့သော်လည်း တစ်ယောက်တည်းပင် စကားဆုံးအောင် ပြောနေတတ်လေသည်။ သို့ဖြစ်၍ သားထွေး အောင်မြင်က–

'အမေတစ်ယောက်တော့ အသက် ၆၀ မပြည့်သေးဘူး၊ သူငယ်ပြန်ချင်ပြီ'ဟု သူ့အစ်ကိုအား ပြောလာပေသည်။ လင်က ဤစကားကို ဆိုသောအခါ မယ်သီလရှင်ကျောင်းထွက်မယား ကလေးကလည်း

'အမယ်ကြီးတွေဟာ အသက်ကြီးလာရင် ဒီအတိုင်းပဲ၊ သားသမီးတွေ နားထောင်ချင်မှန်းမသိ၊ မထောင်ချင်မှန်းမသိ၊ အမြှုပ်ထွက်အောင် ပြောချင်တာပဲ၊ ကစ်တီတော့ စိတ်ညစ်လွန်းလို့ ဘယ်တော့မှ မသွားဘူး'ဟု ဝင်၍ ပြောဆိုလေသည်။

'ဟုတ်တယ်၊ အဘွားကြီးဟာ ခေတ်ကိုနားမလည်ဘူး'ဟု တစ်ဦးသော ချွေးမက ဝေဖန်ပြန်သည်။

'ဒီအပတ်တော့ အမေ မင်းတို့အိမ်မှာ တစ်လှည့်နေဦးမယ်' ဟု ဒေါ်လှမေက အထုပ်ကလေးချ၍ ပြောလိုက်လျှင် အပြောခံရသော သားရော ချွေးမပါ မျက်စိမျက်နှာပျက်သွားကြလေသည်။ သို့သော် ဒေါ်လှမေကား ရောက်ရာအိမ်၌ အမြိုင်သားထိုင်၍ စားသောက် နေထိုင်ခြင်းမျိုး မရှိပေ။ သားဖြစ်သူက ထမင်းစားမကောင်းဟု ဆိုလျှင် 'ဟဲ့ ရင်ကြောတွေ တင်းနေလို့ဖြစ်မှာပေါ့၊ မှန်းစမ်း၊ အမေနှိပ်ပေးစမ်းမယ်ဟဲ့၊ ခံစမ်းပါဟဲ့၊ ကြည့်စမ်း၊ ဒီမှာ တင်းနေလိုက်တဲ့ အကြောကြီးဟဲ့' ဟု အတင်းဆွဲ၍ နှိပ်လိုက်နင်းလိုက် လုပ်တတ်သကဲ့သို့ ချွေးမက 'ခေါင်းကိုက်လိုက်တာ'ဟု ညည်းလိုက်လျှင်လည်း 'လာလာငါနှိပ်ပေးစမ်းမယ်၊ မှန်း ပက်လက်လှန်ပါဟဲ့၊ ခေါင်းကိုက်

www.burmeseclassic.com


တယ်ဆိုတာ ခေါင်းကိုနှိပ်လို့ ပျောက်တာမဟုတ်ဘူး၊ အကြော အခြင်တင်းလို့ကိုက်တာ၊ ဟောဒီလို ခြေသလုံးကြောတွေကို နှိပ်ပေးရတယ်၊ ကြည့် ဒီမှာ ဒါဟာ မီးယပ်ကြောလို့ ခေါ်တယ်၊ ယောကျ်ားမတော့ ဒူလာပေါ့၊ အမယ် မနာပါဘူးအေ ဒါလောက်လည်း အကဲမဆတ်စမ်းပါနဲ့၊ အသာငြိမ်ခံစမ်း’ဟု ပြောရင်းဆိုရင်း နှိပ်ရင်းနင်းရင်းနှင့်ပင် မိန်းမများ ဘာလုပ်သင့်၍ ဘာမလုပ်သင့်သည်တို့ကို သွန်သင်ဆုံးမခြင်း ပြုလေသည်။ ထိုအခါမျိုး၌ ချွေးမလုပ်သူသည် အဘွားကြီး၏ ဆုံးမစကားကို နားမထောင်လိုသော်လည်း အနှိပ်ခံ၍ ကောင်းနေသဖြင့် အသာငြိမ်၍ နေတတ်လေသည်။

ထိုမျှလောက်နှင့်လည်း ဒေါ်လှမေသည် အမိဝတ္တရားကျေပြီဟု မယူဆသေးပေ။ သားနှင့်ချွေးမကိစ္စပြီးလျှင် မြေးများ၏ ကိစ္စကိုလှည့်ရပြန်လေသည်။ ရေချိုးချိန်၌ ရေချိုးပေး၍ မုန့်ကျွေးချိန်၌ မုန့်ကျွေးကာ ညအိပ်ချိန်ရောက်လျှင်လည်း ကလေးများ မအိပ်မချင်းပုံပြော၍ သိပ်ရပြန်လေသည်။ ဤအထဲမှ မြေးများက ‘မေမေကြီးကိုရွံတယ်၊ မေမေကြီးနဲ့ မအိပ်ချင်ဘူး၊ မေမေကြီးကိုယ်က ပုပ်စော်နံတယ်’ဟု ပြောကြပြန်သေးသည်။ ထိုအခါ ဒေါ်လှမေက သဘောကျဟန်ဖြင့် တဟားဟားရယ်မောရင်း ‘ပုပ်စော်နံတာမဟုတ်ပါဘူးကွယ်၊မေမေကြီးက ကရမက်တွေ လိမ်းထားလို့ မွှေးနေတာပါ။ ငါ့မြေးက ဒီအနံ့ မကြိုက်ဖူးလား၊ မကြိုက်ရင် မလိမ်းပါဘူးကွယ်’ဟု အချစ်မပျက်ခဲ့ပေ။

www.burmeseclassic.com


ဤသို့ သားအိမ်ချွေးမအိမ်၌ သားကျွန်ချွေးမကျွန် မြေးကျွန်ခံရင်း နေထိုင်ရရှာလျက်နှင့်လည်း ကိုယ်တိုင်က ရောဂါသည်ကြီးဖြစ်နေသည့်အတိုင်း ညဘက်သို့ရောက်လျှင် အအေးဆုံးအချိန်ပိုင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် သလိပ်ကပ်၍ လာကာ အမြှုပ်ထွက်အောင် ချောင်းတဟွတ်ဟွတ် ဆိုးနေသည့်တိုင် မည်သည့်ချွေးမမှ အိပ်ရာက ထလာလေ့မရှိပေ။ ထ၍ လာနိုင်အောင် နိုးချင်မှလည်း နိုးပေလိမ့်မည်။ နိုးလာကြသည့်တိုင်အောင်လည်း ထ၍ကြည့်ချင်စိတ် ရှိချင်မှရှိပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ဒေါ်လှမေက ဗွေမယူတတ်ပေ။ တစ်ကြိမ်က သားဖြစ်သူ အိပ်မှုန်စုံမွှားနှင့်ထလာသည်ကိုပင် ‘ဟဲ့ ဟဲ့ သွားအိပ်ချေ၊ အိပ်ရေးပျက်နေလိမ့်မယ်။ အမေကဒီလိုပဲ၊ အေးလာရင်ဖြစ်တာ၊ ကိစ္စမရှိပါဘူး’ဟု သားဖြစ်သူ အိပ်ရေးပျက်အောင် ချောင်းဆိုးမိခြင်းအတွက် စိတ်မကောင်း ဖြစ်နေတတ်ပြန်လေသည်။

တကယ်တော့လည်း အမေဟူသည် စုန်ရေသက်သက်ပါတည်း။

●

**ထာဝရဘုရားသခင်သည် သူကိုယ်တိုင်နေရာအနှံ့ အပြား၌ ရှိနေနိုင်သည်မဟုတ်ရကား သူ၏ကိုယ်စား မိခင်များကို ဖန်တီးထားလေသည်။**

ဂျူးစကားပုံ

# အခန်း(၇)

# မိခင်စိတ်

'မိခင်၏ မေတ္တာသည် မဖြစ်နိုင်ဟူသော အရာများကို ဖြစ်အောင်လုပ်နိုင်သည်' ဟူသော အဆိုအပေါ် သံသယမရှိသော်လည်း ဤကိစ္စသည် သိပ္ပံနည်းကျမကျ၊ လွန်ကဲမှုရှိမရှိကိုတော့ သိချင်၏။

နံရံကဲ့သို့ မတ်စောက်သော တောင်ခါးပန်းမှ အမေသည် ကလေးကိုချီ၍ ဆင်းလာသည်ဆိုခြင်းမှာ မိခင်မေတ္တာကို တင်စားသော ဒဏ္ဍာရီပုံပြင်တစ်ခုသာဖြစ်သည်။ ဂေါ်ကီ၏ အမေသည်လည်း တကယ့်အဖြစ်အပျက်ကို ပြန်လည်တင်ပြထားခြင်းဟု ဆိုသည့်တိုင် ဝတ္ထုတစ်ခုဖြစ်နေ၏။

တစ်နေ့တွင် ကျွန်တော်သည် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တွင် စိတ်ပညာဌာနမှ ပါမောက္ခ **ဒေါက်တာကျော်စိန် M.A.P.hd (Coilumbia)**နှင့်တွေ့ဆုံခဲ့၍ ထိုပြဿနာ၏အဖြေကို မေးကြည့်၏။ ကျွန်တော်က ဆရာဦးကျော်စိန်အား အမေသည် မဖြစ်နိုင်ဟူသော အရာများကို မိခင်၏ မေတ္တာနှင့် ဖြစ်အောင်စွမ်းဆောင်နိုင်သည်ဟု ဆိုခြင်းမှာ သိပ္ပံနည်း ကျ မကျ မေးမြန်းခဲ့၏။ ဂေါ်ကီ၏ အမေနှင့် ငယ်စဉ်က သင်ခဲ့ရသော မိခင်၏မေတ္တာပုံပြင်လေးကိုလည်း ပြောပြ၏။ ဆရာသည် ဂေါ်ကီ၏ အမေကို အသေးစိတ် ဖတ်ထားပြီးသူ ဖြစ်နေ၏။

ဆရာက မိခင်စိတ်ဟူသည်အခြားစိတ်များနှင့်မတူ သီးခြားရှိသည်ဟုဆို၏။ ဆရာက မိခင်စိတ်ဆိုသည်ကို မရှင်းပြမီ **စေ့ဆော်မှု** ဟူသောအကြောင်းကိုရှင်းပြ၏။ စေ့ဆော်မှုဆိုသည်မှာ ရွေ့လျားစေသော အပြုအမူတစ်ရပ်ဟုလည်း အဓိပ္ပာယ်ဖွင့်၏။

ကြွက်တစ်ကောင်ကို အစာမပေးဘဲ အချိန်အတော်ကြာထားပါက ထိုကြွက်၏ သွေးသားထဲ၌ **လိုအင်** ကိုဖော်ပြသော ဓာတ်ပြောင်းလဲမှု ဖြစ်ပေါ်လာသည်။ ထိုလိုအင်သည် ဇီဝကမ္မ အခြေခံကြောင့် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်လာသည်။ လိုအင်၏ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို **ကိုယ့်တွင်းစေ့ဆော်မှု**ဟု ခေါ်၏။ ကြွက်၏ ကိုယ်ခန္ဓာထဲ၌ အစာလိုအင်ကြောင့် ဆာလောင်မွတ်သိပ်ခြင်းတည်းဟူသော စေ့ဆော်မှုသည် ဖြစ်လာသည်။

မီချီဂန်တက္ကသိုလ်မှ **ဆက်ဆံရေးစိတ်ပညာရှင်နယူးကုမ်း** ဆိုသူက ‘စေ့ဆော်မှုဟူသည် သတ္တဝါတစ်ဦး၏ ကိုယ်တွင်း အခြေအနေတစ်ရပ် ဖြစ်၍ **အင်အား** တို့ကို လှုပ်ရှားအောင် ဆွပေးကာ ပတ်ဝန်းကျင် တစ်စိတ်တစ်ဒေသ၌ အပြုအမူများကို လမ်းညွှန်ပေးသော ဖြစ်စဉ်တစ်ရပ်’ဟု အဓိပ္ပာယ်ဖွင့်ကြောင်း ပြောပြ၏။

**ကရက်နှင့်ကရက်ဖီး** ဆိုသူစိတ်ပညာရှင်တို့က **‘စေ့ဆော်မှု** ဆိုသည်မှာ လိုအင်နှင့်ပန်းတိုင်တို့ကို ဆက်သွယ်ပေးသော အပြုအမူတစ်ရပ်လုံးကိုရည်ညွှန်းပေးသည်’ဟု ကျယ်ပြန့်စွာအဓိပ္ပာယ် ဖွင့်ဆိုကြသည်။

စေ့ဆော်မှုတွင် လိုအင်၊ ခန္ဓာကိုယ်တွင်း အခြေအနေနှင့် ခန္ဓာကိုယ်တွင်းအခြေအနေက တောင်းဆိုသော **လိုအင်၏ပန်းတိုင်** တို့ ပါဝင်သည်။

ခန္ဓာကိုယ်တွင်း အခြေအနေက အစာဆာနေပါက ယင်း အစာကို အလိုရှိသော လိုအင်သည် ဖြစ်ပေါ်လာကာ အစာ သည် ထိုအခြေအနေ၏ ပန်းတိုင်ပင် ဖြစ်တော့သည်။ ခန္ဓာ ကိုယ်တွင်း အခြေအနေက ရေဆာနေပါက ထိုရေကို အလိုရှိ သော လိုအင်သည် ဖြစ်ပေါ်လာကာ ရေသည် ထိုအခြေအနေ၏ ပန်းတိုင်ပင် ဖြစ်တော့သည်။

လူ့ခန္ဓာကိုယ်တွင်း၌ စေ့ဆော်မှုများကို ဖြစ်ပေါ်စေသော အဓိကအရာတို့မှာ–

www.burmeseclassic.com


(၁) မက်လုံးမဲ့အခြေအနေ
(၂) ရှာဖွေစူးစမ်းလိုစိတ်
(၃) လိင်စိတ်
(၄) ဆာလောင်ခြင်း
(၅) ရေငတ်ခြင်း
(၆) မိခင်စိတ်တို့ ဖြစ်သည်။

မက်လုံးမဲ့အခြေအနေဆိုသည်မှာ ခန္ဓာကိုယ်တွင်းမှ အလိုအလျောက် အညစ်အကြေး စွန့်ပစ်လိုခြင်း၊ ထိခိုက်နာကျင်မှုတို့ကို ရှောင်ရှားလိုခြင်း စသော အခြေအနေများကို ပြောလိုခြင်း ဖြစ်သည်။

သတ္တဝါတို့၏ ရှာဖွေစူးစမ်းလိုစိတ်သည် စေ့ဆော်မှုကို ဖြစ်စေသည်။ သတ္တဝါတို့၏ လိင်စိတ်၊ ဆာလောင်မွတ်သိပ်ခြင်း၊ ရေငတ်ခြင်းတို့သည်လည်း စေ့ဆော်မှုကို ဖြစ်ပေါ်စေ၏။ အလားတူပင် မိခင်စိတ်သည်လည်း စေ့ဆော်မှုကို ဖြစ်ပေါ်စေသည်။

ရှာဖွေစူးစမ်းလိုစိတ်၊ လိင်စိတ်၊ ဆာလောင်မွတ်သိပ်ခြင်း၊ ရေငတ်ခြင်းနှင့် မိခင်စိတ်တို့တွင် မည်သည့်စိတ်က စေ့ဆော်မှု အပြင်းဆုံးဖြစ်သည်ကို သိပ္ပံပညာရှင်တို့က လေ့လာခဲ့ကြ၏။

ထိုသို့ လေ့လာမှုများအနက် ကိုလံဗီယာတက္ကသိုလ်မှ **နှိုင်းယှဉ်စိတ်ပညာရှင် ဝါဒင်** ၏ စမ်းသပ်မှုသည် အထင်အရှားဆုံးဖြစ်၏။ ဝါဒင်သည် **ကိုလံဗီယာ တားဆီးသေတ္တာ**ဟူသော ကိရိယာကို အသုံးပြု၍ စမ်းသပ်ခဲ့သည်။

www.burmeseclassic.com


ထိုကိရိယာတွင် သေတ္တာနှစ်ခုပါဝင်၏။ယင်းသေတ္တာနှစ်ခုကို စင်္ကြံတစ်ခုနှင့် ဆက်ထားသည်။ ထိုစင်္ကြံတွင်ကား လျှပ်စစ် လွှတ်၍ထားသည်။ သေတ္တာနှစ်လုံးအနက် ပထမသေတ္တာကို အစပြုသောသေတ္တာဟုခေါ်၍ဒုတိယသေတ္တာကို ပန်းတိုင်သေတ္တာဟုခေါ်သည်။




**ပထမ** **ပန်းတိုင်သေတ္တာ**

ပထမအစပြုသေတ္တာတွင် လိုအင်အခြေအနေရှိနေသည့် သတ္တဝါတစ်ကောင်(ကြွက်တစ်ကောင်)ကို ထည့်ထားသည်။ ဒုတိယပန်းတိုင် သေတ္တာတွင် ထိုသတ္တဝါ အလိုရှိနေသော **လိုအင်** ကို ထည့်ထား၏။ ကြားထဲမှ ဆက်ထားသော စင်္ကြံတွင်ကား လျှပ်စစ်လွှတ်၍ထား၏။ စင်္ကြံတွင် လွှတ်ထားသော လျှပ်စစ်သည် အတော်ကို မသက်သာနိုင်သော လျှပ်စစ်ပမာဏဖြစ်၏။ တော်ရုံ လိုအင်များ ရှိနေရုံမျှဖြင့် ထိုစင်္ကြံကို သတ္တဝါများ မဖြတ်ကြပေ။

စမ်းသပ်ရာတွင် အတော်ကြာရေမပေးဘဲထားသော ကြွက်တစ်ကောင်ကို အစာအပြည့်အစုံပေးထား၏။ လိင်စိတ်ကိုလည်း

www.burmeseclassic.com


ကျေနပ်မှုအပြည့်ပေးကာ သူ၏ ကလေးငယ်များနှင့်လည်း အတူတကွ ရှိစေ၍ စူးစမ်းလိုစိတ်မရှိစေရန်လည်း လျှပ်စစ်မလွှတ်ဘဲ ပန်းတိုင်သေတ္တာထဲသို့ ကြိုက်သလို ဝင်ခွင့်ပြုထားသည်။

ဆိုလိုသည်မှာ ထိုကြွက်အား ရေမှတစ်ပါး အခြားလိုအပ်သော လိုအင်ဟူသမျှ ဖြည့်ဆည်းပေးထားပြီး ကြွက်ကို ပထမ အစပြုသေတ္တာတွင် ထည့်ထားလိုက်၏။ တစ်ဖက် ပန်းတိုင်သေတ္တာတွင်ကား ရေကိုထည့်၍ထားသည်။ ရေသောက်ချင်စိတ်ဖြင့် ထိုကြွက်သည် လျှပ်စစ်လမ်းကြောင်းကို ဘယ်နှစ်ကြိမ်ဖြတ်သည်ကို မှတ်သားထား၏။

တစ်ဖန် ထိုကြွက်ကိုပင် ရေ၊ အစာ၊ လိင်စိတ်နှင့် ရှာဖွေစူးစမ်းလိုစိတ်တို့ကို အပြည့်အစုံဖြည့်ဆည်းပေးပြီး ပထမသေတ္တာထဲတွင် ထည့်ထားကာ ဒုတိယပန်းတိုင်သေတ္တာတွင်ကား သူ၏ သားသမီးများဖြစ်သော ကြွက်ကလေးများကို ထည့်ထားပြီး စင်္ကြံ၌ ယခင်အကြိမ်ကနှင့် ပမာဏတူ လျှပ်စစ်လွှတ်ပေးထား၏။ ထိုအခါ ထိုကြွက်သည် မိခင်စိတ်ဖြင့် လျှပ်စစ်စင်္ကြံမှ အခက်အခဲများကို ကျော်ဖြတ်ရ၏။ အစတွင် သားသမီးများ တစ်ဖက်သေတ္တာတွင် ရှိသည်ကိုသိသော ကြွက်မသည် စင်္ကြံဝသို့ သွားသည်။ ထိုအခါ လျှပ်စစ်နှင့် တွေ့သောအခါ နောက်သို့ ဆုတ်လာ၏။ တစ်ဖက်သေတ္တာထဲမှ ကြွက်ကလေးများ၏ အော်သံကို မိခင်ကြွက်မ ကြားသောအခါ လျှပ်စစ်စင်္ကြံကို ပြန်၍ဖြတ်ပြန်၏။ လျှပ်စစ်သည် မိခင်ကြွက်မအား ဝေဒနာကို

www.burmeseclassic.com


ဖြစ်စေသည်။ ထို့ကြောင့် ကြွက်မသည် စကြာမှ ပြန်၍ ထွက်လာပြန်သည်။ တစ်ဖက်သေတ္တာထဲမှ ကြွက်ကလေးများသည် ပို၍ အော်လာသည်။ မိခင်ကြွက်မသည် မနေနိုင်ဘဲ လျှပ်စစ်စကြာကို ဖြတ်ပြန်လေသည်။ လျှပ်စစ်သည် မိခင်ကြွက်မအား နှိပ်စက်ပြန်၏။ လျှပ်စစ်၏ဒဏ်ကိုခံ၍ မိခင်ကြွက်မသည် ဆက်၍သွားသည်။ လျှပ်စစ်ဒဏ်၏နှိပ်စက်မှုကြောင့် မိခင်ကြွက်မသည် တဆတ်ဆတ်တုန်နေ၏။ တစ်ဖက်မှ ကြွက်ငယ်ကလေးများ၏ အော်သံကို မိခင်ကြွက်မကြီးသည် လျှပ်စစ်ဒဏ်ခံနေရာမှ ကြားလိုက်ရပြန်၏။ ထိုခဏဝယ် လျှပ်စစ်ထိသောဒဏ်ကို မိခင်ကြွက်မကြီးသည် မေ့သွားပြီး သားသမီးတို့၏အသံကိုသာ ကြားနေသည်။ မိခင်ကြွက်မကြီးအဖို့ အခြားဘာကိုမျှ မမြင်တော့။ ဘာဝေဒနာကိုမျှလည်း မခံစားရတော့ဘဲ သူကြားနေသည်မှာ သူ့ရင်မှဖြစ်သော ကြွက်ကလေးများက လာပါ ယူပါ တစာစာ အော်နေသော အသံသာလျှင် ဖြစ်သည်။ ထိုအသံတို့သည် မိခင်ကြွက်မကြီးကို ပို၍ လှုပ်ရှားစေပြန်သည်။ ပို၍ ဆွပေးနေပြန်၏။ မိခင်ကြွက်မကြီးသည် အသံလာရာဆီသို့ တစ်ဟုန်ထိုးပြေး၍ သွား၏။ မိခင်ကြွက်မကြီးသည် လျှပ်စစ် အတားအဆီးကို ဖြတ်ကျော်ကာ သူ့ကလေးများထံသို့ ရောက်သွားတော့၏။

ဤကဲ့သို့ စေ့ဆော်မှုအတွက် လိုအင်ထားရှိ၍ စမ်းသပ်ကြည့်ရာတွင် **မိခင်စိတ်** ၏ စေ့ဆော်မှုသည် အခြားအခြားသော စေ့ဆော်မှုများထက် အင်အားအကြီးဆုံး ဖြစ်သည်ကို တွေ့ရ၏။

www.burmeseclassic.com


| စော့ဆော်မှု အမျိုးအစား | | | စော့ဆော်မှုအင်အား အချိုးအစား |
|---|---|---|---|
| (၁) | မိခင်စိတ် | ... | ၂၂.၄ |
| (၂) | ရေငတ်ခြင်း | ... | ၂၀.၄ |
| (၃) | ဆာလောင်ခြင်း | ... | ၁၈.၂ |
| (၄) | လိင်စိတ် | ... | ၁၃.၈ |
| (၅) | ရှာဖွေစူးစမ်းလိုစိတ် | ... | ၆.၀ |
| (၆) | မက်လုံးမဲ့အခြေအနေ | ... | ၃.၅ |

စော့ဆော်မှုကြောင့် အခက်အခဲကိုဖြတ်ကျော်ရာတွင် လိင်စိတ်ကြောင့် ၁၃ဒသမ၈ကြိမ် ဖြတ်လျှင် မိခင်စိတ်ကြောင့် ၂၂ ဒသမ၄ကြိမ် ဖြတ်သည်ဟု စမ်းသပ်မှုအရ သိရ၏။

'ရေအသက်တစ်မနက်လို့ မြန်မာစကားပုံ ရှိပါတယ်၊ အစာဆာတာထက် ရေဆာတာက ပိုပြီးဆိုးတယ်၊ ဒါကြောင့် ကြွက်တွေဟာ အစာဆာတဲ့အခါမှာ အခက်အခဲကို ကျော်တာထက် ရေငတ်တဲ့အခါမှာ အခက်အခဲကိုကျော်တာက ပိုများပြီး ရေငတ်တဲ့အခါမှာ အခက်အခဲကို ကျော်တာထက် မိခင်စိတ်နဲ့ အခက်အခဲကို ကျော်တာက ပိုများတယ်၊ ဒီတော့ မိခင်စိတ် ဆိုတာဟာ ရေငတ်တာထက် ပိုပြီးဆိုးတာပေါ့၊ ရေငတ်ရင် လူဟာ ရူးမတတ်ခံစားရတယ်'ဟု ဆရာဦးကျော်စိန်က ဆွေးနွေး၏။

မိတ်ဆွေတစ်ဦးက 'ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်ရုပ်ရှင်ကားတစ်ခုထဲမှာ တွေ့ဖူးတယ်၊ ရေငတ်တဲ့လူတစ်ယောက်ဟာ

www.burmeseclassic.com


ရေကိုတွေ့တဲ့အခါမှာ သူ့မျက်နှာနဲ့ သူ့မျက်စိတွေဟာ ရေကို ဘယ်လောက် တပ်မက်နေတယ်ဆိုတာ ပေါ်နေတယ်၊ အဲဒီ အချိန်မှာ ရေရှိတဲ့လူတစ်ယောက်က ရေတစ်စက် နှစ်စက်ကို သူ့ရှေ့က သဲထဲကို သွန်ချလိုက်တဲ့အခါမှာ အဲဒီရေငတ်နေတဲ့သူ ဟာ သဲကို ကုန်းပြီး ပါးစပ်နဲ့ စုပ်တော့တာပဲ'ဟု ဝင်ရောက် ဆွေးနွေး၏။

ဆရာက 'ဒီတော့ ပြန်ပြီး အစကိုကောက်ရရင် မိခင်စိတ် ရဲ့ စေ့ဆော်မှုဟာ အခြားအခြားသော စေ့ဆော်မှုများထက် ကြီးပါတယ်၊ ကျွန်တော်တို့ မြန်မာတွေက ရိုးရာဓလေ့စရိုက် တွေအရ မိခင်ကို ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီး မြင်းမိုရ် တောင်ဦး မကကျူးသည့် ကျေးဇူးရှင်မွေးမိခင်လို့ သတ်မှတ်ကြ ပါတယ်၊ မိခင်စိတ် လှုံ့ဆော်မှုကြောင့် အမေဟာ ဇာဘုရင်ကို အန်တုတယ်ဆိုတာလည်း ဖြစ်နိုင်တယ်၊ ဇာဘုရင်ရဲ့ အင်ပါယာ ပေါ်မှာ အမေဟာ ဆိုရှယ်လစ်အလံ လွှင့်ထူတယ်ဆိုတာလည်း သိပ့်ွနည်းကျပါတယ်၊ ပုံပြင်ထဲက အမေလို ပကတိ မတ်စောက် နေတဲ့ တောင်ထိပ်ပိုင်းကနေ ကလေးချီပြီး ဆင်းလာတယ် ဆိုတာလည်း မဖြစ်နိုင်ဘူးလို့ ကျွန်တော်တော့ မဆိုဝံ့ဘူး'ဟု ဆွေးနွေးပြန်၏။

●

**မိခင်သည် မည်သူ့နေရာတွင်မဆို အစားဝင်နိုင်သော်လည်း သူ့နေရာကို မည်သူမျှ အစားမဝင်နိုင်။**

အမေရိကန်ဘုန်းတော်ကြီးတစ်ဦး။

## အခန်း(၈)

## တစ်ခုသော တန်ဆောင်တိုင်

တန်ဆောင်တိုင်လကို လတကာတို့တွင် အမြတ်ဆုံးလဟု ဆိုကြ၏။ ဤလတွင် ဆီမီး၊ မြူတိမ်၊ သူရိန်၊ မီးခိုး၊ ညစ်မျိုး ငါးဝ ကင်းသောလမို့ လထူးလမြတ်ဟု ခေါ်ဆိုခြင်း ဖြစ်သည်ဟုလည်း ဆိုကြသည်။

ဤလအခါတွင် အစဉ်အလာအားဖြင့် နက္ခတ်မီးသဘင်၊ တောင်ထိပ်မီးပွဲသဘင်၊ ကထိန်ပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲနှင့် ကျီးမနိုးပွဲများ ပြုလုပ်ကြသည်။

တန်ဆောင်မုန်းလသည် ကြတ္တိကာနက္ခတ်နှင့် ကျီးတာရာ နက္ခတ်တို့ စန်းနှင့်ယှဉ်ထွန်းသောလဖြစ်၏။ ကြတ္တိကာနက္ခတ် ဆိုသည်မှာ လူတို့သိနေကြသော ဖျောက်ဆိပ်ကြယ်ပင် ဖြစ်၏။

www.burmeseclassic.com


ကြတ္တိကာ နက္ခတ်ကို (ဒွဟနီ)မည်သော မီးနတ်သားက စောင့်ရှောက်သောကြောင့် ဤလ ဤရာသီတွင် မီးနတ်ဖြစ်သော ကြတ္တိကာ နက္ခတ်ကို မီးဖြင့်ပူဇော်ပွဲ ကျင်းပသည်ဟု အဆိုရှိ၏။

အချို့ကလည်း ကောင်းကင်၌မြူတိမ်ကင်းစင်၍ တောင်သူလယ်သမားတို့ လုပ်ငန်းအားချိန်တွင် ဘုရားအား ရည်စူး၍ မီးပူဇော်ပွဲ ပြုလုပ်ခြင်းဟု ဆိုကြသည်။

ဤလ ဤရာသီတွင် တောင်ထိပ်ပွဲများကိုလည်း ကျင်းပကြ၏။ တောင်ထိပ်ပွဲဆိုသည်မှာ ကောင်းကင်သည် အလွန်ကြည်လင်သောကြောင့် ဤရာသီ၌ တာဝတိံသာကိုပင် မြင်နိုင်လိမ့်မည်ဟုဆိုကာ လူတို့သည် တာဝတိံသာကိုကြည့်ရင် တောင်ထိပ်သို့ တက်ကြ၏။ တောင်ထိပ်သို့ ရောက်သောအခါ လူစုလူဝေးဖြစ်လာရာမှ ပျော်မြူးနှစ်သက်ဝမ်းမြောက်စွာ သီဆိုကခုန်ကြလေ၏။

မည်သို့ပင်ဖြစ်စေ ဤလ ဤရာသီသည် ခြေခင်းလက်ခင်းသာသောလ ဖြစ်၏။ ဤအချိန်တွင် ဘုရားပွဲ ပူဇော်ပွဲများ ပြုလုပ်ခြင်း၊ စုဝေးသီဆို ကခုန်ခြင်းများ ပြုလုပ်ကြရာမှ အစဉ်အလာ ပွဲကြီး လမ်းကြီးများ ဖြစ်လာကြဟန်တူသည်။

ရန်ကုန်မြို့တွင်တော့ တန်ဆောင်တိုင်တွင်အလွန်စည်ကားလှ၏။ အထူးသဖြင့် ရန်ကုန်အနောက်ပိုင်းတွင် ပို၍ စည်ကားလှသည်။ မီးရောင်စုံများကိုလည်း အလှထွန်းကြ၏။ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း လိုလိုတွင် ဇာတ်စင်များထိုး၍ သူငယ်များက ဘဝသရုပ်ဖော်၊ သဘာဝသရုပ်ဖော်၊ ခေတ်သရုပ်ဖော်

www.burmeseclassic.com


ဇာတ်လမ်း ဇာတ်ကွက်များကို ကပြကြ၏။ ပရိသတ်ကြီးက ဇာတ်စင် တစ်စင်မှ တစ်စင် ပြောင်း၍ကြည့်ကြ၏။

အလုံမြို့နယ်ဆင်မင်းရပ်ကွက်မှ လူငယ်များသည် နှစ်စဉ် နှစ်တိုင်း လူငယ်များကိုယ်တိုင် ပါဝင်၍ တေးသရုပ်ဖော်ကကွက် များကို စင်ထိုး၍ သရုပ်ဖော်ကြ၏။ နောက်ခံ တေးနှင့် စကားပြောများကို အသံချဲ့စက်ဖြင့် ဖွင့်ပေးပြီး ရှေ့မှ လူငယ် များက သရုပ်ဖော်ကြခြင်း ဖြစ်၏။ ဤရပ်ကွက်မှ ပတ်ခြောက် ဝိုင်းနှင့် ပဘာဝတီဇာတ်မှာ နာမည်ကြီးသည်။ ပဘာဝတီ လုပ်သူကရော မင်းကုသ လုပ်သူကပါ သရုပ်ဆောင် ပိုင်နိုင် လှ၏။ ပဘာဝတီလုပ်သူမှာ ကျွန်တော်၏ သူငယ်ချင်းဖြစ်သူ ကိုထိန်ဝင်းဖြစ်၏။ ယခုနှစ်တွင် ကိုထိန်ဝင်းက ကျွန်တော့်အား ဇာတ်လမ်းအသစ် တင်ဆက်မည်ဖြစ်၍ လာရောက်ကြည့်ရှုရန် ဖိတ်ခေါ်ခဲ့၏။ ကျွန်တော်သည် ယခင်ကဤရပ်ကွက်တွင် နေခဲ့ သူဖြစ်၍ ဤဆင်မင်းရပ်ကွက် တန်ဆောင်တိုင်ပွဲသို့ သံယောဇဉ် ရှိနေသည်။

ဖိတ်ခေါ်သည့်အတိုင်း ကျွန်တော်သွားရောက် အားပေး၏။ ဆင်မင်းရပ်ကွက်ရှိ ဆင်ရေကန်လမ်းနှင့် ဆန္ဒန်လမ်း အဆုံ ညောင်ပင်အောက်တွင် သူတို့၏ ဇာတ်စင်ကို ထိုးထား၏။ ပရိသတ်တို့မှာ လမ်းဆုံလမ်းခွတွင် တစ်လမ်းလုံးပြည့်နေသည်။ မကြာမီ တင်ဆက်ကပြတော့မည် ဖြစ်ပါ၍ ပရိသတ်များအား ထိုင်၍ အားပေးကြပါရန်ကိုလည်း အသံချဲ့စက်မှ ဟစ်အော် မေတ္တာရပ်ခံနေသည်။ သို့သော် ရာနှင့်ထောင်နှင့် ရှိနေသော ပရိသတ်ကြီးမှာ ငြိမ်၍မသွား။ ပရိသတ်ငြိမ်မှ ဇာတ်ထွက်၍

www.burmeseclassic.com


မဖြစ်၊ ဇာတ်ထွက်လျှင် ပရိသတ် ငြိမ်သွားမည်ကို သိသော လူငယ်များက သူတို့၏ ဇာတ်လမ်းအသစ်ကို စတင်ကပြပါတော့၏။

ဇာတ်စင်သည် ညောင်ပင်ရင်းတွင်ဖြစ်၍ ခမ်းခမ်းနားနားကြီး မဟုတ်။ ပထမဆုံး ဇာတ်ဝင်ခန်းကို မပြမီ အသံချဲ့စက်မှ ဇာတ်လမ်း၏နောက်ခံဇာတ်ကွက်ကို ရှင်းလင်းပြောပြပါသည်။

ရှင်းလင်းပြောပြဆဲတွင်ပင် ပရိသတ်သည် တဖြည်းဖြည်း ငြိမ်စပြုလာသည်။

●

အချိန်သည်ကား မာဂဓပြည့်ရှင် ဘုရင်အာသောကမင်း၏ စစ်သည်များသည် ကလိင်္ဂတိုင်းအား စစ်အောင်နိုင်ချိန်ဖြစ်ပါသည်။ စစ်နိုင်သူ မာဂဓစစ်သည် စစ်သားတို့သည် အောင်လံတလွင့်လွင့်နှင့် အောင်စည် အောင်မောင်းများ တီးမှုတ်ကာ အောင်ပွဲခံလျက်ရှိသည်။ စစ်မြေပြင်တွင်ကား စစ်ပွဲဝင် လင်နှင့်သားတို့ကို လိုက်ရှာနေကြသော မယားများ၊ အမေများက အလောင်းချင်းထပ်ညပ်နေကြသည့် အထဲတွင် ကိုယ့်သားနှင့် ကိုယ့်လင် ကိုယ့်သခင် ကိုယ့်နှလုံးအား ရှာဖွေလျက်ရှိကြသည်။

စစ်နိုင်သူ မာဂဓတိုင်းမှ မာဂဓသူ တစ်ယောက်ကလည်း သားနှင့် လင်ကိုရှာဖွေလျက် ရှိ၏။ စစ်ရှုံးသူ ကလိင်္ဂတိုင်းမှ ကလိင်္ဂသူ တစ်ဦးကလည်း သားကိုပိုက်၍ လင်ပျောက်ကို ရှာနေ၏။

www.burmeseclassic.com


**မာဂဓတိုင်းသူ။** မြတ်စိန္တေ ဘုရား၊ တပည့်တော်မအား သနား ကယ်တင် နှစ်ပါးတူယှဉ် ဟောဒီ ကလိင်္ဂ စစ်ပွဲမှာ ပါဝင်ခဲ့ရတဲ့ လင်နဲ့သားကို ဘုရားကျွန်မ ဖွေရှာ ရှက်ရှည်လမျှား စောင့်စားလို့ ဖြေမရှင်သာ လွမ်းမျက်ရည် မြေမှာခ တသသ ငိုကြွေးဆွေးစိတ်က ဗျာပွေ၊ ဘုရားကျွန်မ သားနဲ့လင် ဤမြေတွင်မှ ရှိပါလေရဲ့လား ဇောစိတ်ဖြာ ကျွန်မနှလုံးနဲ့ ထပ်တူမျှတဲ့သား၊ ကျွန်မလက်ရုံးနဲ့ ထပ်တူမျှတဲ့ သား၊ ကိုယ့်ရင်ခွင် ရှိစေချင်တဲ့ သဘောက ပြောဖို့မလိုပါ၊ သားမရှိတဲ့ဘဝ လူ့လောကမှာ နေပူမိုးရွာ ဝဋ္ဋာတစ်ခွင် မှန်တိုင်း လည်းဆင်၊ တစ်နေ့တစ်လှမ်း မရွေ့တမ်း တွေ့စမ်းမယ့် အချိန်အခါ သားရေ အမေလှမ်းခဲ့ပေါ့၊ စစ်မြေပြင်သို့ တစ်ခါ၊ ကလိင်္ဂ စစ်မြေပြင် ရေကြည်တစ်ပေါက်မျှ သောက်စရာမမြင်၊ သွေး ပွက်ပွက် အိုင်ထွန်းလျက်ပါရှင်။

ဇာတ်စင်လေးပေါ်တွင် စစ်မြေပြင်၏ မြင်ကွင်းကို ပြသ ထားပါ၏။ အလောင်းများ တစ်လောင်းနှင့်တစ်လောင်းထပ်၍ ညပ်နေပါ၏။ အလောင်းများအကြားတွင် စစ်အောင်နိုင်သော မာဂဓတိုင်းပြည်မှ မာဂဓသူတစ်ဦးသည် တမ်းတငိုကြွေးပူဆွေး တောက်လောင်ကာ သားနှင့်လင်ကို ရှာဖွေလျက်ရှိပါ၏။

မာဂဓတိုင်းသူလေး၏အပြောကို နောက်ပိုင်းအသံချဲ့စက်မှ ဖွင့်ပေး၍ အမျိုးသမီးလေး တစ်ဦးက မာဂဓတိုင်းသူပမာ ထွက်၍ သရုပ်ဆောင်ပေး၏။ ဆလိုက်မီး အလင်းအမှောင်

www.burmeseclassic.com


တို့ဖြင့် ကြည့်ရှုနေကြသော ပရိသတ်၏စိတ်ကို ဆွဲဆောင်နိုင်သော အခန်းပင် ဖြစ်ပါ၏။

ထိုအချိန်တွင် ဇာတ်စင်တစ်ဖက်မှ စစ်ရှုံးသည့် ကလိင်္ဂတိုင်းမှ ကလိင်္ဂသူလေးတစ်ဦး ထွက်လာပါတော့၏။ ကလိင်္ဂသူလေးသည် သားငယ်ကိုပွေ့လျက် စစ်မြေပြင်မှ အလောင်းများကြားဝယ် သူ့လင်သားကို ရှာဖွေနေပါတော့သည်။

ဇာတ်စင်ပေါ်မှ သရုပ်ဆောင်မှုများနှင့် အသံချဲ့စက်မှ အပြောအဆိုတို့သည် ချိတ်ဆက်မိမိ ပရိသတ်အား ထိန်းထားပါသည်။ ပရိသတ်သည် တစ်စတစ်စပို၍ စိတ်ဝင်စားလာပါ၏။

**ကလိင်္ဂတိုင်းသူ။** "အိုမယ့်သခင်၊ ကျွန်မလင်သား ဘယ်များဘယ်ဆီ ရောက်နေသည် မသိ၊ မြေလွှာပေါ် သေချာနော် ရှာဖွေပါသော်လည်း မတွေ့၊ အသည်းနာကျင်၊ မျှော်တလင့်လင့် တွက်ချင့်ကာပင်၊ မယားအမိုက်သားပိုက်လို့ တအားလိုက်လို့ရှာ၊ ကျွန်မဖြင့် ဟိုက်ကာမောရပါပြီရှင်"

ကလိင်္ဂတိုင်းသူသည် အလောင်းချင်း ထပ်ညပ်သည့်ကြားမှ လင်သားအား ရှာဖွေပါသော်လည်း မတွေ့၊ ရင်ခွင်မှ သားကပူပြင်းလှသည့် စစ်မြေပြင်ကန္တာရမို့ တစ်အားလှိုက်ဖို သည်းစွာငိုပါတော့သည်။

**ကလိင်္ဂတိုင်းသူ။** "တိတ်စမ်းပါ သားရယ်၊ အမေ့ကို သနားရင် တိတ်စမ်းပါ သားရယ်"

ရင်ခွင်မှသားက ဆက်၍ငိုမြဲငိုနေ၏။ကလိင်္ဂတိုင်းသူသည် စစ်မြေပြင်၌ သူ့လင်အလောင်းကို မြင်မကောင်းအောင် တွေ့သောအခါ...

**ကလိင်္ဂတိုင်းသူ။** "အို ကျွန်မသခင် မမြင်ရက်ပါလား၊ သေပွဲဝင် ဘယ်ပုံဘယ်နည်း စစ်ဖြင့်ဆုံစည်းရတယ်လို့ ကျွန်မတို့ တောသူတောင်သား ရိုးသားစွာနေတာများ သနားမညှာတာ ထုနှက်ကပင် သူ့အသက်တာ လုယက်ကာ ရက်စက်နိုင်အားပါပေ့၊ အခုတော့ အမိုက်မ ရှိုက်ရရှိုက်ရပါပြီရှင်"

လင့်အလောင်းကို မြင်ရသော ကလိင်္ဂတိုင်းသူလေးက ပြောရင်း ပြောရင်း ရှိုက်၍ရှိုက်၍ ငိုနေပါ၏။ ထိုအချိန်တွင် ဇာတ်စင်တစ်ခုလုံးကို အမှောင်ချထားပြီး ကလိင်္ဂတိုင်းသူလေးအပေါ်တွင်ကား အဝါရောင် မီးလေးတစ်ခု ခပ်မှိန်မှိန်ထိုးပေးထားသည်။ အဖြူရောင်၊ အဝါရောင် မီးမောင်းလေးသည် ကလိင်္ဂတိုင်းသူလေး၏ ပူဆွေးတောက်လောင်မှုများကို ပို၍ သရုပ်ပေါ်စေပါ၏။

အခုတော့ မမြင်ရက်စရာဖြစ်သည်။ ပဒေသရာဇ်တို့ အချင်းချင်း စစ်ပြုကြသည်တွင် ကျွန်မတို့ ရိုးသားသည့် တောင်သူ တောင်သား ပါဝင်ခဲ့ရသည်။ တစ်ဖက်နှင့်တစ်ဖက် ရက်ရက်စက်စက် သတ်ဖြတ်ရာတွင် အခုတော့ လင်သားဆုံးရှုံးခဲ့ရပြီဖြစ်သည်။

www.burmeseclassic.com


ဇာတ်စင်ပေါ်၌ ထိုကဲ့သို့ ငိုရှိုက်ရင်း ငို၍မှမစဲ၊ ရှိုက်၍မှမဆုံးသေးမီတွင် စစ်နိုင်သည့်တိုင်းမှ မာဂဓပြည့်ရှင် ဘုရင်အာသောကမင်းကြီးသည် စစ်မြေပြင်သို့ ကြွချီတော်မူလာခဲ့၏။ ဘုရင်အာသောကမင်းကြီး ကြွချီတော်မူရာတွင် ရှေ့မှစစ်သူကြီးများ၊ ရဲမက်များက လမ်းခရီးကို ရှင်းလင်းဖယ်ရှားလျက် ရှိသည်။ စစ်သူကြီးနှင့် ရဲမက်တို့က ဘုရင်ထီးဘုရား ကြွတော်မူလာပြီမို့ ဖယ်ကြရှားကြ၊ ရှိုက်သံမှမကြားရအောင် ဆောင်ရွက်နေပုံကို ဇာတ်စင်မှ လူငယ်များ သရုပ်ဆောင်ကြ၏။

အသံချဲ့စက်မှကား…

'မာဂဓတိုင်းပြည့်ရှင် ဘုရင်အာသောက မြန်းကြွတော်မူရာတွင် သဲသဲလှုပ်ရှား အသံများနှင့် စကားဆင်ခြင် ဝေးရာဥာနရှောင်ရှားကြ'ဟူ၍ အသံသည် ထွက်ပေါ်လာ၏။ ထိုအချိန်တွင် ကလိင်္ဂတိုင်းသူလေးက သားကိုပိုက်၍ လင်သေကိုဖက်ကာ ငိုရှိုက်နေပေရာ အသံချဲ့စက်မှလည်း…

"ဟဲ့…အမိုက်မ ငိုရှိုက်လှ ငါရိုက်မှထင့်"

ဟူသောအသံသည် ပေါ်လာပြန်၏။ သည်တော့မှလည်း ကလိင်္ဂတိုင်းသူလေးမှာ သားကိုပိုက်၍ ရှိုက်မျှပင် မရှိုက်ဝံ့။ လင်သေကိုဖက်၍ အားရအောင်ပင် မငိုရ မရှိုက်သောဘဝ။ သည်အဖြစ်မျိုးနှင့် ဒီအဖြစ်ဆိုးလှ၊ လင်အတွက် ပရိဒေဝ၊ သောကဖြစ်၍ လောင်မြိုက် ရှိုက်ငိုသည်ကိုပင် မငိုရရယ်လို့ တားဆီးလို့ပိတ်ပင် ကျွန်မတို့ဘဝ အဖြစ်ဆိုးလှ ကယ်မပါ မြတ်စွာစွှေ့ရယ်လို့ ဆုပန်ခြွေနေစဉ်တွင် ရင်ခွင်ထဲကသားလေးက ပို၍ပင် ငိုလာတော့သည်။

**ကလိင်္ဂတိုင်းသူ။** "ဟဲ့...သားရယ်၊ တိတ်ပါသားရဲ့၊ စစ်နိုင်သူ မာဂဓပြည့်ရှင် ဘုရင်ကြီး ကြွလာလို့ ခဏလေးတိတ်စမ်းပါ သားရယ်"

ကလေးကတော့ စစ်နိုင်သူရော စစ်ရှုံးသူပါမသိ။ ပူပြင်းလှသော စစ်မြေပြင် ကန္တာရတွင် မခံမရပ်နိုင်သောကြောင့် ဆက်၍ ငိုပြန်၏။ အမေက တိတ်စမ်းပါ တိတ်ပါဟု အကြိမ်ကြိမ်ကျိတ်ကာ ချော့ပါသော်လည်း သားငယ်က ငိုဆဲပင်ငိုနေ၏။ ထိုအခါ လင်သေအနီးမှ အမေနှင့် သားထံ မာဂဓတိုင်းစစ်သူကြီး ရောက်၍ လာတော့သည်။ စောစောက လှုပ်လှုပ်ရွရွဖြစ်နေသော ပရိသတ်ကြီးသည် တုတ်တုတ်မျှ မလှုပ်ကြတော့။

**ကလိင်္ဂတိုင်းသူ။** "အမယ်လေး...ကျွန်မရင်သွေး လူမမည်လေးမို့ မသိလို့ငို အပြစ်ဆိုမထား ခွင့်လွှတ်လို့ သနားပါရန် ကျွန်မ အတန်တန်ရှိခိုးပါရဲ့၊ အပြစ်ဆိုလျှင် ကျွန်မကိုပင် သတ်ပါတော့။

အမေက သားကိုဖက်၍ရှိခိုးလို့ တောင်းပန်ကာ ငိုသံနှင့် ပြောရှာသည်။

**စစ်သူကြီး။** "ဟယ်... ဒီကလေး၊ ထီးဘုရားသခင် ကြွလာစဉ် ငိုကြွေးပူပြင်း သင်းကိုပင် အခုအတွင်း ရှင်းလင်းသို့ သုတ်သင်၊ သင်းပါးစပ်ကို ပိတ်ဖို့အရေး မနှေးဘဲခုစီစဉ်"

စစ်သူကြီးသည် သားကိုဆွဲ၍ သတ်တော့မည့်ဟန် ပြုလေ၏။ ငြိမ်နေသော ပရိသတ်၏ ရင်များသည် တဒိန်းဒိန်းနှင့် တုန်လှုပ်ခံစားလာရသည်။ ထိုအချိန်တွင် မာလကျင်ပိတ်ကို ဆေးဆိုးထားသော ကားလိပ်လေးသည် တဖြည်းဖြည်းကျလာ၏။ ပွဲစထွက်စဉ်က နောက်တီးနောက်တောက် လုပ်နေကြသော လမ်းသရဲ သုံးလေးကောင်သည်ပင်လျှင် ငြိမ်နေကြ၏။ သစ်ခေါက်ဆိုးထားသော မာလကျင် ကားလိပ်လေးသည် တဖြည်းဖြည်း ပြန်တက်လာသည်။ ပရိသတ်သည် မည်ကဲ့သို့သော မြင်ကွင်းကို ထပ်၍မြင်ရလေဦးမလဲဟု စိတ်စောနေ၏။

ယခုတစ်ကြိမ်တွင်တော့ မာဂဓပြည့်ရှင် ဘုရင်အာသောကမင်း၏ မိဖုရားကြီးသည် သူ၏ သားတော်လေးနှင့် ပျော်ရွှင်မြူးတူးစွာ ကစားနေသော မြင်ကွင်းသည် ပေါ်လာ၏။ ပရိသတ်က မမျှော်လင့်သော ဇာတ်ဝင်ခန်းမို့ ပို၍ စိတ်ဝင်စားလာ၏။ ထိုအခိုက် ကလိင်္ဂတိုင်းသူသည် သားလေးကို ပွေ့လျက် မိဖုရား၏ခြေတော်ရင်း၌ ဝပ်စင်းကာ ကယ်မဖို့အရေး ခွင့်တောင်းရှိုကြိုး လျှောက်တင်လေ၏။ ဇာတ်စင်လေးဝယ် မီးများအားလုံးကို ဖွင့်လိုက်သည်။

ပရိသတ် စိတ်နှလုံးသည်လည်း ထိုင်းမှိုင်းနေရာမှ မီးရောင်နှင့်အတူ အနည်းငယ် လင်းလာပြန်သည်။ သို့သော် မည်သို့မည်ပုံ ဖြစ်လာမည်ကိုကား စိတ်စောနေကြဆဲ ဖြစ်၏။

ဇာတ်စင်ပေါ်မှ ဆင်မင်းလူငယ်တို့က မိမိတို့ဆွဲခေါ်ရာသို့ လိုက်ပါလာကြသော ပရိသတ်၏ စိတ်နှလုံးကို တုံးတုံးချငိုကြွေးမလာစေရန် ဖန်တီးလိုက်ခြင်းလည်း ဖြစ်ဟန်တူ၏။

www.burmeseclassic.com


မိဖုရားကြီးက သားသေနှင့် ကလိင်္ဂတိုင်းသူအားကြည့်ရင်း ကရုဏာစိတ်ထား သနားကြီးသနားစွာဖြင့် ယုယစွာ ကြည့်ရှုပြုစုလေသည်။

ထိုအခါ ကလိင်္ဂတိုင်းသူလေးက သားသေကို မိဖုရားထံ ထိုးပြလိုက်လေ၏။ မိဖုရားကြီးက အသည်းတလှပ်လှပ် ရင်တဖိုဖိုနှင့် ဖြစ်နေရသည်။

**ကလိင်္ဂတိုင်းသူ။** “အို...ဒေဝထိပ်ခေါင်တင်ဘုရား၊ တိုင်းသူပြည်သား ရင်ဝယ် သနားပါလျှင် ကျွန်မဒုက္ခ တင်ပြပါရစေရှင်...၊ ကယ်မဖို့အရေး ကျွန်မက ရှိခိုးဦးခိုက်သံတော်ဦးတင်”

ကလိင်္ဂတိုင်းသူ အမေသည် သားသေနှင့်အတူ မိဖုရားကြီး၏ခြေဖဝါး၌ ဦးခိုက်လိုက်လေ၏။

**မိဖုရားကြီး။** “အို...အမိရယ်၊ သားသေကိုပိုက် မချိဖွယ်ဖြစ်အင်၊ မိဖုရားသနားလိုက်ပါဘိ၊ ဖြစ်သမျှကြောင်းခြင်းရာ ရှင်းလင်းစွာ သံတော်ဦးတင်”

**ကလိင်္ဂတိုင်းသူ။** “ဘုရား ကျွန်မ ရင်သွေး ဖွေးဖွေးစင်စင် အပြစ်ဟူ၍ မြူမှေးမှမတင်၊ အခုတော့ အဖြစ်ဆိုးနဲ့ကြုံရပါပေါ့ မိဖုရားသခင်၊ အရှင့်အာဏာပါးကွက် လုံချက်က ပြင်းပါ၍ သွေးခြင်းခြင်းနီ၊ အသက်ပါဆုံးရှုံးမှု တရားဆင်ခြင်၊ ဒေဝီထိပ်ထားသခင်မ၊ အမိုက်မအတွက် သားတရားကိုစီရင်၍ အပြစ်ပေးတော်မူပါစေချင်”

နောက်ပိုင်းမှ အဆိုကလည်း ကရုဏာသက်လှ၏။

www.burmeseclassic.com


မိဖုရားကြီးသည် မိမိ၏ရင်သွေးငယ်ဖြင့် ကိုယ်ချင်းစာကာ သားသေပိုက်သော ကလိင်္ဂတိုင်းသူ သူဆင်းရဲမအား အာသောက ဘုရင် မင်းတရားကြီး၏ ရှေ့တော်မှောက်သို့ သွင်းခဲ့လေသည်။ ပရိသတ်သည် ဘုရင်ကြီးက မည်ကဲ့သို့သော ဆုံးဖြတ်ချက်ချမည်ကို စိတ်စောလာကြ၏။

**မိဖုရားကြီး။** "ဘုန်းတော်ကြီးလှ ထီးဘုရား သခင် အာသောကရာဇာ အရှင်၊ ရှေ့တော်ဝပ်စင်း ခစားရင်းနှင့် ခံပြင်းရှိုက်ငင်၊ သူ့အား ခုပင်ရှုစားတော်မူပါတော့ သင်းအဖြစ်ကဆိုးလှ ဆင်းရဲသူမလေး သနားစရာပင်၊ တရားမျှတအောင်ပင် မင်းဘုရားအမှုတရားစီရင်၊ ဆင်းရဲသူမအစား ဘုရားကျွန်မ လျှောက်တင်"

မိဘုရားကြီးက ကလိင်္ဂတိုင်းသူလေး၏ ကိုယ်စားဖြစ်ပျက်ပုံတို့ကို ဘုရင်အာသောက မင်းတြားကြီးအား လျှောက်တင်လေ၏။ နန်းရင်ပြင် တစ်ခုလုံးနှင့်အတူ ပရိသတ်သည်လည်း ငြိမ်နေပေ၏။

ဘုရင်းမင်းတြားကြီးသည် သားသေတစ်လှည့် ဆင်းရဲသူမကို တစ်လှည့်ကြည့်နေသည်။ ဘုရင်ကြီးက ဆင်းရဲသူမအား သားကို မည်သူသတ်သည်ကို သိပါ၏လောဟု မေးသောအခါ ဆင်းရဲသူမက သိပါကြောင်း လျှောက်တင်ထား၏။

ထိုအခါ မာဂဓတိုင်းမှ စစ်သူကြီးများကို နန်းရင်ပြင်တွင် မတ်တပ်ရပ်စေ၍ သားသတ်သူအားရှာဖွေရန် ဘုရင်ကြီးက ခွင့်ပေးလေ၏။ သားသေကိုပိုက်ရင်း ကလိင်္ဂတိုင်းသူ မိခင်က လူသတ်သမားကို ရှာဖွေတော့၏။ အသည်း၌ စွဲနေသော

www.burmeseclassic.com


မလွဲသည့် သားသတ်သမားကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့တော့သည်။

ထိုအခါ မင်းတြားကြီးက ကလိင်္ဂတိုင်းသူအား သူ၏ သန်လျက်ကိုအပ်၍ ဤနန်းရင်ပြင်၌ပင် လက်စားချေရန် ခွင့်ပြုလိုက်၏။သားကိုသတ်သော စစ်သူကြီးသည် ကလိင်္ဂတိုင်းသူ၏ ရှေ့မှောက်တွင် ဒူးကိုတုပ်လျက် ရောက်ရှိနေပါ၏။ ကလိင်္ဂတိုင်းသူသည် သူ့လက်ထဲမှ ဓားကို အပြန်ပြန်အလှန်လှန်ကြည့်လိုက်သည်။ စစ်ဘုရင်မင်းတြားကြီးကိုယ်တိုင် ကိုင်စွဲတော်မူသော သန်လျက်ဓား ဖြစ်ပေ၏။

အာသောက ဘုရင်၏ မိဖုရားခေါင်ကြီးသည် မိမိ၏ ရင်သွေးကိုပိုက်ကာ ကလိင်္ဂတိုင်းသူအား ကရုဏာမေတ္တာပွား၍ ကြည့်နေ၏။ နန်းရင်ပြင်သည်ကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ စစ်အောင်နိုင်သူ စစ်သူကြီးတို့သည် အသက်ကိုမျှပင် မရှူဝံ့ကြ။

ထိုအချိန်တွင် ကလိင်္ဂတိုင်းသူ မိခင်က

'ဟောဒီဓားနဲ့ သွေးများကိုဖောက်သောက်ရမယ် တကယ်ပင်၊ ငါ့သားအတွက် လက်စားချေချင်'

ဟု ဆိုလိုက်၏။

ကလိင်္ဂတိုင်းသူမိခင်သည် အာသောက မင်းတြားကြီး၏ သန်လျက်ကို မြှောက်လျက် ဒူးတုပ်၍ ဦးငုံ့လည်စင်းပေးရှာသော စစ်သူကြီးထံသို့ တိုး၍သွားသည်။ မိခင်သည် စစ်သူကြီးကို သေသေချာချာ ကြည့်နေသည်။ ထိုနောက် မိခင်သည် အံကိုကြိတ်ရင်း ဓားသန်လျက်မြှောက်၍ ကိုင်လိုက်ပြီး ဓားဖြင့်

www.burmeseclassic.com


စစ်သူကြီးအားမထိုးဘဲ သူ့ကိုယ်သူ ထိုးချလိုက်တော့၏။ အမေသည် ရင်ဝတွင် ဓားတန်းလန်းဖြင့် ဒူးထောက်လျက် ကျသွားရှာသည်။

ထိုအခါ အာသောကမင်းကြီးက

**အာသောကဘုရင်။** "အို ဆင်းရဲသူမ၊ သင့်ဘဝ သင်မခင်၊ အသွင်ထူးခြား ဘာကြောင့်များ ပြုအားလေသည်၊ သင့်ဖြစ်အင် ချင့်သနားလို့ ငါ့အား လျှောက်တင်စေချင်၊ ရွှေစိတ်တော်မကြည်လင်"

ဟု မေးလေ၏။

**ကလိင်္ဂတိုင်းသူ။** "ဘုရား ကျွန်မ လျှောက်ထား ပါမည်။ ရွှေနားတောင်ဆင်၊ လောက ကမ္ဘာတစ်ခွင်၊ မိခင်နှလုံးသားထက် ကြီးမားခံ့ထည်မှု နှိုင်းပြုစရာမမြင်၊ ကျွန်မသားကို သတ်သလို သူ့ကို ကျွန်မ မသတ်ရက်ပါရှင်၊ သူသေပါလျှင် သူ့မိခင် ဘယ်လိုခံစားရမည်၊ ကျွန်မခံစားမိပါသည် အရှင်၊ ကျွန်မပူဆွေးရသလို သူ့မိခင်ပူဆွေးရမည်အမှန်ပင်၊ ကျွန်မအတွက် တစ်ခုသော မိခင်၏နှလုံးပူဆွေးရမည်ကို ကျွန်မ မလိုလားပါသခင်၊ ဟောဒီဓားနဲ့ လက်စားချေပါလျှင် သွေးများရဲတောက် သူ့မိခင် မျက်ရည်ပေါက်တို့က အစက်အပေါက်တသွင်သွင် ဒီဖြစ်အင်ကို ကျွန်မ မမြင်ရက်လိုပါ အရှင်၊ မမြင်ရက်လိုပါ အရှင်၊တစ်ရာ့တစ်ပါးသော မိခင်ငိုကြွေးရှိုက်ငင်၊ သည်းအူမျက်ရှင် မတွေးဝံ့ပါရှင်၊ မိခင်ချင်းစာနာညာတာလို့ ဆင်ခြင်၊ ကျွန်မဘဝ၊ ကျွန်မလင်၊ ကျွန်မသား ဒီဘဝ ဒီမျှနဲ့သာ ရှိပါစေတော့လို့ ရှိခိုးလျှောက်ထားအပ်ပါသည် အရှင်"

www.burmeseclassic.com


မိခင်သည် ပြောဆို ငိုကြွေးရင်းမှ ဓားတန်းလန်းဖြင့် လဲကျ သေဆုံးသွားတော့သည်။

မာလကျင်ပိတ်ကို ဆေးဆိုးထားသော ကားလိပ်လေးသည် တဖြည်းဖြည်းကျ၍ လာပြန်တော့၏။ ဆင်မင်းလူငယ်များ၏ တန်ဆောင်တိုင် တေးသရုပ်ဖော်ခန်းမှာ ဤည ဤမျှသာပင် ဖြစ်ပါ၏။

တန်ဆောင်တိုင် သရုပ်ဖော် ဇာတ်လမ်းလေးကား ပြီးဆုံးသွား၏။ ပရိသတ်သည် ဗြုန်းခနဲ မထသေးဘဲ ငိုင်နေ၏။ ကျွန်တော် ကိုယ်တိုင်သည်လည်း ပရိသတ်နှင့်အတူ မထနိုင်သေးဘဲ ရှိနေသည်။ သားသေသည့် အဖြစ်ကို ကျွန်တော် ကိုယ်တိုင် တွေ့ဖူးပါ၏။ ကျွန်တော် ကိုယ်ချင်းစာမိပါ၏။

ပရိသတ်သည် မထချင့်ထချင့်နှင့် ထသွားကြတော့၏။ သူတို့၏ နှလုံးသားများထဲတွင် ကရုဏာစိတ်၊ စာနာစိတ်များသည် ယိုဖိတ်နေပါ၏။ ကျွန်တော်သည်လည်း ပရိသတ်နှင့်အတူ ကျွန်တော်၏ ခြေလှမ်းများသည်လည်း လေးပင်နေ၏။ ကျွန်တော် အခု အိမ်သို့ပြန်ရမည်။ သို့သော်လည်း ပြန်နိုင်လောက်အောင်ကား ခွန်အားမရှိ။

●

**လောကကို အလှဆင်ကြရာတွင် တစ်ခုတည်း တစ်ဦးတည်း အလှ ဆင်၍ မရ။ ဆယ်စု ရာစု ထောင်စု စသည်ဖြင့် စုပေါင်း၍သာ အလှဆင်ရ၏။ သို့သော် မိခင်သည် ဤကမ္ဘာ၌ အလှအပကို ဖန်တီး ရာတွင် အဖော်မပါ အတွဲမပါ တစ်ဦးတည်းသာ ဖန်တီးသူ ဖြစ်၏။**

လူငယ်လေ့လာသူ အမေရိကန် ဖခင်တစ်ဦး။

# အခန်း(၉)

## မိခင်သောက

သားသေဆုံး၍ ဖြစ်ပေါ်လာသော သောကကို မဆိုထားဘိ၊ သားသမီး ပျောက်ဆုံး၍ မိခင်တို့တွင် ဖြစ်တတ်သည့် သောကပမာဏသည်ပင် ကြီးမားလွန်းလှသည်။

ကျွန်တော်တို့ငယ်စဉ်က ဝေဿန္တရာ ဇာတ်တော်ကြီးကို သင်ရသည်။ ဝေဿန္တရာ ဇာတ်တော်ကို ဗုဒ္ဓဘာသာဝင်မြန်မာ အားလုံးကို သိကြသည်။ ဝေဿန္တရာမင်းကြီးသည် အလှူအတန်း ရက်ရောသူတစ်ဦးဖြစ်၏။ မည်သည့် ဖုန်းတောင်းယာစကာပင် ဖြစ်စေ မင်းကြီးဝေဿန္တရာ၏ အလှူဇရပ်သို့ ရောက်ရှိလာပါက မရ၊ မဝ၊ မလောက်ဟူ၍ မရှိစေရ။ မင်းကြီး ဝေဿန္တရာသည် ဥပေါသထ ဆင်ဖြူတော်ကို လှူ၏။ ဇနီးနှင့် သားသမီးများကို လှူဒါန်း၏။

www.burmeseclassic.com


မင်းကြီး ဝေဿန္တရာသည် ဆင်ဖြူတော်ဥပေါသထကို လှူဒါန်းခြင်းကြောင့် ဟိမဝန္တာသို့ အနှင် ခံရလေသည်။ ဝေဿန္တရာမင်းကြီး ဟိမဝန္တာတောအတွင်း၌ သီတင်းသုံးနေစဉ် ဇူဇကာပုဏ္ဏားသည် သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန် တို့အား လာရောက် အလှူခံလေသည်။ ထိုအခါ ဝေဿန္တရာ မင်းကြီးသည် တွန့်တိုခြင်းမရှိဘဲ မဟာပထဝီမြေကြီးကို ပဲ့တင် ထပ်စေပြီး သားနှင့် သမီးအား လှူဒါန်းလေ၏။ သားဇာလီနှင့် သမီး ကဏှာဇိန်တို့အား လှူဒါန်းချိန်တွင် မဒ္ဒီဒေဝီသည် သစ်သီး ဝလံများ ရှာဖွေရန် တောတွင်းသို့ ရောက်ရှိနေ၏။

ထိုနေ့က မဒ္ဒီဒေဝီသည် 'ငါသည် ယနေ့အိပ်မက်မကောင်း မြင်မက်သည်ဖြစ်၍ စိတ်မချမ်းမသာ ဖြစ်ခဲ့၏။ စောစော နေ မဝင်မီပင်လျှင် ဤရသမျှသော သစ်သီး သစ်မြစ်တို့ကို ယူ၍ ပြန်တော့အံ့'ဟု နုနယ်ပျောင်းညံ့သော ကိုယ်ဖြင့် တုန်လှုပ်လျက် ပြန်မည်ပြုသည်တွင် လက်ယာဘက်မှ တူရွင်းသည်လည်း လွတ် ကျ၏။ လက်ဝဲပခုံးမှ ခြင်းတောင်းသည်လည်းကောင်း၊ တံချူ သည်လည်းကောင်း လွတ်၍ ကျ၏။ လက်ယာ မျက်စိလည်း လှုပ်၏။ အသီးသီးကုန်သော သစ်ပင်တို့သည်လည်း အသီး မသီးသကဲ့သို့ ထင်ကုန်၏။ အရပ်ဆယ်မျက်နှာတို့၌လည်း သွား ရမည့် လမ်းကို မထင်ကုန်။

ထိုအခါ မဒ္ဒီဒေဝီသည် 'ငါ့အားအသို့နည်း၊ရှေ့က ဤကဲ့သို့ မဖြစ်ဖူး၊ ယခု ဖြစ်ဖူးမြဲ ဖြစ်လာသည်၊ ငါ့အား အန္တရာယ် တည်းဖြစ်အံ့လော၊ ထိုသို့မဟုတ် ငါ့သား ငါ့သမီး၏ အန္တရာယ် တည်း ဖြစ်အံ့လော၊ ထိုသို့မဟုတ်မူ မင်းကြီး ဝေဿန္တရာ၏

www.burmeseclassic.com


အန္တရာယ်တည်းဖြစ်အံ့လောဟု တွေးတောရ၍မရ’ဟူ၍ ငိုကြွေးမြည်တမ်းလျက် မိမိနေရာ ကျောင်းသင်္ခမ်းသို့ သွားလေ၏။ ထိုသို့ သွားစဉ်ပင်လျှင် တောရိပ်ကွယ်သဖြင့် နေသည်လည်း ဝင်ခဲ့၏။ နတ်တို့ ဖန်ဆင်းသော သားရဲသုံးခုတို့သည်လည်း မဒ္ဒီဒေဝီ လာသောခရီး၌ ရင်ဆိုင်ဝပ်လျက် နေရာကထ၍ ခြသေ့်၊ ကျားသစ်အသွင်ဖြင့် အစဉ်အတိုင်း လမ်းကို ပိတ်၍ နေလေ၏။

ထိုအခါ မဒ္ဒီဒေဝီသည် ဤကဲ့သို့ ငိုကြွေးမြည်တမ်း၏။

‘နေလည်းဝင်ခဲ့ပြီ၊ နေရာကျောင်းသင်္ခမ်းသည်လည်း ဝေးသေးစွ၊ ထိုကျောင်းသင်္ခမ်း၌ ငါ့လင်၊ ငါ့သား၊ ငါ့သမီးတို့သည် ငါဆောင်အပ်သောသစ်သီး သစ်မြစ်တို့ကိုသာလျှင် သုံးဆောင်ကြရကုန်၏။ အချိန်တန်၍ မရောက်သည်ရှိသော် အဘယ်သို့ နေရှာကြလိမ့်မည်နည်း။

‘ငါ့သား၊ ငါ့သမီးတို့သည် ညစာစားအံ့သောအခါ အမိမဲ့သောသမင်ငယ်သည် နို့ရည်ကို တောင့်တသကဲ့သို့ တောင့်တမျှော်မှန်းရှာလိမ့်တကား။

‘နွားငယ်သည် အမိကို ခရီးဦးကြိုဆိုဘိသကဲ့သို့ အမိနှင့်ကင်းသော ငါ့သား၊ ငါ့သမီးတို့သည်လည်း ငါ့ကို ခရီးဦးကြိုဆိုလျက် တ သကုန်မြဲတကား။

‘မောင် သားရဲအပေါင်းတို့၊ သနားချစ်ခင်ကြင်နာခြင်းဖြင့် ကျောင်းသင်္ခမ်း၌ ညစာ မစားရသေးသော သားငယ် သမီးငယ်တို့ကို လည်းကောင်း၊ သားသမီးမျက်နှာကို မြင်လိုသော ငါ့ကို လည်းကောင်း ထောက်စာသနားသဖြင့် သွားရာလမ်းကို ပေးပါ

www.burmeseclassic.com


ကုန်လော့’ဟု ပြောဆိုကာ မဒ္ဒီဒေဝီသည် သစ်သီးတောင်းကို ခေါင်းမှချပြီးလျှင် လက်အုပ်ချီ၍ ရှိသေစွာ ရှိခိုးပြီး သားရဲတို့ကို တောင်းပန်သတည်း။

ထိုအခါ ခြင်္သေ့၊ ကျားသစ်အသွင် ဖန်ဆင်းထားသော နတ်သား သုံးယောက်တို့သည် အချိန်အခါကို မှတ်၍ မဒ္ဒီဒေဝီအား လမ်းပွင့်ပေးလေ၏။ မဒ္ဒီဒေဝီလည်း မိမိနေရာ ကျောင်းသင်္ခမ်းသို့ ပြန်သွားလေ၏။ ထိုနေ့ကား လပြည့်ဥပုသ်နေ့တည်း။ မဒ္ဒီဒေဝီသည် ကျောင်းသင်္ခမ်း စင်္ကြံဦးသို့ရောက်သော် ထိုထိုသော အရပ်တို့၌ သားသမီးတို့ကို ကြည့်ရှု၍ မမြင်လျှင် ဤသို့ဆို၏။

‘နွားငယ်သည် အမိကိုမြင်လျှင် ရှေ့မှ နောက်မှ တွန်မြည်ကြွေးကြော် ကြိုဆိုမြူထူးဘိသကဲ့သို့ လည်းကောင်း၊ သမင်သားငယ်တို့သည် အမိကို မြင်လျှင် နားရွက်နှစ်ဘက်ကို ချီ၍ လည်ဆံကို ဆန့်လျက် အမိဆီသို့ ရှေးရှု ပြေးသဖြင့် ရှေ့မှ နောက်မှ နှစ်လိုကြည်ညို ကြိုဆို မြူးထူးဘိသကဲ့သို့ လည်းကောင်း နေ့တိုင်းလျှင် တောအရပ်မှပြန်လာသော ငါအမိအား ငါ့သား ငါးသမီးတို့သည် ခရီးရင်ဆိုင် ပြေးလာ၍ ကြိုဆို မြူးထူးကြကုန်၏။ တော၌ သစ်သီးသစ်မြစ်ရှာမှီး၍ ပင်ပန်းတုံ့သော်လည်း သားသမီး မျက်နှာကို မြင်ရသဖြင့် အပင်အပန်းပျောက်ငြိမ်း၏။ ယခုမူကား ငါ့သား ငါ့သမီး ဇာလီ၊ ကဏှာဇိန် မောင်နှမတို့ကို ငါ မမြင်ရခဲ့တကား။

‘အစာရှာလိုသော ဆိတ်မသည် ဆိတ်သားငယ်ကိုစွန့်၍ အစာရှာသကဲ့သို့လည်းကောင်း၊ အစာရှာလိုသော ငှက်မသည်

www.burmeseclassic.com


အသိုက်၌ ၄က်သားငယ်တို့ကိုထားခဲ့၍ အစာရှာသကဲ့သို့ လည်းကောင်း၊ အစာရှာလိုသော ခြသေ့မသည် ဂူတွင်း၌ ခြသေ့ငယ်ကို ထားခဲ့၍ အစာရှာသကဲ့သို့လည်းကောင်း ငါသည်လည်း အစာရှာလိုသောကြောင့် သားငယ် သမီးငယ်တို့ကို ကျောင်းသခ်မ်း၌ ထားခဲ့၍ အစာရှာခဲ့၏။ ယခု ငါ့သား ငါ့သမီး ဇာလီ၊ ကဏှာဇိန် မောင်နှမတို့ကို မမြင်ရခဲ့တကား။

'သာနုမည်သော တောင်ထိပ်၌ ဆင်တို့၏ ခြေရာမထင်သကဲ့သို့ မြေမှုန်ဖြင့်ရောသော သဲပြင်၌ ငါ့သား ငါ့သမီးတို့ ခြေရာမထင်ခဲ့တကား။ ငါ့သား ငါ့သမီးတို့သည် ငါလာသည်ကို မြင်လျှင် မနီးမဝေးကပင် မြေမှုန့်အလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် ခရီးဦးကြိုဆိုလာကြလျက် ရှေ့မှ နောက်မှ နံပါးမှလည်းကောင်း ပြေးခုန်မြူးတူးကြကုန်၏။ ယခုမူကား ငါ့သား ငါ့သမီးတို့သည် ဘယ်မှာရှိပါလိမ့်နည်း။ နေ့တိုင်းမှာကား ဆိတ်မသည် အစာရှာ၍ ပြန်သည်ရှိသော် ဆိတ်သားငယ်တို့သည် အမိမျက်နှာကို ကြည့်ကုန်လျက် လိုက်သကဲ့သို့ ငါ့သား ငါ့သမီးတို့သည် မြေမှုန့်အလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် အမိသို့ ကပ်၍ နေ၏။ ယခု မမြင်ရခဲ့တကား။

'နေ့တိုင်းလျှင် ငါ့သား ငါ့သမီးတို့သည် မိခင်လာသည်ရှိသော် ပြေးလာကြသဖြင့် ကစားစရာအလို့ငှာ ဥသျှစ်သီးလှည့်တို့ကို ပေးရကုန်၏။ ယခု မမြင်ရခဲ့တကား။ နေ့တိုင်းမှာမူ ကျောင်းသခ်မ်းသို့ ရောက်သောအခါ ရင်ခွင်ပေါ်မှ ငါ့သား ငါ့သမီးတို့သည် မြေမှုန့်အလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် လူးလည်ပျော်ပါးကြကုန်၏။ ယခု မမြင်ရခဲ့တကား။ နေ့တိုင်းမှာမူ

www.burmeseclassic.com


သူတစ်ပါး မရှိသော်လည်း သားသမီးနှင့်နေရခြင်းကြောင့် ဤကျောင်းသင်္ခမ်းသည် ပွဲသဘင်ကဲ့သို့ ဖြစ်၏။ ယခု သားသမီးတို့ကို မမြင်ရသော ငါ့အား ဤကျောင်းသင်္ခမ်းသည် သုသာန်တစပြင်ကဲ့သို့ ခြောက်ခြောက်ကပ်ကပ် ဖြစ်ခဲ့၏ တကား။ အကြောင်းအသို့နည်း။

နေ့တိုင်းကား ကျီး၊ ဥဩအစရှိသောငှက်တို့သည် တွန်မြူးကုန်၏။ ယခုမူကား ထိုငှက်အပေါင်းတို့သည် သေကုန်လေသလော၊ ကျောင်းသင်္ခမ်းသည် မည်သည့်အသံကိုမျှ မကြား၊ တိတ်ဆိတ်ဘိ၏ တကား’ဟု ငိုကြွေးမြည်တမ်းလျက် ဘုရားအလောင်းအနီးသို့ သွား၍ သစ်သီးတောင်းကို ဦးခေါင်းမှချပြီးသော် ဘုရားလောင်း၏အပါး၌ သားငယ်သမီးငယ်တို့ကို မမြင်တစ်ယောက်ထီးတည်း တိတ်ဆိတ်နေသော ဘုရားအလောင်းကို မြင်လျှင် ဤသို့ မေး၏။

‘အရှင်မင်းကြီး…အကြောင်းအသို့နည်း။ အဘယ့်ကြောင့် မတုန်မလှုပ် တိတ်ဆိတ်နေတော်မူဘိသနည်း။ အကျွန်ုပ် နံနက်မိုးသောက်ထက မြင်မက်သော အိပ်မက်နှင့် ညီစွတကား။ ယခု ဤအရပ်၌ ဥဩငှက်တို့သည်လည်း မတွန်မမြည်ကြကုန်၊ အကျွန်ုပ်၏ သားငယ် သမီးငယ်တို့သည် သေလေကုန်သလော၊ သို့မဟုတ် ဆိတ်ညံ့စွာသော ဤတောအရပ်၌ အကျွန်ုပ်တို့ သားငယ် သမီးငယ်တို့ကို ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတို့ စားလေကုန်သလော။ အဘယ်သူသည် သားငယ် သမီးငယ်တို့ကို ဆောင်ယူလေသနည်း။ ထိုသို့မဟုတ်မူ အရှင်မင်းကြီးသည်

www.burmeseclassic.com



သားငယ် သမီးငယ်တို့ကို ဘိုးတော် သိဥ္စည်းမင်းကြီးထံ စေတုတ္တရာပြည်သို့ စေလွှတ်တော်မူသလော။

'ထိုသို့မဟုတ်မူ ချစ်ဖွယ်သောစကားကို ဆိုတတ်သော သားသမီးတို့သည် ကျောင်းသင်္ခမ်းတွင်း၌ အိပ်ပျော်နေသလော။ ပြင်လွင်တစ်ပါး ထွက်သွား၍ ကစားမြူးထူးကြလေသလော။ ယခု သားသမီးတို့၏ ဆံပင်ကိုလည်းကောင်း၊ ရွှေကွန်ရက်နှင့် တူသော လက်ခြေကိုမျှလည်းကောင်း အကျွန်ုပ် မမြင်ရခဲ့တကား။ ထိုသို့မဟုတ်မူ သားငယ် သမီးငယ်တို့ကို ဟတ္ထိလိင်္ဂသကုဏဟု ဆိုအပ်သော ငှက်ဆင်တို့သည် သုတ်ချီလာသလော၊ အဘယ် သူသည် အကျွန်ုပ်၏ သားငယ် သမီးငယ်တို့ကို ဆောင်ယူလေ သနည်း။' ဤသို့မဒ္ဒီဒေဝီသည် ကိုးကွယ်ရာမရ ငိုမြည်တမ်းလျက် မေးလျှောက်သော်လည်း ဘုရားလောင်းသည် တစ်ခွန်းသော စကားကိုမျှ ပြန်၍ မပြော။ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ မဒ္ဒီဒေဝီသည် 'အရှင်မင်းကြီး၊ အဘယ်ကြောင့် အကျွန်ုပ်အား စကားပြောတော်မူခြင်းကို မပြုသနည်း'ဟု ဆို၍ ဤသို့ မေးလျှောက်ပြန်၏။ 'အရှင့်သား၊ အကျွန်ုပ်တို့သည် ပြည်မှ နှင်ထုတ်သည်ဖြစ်၍ တော၌ နေကုန်သော်လည်း သား သမီးတို့ဖြင့် ပျော်ပါးရကုန်၏။ ထိုသို့ မိဘတို့၏နှလုံးကို ရွှင်ပြုံး ပျော်ပါးစေတတ်သော သားသမီးတို့ကို ယခု မမြင်ရသော အကျွန်ုပ်အား ပြင်းစွာသော ဆင်းရဲခြင်းသည် ဖြစ်၏။ ထို ဆင်းရဲခြင်းထက်ပင်လျှင် အကျွန်ုပ်နှင့် စကားမပြောဘဲ အရှင် သား နေတော်မူသဖြင့် အလွန်သာ၍ပင် ဆင်းရဲပြန်ဘိ၏။

www.burmeseclassic.com


'စပါးကြီးမြွေကိုက်၍ပင်ပန်းသောသူကို ပုတ်ခတ်ဘိသကဲ့သို့ လည်းကောင်း၊ ထန်းပင်ထက်မှကျသောသူကို ရိုက်ခတ်ဘိသကဲ့သို့ လည်းကောင်း၊ သွေးပြည်ယိုစီးလျက် နာကျင်စွာသော အနာကို ထက်စွာသော ဆူးငြောင့်ဖြင့် ထိုးဘိသကဲ့သို့ လည်းကောင်း သားသမီးတို့ကို မမြင်ရ၍ ပင်ပန်းသော အကျွန်ုပ်အား အရှင့်သားသည် စကားမပြောဘဲ တိတ်ဆိတ်နေသောအားဖြင့် အကျွန်ုပ်နှလုံးကို အလွန်နာကျင်အောင် ပြုပြန်ဘိ၏။ အရှင့်သား အကျွန်ုပ်နှင့် ယနေ့ညဉ့်ပတ်လုံး အကယ်၍ စကား မပြောမဆို နေတော်မူသည် ဖြစ်အံ့၊ မနက်ဖြန် မိုးသောက်သောအခါ ထွက်သင်ဝင်သက် မရှိဘဲ သေခြင်းသို့ ရောက်သော အကျွန်ုပ်၏ အလောင်းကိုသာ အရှင့်သား မြင်တော်မူလတ္တံ့'ဟု ဆို၏။

ထိုအခါ ဘုရားအလောင်းသည် သားနှင့် သမီးအကြောင်းကို မပြောဘဲ သားသမီးတို့၌ စိုးရိမ်ခြင်း ပျောက်ပျက်စိမ့်စေအံ့ဟုကြံပြီးလျှင် ဥပါယ်တံမျဉ်ဖြင့် အဘယ်ကြောင့်ဤမျှနောက်ကျရ ရလေသနည်း ဆိုလေ၏။ မဒ္ဒီဒေဝီသည် တောတွင်းလမ်းခရီး၌ သားရဲသုံးခုတို့ ပိတ်ဆီးဝန်းရံနေသောကြောင့် နောက်ကျရသည့် အကြောင်းကို ပြန်ပြောသော်လည်း ဝေဿန္တရာမင်းကြီးက ထိုညဉ့်ပတ်လုံး နေအရုဏ်တက်သည့်တိုင်အောင် တစ်ခွန်းသော စကားကိုမျှ မိဖုရားအား ပြန်၍မပြောဘဲ တိတ်ဆိတ်သာနေလေ၏။ ထိုအခါ မဒ္ဒီမိဖုရားသည် စိတ်၏ပင်ပန်းခြင်းဖြစ်၍ အထူးထူးအပြားပြားသော စကားဖြင့် ဤသို့ ငိုမြည်းတမ်းပြန်

www.burmeseclassic.com



၏။ 'ဆံကျင်ထုံးလျက် ရသေ့အသွင်ဖြင့် ရှာသူတို့၏အကျင့်မှ ကြဉ်၍ ဗြဟ္မစရိယဟု ဆိုအပ်သော မြတ်သောအကျင့်ကို ကျင့်လျက် ဝတ်ငါးပါးနှင့် ပြည့်စုံသော တပည့်သည် ဆရာကို လုပ်ကျွေးသကဲ့သို့ လင်ဖြစ်သောမင်းကြီးအား ငါသည် ခြေဆုပ်ခြင်း၊ လုံ့လထကြွပြုခြင်း စသည်တို့ဖြင့် လုပ်ကျွေး၏။ သားသမီးတို့အားလည်း မဆင်းရဲစေရမူ၍ ကောင်းစွာ ကျွေးမွေး၏။

'ငါ၏ ရင်သွေးရင်နှစ် ချစ်သား ချစ်သမီးတို့ သင်တို့ အဘယ်မှာနေကြကုန်သနည်း။ မိခင်ထံလာပါကုန်လော့။ မိခင်သည် သင်တို့ငတ်မွတ်ဆင်းရဲမည်ကိုစိုးသောကြောင့် ညဉ့်နေ့မဆို သွားလာလှည့်လည်၍ သစ်သီးသစ်မြစ်ရှာရ၏။ တောမှ မိခင်ပြန်ရောက်လျှင်လည်း နေ့တိုင်း နေ့တိုင်း မောပန်းသည်မရှိ။ ချစ်သား ချစ်သမီးတို့အား ရွှေအဆင်းနှင့်တူသော နနွင်းဥကို သွေး၍ ရေချိုးပြီးလျှင် ကသယ်မှုန့်ပြုစိမ့်သောငှာ ပေး၏။ သားသမီးတို့ ကစားစိမ့်သောငှာ ဥသျှစ်သီး မှည့်ကိုလည်း မိခင် ဆောင်ခဲ့၏။ ဤ ဥသျှစ်သီးဖြင့် ချစ်သား ချစ်သမီးတို့ ကစားလေကုန်လော့။ သားသမီးတို့ သုံးဆောင်စေခြင်းငှာ ကြာစွယ် ကြာရင်းတိုကိုလည်းကောင်း၊ ဝတ်ဆံနှင့်တကွသော ကြာနားတောင်းကိုလည်းကောင်း၊ ပျားမွဲအရသာကဲ့သို့ ချိုစွာသော ကက္ကုသီးကိုလည်းကောင်း မိခင်ဆောင်ခဲ့၏။ ချစ်သား ချစ်သမီးတို့ လာလှည့်ကုန်၍ ခမည်းတော်မင်းကြီးနှင့်အတူ သုံးဆောင်ကြကုန်လော့။

www.burmeseclassic.com


'သိဝိရာဇ်တိုင်းသူတို့သခင်ဖြစ်တော်မူသောအရှင်မင်းကြီး၊ အကျွန်ုပ် ရေကန်မှ ဆောင်ယူခဲ့သော ဤပဒုမ္မာကြာကို သားတော်ဇာလီအား ပေးတော်မူပါလော့၊ ဤကြာညိုပန်းကို သမီးတော် ကဏှာဇိန်အား ပေးတော်မူပါလော့။ ထိုပန်းတို့ကို ပန်ဆင်စေလျက် သားတော် သမီးတော်တို့ကို သာယာစွာသော သီချင်းသံဖြင့် သီ၍ ကစိမ့်သောငှာ ခေါ်တော်မူပါလော့။ အရှင်မင်းကြီး သားသမီးတို့ကို မြင်လို၏။ ရှိလျှင် ပြတော်မူပါလော့။ သားသမီး ရှိလျက်ဖြင့်မူ အဘယ်ကြောင့် အကျွန်ုပ်ကို ပူဆွေးခြင်းဖြင့် နှိပ်စက်၍ အသက်ဆုံးအောင် ပြုတော်မူဘိသနည်း။

'အရှင်မင်းကြီး၊ အကျွန်ုပ်တို့ကို ခမည်းတော်မင်းကြီး ပြည်မှနှင်ထုတ်၍ ဤတောအရပ်၌ သားသမီးနှင့်တကွ နေကြရသည်ရှိသော် ချမ်းသာမကွဲ ဆင်းရဲအတူ ဆိုးတူကောင်းဖက် စုံမက်ချစ်ခင်သော အကြင်လင်နှင့် မယားဖြစ်ပါလျက် အရှင်မင်းကြီးသည် ကျွန်မ မဒ္ဒီအား သားသမီးတို့ကို မမြင်စေရသည်ဟု ကျိန်ဆဲတော်မူယောင်သကဲ့သို့ အကျွန်ုပ် ထင်၏ တကား'ဟု မဒ္ဒီဒေဝီသည် အထူးထူးအပြားပြား သနားစဖွယ် ငိုမြည်တမ်းသော်လည်း မိဖုရားနှင့် တစ်ခွန်းသော စကားကိုမျှ ဖက်ပြိုင် ပြန်လှန်၍မပြော တိတ်ဆိတ်သာလျှင် ဘုရားလောင်းသည် နေတော်မူ၏။

မဒ္ဒီဒေဝီသည် ဘုရားလောင်းက တစ်ခွန်းသောစကားကိုမျှ ပြန်၍မပြောနေလေသော် ပြင်းစွာတုန်လှုပ်လျက် ဘုရားလောင်း

www.burmeseclassic.com


ထံမှ ထခဲ့၍ ထိုညဥ့်ပတ်လုံး လ၏ အရောင်ဖြင့်သွား၍ ရှေး၌ သားငယ်သမီးငယ်တို့ ကစားဖူးသော အရပ်တို့၌ ရှာ၏။ ထိုသို့သော သစ်ပင်ရင်းသို့ ရောက်သည်ရှိသော် ဤသပြေပင် ရိပ်ကား ငါ့သား ငါ့သမီးတို့ ကစားမြဲအရိပ်တည်း။ ဤ ယင်းရည်းပင်၊ ရေဥနှဲပင်၊ ညောင်ကြတ်ပင်၊ ပညောင်ပင်၊ ညောင်ဗုဒ္ဓဟေပင်၊ ပိန္နဲပင်၊ သီးပင်၊ ဤပန်းပင် သစ်ပင်ရင်းတို့၌ မရှိခဲ့တကားဟု ငိုကြွေးလျက် ဤမည်သော သစ်ပင်ရင်းတို့၌ ငါ့သား သမီးတို့ ကစားမြဲတည်း။ ထိုသစ်ပင်ရင်းတို့၌ ငါ့သား ငါ့သမီးတို့ကို မမြင်ခဲ့ရတကားဟု ငိုကြွေးလျက် မြစ်ဆိပ်သို့ သွားပြန်၍ ဤမြစ်သည် ချမ်းမြ အေးကြည်သောရေ ရှိ၏။ ငါ့သား ငါ့သမီးတို့ ကစားမြဲတည်း။ ယခု မမြင်ရပါတကားဟု မြည်တမ်း၍ တောင်ထိပ်သို့ တက်ပြန်၏။

ထိုတောင်ထိပ်၌ ဤမည်သောပန်းတို့ကို ငါ့သားငါ့သမီးတို့သည် ဆွတ်ယူ၍ ပန်ဆင်ကုန်မြဲတည်း။ ယခု မမြင်ရပါတကား။ ဤမည်သော သစ်သီးတို့ကို ဆွတ်ယူ၍ စားကုန်မြဲတည်း။ ဤသစ်ပင်တို့၌ မရှိခဲ့တကားဟု ငိုကြွေးလျက် တောင်ထိပ်မှ ဆင်းသက်ခဲ့၍ ကျောင်းသခ်မ်းသို့ ရောက်ပြန်လျှင် ဤအရပ်ကား ငါ့သား ငါ့သမီးတို့ ကစားသော ဆင်ရုပ်၊ မြင်းရုပ်၊ နွားလားရုပ်တို့တည်း။ ထိုအရုပ်တို့ဖြင့် ကစားမြဲဖြစ်လျက် ယခု မရှိခဲ့တကားဟု လှည့်လည်ငိုကြွေး၏။ ထိုအခါ မဒ္ဒီဒေဝီ မိဖုရား၏ ငိုကြွေးသံဖြင့် လည်းကောင်း၊ သွားလာသော ခြေသံဖြင့် လည်းကောင်း သားငှက်တို့သည် ထိတ်လန့်၍ ခုန်ပြေး ပျံဝဲ

www.burmeseclassic.com


ကြကုန်၏။ ထိုသားငှက်တို့ကိုမြင်တိုင်း မြင်တိုင်းလျှင် မဒ္ဒီဒေဝီ သည် ဤသို့ ငိုကြွေး၏။

ဤရွှေသမင်၊ ဒရယ်၊ ယုန်၊ ဝံပိုင် တောသားအပေါင်းတို့ နှင့်ငါ့သား၊ ငါ့သမီးတို့သည် အတူတကွ ကစားကုန်၏။ ယခု မမြင်ရခဲ့တကား။ ဤရွှေဟင်္သာ၊ ကြိုးကြာ၊ ဥဒေါင်း အစ ရှိသော ငှက်တို့နှင့် ငါ့သား ငါ့သမီးတို့သည် ရှေး၌ အတူ ကစားမြဲတည်း။ ယခု မမြင်ခဲ့ရတကားဟု ငိုကြွေး၍ ကျောင်း သင်္ခမ်းမှ တစ်ဖန်ထွက်လျှင် တောအုပ်သို့ပြန်ဝင်၍ ထိုထိုသော အရိပ်တို့ကို မျှော်ကြည့်ပြီးလျှင် အပွင့်အသီးတို့ဖြင့် တန်ဆာ ဆင်အပ်သော ဤတောအုပ်တို့သည် အလွန်မွေ့လျော်ဖွယ် ရှိ၏။ ဤတောအုပ်၌ ငါ့သား ငါ့သမီးတို့သည် ရှေး၌ ကစား ကုန်မြဲတည်း။ ယခုမမြင်ရတာကားဟု ငိုကြွေးလျက် ရေကန်သို့ သွားပြန်၍...

ဤရေကန်သည် ဟင်္သာ၊ စက္ကဝက်၊ ဝမ်းဘဲ၊ ငှက်တို့ဖြင့် ယှက်သန်း မြူးပျံ ကျူးသံရင့်အေးလျက် မွှေးကြိုင်ရနံ့ သင်းပျံ့ သော ဟင်းရမ့်၊ ကတောက်၊ မျောက်လှေကူးနှင့် အထူးထူး သော ကြာညို၊ ကြာဖြူ၊ ကြာပုဏ္ဍရိတ်၊ ကြာတံဆိပ်၊ ကြာပဒုမ္မာ တို့သည် ပျားပိတုန်းတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍ အလွန် မွေ့လျော်ဖွယ်ရှိ၏။ ဤရေကန်ဝယ် ငါ့သား ငါ့သမီးတို့ ရှေး၌ ကစားရွှင်မြူးကြဲမြဲတည်း။ ယခု မမြင်ရတကားဟု ငိုကြွေး မြည်တမ်းလျက် ထိုထိုသောအရပ်သို့ လှည့်လည်၍ ရှာပါသော် လည်း သားငယ် သမီးငယ်များကို မမြင်ခဲ့ရသော် တစ်ဖန်

www.burmeseclassic.com


ဘုရားအလောင်းထံသို့ သွားပြီးလျှင် ညှိုးနွမ်းသော မျက်နှာဖြင့် မှိုင်တွေကာနေသော ဘုရားလောင်းမျက်နှာကို မြင်၍ ဤသို့ လျှောက်ပြန်၏။

'အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် နေ့တိုင်းမူ ထင်းကို ပေါက်ခွဲခြင်း၊ ရေကိုဆောင်ယူခြင်း၊ မီးမယ်ဖျူး၍ မီးညှိခြင်း ဤသုံးပါးသော ကိစ္စကို ပြုမြဲတည်း။ ယခုကား တစ်ခုခုသော ကိစ္စကိုမျှမဆောင်ဘဲ အဘယ်ကြောင့် ညှိုးနွမ်းသောမျက်နှာဖြင့် ပညာမရှိသူကဲ့သို့ စိုးရိမ်တော် မူဘိသနည်း။ အရှင်မင်းကြီး၏ အမူအရာကို အကျွန်ုပ်မနှစ်သက်။ အရှင်မင်းကြီး၊ အကျွန်ုပ်အား မင်းကြီးနှင့်တူ၍ ချစ်ခင်သောသူမည်သည် မရှိ။ မင်းကြီးကိုသာလျှင် ကိုယ်ထက်လွန်၍ချစ်၏။ ထိုသို့ချစ်ခင်ကြင်နာလှသော မင်းကြီးနှင့်အတူတကွ ပေါင်းဖော်ရသော အကျွန်ုပ်သည် တောအရပ်၌ ဆင်းရဲပင်ပန်းစွာ သစ်သီးသစ်မြစ် ရှာရသော်လည်း မင်းကြီးမျက်နှာကို မြင်ရသဖြင့် ပင်ပန်းခြင်း ဆင်းရဲဟူသမျှ ပျောက်၍ ပျော်ရွှင် ငြိမ်းအေးခြင်း ဖြစ်မြဲတည်း။

'ယခုမူကား ချစ်လှစွာသော အရှင့် မျက်နှာကို မြင်ရတုံ သော်လည်း စိတ်ပင်ပန်းခြင်းဆင်းရဲ မပျောက်ဘဲ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းသာလျှင် ဖြစ်ခဲ့၏။ ထိုသို့ အကျွန်ုပ်ဖြစ်ရခြင်းသည် သားသမီးတို့ကို မမြင်ရ၍ မေးလျှောက်သည်ဖြစ်လျက် မမြွက်မပြန် အရှင်မင်းကြီး နေတော်မူဘိသောကြောင့် ပူဆွေးခြင်း ဖြစ်ရ၏'ဟု မြည်တမ်း ငိုကြွေးသော်လည်း ဘုရားလောင်းသည် မတုန်မလှုပ်သာလျှင် နေဘိ၏။

www.burmeseclassic.com


ထိုသို့ စကားမပြောဆိုဘဲ ဘုရားအလောင်း နေသည် ရှိသော် မဒ္ဒီဒေဝီသည် လှင်ကန်ဖြင့် ပုတ်ခတ်သော ကြက်မ ကဲသို့ပြင်းပြစွာ တုန်လှုပ်လျက် မိမိသွားမြဲသော အရပ်သို့ သွား၍ တစ်ဖန်ပြန်သဖြင့် ဤသို့ ငိုကြွေးမေးလျှောက်ပြန်၏။ 'အရှင်မင်းကြီး၊ ယခု သားငယ်များကို အကျွန်ုပ် မမြင်ခဲ့ရ တကား၊ အဘယ်သူသည် ဆောင်ယူအပ်လေသနည်း။ သေလေ ကုန်သလော၊ ကျီး၊ ဥသြငှက်တို့ကိုမျှလည်း ယခုမမြင်ရခဲ့တကား၊ သားငယ် သမီးငယ်တို့သည် သေခဲ့ယောင်တကား'ဟု ငိုကြွေး ငြားသော်လည်း ဘုရားအလောင်းသည် တစ်ခွန်းသောစကား ကိုမျှမဆို။ ထိုသို့ မင်းကြီးနေပြန်သဖြင့် မဒ္ဒီဒေဝီသည် ထိုထို သောအရပ်သို့ သွားလေပြန်၍ လျင်မြန်ခြင်းဖြင့် လှည့်လည် မွှေနှောက်လျက် တစ်ညဥ့်ပတ်လုံးရှာဖွေ၏။

ထိုတစ်ညဥ့်ပတ်လုံး သုံးကြိမ်တိုင်အောင် မဒ္ဒီမိဖုရားသွား သောခရီးကိုချင့်တာသည်ရှိသော် တစ်ဆယ့်ငါးယူဇနာအတိုင်း အရှည်ခန့်ရှိ၏။ ထိုညဥ့်မိုးသောက်၍ နေအရဏ်တက်လတ်သော် မဒ္ဒီဒေဝီသည် ဘုရားလောင်းထံသို့လာ၍ ပြင်းစွာသော ငိုကြွေး ခြင်းဖြင့် ဤသို့ ငိုကြွေး၏။ 'အရှင်မင်းကြီး၊ အကျွန်ုပ်သည် တောသို့ လည်းကောင်း၊ တောင်ထက်သို့ လည်းကောင်း၊ ကျောက်ဂူကမ်းပါးပြတ်၊ ချောက်၊ ထုံးအိုင်၊ ရေကန်၊ မြစ်ဆိပ်၊ သစ်ပင်ရင်းတို့ကိုလည်းကောင်း တစ်ညဥ့်ပတ်လုံး လှည့်လည်၍ ရှာပါတုံသော်လည်း သားသမီးတို့ကို မမြင်မတွေ့ ဖြစ်ခဲ့၏။ အကျွန်ုပ် သားသမီးများသည် မချွတ်လျှင် သေချာသည် ထင် ၏'ဟု ငိုကြွေး၍ ထိပ်ထက်လက်စုံချီလျက်လျှင် ရှေ့ငှက်ပျောပင်

www.burmeseclassic.com


ကို အရင်းက ဖြတ်သကဲ့သို့ မတ်တတ်ပင် မိန်းမောမူးဝေ၍ ဘုရားလောင်း ခြေရင်း၌ လဲလေ၏။

ဤသည်မှာ သားပျောက်သောအမေ၏ သောကဖြစ်၏။ သားသေသော အမေ၏ သောကကား ဆိုဖွယ်ရာမရှိ။

ကျွန်တော်၏ဇနီးသည် နေ့ခင်း အလုပ်လုပ်ရ၏။ ညနေစောင်းတွင် ဘတ်စ်ကား တွဲလောင်းခိုစီး၍ သားကြီးထံသို့ အပြေးလာသည်။ အိမ်တံခါးကို ခေါက်သည်နှင့် တစ်ပြိုင်နက် သူတွေ့လိုသည်မှာ သားဖြစ်၏။ သားကို မတွေ့လျှင် ကျီးကန်းတောင်းမှောက်ကြည့်၍ သားပျောက်ကို ရှာတော့၏။ 'သားဘယ်သွားလဲ၊ ဘယ်မှာလဲ'ဟု အိမ်ရှိလူကုန်မေးသည်။ သားကိုတွေ့မှ တစ်နေ့တာ သူ့တာဝန်ပြီးဆုံးတော့သည်။

တစ်ခါတစ်ရံ သားက သူ့အမေကိုပုန်းနေတတ်၏။ အမေသည် သားပုန်းနေမှန်းသိ၍ တစ်အိမ်လုံးစေ့စေ့ပေါက်ပေါက် ရှာသည်။ ဒီတစ်ကြိမ်တွင် သားက ခုတင်အောက် ဝင်ပုန်းနေ၏။ အငြိမ်မနေတတ်သော သားသည် အခုမှ အသံလုံလှသည်။ အမေက တစ်အိမ်လုံး တရစပ်အော်၍ ခေါ်၏။ သားက ထွက်မလာ။

အမေသည် သားကို တွေ့လိုဇောက ပိုများလာသည်။ သို့သော်လည်း ရှာမရသည့်အဆုံးတွင် ထိုင်၍ ငိုချလိုက်တော့သည်။ အမေငိုမှပင် သားက အောင်နိုင်သူလို ထွက်လာသည်။ အမေ့ရင်ခွင်သို့ ပြေးဝင်၍ အမေ့မျက်နှာကို ကြည့်သည်။

www.burmeseclassic.com


ထိုအခါ အမေ့မျက်နှာသည် လငပုပ်ခံတွင်းမှ ထွက်လာသော လစန္ဒာနှယ်ရှိလာသည်။ မျက်ရည်စများနှင့် ပြုံးပြုံးကြီးသားကို ကြည့်၍ နမ်းရှာသည်။

သား ဤအိမ်ထဲတွင် ရှိနေသည် သိပါလျက် ရှာမတွေ့နိုင်သဖြင့် အမေသည် မျက်ရည်ကျရရှာ၏။

သားနှင့်သမီး သေသည်မသိ၊ ရှင်သည်မသိ မတွေ့ရသော မဒ္ဒီသည် မည်မျှခံစားရမည်နည်း။ မဒ္ဒီဒေဝီသည် သားသမီးဓောဖြင့် တစ်ညဥ့်တာအတွင်း ခရီးယူဇနာ တစ်ဆယ့်ငါးယူဇနာတိုင် သားသမီးရှာထွက်ခဲ့၏။

ယခင်က မင်းလေးပါးနေသော ကျောင်းသင်္ခမ်းသည် ပွဲလမ်းသဘင်ကဲ့သို့ ဖြစ်၏။ ယခု သားသမီးတို့ မရှိသော ကျောင်းသင်္ခမ်းသည် သုသာန်တစပြင်ကဲ့သို့ ခြောက်ခြောက်ကပ်ကပ်သာရှိသည်ဟု မဒ္ဒီဒေဝီက ထင်မှတ်ခဲ့ပါသတည်း။

●

**ကမ္ဘာလောကကြီးအား လက်ရှိ မကောင်းသော**
**အခြေအနေများမှ ကင်းစင် ပပျောက်အောင်**
**ပြုပြင်လိုလျှင် မိခင်များနှင့်သာ**
**စတင် လုပ်ဆောင်ကြရမည်။**

ချားလ်(စ်)ဆိုင်မွန် (၁၇၉၈–၁၈၅၆)
အမေရိကန်လူမျိုး ဘုန်းတော်ကြီးနှင့် စာပေပညာရှင်။

## အခန်း(၁၀)

## မျောက်မကြီး

စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်သည် ကျွန်တော့်အား ချစ်ခင်သူ ပေါသော မြို့နယ်တစ်ခုဖြစ်သည်။ ကျွန်တော် ဒီပဲယင်းသို့ သွားသော် မြို့နယ်မှ ပုဂ္ဂိုလ်များက သွားချင်ရာကို လိုက်ပို့ပေးသည့်အပြင် လိုချင်သည်ကိုလည်း မရအရ ရှာဖွေပေးတတ်ကြသည်။

တစ်ခုသောနွေဦးက ဒီပဲယင်းမြို့နယ်သို့ ကျွန်တော်ရောက်သွားသည်။ မြို့နယ်သို့ရောက်သော် ကျွန်တော်က သမင်ပစ်ချင်သည်ဟု ပူဆာ၏။ ဥပဒေအရတော့ သမင်ကို တကယ်တမ်း ပစ်ခွင့်မရှိ။ သို့သော် သမင်များသည် မြေပဲခင်း၊ ပဲခင်းများ၌ လာရောက်စားသောက်ကြသောအခါ မောင်းရင်းလှန့်ရင်းဖြင့် သမင် သေသွားလျှင်လည်း အပြစ်တော့ မရှိပေ။

www.burmeseclassic.com


ဤသည်ကိုပင် အခွင့်ကောင်းယူ၍ မုဆိုးတို့က သမင်ပစ်ကြသည်။

သမင်ပစ်ချင်သော်လည်း သမင်ပစ်ရသည်မှာ တကယ်လက်တွေ့တွင် မလွယ်ကူပါ။ သမင်သည် အလွန်နားပါးသောသတ္တဝါဖြစ်၍ ချွတ်ခနဲ၊ ချက်ခနဲမြည်လျှင် သိ၏။ အကျွမ်းကျင်ဆုံးသော လူများတွင် အားနည်းချက် တစ်ခုရှိစမြဲဟုဆိုသည့်အတိုင်း သမင်သည် နားပါးသော်လည်း သံနှင့်သံရိုက်သော အသံမျိုးကို ဖျတ်ခနဲကြားလိုက်လျှင်မူ ဘာသံပါလိမ့်မလဲ ဟူသော သိချင်စိတ်ဖြင့် အသံလာရာဘက်သို့ စူးစိုက်ကြည့်တတ်၏။ ထိုသို့ စူးစမ်းလိုစိတ်သည် သူ၏ အားနည်းချက် ဖြစ်၏။ အသံလာရာဘက်သို့ စူးစိုက်၍ ကြည့်နေချိန်တွင် မုဆိုးက လျင်လျင်မြန်မြန် ချိန်သားကိုက် မောင်းကိုဖြုတ်ရ၏။

အချို့သော သမင်များသည် ထိုအသံမျိုးကို ကြားရပါကပြေးနေရာမှပင် ရပ်၍ ကြည့်သည်ဟု ဆို၏။ တချို့ကလည်းသမင်ပစ်ရာတွင် လှည်းနှင့်ပစ်၏။ မုဆိုးသည် လှည်းပေါ်မှထိုင်လိုက်၍ သမင်သွားလာနေကျ နေရာများတွင် လှည်းကိုဖြတ်မောင်းသည်။ ထိုအခါ သမင်သည် နွားလှည်းကို အထူးအဆန်းအဖြစ် စိုက်ကြည့်နေတတ်၏။ လူရောနွားရော လှည်း၏ အသံပါ ပေါင်းစုလိုက်သော် သမင်အဖို့ ထိုပစ္စည်းသည် ဆန်းနေမည်မှာ အမှန်ပင် ဖြစ်၏။ ထိုကဲ့သို့ လှည်းအား စိုက်ကြည့်နေချိန်တွင် သမင်ကို မုဆိုးက လှည်းပေါ်မှ ပစ်လိုက်ရသည်။

www.burmeseclassic.com


ကျွန်တော်တို့သည် သမင်ပစ်ရန် ဒီပဲယင်းမြို့နယ်အတွင်းမှ **နှော** ဟုခေါ်သောအရပ်သို့ ထွက်ခဲ့ကြ၏။ ထွက်ခဲ့ပြီး နောက် တစ်နေ့ နံနက်စောစောတွင် ကျွန်တော်တို့အုပ်စုမှ သမင်တစ် ကောင် ရလိုက်သည်။ မုဆိုးနှင့်အဖွဲ့သည် နံနက်စောစော ကပင်ထွက်၍ ခြေရာကောက်ကာ ထွက်လိုက်ကြဟန်တူ၏။ သို့သော်လည်း ကျွန်တော်က သိပ်မကျေနပ်ပေ။ ကျွန်တော် သည် သမင်ပစ်ရာသို့ ကိုယ်တိုင်လိုက်ချင်သောစိတ် ရှိသူဖြစ် ၏။ သမင်ပစ်သည့် အတွေ့အကြုံကို ကိုယ်တိုင်ခံစားလိုသူဖြစ် ၏။ ထိုအခါ မုဆိုးက 'ဆရာတို့က နေ့လယ်မှလိုက်စမ်းပါ။ အခုဟာက မနက်စာအတွက် သွားရှာလာတာ၊ ဒါမှမရှိရင် ဘာမှ စားစရာမရှိဘူး'ဟု ပြန်ပြော၏။

သမင်လိုက်ခြင်းသည် ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှု နယ်ပယ်ဝယ် အတော်ခေတ်စားသောအလုပ်ဖြစ်၏။ အကတွင် လည်း သမင်လိုက်အကရှိ၏။ ဝတ္ထုများ၊ ပုံများ၊ နိပါတ်များ တွင်လည်း သမင်နှင့် မကင်းနိုင်ပေ။ ရာမဇာတ်တော်ကြီးတွင် သမင်သည် အလွန်အရေးကြီးသလို သုဝဏ္ဏသာမ ဇာတ်တွင် လည်း သမင်မပါလျှင်မပြီး။ ပီဋိယကွမ်းကြီးသည် သမင်သား စားလိုသောကြောင့် တိုင်းပြည်နှင့် မင်းစည်စိမ်ကို စွန့်ကာ တောသို့ ထွက်လာခဲ့၏။ အလှအပကို ဖွဲ့ဆိုရာတွင်လည်း သမင်လည်ပြန်၊ သမင်မျက်လုံးတို့သည် ရှေ့တန်းမှ ဥပမာပေးခံ ရသော အရာများဖြစ်၏။ အပြေးမြန်သော ခြေထောက်များ အတွက် စိတ်ပျက်နေပြီး လှပသော ချိုအတွက်ဂုဏ်ယူမိသော သမင်ပျိုသည် ကြခတ်ရုံ၌ ချိုငြိနေ၍ ရုန်းမရသောပုံသည် အလှ

အပမက်မောသူတို့အတွက် အကောင်းဆုံးသင်ခန်းစာကို ပေးသည့် သမင်ပုံပြင်တစ်ခု ဖြစ်၏။

ကျွန်တော်သည် သမင်ကို တိရစ္ဆာန်ရုံထဲတွင်သာ တွေ့ဖူးသည်။ တောထဲတွင် သဘာဝအလျောက် ပြေးလွှားနေသော သမင်ကို ကျွန်တော်မြင်ဖူးချင်၏။ ဤသည်မှာ ကျွန်တော့်ဆန္ဒဖြစ်၏။ မကြာမီရလာသော သမင်ကို ဖျက်ကြသည်။ သမင်ဖျက်ရင်း တစ်ဦးက…

“ဒီသမင်က သားသည်အမေဗျ”

ဟုဆိုလိုက်၏။ ထိုအခါ သူတို့က နို့အုံကြီးကို လက်ညှိုးထိုးပြ၏။

သမင်မ၏ နို့အုံကြီးမှာ တင်းကား၍ နေတော့သည်။ နို့အုံထဲတွင် နို့များအပြည့်ရှိနေဟန်တူ၏။ တစ်ယောက်က

“မနက်ပိုင်း နို့တောင်မတိုက်ခဲ့ရသေးဘူးနဲ့ တူတယ်’ဟုဆို၏။ အခြားတစ်ယောက်က ‘အဲဒီနားမှာ သမင်လေးရှိဦးမယ်ဗျ’ဟု ဆိုလိုက်၏။ ကျွန်တော်သည် အမူမဲ့ အမှတ်မဲ့ပင်နေလိုက်ပြီး…

‘အဲဒီသမင်အရေ ကျွန်တော်ယူမယ်ဗျာ’ဟု ပြောကာ သမင်ဖျက်နေရာမှ ပြန်ထွက်လာခဲ့၏။

ထမင်းဝိုင်းသို့ရောက်သော် သမင်မ၏နို့အုံကို ရောက်ရွက်နှင့်သုပ်ထားသည်မှာ အရသာထူးလှ၏။ သမင်မ၏ နို့အုံကို

www.burmeseclassic.com


မပေါက်မပြဲအောင် အုံလိုက်ထုတ်ယူရသည်။ ထို့နောက် နို့အုံကို ရေနွေးနှင့်ပြုတ်ရ၏။ ထိုအခါ နို့ဆုံသည် ခဲသွားသည်။ ခဲသွားသော နို့အုံကိုပါးပါးလှီးကာ ဆီချက်နိုင်နိုင်တွင် ရောက်ရွက်နှင့်ရော၍သုပ်ထားသည်မှာ ဆိမ့်နေတော့၏။ သမင်နို့အုံသုပ်က တစ်မျိုးကောင်းသလို သမင်အသားကလည်း ထူးခြား၏။ ကျွန်တော်တို့အဖွဲ့ထဲတွင် ဒီပဲရင်းဘဏ်မန်နေဂျာဦးအောင်နိုင်လည်းပါရာ ဦးအောင်နိုင်က သမင်သားကို မဆလာအမျိုးမျိုးနှင့် မြည့်နေအောင် ချက်ထားသည်မှာ ပီဠဲယကွမင်း နန်းစွန့်မည်ဆိုကလည်း စွန့်နိုင်စရာအကြောင်းရှိသည်ဟု ဆို၏။ သမင်သားအခြောက်ကို မီးဖုတ်၍ ဆီစစ်ကလေး ဆမ်းစားပါက လျှာပေါ်တွင်ပင် အရည်ပျော်သွားသည်ဟု ထင်ရ၏။ သမင်သားအခြောက်ကို မီးဖုတ်ရာတွင် အမဲခြောက်ဖုတ်သလို တူးကြွပ်နေအောင် မဖုတ်ရ။ သမင်သားသည် နူးညံ့သော အသားဖြစ်ပေရာ အတော်အတန် မီးအုံရုံမျှဖြင့် ထုထောင်းစား၍ရ၏။

နေ့လယ်ပိုင်းတွင်တော့အခဲမကျေပွဲကိုဆင်နွှဲရန် ကျွန်တော်သည် သမင်ပစ်ရာသို့ မုဆိုးနှင့်လိုက်၍ သွားသည်။ မုဆိုးသည် သမင်ခြေရာကိုကောက်၍ လိုက်သည်။ တစ်နေရာတွင် မုဆိုးက

'သမင်ဒီနားမှာပဲရှိတယ်၊ ဟောဒီခြေရာကအသစ်၊ ဟောဒါက သမင်သေးပန်းသွားတာ'ဟူ၍ပြသည်။ ကျွန်တော်သည် သမင်တွေ့ရမည်ဆို၍ မျက်တောင်ပင် မခတ်ဝံ့။ သို့သော် သမင်ကိုကား အလွယ်တကူမတွေ့ရပေ။ ကျွန်တော်တို့ ဆက်၍ သွားကြသည်။ တစ်နေရာတွင် သစ်ရိပ်များက အုံ့ဆိုင်းနေရာ

www.burmeseclassic.com


မွန်းတည့်နေရောင်သည် ဖျာသုံးလေးချပ်စာရှိသော ကွက်လပ်တွင် တည့်တည့် ထိုးကျနေ၏။ ကျွန်တော်တို့သည် တောအုပ်ထဲမှ ဖြစ်သော်လည်း နေထိုးနေသော ကွက်လပ်ကို မြင်နေရသည်။ မုဆိုးက လက်ညှိုးတစ်ချောင်းကို ထောင်လျက် ငြိမ်နေရန် သတိပေးလိုက်၏။ သမင်တစ်အုပ်သည် ယင်းကွက်လပ်အတွင်းသို့ ဝင်လာသည်။ သမင်ဖိုကြီး တစ်ကောင်နှင့် သမင်မ သုံးလေးကောင်ပါ၏။ သမင်ပေါက်ကလေးလည်း ပါသည်။ သို့သော် အတော်ကြီးနေပြီ ဖြစ်၏။ မုဆိုးက ရွှတ်ခနဲ အသံပေးလိုက်ရာ သမင်အုပ်သည် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ကြ၏။

လှလိုက်သည့်မြင်ကွင်း။

မြင်ကွင်း၏နောက်ခံမှာ အလွန်ခမ်းနားသော ဇာတ်ခုံကြီးတစ်ခုပေါ်တွင် အစိမ်းရောင်ကတ္တီပါ ကားကြီးများအကြား၌ အပေါ်မှ ဆလိုက်မီးထိုးထားသလို ရှိ၏။ မီးရောင်တည့်တည့်တွင်ကား သမင်ဖိုကြီးသည် အခက်အတက်ဝေဝေဆာဆာနှင့် သူ့ချိုကြီးကို မြှင့်ထားရင်း နားစွင့်ကာ ပြန်လည်စိုက်ကြည့်နေ၏။ သမင်မများသည်လည်း လည်ပြန်၍ ကြည့်နေကြသည်။ သမင်ပေါက်ကလေးသည် ကြားညပ်နေ၍ ကျွန်တော်က ထိုသမင်ပေါက်ကလေးကို မြင်သာအောင် ရပ်၍ ကြည့်လိုက်၏။ သမင်အုပ်သည် ဖြုတ်ခနဲ တောထဲဝင်ကာ ပျောက်သွား၏။

မုဆိုးသည် တောက်တစ်ချက်ခတ်လိုက်ရင်း...

'ပစ်သာ ပစ်လိုက်ရလို့လားတော့ဗျာ၊ အနည်းဆုံး သုံးလေးကောင် ကျန်ခဲ့စေရမယ်'ဟု ဆိုလိုက်၏။

www.burmeseclassic.com


ကျွန်တော်သည် ညော့်သည်ဖြစ်သည်က တစ်ကြောင်း၊ ကျွန်တော့်အတွက် သက်သက်သမင်လိုက်ထွက်လာခြင်းကြောင့် တစ်ကြောင်းမို့သာ ကျွန်တော် သက်သာသွားခြင်းဟု ထင်၏။ သို့မဟုတ်ပါက မုဆိုးသည် ထိုနေရာတွင်ပင် ကျွန်တော့်ကို သမင်အစား ပစ်မိကောင်း ပစ်မိပေလိမ့်မည်။

ကျွန်တော်အဖို့ကလည်း မတတ်သာ။ ဒီလောက်လှသည့် မြင်ကွင်းကို ကျွန်တော် မကြည့်ဘဲမနေနိုင်။ ပန်းချီကားတစ်ချပ် ဆိုလျှင်ပင် ကျွန်တော်သည် ထိုပန်းချီကားကို ထမင်းမစားဘဲ ကြည့်မည်ဖြစ်ရာ တကယ့်မြင်ကွင်းကို ကြည့်ရှုရသည်တွင်တော့ ကျွန်တော် ဝအောင် ကြည့်လိုက်ချင်သေး၏။ မုဆိုးသည် သမင်ကို ဆက်မလိုက်ဘဲ စခန်းချရာရွာသို့ ပြန်လာခဲ့သည်။ တစ်လမ်းလုံး တဖျစ်တောက်တောက်လည်း မြည်တွန်လာ၏။ ကျွန်တော့်အတွက်ကား ဒီလောက်မြင်ရပြီဆိုပါက ကျေနပ်ဖူလုံပြီ ဖြစ်၏။

ညနေပိုင်းတွင်တစ်ကြိမ် ကျွန်တော်တို့သမင်ပစ်ရန် ပြန်ထွက်ကြပြန်သည်။ ညနေပိုင်းတွင်တော့ တောပြောင်း၍ လိုက်ကြ၏။ ရွာမှ အတော်လေးလှမ်းသောနေရာတွင်ဖြစ်၍ လူအုပ်နှင့် တောခြောက်ရင်းပစ်ကြ၏။

တောခြောက်သူများ ရွာမှမထွက်မီ ကျွန်တော်တို့သည် မုဆိုးကြီးနှင့်အတူ ရွာမှ ထွက်လာကြသည်။ နာရီဝက်နီးပါးမျှ လမ်းလျှောက်၍ လာကြပြီးသော် သဲချောင်းလေး တစ်ခုကို ရောက်၏။ မုဆိုးကြီးက ဤနေရာတွင် သမင်ပစ်ရမည်ဟု ဆို၏။

မုဆိုးကြီးသည် ယခုညနေတွင်တော့ သမင်ကို မရရအောင် ပစ်ရန် ရည်ရွယ်ထားဟန်ရှိ၏။

မုဆိုးသည် သမင်ပစ်ကျွမ်းသူ တစ်ဦးဖြစ်သည်။ အနံ့ခံရုံဖြင့် သမင်အသွားအလာကို သိ၏။ လက်ကလည်း ပစ်မလွဲတည့်၏။ သူသည် တစ်ကြိမ်က သေနတ်တစ်ချက်တည်းဖြင့် သမင်ငါးကောင်ရဖူးကြောင်း ပြောပြသည်။ သူ၏ သေနတ်မှာ ကျွန်တော်တို့ လူကြီးသေနတ်ဟု ခေါ်သော နှလုံးပြူကြီးဖြစ်၏။

သူသည် သဲချောင်းလေးတွင် အနေအထားကို အကဲခတ်လိုက်သည်။ ထို့နောက် သူ ယူရမည့်နေရာကို မှတ်လိုက်၏။ ဆက်၍ မုဆိုးက…

"ကျွန်တော်က ဒီနေရာမှာ နေမယ်"

ဟု ဆိုလိုက်ရာ ကျွန်တော်က…

"ကျွန်တော်တို့ကရော ဆရာ့အနားမှာပဲ နေရမှာလား"

ဟု မေးရာ သူက ခေါင်းကိုခါရင်း အနီးအနားကိုလှမ်း၍ကြည့်၏။ ပြီးမှ မုဆိုးကြီးယူထားသောနေရာနှင့် ဝါးနှစ်ရိုက်လောက် အဝေးတွင် ရှိသည့် မန်ကျည်းပင်ဆီသို့ လက်ညှိုးညွှန်ရင်း…

"ဆရာတို့က အဲဒီ မန်ကျည်းပင်ပေါ်မှာတက်နေ၊ သမင်လာတာကိုလည်း အပေါ်ကစီးမြင်ရမယ်၊ သမင်ပစ်တာလည်း မြင်ရမယ်၊ ကျည်ကွယ်လည်း ရမယ်"ဟု ဆို၏။

မုဆိုးကြီးသည် မနက်က အတွေ့အကြုံအရ ကျွန်တော်တို့ကို မန်ကျည်းပင်ပေါ် တင်ထား၏။ ဤနေရာတွင်တော့ သူ့

www.burmeseclassic.com


အမိန့်ကို ကျွန်တော်တို့ မလွန်ဆန်နိုင်။ သူ့အစီအမံအတိုင်း ကျွန်တော်တို့ မန်ကျည်းပင်ပေါ် တက်ကြရ၏။ မန်ကျည်းပင်ပေါ် တက်ကြရသူများမှာ ကျွန်တော်၊ ဘဏ်မန်နေဂျာကြီး ဦးအောင်နိုင်နှင့် မြို့နယ်ဆရာဝန်ကြီး ဦးလှဖေတို့ ဖြစ်သည်။ မုဆိုးသည် စိတ်ရှည်လက်ရှည်နှင့် စောင့်နေ၏။ ကျွန်တော်တို့ကလည်း သစ်ပင်ပေါ်မှ စောင့်နေရသည်။ မန်ကျည်းပင်ဖြစ်နေ၍ အကိုင်းကရှုပ်ပြီး အထိုင်ရကျပ်၏။ ကြာတော့ ဦးလှဖေက သမင်လာခဲသည်ဟုဆိုကာ ပုသိမ်သူ ဇနီးထံမှပေးလိုက်သော မေတ္တာစာကိုထုတ်၍ ဖတ်သည်။ ဦးအောင်နိုင်က ပုတီးစိပ်နေ၏။

ဆရာဦးလှဖေ စာဖတ်၍မျှ မဆုံးမီ ခပ်လှမ်းလှမ်းမှ သမင်ခြောက်သံများ ကြားလာရ၏။ 'ဟော့... ဂူး... ဝုန်း... ဟော့... ဟော့...ဟော့...'စသည်ဖြင့်လူဆယ်ယောက်လောက်ဖြန့်အော်သော အသံများကို ကြားလာ၏။ကျွန်တော်တို့သည်လည်း မန်ကျည်းပင်ပေါ်မှ သံချောင်းလေးသို့ မျက်ခြည်မပြတ် ကြည့်နေသည်။ အသံများသည် ဝေးရာမှ တစ်စတစ်စနီးလာ၏။ ကျွန်တော်တို့မန်ကျည်းပင်နေရာမှ မုဆိုးရှိသည့်နေရာတွင် တွေ့နေရသော်လည်း မုဆိုးက အကွယ်တွင် နေရာယူထား၍ သူ့ကိုကား မမြင်ရပေ။

အသံများသည် တစ်စတစ်စ နီးရာမှ ကပ်၍ ကပ်၍လာသည်။ သို့သော်လည်း သမင်တစ်ကောင်ကိုမျှပင် မတွေ့သေး။ နောက်ဆုံးတွင်ကာ သမင်ခြောက်သော ပထမဆုံး

www.burmeseclassic.com


အဖွဲ့မှ လူတစ်ယောက်ကို သဲချောင်းထဲ၌ တွေ့လာရ၏။ သို့သော် သမင်ကား ပေါ်မလာပေ။

မကြာမီ သမင်ခြောက်သူများအားလုံး သဲချောင်းအတွင်းသို့ ရောက်လာကြပေရာ မုဆိုးသည်လည်း သူ့နေရာမှထွက်၍ ကျွန်တော်တို့အား သစ်ပင်ပေါ်မှဆင်းလာရန် လက်ပြလိုက်၏။ ကျွန်တော်တို့ သဲချောင်းထဲသို့ရောက်သော် မုဆိုးလုပ်သူမှာ မျက်မှောင်ကုတ်နေ၏။

"ဟောဒါ အခုခြောက်လို့ လတ်လတ်ဆတ်ဆတ် ပြေးသွားတဲ့ ခြေရာပဲ၊ ဘာပြုလို့ မမြင်လိုက်ရတာလဲ"

မုဆိုးသည် သူစောင့်နေရာနှင့် မလှမ်းမကမ်းတွင် သမင်ခြေရာတွေ့ပါလျက် သမင်ကို မတွေ့လိုက်ရသည်ကို တဖျစ်တောက်တောက် ဖြစ်နေ၏။ ပြီးမှ ကျွန်တော်တို့အား မသင်္ကာသလို လိုက်ကြည့်နေ၏။ ထို့နောက် ဦးအောင်နိုင်လည်ပင်းမှ တစ်ပိုင်းတစ်စ ပေါ်နေသော စိပ်ပုတီးကိုတွေ့ကာ မုဆိုးက...

'ဆရာ...သစ်ပင်ပေါ်မှာ ပုတီးစိပ်နေသလား'ဟု မေးလိုက်၏။

'ကျွန်တော် မေတ္တာပို့နေတာပါ'

မုဆိုးသည် ဘာမျှမပြောတော့ဘဲ သေနတ်ကိုထမ်း၍ ရွာပြန်ရန်ပြင်တော့၏။ သမင်ပစ်ရာတွင် မေတ္တာပို့သူပါက သမင်သည် မျက်စိအောက်က ပျောက်နေတတ်သည်ဟု မုဆိုးက ဆိုသည်။

မုဆိုးသည် ကျွန်တော်တို့နှင့် သမင်ပစ်ရသည်ကို အတော်ခွကျနေ၏။ သို့သော်လည်း ပြောနေကလည်း ဘာမျှအကြောင်း

www.burmeseclassic.com


ထူးမည်မဟုတ်၍ သေနတ်ထမ်း၍သာ ရွာပြန်လာခဲ့၏။အချိန်သည် ညနေ နေဝင်ဖျိုးချ အချိန်ဖြစ်သည်။ နေဝင်သွားပြီဖြစ်သော်လည်း အလင်းရောင်ကား ကောင်းစွာကျနေသေး၏။ အနောက်ဘက် မိုးကုပ်စက်ဝိုင်းတွင်ကား အလွန်လှပဆန်းကြယ်သည့် အရောင်တို့သည် ဖြာ၍ထွက်နေတော့သည်။

ကျွန်တော်တို့သည် စကားတပြောပြောနှင့် ပြန်လာရင်း တောစပ်ကလေးတစ်ခုကို ဖြတ်ကျော်လိုက်၏။ ရှေ့ဆုံးမှ သွားသူက မုဆိုးကြီး ဖြစ်သည်။ သူသည် သားကောင်မရ၍ မကြည်မသာဖြစ်နေ၏။ သူ့ဘဝတစ်သက်တာတွင် မည်သည့် အမဲကောင်ကိုမှ မလွတ်ခဲ့ရဘူးဟု ဆို၏။ သူ့ဘဝတွင် သမင်တစ်မျိုးတည်း အကောင်တစ်ထောင်ကျော်ကို ပစ်ခတ်ရယူခဲ့ဖူးကြောင်း ပြော၏။

မုဆိုးက သူ့မိန်းမ ကိုယ်ဝန်ရပြီဆိုလျှင် ကြောက်စရာကောင်းလောက်အောင် သမင်ရသည်ဟု ဆို၏။

'အဲဒါက ဘာလဲတော့ မသိဘူးဗျာ၊ ကျွန်တော့်မိန်းမ ကိုယ်ဝန်ရပြီဆိုရင် သမင်ကို မပစ်ရလောက်အောင်ပဲ၊ ပစ်တာနဲ့ ရတာပဲ၊ တစ်ခါတစ်ခါ ကြောက်များတောင် ကြောက်လာတယ်၊ အခု တောခြောက်တဲ့အထဲမှာ ကျွန်တော့်သား တစ်ယောက်ပါတယ်၊ သူ့ကိုယ်ဝန်နဲ့တုန်းကဆိုရင် ခုနက ကျွန်တော် ပြောသလိုပဲ၊ သေနတ်တစ်ချက်တည်းပစ်လိုက်တာနဲ့ သမင်ငါးကောင်ရဖူးတယ်'ဟု ဆို၏။

ကျွန်တော်သည် သူ့ဘဝအတွေ့အကြုံများကို နားထောင်ရင်း သူ့မျက်နှာကိုကြည့်မိသည်။ တကယ့်ကို ရက်စက်နိုင်သော

www.burmeseclassic.com


လက္ခဏာရှိ၍ ဆင်ပြောင်ကိုပင်လျှင် မတုန်လှုပ်ဘဲ အေးအေး ဆေးဆေး သတ်နိုင်မည့် လက္ခဏာမျိုးဖြစ်၏။

"အိမ်မှာလည်း ကျွန်တော့်မိန်းမ မီးဖွားနေတယ်၊ ဆရာတို့ လာတာနဲ့ တမင်လိုက်ပစ်ပေးတာ"

မုဆိုးက သူ့မိန်းမမီးဖွားနေကြောင်းဆက်၍ပြောလိုက်၏။ ထိုသို့ ပြောနေစဉ်မှာပင် မုဆိုးသည် ကျွန်တော့်အားနောက်သို့ တွန်းထုတ်လိုက်သည်။ ကျွန်တော်သည် ရုတ်ချည်းပြောင်းလဲ သွားသော သူ့အမူအရာကြောင့် လန့်သွား၏။ မုဆိုးသည် သူ့ ကျောမှ လွယ်ထားသော သေနတ်အား ယူ၍ ကျည်ဆန်ထိုးကာ အသင့်ချိန်လိုက်၏။

ကျွန်တော်တို့၏ အနေအထားမှာ တောစပ်တစ်ခုမှ ထွက်ခွာစ ဖြစ်၏။ ကျွန်တော်တို့၏ ရှေ့တွင်ကား ဆယ်ဧကခန့်ရှိသော ယာခင်းပြင်တစ်ခုရှိ၏။ ထိုယာခင်းပြင်၏ အဆုံးတွင်ကား အခြား တောစပ်တစ်ခု ရှိနေပြန်၏။ တောစပ်တစ်ခုနှင့် တစ်ခုအကြား တွင် တောင်ယာခုတ်၍ မြေပဲများစိုက်ထားခြင်းဖြစ်သည်။

ကျွန်တော်တို့သည် ရပ်နေရာမှ မြေပဲခင်းများကိုကျော်၍ ဟိုဘက်တောစပ်သို့ ကြည့်လိုက်သည်။ တစ်ဖက်တောစပ်တွင် ကား သမင်မတစ်ကောင်နှင့် သမင်ငယ်လေးကို တွေ့လိုက်၏။ သမင်မနှင့် သမင်လေးသည် မြေပဲရွက်နုလေးများကို လာစား နေကြဟန် ရှိသည်။ မုဆိုးနှင့် သားကောင်တို့သည် မြေပဲခင်း များခြားလျက် တောဟိုဘက်အစပ်နှင့်ဒီဘက်အစပ်ဟု ဆိုသော် လည်း ဆယ်ဧကယာခင်းသည် အလျားလိုက်ရှည်နေ၍ သား

www.burmeseclassic.com


ကောင်နှင့်မုဆိုးသည် သိပ်မဝေးလှပေ။ ပစ်မလွဲအဝေးလောက်တွင်သာ ရှိနေ၏။

မုဆိုးကလည်း လျင်မြန်သည်။ သားကောင်လည်း ဖျတ်လတ်၏။ မုဆိုးက သေနတ်ကို ပခုံးမှယူလိုက်စဉ်ပင် ကျွန်တော်တို့ လူစုကိုမြင်သွားသော သမင်မသည် တစ်ဖက်မှ တောစပ်ကလေးကိုလွန်သွားအောင်ပင် အလန့်တကြား ခုန်တက်လိုက်သည်။ သမင်မသည် ရန်သူကိုတွေ့ပြီဖြစ်၍ အလွန်အမင်း ထိတ်လန့်ကာ တအားခုန်လိုက်ခြင်း ဖြစ်သည်။ ကျွန်တော်တို့ ရပ်နေရာမှာကား သမင်မနှင့် သမင်လေးတို့၏ လှုပ်ရှားမှုကို ကောင်းကောင်းမြင်နေရသည်။ သမင်မသည် အသက်ဘေးနှင့် ကြုံတွေ့နေရသောကြောင့် ထိတ်လန့်တကြားဖြင့် ထခုန်လိုက်သော်လည်း သမင်လေးသည် မြေပဲရွက်နုလေးများကို စားနေဆဲဖြစ်၏။

ကျွန်တော်က သမင်မခုန်လိုက်ခြင်းသည် တောစပ်မှတောထဲသို့ ပြေးဝင်ရန် ခုန်လိုက်ခြင်းဟုထင်လိုက်သည်။ သို့သော် မဟုတ်ပေ။ သမင်မသည် တောအုပ်ကလေးကို လွတ်အောင်ပင်ခုန်လိုက်သော်လည်း တောအုပ်ထဲသို့ ရောက်မသွားဘဲ ပထမစခုန်သည့် နေရာသို့ပင် ပြန်ကျလာ၏။ ထိုအချိန်တွင် သမင်လေးသည် မိခင်သမင်မက ပျော်စရာခုန်ပြနေသည်ဟု ထင်၍လားမသိ။ သူကထိုနေရာတွင်ပင် ဝိုင်းကြီးပတ်ပတ် လှည့်ပြေးနေသေးသည်။ သမင်မသည် သမင်လေးအား သူ့ကိုယ်နှင့်တွန်းလိုက်ကာ နောက်တစ်ကြိမ် ထပ်၍ခုန်တက်လိုက်ပြန်သည်။

www.burmeseclassic.com


သို့သော် သမင်လေးသည် သူ့မိခင်ခုန်သလို လိုက်၍မခုန်၊ လှည့်ပတ်၍ပြေးရင်း ပျော်နေပုံပင်ရသည်။

သောကအပူမီး ကြီးနေသူမှာ မိခင်သခင်မကြီးဖြစ်သည်။ သခင်မကြီးသည် သူပြေးပါက လွတ်နိုင်သော်လည်း သားလေး ပါမလာ၍ မပြေးရက်နိုင်ဘဲ ဖြစ်နေ၏။ မုဆိုး၏မြင်ကွင်းတွင် ပင် သမင်မသည် ဆက်ကာဆက်ကာခုန်ရင်း ရူးမတတ် ဖြစ်နေ ပြန်သည်။ မိခင်သမင်မကြီး မည်မျှကြောက်ရွံ့ တုန်လှုပ်နေ သည်မှာ မြင်သာထင်သာရှိ၏။ မိခင်သခင်မကြီးက သေဘေးမှ ခုန်ထွက်နေသည်။ ရင်သွေးက ကစားနေသည်ဟု ထင်နေ၏။

မိခင်သမင်မကြီးသည် မည်မျှပင်မြောက်အောင်ခုန်နေလင့် ကစား ထိုနေရာမှ အခြားသို့ မရွှေ့။ မိခင်သမင်မကြီးသည် သားငယ်မပါဘဲ ဤနေရာမှ တခြားသို့ မည်သည့်နည်းနှင့်မျှ ထွက်သွားလိုဟန်မရှိ။ သေရင်သာအသေခံမည်။ သေတွင်းမှ မိခင်သမင်မကြီး တစ်ဦးတည်း ထွက်သွားလိုဟန်မတူ။

ရှေ့မှမြင်ကွင်းကြောင့် ကျွန်တော်ရော မုဆိုးပါငိုင်၍ကြည့် နေမိသည်။ မုဆိုးကြီးသည် သမင်မကြီးနှင့်သားငယ်တို့၏မြင် ကွင်းကိုကြည့်ကာ ချိန်ထားသော သေနတ်ကို ချလိုက်သည်။ သေနတ်ချလိုက်ခါမှ သမင်လေးသည်လည်း ကျွန်တော်တို့လူ အုပ်ကို မြင်သွားဟန်ရှိ၏။ သမင်လေးသည် ရှေ့မှနေ၍ တော စပ်ထဲသို့ ဝင်ပြေးသည်။ သမင်မကြီးက သမင်လေး၏အပေါ်မှ ကျော်ကာ လွှားကာနှင့်ခုန်လိုက်၏။ ထို့နောက်သော်ကား သခင်မကြီးရော သားငယ်ပါ မြင်ကွင်းမှ ပျောက်သွားတော့၏။

ကျွန်တော်က…

www.burmeseclassic.com


'ခင်ဗျားဘာပြုလို့ မပစ်လိုက်တာလဲ'ဟု မုဆိုးကို မေး၏။ သူက...

'အဲဒီ သမင်မနဲ့ သမင်လေးကိုကြည့်ပြီး ကျွန်တော့်အိမ်က မီးထွက်ခါစ ဇနီးနဲ့ ကလေးကို ပြေးမြင်လိုက်လို့ဗျာ'ဟု ဆို၏။

"အေးဗျာ၊ မနက်က သမင်မဟာလည်း ဒီလိုပဲ၊ ကလေးနဲ့ သမင်မပဲ ဖြစ်ဟန်တူတယ်"

"ဟုတ်တယ်၊ မနက်က သခင်မဟာ သူ့ကလေးကို လွတ်အောင်ပြေးစေပြီး သူအသေခံလိုက်တာ ဖြစ်နိုင်တယ်၊ သူသေသွားရင်တော့ သူ့အသားကို ရသွားပြီမို့ သူ့သားကို ဆက်မလိုက်ဘဲ ဘေးမဲ့ပေးနိုင်လို့ အသေခံတာပဲ"

"သတ္တဝါတွေရဲ့ မိခင်စိတ်ဟာလည်း အတော့်ကို ကြီးမားပြီး အတော့်ကို မြင့်မြတ်တာပဲ"

"ဟုတ်တယ်၊ ကျွန်တော့်အိမ်က ဘယ်တော့မှ မကိုက်တဲ့ ခွေးမဟာ သူသားရလာလို့ သူ့သားကို လာပြီး အန္တရာယ်လုပ်မယ် ဆိုရင်တော့ လူရော ခွေးရော ဘယ်သတ္တဝါမှ မရှောင်ဘူး၊ အကုန်ကိုက်တာပဲ"

"မိခင်စိတ်ဟာ သိပ်ပြီး အံ့ဩစရာ၊ လေးစားစရာကောင်းတယ်"

မုဆိုးက သူ့အတွေ့အကြုံကိုပြောပြသည်။ ကျွန်တော်သည် သူဆက်၍ ပြောနေသော စကားများကို မကြားနိုင်ဘဲ မြစ်ဝကျွန်းပေါ်၌ ခရီးသွားနေသည့် မြင်ကွင်းကို မြင်လာ၏။

ကျွန်တော်တို့အဖွဲ့သည် ဖျာပုံမှ ကုလားထိပ် ကျေးရွာသို့ စက်လှေတစ်စင်းဖြင့် သွားနေကြ၏။ ဖျာပုံမှ ကုလားထိပ်ရွာသို့

www.burmeseclassic.com


သွားရာ လမ်းခရီးတွင် တစ်ခါတစ်ရံ လမုတောများ၊ ဓနိတော များ ရှိ၏။ ထိုတောများတွင် မျောက်များကို အုပ်စုလိုက် တွေ့ရတတ်၏။ ကျွန်တော်တို့အဖွဲ့ထဲတွင် သေနတ်ပစ်ဝါသနာ ပါသူတစ်ယောက်နှင့်သေနတ်တစ်လက်ပါလာ၏။သူကမျောက် များကို ပစ်ချင်၍ လက်ယားနေသည်။

ကျွန်တော်ကတော့ ပစ်ဟူ၍လည်း မပြော၊ မပစ်နဲ့ဟူ၍ လည်း မပြော။ သူ့ဒေသ သူ့နေရာတွင် သေနတ်ဖောက်ပါက ဥပဒေနှင့် ကင်း မကင်းလည်း မသိ။ လှေထဲတွင် ပါလာသူ အများစုက မျောက်သွေးနှင့်အရက်မြည်းချင်နေကြ၏။ နံနက်စာ စားရမည့် ရွာသို့ရောက်လျှင် ထိုရွာတွင် ဟင်းချက်စာ အဆင် သင့်ရှိချင်မှ ရှိမည်။

ထို့ကြောင့်လည်း မျောက်မျက်နှာကို မကြည့်တော့ဘဲ ကျွန်တော်ကလည်း ပစ်ဗျာဟု ဆိုလိုက်၏။ မကြာမီ ခပ်လှမ်း လှမ်းသစ်ပင် တစ်ပင်ပေါ်တွင် မျောက်အကောင် သုံးလေး ဆယ်လောက် ထိုင်နေကြသည်ကို တွေ့ရ၏။ ကျွန်တော်တို့ သည် လှေတွင် တပ်ထားသော အင်ဂျင်စက်ကို ရပ်ပစ်လိုက်၏။ တက်ကလေးဖြင့် ရေသံမကြားအောင် လှော်ရင်း ကိုင်းပင် များအောက်မှ မျောက်များရှိရာ သစ်ပင်အခြေသို့ ကပ် လိုက်သည်။

သေနတ်ပစ်မည့်လူသည် လှေပေါ်မှဆင်းပြီး ကိုင်းတောထဲ မှ ရွှံ့ဗွက်များထဲတွင် ဒူးထောက်၍ သေနတ်ကို ချိန်လိုက်၏။ မျောက် များသည်ကား မကြာမီ သူတို့ဆီသို့ အန္တရာယ်တစ်စုံ တစ်ရာ

www.burmeseclassic.com


ကျရောက်တော့မည်ကို သိ၍လားမသိ။ သစ်ပင်ပေါ်မှ 'ကွိစိ၊ ကွိစိ'ဖြစ်နေ၏။

ကျွန်တော်တို့အဖွဲ့သည်လည်း မျောက်များရှိရာ သစ်ပင်ကိုသာ စူးစိုက်ကြည့်နေမိ၏။ မကြာမီ 'ဒိုင်း'ဟူသော အသံတစ်ခုသည် ထွက်ပေါ်လာသည်။ သေနတ်သံ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် မျောက်များအားလုံးသည် သစ်ပင်ပေါ်မှ ခုန်ဆင်း၍ပြေးကြ၏။ ကျွန်တော်တို့လေ့သည် မျောက်ကိုထိသွားပါက မျောက်သေကို ကောက်ယူရန် သစ်ပင်အခြေသို့ ထိုးကပ်သွား၏။

သို့သော် သစ်ပင်အောက်သို့ကား မျောက်တစ်ကောင်မှ ပြုတ်ကျမလာပါ။ ကျွန်တော်သည် သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်မိ၏။ သစ်ပင်ပေါ်တွင် မျောက်နှစ်ကောင်ကို တွေ့လိုက်ရ၏။ သေသေချာချာ ကြည့်လိုက်သောအခါ မျောက်တစ်ကောင်သည် ဒဏ်ရာရနေ၍ ကျန်တစ်ကောင်သည်ကား ဘာဒဏ်ရာမှ မရပေ။ ကျွန်တော်တို့အဖွဲ့သည် ဒဏ်ရာမရပါဘဲလျက် ထွက်မပြေးသော ထိုမျောက်ကြီးကို ကြည့်နေစဉ်မှာပင် ဒဏ်ရာရနေသော မျောက်၏ လက်ထဲတွင် မျောက်ကလေးတစ်ကောင်ကို တွေ့လိုက်ရ၏။

ဒဏ်ရာရသွားသော မျောက်မသည် မျောက်အမကြီးဖြစ်၍ မပြေးဘဲ ကျန်နေသေးသောမျောက်ကြီးမှာ မျောက်ထီးကြီးဖြစ်သည်။ မျောက်အမကြီးသည် သူ့သားကို လက်တစ်ဖက်မှ ပွေ့ရင်း တစ်ဖက်သောလက်ဖြင့် သစ်ကိုင်းကို မြဲမြဲ ကိုင်ထား၏။ ကျည်ဖောက်ထွင်းထားသော ဒဏ်ရာမှလည်း သွေးများ

www.burmeseclassic.com


သည် တစ်စက်စက်ကျနေ၏။ အောက်ပိုင်းမှ သစ်ရွက်စိမ်းများ ပင် နီ၍လာခဲ့သည်။ မျောက်မကြီးသည် သားကိုလည်းမလွှတ်၊ သစ်ကိုင်းကိုလည်း မလွှတ်၊ နှစ်ခုစလုံးကို ကြိုးစား၍ဆုပ်တွယ် ထားသည်။

မျောက်ထီးကြီးက တွန့်ဆုတ် တွန့်ဆုတ်နှင့် ဖြစ်နေ၏။ မျောက်မကြီးသည် သားတစ်ဖက်၊ သစ်ကိုင်းတစ်ဖက် မလွှတ် တမ်း ဆက်၍ ကိုင်ထားပြန်၏။ မျောက်ထီးကြီးသည် ကြောက် ရွံ့ရွံ့ဖြင့် ရှေ့သို့တိုးလာသည်။ မျောက်မကြီးသည် သူ့လက်ထဲမှ သားကိုမျောက်ထီးကြီး လာယူအောင် စောင့်နေဟန်ရှိ၏။ ဒဏ်ရာက ပြင်းထန်လွန်းသောကြောင့်လည်း မိခင်မျောက်မကြီး သည် နည်းနည်းမျှပင် မလှုပ်နိုင်။ သူ့တစ်ကိုယ်လုံးကား နာ ကျင်လွန်း၍ တစ်ဆတ်ဆတ်တုန်နေ၏။သို့သော် သား၏ ဖော ဖြင့် သစ်ကိုင်းကိုကား ကုပ်မြဲ ကုပ်ထားသည်။ မျောက်သား လေးသည်ကား မိခင်၏ ရင်ခွင်ကို တအားကုပ်ဖက်ထားဟန် ရှိ၏။ ကျွန်တော်တို့ အားလုံးသည်လည်း မြင်ကွင်းကို အံ့အား သင့်စွာဖြင့် ကြည့်နေမိကြသည်။ ထိုမြင်ကွင်းကြောင့် သေနတ် ပစ်လိုက်သော ကျွန်တော်တို့အဖွဲ့မှ သေနတ်သမားသည်ပင် လျှင် ဒူးထောက်ရာမှ မထနိုင်ဘဲမော့လျက် အံ့အားသင့်နေ၏။

မျောက်ထီးကြီးသည် ကြောက်ရွံ့ရွံ့နှင့်ပင် မျောက်မကြီး၏ လက်ထဲမှ သားကိုဆွဲယူရင်း သစ်ပင်ပေါ်မှ တစ်ဟုန်ထိုး ခုန်ဆင်းကာ တောထဲသို့ဝင်၍ ပျောက်ကွယ်သွား၏။ သားငယ် မျောက်ထီးကြီးလက်ထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက်

www.burmeseclassic.com


တင်းထားသော စိတ်ကိုလျှော့ချလိုက်သော မျောက်မကြီးသည် ဖုတ်ခနဲ ပြုတ်ကျလာ၏။

ကျွန်တော်တို့အားလုံးသည် ထိုမျောက်မကြီးသည်အလောင်း ဆီသို့ ပြေးသွားကြ၏။ သေနတ်နှင့်ပစ်သူကပင် ဒဏ်ရာကို ကြည့်ကာ 'ဒဏ်ရာက နည်းတဲ့ဒဏ်ရာမဟုတ်ဖူး၊ ရင်ဘတ်ကို ဖြတ်သွားတာ၊ ပွဲချင်းပြီးသေလောက်တဲ့ဒဏ်ရာ' ဟု ဆို၏။

"ဒီဒဏ်ရာကြီးနဲ့ သူ့သားကို မျောက်ထီးလာယူတဲ့အထိ ပွေ့ချီထားပြီး တွဲလွဲကျနေတဲ့ သူ့ကိုယ်ကြီးကိုလည်း လက် တစ်ဖက်က မြဲမြဲကိုင်ထားနိုင်တာ အံ့စရာပဲ"

ကျွန်တော်တို့ထဲမှ တစ်ယောက်က 'အဲဒါမိခင်စိတ်ပဲ'ဟု ပြောလိုက်၏။

ကျွန်တော်တို့သည် မျောက်မကြီးအား သစ်ပင်ခြေရင်းတွင် ပင် မြေမြှုပ်၍ သင်္ဂြိုဟ်လိုက်၏။ ကျွန်တော်တို့ မိုက်ပြစ်အတွက် ဆုံးပါးခဲ့ရသော မိခင်တစ်ယောက်အား ဂုဏ်ပြုသည့်အနေဖြင့် မျောက်မကြီး၏ မြေပုံကို ကျွန်တော်တို့အားလုံးက အရိုအသေ ပေးဦးညွှတ်ကာ ထိုနေရာမှ ကြေကွဲဝမ်းနည်းစွာဖြင့် ထွက်ခွာ လာခဲ့ကြပါသည်။

●

www.burmeseclassic.com

**စက္ကဝါဠ သူစိဃရံ–**
**အလွန်ကျယ်ပြန့်သော အတိုင်းအဆမရှိသော**
**စကြဝဠာသည် မိဘမေတ္တာနှင့်နှိုင်းစာပါက**
**အပ်နဖားလောက် ပမာဏသာရှိပေ၏။**

(မာတုပေါသကသုတ်)

# အခန်း(၁၁)

## တောခွေးမ၏တစ်ညတာ

တိရစ္ဆာန်လောကမှ မိခင်တို့၏ မေတ္တာကို ဖော်ပြရာတွင် **Reader's Digest** မှ **Night of Hyena** ဆိုသည့် ဝတ္ထုလေးမှာ ဖော်ပြအပ်စရာ ဖြစ်သည်။

ဤဝတ္ထုလေးမှာ တောခွေးမတစ်ကောင်၏ တစ်ညတာ ဖြစ်ရပ်ကို ရေးသားထားခြင်းဖြစ်၏။ တောခွေးမအိုသည် အင်အား ချည့်နဲ့လာပြီဖြစ်၍ သားကောင်ကိုအမိအရ မဖမ်းနိုင်ဘဲ ရှိလာ၏။ ထို့ကြောင့်လည်း အစားမစားရသည်မှာ ရက်ပေါင်း အတော်ကြာနေသည်။ အစားမစားရသောကြောင့် သူ၏ နို့ရည်များသည်လည်း ခန်းခြောက်နေ၏။ ထို့ကြောင့် သူ့သားငယ်များသည် နို့မစို့ရဘဲ အစားငတ်နေရှာ၏။ သားငယ်တို့အတွက် နို့ရည်အမြန်ဖြည့်လိုသော တောခွေးမတစ်ကောင်၏ တစ်ညတာ ကား ရင်မောစရာဖြစ်သည်။

www.burmeseclassic.com


နောက်ဆုံးတွင် အိုမင်းမှု၏ နှိပ်စက်မှုကြောင့် မည်သည့် သားကောင်ကိုမျှ ဖမ်းဆီး၍ မရနိုင်တော့သည့် အခြေအနေတွင် တောခွေးမသည် တောသုံးထောင်ကို အစိုးရသော ခြင်္သေ့၏အစာကို ဝင်လုကာ သားငယ်တို့အတွက် နို့ဖြည့်ရေးကြိုးစားပုံမှာ မိခင်တစ်ဦး၏ မေတ္တာကို ပေါ်လွင်စေလှသည်။

ဤဝတ္ထုလေးကို စာရေးသူထင်ကျော်က ဘာသာပြန်ခဲ့ရာ ဘာသာပြန်ချက်မှာ ကောင်းမွန်ပေါ်လွင်လှပါသဖြင့် ယင်းဘာသာပြန်ဆိုချက်အတိုင်း ဖော်ပြရပါ၏။

တောခွေးမအိုသည် နွံထဲတွင်နစ်လျက် ငြိမ်သက်စွာ လှဲလျောင်းနေသည်။ ညနေညိုတွင် ကောင်းကင်မှ ပျံဝဲဆင်းသက်လာသော ငှက်ကျားကြီးများကို စောင့်ကြည့်နေသော သူ၏ တစ်လုံးတည်းသော အညိုရောင်မျက်လုံးမှတစ်ပါး တစ်ကိုယ်လုံး ငြိမ်သက်နေသည်။ နေရာမှာကား ခြင်္သေ့များ၊ ကျားသစ်များ၊ ဆင်ကြီးများနှင့် သမင်များ ကျက်စားရာ အဆုံးအစ မရှိ ကျယ်ဝန်းသော အာဖရိက အရှေ့ပိုင်း မြက်ခင်းပြင်ကြီးဖြစ်၏။ နေလုံးကြီးသည် အနောက်မိုးကုပ်စက်ဝိုင်းတွင် မြူခိုးများကြား၌ ရဲရဲနီနေပေသည်။ အကေးရှားပင်တို့၏ အရိပ်သည် မှောင်မည်းနေ၏။ အစာရှာရန် အစပြုရမည့်ညသည် ရောက်လာပြန်ပြီတကား။

တောခွေးမကြီးသည် လျောင်းနေရာမှ ထကာ ကိုယ်တွင်းကပ်နေသော ရွှံ့များကို ခါထုတ်လိုက်သည်။ သူ၏ ပြားချပ်နေသော နံဘေးတွင် အညိုရောင်ကွက်ကြီးများ ရှိသည်။ ထိုနံဘေး၌ တောတိရစ္ဆာန်တို့၏ အစွယ်ရာများ၊ ဦးချိုရာများနှင့်

www.burmeseclassic.com


ကိုက်ရာများ ပြည့်နှက်နေ၏။ သူ၏ နားရွက်သည် စုတ်ပြတ်နေ၏။ သူ၏ ကန်းနေသော မျက်လုံးတစ်ဖက်သည် အပေါ်သို့ စွေနေ၏။ အပေါ်နှုတ်ခမ်းစုတ်ပြတ်နေသဖြင့် သွားများပေါ်နေသည်မှာ အမြဲမာန်ဖီနေသကဲ့သို့ ရှိတော့သည်။ သူသည် ဒဏ်ရာဟောင်းများကြောင့် ထော့နဲ့ ထော့နဲ့ ဖြစ်နေသည်။ လွန်ခဲ့သောသုံးရက်က မြင်းကျားကန်သော ဒဏ်ချက်ကြောင့် ယခုတိုင် ခေါင်းထဲတွင် တဝီဝီမြည်နေသေးသည်။ ၁၀ နှစ် ဆိုသည်မှာ တောမုဆိုးတိရစ္ဆာန်အတွက် ရှည်လျားသော ကာလဖြစ်၏။ ထို့ပြင် သူ၏ အရွယ်အိုမင်းမှုသည် သူ့ကို နှိပ်စက်သကဲ့သို့ ရှိတော့သည်။ သူသည် အစာမစားဘဲ ရက်အတော်ကြာ နေနိုင်ပါ၏။ သို့သော် ယခုမူ မိုင် ၄၀ ခန့်ဝေးသော သားရဲတွင်း၌ အစာငတ်နေသော သားငယ်များအတွက် နို့ရည်အမြန်ဖြည့်လိုသော စိတ်က ပြင်းပြနေ၏။ ဆောင်းဦးပေါက်မိုးနောက်ကျခဲ့သောကြောင့် သားသမင်များနှင့် မြင်းကျားတို့သည် တောင်ဘက်ပိုင်းသို့ ပြောင်းရွှေ့ကုန်သဖြင့် သူ၏ သားရဲတွင်း အနီးတစ်ဝိုက်တွင် သားကောင်ဖမ်း၍ မရနိုင်တော့ပေ။

သူ၏ ပုံပန်းမကျသော ကိုယ်အချိုးအစားကို ကြည့်ရခြင်းအားဖြင့် သူ့ကို အစွမ်းထက်သော မုဆိုးအဖြစ် လက်ခံနိုင်မည်မဟုတ်ပေ။ မြက်ခင်းပြင်တစ်ခုလုံး အမှောင်ဖုံးလာသော အချိန်တွင် သူသည် အချက်ပေး အသံပြုလိုက်သည်။ သူ၏အသံသည် နူးညံ့သော်လည်း မြက်ခင်းပြင် တစ်ခုလုံး ပျံ့နှံ့သွား၏။ ညင်သာသော အချက်ပေးသံများသည် သူ၏ ပတ်ပတ်လည်မှထွက်

www.burmeseclassic.com


ပေါ်လာ၏။ အရိပ်မည်းများသည် ရေခန်းနေသော စမ်းချောင်းမှ ပေါ်လာကာ တစ်ဒါဇင် မကသော တောခွေးများ စုဝေးမိကြ၏။ သူတို့သည် တောခွေးမကြီး၏ နောက်လိုက်များဖြစ်ကြသည်။ ထိုတောခွေးများထဲ၌ သန်စွမ်းသော တောခွေးထီးများ၊ တောခွေးမငယ်များနှင့် တောခွေးပျိုများ ပါဝင်၏။

တောခွေးမကြီးသည် အုပ်စုခေါင်းဆောင် ဖြစ်လာရခြင်းမှာ သန်စွမ်းမှု တစ်ခုတည်းကြောင့် မဟုတ်ပေ။ (တောခွေးမများသည် တောခွေးထီးများထက် ပို၍ ကြီးထွားကြသည်။) သူ၏ လျင်မြန်ဖျတ်လတ်ခြင်း၊ သူ့ထက်လေးဆခန့်ပို၍ အလေးချိန်စီးသော မြင်းကျားကိုပင် တစ်ကြိမ်တည်း ကိုက်သတ်နိုင်ခြင်းစသော ကျွမ်းကျင်မှု များကြောင့်လည်း အုပ်စု ခေါင်းဆောင် ဖြစ်လာရခြင်း ဖြစ်ပေသည်။ တောခွေးမကြီးသည် တဖြည်းဖြည်း အင်အားဆုတ်ယုတ်လာပေပြီ။ သူသည် သားကောင်လိုက်ရာတွင် တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ခက်ခဲပင်ပန်းလာ၏။ သို့သော်အခြားသော တောခွေးများသည် ဤအချက်ကို မရိပ်မိကြသေးပေ။ သူသည် အပြင်းအထန်လိုက်ရသော သားကောင်လိုက်ပွဲများတွင် မောပန်း၍ တုန်တုန်ယင်ယင် ဖြစ်ရုံမျှမက တစ်ခါတစ်ရံ လဲကျတတ်ပေသည်။ ထိုသို့အပြင်းအထန်လိုက်ရသော အလုပ်မျိုးတွင် ပျိုမြစ်ခြင်းနှင့်စွမ်းပကားလိုအပ်သည် မဟုတ်လော။

ယခုမူ သူသည် တောခွေးအုပ်စုကို စမ်းချောင်းနံဘေးလမ်းအတိုင်း ခေါ်ဆောင်သွားပြီး တောခွေးတန်းကြီးသည် သူ

www.burmeseclassic.com


၏နောက်မှကောက်ချည်တစ်ခါ ဖြောင့်ချည်တစ်လှည့်လိုက်ပါသွားကြ၏။ ကျားသစ်ဟစ်သံနှင့် မျောက်ညိုကြီးတို့၏ ပြတ်တောင်းပြတ်တောင်း အော်သံတို့သည် သူတို့ကို ထိတ်လန့်အောင် မလုပ်နိုင်ပေ။ လမင်းသည် တဖြည်းဖြည်း မြင့်တက်လာကာ မြက်ခင်းပြင် တစ်ခုလုံးကို ငွေရောင်ခြည်ဖြင့် ဖျန်းပက်ထား၏။ တောခွေးမကြီး၏ မသိစိတ်က လှုံ့ဆော်သလော၊ သို့တည်းမဟုတ် သူ၏ ပါးလှသောနေရာမှ တစ်စုံတစ်ခုသော အသံကို ကြားရသလောမသိ။ သူသည် ပြေးစပြု၏။ သူ့ပေါင်များသည် ကိုက်ခဲတောင့်တင်းနေရာမှ ပျော့ပျောင်းသက်သာသွားပြီး သူ၏ ပြိုင်ဆိုင်လိုသော စိတ်ဓာတ်က သူ့ကိုယ်သူ ယုံကြည်မှုရအောင် သွေးထိုးပေးလိုက်ပြီ။

မြင်းကျားတို့၏ ခွာသံများကို ရှေ့တွင်ကြားရ၏။မြင်းကျားတို့သည် တစ်နာရီ ၁၅မိုင်နှုန်း အေးအေးသက်သာ ပြေးနိုင်ကြသည်။ သူတို့သည် အသန်စွမ်းဆုံးသော မြင်းထီးကိုပင် သက်သက်သာသာ နောက်တွင်ချန်ထားခဲ့နိုင်သည်။ သို့သော် တစ်နာရီ မိုင် ၃၀နှုန်းကို သက်သက်သာသာ ပြေးနိုင်ကြသော တောခွေးတို့သည် မကြာမီ မြင်းကျားများကို မီလာကြ၏။

မြင်းကျားထီးကြီးတို့သည် ကွေ့တစ်ခုတွင်ရပ်လိုက်ကြသည်။ သူတို့သည် နားရွက်များကိုစွင့်လျက်၊ သွားကိုဖြဲလျက်ကန်ကျောက် ကိုက်ခဲကာ ကွေ့ပတ်ပြေးလွှား နေကြသည်။ သူတို့၏ ခွာသံများသည် မိုးကြိုးသံကဲ့သို့ မြည်ဟည်း၏။ သက်ပြင်းမှုတ်သံ၊ မြင်းကျားအော်သံနှင့် တောခွေးတို့၏ဒေါသတကြီးဟိန်းဟောက်သံတို့ဖြင့် ညသည် ချောက်ချားဖွယ်ဆူညံနေ၏။

တောခွေးပျို တစ်ကောင်သည် မြင်းကျားကန်ချက်ကြောင့် လေတွင်မြောက်တက်သွား၏။ သူ၏ညည်းသံသည် တဖြည်းဖြည်း ဝေး၍ ဝေး၍သာကျန်ခဲ့၏။

ဤသို့ဖြင့် တောခွေးမကြီး၏ စိတ်ဓာတ်သည် ပျော့ညံ့လာ၏။ သူသည် မြင်းကျားတစ်ကောင်မျှ ရအောင်မဖမ်းနိုင်ခဲ့ပေ။ သူသည် သက်ပြင်းတစ်ချက်မှုတ်ထုတ်လျက် ရတ်တရက် သားကောင်လိုက်ပွဲမှ ထွက်ခွာသွား၏။ ဤသို့ ဆုတ်ခွာခြင်းကြောင့် အခြားတောခွေးတို့သည်လည်း စိတ်ဓာတ်ကျဆင်းကုန်၏။ တောခွေးများသည် ထော့နဲ့ထော့နဲ့လှမ်းလျက် ဖုန်လုံးကြီးထဲမှ ထွက်လာကြကာ အရပ်ကြိုးပြတ်လဲပြိုလျက် နှာမှုတ်သံပြုကြ၏။ မကြာမီအတွင်း သူတို့၏ အသက်ပြင်းပြင်းရှူသံမှ တစ်ပါး မြက်ခင်းပြင်တစ်ခုလုံး တိတ်ဆိတ်ခြင်းက လွှမ်းမိုးသွားပြန်၏။

တောခွေးမကြီး၏ သက်တမ်းတစ်လျှောက်တွင် သူ၏နုပျိုစဉ်ကာလတုန်းကပင် ဤကဲ့သို့သားကောင်လိုက်ခြင်းမျိုး၌ သုံးကြိမ်လျှင် တစ်ကြိမ်ခန့်သာ အောင်မြင်တတ်ပေသည်။ မြက်ခင်းပေါ်၌ မိုးခေါင်သော ကာလများနှင့် ရောဂါဘယထူပြောသော ကာလများ၌မူကား အကြိမ်တစ်ဒါဇင်မျှ သားကောင်လိုက်သော်လည်း အချည်းနှီး ဖြစ်ခဲ့သည်သာ များပေသည်။ ယခင်ကဆိုလျှင် ယခုကဲ့သို့ တစ်ကြိမ်လိုက်ပြီး နောက်တစ်ကြိမ်၌လည်း သူပင် ဦးဆောင်လေ့ရှိပေသည်။ သို့သော် ယခုမူ ဂနာမငြိမ်သော တောခွေးတို့သည် သူ အားအင်ကုန်ခန်း မောပန်းနေစဉ်မှာပင် ထွက်ခွာသွားကြ၏။ နာရီအတော်ကြာ တိတ်

www.burmeseclassic.com


ဆိတ်နေ၏။ ထို့နောက် ပြတ်သားသောအော်သံ၊ ဆူညံသော ခွာသံနှင့် တောခွေးတို့၏ ကိုယ်သံကြောင့် တောခွေးပျို့များ သည် သားကောင်တစ်ကောင်ကို အုပ်မှခွဲထုတ်ပြီး လိုက်နေကြ ပြီဖြစ်ကြောင်း တောခွေးမကြီးသိလိုက်၏။ တောခွေးမကြီး သည် အားကုန်ပြေးကာ သားကောင်လိုက်ပွဲတွင် ပူးပေါင်း ပါဝင်ပြန်သည်။ လမင်းသည် တိမ်အတွင်းဝင်သွား၏။ ဤအခါ မျိုးတွင် ပြေးနှုန်းအရှိန် လျှော့ရန် တောခွေးမကြီးကို အတွေ့ အကြုံက သင်ကြားပေးထားပြီး မြေခွေး၊ ခွေးမနှင့် တောခွေး တို့သည် တွင်းများ၊ ခြတောင်ပို့များနှင့် ပြည့်နှက်နေသော မြေပြင်၌ အဘယ်တိရစ္ဆာန်သည် မှောင်ကြီးမည်းမည်းတွင် အားကုန်သွန်၍ ပြေးနိုင်မည်နည်း။ မတော်တဆ မြေခွပါတွင်းသို့ ခြေကျွံကျမိလျှင် ခြေသွင်သွင်ကျိုးနိုင်သည် မဟုတ်လော။ ဤသို့ဖြင့် တောခွေးမကြီးသည် နောက်မှ ခြေရာသံလိုက်နေစဉ် သားကောင်သည် စမ်းချောင်းနံဘေးရှိ ချုံပုတ်တောသို့ တိုးဝင် ကာ နောက်ဆုံးရှိသမျှ အင်အားကိုညှစ်ထုတ်လျက် စမ်းချောင်း တွင်းသို့ ခုန်ချလိုက်တော့၏။ တောခွေးများလည်း ထက်ကြပ် မကွာ လိုက်ပါခုန်ချကြ၏။ တောခွေးမကြီးသည် မိကျောင်းကို သတိရသဖြင့် နောက်သို့ တုံ့သွား၏။ သို့သော် လုယက် စားသောက် ကိုက်ဝါးသံများက သည်းမခံနိုင်လောက်အောင် ဆွဲဆောင်နေသဖြင့် စမ်းချောင်းတွင်းသို့ ခုန်ချရန် အားယူ နေစဉ်ပင် တဘွမ်းဘွမ်း ရေယက်သံကြီးကြောင့် တောခွေး များသည် ဘေးကင်းရာသို့ ရှောင်တိမ်းကြ၏။ သားကောင် ကြီးသည် စက္ကန့်အနည်းငယ်ခန့် ခေါင်းထောင်လာကာ သန်

www.burmeseclassic.com


မာသော ဆွဲအားကြောင့် ရေထဲသို့ နစ်ဝင်ပျောက်ကွယ်သွား၏။

ငတ်မွတ်သောကြောင့် ထွက်လာသော ဒေါသဖြင့်တွေဝေကာ တောခွေးမကြီးသည် ထိုင်ချလိုက်၏။ ညသန်းခေါင်ကျော်သွားပြီ။ သူသည် ခေတ္တ အနားယူအိပ်စက်၏။ မည်မျှအအိပ်ဆတ်သနည်းဟူမူ မိုင်ဝက်ခန့်အဝေးမှ ငှက်ကျား၏ ခြေသံကပင်သူ့ကို နိုးစေနိုင်ပေသည်။ သူငယ်စဉ်က သူ့မိခင် သားကောင်လိုက်သွားစဉ် ရက်အတော်ကြာ အစာငတ်ခဲ့ဖူးသည်။ သူ၏မွေးချင်းများကို အစာငတ်နေသော တောခွေးထီးများက စားပစ်လိုက်သည်။ သူသာ မြေတွင်းထဲသို့ နက်သည်ထက်နက်အောင် တူးဝင်နိုင်ခြင်းကြောင့် အသက်အန္တရာယ်မှ ကင်းဝေးခဲ့ခြင်း ဖြစ်သည်။

ထိုသို့ တွေးနေစဉ် ခြသေ့်သံကြောင့် နိုးကြားလာ၏။ တောခွေးမကြီးသည် သတိကြီးစွာဖြင့် ထရပ်လိုက်၏။ သူ၏အမြီးဖွားကြီးကို နောက်ကျောထက်သို့ ကွေးတင်ထားသည်။

အတိတ်အကြောင်းကိုသတိရလျှင်ယခုပင်တုန်လှုပ်မိသေးတော့သည်။ တစ်ခါက ခြသေ့်တစ်စုသည် သားကောင်ကြီးတစ်ကောင်ကို သူ၏ သားရဲတွင်းပေါ်၌ ကိုက်သတ်ကြသည်သားရဲတွင်းထဲ၌ကား သူ၏ သားငယ်များ ရှိ၏။ ခြသေ့်တို့သည် ငါးရက်လုံးလုံး အမဲကောင်ကို အေးအေးဆေးဆေးစားသောက်ကြ၏။ သူသည် အစာငတ်နေသော သားငယ်များ၏အော်သံကို နားထောင်ရင်း အစာဝနေသော ခြသေ့်တို့၏

www.burmeseclassic.com


မောင်းထုတ်ခြင်းကို ခံနေရ၏။ သားရဲတွင်းအနီးသို့ပင် မကပ်နိုင်။ နောက်ဆုံးတွင် သူ၏သားငယ်များ အစာငတ်ကာ တစ်ကောင်ပြီးတစ်ကောင် အော်သံ တိတ်သွားသည်ကို တွေ့ကြုံခဲ့ရဖူးသည်။

ခြင်္သေ့တို့သည် သူ့ကို ဟိန်းဟောက်ကြ၏။ ခြောက်လှန့်ကြ၏။ သို့သော်သူသည် တစ်ခါတစ်ရံ ခြင်္သေ့နောက်သို့ လိုက်ကာ သူတို့၏ စားကြွင်းစားကျန်အတွက် လိုအပ်ပါက နာရီပေါင်း ၅၀–၆၀ စောင့်ရန် ဝန်မလေးပေ။ သူ၏ သန်မာသော မေးရိုးများသည် ခြင်္သေ့များ မကိုက်ဝါးနိုင်သော အရိုးများကို ကိုက်ဝါးနိုင်သည်။ သူ၏ အားကောင်းသော ဝမ်းမီးက အခြားတိရစ္ဆာန်များ မကြေချက်နိုင်သော အရိုးများ၊ ခေါင်းခွံများကို ကြေချက်နိုင်သည်။ ထို့ပြင် အခြား အသားစား တိရစ္ဆာန်များ မမက်မောသော ခွာများ၊ အူသိမ်အူမများကို သူကောင်းစွာ စားသောက်နိုင်သည် မဟုတ်လော။

လေးလေးမှန်မှန် ကြားရသော ခြေသံက ခြင်္သေ့တစ်ကောင်တည်းဖြစ်ကြောင်းကို ဖော်ပြနေသည်။ အကယ်၍ သူသာ သားကောင်းဖမ်းမိပါက သူ၏သားကောင်ကို တစ်ကိုယ်တည်း ကာကွယ်နိုင်မည် မဟုတ်ပေ။ တောခွေးမသည် ခြေသံကြားရာသို့ သွား၏။ ဤအချိန်သည် အေးအေးဆေးဆေး လုပ်နေရန် အချိန်မဟုတ်။ မိုးလင်းရန် နှစ်နာရီမျှသာလိုတော့သည်။ သူ၏ တောင့်တမှုမှာ အာဟာရ ဝလင်စွာမှီဝဲ၍ နို့ရည်ပြည့်တင်းရန် ဖြစ်သည်။ သားငယ်များသည် နှစ်ရက်လုံးလုံး အစာငတ်ခဲ့ပြီ မဟုတ်လော။

သူသည် စမ်းချောင်းများကိုဖြတ်၍ ဆူးချုံများကို ဖြည်းညင်းစွာ တိုးကာ ခြသေ့်နောက်သို့ တစ်နာရီလုံးလုံးလိုက်နေခဲ့သည်။ တောခွေးများသည် သူ့အနီးသို့ ရောက်လာကြ၏။ ထို့နောက် သူ့ကို နမ်းကြည့်ကာ တစ်ဖန်ပျောက်ကွယ်သွားကြပြန်၏။ အဝေးမှ တောခွေးသံများက သားကောင်လိုက်နေကြောင်း ဖော်ပြသော်လည်း သူမလိုက်နိုင်တော့ပေ။

ခြသေ့်၏ ခြေသံများရပ်သွား၏။ သူလည်း နားကိုစွင့်ကာ အမြီးကိုလှုပ်ယမ်းလျက် ရပ်နေ၏။ မြင်းကျားတစ်ကောင်၏ စူးစူးဝါးဝါး အချက်ပေးအော်သံ၊ ကဆုန်ပေါက်လွှားသံများကြားရ၏။ ထို့နောက် တိတ်ဆိတ်သွားပြန်သည်။ နောက်တစ်ဖန်အချက်ပေး အော်သံ၊ သွေးရူးသွေးတန်း ပြေးလွှား သံပြင်းထန်သော လဲပြိုသံ၊ ထို့နောက် ငယ်သံပါအောင် အော်သံ၊ ထိုအသံများသည် သူ့အား ရှေ့သို့ ပြေးလိုက်ရန် အချက်ပေးသံများ ဖြစ်ကြ၏။

အော်သံတိတ်သွားပြီး ခြသေ့်၏အစွယ်က မြင်းကျား၏ လည်တိုင်ကို ချိုးထားပြီ။ သားကောင်ကြီးသည် အသက်ငင်နေပေပြီ။ တောခွေးများသည် မှောင်ရိပ်ထဲမှ အလျှိုလျှိုထွက်လာကြကာ ခြသေ့်နှင့် သူ၏ သားကောင်ကို တိတ်ဆိတ်စွာ ဝိုင်းထားကြသည်။

တောခွေးမကြီးသည်တာရှည်သည်းမခံနိုင်တော့ပေ။ အမွေးများကိုထောင်၍ အမြီးကိုတောင့်တောင့်ကွေးကာ မန်ဖီလျက် ခြသေ့်အနီးသို့ ခပ်စောင်းစောင်း ကပ်သွားသည်။ ခြသေ့်က သူ့ကို ဂရုမစိုက်ပေ။ တောခွေးမကြီးသည် သွားကိုဖြီးထား

www.burmeseclassic.com


၏။ ခြသေ့်နှင့် ခြောက်ပေခန့်သာ ကွာတော့သည်။ ခြသေ့်က ဝမ်းခေါင်းသံကြီးဖြင့် ဟိန်းသည်။ တောခွေးမကြီးသည် ခြသေ့်နှင့် အလွန်နီးကပ်နေပြီ။ ခြသေ့်ကြီး ထလိုက်စဉ် သူသည် ရုတ်တရက် ပြေးဝင်ကာ မြင်းကျား၏ အသားတစ်ဖဲ့ကို ကိုက်ဖဲ့လိုက်သည်။ ခြသေ့်ကြီးသည် သူ၏ လက်ဝါးဖြင့် တောခွေးမကြီးကို ပုတ်ထုတ်လိုက်၏။ သို့သော် တောခွေးမကား အဝေးသို့ ပြေးထွက်သွားပြီ။

တောခွေးမကြီး၏ အောင်မြင်မှုကြောင့် အခြားတောခွေးများလည်း ပို၍ နီးကပ်လာကြသည်။ သူတို့၏ သံပြိုင်အော်သံမှာ နားကွဲလုမတတ်ရှိပေသည်။ ခြသေ့်က တောခွေးမကို လိုက်နေစဉ် အခြားတောခွေးများက တစ်ကိုက်စီဖဲ့၍စားလိုက်ကြ၏။ ခြသေ့်သည် အခြားတောခွေးများကို မောင်းထုတ်သောအခါ တောခွေးမက သူ၏ခြေထောက်ကအရိုးထိအောင် ကိုက်လိုက်၏။ ခြသေ့်သည် ကျယ်လောင်စွာဟိန်းလျက် မြေခွေးတစ်ကောင်ကို လက်ဖြင့်ရိုက်လိုက်ရာ နံဘေးကိုထိသဖြင့် နံရိုးအဖွေးသားပေါ်လာ၏။ ခြသေ့်သည် သူ၏သားကောင်ရှိရာသို့ လှည့်လည်လာသောအခါတွင်ကား မာန်ဖီဟိန်းဟောက်နေသော တောခွေးများက သားကောင်အား ဝိုင်းအုံနေသည်ကို တွေ့ရတော့၏။

တောခွေးများနှင့်တိုက်ခိုက်ရသည့်အခါ ခြသေ့်အဖို့ လေကို တိုက်ခိုက်ရသည်နှင့်သာ တူတော့သည်။ သူကြိုးစားတိုက်ခိုက်သရွေ့ တောခွေးများ၏ လျင်မြန်မှုကြောင့် တလွဲတချော်ဖြစ်ကုန်၏။ ခြသေ့်သာလျှင် ထပ်ကာ ထပ်ကာ အကိုက်ခံရ

www.burmeseclassic.com



သဖြင့် သူ၏ နောက်ခြေထောက်များတွင် သွေးချောင်းစီးနေတော့၏။ နောက်ဆုံးတွင် တောခွေး ၂၀ နှင့် သူတစ်ကောင်တည်း ရင်မဆိုင်ရဲတော့သော ခြင်္သေ့ကြီးသည် ရတ်တရက်ထွက်ပြေးတော့၏။ ၁၅မိနစ်အတွင်း မြင်းကျားတစ်ကောင်လုံးပြောင်တလင်းခါရုံသာမက မြက်ခင်းပြင်များကိုပင် လျှာဖြင့်လျက်ပြီး ဖြစ်နေပေတော့သည်။

အရှေ့ဘက်မှ ရောင်နီလာ၍ မကြာမီပင် တောခွေးမသည် သူ၏ နွံအိုင်တွင်းသို့ စားပိုးနင့်စွာ ပြန်လာ၏။ သူသည် စားထားသော အစားများကို ချေချက်ကာ နို့ရည်အဖြစ် ဖန်တီးပြီး သူ၏ သားငယ်များရှိရာသို့ ခရီးဝေး ပြေးရဦးမည် မဟုတ်ပါလော။

●

www.burmeseclassic.com

**မိခင်၏ ခြေရင်းတွင် ထိုင်ကာ နာကြားခဲ့ရသော အဆုံးအမများသည် ကျွန်ုပ်၏နှလုံးသားတွင် ထာဝစဉ် စွဲထင်နေမည်သာ ဖြစ်လေသည်။**

ဟူးဂိုလာမင် (၁၇၈၂–၁၈၅၄)
ပြင်သစ်ဘာသာရေးနှင့် နိုင်ငံရေးပညာရှင်

# အခန်း(၁၂)

## ပိုက်ထွေးယုယ

ကျွန်တော့်ဘဝ၏ အပျော်ဆုံး၊ အကြည်နူးဆုံးသောအချိန်များသည် အမေ့ရင်ကို ခေါင်းနှင့်ဖေ့နေရသော အချိန်များသာလျှင်ဖြစ်သည်။

ကျွန်တော်ငယ်စဉ်က ရေအိုင်တကကာ ချောင်းတကကာ၊ မြောင်းတကကာတွင် နေဝင်မှ နေထွက် အိမ်သို့ ပြန်မလာဘဲ ရေကူးနေသောအခါများတွင် အမေသည် အိမ်မှ တုတ်တစ်ချောင်းနှင့် ထိုင်စောင့်နေတတ်သည်။ ကျွန်တော်ကလည်း အမေ တုတ်ကိုင်စောင့်နေမည်ကိုသိ၏။ ထိုအခါများတွင် အမေမရိုက်မီ အမေ့ရင်ခွင်ထဲပြေးဝင်၍ ပြားချပ်နေသောရင်ခွင်မှ နံရိုးများကို ခေါင်းနှင့်ဖေ့သောအခါ အမေ့လက်ထဲမှ တုတ်သည် ပြုတ်ကျရစမြဲ ဖြစ်သည်။

www.burmeseclassic.com


ခေါင်းနှင့် ဆက်ဖော့နေပါလျှင် အမေက ‘ဟဲ့ကောင်လေး၊ ဟဲ့ကောင်လေး’ဟူ၍ အော်ရင်း သဘောကျနေသည်။ တစ်ခါ တစ်ရံတော့လည်း ခေါင်းနှင့်ဆက်ဖော့နေပါက အမေသည် ဝမ်းနည်းလာပြီး ကျွန်တော့်ကို ပွေ့ဖက်ထားကာ ဆုံးမရှာသည်။

“အမေနဲ့သားက သားတစ်ခု အမေတစ်ခုရှိတာ၊ သားလေးက မလိမ္မာရင် အမေရင်ကျိုးရချည်ရဲ့သားရယ်”

အမေပြောသော စကားများအနက် ကျွန်တော့်အား ရင်ခွင်ထဲ၌ထား၍ ရင်ငွေ့ကို ခိုလှုံစေပြီး ပြောသောစကားများကို ကျွန်တော် အမှတ်မိဆုံး ဖြစ်၏။ တကယ်တော့လည်း အမေ့ရင်ခွင်သည် တစ်ထွာမျှပင် မကျန်။ သည်ကြားထဲ၌ အမေသည် ရင်နှင့်ကျော ပြားကပ်၍ နေသေး၏။ ရင်ဘတ်တွင် နံရိုးများက ပေါ်နေသေးသည်။ သို့သော်လည်း ဤနံရိုး ပြိုင်းပြိုင်းထနေသော ပြားကပ်နေသည့် အမေ့ရင်ခွင်သည် ကျွန်တော့်အတွက် အတိုင်းအဆမရှိ ကျယ်သည်။ ချမ်းသောအခါ နွေး၍ ပူသောအခါ အေးစေသည်။ အမေ့ရင်ခွင်ထက် ပို၍လုံခြုံသော နေရာမရှိ။ အမေ့ရင်ခွင်သည် ကျွန်တော့် အတွက် အကောင်းဆုံးသော ဥတုသမစက်သာ ဖြစ်သည်။

ကျွန်တော့်အဖို့ အမေ့ရင်ခွင်သည်လည်းကောင်း၊ အမေ့ရင်ငွေ့များပျံ့နှံ့ရာ အမေ့ရွာသည်လည်းကောင်း၊ အမေ့ရွာတည်ရှိရာ စစ်တောင်းမြစ်ဝကျွန်းပေါ် အနောက်ကမ်းတစ်ခုလုံးသည်လည်းကောင်း အအေးချမ်းဆုံး အလုံခြုံဆုံးနေရာများ

www.burmeseclassic.com


ဖြစ်၏။

ကြီးပြင်းလာသောအခါ အမေ့ရင်ခွင်နှင့် ကျွန်တော် ကင်းလာရ၏။ အမေသည် အဖေ့ရွာသို့ လိုက်သွားပြီးနောက် အတော်ကြာမှ ကျွန်တော်အမေ့ထံသို့ လိုက်သွား၏။ အမေ့ဆီသို့ ရောက်သော် ကျွန်တော်ရှက်၍ နေမိသည်။ ထိုအခါ အမေက ကျွန်တော့်ကို ဆီးကြို၍ ရင်ခွင်ထဲထည့်ကာ ဖက်ထားသည်။ အမေ့ရင်ခွင်နှင့် ကင်း၍နေသော ကျွန်တော်သည် ထိုအခါက အဘယ်ကဲ့သို့သော ကြည်နူးချမ်းမြေ့ခြင်းမျိုးနှင့်မျှ မတူသော ချမ်းမြေ့မှုကို ရ၏။

ထိုထက်ကြီးလာသောအခါ ကျွန်တော်သည် အမေ့ရင်ခွင်နှင့် ပို၍ကင်းလာသည်။ ကျွန်တော် နေမကောင်းသောအခါ အမေက ကျွန်တော့်ကို ရွရွလေးနှိပ်ပေးရင်း သူ့ရင်ခွင်ထဲတွင် ထည့်၍ထားတတ်၏။ အမေ့ရင်ခွင်နှင့် ကင်းကွာလွန်းလျှင်လည်း ကျွန်တော်သည် အမေ့ကို ခေါင်းကိုက်သည်ဟု ပြောကာ အနှိပ်ခံရင်း အမေ့ရင်ခွင်၌ တိတ်တိတ်ခိုနေတတ်၏။

မိခင်၏မေတ္တာကိုမဆိုထားဘိ၊မိခင်၏ပိုက်ထွေးမှုသည်ပင် အလွန်အရေးကြီးကြောင်းကို စိတ်ပညာ ပါမောက္ခ ဒေါက်တာ ကျော်စိန်က ပြောပြ၏။ 'မိခင်၏ပိုက်ထွေးမှုသည် ကောင်းမြတ်သောသြဇာနှင့် အံ့သြစရာကောင်းသော ဂုဏ်သတ္တိထူးများရှိသည်'ဟု ဆို၏။

လူသမိုင်းမှစစ်ဘုရင်ကြီးများ၊ ပုရောဟိတ်သုခမိန်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများ၊ နိုင်ငံရေး ခေါင်းဆောင်ကြီးများ၊ တွေးခေါ် ပညာရှင်ကြီးများနှင့် အဘိဓမ္မာဆရာကြီးများ အားလုံး

www.burmeseclassic.com


သည် အမေ့ရင်ခွင်ထက်၌ ပက်လက်အိပ်စက်ခဲ့ရသူများသာ ဖြစ်သည်။

မိခင်၏ပိုက်ထွေးမှုကို ခံယူရသော သတ္တဝါနှင့် မခံယူရသော သတ္တဝါတို့သည် အကျင့်စရိုက် အနေအထိုင် အပြုအမူ ဖွံ့ဖြိုးမှု ကြီးထွားမှုမှအစ အစစအရာရာ ကွာခြားမှုရှိ၏။ အမိ၏ ပိုက်ထွေးယုယမှုဖြင့် ကြီးပြင်းလာသော သတ္တဝါတို့သည် နူးညံ့သိမ်မွေ့သော ကိုယ်ရည်ကိုယ်သွေးရှိသည်။ လိမ္မာသည်၊ သင်လွယ်သိလွယ်တတ်လွယ်သည်။ စိတ်ပိုင်းရောခန္ဓာကိုယ်ပါ ဖွံ့ဖြိုးကြီးထွားမှု အားကောင်းသည်။ မိခင်၏ရင်ခွင်၌ ဝဝလင်လင် နေခဲ့ရသော ကလေးသည် စိတ်ရောဂါဖြစ်ပွားရန် အလားအလာ အလွန်မှနည်းသည်။

မိခင်၏ ပိုက်ထွေးယုယမှုကို မခံရသော သူတို့သည် ကြမ်းတမ်းသည်။ ခက်ထန်သည်။ စိတ်တိုလွယ်သည်။ စိတ်ညစ်စိတ်ဆင်းရဲလွယ်သည်။ စိတ်ပိုင်းရော ရုပ်ပိုင်းပါ ဖွံ့ဖြိုးကြီးထွားမှု အားနည်း၏။ အနည်းနှင့်အများ စိတ်ဝေဒနာရှင်များ ဖြစ်နေတတ်ကြ၏။

၁၉၅၆ ခုနှစ်လောက်က စိတ်ပညာရှင် **ကယ်ရီဟာလိုး** ဆိုသူသည် ပိုက်ထွေးမှုနှင့်ပတ်သက်၍ မျောက်ငယ်များနှင့် စမ်းသပ်မှုပြုခဲ့ပြီး Love in infant monkey ဆိုသော ဆောင်းပါးကို ရေးသားခဲ့၏။

ဟာလိုးသည် ပိုက်ထွေးမှုအား စမ်းသပ်လေ့လာရာတွင် နို့စို့အရွယ် မျောက်ကလေးများကို အုပ်စုရှစ်အုပ်ခွဲ၍ လေ့လာ၏။ လေ့လာရာတွင် ဟာလိုးသည် မိခင်တု စက်ရုပ်နှစ်ရုပ်ကို

www.burmeseclassic.com


တီထွင်၏။ တစ်ခုသော မိခင်အတုအရုပ်ကို ကြမ်းတမ်းသော ဝါယာကြိုးများဖြင့် ရစ်ပတ်ထား၏။ အခြားတစ်ခုသော မိခင်အတု အရုပ်တွင်ကား နူးညံ့သော အမွေးပွမျက်နှာသုတ်ပဝါ အဝတ်အထည်တို့ဖြင့် ရစ်ပတ်ထား၏။ ထိုမိခင်အတု မျောက်အရုပ် နှစ်ခုစလုံးတွင် ရင်ခွင်၏အထက်၌ စုပ်လိုက်ပါက နို့ရည်ထွက်လာသော နို့သီးအတုကိုလည်း တပ်ထားသည်။ မိခင်မျောက်ရုပ် နှစ်ခုစလုံးသည် မျောက်ငယ်များ၏ ဆာလောင်မှုကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ထား၏။

မျောက်ကလေးများသည် အစာဆာတိုင်း မိခင်တု မျောက်ရုပ်ထံသို့သွား၍ အစာစား၏။ မိခင်ကိုယ်စား မိခင်အတု အရုပ်ထံမှ နို့စို့ခွင့်ရ၏။ ထိုနို့သည် မိခင်နို့ရည်နှင့်မခြား အာဟာရအပြည့်အဝရှိသည်။ ခြားနားချက်တစ်ခုမှာ နို့ရည်ကို သောက်နေချိန်တွင် တစ်ခုသောမိခင်အရုပ်သည် ကြမ်းတမ်းသော အထိအတွေ့ကို ပေးထား၍ တစ်ခုသောမိခင်အရုပ်က နူးညံ့သိမ်မွေ့သော အထိအတွေ့ကို ပေး၏။

ထိုကဲ့သို့ဖြင့် ကြီးပြင်းလာသောမျောက်ငယ်များကိုကြောက်စရာကောင်းသော စက်တပ်အသံမြည် ခွေးရုပ်များ၊ ပိတုန်းရုပ်များနှင့် တွေ့၍ပေးသောအခါ နူးညံ့သော မိခင်အတုဖြင့် ကြီးလာသော မျောက်ငယ်များသည် အကာအကွယ် အလို့ငှာ ယင်းမိခင်အတု အရုပ်ဆီသို့ ပြေးဖက်ကြသည်ကို တွေ့ရ၏။ သို့သော် ကြမ်းတမ်းသော ဝါယာကြိုး သံကြိုးတို့ဖြင့် ရစ်ပတ်ထားသော မျောက်ငယ်များသည် မိခင်ထံသို့ ပြေးမသွားဘဲ အတွယ်အတာကင်းမဲ့စွာဖြင့် ထိတ်လန့်တကြား မိမိ၏မျက်နှာ

www.burmeseclassic.com


ကို မိမိလက်ဖဝါးဖြင့်အုပ်ကာ မှောက်၍နေတတ်ကြောင်း တွေ့ရ၏။

မိခင်အတု နှစ်စလုံးမှာ မျောက်ကလေးများအတွက် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးသော်လည်း နူးညံ့စွာ ဆက်ဆံသော မိခင်အတုနှင့် ကြီးလာသော မျောက်ကလေးများသည် မိခင်နှင့်ကလေး ကျေနပ်မှုအခြေခံရှိ၍ အခြား ကြမ်းတမ်းသော မိခင်အတုနှင့်ကြီးလာသော မျောက်ကလေးများသည် မိခင်နှင့်ကလေး ကျေနပ်မှုအခြေခံ မရကြပေ။

မိခင်နှင့်ကလေး ကျေနပ်မှု၊ ယုယမှုရခြင်းနှင့် မရခြင်းသည် ထိုမျောက်ကလေးများ၏စိတ်ကို လွှမ်းမိုးထားတော့၏။ မိခင်နှင့်ကလေး ကျေနပ်မှု၊ နူးညံ့မှုရရှိသော မျောက်ကလေးများသည် ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်၍ မိခင်နှင့်ကလေး ကျေနပ်မှုမရဘဲ ကြမ်းတမ်းမှုသာရကြသော မျောက်ကလေးများသည် ကိုယ်ရည်ကိုယ်သွေး ညံ့ဖျင်းကြသည်။

မျောက်မိခင် အစစ်မဟုတ်ဘဲ နူးညံ့သည့် အဝတ်ဖြင့် ပတ်ထားသော အရုပ်တို့ဖြင့် ကြီးလာသော မျောက်ငယ်များ၌ပင် ကိုယ်ရည်ကိုယ်သွေး ထူးခြားမှုရှိလျှင် မိခင်မျောက်မကြီး၏ ပိုက်ထွေးယုယမှုဖြင့် ကြီးလာသည့် မျောက်ငယ်သည် အဆပေါင်းများစွာ ကောင်းမွန်သည့် ကိုယ်ရည်ကိုယ်သွေးရှိမည်မှာ သေချာလှ၏။

မိခင်မျောက်မကြီး၏ ပိုက်ထွေးယုယမှုထက် လူသားမိခင်တို့က ကလေးချော့ သီချင်းများ၊ စနစ်တကျ ပွေ့ဖက်မှုများ၊ ရင်အုပ်မကွာ ယုယမှုများဖြင့် ကြီးလာရသော ကလေးတို့၏

www.burmeseclassic.com


ကိုယ်စွမ်းကိုယ်စသည်ကား အတိုင်းအစရှိအံ့မထင်။ ထို ကိုယ်စွမ်း ကိုယ်စတို့သည် မိခင်ရင်ခွင်မှသာ ရရှိနိုင်၍ ကမ္ဘာမြေ တစ်ခွင်ဝယ် အခြား ဘယ်နေရာတွင်မှ မရနိုင်ပေ။

တစ်ဖန်စိတ်ပညာရှင် **ဟာန်** ဆိုသူကလည်း မိခင်နို့၏ အရေးကြီးပုံကို ကြွက်ဖြူလေးများနှင့် စမ်းသပ်မှု ပြုခဲ့သေး၏။ သူသည် ကြွက်ဖြူလေးများအား အုပ်စုခွဲကာ တချို့ကို မွေးစမှ ၂၄ ရက်အတွင်း မိခင်နှင့် အတူနေရမှု၊ နို့စို့ရမှုတို့ကို လိုဘမပြည့်အောင် ပြုလုပ်ပေးထားပေ၏။ တစ်ဖန် အခြားကြွက်ဖြူလေးများအား မွေးသည်မှ ၅လအတွင်း အားလုံးကို လိုဘပြည့်အောင် ပြုလုပ်ပေးထားပြီး ငါးလကျော်မှသာ မိခင်၏ပိုက်ထွေးမှု၊ နို့အာဟာရတို့နှင့်ပတ်သက်၍ လိုဘမပြည့်အောင် ဖန်တီးပေးထား၏။

ထိုကြွက်ဖြူလေးများအား ယှဉ်၍မိတ်လိုက်စေသောအခါ ငယ်စဉ် ၂၄ ရက်တွင် မိခင်နှင့်ပတ်သက်၍ လိုဘမပြည့်ခဲ့ရသော ကြွက်ဖြူများထက် ငါးလကြာပြီးမှ လိုဘမပြည့်သော ကြွက်ဖြူများသည် မိတ်လိုက်ရာတွင် နှစ်ဆခွဲခန့်ပိုမိုချုပ်တည်းနိုင်သည်ကို တွေ့ရ၏။ ငယ်စဉ်က မိခင်၏ယုယမှု၊ နို့ရည်စသည်တို့ကို အလုံအလောက်မရသူ၊ လိုဘမပြည့်သူတို့သည် ချုပ်တည်းနိုင်စွမ်းအားနည်း၏။ ပေါက်ကွဲလွယ်၏။ ဒေါသထွက်လွယ်၏။ ချုပ်တည်းနိုင်စွမ်း၊ သည်းခံနိုင်စွမ်းမရှိကြပေ။ သို့သော် ငယ်စဉ်က လိုဘပြည့်ခဲ့သူများသည် ကြီးမှ လိုဘမပြည့်သော်လည်း ချုပ်တည်းနိုင်ကြသည်။ သည်းခံနိုင်စွမ်း ရှိကြသည်။ ချင့်ချိန်နှိုင်းဆနိုင်စွမ်းရှိကြ၏။

www.burmeseclassic.com


လေ့လာသူ **မာဂရက်ရီဘယ်** ဆိုသူကလည်း ပုဂ္ဂိုလ်၊ သတ္တဝါတို့၏ ဖွံ့ဖြိုးမှု၊ ကြီးထွားမှု အရည်အချင်းများအတွက် ကလေးများအား ကိုင်တွယ်ယုယ ချော့မြှူချီပိုးကြပုံများသည် အရေးပါလှသည်။ မိခင်ထံမှ ယုယုယယ ချီးပိုးချော့မြှူမှုကိုရရှိသော ကလေးတို့သည် ကျေနပ်နှစ်သိမ့်မှုကို ရရှိရုံမျှမက မိခင်ကလေး ဆက်ဆံမှုကိုလည်း ပိုမိုခိုင်မြဲစေ၍ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုသာမက စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတို့အတွက်လည်း များစွာ အရေးတကြီး အထောက်အကူပြုသည်ဟု တင်ပြသည်။

ထို့အပြင် မနုဿဗေဒပညာရှင်များဖြစ်ကြသော **မာဂရက်မီ** နှင့် **အီရယ်ဆင်** တို့က မိမိတို့ လေ့လာခဲ့ရာတွင် ငယ်စဉ်က မိခင်သည် ကလေးငယ်အား ရက်ရောစွာနို့တိုက်ခြင်း၊ နောက်ကျမှ နို့ဖြတ်ခြင်းတို့၏ အပြုအမူသည် ကလေးငယ်အား ရက်ရောတတ်ခြင်း၊ ရိုင်းပင်းကူညီတတ်ခြင်း၊ အေးချမ်းစွာ ပြုမူတတ်ခြင်း စသည့် ကိုယ်ရည်ကိုယ်သွေးများကို ပေးသည်ဟု ပြောဆို၏။

တစ်ဆက်တည်းမှာပင် ကလေးငယ်အား မိခင်သည် ရင်ခွင်တွင်း၌ထည့်၍ သိမ်မွေ့စွာချော့မြှူခြင်း၊ ယုယုယယပွေ့ဖက်ခြင်း၊ ညက်ညောစွာ ပွတ်သပ်ပေးခြင်းတို့သည် ကြီးပြင်းလာသောအခါ ကလေးငယ်သည် သိမ်မွေ့ခြင်း၊ ညက်ညောခြင်း၊ ခင်မင်ဖွယ်ကောင်းခြင်း စသော ကိုယ်ရည်ကိုယ်သွေးများကို ဖြစ်လာစေသည်ဟု ဆို၏။

ဤအရာတို့ကို မိခင်တို့ကသာ ပေးစွမ်းနိုင်၍ မိခင်၏ ပွေ့ဖက်မှုသည် ကလေးငယ်အား အသိမ်မွေ့ဆုံးသော တယော

www.burmeseclassic.com


ဆရာကိုလည်း ဖြစ်စေ၏။ မိခင်၏ ကလေးချော့တေးသည် သားငယ်အား အကောင်းဆုံး ကဗျာဆရာကို ဖြစ်စေနိုင်၏။ ဤအစွမ်းအတ္တိကို အဘယ်မည်သောကျောင်းတွင်မှ သင်ကြားပေးနိုင်စွမ်း မရှိပေ။ မိခင် ရင်ခွင်ကသာ သင်ကြားပေးနိုင်၏။ ထို့ကြောင့် သားသမီးတိုင်းအတွက် မိခင်၏ရင်ခွင်သည် အကြီးကျယ်ဆုံးသော တက္ကသိုလ်ပရိဝုဏ် ဖြစ်ပါသည်။

ကလေးငယ်များ၌ မွေးစမှ ငါးနှစ်အတွင်း မဖြစ်မနေ လိုအပ်သော **လီဘီဒိုနယ်** (ခေါ်) ပုံမှန်ဖွံ့ဖြိုးမှုသည် အရေးကြီးလှ၏။ ငါးနှစ်အတွင်း ထိုပုံမှန်ဖွံ့ဖြိုးမှု ရရှိမှသာလျှင် ကြီးပြင်းလာသောအခါ ရင့်ကျက်မှု၊ စဉ်းစား တွေးခေါ်တတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု စသော ကိုယ်ရည်ကိုယ်သွေးများကို ဖြစ်ပေါ်စေ၏။ ထိုပုံမှန်ဖွံ့ဖြိုးမှုကို မရကြပါက ကလေးများသည် ရင့်ကျက်မှုမရှိဘဲ ကြောင်တောင်တောင် ပေါတောတော ဖြစ်သွားရသည်။ ထိုအခါမျိုးဝယ် ဘဝဟူသည် ဒုလ္လဘ မဟုတ်တော့ပေ။

ငါးနှစ်အတွင်း ပုံမှန်ဖွံ့ဖြိုးမှုကို သမားအကျော်အမော်တို့ဖြင့် ငွေကိုရေလိုသုံးကာ ဝယ်ယူဖန်တီး၍ မရပေ။ မိခင်ကသာလျှင် အကောင်းဆုံးနှင့် နည်းလမ်းအမှန်ဆုံးသော လီဘီဒိုနယ် ဖွံ့ဖြိုးမှုကို ပေးစွမ်းနိုင်သည်။ မိခင်၏ နို့ရည်ဖြင့် ရင်အုပ်မကွာ ကြီးပြင်းလာရုံမျှမက မိခင်နှင့် အတွေ့အထိများပြီး ဆက်ဆံမှုပြေပြစ်သော ကလေးတိုင်းသည် ငါးနှစ်အတွင်း ပုံမှန်ဖွံ့ဖြိုးမှုများကို ရကြ၍ ယင်းတို့၏ ကိုယ်ရည်ကိုယ်သွေးများသည်လည်း ကောင်းမွန်ကြ၏။

www.burmeseclassic.com


မိခင်၏ ရင်အုပ်နှင့်ကင်းကွာခဲ့ရသော ကလေးများသည် ကြီးပြင်းလာသောအခါ လိုဘ မပြည့်ခြင်း၊ အကြမ်းဖက်လိုခြင်း၊ အလိုရမ္မက်ကြီးခြင်း၊ တိုက်ခိုက်လိုခြင်း စိတ်များ ပြင်းထန်ပြီး စိတ်ပြည့်ဝသော လူတစ်ယောက် ဖြစ်မလာနိုင်ပေ။

မိခင်ပိုက်ထွေးယုယမှုနှင့် ပတ်သက်၍ **အမျိုးသမီးဆေးရုံအုပ်ကြီးဒေါ်ပိုပိုက** 'မိခင်ရဲ့ရင်ခွင်ဟာ(Feeling of Security)ကိုပေးပါတယ်။ မိခင်ရဲ့ ရင်ခွင်ကပေးတဲ့ **စကျူရတီ** လို့ခေါ်တဲ့ လုံခြုံမှုဟာ သာမန်လုံခြုံမှု မကပါဘူး။ ဒီအထဲမှာ ဘေးအန္တရာယ်အပေါင်းက လုံခြုံမှု၊ ပူပင်ကြောင့်ကြခြင်းမှ ကင်းစင်လွတ်မြောက်မှု၊ အားကိုးအားထား ရှိမှု၊ ချစ်ခင်ကြင်နာမှု မြတ်နိုးတွယ်တာမှု၊ အေးချမ်းသာယာမှု စတဲ့ အချက်တွေပါတဲ့ လုံခြုံမှုမျိုးကို ခေါ်တာပဲ၊ မိခင်ရဲ့ ပိုက်ထွေးမှုကင်းတဲ့ ကလေးတွေဟာ အဲဒီလုံခြုံမှုကိုလည်း မရရှာဘဲ အနည်းနဲ့ အများ လေလွင့်တဲ့ လူငယ်တွေ ဖြစ်ကုန်တတ်တယ်'ဟု ပြောပြ၏။ ဆေးရုံအုပ်ကြီးက သူ့အတွေ့အကြုံတစ်ခုကို ဆက်၍ ပြောပြ၏။

"ကလေးကို ရင်ခွင်ထဲမှာ ပိုက်လိုက်ရတာဟာ ကလေးနဲ့ မိခင်အတွက် ရောမကြီးကျယ်တဲ့ ဆက်သွယ်မှုမျိုး ပေးတာပဲ။ မိခင်နဲ့ကလေးကြားမှာ ပွေ့ထားပိုက်ထားတာဟာ အင်မတန် အရေးကြီးပါတယ်။ ကျွန်မအသိ အမျိုးသမီးကြီးတစ်ယောက် ရှိတယ်။ သူ့မှာ သမီးငါးယောက် မွေးထားတယ်။ သမီးဆိုရင် အဲဒီ အမျိုးသမီးကြီးကရော သူ့ယောကျ်ားကပါ အတော့်ကို စိတ်ပျက်နေကြတယ်။ သူတို့ဟာ သားကို သိပ်လိုချင်နေကြ

www.burmeseclassic.com


တယ်။ တစ်ခါကျတော့ ခြောက်ယောက်မြောက်ကလေး ကိုယ်ဝန်မှာ ကျွန်မအသိက ဒီတစ်ခါသမီးမွေးရင် ဆရာမပဲ မွေးစားပါတော့ဆိုပြီး သူ့ဗိုက်ကို ထိုးအပ်တယ်။ ကျွန်မကလည်းအားရ ဝမ်းသာပဲ ယူလိုက်တာပေါ့၊ မွေးတော့လည်း ကျွန်မကိုယ်တိုင်ပဲ မွေးပေးတယ်။ မွေးပြီးလို့ တစ်ရက်အကြာမှာကျွန်မ သူ့ဆီမှာ ပြောဆိုထားကြတဲ့အတိုင်း ကလေးသွားတောင်းတယ်။ ကတိစကားအရ ကလေးကို သွားတောင်းပေးရပေမယ့်လို့ သူပြောမယ့် စကားတွေကို ကျွန်မသိပြီးသားပါ။ 'ကဲ... ရှင်ပြောထားတဲ့အတိုင်း အခု ကျွန်မ ကလေးလာယူတာ'လို့ ပြောတော့ အမေက 'ဆရာမရယ်၊ ကျွန်မသမီးကို ကျွန်မပိုက်မိပြီမို့ မပေးပါရစေနဲ့တော့'လို့ ပြောတယ်။အဲဒီအမေပြောတဲ့စကားထဲမှာ **'ပိုက်မိပြီ'**ဆိုတာပါတယ်။ ဝမ်းထဲမှာ ကိုးလလွယ်ဆယ်လ ဖွားတာ အရေးကြီးသလို မွေးပြီးလို့ မိခင်ဟာ သားသမီးကို ပိုက်လိုက်မိတဲ့အခါမှာလည်း အလွန်မှ အရေးကြီးတယ်၊ မိခင်ရဲ့ ပွေ့ပိုက်ယုယမှုကို မခံစားရ၊ မိဘမေတ္တာကို မခံစားကြရရင် ကမ္ဘာပျက်မှာပဲ။

"နောက်ပြီး ကလေးဖွံ့ဖြိုးဖို့ဆိုရာမှာ မိခင်ရဲ့ ယုယုယယ နွေးထွေးပွေ့ပိုက်မှုဟာ သိပ်အရေးကြီးတယ်။ မိခင်ရဲ့ ရင်ခွင်နဲ့ ထွေးပိုက်မှုမခံစားရတဲ့ ကလေးတွေဟာ အသိဉာဏ်ရော ကိုယ်ခန္ဓာပါ ဖွံ့ဖြိုးမှုအပြည့်အဝ မရကြဘူး။ မိခင်နဲ့ ကင်းကွာတဲ့ ကလေးဟာ သူတို့ရဲ့ မျက်နှာလေးတွေကိုက မိခင်မေတ္တာကို တောင်းခံနေကြတယ်၊ ကျွန်မတို့ ဆေးရုံမှာ မီးဖွားပြီး မိခင်ဆုံးလို့ အကြောင်းအမျိုးမျိုးကြောင့် မိဘမဲ့ကလေးတွေရှိတယ်။

www.burmeseclassic.com


သူတို့ဟာ တခြားကလေးတွေနဲ့ မတူဘူး။ မိခင်မေတ္တာ ငတ်နေလို့ သူတို့လေးတွေဟာ အားငယ်ညှိုးနွမ်းနေကြတယ်။ မိခင်မေတ္တာငတ်တာဟာ ရေငတ်တာထက်ဆိုးတယ်။မိခင်ရဲ့မေတ္တာ တစ်ရက်ရနိုး၊ တစ်ရက်ရနိုးနဲ့ တစ်မိုးသောက်က တစ်နေကုန် ဒီကလေးတွေဟာ ဘယ်တော့များမှ မိခင်မေတ္တာကို ရကြပါ့မလဲလို့ စဉ်းစားမိတိုင်း ကျွန်မ စိတ်မကောင်းရတာပါပဲရှင်”

ဆေးရုံအုပ်ကြီးသည် ကျွန်တော့်ကိုပြောပြရင်း ဝမ်းနည်းလာဟန်ရှိသည်။ သူ့ဆေးရုံကြီးပေါ်မှ မိခင်မေတ္တာ တောင်းခံနေသော သားသမီးတို့အတွက် ဆရာမကြီးသည် နေ့စဉ်နှင့်အမျှ ယူကျုံးမရ ရှိနေပေသည်။

မိခင်၏ ပိုက်ထွေးယုယမှုသည် အရေးကြီးသလို မိခင်၏ နို့ရည်သည်လည်း အရေးကြီးလှသည်။ မိခင်၏နို့ရည်သည် အစားထိုး၍ မရသော အာဟာရဖြစ်၏။ မိခင်နို့ရည် အတု လုပ်၍ရသော်လည်း မိခင်၏ နို့ရည်ထဲတွင်ပါသော ကိုယ်ခံစွမ်းအားကိုမူ အတုလုပ်၍မရပေ။

နို့အတုဖြစ်သော နို့မှုန့်ကို တိုက်ကျွေးရာတွင် အချိန်အဆမမှန်ကန်ပါက ကလေးငယ်အာဟာရချို့တဲ့မှုကို ဖြစ်စေသည်။ နို့မှုန့်ဖျော် ကိရိယာများ မသန့်ရှင်းပါကလည်း ဝမ်းလျှောရောဂါမှအစ ရောဂါပေါင်းစုံ ဝင်နိုင်၏။

သားမြတ်မှ နို့ရည်မည်ကဲ့သို့ထုတ်ပေးသည်ကို ယနေ့ထက်တိုင် သိပ္ပံပညာရှင်တို့ စဉ်းစား၍ မရသေးပေ။ သားမြတ်သည် နို့ကိုဖန်တီးရာတွင် ကုန်ကြမ်းမှာ သွေးဖြစ်တန်ရာသည်ဟုတော့ ယေဘုယျသတ်မှတ်ကြ၏။ သို့သော် သွေးကိုနို့အဖြစ်ပြောင်းလဲ

www.burmeseclassic.com


သည်ဟု ဆိုအံ့။ ထိုအရာသည် သိပ္ပံပညာရှင်များအတွက် စဉ်းစား၍ မရလောက်အောင် ထူးဆန်းသော အံ့မခန်းအရာ တစ်ခုဖြစ်နေပြန်၏။ အဘယ့်ကြောင့်ဆိုသော် သိပ္ပံပညာရှင်တို့က သွေးအောင်စ ၄၀၀ သားမြတ်အတွင်း၌ လှည့်လည်နေပါမှ နို့တစ်အောင်စသာ ရနိုင်မည်ဟု တွက်ချက်၍ ရသောကြောင့်ဖြစ်သည်။

ထို့အပြင် သားမြတ်၏ အခြားအံ့သြစရာတစ်ရပ်မှာ ပဋိသန္ဓေနေချိန်နှင့် အချိန်တိကျစွာကိုက်၍ သားငယ်အား နို့ချိုတိုက်ကျွေးရန် အသင့်ပြင်ဆင်ထားမှု ဖြစ်၏။

'ဤဆန်းကြယ်မှုအားလုံးတွင် မိခင်၏ မေတ္တာစာတ်ကိန်းဝပ်လျက်ရှိသည်'ဟု သိပ္ပံပညာရှင်အချို့က ဆိုသည်။

မိခင်နို့ရည်နှင့်ပတ်သက်က အာဟာရဓာတ် စူးစမ်းရှာဖွေရေးနှင့် သုတေသနဌာနမှ **ဒေါက်တာချို့နွယ်ဦး** က မွေးကင်းစ အရွယ်မှာ မိခင်နို့ဟာ အကောင်းဆုံးပါပဲ။ မွေးစကနေ ခြောက်လလောက်အထိ ဘာနဲ့မှ မဖလှယ် အစားမထိုးဘဲ မိခင်နို့ကို တိုက်နိုင်ရင် အကောင်းဆုံးပါပဲ။ မိခင်နို့ရည်ဟာ အာဟာရဓာတ်ပြည့်ဝတဲ့အပြင် ပူလွန်းခြင်း၊ အေးလွန်းခြင်း မရှိပါဘူး။ နို့တိုက်ရာမှာ မိခင်ရဲ့ရင်ခွင်မှာ ထည့်ပြီး တိုက်ကျွေးတဲ့အတွက်လည်း လုံခြုံမှုရရှိပြီး မိခင်မေတ္တာရဲ့ လွှမ်းခြုံမှုကို ခံယူပြီးသားလည်း ဖြစ်နေပါတယ်။ ဒီလွှမ်းခြုံမှုဟာ နောင်ကြီးပြင်းလာတဲ့အခါမှာ စိတ်ဓာတ်ကြံ့ခိုင်မှုကို အထောက်အကူပြုတယ်လို့ စိတ်ပညာရှင်များက ဆိုပါတယ်။ ဒါ့အပြင် မိခင်

www.burmeseclassic.com


နို့ရည်ထဲမှာ အပြင်ကမရနိုင်တဲ့ ရောဂါကာကွယ်အားကိုလည်း ရရှိပါတယ်’ဟု ပြောပြ၏။

မိခင်နို့ရည်သည် လည်းကောင်း၊ မိခင်၏ ထွေးပိုက် ယုယမှုသည်လည်းကောင်း အစားထိုး၍မရသော အရာများ ဖြစ်သည်။ မိခင်၏ရင်ခွင်သည် သားသမီးတိုင်းအတွက် ရေကြည်ရာ၊ မြက်နုရာ၊ ခိုလှုံမှီအောင်းရာ၊ လုံခြုံဘေးကင်းရာ၊ အားကိုးရာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း အမေ့ရင်ခွင်ကို အမေ့သားသမီးတိုင်း မမေ့ကြပါ။

အမေ့ရင်ခွင်နှင့်ပတ်သက်၍ **ဆရာဦးသိန်းဖေမြင့်** က ‘အမေ့မျက်နှာမှာ စမ်းရေလို ကြည်လင်လှပါသည်။ ကျွန်တော့်အား လဝန်းကြီးလိုပြုံး၍ ကြည့်ပါသည်။ ကျွန်တော်သည် ငယ်ငယ်တုန်းကလို အမေ့အား ဖက်ချင်၏။ နမ်းချင်၏။ အမေ့ရင်ခွင်ဝယ် ရင်ငွေ့လှုံလို၏’ဟု သူ၏ **‘အမေ’** ဆောင်းပါးတွင် ရေးသားထားသည်။

အမေ့ရင်ခွင်မှဖြစ်သော နို့ရည်ကို သောက်သုံး စို့ယူရင်း အမေ့ရင်ခွင်၌ အေးချမ်းစွာ မှေးစက်ရသော စည်းစိမ်သည်ကား လေးကျွန်းတစ်မြင်းမိုရ် ပိုင်စိုးသော စကြဝတေးမင်း၏ စည်းစိမ်နှင့် မလဲနိုင်သော စည်းစိမ်မျိုးသာတည်း။

အမေဟူသည် စကြဝတေးမင်း၏ စည်းစိမ်ကို ပေးစွမ်းနိုင်၏။

●

www.burmeseclassic.com

**လူ့လောက၏ အနာဂတ်သည်**
**မိခင်တို့၏ လက်တွင်း၌သာ**
**တည်ရှိသည်။**

လူပီဒီဗြူဖို (၁၇၉၅)
ပြင်သစ် သမိုင်းပညာရှင်။

## အခန်း(၁၃)

## အရေးကြီးသော မေတ္တာစခန်း

မိခင်နှင့်ရင်သွေး ဆက်ဆံရေးကို မနုဿဗေဒ အမြင်ဖြင့် ချဉ်းကပ်ရှုမြင်သောအခါ ပို၍ပင် စိတ်ဝင်စားဖွယ်ရာ ကောင်းသည်ကို တွေ့ရ၏။ 'တိရစ္ဆာန်လောက၌ သံယောဇဉ်ပါသော ဆက်ဆံရေးကို မိခင်နှင့် ရင်သွေးငယ်တို့၏ ဆက်ဆံရေးတွင်သာ တွေ့ရသည်'ဟု မနုဿဗေဒ ပညာရှင်တို့က ဆိုပေသည်။

ထို့ကြောင့် တိရစ္ဆာန်လောကတွင် သားသမီးမွေးလာပါက မိမိတို့ ကိုယ်မှထွက်သော နို့ရည်နှင့် အခြားသကာရည် အချိုရည်တို့ကို တွယ်တွယ်တာတာ တိုက်ကျွေးကြသည်မှာ အထူးအံ့သြစရာတစ်ရပ် မဟုတ်ပါဟု ဆိုကြ၏။ **ဂေါဖလိုင်း**

www.burmeseclassic.com


ခေါ် ယင်ကောင်တစ်မျိုးသည် သားသမီးတို့ကို မွေးဖွားပြီး ပါက မိခင်သည် သားသမီးတို့အစာအဖြစ် အစားခံ၏။ သားသမီးများသည် မိခင်အား ပြန်လည်စားသောက်ပစ်တတ်သည်။ ရင်သွေးငယ်တို့၏အစာအဖြစ် မိခင်က အသေခံပေးခြင်းလည်း ဖြစ်သည်။ ထိုဂေါဖလိုင်း ယင်ကောင်တို့မှ အရောင်ဆိုးဆေးများကို ထုတ်ယူရရှိ၏။

တိရစ္ဆာန်လောကမှ မိခင်နှင့်ရင်သွေး ဆက်ဆံရေးကို ဆင်များနှင့် ပတ်သက်၍ လေ့လာသောအခါ ရင်သွေးသည် မိခင်၏ ဝမ်းထဲတွင် ၂နှစ်ခန့်မျှ နေ၏။ ဆင်မိခင်များသည် ရင်သွေးငယ်များကို ၂နှစ်ကြာမျှ ကိုယ်ဝန်ဆောင်ရ၏။ ဆင်နှင့်လူတို့၏ ပမာဏအချိုးအစားအရ ကိုယ်ဝန်ဆောင်ချိန်ကို လေ့လာသောအခါ ဆင်သည် လူထက် ပိုမိုကြာမြင့်စွာ ကိုယ်ဝန်ဆောင်ရသည်ကို တွေ့ရ၏။ ထို့အပြင် ဆင်သည် အခြားသော သတ္တဝါ အားလုံးထက်လည်း ကိုယ်ဝန်ဆောင်ချိန် အကြာဆုံးဖြစ်သည်။

ကိုယ်ဝန်ဆောင်ချိန်ကြာမြင့်သော သတ္တဝါတို့သည် မွေးဖွားသည့်အခါ ဦးရေနည်းပါး၍ ကိုယ်အတွင်းပိုင်း ဖွဲ့စည်းပုံ ပိုမိုရုပ်ထွေးကာ ဖွံ့ဖြိုးမှုဆိုင်ရာ အဆင့်အတန်း ပို၍မြင့်ကြောင်း တွေ့ရ၏။

ကြွက်များသည် မွေးဖွားပြီးသော်လည်း မိခင်၏ စောင့်ရှောက်မှုကို (၃၉)ရက်ကြာမျှ ခံယူရသေး၏။ ထို (၃၉)ရက် အတွင်း မိခင်၏မေတ္တာကို ခိုလှုံရသည်။ ကြွက်ငယ်များသည် (၃၉)ရက် ကျော်လွန်မှသာ မိမိဘာသာမိမိ ရွေ့ပြောင်းနိုင်၏။

သို့သော် မိခင်၏ စောင့်ရှောက်မှုကို ဆက်လက် ခံယူရသေးသည်။ ကြွက်ငယ်များသည် ဖလကြာမှသာ အရွယ်ရောက်ကြ၏။

သမင်များသည် မွေးပြီး မကြာမီပင် တကောက်ကောက်သွားနိုင်ပြီး ရက်သတ္တတစ်ပတ် ကြာပြီးသောအခါ အမြန်ဆုံးအပြေးသမားထက်ပင် ပိုမိုလျင်မြန်စွာ ပြေးနိုင်သည်။ ဆင်များသည် မွေးပြီး ၂ ရက် ကြာပါက ဆင်မကြီး နောက်သို့ တကောက်ကောက် လိုက်နိုင်၏။ ထိုသို့ လိုက်နိုင်သော်လည်း မိခင်၏ စောင့်ရှောက်မှုမှ ကင်းလွတ်သည် မဟုတ်။ သမင်ရော ဆင်များပါ မိခင်၏ မေတ္တာရိပ်အောက်တွင် ရက်ပေါင်းများစွာ ခိုလှုံရသေး၏။

ခြသေ့်များသည် တစ်နှစ်ခွဲကြာသည့်တိုင် မိမိခြေပေါ်တွင် မိမိ ရပ်တည်၍ မနေနိုင်ဘဲ မိခင်၏ မေတ္တာကိုသာ ခိုလှုံနေရသည်။

မျောက်များသည် အခြားသော တိရစ္ဆာန်များထက် မိခင်စောင့်ရှောက်သောကာလ ကြာမြင့်၍ ရင်သွေးငယ်သည် ၇ လ အထိ မိခင်၏ ရင်ခွင်၌ တွဲလောင်းခိုလိုက်ကြလေ၏။ မိခင်စိတ်ကို လေ့လာသူ **ရောဘတ် ဘရစ်ဒေါ့** ဆိုသူက အခြားသော သတ္တဝါများတွင် ရင်သွေးငယ်ကြီးပြင်းလာသောအခါ မိခင်စိတ် မိခင်မေတ္တာ ပျောက်ကွယ်သွားသော်လည်း မျောက်နှင့် လူဝံများတွင်ကား ဘယ်တော့မှ မပျောက်ဟု ဆို၏။ မျောက်မကြီးများသည် ရင်သွေးငယ်အား ယင်မောင်းပေးခြင်း၊ ရေချိုးပေးခြင်းများ ပြုလုပ်ပေး၏။ တစ်ခါတစ်ရံ မိမိ သား

www.burmeseclassic.com


သမီးများ သေဆုံးသောအခါ မိခင် မျောက်မကြီးများသည်လည်း ရင်ကွဲနာကျ သေဆုံးတတ်၏။

မိခင်၏ ရင်ခွင်၌ ကြာမြင့်စွာ မှီခိုခွင့်ရသော သတ္တဝါများသည် ပိုမို အဆင့်အတန်းမြင့်ကြ၍ ဖွံ့ဖြိုးမှုလည်း ပိုမိုကြီးမားကြသည်။

မိခင်၏ ရင်ခွင်၌မှီခိုနေထိုင်မှု ကြာခြင်း၊ မကြာခြင်းစသည့် အချိန်ကာလ ကွာခြားမှုသည် တိရစ္ဆာန်များ အတွင်း၌သာ မက လူများအကြားတွင်လည်း ကွာခြားမှုရှိ၏။ မိခင် ရင်ခွင်ဝယ် ပိုမို နေရသော ကလေးများသည် ဖွံ့ဖြိုးမှု ကြီးမား၍ မိခင် ရင်ခွင်ဝယ် အချိန်တိုတောင်းစွာ နေရသော ကလေးများသည် ဖွံ့ဖြိုးမှု နှေးကွေး၏။

အာဖရိကတောတွင်းမှ ကလေးများသည် မိခင်၏ ရင်ခွင်တွင် နေရချိန် တိုတောင်း၏။ မိခင်၏မေတ္တာကို တိုတိုတောင်းတောင်းသာ ခံယူရ၏။ ထို့ကြောင့် အရွယ်ရောက်ချိန်မြန်သည်။ ဖွံ့ဖြိုး တိုးတက်မှုအချိန် တိုသည်။ စွမ်းအား ထက်မြက်မှု နည်း၏။

ကွန်ဂိုဒေသရှိ **ဘကိုဟုလို** လူမျိုး ကလေးငယ်တို့သည် မိခင်လက်မှ မလွတ်သေးချိန်တွင် သူတို့၏ကလေးများသည် လှေတစ်စင်းကို တစ်ယောက်တည်း လှော်ခတ်နိုင်၍ မြေခွေးကဲ့သို့သော တိရစ္ဆာန်ကိုပင် ဖမ်းဆီးနိုင်ကြ၏။

**ကာဂစ်** ဆိုသော လူမျိုးတစ်မျိုး၏ ကလေးငယ်များသည် အသက် ၃ နှစ်အရွယ်တွင် မြင်းစီးတတ်နေ၍ အသက် ၆ နှစ်

www.burmeseclassic.com


အရွယ်တွင် ကုလားအုပ်များကို နွားကျောင်းသလို ကျောင်းနိုင်ကြ၏။

နိုင်ဂျီးရီးယားရှိ **ဟက်တီ** လူမျိုးကလေးများသည် အသက် ၆ နှစ် သို့မဟုတ် ၈ နှစ်သို့ ရောက်သောအခါ ကိုယ့်တဲကိုယ်ဆောက်၍ အိမ်ခွဲနေထိုင်ကြလေ၏။

**အဲလီယက်** လူမျိုးကလေးများမှာလည်း အသက် ၁၀ နှစ်သို့ရောက်ပါက ကောင်းမွန်စွာ အမဲလိုက်တတ်နေပြီး အချို့သည် ထိုအသက်အရွယ်တွင်ပင် အိမ်ထောင်ပြုကြသည်။

**ချီရီဂွီနီ** လူမျိုးကလေးများသည်လည်း အသက် ၇ နှစ်သို့မဟုတ် ၁၀ နှစ်အရွယ်သို့ ရောက်ပါက မိဘများနှင့်အတူ အမဲလိုက်နိုင်ပြီး လူကြီးများက အခြားလူမျိုးခြားနှင့် စစ်တိုက်ရာတွင်ပင် ဝင်ရောက်တိုက်ခိုက်နိုင်ကြ၏။

သို့သော် ထိုကလေးငယ်များ အားလုံးသည် လိင်ပိုင်းဆိုင်ရာ အရွယ်ရောက်သည်နှင့်တစ်ပြိုင်နက် ထိုကလေးအားလုံး၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအားလုံးသည် လုံးဝ ရပ်ဆိုင်းသွားတော့၏။ အချို့သော မနုဿဗေ ပညာရှင်တို့က အသိဉာဏ်ဖွံ့ဖြိုးမှု ရပ်ဆိုင်းသွားရုံမျှမက အသိဉာဏ်သည် နောက်ဆုတ်၍ပင် သွား၏။ အသိဉာဏ်ထက်မြက်ခြင်းမျိုး လုံးဝမရှိတော့။

သို့သော် ယဉ်ကျေးသော လူမျိုးတို့မှာ ကလေးငယ်များသည် မိခင်၏ ရင်ခွင်တွင် ကြာမြင့်စွာ နေ၏။ မိခင်မေတ္တာကို ရှည်လျားစွာ ခံစားရ၏။ ထိုကလေးများသည် အရွယ်ရောက်ချိန်နှေးသည်။ သို့သော် ဖွံ့ဖြိုးမှုအပိုင်းတွင် ကြာရှည်စွာ ဖွံ့ဖြိုးမှု

www.burmeseclassic.com


အစွမ်းအစ ထက်မြက်မှု ကြီးပွား၏။ မိခင်၏ ရင်ခွင်တွင် ကြာရှည်စွာ နေရသည်နှင့် မိခင်မေတ္တာဖြင့် ပြုစုမှုကို ဝဝလင်လင် ရကြသည်။

ထိုကလေးများ၏ အသိဉာဏ်ဖွံ့ဖြိုးမှုသည် ရပ်ဆိုင်းသွားသည် မရှိ။ အသိဉာဏ် နောက်ဆုတ်ခြင်းလည်း မရှိ။ အသိဉာဏ်သည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ပို၍ ထက်မြက်လာသော သဘော ရှိ၏။

ဤသို့ဖြစ်ရခြင်းတွင် မိခင်မေတ္တာ၏ လေးနက်မှု အပြင် မိခင်မေတ္တာဖြင့် ကြာရှည်စွာ နေရသော ရင်သွေးငယ်များသည် ကြာရှည်စွာ ဖွံ့ဖြိုးရှင်သန် ထက်မြက်ကြ၍ မိခင်မေတ္တာနှင့် အချိန်နည်းစွာ နေရသော ရင်သွေးငယ်တို့မှာ အချိန်တိုတောင်းစွာပင် ဖွံ့ဖြိုးကြရ၍ ရှင်သန်ထက်မြက်မှု မရှိပေ။

မိခင်မေတ္တာနှင့် ကလေးငယ်သည် ရေနှင့် ကြာပမာသာ ဖြစ်၏။ ရေမရှိပါက ကြာသည် နွမ်းမည်သာ ဖြစ်၏။

ကျွန်တော်တို့ ညီအစ်ကို တိုင်းရင်းသားများဖြစ်ကြသော ဆလုံအမျိုးသားတို့သည် ကလေးငယ်များအား ရက်ရောစွာ နို့တိုက်ကြ၏။ နို့ဖြတ်ရာတွင်လည်း နောက်ကျမှ နို့ဖြတ်ကြသည်။ ထို့ကြောင့်လည်း ဆလုံ အမျိုးသားတို့တွင် ရန်ပြုလိုခြင်း၊ လိုဘမပြည့်ခြင်း၊ ငြီးငွေ့ခြင်း စိတ်ဓာတ်တို့သည် မရှိသလောက် နည်းပါးကြသည်။

ဆလုံတိုင်းရင်းသားတို့သည် နို့ဖြတ်ရာတွင် ရက်ရက်စက်စက်မပြုလုပ်ဘဲ အလွန်ညင်သာစွာဖြင့် ယုယကြင်နာစွာ နို့ဖြတ်ကြ၏။ ကျေးလက်မြန်မာလူမျိုးတို့သည်လည်း နို့ကို ရက်ရော

www.burmeseclassic.com


စွာ တိုက်ကျွေးကြသည်။ ကျေးလက်တွင် ငါးနှစ်သား ခြောက်နှစ်သား တိုင်အောင် နို့တိုက်သော မိဘများရှိကြ၏။ သို့သော် မြို့ကြီးပြကြီးတွင် နေထိုင်ကြရသော မြန်မာအမျိုးသားတို့သည် အကြောင်းအမျိုးမျိုးကြောင့် နို့ဖြတ်ချိန် စောကြ၏။ မိခင်ဖြစ်သူသည် အလုပ်သွားရ၍ နို့ကို တစ်လနှစ်လနှင့် ဖြတ်ကြရ၏။ ထိုအချက်သည် လူမျိုး တစ်မျိုးလုံးအတွက် အရေးကြီးသော အချက်တစ်ချက် ဖြစ်၏။ မိခင်၏ ရင်ခွင်ဝယ် ကြာရှည်စွာ နေခွင့်မရှိခဲ့ကြသော ကလေးငယ်တို့သည် စိတ်တိုလာကြသည်။ ရန်လိုခြင်း၊ လိုဘမပြည့်ခြင်းများ ဖြစ်လာကြရာ ဤကိစ္စသည် လူငယ် ပြဿနာများနှင့် ဆက်နွှယ်နေတော့၏။

ရန်ကုန်မြို့တော်တွင် ဘီပီအိုင်၊ သမိုင်းချည်မျှင်နှင့်အထည်စက် အစရှိသော စက်ရုံများတွင် စက်ရုံ၌ နေ့ကလေးထိန်းဌာနများကို ထားပေးရာ မိခင်သည် အလုပ်မှ အချိန်မရွေးလာရောက်၍ နို့တိုက်ကျွေးနိုင်ခွင့်ရသဖြင့် အလွန်ကောင်းမွန်သော အစီအစဉ်တစ်ရပ် ဖြစ်စေ၏။

ဤနေရာတွင် **ဂရိ** လူမျိုးတို့၏ ကလေးပြုစုစောင့်ရှောက်နည်းများသည် အထူးလေ့လာဖွယ်ရာ ဖြစ်၏။

ဂရိလူမျိုးတို့သည် ကိုယ်ဝန်ဆောင်လာလျှင်ပင် မိခင်ကို များစွာ ဦးစားပေးကြ၏။ ကိုယ်ဝန်ဆောင် ကာလအတွင်း မိခင်သည် မည်သည့်အရာကိုမဆို စားချင်သည်တို့ကို စားသောက်ခွင့် ရကြ၏။ မည်သည့်အိမ်တွင် ချက်ပြုတ်ထားသော ထမင်းဟင်းလျာကိုမဆို စားသောက်လိုပါက ခွင့်တောင်းခြင်း မရှိဘဲ

www.burmeseclassic.com


ယူငင် စားသောက်နိုင်၏။ ဤသို့ပြုမူသည်ကိုလည်း လူအများက ချီးကျူးကြသေး၏။

ကိုယ်ဝန်ဆောင်ကာလတွင် လင်ယောကျ်ားတို့သည် မိန်းမအပေါ် အထူး အလေးပေး၍ လူပျိုလှည့်သကဲ့သို့ပင် ဂရုစိုက်ကြ၏။ ဂရိလူမျိုးတို့သည် ကလေးငယ်များအတွက် မမွေးဖွားမီကပင် အဝတ်အစား၊ အနှီး၊ ပုခက်၊ အိပ်ရာ၊ ဦးထုပ်၊ ခြေအိတ် စသည်တို့ကို ပြင်ဆင်ထားလေ့ရှိ၏။ ကလေးငယ်မွေးလာသောအခါ နို့ကို အလျဉ်းသင့်သလို တိုက်ကျွေး၍ နို့ဖြတ်ရာတွင်လည်း ညင်သာစွာ ဖြတ်၏။ ကလေးများအား သီချင်း ကဗျာများကို စိတ်ရှည် လက်ရှည် သင်ပေးကြ၏။

ဂရိလူမျိုးတို့သည် ကလေးများအား ချီးကျူးစရာရှိပါက အလေးအနက်ချီးကျူးကြ၍ အပြစ်ရှိလာပါကလည်း အပြစ်ကို တိတိကျကျ ပြောလေ့ရှိ၏။

ဂရိ ကလေးငယ်တို့သည် မိခင်မေတ္တာကို ပြည့်ပြည့်ဝဝ ရကြ၏။ မိခင် နို့ရည်ကို ဝဝလင်လင် စို့ကြရသည်။ ဂရိ မိခင်များသည် ကလေး နောက်တစ်ယောက် ရလာပါက ပထမကလေးကို နို့မဖြတ်ဘဲ ပထမကလေးရော ဒုတိယ ကလေးကိုပါ တစ်ယောက် တစ်ဖက်စီ နို့စို့စေသည်။

ထို့ကြောင့် ဂရိကလေးငယ်များသည် ရဲစွမ်းသတ္တိ ရှိကြသည်။ တက်တက်ကြွကြွ လုပ်ကိုင်တတ်ကြသည်။ လွတ်လွတ်လပ်လပ် တွေးခေါ် မြော်မြင်တတ်ကြ၏။ ထို့အပြင် ဂရိလူငယ်များသည် ယုံကြည်ချက် ခိုင်မာကြသည်။

**နယူးဂီနီ** မှ **အာရာပက်** လူမျိုးများအတွင်း မိခင်နှင့် ရင်သွေး ဆက်ဆံမှုသည်လည်း လေ့လာဖွယ်ရာဖြစ်၏။ အာရာပက် မိခင်များသည် ကလေးငယ်များအပေါ် အထူး ဂရုပြု အလေးအမြတ်ထားကြ၏။ အာရာပက်လူမျိုးများ၏ ဘဝသည် ကြမ်းတမ်းလှသော်လည်း ကလေးငယ်များကိုတော့ အသေအချာ ဂရုစိုက်ကြ၏။ မိခင်များကို ဂရိ လူမျိုးများကဲ့သို့ ကိုယ်ဝန်ဆောင်ချိန်မှစ၍ ဂရုစိုက်ကြသည်။ အာရာပက် မိခင်များသည် ဘယ်သောအခါမှ အခမ္ဘ နို့ဖြတ်ခြင်းမျိုးကို မပြုလုပ်ကြ။ ပညာရှင် **မာဂရက်မီ** က အာရာပက် မိခင်များသည် ကလေးငယ်အား နို့ဖြတ်ခြင်းမျိုးကို ရက်စက်မှုအဖြစ် မှတ်ယူကြသည်ဟု ဆို၏။

အာရာပက် မိခင်များသည် ကလေးငယ်များကို စောင့်ရှောက်ရာတွင် စံတင်လောက်အောင်ပင် ပြုစု စောင့်ရှောက်ကြ၏။ ကလေးငယ်အား ချီပိုးရာတွင်ပင် နွေးထွေးလုံခြုံမှုရှိစေ၍ အလွယ်တကူချော့မော့ နို့တိုက်ကျွေးနိုင်သော ပုံစံမျိုးဖြင့်သာ ချီပိုးလေ့ရှိ၏။ ထို့ကြောင့် ထိုကလေးငယ်များ ကြီးပြင်းလာသောအခါ ကိုယ်ရည် ကိုယ်သွေး နူးညံ့သိမ်မွေ့လှ၏။ အေးချမ်းစွာ နေထိုင်ကြသည်။ အာရာပက် လူမျိုးတို့၏ ဆက်ဆံရေးများသည် သိမ်မွေ့နူးညံ့လှပြီး တိုက်ခိုက်ရန်လိုသော စိတ်များ မရှိကြပေ။

လူငယ်များ ပြုစုပျိုးထောင်ရေးအတွက် မိခင်ရင်ခွင်သည် အလွန် အရေးကြီးလှပေ၏။ ငယ်စဉ်က မိခင်နှင့်တဝကြီးနေရသော ရင်သွေးငယ်သည် ဘယ်သောအခါမှ ဆိုးသွမ်း၍ ရန့်ရင်း

www.burmeseclassic.com


ကြမ်းတမ်းသော လက္ခဏာ မရှိတတ်ပေ။ ဤကိစ္စနှင့်ပတ်သက်၍ ဒေါက်တာကျော်စိန်သည် မျက်မှောက်ခေတ်ပြဿနာကို တင်ပြကာ ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် ဆောင်းပါးအဖြစ် ရေးသားဆွေးနွေးထား၏။

ဒေါက်တာကျော်စိန်က ယင်းဆောင်းပါးတွင် ဆိုးသွမ်းလူငယ် ဖြစ်လုနီးနီးအခြေအနေသို့ ရောက်နေသည့် လူငယ်တစ်ဦးနှင့် မိဘများဖြစ်ကြသော ဆရာဝန်ကြီးနှင့် ဆရာဝန်အမျိုးသမီးတို့၏ ပြဿနာကို တင်ပြ၏။

လူငယ်လေးသည် အသားဖြူဖြူ ပိန်ပိန်ပါးပါး ဆံပင်မဆိုစလောက် အရှည်ဖြင့် အပြင်ပန်းအားဖြင့် အလွန်အေးဆေးငြိမ်သက်သူဟု ထင်ရ၏။ သို့သော် ဖခင်ကပင်ပြောပြော၊ မိခင်ကပင် ပြောပြော 'ဟုတ်ကဲ့'ဟုဆိုကာ နောက်ပိုင်းတွင် ထင်ရာစိုင်းတတ်သည်။ ဒေါက်တာကျော်စိန်က ထိုဆရာဝန်ကြီးဇနီးမောင်နှံအိမ်သို့ သွားလည်ရာ လူငယ်ကလေးကို တွေ့ရသောအခါ လူငယ်ကလေး၌ ရိုင်းပျသော အမူအရာတစ်ကွက်ကိုမျှပင် မတွေ့ရဟု ဆို၏။

ထိုအခါ ဒေါက်တာဦးကျော်စိန်က စိတ်ပညာ စိတ်ထား ဖော်ထုတ်နည်းများကို အသုံးပြုကာ **(ဖခင်တို့သည်၊ မိခင်တို့သည်၊ ညီအစ်ကိုမောင်နှမတို့သည် အကျွန်ုပ်အပေါ်)** စသည်ဖြင့် မပြည့်စုံသော ဝါကျများကိုဖြည့်၍ စစ်ဆေးသောအခါ ထိုသူငယ်လေးသည် သူ့ဖခင်အပေါ်၌ အလွန်အာဃာတကြီးမားနေကြောင်း တွေ့ရ၏။ ထို့အပြင် သူ့မိခင်အားလည်း အလွန်ပျော့ညံ့သူဟု အထင်ရှိနေ၏။

www.burmeseclassic.com


ထိုလူငယ်၏အမြင်အရ သူ့ဖခင်သည် ခေတ်မမီ၊ ချုပ်ချယ်လွန်းသည်။ ကပ်စေးနှဲသည်။ ထစ်ခနဲဆို ဆူပူဖို့သာ တတ်သည်။ ခေတ်လူငယ်များအကြောင်း နကန်းတစ်လုံးမျှမသိ။ ဆရာဝန် ဖြစ်နေသော်လည်း ခေတ်နောက်ပြန်ဆွဲနေသည်။ အမေလုပ်သူမှာ အေးဆေးလွန်း၊ ပျော့ညံ့လွန်းသည်။ ခေတ်မမီ၊ ဖခင်ဖြစ်သူအပေါ် သံယောင်လိုက်တတ်၍ တကျည်ကျည် နားပူနားဆာ လုပ်တတ်သည်ဟု အမြင်ရှိနေသည်။

စိတ်ပညာ ရှုထောင့်အရ ထိုကဲ့သို့သော အမြင်ရှိနေမှုမျိုးသည် မလိုလားအပ်။ မိဘနှင့် သားသမီးအကြား ဤမျှကြီးမားသော အစိုင်အခဲ မရှိသင့်ဟု ရေးသားထား၏။

ထိုကလေး၏ စိတ်ဓာတ်သည် ယင်းကဲ့သို့ဖြစ်လာရခြင်းနှင့်ပတ်သက်၍ ဒေါက်တာဦးကျော်စိန်က…

'ကလေးသည် အချိန်အတန်ကြာ မေတ္တာဓာတ် ငတ်မွတ်ခဲ့ရ၏။ အမေရော အဖေပါ ဆရာဝန်ဖြစ်ရုံမက ကလေး၏ လူငယ်ဘဝတွင် ဆေးခန်းဖွင့်လိုက်သေးရာ ကလေးအဖို့ စိတ်လှုပ်ရှားမှု ဖွံ့ဖြိုးရမည့်အချိန်တွင် လိုအပ်သော မေတ္တာဓာတ်ကို မရဘဲ ရှိခဲ့သည်'ဟု သုံးသပ်ထားသည်။

ထို့ကြောင့် မိခင်၏ မေတ္တာဓာတ်သည် အလွန်မှ အရေးကြီး၏။ မိခင်၏ ရင်ခွင်သည် ဘဝတစ်ခုလုံးအတွက်သာမက လူ့လောက တစ်ရပ်လုံးအတွက်ပါ အရေးကြီးသော မေတ္တာစခန်း တစ်ခုဖြစ်၏။

●

## ကျွန်ုပ်ကို ကျွန်ုပ်မိခင်က ပြုပြင်ဖန်တီးခဲ့ပါသည်။

ဂျန်ကွင်စီအေဒမ် (၁၇၆၇–၁၈၄၈)
အမေရိကန်ပြည်ထောင်စု၏
ငါးဆက်မြောက်သမ္မတကြီး

## အခန်း(၁၄)

## အစားထိုး၍မရသော ဟာကွက်

ထိုနေ့က အမေပြန်သောနေ့ ဖြစ်သည်။ အမေ ရန်ကုန်သို့ လာနေသည်မှာ တစ်လကျော်ခဲ့ပြီဖြစ်သည်။ ထိုတစ်လအတွင်း ကျွန်တော်တို့ အိမ်တံခါးများသည် ဟင်းလင်းပွင့်ခဲ့၍ အမေ ပြန်တော့မည်ဆိုတော့ ဤတံခါးများသည် ပိတ်ချေဦးတော့မည်။ အိမ်တံခါးမကြီးကို သော့သာလျှင် စောင့်နေဦးမည် ဖြစ်၏။

အမေက မပြန်ခင် သုံးရက်လောက်အလိုတွင် 'သူရှာပြန်တော့မည်'ဟု ပြော၏။ ကျွန်တော်က 'မပြန်ပါနဲ့ဦး၊ တစ်ပတ်

လောက်နေပါဦး’ဟု ဆိုရာ အမေသည် ရွာမှ သီးပင်များကို စိတ်မချဟန် ရှိနေ၏။ ‘ပြန်လိုက်ဦးမယ် သားရယ်၊ နောက် တစ်လလောက်နေမှ အမေတစ်ခေါက် ထပ်လာဦးမယ်’ဟု ဆို၏။

တကယ်တော့လည်း အမေရောက်နေသည်မှာ တစ်လခန့် ရှိပြီဖြစ်သော်လည်း ကျွန်တော်သည် အမေ့အား ဘုရားသို့ မပို့ဖြစ်ခဲ့သေး။ ထို့အပြင် အမေရောက်လာသည့် နေ့မှစ၍ အမေ့ထံမှ ပိုက်ဆံကို တစ်ဆယ်ယူ၊ နှစ်ဆယ်ယူနှင့် တစ်ရာ့ ငါးဆယ်၊ နှစ်ရာလောက်ယူသုံးထားပြီးဖြစ်၏။ ထိုငွေ တစ်ရာ့ ငါးဆယ် နှစ်ရာကို ကျွန်တော်သည် ခု တစ်ရက်နှစ်ရက်အတွင်း ဘယ်လိုမှ ရှာပေးနိုင်မည်မဟုတ်ပေ။ လခထုတ်ရက်ကလည်း အတော်လေး လိုသေး၏။ အပြန်တွင် ကိုယ်က မပေးလိုက်နိုင် သည့်တိုင် အမေပါလာသော ပိုက်ဆံကိုတော့ ပေးလိုက်ဖို့ ကောင်းကြောင်း ကျွန်တော်သိသည်။

အမေသည် သူ့ထံမှ ယူထားသောပိုက်ဆံကို ပြန်မတောင်း ပေ။ ကျွန်တော်သည် ဟိုလိုက်ဆွဲ ဒီလိုက်ဆွဲတော့လုပ်ကြည့် သေးသည်။ သို့သော် ပိုက်ဆံက မရ။ သည်တော့လည်း အမေ က သူ့ဘာသာပြန်သွားသည်။ အမေသည် သူ့ဟာသူ ပြန်ရာ တွင် ကျွန်တော်လိုက်မပို့၍ ဆိုကာ ဘယ်သောအခါမှ စိတ် မဆိုးပေ။ အမေ လေးခေါက်လာလျှင် ကျွန်တော် တစ်ခေါက် လောက်တော့ လိုက်ပို့ဖြစ်သည်။ အမေသည် ကျွန်တော့်ဘက်မှ မည်ကဲ့သို့ ပျက်ကွက်မှုမျိုးကိုမဆို ခွင့်လွှတ်သည်။

www.burmeseclassic.com


အမေက ရှာပြန်၍ ကျွန်တော်လိုက်မပို့သည်ကို ဘယ်လိုမှ သဘောမထားသော်လည်း ဇနီးသည်က နေ့စဉ်ရုံးသွားရာတွင် အိမ်ပေါက်ဝအထိ လိုက်မပို့ပါက အချစ်ပေါ့သွားပြီဟု ထင်၍ သူ့ဟာသူ ဝမ်းနည်းနေတတ်၏။ အမေသည် ကျွန်တော်သူ့ကို လိုက်ပို့ပါက ကျွန်တော့်အလုပ်များ ပျက်မည်ကိုစိုးနေသည်။ ထိုမှတစ်ပါးလည်း သူ့အတွက် ကျွန်တော် ပင်ပန်းမည်ကို စိုးနေ၏။

အမေသည် ကျွန်တော့်ကို နည်းနည်းမှ မပင်ပန်းစေလိုပေ။ ရွာတောင်ထိပ်နှင့် မြောက်ထိပ်ကိုပင် မခိုင်းရက်။ ကျွန်တော် ကြီးလာ၍ သတင်းစာသမား ဖြစ်လာသောအခါတွင် ခရီးအနှံ့ ထွက်ခဲ့ရသည်။ ထွက်ခဲ့ရသော ခရီးများတွင် ခရီးလမ်းပန်း သာသည်လည်း ရှိ၏။ မသာသည်လည်း ရှိ၏။ တကယ်တော့ လည်း မသာသော ခရီးကပို၍များသည်။ ခရီးတစ်ဝက်လောက် မှာ အန္တရာယ်အကြားတွင် သွားရသည်။ ကျွန်တော် တစ်နိုင်ငံ လုံးသို့ ခရီးသွားနေရကြောင်း အမေသိသောအခါ 'ငါ့သား လေးကို ငါတောင်မခိုင်းရက်ဘူး၊ ဒီလောက် ပင်ပန်းတဲ့အလုပ် မလုပ်ပါနဲ့သားရယ်'ဟု ပြောရှာသည်။ ဤခရီးသည်များသည် ကျွန်တော်က ဝါသနာပါ၍ လိုလိုချင်ချင်နှင့်သွားသော ခရီး များသာ ဖြစ်၏။ သို့သော်လည်း အမေက ကျွန်တော့်ကို သူ့ ရင်အုပ်အောက်မှ ကလေးငယ်လိုသာ မြင်နေသေးသည်။

ကျွန်တော်သည် အတော်အလက်စုံ၍ အမေ့ရင်အုပ် အောက်မှ ထွက်ခွာ၍ ကျွန်တော့်ဘာသာ ပျံသန်းနေသည်ကို

www.burmeseclassic.com


အမေတွေ့သည်။ အမေမြင်သည်။ ထိုကဲ့သို့ ပျံသန်းနေသည်ကို လည်း အမေ အားရသည်။ ကျွန်တော့်ကို ယုံလည်း ယုံသည်။ စိတ်လည်းချသည်။ သို့သော် ကျွန်တော့်အား အစဉ်သဖြင့် အမေသည် သူ့ရင်ခွင်ထဲမှ ကလေးပေါက်စလိုသာ မြင်နေ၏။

ကျွန်တော် ရွာသို့ ပြန်သွားသောအခါ အမေသည် ကျွန်တော့်အား တစ်ည သုံးလေးခါ ထ၍ စောင်ခြုံပေး၏။ တကယ်တော့လည်း တစ်နိုင်ငံလုံးအနှံ့ ခရီးသွားနေရသော ကျွန်တော်တို့အဖို့ ဇရပ်တွင် အိပ်ခဲ့ရသော အခါလည်း ရှိသလို ဘုရားစောင်းတန်း၌ အိပ်ခဲ့ရသည့်အခါများလည်း ရှိ၏။ ထိုအခါများတွင်ကား စောင်ခြုံပေးရန် မဆိုထားဘိ။ ခြုံစရာစောင်ပင် မရှိပေ။ ထိုကဲ့သို့ အိပ်ခဲ့ရသည်ကို အမေသိသော် တကယ်ပင် ရင်ကျိုးပေမည်။

အမေသည် အမြဲတမ်းပေးဆပ်၍သာ နေလို၏။ အမေသည် ဘယ်သောအခါမှ ရယူလိုခြင်း မရှိပေ။ သားအတွက်ဆိုပါက အမေသည် အမုန်းခံတတ်သော ညဥ်တစ်ခု ရှိသေး၏။

ကျွန်တော်သည် အလုပ်လေးဘာလေး ရရှိသော် ဆွေမျိုးသားချင်းထဲမှ သော်လည်းကောင်း၊ မိတ်ဆွေသင်္ဂဟထဲမှ သော်လည်းကောင်း ကျွန်တော့်ထံလာ၍ တချို့က ငွေလှည့်ကြသည်။ တချို့ကလည်း လုပ်ငန်းကိုင်ငန်းအတွက် အဆက်အသွယ်လေးများ လာရှာကြ၏။ အပူကပ်တတ်ကြ၏။ ကျွန်တော်သည် အလွန်အားနာတတ်သူ ဖြစ်သည်။ ကျွန်တော့်ထံ၌ မရှိသည်ကိုပင် ကျွန်တော်က မရှိဟူ၍ မပြောရက်ပေ။ ကျွန်

www.burmeseclassic.com


တော် လုပ်မပေးနိုင်သည်ကို လုပ်မပေးနိုင်ဟု မပြောရက်။ ထိုအခါများတွင် ကျွန်တော်သည် တတ်နိုင်သမျှ ရှာပေးတတ်သည်။ တတ်နိုင်သမျှ အပင်ပန်းခံတတ်၏။

ဤလိုအခါများတွင် အမေက ဝင်၍ အမုန်းခံတတ်သည်။ တစ်ခါက ကျွန်တော့်ညီအစ်ကိုသားချင်းတစ်ဦးသည် ရန်ကုန်သို့ အလုပ်လာရှာရင်း ရန်ကုန်တွင် သောင်တင်နေသည်။

အလုပ်ရှာနေချိန်တွင် စားစရာနှင့် အလုပ်ရှာဖွေရေးအတွက် အကြံဉာဏ်များအတွက်မူ ကျွန်တော့်ထံ အမြဲလာ၏။ ကျွန်တော့်၌ အလုပ်ရှိသော်လည်း ငွေပိုငွေလျှံက ရှိသည်မဟုတ်။ ကိုယ့်အတိုင်း ကိုယ့်အထွာနှင့် အလျင်မီရုံသာရှိ၏။ ထိုအခါများတွင် ကျွန်တော့်ကွယ်ရာ၌ ထိုသားချင်းအား အမေက တွေ့ဆုံကာ အမုန်းခံ၍ ဝင်ပြောသည်။ အမေ ဘယ်လိုပြောလိုက်သည်တော့ မသိ။ သားချင်းသည် ကျွန်တော့်ထံသို့ နောက်ပိုင်းလုံးဝ မလာတော့ပေ။ ကျွန်တော်က ဘာ့ကြောင့်များ မလာပါလိမ့်ဟု မျှော်လင့်နေသေးသည်။ နောက်မှ အမေက တစ်စုံတစ်ခု ပြောလိုက်သောကြောင့်ဟု သိရ၏။ ထိုအကြောင်းကို ကျွန်တော်ကလည်း မမေးခဲ့ပေ။ အမေကလည်း မပြောတော့ပေ။ ထိုကဲ့သို့သောဖြစ်ရပ်များ ကျွန်တော် အကြိမ်ကြိမ် ကြုံခဲ့ရဖူး၏။

နောက်တစ်ခုမှာ အမေသည် ကျွန်တော့်မိတ်ဆွေများကို နူနူဝဲဝဲရွှဲရွှဲစိုစို လက်ခံတတ်သည်။ ဘယ်သောအခါမျှ မညည်းမညူတတ်။ ကျွန်တော် စာရေးပေးလိုက်ပါက ထိုသူကို တစ်လ

www.burmeseclassic.com


ကိုးသီတင်းသာမက နှစ်ပတ်လည်လည်း ကျွေးမွေးထားတတ်၏။ အမေသည် ကျွန်တော့် သူငယ်ချင်းအားလုံးကို သူ့သားများလိုပင် သဘောပိုက်ပါသည်။

ကြီးလာသောအခါ အဖေသည် အရက်မသောက်တော့ပါ။ အဖေရော အမေပါ တရားထိုင်ကြသည်။ ကျွန်တော်က ဆရာဦးသော်ဇင်၊ ဆရာဇဝန၊ ဆရာညိုဝင်းတို့ ဦးဆောင်သော စာရေးဆရာ သုံးဆယ်ကျော်ကို ရွာသို့ခေါ်သွားသည်။ အဖေနှင့် အမေသည် ထမင်းဟင်းများကို ဝက်ဝက်ကွဲ စီစဉ်ထားရုံမျှမက အရက်ပုလင်း တစ်ဒါဇင်လောက်ကိုလည်း ဝယ်ယူစီစဉ်ထားသည်။

ကျွန်တော်သည် မိတ်ဆွေများ၊ သူငယ်ချင်းများကို မကြာခဏ အိမ်ခေါ်သွားတတ်သည်။ အမေသည် လူဘယ်လောက်ပါပါ၊ ဘယ်လောက်ပင် ကြာကြာနေနေ မညည်းညူတတ်။ ထိုကဲ့သို့ လုပ်ပေးနေရသည်ကိုပင် ပျော်နေတတ်သည်။

ကျွန်တော်သည် ငယ်စဉ်မှစ၍ယခုတိုင် လေးဂွပစ် အလွန်ဝါသနာပါသည်။ လေးပစ်ရသည်ကို အလွန် နှစ်သက်၏။ ရန်ကုန်တွင် လေးမပစ်ရတိုင်း ရွာသို့ရောက်သော် ယခုတိုင်လက်မှ လေးဂွကိုမချဘဲ ရှိတတ်၏။ ကျွန်တော် လေးဂွပစ်ဝါသနာပါသည်ကို သိသော အမေသည် ရွာပြန်သွား၍ အိမ်ရောက်လျှင်ပင် လေးဂွ ရှာပေးသည်။ အိမ်၌မရှိလျှင် ဘေးအိမ်က ရှာပေးသည်။ ကျွန်တော်လာလျှင် ပစ်နိုင်ရန်ဟုဆိုကာ လောက်စာလုံးများကိုလည်း စုပေးထားတတ်၏။ တကယ်တော့

www.burmeseclassic.com



လည်း ကျွန်တော်သည် သုံးနှစ်မှတစ်ခေါက်သာ အမေ့ဆီ အနိုင်နိုင် ပြန်နိုင်၏။

ကျွန်တော် အိမ်ထောင်ကျပြီးသည့်နောက်ပိုင်းတွင် အမေက ကျွန်တော့်ထံ ဆယ်ခေါက်လာ၍ ကျွန်တော် အမေ့ထံသို့ တစ်ခေါက်ပင်မရောက်ခဲ့ပါ။ အမေ၏စိတ်ထဲ၌ ကျွန်တော့်ကို အမြဲစိတ်ချမ်းသာစေလို၏။ ကျွန်တော် အိမ်ထောင်ပြုပြီးသည့် နောက်ပိုင်းဝယ် အမေသည် သူ့ကြောင့် ကျွန်တော့်အိမ်ထောင်ရေး မသာမယာဖြစ်မည်ကို အလွန်စိုးရိမ်ရှာ၏။ ထို့ကြောင့်လည်း တတ်နိုင်သမျှ ကျွန်တော်တို့ အိမ်ထောင်ရေး ကိစ္စများတွင် သူ မပါအောင်နေသည်။ ကျွန်တော့် ဇနီးကွယ်ရာတွင်ပင် ကျွန်တော်တို့ အိမ်ထောင်ရေးအကြောင်း မမေးပေ။ အိမ်ထောင်ကျပြီးသည့် နောက်ပိုင်းဝယ် အမေသည် အထူးသဖြင့် ကျွန်တော်နှင့် ဆက်သွယ်သည်ထက် ချွေးမနှင့် ပို၍ဆက်သွယ်သည်က များသည်။ ကျွန်တော့် ကောင်းကြောင်း ဆိုးကြောင်းများကို ချွေးမအား ပြောပြသည်။ ချွေးမ၏ အလိုက်ကိုကြည့်၍ ချွေးမနှင့် တည့်အောင်ပေါင်းသည်။ ချွေးမနှင့် အမေ မပြေလည်ပါက စိတ်ဆင်းရဲရမည့်သူမှာ သားဖြစ်မည်ဆိုသည်ကို အမေက သဘောပေါက်၏။

အမေသည် ရှုံသားကို အလွန်ကြိုက်သည်။ ၁၉၆၄ ခုနှစ်လောက်က မန္တလေး ပြည်ထောင်စုပွဲသို့ သွားရာတွင် ကျွန်တော်သည် အဝယ်ရလွယ်၍ အမေ့အတွက် ရှုံသား ငါးကိုက်ဝယ်ပေးခဲ့ဖူး၏။ နောက်တစ်ကြိမ် မန္တလေးသို့ သွားရာတွင်

လည်း အမေကြိုက်သည့် ဖော့ခံချုပ်ထားသော ကတ္တီပါဖိနပ် တစ်ရန် ဝယ်ခဲ့ဖူး၏။ အမေသည် သားဝယ်ပေးတာဟု ဆိုကာ မဝတ်ရက်၊ မစီးရက်ပေ။ လူလာတိုင်းထုတ်ပြ၍ ဂုဏ်ယူရသည်က အမောပင်ဖြစ်၏။ ကျွန်တော် အိမ်ထောင်ကျပြီးမှကား အမေ့ကို ငွေ လေး ငါး ရာ ပေးဖူးသည်။ ငွေနှစ်ရာကျပ်ကိုတော့ ဇနီးမှတစ်ဆင့် ပေးခဲ့၍ ငွေသုံးရာကိုတော့ ကျွန်တော့်ဘာသာ ကျွန်တော် ပေးခဲ့၏။

ကျွန်တော်သည် ကျွန်တော့်စာမူခများကို အမေ့ကို ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် အိမ်ထောင်ကျပြီးသည့်နောက်ပိုင်းတွင် စာမူခသည် ဇနီးနှင့်ဆိုင်၊ ကျွန်တော့်ပုဂ္ဂလိကသုံး ဖြစ်သည်၊ ရရှိသောလခကိုသာ ဇနီးက အကုန်ဆိုင်သည်ဟူသော သဘောတူညီချက်ကို ရယူထား၏။ ကျွန်တော်သည် ဆောင်းပါးသေသေချာချာ ရေးပါက တစ်လတွင် ဆောင်းပါးခ တစ်ရာမှ တစ်ရာ့ငါးဆယ်ခန့် ရတတ်၏။ သို့သော်လည်း ထိုငွေများသည် အမေ့ထံသို့ မရောက်ပါ။ သားအတွက် ဆေးဝယ်ရ၊ မုန့်ဝယ်ရ၊ ကစားစရာဝယ်ရ၊ ဖတ်စာအုပ်ဝယ်ရဖြင့်သာ ကုန်ခဲ့သည်ကများ၏။

အမေပြန်သွားပြီဖြစ်ပေရာ ကျွန်တော်တို့သည် သားမောင်နေဦးကို ဇနီးဘက်မှ အဘိုးအဘွားများထံ ပြန်ပို့ရပါတော့၏။ ကျွန်တော့်တို့အိမ်မှ မီးဖိုချောင်သည်လည်း အိုးများဗုံစီ၍ လာပြန်တော့၏။ ထမင်းအိုး၊ ဟင်းအိုးများတွင်လည်း အိုးမည်းအထပ်ထပ် ပြန်၍ ဖြစ်လာပြန်၏။ ပိုးအိမ်များ ပင့်ကူအိမ်များ

www.burmeseclassic.com


လည်း ပြန်၍ ရောက်လာပြန်၏။ စနေ၊ တနင်္ဂနွေ လာ၍ ဆော့သွားသော သား၏ ကစားစရာများကိုပင် ကျွန်တော်တို့ မသိမ်းနိုင်တော့ပေ။ ကျွန်တော့် ဇနီးဖြစ်သူမှာလည်း နဂိုကပင် ယဲ့ယဲ့လေးရှိရာ တစ်ဖက်က အလုပ်လုပ်ရ၊ သားနေမကောင်းဟုဆိုက သားထံပြေးရ၊ ကိုယ်တိုင် နေမကောင်းဖြစ်ရနှင့် တစ်အိမ်လုံးသန့်နေအောင် အစဉ်လုပ်ဖို့အရေး တစ်ခါတစ်ရံ ထိုင်နေရင်းပင် မောနေ၏။

အမေရှိသော် တနင်္ဂနွေတစ်ပတ်မှတစ်ကြိမ် ဘုရားပန်းအိုးလဲနိုင်၏။ ဆွမ်းနှင့် သောက်တော်ရေကိုပင် မှန်မှန်မကပ်နိုင်။ စနေ၊ တနင်္ဂနွေနေ့များတွင်တော့ ဇနီးက သောက်တော်ရေကပ်၊ ဘုရားပန်းအိုးလဲ လုပ်၏။

အမေပြန်သွားသောအခါ အိမ်၌ ဟာ၍သွားသည်။ နောက်တစ်ကြိမ် အမေပြန်လာမည့်အချိန်ကို ကျွန်တော်တို့ မျှော်ကြပြန်သည်။ နောက်တစ်ကြိမ် အမေပြန်လာသော် ကျွန်တော့်မိသားစုသည်လည်း အမေတစ်ကွဲ သားတစ်ကွဲဟုတ်၊ သားအား ပြန်ခေါ်၍ ထားနိုင်မည် မဟုတ်လော။

**ဆရာဦးသိန်းဖေမြင့်** က သူ၏ အမေအကြောင်းကို သူပြန်ရေးထားသော ဆောင်းပါးတွင်...

**'အမေကွယ်လွန်ခြင်းကြောင့် ကျွန်တော့်ဘဝတွင် ကြီးမားသော ဟာလာဟင်းလင်းကြီး တစ်ခုဖြစ်နေပါသည်'** ဟု ရေးသား ခဲ့၏။

ဆရာဦးသိန်းဖေမြင့်က ဆက်၍သူ၏အမေဆောင်းပါးတွင် ပင်...

"ကျွန်တော်တို့အဖို့ အမေကွယ်လွန်ခြင်းမှာ ဤကမ္ဘာတွင် ကြီးမြတ်သော မိန်းမတစ်ဦး ဆုံးရှုံးရသည်ဟု ယူဆပါသည်" ဟု ဆက်၍ ရေးထား၏။ ထို့အပြင် ဆရာက...

"ဟိုတုန်းက မျိုးချစ်စိတ်ရှိ၍ နိုင်ငံရေးလုပ်ချင်ရင် အမေ အဖေကို မချစ်နိုင်ဟူသော ကြမ်းတမ်းသည့် အယူအဆများ ရှိခဲ့ပါသည်။ တစ်ခါတစ်ခါ အမေသေသွားရင် အေးမယ်၊ သံယောဇဉ်ကင်းပြီး ကျွတ်ကျွတ်လွတ်လွတ် ထင်ရာလုပ်နိုင်မယ် စသည်ဖြင့် မိုက်မဲစွာပင် တွေးမိခဲ့သေးသည်။ အခုတော့ အမေ သေပြီးပါပြီ။ အလာကောင်းသော်လည်း အခါနှောင်းနေပြီ ဆိုသလို ဖြစ်ရပါပြီ။ ခုတော့ အမေ့ကို အချစ်မပျက်ဘဲ အမျိုးကို ချစ်နိုင်သည်။ သားကောင်းတစ်ယောက် ဖြစ်ရင် ပြည်သူပြည်သားကောင်းတစ်ယောက် ဖြစ်နိုင်သည်။ ပြည်သူပြည်သား အကောင်းဆုံးတစ်ယောက်ဖြစ်ခြင်းဖြင့် အကောင်းဆုံးသားတစ်ယောက်ဖြစ်နိုင်သည်ဟူသော အသိဉာဏ်များ ဝင်လျက်ရှိပါပြီ။ ချစ်စရာအမေကား မရှိတော့ပါ"ဟု ရေးထား၏။

ဆရာဦးသိန်းဖေမြင့်က အမေဆောင်းပါး၏နိဂုံးတွင်...

"ယခု စာရေးသောအချိန်တွင် ကျွန်တော့်မှာ ကြင်ရာ ဇနီး ရှိပြီး ဖြစ်နေလေပြီ။ အမေသာရှိလျှင် သူ့ကိုလည်း ချစ်မည် အမှန်ဟု ယုံကြည်ပါသည်။ ထို့အပြင် သားလေး မောင်ဟသ်ာ

www.burmeseclassic.com


သည်လည်း ခြောက်လသား ရှိနေပြီ။ အမေသာရှိလျှင် ကျွန်တော့်အား ချစ်သကဲ့သို့ မြေးမောင်ဟသာကို ချစ်မှာအမှန်ဟု ယုံကြည်ပါသည်။ အမေသာရှိလျှင်တော့ ဘာမှ မတတ်နိုင်ဟု ဆိုသော်လည်း မိခင်၏ ကြီးမားသော အချစ်စေ့ဆော်မှုကြောင့် ကျွန်တော့်အား ကျင်လည်စွာ ပြုပြင်နိုင်ခဲ့သလို ကျွန်တော့်ဇနီးခင်ကြည်ကြည်အား သားမောင်ဟသာကို ချစ်နည်း၊ ပြုပြင်နည်းတွေ သင်ကြားပေးမည် မုချဟု ယုံကြည်လျက် ရှိပါလေသတည်း”ဟု ရေးသားထား၏။

အမေအားလုံးသည် သူ့အမေ၊ ကိုယ့်အမေ မကွာခြားကြ၊ သားကိုချစ်ရာတွင် တစ်သဘောတည်းသာ ရှိတတ်ကြပေ၏။

●

www.burmeseclassic.com

**မိခင်မေတ္တာဆိုသော စကားပုဒ်သည်**
**သာယာချမ်းမြေ့မှု အဝဝကို စုစည်းထား၏။**

ရောဘတ်ပိုလော့ (၁၇၉၈–၁၈၂၇)
စကော့လူမျိုး ကဗျာဆရာ

## အခန်း(၁၅)

## အမေဟူသည် အလွမ်းသည်

အမေပြန်သွားပြီး နောက်တစ်ရက်တွင် ကျွန်တော်သည် အမေ့ကို သတိရနေမိ၏။ ရန်ကုန်မှ ပဲခူးသို့အပြန်တွင် ရန်ကုန် ပဲခူးကားများကို ကျွန်တော် စိတ်မချပေ။ မကြာခဏ ဘတ်စ်ကားမှောက်တတ်၍ ကျွန်တော်သည် အမေ့ကို ရထားနှင့်သာ ပြန်စေချင်သည်။ သို့သော်လည်း အမေက ကားနှင့်သာသွားတတ်သည်။ အမေသည် ကားနှင့်သွားခြင်းတွင် မီးရထားလက်မှတ် ဘယ်လိုဝယ်ရမည် မသိခြင်းသည်လည်း အကြောင်းတစ်ခုပါ၏။

အမေ့ကိုသတိရသည်ဟု ဆိုသော်လည်း ကျွန်တော်သည် အမေပြန်ပြီး အများဆုံး တစ်ရက်နှစ်ရက်သာ ဖြစ်၏။ နောက်

www.burmeseclassic.com


တော့လည်း သားကိစ္စ မယားကိစ္စ အလုပ်ကိစ္စတို့ဖြင့် အမေ့ကို မေ့သွားပြန်၏။

ကျွန်တော်သည် အောင်မြင်မှုရနေချိန်၊ ပျော်ရွှင်မှုများ ရနေချိန်တွင် အမေ့ကို သတိရခဲ့သည်။ ကျွန်တော်သည် နိမ့်ကျနေချိန်၊ ဒုက္ခရောက်နေချိန်၊ အကူအညီ မဲ့နေချိန်တို့တွင်သာ အမေ့ကို ပို၍သတိရသည်။

အမေကတော့ ကျွန်တော့်ကို တစ်ချိန်လုံးသတိရနေ၏။ အမေသည် ကျွန်တော့်အား တစ်ချိန်လုံး သတိရနေကြောင်းကို ကျွန်တော် ကြီးလာမှ သိသည်။ ကျွန်တော်သည် အထက်တန်းကျောင်းသားဘဝက အမေ့ထံသို့ တစ်နှစ်တစ်ခေါက်တော့ရောက်သည်။ တက္ကသိုလ်သို့ ရောက်သောအခါ တစ်နှစ်တစ်ခေါက် မရောက်တော့ပေ။ ကျောင်းပိတ်ရက်များတွင် တစ်ခါတစ်ရံ သူငယ်ချင်းများနှင့် လိုက်သွားသောကြောင့် ရွာသို့မပြန်ဖြစ်။ တစ်ခါတစ်ရံတွင်လည်း ပဲခူးခရိုင် ကျောင်းသားများအသင်းကိစ္စ၊ ဟိုကိစ္စ၊ သည်ကိစ္စ၊ လူမှုရေးကိစ္စတို့ဖြင့် အမေ့ထံသို့မရောက်ဖြစ်တော့ပေ။ ထိုအခါများက ကျောင်းပိတ်ရက်များတွင် အမေသည် ကျွန်တော့်အား မျှော်နေလိမ့်မည်ဟု ကျွန်တော်မထင်ခဲ့ပေ။

တစ်ခါတစ်ရံ ကျွန်တော်သည် သုံးလေးနှစ်ဆက်၍ အမေ့ဆီသို့ မပြန်ဘဲနေတတ်၏။ သုံးလေးနှစ် မပြန်ဘဲနေပြီးမှ အိမ်ပြန်သွားလျှင်တော့ အမေသည် နေမထိထိုင်မထိပင် ဖြစ်နေသည်။

www.burmeseclassic.com


ကျွန်တော် အမေ့ထံတွင် နေပြီးပြန်လာသည့်အချိန်မှစ၍ နောက်တစ်ကြိမ် အမေ့ထံသို့ပြန်ရောက်သည့်ကာလ အပိုင်းအခြားတွင် အမေသည် နေ့စဉ်ကျွန်တော့်ကို မျှော်နေသည်သာဖြစ်၏။ သားအား သတိမရဘဲ နေလုံးပျောက်ကွယ်သွားသောနေ့သည် အမေ့ထံ၌မရှိခဲ့ပေ။ ဒါကို ကျွန်တော်နောက်မှ သိရသည်။ အမေသည် ကျွန်တော့်ကို သတိရနေသော်လည်း ကျွန်တော်ဘာလုပ်နေသည်ကိုပင် အမေ မသိရပေ။ ငါ့သားလေး ကျောင်းပဲတက်နေလား၊ အလုပ်ပဲလုပ်နေလား၊ ဘယ်သူငယ်ချင်းနဲ့များ လိုက်သွားလဲ၊ နေမှကောင်းရဲ့လားဟူ၍ အမေသည် ကျွန်တော့်ကိုလွမ်းနေသော်လည်း တိတိကျကျ မလွမ်းနိုင်ရှာပေ။

ကျွန်တော် သတင်းစာဆရာ ဖြစ်လာသော အခါတွင်ကား အမေသည် ကျွန်တော့်ကိုလွမ်းရာတွင် အတော်လေး တိတိကျကျ လွမ်းလာနိုင်၏။ အမေသည် ရေဒီယိုနားထောင်လာသည်။ ရေဒီယိုတွင် သတင်းထူးပါလာပါက ထိုသတင်းများ၏ အနီးအနားတွင် ကျွန်တော် ရှိနေမည်ဟုဆိုကာ လွမ်းရသည်။ အမေသည် ပထမတော့ ရေဒီယိုမှ တစ်ဆင့် သားဘယ်မှာရှိနေမည်ကို သဲလွန်စရ၍ ရေဒီယိုကို အမေကျေးဇူးတင်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် အမေသည် ရေဒီယိုကြောင့် ရင်မောခဲ့ရပြန်သည်။

ပြည်ထောင်စုနေ့၊အလုပ်သမားနေ့၊တောင်သူလယ်သမားနေ့အစရှိသော အခမ်းအနားများတွင် ကျွန်တော်သည် သတင်းယူလျက်ရှိမည်ကို အမေသိသောကြောင့် ယင်းအခမ်း

www.burmeseclassic.com


အနားများကို ကျင်းပတိုင်း အမေသည် ရေဒီယိုကိုနားထောင်ကာ အလွမ်းဖြေခဲ့ရသည်။ သို့သော် တစ်ခါတစ်ရံ ရန်ကုန်မြို့ ပေါ်ဝယ် ပုဒ် ၁၄၄ ထုတ်ခြင်း၊ အရေးအခင်း ပေါ်ခြင်း အစရှိသော အခါမျိုးများနှင့် ကြုံကြိုက်လာသောအခါတွင်ကား အမေရင်မောလာရသည်။ ထိုအရေးအခင်းများ မပြီးဆုံးမချင်း ရေဒီယိုသတင်းကို အမေနားထောင်ရသည်။ အရေးအခင်းများ ပြီးသော်လည်း အမေက ရင်မောမပြေသေးပေ။ အရေးအခင်း ဖြစ်ပြီးသည့်နောက် သားဖြစ်သူ ကျန်းမာပကတိ ချမ်းသာစွာ ရှိနေသည် ဟူသောသတင်းရမှပင် အမေ 'ဟင်း'ချ နိုင်၏။ တစ်ခါတစ်ရံ အရေးအခင်းက ပြီးသွားသော်လည်း လူကြုံမရှိ၍ အမေ့ထံသို့ တစ်လကိုးသီတင်း သတင်းမရောက်လျှင်လည်း အမေ့မှာ စိတ်မောလူမောနှင့် မောနေရပြန်သည်။

ရန်ကုန်မြို့တွင် တစ်ခါတစ်ရံ ဗုံးပေါက်ကွဲသည့်ဖြစ်ရပ်များ ဖြစ်လာသောအခါတွင်ကား အမေ အမြဲ ရင်မောခဲ့ရပြန်၏။ ဗုံးကွဲသွားသည် ဟူသော သတင်း၏ နောက်ပိုင်းတွင် ပြည်သူ ဘယ်နှစ်ယောက် သေဆုံး၍ ဘယ်နှစ်ယောက် ဒဏ်ရာရသည်ဟု ကြေညာလျှင်ကား အမေသည် ထိုအထဲ၌ သားပါမပါ စိတ်မောရပြန်၏။

သို့သော်လည်း အမေသည် ရေဒီယိုနားမထောင်ဘဲ မနေနိုင်။ တစ်ခါတစ်ရံ ကျွန်တော်ရေးသားသော ဆောင်းပါးများ၊ အသံလွှင့်ဇာတ်များပါလျှင်တော့ အမေ ပျော်နေပြန်သည်။ ထိုအခါမျိုးတွင် အမေသည် 'ဘယ်နေ့များ သား ဆောင်းပါး ပါဦးမလဲ၊

www.burmeseclassic.com


ဘယ်နေ့များ အသံလွှင့်ဇာတ် လာဦးမလဲ’ဟူသော စိတ်ဖြင့် ယနေ့ဖတ်စရာ မှတ်စရာအခန်း၊ အသံလွှင့်ဇာတ်အခန်း၊ အယ်ဒီတာ့ အာဘော် အခန်းများကိုပါ နားထောင်လာ၏။

တစ်ခါတစ်ရံ ကျွန်တော်သည် လူငယ်များနှင့်တွေ့ဆုံ၍ သတင်းပဟေဠိအခန်းများတွင် ကိုယ်တိုင်ပါဝင်၍ မေးမြန်းရသောအခါတွင်ကား ကျွန်တော့်အသံကိုပါ အမေ နားထောင်လို့ ရလာသည်။ ထိုအခါ အမေသည် ပဟေဠိအခန်းများကိုလည်း နားထောင်လာပြန်၏။ နောက်တော့လည်း အမေသည် ခေတ်ပေါ် တေးဂီတမှ လွဲလျှင် ရေဒီယိုမှလာသော ကဏ္ဍအားလုံး နားထောင်တော့သည်။ သီချင်းကြီးများကိုတော့ အမေ ကြိုက်လှ၏။

အမေသည် ရေဒီယိုကိုနားထောင်ရင်း အမေ့မှာ ဗဟုသုတများ တိုးလာ၏။ သားအတွက် ရေဒီယို နားထောင်ရင်း အမေသည် သူ့အတွက်လည်း ကြားလာရသည်။ တစ်နိုင်ငံလုံးနှင့်ပတ်သက်သော စပါးဝယ်ယူရေးကိစ္စ၊ သီပွံနည်းကျ စိုက်ပျိုးရေးကိစ္စများကို အမေ နားထောင်လာ၏။ စပါးဝယ်ယူရေးနှင့် ပတ်သက်လာလျှင် ယခင်က မြို့နယ်မှ တာဝန်ရှိသူများ ကျေးရွာသို့ ရောက်လာမှပင် အပြည့်အစုံ သိရ၏။ ယခုတော့ ကြေညာချက်ထွက်လျှင် ထွက်ချင်း အမေသည် စပါးဝယ်ယူရေး သဘောများကို သိလာ၏။ ထိုအခါ ‘အစိုးရက ဒီနှစ်စပါးဝယ်ယူရင် ဘယ်လို ဝယ်မယ်တဲ့တော့’ဟူ၍ သတင်းဦး သတင်းထူးများကို ရွာ၌ အမေက ပြောလာနိုင်၏။

www.burmeseclassic.com


အမေသည် သုံးလေးတန်းလောက်သာ အောင်၏။ အမေသည် စာရေးတတ်သော်လည်း သတ်ပုံသတ်ညွှန်း မမှန်ပေ။ တစ်ခါတစ်ရံ ဝါကျများပင် မှားနေတတ်၏။ အမေသည် ကျွန်တော် စာရေးဆရာ ဖြစ်လာသောအခါ ကျွန်တော် ဘာတွေ ရေးသည်ကို အမေ သိချင်လာသည်။ ထိုအခါ ကျွန်တော့်စာများကို ဖတ်ကြည့်၏။ ကျွန်တော်ရေးသော စာများကို အမေ နားမလည်။ သို့သော်လည်း အမေ ဇွဲမလျော့။ ကြိုးစား၍ ဖတ်ပြန်သည်။ ခရီးသွားဆောင်းပါးများကိုတော့ အမေ နားလည်သည်။ နားမလည်သော ဆောင်းပါးများမှာ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဆောင်းပါးများဖြစ်၏။ သည်တော့ အမေသည် နိုင်ငံရေး ဆောင်းပါးများနှင့် စီးပွားရေးဆောင်းပါးများကို နားလည်အောင် ကြိုးစား၍ ဖတ်ပြန်သည်။

တစ်ခါတစ်ရံ ဆေးလိပ် လိပ်ရန် သတင်းစာများကို ကတ်ကြေးဖြင့်ညှပ်ရင်း ကျွန်တော်ရေးသော ဆောင်းပါးများကို တွေ့လျှင် ဆောင်းပါးကို ဖတ်နေသည်။ ဆေးလိပ် မလိပ်ဖြစ်တော့ပါ။ တကယ်တော့လည်း အမေသည် ကျွန်တော်၏ အကောင်းဆုံး စာဖတ်ပရိတ်ပင် ဖြစ်သည်။

ကျွန်တော့်ဘဝဝယ် ကျွန်တော်သည် အမေနှင့်နေရသော အချိန်က နည်းသည်။ ငယ်စဉ် ဘုန်းကြီးကျောင်းတွင် ပညာသင်စဉ်က ကျောင်း၌ ကျောင်းအိပ်ကျောင်းစား သွားနေရ၏။ ကျွန်တော် ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လောက်တွင် ပဲခူးသို့ ပညာသင်ရန် ရောက်ရှိလာခဲ့ရာ ယနေ့အထိ ရွာသို့မပြန်ဖြစ်ခဲ့။ ယခုကဲ့သို့ အမေလွမ်းနေမှာပဲဟု သိသောအချိန်သို့ ရောက်ပြန်

www.burmeseclassic.com


တော့လည်း မိမိအိမ်ထောင်ကိစ္စ၊မိမိကိစ္စ၊သားကိစ္စ၊မယားကိစ္စနှင့် အမေ့ထံသို့ မပြန်နိုင်ပေ။

**ဆရာသိန်းဖေမြင့်**က သူ၏ အမေဆောင်းပါးတွင် ကာလကတ္တားသို့ ကျောင်းသွားတက်နေစဉ် သူ့မိခင်၏ အဖြစ်ကို အောက်ပါအတိုင်းရေးသား၍ ပြောဆိုထား၏။

ကာလကတ္တားသို့ ကျောင်းသွားနေခြင်းကို စစချင်း အိမ်ကမသိ။ ကျွန်တော့်ဘာသာ ကျွန်တော် စရိတ်ရှာပြီးထွက်သွားနေခြင်းဖြစ်၏။ ကာလကတ္တားမှနေပြီး စာရေး အကြောင်းကြားလိုက်တော့ အမေမှာ သည်လောက် ဝေးတဲ့နေရာ သွားနေရပါမည်လားဟု လွမ်းဆွေးခြင်းကြီးစွာဖြင့် မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင် ဖြစ်နေသည်ဟု သိရပါသည်။ အတင်းပြန်ခေါ် ရမယ်ဟု ဆိုလျက် လွမ်းဖျားပင် ဖျားသေးသည်။ အဖေ့မှာ အတော်ပင် တရားချယူရသည်ဟု သိရသည်။ ကာလကတ္တားမှ ကျောင်းပိတ်လို့ ခဏပြန်လာရာ အမေ့မှာ ပျော်၍မဆုံး ချစ်၍မဆုံးဖြစ်နေရှာသည်။ ထိုအချိန်က အဖေနှင့် အမေမှာ ဆားလင်းကြီးသို့ ပြောင်းနေကြရပါသည်။ ကာလကတ္တားပြန်ရန် ဆားလင်းကြီးမှ ထွက်သောအခါ ဘတ်စ်ကားသို့ အမေလိုက်ပို့သည်။ ကားပေါ်ရှိ ကျွန်တော့်အား ကားအောက်ရှိ အမေက မျက်ရည်တွေနှင့် စိုက်ကြည့်နေစဉ် ကားစက်နှိုး၍ ထွက်ပါသည်။ ထိုအခါ အမေ့မှာ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ

www.burmeseclassic.com


ကားနောက်သို့ အပြေးလိုက်၍ ကျွန်တော့် မျက်နှာကိုပင် စိုက်လျက်ကြည့်မြဲ ကြည့်နေပါသေးသည်။ သို့သော် ဘတ်စ်ကားသည် အမေ မမီအောင်ပြေးပေပြီ။

တကယ်တော့လည်း အမေဟူသည် အလွမ်းသည်၊ အပူသည်တို့သာ ဖြစ်သည်။ အမေတိုင်းသည် သားအား မိမိ၏ မျက်စိအောက်မှ တစ်မိနစ် တစ်ဗီဇနာမျှ အပျောက်မခံလိုကြပေ။ တစ်မိနစ်ခန့် ကွဲနေလျှင်ပင် အမေ့ရင်တွင်းသို့ လွမ်းအိမ်ဖွဲ့နေပြီးဖြစ်မည်။

**ရှင်မဟာရဋ္ဌသာရ**သည် အမေ၏ အလွမ်းကို **ဘူရိဒတ်လင်္ကာကြီး**တွင် ပေါ်လွင်အောင် စီကုံးထားသည်။ ကရုဏာရသ အတိရှိ၏။ ရင်သွေးများအပေါ်၌ မိခင်တို့၏ ချစ်မဝနိုင်သော စိတ်ကိုလည်း သိသာထင်ရှား ပေါ်လွင်စေသည်။

ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်လင်္ကာကြီးကို စီကုံးရာတွင် နေပြည်တော်ခန်း၊ ဥပုသ်ခန်း၊ အိပ်မက်ခန်း၊ အလမ္ဗာယ်ခန်း၊ ဗြဟ္မခန်း၊ ပြည်တော်ဝင်ခန်းဟူ၍ အခန်းခြောက်ခန်း ပိုင်းခြားခဲ့ရာတွင် အိပ်မက်ခန်းသည် အမေ၏ အလွမ်းကို ပေါ်လွင်စေသော အခန်းဖြစ်သည်။

ဘူရိဒတ်နဂါးမင်းသည် လူ့ပြည်လူ့ရွာသို့ သွား၍ ဥပုသ်သီတင်းသီလ ဆောက်တည်နေချိန်တွင် ဘူရိဒတ်၏ မိခင်သည် နဂါးပြည်၌ ကြောက်မက်ဖွယ်ရာ အိပ်မက်ကို မြင်မက်လေ၏။

www.burmeseclassic.com


‘ဤသို့အလို၊ ဆိုသော်အလျောက်
မဖောက်မယွင်း၊ အခြင်းကုန်အောင်
အောင်ပိမ့်ပြက်ပြက်၊ ထိုအိပ်မက်ကား
နှစ်ဘက်မျက်စိ၊ နီဘိခြင်းခြင်း
ဝတ်ပန်းဆင်းသို့၊ ပြင်းပြင်းထွေးထွေး
ဆုန်းနှယ်ရေးလျက်၊ မီးသွေးအလား
ရေးသားမည်းနက်၊ မာခက်ကြမ်းကြုတ်
ယောကျ်ားယုတ်လျှင်၊ သမုဒ္ဒဇာ
မိမြတ်စွာ၏၊ ရွှေဝါဖြိုးလုံး
ညာလက်ရုံးကို၊ မတုံးမြက်စက်
ဓားသန်လျက်ဖြင့်၊ ပျက်ပျက်ခုတ်လှီး
ဖြတ်လျှင်ပြီးမှ၊ ယိုစီးသွေးခြည်
သွင်သွင်ကြည်မျှ၊ မနည်နှိပ်စက်
မူးမော်လျက်တည့်၊ နိုင့်ထက်ကလူ
မမူမယာ၊ သည်းစွာအလွန်
ဝင်လေဟန်ကို၊ အမှန်အချွတ်
မြင်ဘိလတ်သော်၊ မျိုးမြတ်ဘုန်းကြီး
မင်းသမီးကား၊ ကြက်သီးငြိမ့်မျှ
လန့်ဖျပ်ထ၍၊ ကြောက်စမပြေ
လက်စပ်ချေမှ၊ အထွေအဆန်း
အိပ်မက်မှန်းကို၊ စွန်စွန်းသိကုန်လေသတည်း”

နှစ်ဘက်သော မျက်စိတို့သည် နီရဲနေလျက် မီးသွေးကဲ့သို့ မည်းနက်နေသည့် အသားအရေရှိသော၊ ခက်ထန်မာကျော ကြမ်းကြုတ်ရက်စက်သော ယောကျ်ားယုတ်သည် မိခင် နဂါးမင်းသမီး၏ ညာဘက်လက်ရုံးကို အလွန်ထက်လှသော သန်လျက်ဖြင့် ခုတ်ထစ်ဖြတ်လှီးလိုက်၏။

ထိုအခါ ညာလက်ရုံးမှ သွေးခြည်များသည် တသွင်သွင် စီးကျလာသည်။ ယောကျ်ားယုတ်၏ နိုင့်ထက်ကလူပြုမှုကြောင့် နဂါးမင်းသမီးသည် ကြက်သီးများထ၍ လန့်ဖျတ်နိုးလေသော် ကြောက်စမပြယ်သေးဘဲ မိမိ၏ ညာလက်ရုံးကို စမ်းသပ်ကြည့်ပြီးမှပင် အိပ်မက်ဖြစ်ကြောင်း သိရလေ၏။

"သိပြီးရကား၊ မိဖုရားလည်း
ကြောင်းလျားနက်စုံ၊ ဤသို့ကြံ၏။
တစ်ခါတစ်ရံ၊ ခြင်းရာသို့စင်
မထင်လှည့်စွမ်း၊ အလွန်ကြမ်းသား
ညစ်ညမ်းအိပ်မက်၊ ပြက်ပြက်ထူလည်
မြင်လတ်သည်ကား၊ သွေးရည်တူပေါက်
လေးယောက်သားမောင်၊ ညီနောင်မယွင်း
နတ်မင်းငယ်လင်၊ ရှည်ကျွမ်းဝင်နှင့်
အကြင်ငါက၊ စသည်မလွတ်
သူမြတ်ခြောက်ပါး၊ ငါတို့အားလျှင်
မှန်းထားခိုက်ရန်၊ ဘေးဒဏ်လျင်ဆော
ဖြစ်သည်လောဟု၊ မိန်းမောမထောက်

www.burmeseclassic.com


ကြဲပြီးမြောက်မှ၊ သုံးယောက်သည်းအူ
သားတို့မူကား၊ အတူဖော်စုံ
နဂါးဘုံ၌၊ နေတုံသောကြောင့်
မနှောင့်မယှက်၊ စုံမက်မသည်း
စိုးရိမ်နည်း၏၊ စောင့်စည်းသီတင်း
သုံးလိုလျှင်း၍၊ သွင်ကျင်းမြေခြား
လူ့ရပ်သွားလျက်၊ ကြိုးစားအားထုတ်
ဥပုသ်ဆောက်တည်၊ ပြုလတ်သည်ဟု
ချစ်ကြည်လွမ်းဆွတ်၊ ဗောဓိသတ်ကို
မချွတ်ရန်ဘက်၊ ဂဠုန်ငှက်နှင့်
လေ့ကျက်မန္တန်၊ တတ်ပွန်ဆေးဝါး
မြွေသမားတို့၊ တွေ့ငြားမိအောင်
ဖမ်းလေယောင်ဟု၊ ပူလောင်ပြင်းလှ
ကြံတွေးဆသည်၊ ကြောင့်ကြအိုးသို့ဝေသတည်း”

မိဖုရားသည် အိပ်မက် မြင်မက်သည်ကို သိရပြီးသောအခါ ငါ့တွင် ငါ၏ငယ်ချစ်လင် နဂါးမင်း၊ ငါနှင့် သားလေး ယောက်ရှိပေသည်။ ဤခြောက်ယောက်သော သူတို့ကို အဘယ် မည်သော ဘေးရန်သည် ကျရောက်အံ့နည်းဟု စဉ်းစားပြီးမှ သားသုံးယောက်နှင့် ချစ်လင် နဂါးမင်းသည် ငါနှင့်အတူ နဂါးပြည်၌ရှိနေသည်။ သို့သော် သီတင်းသီလဆောက်တည်ရန် လူ့ပြည်လူ့ရွာသို့ သွားနေသော သားငယ်ကို ရန်ဘက် ဖြစ် သော ဂဠုန်ငှက်သည် ရန်ပြုလေသလော။ သို့မဟုတ် ဆေးဝါး

www.burmeseclassic.com


မန္တန်တတ်ကျွမ်းသော မြွေသမားကပင် တွေ့ရှိ ဖမ်းဆီး၍ ထားပြီလောဟု တွေးတောကာ ပူလောင်ခြင်း ပြင်းစွာ ဖြစ်သောကြောင့် နဂါးမင်းသမီး၏ ရင်တွင်းဝယ် ကြောင့်ကြခြင်း၊ စိုးရိမ်ခြင်းတို့သည် အိုးသို့ဝေပါတော့၏။

"မြင့်မြင့်မြဲမြဲ၊ လခွဲခါရောက်
ကျူးခဲ့မြောက်သော်၊ မျှလောက်ကြာတင်
သို့အောင်စင်လျက်၊ မမြင်ရဘဲ
မိကိုရှဲ၍၊ သွေးခဲသည်းပွတ်
မယ့်သတ်မှတ်သည်၊ မင်းလတ်မလာ
မနေရာတည့်၊ မှန်စွာစင်စစ်
သားချစ်မောင်အား၊ တစ်ပါးပါးလျှင်
တွေ့ငြားဘေးရန်၊ ဖြစ်လေတန်ဟု
အလွန်စုံမက်၊ အောက်မေ့လျက်တည့်။
ဆတက်တစ်ထူး၊ တစ်လကျူးလျှင်
မဖူးတို့လာ၊ တာရှည်ကွာ၍
မြတ်စွာမိမင်း၊ လွမ်းဘိခြင်းကား
ရေတွင်းလက်ယက်၊ စီးလာထွက်သို့
ပြိုင်စက်မျက်ရည်၊ ဆည်လည်းမစဲ
ဝမ်းကွဲလောင်ဆုံး၊ နှလုံးညှိုးလျှောက်
မိုးသောက်မိုးချုပ်၊ တစ်ဖြုတ်မနေ
ငိုများထွေဖြင့်၊ မျက်ရည်စပ်ကျင်
ကျိန်းလျက်ပင်တည့်၊ သားလျှင်ယခု

www.burmeseclassic.com


ရောက်လုလုဟု၊ ရှုလင့်ခါခါ
ဘုရားလျှာ၏၊ လာရာခရီး
လမ်းကြီးတူရှု၊ မျက်နှာမူလျက်
ရှေးရှုမျှော်ကြည့်၊ နေတုံလှည့်လည်
ပျောင်းချည့်ကြိုးသို့ ခွေသတည်း”

ဤအပိုဒ်သည် အမေက သားကို လွမ်းရာတွင် အခိုက်ဆုံး အခန်းဖြစ်သည်။ ဘူရိဒတ်၏ မိခင်က ဘူရိဒတ်အား လွမ်းဆွတ်သလို မိခင်တိုင်းကလည်း သားသမီးတို့အား ယခုကဲ့သို့ လွမ်းဆွတ်ကြမြဲတည်း။

ဘူရိဒတ် သားလှ မလာခဲ့သည်မှာ လဝက်မျှပင် ရှိပါပြီ။ ဤမျှလောက်သော ကာလတိုင် သား အမေ့ထံ ရောက်မလာခြင်းသည် အမေ့သွေး၊ အမေ့အသည်း၊ အမေ့ရဲ့ အသက်ဖြစ်သည့် အမေ့သားသည် ဘေးရန်တစ်ခုခုဖြင့် တွေ့ကြုံသည်မှာ ဧကန်ဖြစ်တန်ရာတည်း။

အမေ့ထံသို့ သားရောက်မလာသည်မှာ လဝက်မှသည် တစ်လသို့ ကူးပြောင်းလာခဲ့ပြီဖြစ်သည်။ ဤမျှ တာရှည်သော ကာလတိုင် သားရောက်မလာခြင်းအတွက် အမေ သားကို လွမ်းမိသည်မှာ ဖြေဆည်၍ မရနိုင်ပေ။ လက်ယက်ရေတွင်းမှ ရေသည် တသွင်သွင် စီးလာသကဲ့သို့ အမေ့မျက်ရည်တို့သည်လည်း ဆည်လို့မနိုင်၊ မစဲနိုင်ဘဲရှိခဲ့ပါပြီ။ အမေ့အသည်းနှလုံးတို့သည် ပူလောင်ညိုးချုံး၍ ရင်ထဲ၌ ခံစားနေရသည်။ ရင်နှစ်ခြမ်း ကွဲထွက်လုဘနန်း ရင်တွင်း၌ လောင်မီးကျနေသည့်

www.burmeseclassic.com



အလား ခံစားနေရပါ၏။ အမေ့နှလုံးတို့သည် ညိုးနွမ်းဖြေလျော့ ၍သာ နေပါတော့၏။

မိုးသောက်မှမိုးချုပ်၊ မိုးချုပ်မှမိုးသောက် တစ်ဖြုတ်ကလေးမှ မရပ်မနားပါ။ အမေ့သားကို လွမ်းစိတ်ဖြင့် အမေငိုမိနေသောကြောင့် မျက်စိအစုံတို့မှာလည်း ကျိန်းနေရုံမျှမက စပ်ကျိန်း၍ပင် နေပါတော့သည်။

သားသည် ယခုပင် ရောက်လုလုရောက်လုလုဖြင့် သားလာရာ ခရီးလမ်းဆီသို့ အမေ ရှုကာမျှော်ကာ လင့်ကာ နေရပါသည်။ သားလာမည့် လမ်းမကြီးဆီသို့ မျက်နှာမူလျက် အမေ့သားကို စောင့်နေရသည်မှာ အမေသည် ချည့်နဲ့ သွဲ့ ပျောင်းလျက် ကြိုးခွေပမာလိုသာ ရှိနေပါသည်။

ဆက်လက်၍ ရှင်မဟာရဋ္ဌသာရက ဘူရိဒတ်အား မိခင်က လွမ်းဆွတ်နေပုံကို...

“မြူတေစံကျော်၊ မွေးမယ်တော်လည်း
မပျော်မပါ၊ လွမ်းဖွယ်များသည်
ချစ်သားသူမြတ်၊ ဘူရိဒတ်ကို
ဆွတ်ဆွတ်မြင်ချင်၊ တ,လျက်ပင်တည့်
မရွှင်ညိုးချုံး၊ နှလုံးမလန်း
စိုးရိမ်လွန်း၍၊ တစ်ခွန်းစကား
နည်းများမဆို၊ ဝမ်းထဲသိုလျက်
ငိုယိုမျက်ရည်၊ ထွက်လတ်သည်ကား

www.burmeseclassic.com


နှင်းရည်မိုးသို့ စွေသတည်း”

ဟု ဆက်လက် စပ်ဆို ထား၏။

**ကျည်းကန်ရှင်ကြီး**သည်လည်း အောက်ပြည်အောက်ရွာသို့ သွားရောက်စီးပွားရှာနေသော သားအား အမေက လွမ်းရပုံကို ‘တပျောင်းပျောင်းလျှင်’ ‘အကြောင်းကြောင်းပင်’ ‘တပေါင်းဆောင်းဝင်’ဟူသော စာသုံးပုဒ်ဖြင့် ဤသို့ ရေးဖွဲ့ထားခဲ့ဖူး၏။

၁။ **တပျောင်းပျောင်းလျှင်၊** ရွှေညာခွင်က၊ မိခင်မာတာ၊ သားမင်းလျာကြောင့်၊ ခွေကာနွမ်းရိ၊ လွမ်းမချိခဲ့၊ မွေးမိဘမှာ၊ လွမ်းရပါလည်း၊ အောက်ရွာရပ်ဘုံ၊ ဝေးလှတုံ၍၊ နေမုံတက်စ၊ နံနက်ထကို၊ ရော့တောင်ကြီး၊ ဝိုက်ကာဆီးသို့၊ မျှော်ယီးမျှော်ရာ၊ မမြင်သာခဲ့၊ ဗျာပါထပ်ဆောင်၊ လွမ်းမီးလောင်၍၊ သားမောင်ပျော်ရာ၊ အောက်ရပ်သာသို့၊ တမ်းကာရှုလျက်၊ တသက်သက်လျှင်၊ ငှက်လိုပျံခင်၊ မတတ်ပင်နှင့်၊ မရှင်ပျောင်းပျ၊ သားရွှေစကြောင့်၊ ရေကပစ်ပယ်၊ ရွှေကြာနှယ်သို့၊ အကယ်နွမ်း၍ ယိုင်ခဲ့ပြီ။

၂။ **အကြောင်းကြောင်းပင်၊** အောက်မေ့လျှင်မူ၊ သက်ခင်ပြတ်မျှ၊ သားရွှေစကို၊ မယ်ကလွမ်းရာ၊ များလှစွာခဲ့၊ ရှေးခါကမူ၊ တွေးခါမူကား၊ မယ့်ထံပါးက၊ လားလားမကွယ်၊ စက်မွေ့ရာလည်း၊ တူသာမကွဲ၊ မယ့်ရင်ထဲဝယ်၊ ယှဉ်နွဲ့လျက်သာ၊ ပျော်ရပါ၏၊ ခုတာတမူ၊

www.burmeseclassic.com


ရှုခါမူကား၊ ဝေးရပ်ခြား၍၊ သားလှရွှေစင်၊ မယ်ဝမ်းဝင်တို့၊ မမြင်ရပါ၊ သူ့ရပ်ရွာဝယ်၊ နာလည်းမကူ၊ သာမကူနှင့်၊ ရေပူရေချမ်း၊ ဘယ်သူကမ်း၍၊ စိတ်ဝမ်းရွှင်အောင်၊ သားရွှေတောင်ကို၊ ဆောင်ရွက်လိမ့်မည်၊ အတည်တည်ကို၊ ကြံစည်လိုက်မိ၊ အောက်မေ့ဘိသော်၊ ပျောင်းအိန္ဒွေနံ၊ သားရွှေတုံးကို၊ ယူကျုံးမရ၊ လွမ်းလိုက်လှခဲ့၊ နှမသားချင်း၊ နောင်ရင်းညီထွေး၊ တူကလေးနှင့်၊ မွေးသည့်ဖခင်၊ မမြင်ကွယ်ရာ၊ သူ့ရပ်လယ်မှာ၊ အမယ်မပါ၊ မောင်ချည်းသာလျှင်၊ နေရှာလိမ့်မယ်၊ အသွယ်သွယ်ကို၊ အကျယ်ဝမ်း၍ မှိုင်ခဲ့ပြီ။

၃။ **တပေါင်းဆောင်းဝင်၊** သုံးခါစင်တည်း၊ လည်ချင်တော့မည်၊ ထိုသည်ကိုမျှ၊ သားရွှေစကြောင့်၊ မကြွမလာ၊ ကြာကြီးကြာခဲ့၊ မင်းလျာနုနယ်၊ မယ်မှာဖွယ်မူ၊ ကျယ်လျှင်ကားချဲ့၊ ပဲ့လျှင်ဖဲ့လော၊ နွဲ့လျှင်ကားသပ်၊ ခိုင်လျှင် ထပ်ရှင့်၊ ကျပ်လျှင် သင်ပင်း၊ ချောင်လျှင် ထွင်းလော့၊ ရှင်လျှင် သုတ်သင်၊ လေးလျှင် တင်ရှင့်၊ စင်လျှင်ကာ ဆေး၊ ထက်လျှင် သွေးလော့၊ အရေးဆိုဖွယ်၊ လူတို့ဝယ်မူ၊ သွယ်တတ်မှစီး၊ ရွယ်မှနီးရှင့်၊ ကြီးလွယ်လျှင်ချောင်၊ မသိမှောင်သည်၊ ဖြူယောင်နှင့်မည်း၊ ဟုတ်ယောင်လွဲသား၊ ဝမ်းထဲလိမ်လစ်၊ လူ့သနစ်ကို၊ စင်စစ်သေချာ၊ သိခဲ့စွာဟု၊ ပညာရှိများ၊ မိန့်ခဲ့ထားသား၊ မှတ်သားစဖွယ်၊ အသွယ်သွယ်ကို၊ မယ်ငယ့်ရွှေသွေး၊

www.burmeseclassic.com


ဉာဏ်နှင့်ဆေး၍၊ အဝေးဆယ်ရှဉ်း၊ နီးတစ်ရှဉ်းဟု၊ စဉ်းစား၍သာ၊ ပြန်မည့်တာကို၊ ရွှေညာရပ်ခွင်၊ မွေးမိခင်က၊ ဉာဏ်ရှင်ချီးမွမ်း၊ လွမ်းဖွယ်ပိုဒ်စုံ၊ ရစ်တံပုံနှင့်၊ ကြည့်ပုံမေတ္တာ၊ လောင်းလိုက်ပါ၏၊ ချမ်းသာစီးပွား၊ ဆိုသည်များကို၊ လားလားမယ့်မှာ၊ အောက်မေ့ပါဘူး၊ သားဦးကိုသာ၊ မြင်ချင်ပါရှင့်၊ မင်းလျာယဉ်ရွှ၊ သားရွှေစငယ်၊ မရဖြစ်စေ၊ ရဖြစ်စေသာ၊ ပြန်ခဲ့ပါလော့၊ ရတနာမြုတော၊ ဂုဏ်ကိုးထွေနှင့်၊ ရန်မွေမနှောင့်၊ ရွှေကုန်းထောင့်က၊ မောင့်အဖော်များ၊ ပြန်လာကြားလည်း၊ သားမောင်မလာ၊ အောက်ရပ်ရွာမှ၊ သုံးခါစင်စစ်၊ လည်သည့်ဖြစ်ကို၊ စိစစ်လိုက်တိုင်း၊ ဗျာပါလှိုင်းလျက်၊ အတိုင်းမသိ၊ လွမ်းရှိန်ဖိခဲ့၊ ပျောင်းအိခွေနစ်၊ ဇမ္ဗူရစ်ကို၊ ချစ်လို့မဝ၊ မြင်မဝနှင့်၊ ဆယ်လ ပိုက်လွယ်၊ သားမင်းငယ်ကြောင့်၊ အမယ်လွမ်း၍ လှိုင်ခဲ့ပြီ။

●

**တေးကဗျာတို့အနက် အမေ့အကြောင်းကို သီဖွဲ့သော**
**တေးကဗျာတို့သည် အသာယာဆုံး ဖြစ်သည်။**

အဂ္ဂါအယ်လင်ပိုး (၁၈၀၉–၁၈၄၉)
၀

## အခန်း(၁၆)

## အမေ့ကဗျာ

အမေ့အကြောင်းကဗျာများကို သီကုံးဖွဲ့နွဲ့ရာတွင် ဖန်မီးအိမ် ကဗျာဆရာသည် တစ်ယောက်အပါအဝင် ဖြစ်၏။ သူသည် သူ့မိခင်ကြီး၏ မေတ္တာကျေးဇူး ကြီးမားပုံကို သတိရတိုင်း ကဗျာဖြင့် ကန်တော့သူတစ်ယောက်ဖြစ်သည်။

ကျွန်တော်သည် ၁၉၅၆ ခုနှစ်အတွင်းက သာကေတ (၈)ရပ်ကွက် အစိုးရမူလတန်းကျောင်းတွင် ဆရာလုပ်နေစဉ် ကျောင်းရန်ပုံငွေအတွက် **'မင်းပန်ဖို့ပန်း'** ဟူသော ကဗျာစာအုပ် လေးတစ်အုပ်ကို ထုတ်ဝေခဲ့၏။

ထိုစာအုပ်ကို ထုတ်ဝေစဉ်က မြဝတီ၊ ငွေတာရီမှ စာရေး ဆရာ၊ ကဗျာဆရာများအား ဦးတိုက်ကာ ကဗျာများကို စုဆောင်း

www.burmeseclassic.com


ခဲ့ရာ ဆရာက ဦးဝင်းမောင်(မင်းယုဝေ)မှ တစ်ဆင့် **'အမေ မသေ'**ဟူသော ကဗျာလေးတစ်ပုဒ်ကို ပို့ပေးခဲ့၏။

'အမေဆုံးတယ်'တဲ့
တယ်လီဖုန်းအသံလာတော့
ပျာကယာ စာသင်ရပ်ပါလို့
အလောင်းစင် မိခင်မြတ်ဆီသို့
ဦးညွတ်လို့ ရောက်ခဲ့ပါ။
မကြာသေးခင်က
သူ့မြေးတွေ ကိုယ်တိုင်ချီလျက်
ကော်ဖီကို ဖျော်ကာတိုက်စဉ်မှ
မူးမေ့ကာ အမေလဲသည်ဟု
ကြေကွဲဖွယ် သည်စကားကိုလ
ဖခင်အို မျက်ရည်များရယ်နဲ့
ပြောကြားခဲ့ရာ။
ရွာပြန်လျှင် အမေကြိုလို့
စားလိုရာ အမေကျွေးပါတဲ့
အေးမြတဲ့ မိမျက်နှာ
ခုခါတော့ ပျောက်ဆုံး
သို့လည်းလေ
မေ့သား သည်လိုဖြေမပေါ့
သည်ရပ်မြေ မြန်ဒေသဆီက

www.burmeseclassic.com



မိခင်တွေဟူသမျှကိုလ
မွေးမိခင် ထင်ကာလှမယ်ပေါ့
မြန်မာ့ ဤရေမြေ၌
အမေ မသေသေးချေဟု
သားလူပေ စိတ်ဖြေတွေးလို့ရယ်
ဆွေးရိပ်ကိုဖုံး။

ဤကဗျာသည် အမေဆုံးကြောင်း ကြားရသော ကဗျာဆရာ၏ ခံစားရပုံကို ဖော်ပြထားသည့် စာတစ်ပုဒ် ဖြစ်၏။ အမေ ဆုံးတယ်ဟု တယ်လီဖုန်း အသံလာသဖြင့် အမေ အလောင်းစင်ရှိရာသို့ အပြေးသွားခဲ့ရာ မြေးများကို ကော်ဖီဖျော်တိုက်စဉ် မူးမေ့ကာ အမေလဲ၍ အသက်ပျောက်ခဲ့ကြောင်းကို ဖခင်အိုကြီးက ပြောပြရှာ၏။

ရွာပြန်တိုင်း ကြိုခဲ့သော အမေ၊ စားချင်ရာကို ရှာဖွေကျွေးခဲ့သော အမေ၊ အမေသည် မရှိတော့ပေ။ ထာဝရ အေးမြကြည်လင်သော အမေ့မျက်နှာသည် ယခုတော့ ပျောက်ခဲ့ပေပြီ။

သို့သော် ကဗျာဆရာက သည်ရပ်မြေ မြန်ဒေသဆီက မိခင်တွေ ဟူသမျှကို မွေးမိခင်လို့သာ ထင်ကာ နေပါ့မယ်ဟု အကြိတ်ကာ ဖြေသိမ့်ရင်း ဆွေးရိပ်ကို ဖုံးခဲ့ပုံကို ရေးသားထား၏။

**စာရေးဆရာ ဦးဗမိုး**သည် ကွယ်လွန်သူမိခင်ကြီး ဒေါ်အေးအား ရည်စူး၍ ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်း ရေစက်သွန်းချပြီးသည့်နောက် **'ကျွန်တော့် အမေ မသေသေးဘူး၊ ကျွန်တော်နဲ့ ရှိနေတယ်၊ အမေဟာ ကျွန်တော့်ကို စောင့်ရှောက်နေတယ်၊ ကျွန်တော် သေမှ အမေသေမယ်'**ဟု ဆိုခဲ့၏။

အလားတူပင် **စာရေးဆရာ ဦးရန်အောင်** ကလည်း **'အမ မသေပါဘူး၊ အမ ကျွန်တော်နဲ့အတူ ရှိနေတယ်'**ဟု ရေးဖူး၏။

အမေကွယ်လွန်ပြီးပါသော်လည်း အမေ မသေဟုဆိုကာ သူတို့မှာ မိခင်မေတ္တာ၏ အရိပ်အာဝါသကို ခံစားခဲ့ရသော သူတို့က အမေကို ဘယ်တော့မှ မခွဲချင်သော ဇောဖြင့် အမေ မသေဟု အံကြိတ်ကာ ဖြေသိမ့်ကြခြင်းသာ ဖြစ်၏။

တကယ်တော့ သင်္ခါရသဘောကို မလွန်ဆန်နိုင်ရကား အမေသည် သေခဲ့ပြီး ဖြစ်ပါ၏။ သို့သော် သားတို့ထံတွင် အမေ၏ မေတ္တာရိပ် မေတ္တာငွေ့များသည် အမြဲရစ်ပတ် ကျန်ရှိခဲ့ပါ၏။ ထိုမေတ္တာရိပ် မေတ္တာငွေ့များသည် အမေသေသော်လည်း သားသမီးတို့၏ ပတ်ဝန်းကျင်မှ ဘယ်တော့မှ ပျောက်ကွယ်သွားလေ့မရှိ။ ထိုမေတ္တာ အငွေ့အရိပ်များသည်ပင် အမေသေသော်လည်း အမေ မသေဟု ထင်မှတ်စွဲမြဲစေရလောက်အောင် သားသမီးတို့၏ ပတ်ဝန်းကျင်ဝယ် ခင်းကျင်းထားခဲ့တတ်ပါ၏။

www.burmeseclassic.com


အမေ့အကြောင်း ကဗျာစပ်ရာတွင် **ငွေတာရီ**လည်း အပါ အဝင်ဖြစ်သည်။ ငွေတာရီက **အမေ** ဟူသော ခေါင်းစဉ်ဖြင့် ကဗျာတစ်ပုဒ်ကို စပ်ခဲ့၏။ ငွေတာရီ၏ အမေကဗျာသည် သား တစ်ယောက်အပေါ် ထားရှိသော မိခင်၏ ချစ်ခြင်းမေတ္တာသည် ပြိုင်ဘက်မရှိကြောင်းကို ဖော်ပြစပ်ဆိုထားသော ကဗျာတစ်ပုဒ် ဖြစ်၏။

ငွေတာရီက သူ၏ ကဗျာတွင်...

မိုးယံမှာ ကြယ်တစ်ပွင့်
ပြုံးဝင့်လို့ စိန်သဖွယ်
ဝင်းလက်လှတယ်။
မိုးပေါ်ကကြယ်၊ မထည်လားမောင်မေး။
"သားတော်မောင် သူ့မျက်လုံးနဲ့
ပြိုင်ဦး"တဲ့လေး။
လစန္ဒာ ရွှေရည်မှုန်းလို့
အပြုံးနဲ့ သူကြိုဆို
နူးညွတ်ဖွယ့်ကို
လဝန်းပျို၊ မချိုလားမောင်မေး။
"သားမျက်နှာ ချိုချိုပြုံးနဲ့
ပြိုင်ဦး"တဲ့လေး။
လရောင်နဲ့ ကြယ်ရောင်
ငွေနှင်းရီ မြလွှာထက်က
ဝင်းလက်ပုံဆောင်။

www.burmeseclassic.com


နှင်းငွေဥရောင်၊ မပြောင်လား မောင်မေး
"သားလှညို့ အငိုတုံးကို
ပြုင်ဦးတဲ့လေ..."ဟု စပ်ဆိုထား၏။

**ဆရာမင်းသုဝဏ်** ကလည်း အမေနှင့် သားအကြောင်းကို **မိခင်နှင့်ရင်သွေး** ဟူသော အမည်ဖြင့် ၁၉၄၁ ခုနှစ်လောက်က ကဗျာတစ်ပုဒ် စပ်ဆိုခဲ့၏။

ကြက်ဦးသံနှင့်၊ ပန်းနှယ်ပွင့်သား
မိခင်သက်လျာ၊ နို့သံသာသည်
ကမ္ဘာလောက အေးမြမြ။
အိပ်တန်းလှူသော်
ပန်းငုံနှယ်ဖူး၊ မေ့သက်ဘူးကား
သီကျူးသံဆိတ် လရောင်ရိပ်။
ကျောက်၍ကန်၍၊ ဦးဖြင့်ဖေ့လျက်
မွေးမေ့သည်းချာ၊ နို့ပြန်ပါသော်
လိုရာစမ်းသပ်၊ ပါးနှင့်အပ်၍
ပွင့်ချပ်ဖြူဖွေး၊ ပန်းနှယ်ကွေးသည်
ပိုက်ထွေးရင်ကြား မိခင်ထား။

**မင်းသုဝဏ်**

အမေ့အချစ်၊ အမေ့မေတ္တာကို ဖော်ညွှန်းရာတွင် **ဆရာသမိန်သောင်း**၏ **တိုးအေးပေါ်မှအိုမိခင်** ဟူသော ကဗျာသည် ရင်နှင့်ကြေကွဲဖွယ်ရာ မိခင်ကဗျာတစ်ပုဒ် ဖြစ်၏။

www.burmeseclassic.com


တိုးအေးသည် ရန်ကုန်နှင့်ဒလ ခေါက်တုံ့ခေါက်ပြန် ကူးနေသော ခရီးသည်တင် သင်္ဘောတစ်စင်းဖြစ်၏။ တိုးအေးနှင့် ဂျပန် ပင်လယ်ကူးသင်္ဘောတို့ တိုက်ရာတွင် ခရီးသည်ပေါင်း ရာနှင့်ချီ၍ သေကျေခဲ့ကြရ၏။

ထို့ကြောင့်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကြက်ခြေနီ လူငယ်များ၊ လမ်းစဉ်လူငယ်များသည် အလောင်း ဆယ်သည့်လုပ်ငန်းကိုပင် ရက်ပေါင်းများစွာကြာအောင် ပြုလုပ်ခဲ့ရ၏။ သင်္ဘောနစ်မြုပ်ပြီး ဆယ့်ငါးရက်မြောက်သောနေ့တွင် တိုးအေးသင်္ဘောပေါ်၌ မိခင်အလောင်းတစ်ခုကို တွေ့ရှိရာ ယင်းအလောင်း၏ ရင်ခွင်ဝယ် သားငယ်ပွေ့၍ ထားသည်ကို တွေ့ရှိခဲ့ရ၏။

သင်္ဘောချင်းတိုက်၍ ကမ္ဘာမီးလောင်နေစဉ်တွင် မိခင်သည် သားအား ထား၍ အသက်လွတ်ရာ လွတ်ကြောင်းကို တစ်ဦးတည်းမရှာ၊ သားငယ်ကိုပွေ့ရင်း လွတ်ကြောင်းလွတ်ရာ ရှာဖွေရာမှ လွတ်ခွင့်မကြုံဘဲ သားရောအမေပါ ကွယ်လွန်ခဲ့ရာတွင် အမေသည် ရင်မှမချဘဲ အမေ့ခန္ဓာသည် သင်္ခါရတရားအရ ပုပ်ပွရိရွဲနေသည့်တိုင် သင်္ခါရတရားကို အာခံ၍ သားငယ်အား မလွတ်တမ်း ပွေ့ပိုက်ထားခဲ့၏။

ဤအဖြစ်အပျက်ကို ကြားသိရသောအခါ ဆရာ**သမိန်သောင်း**၏နှလုံးသားမှ အောက်ပါကဗျာသည် ပြည့်လျှံယိုဖိတ် မေတ္တာစိတ်ဖြင့် အန်ကျ ပေါ်ပေါက်လာခဲ့၏။

www.burmeseclassic.com


# တိုးအေးပေါ်မှအိုမိခင်

မမျှော်မလင့်၊ မိုးကြိုသင့်သို့
ရင်နင့်ဖွယ်ရာ၊ သည်းဆတ်ခါမျှ
ကြမ္မာကံဆိုး၊ လွမ်းဓာတ်ပျိုးသည်
တိုးအေးနစ်သော ထိုတစ်နေ့။
ထိုနေ့မှသည်၊ ညည နေ့နေ့
မြင်တွေ့မကောင်း၊ သည်မြစ်ကြောင်းမှာ
အလောင်းထပ်မျှ မြင်နေရခဲ့။
နွေရက်လျှား၍
ဆယ့်ငါးရက်မြောက်၊ ခါချိန်ရောက်မှ
ရေအောက်က ဖော်၊ တိုးအေးပေါ်ဝယ်
ညှိုးလျော်ကြေကွဲ၊ **'မိခင်ခွဲ'** ကို
အသည်းနင့်ဖွယ် တွေ့ရသည်။
အရိုးစုမျှ၊ ကြွင်းသော်မှပင်
ချစ်လှရင်သွေး၊ သူ့ကလေးအား
ထွေးဆဲပိုက်ဆဲ၊ ယုယဆဲဟု
သဲသဲမဲမဲ ပြနေသူ။
ရေစီးကလူပ်၊ လှိုင်းကပုတ်၍
စုပ်သည့်ရေမွှား၊ စားသည့်ရေပိုး
အကြောင်းဆိုးလည်း
တိုးကာထပ်ကာ၊ မေ့သည်းချာအား
မကွာမကွဲ ပိုက်ပွေ့ဆဲ။

www.burmeseclassic.com


အို… မိခင်…
သင် ဘေးကင်းရာ
ကူးခပ်ပါ၍၊ လွတ်ရာအဝေး
ပြေးနိုင်ပါလျက်၊ မပြေးရက်၍
အသက်စတေး လိုက်ရှာလေသလား…။

အို… မိခင်… ‘ကိုယ်လျှင်မချို
အမိသော်လည်း၊ သားတော်ခဲ’ဟု
စွဲလာဆိုထုံး၊ စကားလုံးကို
ချေမှုန်းတော်လှန် လိုက်ရှာသလား…။

အို… မိခင်…
သင်နှင့်အတူ၊ သင့်သည်းအူနှယ်
ရည်တူပြည့်သိပ်၊ **‘မိခင်စိတ်’** ဖြင့်
ယိုဖိတ်မေတ္တာ၊ စေတနာကို
ခါခါ ဦးညွတ်လိုက်ပါ၏။

**သမိန်သောင်း**

တိုးအေးပေါ်မှ အိုမိခင် ကဗျာကို ၁၉၇၃ ခု၊ ဧပြီလထုတ် မြဝတီမဂ္ဂဇင်း၊ အတွဲ ၂၁၊ အမှတ် ၆ တွင် ဖော်ပြခဲ့၏။

မိခင်မေတ္တာနှင့်ပတ်သက်၍ ဆရာ**မောင်စွမ်းရည်**ကလည်း ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလထုတ် မိုးဝေမဂ္ဂဇင်းအမှတ် ၁၀၈ တွင် **‘မိခင်မေတ္တာ သားသစ္စာ’** ဆိုသည့် ကဗျာကို ရေးစပ်ခဲ့၏။

www.burmeseclassic.com


သုဝဏ္ဏာသျှံ၊ မြားဆိပ်မှန်
ဝဲနံကိုဖောက်၊ ယာနံပေါက်
သွေးပေါက်စိမ့်ဝင်၊ ငွေသဲပြင်
လျှောင်တော်လဲခဲ့လေသည်။

မိဘလုပ်ကျွေး၊ ရွှေသွေးမင်းလျှ
မြားဆိပ်မွန်သော်၊ လန့်ပျံငှက်ကျေး
ထွက်ပြေးသမင်၊ တောကိုဝင်ပြီ
တောင်စဉ်ရိုးမ ဟိန်းသတည်း။

'မိချစ်သား
မြားဆိပ်ပြေ
ရွှေအိုးထမ်း
မျက်ကန်းမြင်
ပြည်တော်ဝင်လော့'
မိခင်သစ္စာမှုလေပြီ။

**မောင်စွမ်းရည်**

၁၉၇၁ ခုနှစ် **'ထုံဝတ်လွှာ'** စာအုပ်တွင် ဖော်ပြခဲ့သော **နယဉ်**၏ **'မြပမာ'** ကဗျာသည်လည်း မိခင်မေတ္တာကိုဖော်ညွှန်းသော ကဗျာတစ်ပုဒ် ဖြစ်ပါ၏။

မလှယဉ်ဟု၊ ဖွားစဉ်အခါ
မှည့်ခေါ်ပါသည်
ရူပါချောလှလာစေဖို့။

www.burmeseclassic.com


မောင်သံခဲဟု၊ ဖွားဆဲအခါ
မှည့်ခေါ်ပါသည်
သန်မာထွားကျိုင်းလာစေဖို့။
မောင်ပညာဟု၊ မျက်နှာမြင်စ
မှည့်ခေါ်ရသည်
ကြီးက ပညာချွန်စေဖို့။
မသက်ရှည်ဟု ဖွားနေခိုက်ခါ
မှည့်ခေါ်ပါသည်
နောင်ခါ အသက်ရှည်စေဖို့။
မောင်သုခဟု၊ မွေးစအခါ
မှည့်ခေါ်ပါသည်
နောင်ခါ ငြိမ်းချမ်းသာစေဖို့။
မောင်ပြုံးချိုဟု၊ သူ့ကိုဖွားစ
မှည့်ခေါ်ရသည်
ကြီးက ခင်သူများစေဖို့။
သမီးသားငယ်၊ အရွယ်ရွယ်အား
ချစ်ဖွယ်နာမ၊ မှည့်ရပါသော
မာတာမိခင်၊ စိတ်အသွင်ကား
စုလင်မွေးဖွား၊ သမီးသားကို
ဆပွားမေတ္တာ၊ မျှတစွာဖြင့်
ရင်မှာပီတိ၊ လျှမ်းလျှမ်းငြိသည်။
မြဲ၏ပမာ ရေသိတာသို့။

**နုယဉ်**

www.burmeseclassic.com


ခြင်္သေ့ဟူသမျှသည် သားကောင်ဟူသမျှကို အမိအရဖမ်း၍ သွေးစိမ်းရှင်ရှင် သတ်ဖြတ်စားသော သတ္တဝါဖြစ်ငြားလည်း သားအတွက်ဖြစ်ပါက ဖြူစင် သန့်အေးသည့် နို့ချိုကို ကျွေးတတ်ကြောင်းကို ကဗျာဆရာ **မောင်မြတ်ခေါင်** က ၁၉၇၃ ခုနှစ် ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်း အတွဲ(၂၂)၊ အမှတ်(၂)တွင် **မေတ္တာ** ဟူသော ကဗျာဖြင့် ရေးဖွဲ့သီကုံးထား၏။

မျက်လုံးစိန်ရောင်၊ လည်ဆံထောင်နှင့်
ကြောင်၏အလား၊ ပေါ့ပါးလျင်မြန်
စိတ်သန္တာန်ကြမ်း၊ တောကိုလွှမ်းမိုး
အုပ်စိုးနိုင်ပေ့၊ ထင်တိုင်းမွေ့သည်
ခြင်္သေ့မပင် ဖြစ်ဘိမူ...
သားကောင်ဟူသမျှ၊ အရဖမ်းခဲ
ကိုက်ဆွဲချီငင်၊ သွေးစိမ်းရှင်ရှင့်
အရှင်လတ်လတ်၊ နေ့မပြတ်အောင်
သတ်ဖြတ်စားသောက်နေသော်လည်း...
သားအတွက်မူ၊ ဝမ်းမပူဖို့
ဖြူစင်သန့်အေး၊ နို့ချိုကျွေးသည်
သွေးတစ်စက်မျှ မပါတည်း။

**မောင်မြတ်ခေါင်**

ထို့အပြင် **တင်လွန်း** ၏ **'အိုမိခင်'၊ အတွေး(မြေလတ်)**၏ **'အမေ့အိမ်'၊ ဘော်ဘော်သလ္လာ** ၏ **'ရင်သွေး'၊ သန်းအောင်**

www.burmeseclassic.com


**(အညာမြေ)** ၏ **'အမေ နံ့သာလူးသောနေ့'**၊ **သစ်လင်း** ၏ **'မေတ္တာလှပ'** အစရှိသော ကဗျာများသည် မိခင် မေတ္တာကို ဖော်ညွှန်းသော ကဗျာများပင် ဖြစ်ပါ၏။

**မောင်သဲခေါင်**ရေးသည့် **အမေ**ဆိုသော ကဗျာသည် သားသမီးတို့နှင့် ပတ်သက်၍ အမေ၏စွန့်လွှတ်ခြင်းကို ဖော်ပြထား၏။ သားသမီးတို့ နုပျိုချမ်းသာလျှင် အမေသည် သူကိုယ်တိုင်က ကုန်းကွ မှုန်သီနေပါစေ၊ ဆင်းရဲမွဲတေနေပါစေ အမေက ကျေနပ်မြဲဖြစ်ကြောင်းကို ဖော်ပြထား၏။

## အမေ

* ငါနုပျိုလေ
အမေရုပ်ဆိုး၊ နံရိုးပြိုင်းပြိုင်း
နားထိုင်းထိုင်းနှင့်
ခါးကိုင်းကုန်းကွ မှုန်သီဝေ။

* ငါချမ်းသာလေ
အမေဆင်းရဲ၊ မြေခင်းထဲမှာ
အမြဲငုတ်တုတ်၊ လှုပ်တုတ်မီးခွက်
ဆေးဖွာလျက်။

အမေ

* ဝေဿန္တရာ၊ ဖြူသဒ္ဒါနှင့်
မေတ္တာသီပြု၊ ကရုဏာပင်
လူ့ရွာခွင်၌၊ ကြင်နာသီးပွင့်

www.burmeseclassic.com


မျှော်လင့်မရှိ၊ မပြည့်အိုးဖြည့်
ပြည့်အိုးလျှံစေ၊ သူ့စေတနာ
လွမ်းပြပါသည်
နွေမှာစီးသော စမ်းသို့တည်း။

**မောင်သဲခေါင်**

မောင်သဲခေါင်က အမေ့စေတနာသည် သားသမီးတို့အပေါ် ဝေဿန္တရာကဲ့သို့သာ ဖြစ်၏။ အစဉ်အမြဲ သဒ္ဓါတရားတို့ ပြည့်ဖြိုးနေ၍ သားသမီးတို့အတွက်ဆိုပါလျှင် ရက်ရောနိုင်ပေ၏။ အမေသည် သားသမီးတို့နှင့် ပတ်သက်လာလျှင် ကရုဏာ ပင်သာလျှင် ဖြစ်၏။

အမေ့ စေတနာ အမေ့မေတ္တာသည် နွေ၌ စီးသော စမ်းပမာ ရှိပါသည်ဟူ၍ မောင်သဲခေါင်က ဖွဲ့နွဲ့ သီကုံးထားပါသည်။

**ဆရာဂျမ်း**၏ **မိခင်ပင့်** ကဗျာဟု ဆိုသော ကဗျာတစ်ပုဒ်တွင် သူ၏ ခံစားချက်နှင့် သူ၏ ဆန္ဒကို ဤသို့ ရေးဖွဲ့ထားပါ၏။

## မိခင်ပင့်ကဗျာ

* ငါ့ကိုချစ်လေ၊ ငါ့အမေ
ငါ့ကိုချစ်၍
ငါချစ်လေရာ၊ သူချစ်ရာ၏
ကဗျာချစ်သော ငါ့အမေ။

www.burmeseclassic.com


* ကဗျာဟူသည်
လူ၏ဘဝ၊ လူ့အလှကို
ရသထွေပြား၊ ခံစားနိုင်အောင်
ဆိုင်ခင်းတတ်သူ၊ လူသားဂုဏ်ရည်
မှန်ပေသည်တည်း။

* လူ့ပြည်ကိုလည်း အမေချစ်သည်
အမေဆန်ပြာ၊ သောအခါ၌
စာငယ်ငှက်ငယ် တရှန်းရှန်း။

* ဟင်းကြွင်းစွန့်ရာ၊ ညနေခါ၌
ခွေးနာဝဲစား အမေ့နား။

* အမဲခြောက်လှမ်း၊ တဲပေါက်တန်း၌
ကျီးကန်းအုံဖွဲ့၊ တဟဲ့ဟဲ့။

* အမေ့အိပ်ရာ၊ နံဘေးမှာလည်း
ခြေဆာသောခွေး တကွေးကွေး။

* ယခုခါတွင်
ချစ်စွာသောသား
သားချစ်သောကဗျာ၊ အရာရာကို
ခွဲခွာပြီးလျှင်၊ တစ်နေဝင်သည်
မိခင်မဲ့သည် ကြာချေပြီ။

* ချစ်သည့်အမေ၊ မရှိချေလည်း
အမေကြည်နူး၊ နူးညံ့ဖူးသည်
အိမ်ဦးကြမ်းပြင်၊ ငါထွက်ဝင်လျက်

www.burmeseclassic.com


အိမ်ပြင်ဝင်းစပ်၊ ငါလျှင်ရပ်လျက်
ရှစ်ရပ်ကိုလှည့်၊ ဘယ်ညာကြည့်လျက်
ဖွဲ့စည့်ကဗျာ၊ ငါ၏စာ၌
မေတ္တာကိန်းဘိ၊ ငြိမ်းခြင်းရှိသည်
အမိကိုနဲ့ သင့်ပါလှည့်။

ဤကဗျာလေးသည် မိခင်မေတ္တာ၏ ကြီးမားမှု၊ အေးချမ်းမှု၊ နူနယ်မှုတို့ကို သိရှိသော ကဗျာဆရာက မိမိရေးသော ကဗျာတွင် မိခင်မေတ္တာဓာတ် လာရောက် ကိန်းဝပ်ပါစေကြောင်း ဆုတောင်းပင့်ဖိတ်သော ကဗျာတစ်ပုဒ် ဖြစ်ပေ၏။

မိခင် အသက်ရှင်နေစဉ်ကာလတွင် မိခင်၏ ကျေးဇူးကို မသိ၊ မိခင်၏ ကျေးဇူးကို သိလာသောအချိန်တွင်ကား မိခင်သည် မရှိတော့ဟု စာဆိုတို့က ပြောကြ၏။ ထိုကဲ့သို့သော သားမျိုးတွင် ဖန်မီးအိမ် ကဗျာဆရာ ပါနေလေရော့သလားမသိ။ သူ၏ **လေ့တစ်စင်းနှင့် သီချင်းသည်** စာအုပ်၏ ပထမဆုံးမျက်နှာတွင် ရေးသားထားသော **ကွယ်လွန်သူ မွေးမိခင်သို့** ဟူသော ကဗျာမှာလည်း မိခင်ကြီး၏ မေတ္တာအတွက် ကဗျာဆရာ၏ နောင်တကို ဖော်ပြထားပါ၏။

## ကွယ်လွန်သူမွေးမိခင်သို့

ချစ်စွာမွေးမိ၊ ထင်ရှားရှိစဉ်
သတိတိမ်းပါး၊ ကာလလျားအောင်
ဟိုသွားသည်လာ၊ ယောင်ချာချာဖြင့်
တစ်ရွာတစ်ပြည် ငါမွေ့သည်တည့်။

သတင်းစာနှင့်
ဂျာနယ်မဂ္ဂဇင်း၊ ငါထည့်သွင်း၍
အပျင်းပြေငှာ၊ ရေးသည့်စာကို
ရွာနေအမိ၊ ရွှင်ပီတိဖြင့်
သား၏ကိုယ်စား၊ ကဗျာများဟု
ဖတ်ကြားခါခါ၊ လွမ်းဖြေရှာသည်
ငါ့မှာသတိ၊ မမူမိခဲ့။

မိခင်ချစ်စွာ၊ ကွယ်လွန်ခါမှ
ငါ့မှာ သတိမမူခဲ့။
မိခင်ချစ်စွာ၊ ကွယ်လွန်ခါမှ
ငါ့မှာအောက်မေ့၊ တမြေ့မြေ့နှင့်
မွေးမေ့တွက်တာ၊ တေးကဗျာကို
စိတ်မှာဝဝ၊ မသိရဟု
နောင်တပူပန်၊ ကြီးဖန်ဖန်တည့်
မိခင်စွန့်သွား၊ အမေ့သားလည်း
ဉာဏ်အားစွမ်းစ၊ တတ်သမျှနှင့်
လုံ့လပြုကာတေးဖွဲ့ပါ၏။

ကဗျာအညံ့၊ စာမခန့်လည်း
စိတ်သန့်ကြည်ညို၊ ကန်တော့လိုသည်
အိုဘယ့် မိခင်၊ ထက်ရပ်ခွင်မှ
နားဆင်ကြည်နူးနိုင်စေသော်။

ကဗျာဆရာသမိန်သောင်း စပ်ဆိုခဲ့သော **မိခင်အတွေး** ဟူသော ကဗျာမှာလည်း မိခင်တို့၏ မေတ္တာစိတ်ကို ရောင်ပြန်ဟပ်သော ကဗျာတစ်ပုဒ် ဖြစ်၏။

ကကြိုးလွင် ယဉ်တန္ဆဲ့
ဆင်ခဲ့သူ ကဝိဇ္ဇာ
ရွှန်းလဲ့မူရာ
ကြမ်းနုစုံစွာ
နန်းကိန္နရာ ဟန်ချိုး။

သို့ပေမယ့်လေ
သားငယ်ဆွေ တီတာနော့ချင်လို့
ငိုတော့ဟန် ခြေကိုဆောင့်ကာပ
မောင်ကဗျာ ဘယ်ညာမြှောက်ရင်
ပျောက်ရ ကကြိုး။

သံစုံဆင် ညီတစ်ကြော
ကြည်နော့သည့် တေးသံယဉ်
နားစိမ့်ဝေလွင်
သာယာသည့်အင်
နတ်သဘင်လေလား။

သို့ကတဲ
အို့ဝဲစာစာအော်လို့

www.burmeseclassic.com



မေ့သော်မော် ငိုသံညည်းတယ်
ကွင်းဖယ်လို့ရှား။

ဥဒည်စွန်းတည့်၊ နောက်စွန်းဖြာ
သည်ကမ္ဘာမို့ မြေဆန့်
ကျယ်ပြန့်လှစွာ
ကြည်ရှုလိုရာ၊ နှံ့ပါလိမ့်မယွင်း၊
သားမျက်နှာချိုတစ်ကန့်
နှံ့ခဲ့ဘိခြင်း။

သီတာနှင့်အပြုံး
မျက်လုံးနှင့်ငွေကြယ်
မျက်ခြည်နှင့် လဝန်း
ညွှန်းသူတွေ ပြိုင်လာကြ
ကိုးဆယ်ဆသာ။

ယှဉ်တုလေရာ
သာလွန်မြင့်ပိုကဲ၊
မေ့သက်လျာ အစာဟောင်းသော်မှ
နံ့ပေါင်းထုံ ချိုပျံ့ရှားတယ်လို့
ကြွားချင်သည်ပဲ။

သမိန်သောင်း

www.burmeseclassic.com


မိခင် အတွေးကဗျာတွင် ကကြိုးစုံလင်သော အကဝိဇ္ဇာ တစ်ဦးထက် သားငယ် တီတာနေရင်း ခြေဆောင့်သည်က အမေ့တွင် ပို၍လှပသည်။ နတ်သဘင်ကဲ့သို့ သံစုံဆင်တေးထက် သားငယ်၏ အူဝဲအော်သံက မိခင်အတွက် ပို၍သာယာသည်။ နောက်ဆုံးပြောရလျှင် မိခင်ဟူသည် သား၏ အစာဟောင်းကို ပင် နံ့ပေါင်းထုံ ချိုပျံ့ရှားတယ်ဟု ထင်မှတ်သူတစ်ဦး ဖြစ်ကြောင်း ဖွဲ့ဆို၏။ ဤကဗျာသည်လည်း အမေ့ဘဝ၏ ရောင်ပြန်ဟပ်မှု တစ်ခုပင် ဖြစ်သည်။ ဤကဗျာကို ၁၉၅၈ ခုနှစ် လောက်ကပင် မြဝတီ မဂ္ဂဇင်း၌ တွေ့ရှိရသည်။

အမေနှင့် ပတ်သက်သော အခြားကဗျာတစ်ပုဒ်မှာ **အမိပျို** ဟူသော ကဗျာဖြစ်၏။ ဤကဗျာလေးသည် အမေ့ဘဝကို ဖော်ပြသော ကဗျာတစ်ပုဒ် ဖြစ်သည်။ အမေ၏ သတ္တိနှင့် အမေ၏ စွမ်းအားများကို ဖော်ပြနေသော ကဗျာတစ်ပုဒ်လည်း ဖြစ်၏။ ဤကဗျာကို သီကုံးဖွဲ့ဆိုသူမှာ စာရေးဆရာမကြီး **နုယဉ်** ဖြစ်ပါ၏။ အမေသည် သားသမီး ကိုးယောက်ရှိ၍ ယခုအခါတွင် ကိုယ်ဝန်ကြီး တစ်ပွေ့တစ်ပိုက် ရှိနေသော်လည်း မငြိုမငြင် မညိုးမသမ်း ရွှင်လန်းပြုံးပျော်လျက် သားလား သမီးလား ဟူ၍ ဝမ်းမြောက်နေပုံကို ဖော်ပြထား၏။

အိမ်ထောင်ကြီးတစ်ခုတွင် စားမှု၊ ဝတ်မှု၊ နေမှု အစုစု တာဝန်များ ကြီးမားပါလျက် အမေသည် စေတနာပါးလျော့ခြင်းမရှိဘဲ သားသမီးတို့အတွက် အမေ့မေတ္တာ အမေ့အင်အားတို့သည် အစဉ်ပြည့်ဝ ပျိုမျစ်နေကြောင်းကို ဖော်ပြထားပါ၏။

www.burmeseclassic.com


# အမိပျို

မျက်နှာကြည်လျက်
ရွှင်ပြုံးလျက်တည့်
ကိုယ်လက်လေးလံ
သဏ္ဍာန်မပေါ်
မြင်သော်သူ့သွင်
လမ်းကာရှင်၏
ခုနစ်လအရှိ
တင်းတင်းပြည့်ပြီ။
ဝန်ကြီးလွယ်ထား
သမီးလား သားလား
မသိကြားလည်း
သားကိုးယောက်မိခင်
မသမ်းမညိုး
ထမ်းပိုးဆတက်
ဝမ်းမြောက်လျက်ကို
နှုတ်ဆက်သတင်းမေး
မာရေး ချာရေး
ရင်ဝယ်အေးပါဘိ
လူဘဝဖြစ်လာကြ
ဘဝပေါင်းများစွာ
ပမာပန်းပွင့်လွှာ

www.burmeseclassic.com


ရတနာ အနှစ်အခဲ
လည်ဆွဲသားသမီး
အိမ်ထောင်ကြီးတစ်ခု
စားမှု ဝတ်မှု နေမှု
စုစုဝန်တာ
ကြီးလေးပါလျက်
မပျက်သောစေတနာ
သူ့ရင်မှာတဖွဲဖွဲ
မိုးပုလဲတမျှ
ရွှင်အေးမြဆဲကို
လွယ်ရမြဲ ရွှေကြုတ်
နှုတ်ငုံပတ္တမြား
အရင့်သားဖြင့်
နှမ်းအားမောလျ
မရှိစွအလျင်
မယ်မင်း၏ မေတ္တာအရှိ
မွန်မြတ်လှပါဘိကို
အို… အမိပျို။

**နုယဉ်**

●

**ပြော၍ မကုန်ဆုံးနိုင်သောအရာသည်**
**မိခင်တို့၏ အကြောင်းသာလျှင်ဖြစ်၏။**

ဂေါ်ကီ

ရုရှားပစ္စည်းမဲ့ စာရေးဆရာကြီးနှင့်
ပြဇာတ်ဆရာကြီး။

## အခန်း(၁၇)

## ငါသာလျှင် အကြီးကျယ်ဆုံး

အမေပြန်သွားသည်မှာ အတော်ကြာပါပြီ။ ဇနီးသည် သား မောင်နေဦးအား တေးဆိုရင်း သိပ်နေ၏။ ကျွန်တော် သည် စာအုပ်စင်မှ စာတစ်အုပ်ကိုယူ၍ ဖတ်နေမိသည်။

* * *

သူသည် ကြမ်းကြုတ်ခက်ထန်လှသော စစ်ဘုရင်တစ်ဦး ဖြစ်သည်။ သူသည် တစ်ကမ္ဘာလုံးကိုပင် ချေမှုန်းဖျက်ဆီးရန် ကြိုးပမ်းနေ၏။ သူကား တခြားသူမဟုတ်။ စစ်ဘုရင်ကြီး တီမူရာအယ်လန် ဖြစ်သည်။

www.burmeseclassic.com


သူသည် မြို့တော်ပေါင်း များစွာနှင့် တိုင်းနိုင်ငံပေါင်း များစွာကို နှစ်ပေါင်းငါးဆယ်တိုင်တိုင် ဆင်ပြောင်သည် တောင်ပို့ကို ချေနင်းဖျက်ဆီးသကဲ့သို့ ချေမှုန်းဖျက်ဆီးခဲ့သူဖြစ်၏။ မြို့တော်ပေါင်းများစွာနှင့် နိုင်ငံပေါင်းများစွာတို့သည် သူ့စစ်သံခွာအောက်ဝယ် စိစိညက်ညက် ကြေခဲ့ရ၏။ သူ့ကြောင့် ကမ္ဘာတစ်ခွင်ဝယ် စစ်ပွဲများသည် မီးကုန်ယမ်းကုန် ဖြစ်ခဲ့ရ၏။ စစ်ရှုံးသူတို့ကား သေကြေကြကုန်၏။ အသက်မသေသော စစ်ရှုံးသူတို့၏ ခွန်အားဖြင့် နန်းမြင့်နှင့် မုခ်ဦးကြီးများကို သူ တည်ဆောက်ခဲ့၏။

သူ့သားသည် အရွယ်မတိုင်မီသေဆုံးခဲ့၏။စစ်ဘုရင်တီမူရာ အယ်လန်သည် သူ့သားကို သူချစ်သည်။ သူ့သားသည် စောစီးစွာ မသေသင့်သေးဟု သူထင်၏။ စောစီးစွာ သေဆုံးခဲ့ရသော သားအတွက် သူသည် သေမင်းအား လက်စားချေလို၏။ ထို့ကြောင့်လည်း သေမင်းကို ပြိုင်၍ လူသားတို့အား လိုက်လံသတ်ဖြတ်ခဲ့၏။ သေမင်းသတ်ဖို့ လူမကျန်အောင် သူသည် လူကို သတ်သည်။ ကြောက်ဖွယ်လိလိတည်း။ သေမင်းကိုသတ်စရာ လူမရှိတော့သည့် အထီးကျန်ဘဝ၌ ရှိနေစေရန် လူကို သတ်သည်။ သေမင်းက တောင်းပန်လာစေလောက်အောင် လူကို သတ်၏။

သူ့မျက်နှာသည် တစ်ကြိမ်တစ်ခါမျှ ပြုံးယောင်သမ်းသည် မရှိ။ သူ့မျက်နှာကြောအားလုံးသည် ခက်ထန် တင်းမာနေ၍ သူ့ဦးခေါင်းအား ထာဝရ မော့၍နေ၏။ သူ့နှလုံးသားတွင်

ကား မေတ္တာလည်းမရှိ၊ ကရုဏာလည်းမရှိ၊ သို့သော် ရက်စက်မှု၊ ကြမ်းကြုတ်မှုတို့ကား အပြည့်ရှိနေ၏။

ဤချိုင့်ဝှမ်းသည် စစ်ဘုရင်တီမူရာအယ်လန် စခန်းချသော ချိုင့်ဝှမ်းဖြစ်၏။ ပန်းမာန် သစ်ပင်တို့ဖြင့် ကြည်နူးသာယာ တင့်တယ်စွာသော ချိုင့်ဝှမ်းဖြစ်၏။ စစ်ဘုရင် တီမူရာအယ်လန် စခန်းချရာ ဤချိုင့်ဝှမ်းအတွင်းဝယ် တစ်သောင်းငါးထောင်မျှသော ရွက်ဖြူတဲတို့သည် အစီအရီ တည်ရှိနေ၏။ ရွက်ဖြူတဲတို့၏ အပေါ်တွင်ကား အောင်ပွဲ၏ အထိမ်းအမှတ်ဖြစ်သော တံခွန်ကုက္ကားတို့သည် လေတွင် တလူလူ တဖျပ်ဖျပ်လွင့်နေကြ၏။

ဤတစ်သောင်းငါးထောင်သော ရွက်ဖြူတဲတို့၏ အလယ်တွင်ကား စစ်ဘုရင် တီမူရာအယ်လန်၏ နန်းတော်ပြာသဒ်ပါတည်း။ သူ၏ နန်းပြာသဒ်သည် လေးထောင့်ပုံဖြစ်သည်။ လေးထောင့်ပုံ လေးဘက်မျက်နှာစာ တစ်ဖက် တစ်ချက်စီသည် ခြေလှမ်းလေးရာကျယ်၏။ အမြင့်သည်ကား လုံသုံးဆင့်မြင့်၏။

အလယ်တွင်ကား ရွှေတိုင်ကြီးတစ်ဆယ့်နှစ်တိုင်သည် စစ်သည်တစ်ဆယ့်နှစ်ယောက် ရပ်နေဘိအလား တည့်တည့်မတ်မတ် ရွဲ့တိမ်းခြင်းမဖြစ် တည်ရှိနေ၏။ သူ့ပြာသဒ်တစ်ခုလုံးတွင်ကား ရောင်စုံပိုးဖဲကတ္တီပါတို့ဖြင့် ခင်းမိုးကာရံထားသည်။ နန်းပြာသဒ်၏ ထောင့်လေးထောင့်၌ ငွေသားဖြင့်သွန်းလုပ်ထားသော လင်းယုန်ငှက်ရုပ်ကြီးများ တစ်ရုပ်စီ ရှိ၏။ ထိုနန်းပြာသဒ်၏ အလယ်တွင်ကား တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့

www.burmeseclassic.com


ဦးခိုက်ရာဖြစ်သော စစ်တုရင် တီမူရာအယ်လန်သည် ပဥ္စမမြောက် လင်းယုန်သဖွယ် အောင်မြင်စွာ တည်ရှိနေ၏။

စစ်တုရင် တီမူရာအယ်လန်၏ ကိုယ်ပေါ်တွင်ကား ငါး ဆောင်သော ပုလဲကုံးများနှင့် စီခြယ်ထားသော ပိုးဝတ်ရုံကြီး ရှိသည်။ သူ့ခေါင်းပေါ်မှ မကိုဋ်တွင်ကား ယုန်သွေးကဲ့သို့ နီမောင်းနေသည့် ပတ္တမြားကြီး ရှိ၏။ ထိုပတ္တမြားနီကြီးသည် လောကအလုံး၌ စစ်ဘုရင် တီမူရာအယ်လန်ကို အန်တု စိန် ခေါ်သူကား လင်းယုန်မျက်စိဖြင့် ရှာနေဟန်ရှိ၏။

စစ်တုရင် တီမူရာအယ်လန်၏ မျက်နှာသည် လူသားတို့၏ အသွေးအသားများကို သောက်မျိုထားသော သံချေးတက်နေ သည့် ဓားရွက်ကားကြီးနှင့် တူနေသည်။ သူ့မျက်စိများက ကျဉ်းမြောင်းစူးရှ၏။ သူ့နှာရွက်ကား ပတ္တမြားနားကွင်းကြီးက တွဲ၍ ကျနေ၏။ နန်းပြဿာဒ်နေရာ အခန်းတွင် ဇနီး၏ အမွေးကဲ့သို့ နူးညံ့လှသော ကော်ဇောများကို အပြည့်ခင်းထား ၏။ ယစ်ရွှေရည်တို့ကိုကား ရွှေတကောင်းပေါင်း ၃၀၀ ကျော် ဖြင့် ထည့်၍ထားသည်။ အထူးထူးသော ခဲဘွယ်ဘောဇဉ် ချိုချဉ် အရသာတို့ကား စစ်ဘုရင်၏ ကြီးကျယ်မှုနှင့်အညီ ကြီးကျယ် ထည်ဝါလှ၏။ လောက၌ အကျော်အမော်ဟု ဆိုသော ဂီတပညာရှင်၊ တူရိယာပညာရှင်တို့သည် သူ့နောက်တွင် သာယာ စောင်းညင်းသော တေးသံသာတို့နှင့်အတူရှိ၏။ သူ့ခြေတော် ရင်းတွင်ကား တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းများသည် ခယဝပ်တွားလျက်ရှိ၏။

စစ်ဘုရင်တီမူရာအယ်လန်၏ ကြီးကျယ်မှုသည်ကား အားလုံး၏ ကြီးကျယ်မှုတို့အပေါ် ဗိုလ်ဝင်ခံနေ၏။ သူ၏စစ်သူကြီး၊ မှူးမတ်၊ စစ်သား၊ အစေအပါး အားလုံးသည် သူ၏ အောင်ပွဲများ အထိမ်းအမှတ် ဖြစ်သော ပျော်ပွဲတွင် ပါဝင်ဆင်နွှဲနေ၏။ စားသောက်စရာတို့ကား အလျှံပယ်တည်း။ ပျော်သံ ဆူသံ တေးဂီတသံတို့ကား မုန်တိုင်းတမျှပါတည်း။

စစ်ဘုရင်၏အောင်ပွဲတွင် ကစားသမားတို့ကလည်း ကစားနည်းမျိုးစုံ ယှဉ်ပြိုင်နေကြသည်။ နပမ်းသမား၊ လက်ဝှေ့သမား၊ သိုင်းဆရာ၊ ကာယဆရာကလည်း ခုန်သူခုန်၊ ပျံသူပျံ၊ ကြမ်းသူကကြမ်း၊ ရမ်းသူကရမ်း အခုန်အပျံ အကျော်အလွှားက မျိုးစုံ၏။ ကြိုးတန်းလျှောက်သူက လျှောက်၊ ဓားရေးလှံရေး ပြသူက ပြနေ၏။

သေရည်သောက်သူတို့ကလည်း သောက်၊ ကသူတို့ က၊ မြူးသူတို့ကလည်း မြူးနေကြသည်။ စစ်ဘုရင်ကြီး၏ အောင်ပွဲအခမ်းအနားကား ကြောက်ဖွယ်လိလိ ဖြစ်၏။

စစ်ဘုရင် တီမူရာအယ်လန်၏ အောင်ပွဲကား ဘဝဂ်၏ အထက်သို့တိုင်၏။ စစ်ဘုရင်တီမူရာအယ်လန်၏ ရက်စက်မှုကား ငရဲ၏အောက်သို့တိုင်၏။ စစ်တုရင်တီမူရာအယ်လန်သည် စူလတန် ဘုရင်ကိုပင် အောင်နိုင်သူတည်း။

စစ်ဘုရင်၏အောင်ပွဲကား အထွတ်အထိပ်သို့ရောက်နေချိန် လင်းယုန်ငှက်မ၏ အသံကဲ့သို့ စူးရှခက်ထန်သော မိန်းမတစ်ဦး၏ အသံသည် ထိုအောင်ပွဲအသံများကို ဖောက်ထွင်း၍ စစ်ဘုရင်၏နားသို့ ရောက်လာ၏။

www.burmeseclassic.com


"ဤအသံကား မည်သူ၏ အသံနည်း"

"သူရူးမတစ်ယောက်၏အသံပါ၊ သခင်တို့၏သခင်၊ ဘုရင်တို့၏ ဘုရင်၊ စစ်ဘုရင်တို့၏ အကြီးအကဲ၊ လေးကျွန်းတစ်မြင်းမိုရ် စိုးပိုင်သူ လောကဘုရင်ရှင်မင်းတြား၊ ဤသူရူးမသည် ဈေးအထပ်ထပ် လိမ်းညစ်ပတ်လျက် လောကသခင် မုဒ္ဒိအရှင်ကို တွေ့လိုဖူးခွင့် တောင်းဆိုလျက်ရှိကြောင်းပါ ဘုရား"

"ရှေ့တော်မှောက် ခရောက်စေ"

ထိုမိန်းမသည် စစ်ဘုရင်၏ ရှေ့မှောက်သို့ ရောက်လာ၏။ သူ့ခြေထောက်တွင်ကား ဖိနပ်မပါ။ သူ့ကိုယ်မှ အဝတ်တို့သည်ကား ဗရဖွာ စုတ်ပြဲနေ၏။ အဝတ်ဖြင့် မဖုံးနိုင်ရှာသဖြင့် သူ၏ တောင့်တင်းနေသော ရင်သားအစုံကိုကား ဆံကေသာတို့ဖြင့်သာ အနိုင်နိုင် လုံအောင် ဖုံးထားရှာ၏။ သို့သော် ထိုမိန်းမ၏ မျက်လုံးအစုံတို့သည်ကား စူးရှတောက်ပြောင်နေ၏။ စစ်ဘုရင်ကို အန်တုစိန်ခေါ်နေ၏။ သူသည် တီမူရာ အယ်လန်အား ဦးညွှတ်ခြင်းမဟုတ်ဘဲ သူ၏ လက်အစုံကို ဆန့်တန်းကာ...

"စူလတန်ဘုရင်အား အောင်နိုင်သူသည် သင် မဟုတ်တုံလော"

"ငါသည် စူလတန်ဘုရင်ကိုသာမက တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းအပေါင်းတို့ကို အောင်နိုင်သူတည်း။ သေမင်းကိုပါ အောင်နိုင်သူတည်း"

"စူလတန်ဘုရင်ကို အောင်နိုင်သူသည် သင်ဖြစ်အံ့။ သင် နားထောင်လော့။ သင်သည် စကြဝဠာအလုံးကို အောင်နိုင်ခဲ့

www.burmeseclassic.com


စေကာမူ သင်သည် လူသားသာလျှင်တည်း။ သင်သည် လူတစ်ယောက်သာလျှင်တည်း။ ကျွန်ုပ်သည်ကား မိခင် တစ်ယောက်တည်း။ ကျွန်ုပ်သည် ရှင်သန်ခြင်းကို အလုပ်အကျွေးပြု၏။ ကျွန်ုပ်လာခဲ့ခြင်းကား ရှင်သန်ခြင်းကို အလုပ်အကျွေးပြုသည့်အပေါ် ကျူးလွန်ခဲ့သော သင့်အပြစ်အတွက် ပြေလည်အောင် ပေးဆပ်ရန် လာရောက် တောင်းဆိုခြင်း ဖြစ်၏"

စစ်ဘုရင် တီမူရာအယ်လန်သည် ဤမိန်းမက ငါကဲ့သို့သော စစ်ဘုရင်ကိုမူ ဤသို့သော စကားဆိုဝံ့၏။ အကြောင်းထူးရှိဟန်တူသည်ဟု တွေးကာ...

"သင်၏ စကားကိုဆက်၍ဆိုလော့"ဟု မိန့်ကြား၏။

"အို...စစ်ဘုရင်၊ ကျွန်ုပ်လာခဲ့ရာ အရပ်ကား သင်၏ ပြဿဒ်မှ တိုင်းတာသော် ယူဇနာ တစ်သောင်းမက ကွာဝေး၏။ ကျွန်ုပ်၏ဖခင်သည် တံငါအိုဖြစ်၏။ ကျွန်ုပ်၏ လင်သားသည်လည်း တံငါသည်သာတည်း။ ကျွန်ုပ်တွင် သားတစ်ယောက် ရှိသည်။ ဤသားသည် ဤကမ္ဘာပထဝီဝယ် အချောဆုံးတည်း"

"ငါ၏ သားတော်ကဲ့သို့ ရှိချိမ့်မည်"

"အို...အသင်စစ်ဘုရင်၊ ကျွန်ုပ်၏သားထက် ချောသူသည် ဤဇမ္ဗူတွင် မရှိနိုင်။ ကျွန်ုပ်၏သား ခြောက်နှစ်အရွယ်တွင် ပင်လယ်ဓားပြတို့ လာရောက်၍ ဖခင်နှင့် လင်အား သတ်ခဲ့ကြ၏။ ကျွန်ုပ်၏သားအား ခေါ်ဆောင်၍ သွားကြ၏။ ထိုပင်လယ်ဓားပြတို့အား စူလတန်ဘုရင်သည် ဖမ်းဆီးခေါ်ဆောင်သွား၏။ စူလတန်ဘုရင်ကို သင်မင်းကြီး တိုက်ခိုက်

www.burmeseclassic.com


ချေမှုန်း၏။ စူလတန်ဘုရင်၏ ကျေးကျွန်အားလုံးကို စစ်ဘုရင် သိမ်းဆည်းရာတွင် ကျွန်ုပ်၏သားသည် ပါဝင်ခဲ့၏။ ကျွန်ုပ်၏ သားအား ပြန်ပေးပါလော့ စစ်ဘုရင်"

မိန်းမသည် စစ်ဘုရင်တီမူရာအယ်လန်ထံ သူ့သားအား ပြန်ပေးရန် အကြိမ်ကြိမ်အခါခါ တောင်း၏။

"အို... မိန်းမ သင်သည် ယူဇနာတစ်သောင်းဝေးကွာသော အရပ်မှလာသည်ဟုဆို၏။ သင်ကား ရူးသွပ်၍ နေသလော၊ အဘယ်မိန်းမသည် သမုဒ္ဒရာပင်လယ် တောတောင် အရပ်ရပ်ကို ဖြတ်၍ ယူဇနာတစ်သောင်းသော ခရီးကို ချီနိုင်အံ့နည်း။ သင် ရူးသွပ်၍မနေကြောင်း၊ ဤခရီးကို မည်ကဲ့သို့ လာခဲ့သည်ကို ငါယုံအောင်လျှောက်ဦးလော့"

"မိခင်၏ မေတ္တာတရားကို မည်သူမျှ ပိတ်ပင်တားဆီး၍ မရနိုင်။ မိခင်သည် သတ္တဝါအားလုံးကို နို့ချိုတိုက်ကျွေးခဲ့သူ ဖြစ်သည်။ သတ္တဝါတို့၏ အရည်အချင်းဟူသမျှသည် မိခင်၏ နို့ရည်ကသာ စီးဆင်းရာ၏"

"အို...စစ်ဘုရင်၊ ကျွန်ုပ်သည် ပင်လယ်တစ်ပြင်တည်းကိုသာ ဖြတ်ခဲ့ရ၏။ ထိုပင်လယ်ပြင်ရှိ ကျွန်းပေါင်းများစွာတွင် တံငါလှေပေါင်းများစွာ ရှိ၏။ သူတို့အားလုံးသည် မိခင်၏ သားများသာ ဖြစ်ကြသည်။ အချစ်ကို ပေးရန်အတွက် လိုက်လံရှာဖွေနေသော မိခင်တစ်ဦးအပေါ် လေသည် ဘယ်သော အခါမှ ပြင်းထန်မည်မဟုတ်။ မြစ်ချောင်း အင်းအိုင်တို့ကား ကျွန်ုပ်ကိုယ်တိုင်သည် ပင်လယ်၌ကြီးခဲ့သူမို့ အခက်အခဲမရှိ။ တောင်ကြီးများကို ကျော်ဖြတ်ရာတွင်လည်း သား၏ ဇော

www.burmeseclassic.com


သည် တောင်အထပ်ထပ်ကို စိစိညက်ညက် ကြေသည်သာ ဖြစ်၏။

"မိခင်အတွက် တောင်ဟူသမျှသည် ချိုင့်ဝှမ်းသာတည်း"။

"အို...စစ်ဘုရင်၊ တောကိုဖြတ်ရာတွင်ကား သစ်ကျား၊ ဆင်၊ ခြင်္သေ့ ကွေ့ရှောင်၍ မရခဲ့။ သူတို့၏မျက်လုံးများသည် သင်မင်းကြီး၏ မျက်လုံးများနှင့်တူ၏။ သို့သော် သူတို့သည် လည်း မိခင်မှမွေးသောသားတို့သာတည်း။ ကျွန်ုပ်၏အဖြစ်ကို သိကြကုန်သော သားရဲတိရစ္ဆာန်တို့ အတွင်း၌ပင်လျှင် မိခင် မေတ္တာသည် ပြန့်ပွားလျက် ရှိပါ၏"

စစ်ဘုရင်က...'မိခင်၊ သင့်စကားကို ဆက်ပါလော့'ဟု ပြော၏။

"စစ်ဘုရင်...ယောကျ်ားတိုင်း၌ မိခင်ရှိ၏။ ယောကျ်ား ဟူသည် မိခင်၏သားတည်း။ သင်စစ်ဘုရင်သည်ပင်လျှင် တစ်ဦး သောမိခင်၏ သားတည်း။ ယောကျ်ားအားလုံးသည် မိခင်၏ ကလေးတို့သာတည်း။ အသင် စစ်ဘုရင်ကား ကလေးတည်း။ ကျွန်ုပ်ကားမိခင်တည်း။ သင်သည် ဘုရားသခင်မရှိဟု ငြင်းလို က ငြင်းနိုင်၏။ သို့သော် မိခင် မရှိဟူ၍ကား သင်မဆိုနိုင်။ နွားသိုးတစ်အုပ်သည် နွားငယ်တစ်ကောင်ကိုပင်လျှင် မမွေး နိုင်။ သူရိယနေမင်း မရှိပါဘဲလျက် ပန်းမန်တို့ မပွင့်နိုင်။ ချစ်မေတ္တာဆိတ်သုဉ်းက ရွှင်လန်းမှုမရှိနိုင်။ မိခင်မရှိပါဘဲလျက် သူရဲကောင်းများ၊ စစ်ဘုရင်များ၊ စာဆိုတော်များ မပေါ် ပေါက်နိုင်ပေ။

www.burmeseclassic.com


"အို...စစ်ဘုရင်၊ ကျွန်ုပ်ကား မိခင်တည်း၊ ကျွန်ုပ်၏ မေတ္တာကို ပေးအပ်ရန် သားအားပြန်ပေးပါလော့"

"ကျွန်ုပ်သည် မိခင်အား ဦးညွှတ်ပါ၏။ မိခင်သည် သိဒ္ဓတ္တကို သော်လည်းကောင်း၊ မဟာမက်ကို သော်လည်းကောင်း၊ ယေရှုကို သော်လည်းကောင်း ဖွားမြင်ပေး၏။ မိခင်သည် ဧရာမ ပုဂ္ဂိုလ်ကြီးများအား မမောနိုင် မပန်းနိုင် ဖွားသန့်စင်ခဲ့၏။ အဘိဓမ္မာဆရာကြီး အရစ္စတော်တယ်၊ ဖာဒူဆီနှင့် ဆာဒီ၊ အိုမာခရမ်၊ အစ်(စ)ကန်ဒါ၊ ဟိုမား အစရှိသော ပုဂ္ဂိုလ်အားလုံးသည် မိခင်တို့၏သားများသာတည်း။ သူတို့အားလုံးသည် မိခင်နို့ချိုကိုစို့၍ ကြီးလာရသူတို့သာတည်း။ ဤလောကသည် မိခင်လောကသာတည်း"

မိခင်၏ စကားကိုကြားရသောအခါ စစ်ဘုရင်တီမူရာ အယ်လန်သည် သူ၏ညာလက်ရုံးကိုဆန့်တန်းလျက် 'လေ၏ အရှိန်အဟုန်နှင့်မခြားသော ငါ၏ မြင်းစစ်သည်တို့၊ ဤမိခင်၏ သားအား ယခုပင် ရှာကြကုန်လော့'ဟု ဆို၏။

ထိုသို့ဆိုချေပြီးသော် လောကအားလုံးကို မှုန့်မှုန့်ညက်ညက် ကြေစေ၍ တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့အား ခြေဖဝါးအောက်တော်တွင်းဝယ်ဝပ်စင်းစေလျက် ဘဝဂ်အထက်သို့တိုင်အောင်မြင့်မှုကို ရယူခဲ့၍ ငရဲ၏ အောက်သို့တိုင် ရက်စက်မှုကို ဆောင်ကြဉ်းခဲ့သော ငြိမ်းချမ်းရေး၏ ထာဝရရန်သူ စစ်ဘုရင် တီမူရာအယ်လန်သည် အစဉ်ထာဝရမော့လျက်ရှိသော တစ်ကြိမ် တစ်ခါမျှ ဦးမညွှတ်ခဲ့ဖူးသည့် သူ၏ ဦးခေါင်းကို မိခင်၏ ရှေ့တွင် ဦးညွှတ်၍ အရိုအသေကိုပြု၏။

www.burmeseclassic.com


ထိုအခါသူ၏အနီးတွင်ရှိသော စာဆိုတော်ကြီး **ကာမာနီ** က ဤ မည်သော ကဗျာကို သီကုံး၏။

"ပန်းမန်နှင့် ကြယ်တာရာ အပေါင်းတို့ကို ဖွဲ့ဆိုထားသော ဂီတသည် ချိုမြ အေးချမ်း သာယာ၏။ ထို့ထက် အချစ်၏ အကြောင်းကို သီကုံး ဖွဲ့ဆိုသော ဂီတက ပို၍သာယာချိုမြ အေးချမ်းလှသည်။ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော သူရိယ ဖန်နေမင်းသည် လောကအလုံး အလှဆုံး၊ ထို့ထက်လှသူကား ချစ်သူတည်း။

သန်းခေါင်ယံညဥ့်၌ ကြယ်အစုံလအစုံသည်လည်းကောင်း၊ ဆောင်းဥတု မွန်းတည့်ချိန်နေမင်းသည်လည်းကောင်း အလွန်မှ လှပတင့်တယ်သည်။ သို့သော် ချစ်သူ၏ ရွှန်းစိုနေသော မျက်လုံးတို့သည် ဤလောက၌ အလှဆုံး။ ချစ်သူ၏အပြုံး ပန်းသည် နေရောင်ခြည်ထွေးနုနုထက်ပို၍ နုထွေးလှပေ၏။

လောက၏အလှဆုံး အသာယာဆုံး အတောက်ပဆုံးသော ဂီတကို ယခု ကျူးရင့်ရန် ကျွန်ုပ်တို့ ရှာဖွေကြစို့။ ထိုဂီတကား မိခင်တည်း။"

အထက်ပါဝတ္ထုသည် ကမ္ဘာ့ပစ္စည်းမဲ့ စာရေးဆရာကြီး ဂေါ်ကီ ဝတ္ထုဖြစ်သည်။ ဂေါ်ကီသည် သူ၏ ကျန်းမာရေးကြောင့် အီတလီသို့ သွားနေလေ့ရှိရာ၌ အီတလီပြည်သူတို့၏

www.burmeseclassic.com


ဘ၀ကိုပါ ခံစားလာမိရင်း အီတလီ၀တ္ထုများကို ရေးသားခဲ့၏။ အထက်ပါ ၀တ္ထုသည် အီတလီ၀တ္ထုများထဲမှ တစ်ပုဒ်ဖြစ်၏။ ကျွန်တော်သည် အနီးစပ်ဆုံး ပေါ်လွင်အောင် ပြန်လည် ရေးထားခြင်းမျှ ဖြစ်သည်။ **တောင်တွင်း ဦးကိုကိုကြီး** ၏ **ဂေါကီ၏ ဂန္ထ၀င်မြောက် အီတာလျံ၀တ္ထုတိုများ**စာအုပ်တွင် အထက်ပါ၀တ္ထု အပြည့်အစုံ ပါ၀င်၏။

၀တ္ထုဆုံးသွားသော် ကျွန်တော်သည် ဇနီးသည်နှင့် သားအား လှမ်း၍ ကြည့်လိုက်၏။ သားသည် အိပ်မောကျ၍ နေ၏။ ဇနီးသည်သည် နွေနှောင်းဥတုတွင် ဖြစ်ပေါ်နေသော အပူကြောင့် သားငယ် မလူးလွန့်စေရန် ၀ါးယပ်တောင်ငယ်ဖြင့် အပူရှိန်ကိုပုတ်ထုတ်လျက် ရှိပါသည်။

●

www.burmeseclassic.com

သိရနေ ဥနဝမ္ဘိကာံ

**ယူဇနာရှစ်သောင်းလေးထောင် အမြင့်ဆောင်ကာ မြင်းမိုရ်တောင်သည် မိဘမေတ္တာနှင့် နှိုင်းစာပါက နွားချို ပမာဏသာရှိလေသည်။**

(မာတုပေါသကသုတ်)

## အခန်း(၁၈)

## သဘော်သီး

အမေ့အကြောင်းကို ကျွန်တော်နဖူးပေါ် လက်တင်၍ စဉ်းစားနေမိပြန်၏။ တကယ်တော့ အမေသည် ဒေါ်လှမေလို မုဆိုးမတစ်ဦးသာ ဖြစ်၏။ မုဆိုးမဘဝဖြင့် ကျွန်တော့်အား လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ပေးခဲ့၏။

မုဆိုးမဖြစ်ရုံမက ကျွန်တော့်အဖေကြီး အမေကြီး မိသားစုတွင် အမေသည် မျက်နှာအငယ်ဆုံး ဖြစ်သည်။ အမေသည် အဖေကြီး အမေကြီးတို့ သဘောမတူသည့် အဖေနှင့် လက်ထပ်ခဲ့သည်။ အဖေကြီးအမေကြီးတို့က ယောက်မမြင်းစီးထွက်သည် ဟုဆိုကာ မကျေနပ်ခဲ့ကြ။ အဖေကြီးအမေကြီးတို့ စိတ်ဆိုးမပြေမီ ကျွန်တော်တစ်နှစ်သားအရွယ်တွင် အဖေဆုံးခဲ့ရ၏။

www.burmeseclassic.com


ဘွားဘွားတစ်ယောက်က ‘မင်းအဖေက မင်းကိုသိပ်ချစ်တာ၊ ပခုံးထက်ထမ်းပြီး လမ်းလျှောက်လိုက်ရတာ အမောပဲ၊ သေချင်တော့လည်း ပခုံးကို နီးကြောရှရာက အနာဝင်ပြီး သေသွားတာပဲ’ဟု ပြန်ပြောပြဖူး၏။

အဖေသည် နီးဖြာရင်း ပခုံးတွင် နီးကြောရှရာမှ သုံးလေးရက်ရှိလာသောအခါ အဖျားဝင်လာပြီး သေခါနီးမေ့မေ့၍ သေဆုံးသွားခဲ့၏။ ကျေးလက်တွင်မို့ ရောဂါအမည်ကိုပင်တိကျအောင် မဖော်နိုင်ခဲ့။ အဖေဆုံးသော် လင့်တစ်မျက်နှာ တစ်ရွာထင်၍ သွားခဲ့သော အမေသည် မိဘအိမ်သို့ ပြန်၍တက်ရပြန်၏။ တောင်းဆိုပလုံးဆိုးမဟုတ်သောကြောင့် မုဆိုးမသမီးနှင့်မြေးကို အဖေကြီးအမေကြီးတို့ ပြန်ခေါ်ထားကြ၏။ အဖေကြီးအမေကြီးတို့အိမ်တွင် အမေသည် မီးဖိုချောင်ကို ဝင်ရ၏။ သမီးအကြီးဆုံးမို့လည်း မီးဖိုချောင်ကို လုံအောင်ထိန်းစေခြင်းဖြစ်ဟန်တူ၏။

မှတ်မိသမျှ အရွယ်မှစ၍ ကျွန်တော့်ဘဝ၏ စောစောပိုင်းတစ်ခုလုံးသည် အမေထမင်းချက်သော မီးဖိုချောင်၌သာ အချိန်ကုန်ခဲ့ရ၏။ အမေက ထမင်းချက်သည်။ ကျွန်တော်က မီးဖိုချောင်ထဲတွင် ခွေခွေကလေးအိပ်နေရသည်။ ကျွန်တော်သည် ငယ်စဉ်ကပင် ချူချာသူတစ်ဦး ဖြစ်သည်။ အတော်လေးကြီးသည့်တိုင် လမ်းမလျှောက်နိုင်၍ မြေကြီးထဲတွင် ကျင်းတူး၍ လျှောက်စေခဲ့ရ၏။ ငယ်ငယ်က ကျွန်တော်သည် အမြဲရင်ကျပ်နေတတ်၏။ ခွေးသေးပန်းရွက်၊ ကွမ်းရွက်နှင့် ဆားစသည့်အရသာများသည် အတော်ကြီးလာသည့်တိုင် ကျွန်တော့်ပါးစပ်ထဲတွင် စွဲနေ၏။

www.burmeseclassic.com


ကျွန်တော် အမြဲသောက်ရသောဆေးတစ်မျိုးမှာ ပေါ့ကျုံကြွေ့ ဆိုသည့် တရုတ်ဆေးဖြစ်၏။ ဆေးမှာ အချိုနည်းနည်းပါ၍ ပူရှိန်းရှိန်းဖြစ်သည်။ ပေါ့ကျုံကြွေ့သည် ရင်ကျပ် သက်သာသည်။ အမေသည် ရင်ကျပ်သည့် ကလေးကို အမြဲတစေ ရင်မှာပွေ့၍ပြုစုခဲ့ရ၏။ တောတွင်မူ ရင်ကျပ်သည်ဟုသာ ဆိုရသည်။ ဘာကြောင့်ရင်ကျပ်ရသည်ကို မသိရ။ လည်ချောင်းရောဂါပေပဲလား၊ အဆုတ်မကောင်း၍လား၊ တီဘီပေပဲလား မပြောတတ်။ ဆေးကောင်းဝါးကောင်းလည်း မရှိပေ။ ကျွန်တော့်သားခေတ်တွင်တော့ ရင်ကျပ်သည် ဆိုသည်နှင့် သမားတော်ကြီးများကိုပြနိုင်၏။ ဓာတ်မှန်ရိုက်၊ သလိပ်၊ ဝမ်းစစ်၊ သွေးဖောက် စစ်ဆေးခြင်းဖြင့် နေ့ချင်း ညချင်းရောဂါသိ၍ ဆေးကလည်း ရှိသည်။ ငယ်စဉ်က ရင်ကျပ်ရောဂါသည် ဒီလိုနှင့်ပင် ဘယ်ဆေး ဘယ်ဝါးနှင့်မှန်းမသိ အသက်ခြောက်နှစ်နှင့် ခုနစ်နှစ်လောက်တွင် ပျောက်သွားခဲ့သည်။

ကျွန်တော်ကြီးလာတော့လည်း ရောဂါနှင့် မကင်းပေ။ ကျွန်တော်၏ ဘယ်ဘက်ခြေထောက်တွင် အနာပေါက်ခဲ့သည်။ အနာကို ပဲခူးဆေးရုံတွင် တက်ရောက်ကုသပြီး ပျောက်ကင်းလုလုတွင် ဆေးရုံကဆင်းလာ၏။ အိမ်အရောက်တွင် ဟိုဆေးထည့်၊ ဒီဆေးထည့်နှင့် အနာကပြန်၍ ရောင်လာရာ အမေက ဆေးရုံသည် အနာကို အမြစ်ပြတ်အောင် မကုနိုင်ဟုဆိုကာ တောသို့ ပြန်ခေါ်သွားခဲ့၏။ ထိုရောဂါကို အမေသည် နှစ်နှင့်ချီ၍ ကုရရှာသည်။ အနာပေါက်နေသော ကာလဝယ် ကျွန်တော့်နားမှ အမေ တစ်ဖဝါးမှ မခွာခဲ့။ ဆရာရှာ၊ ဆေးရှာ၊ ဓာတ်စာ

www.burmeseclassic.com


ရှာနှင့် ဖတ်ဖတ်မောနေရ၏။ ဆရာတစ်ယောက်နှင့် မပျောက်။ နောက်တစ်ယောက် ပြောင်းရသည်။ ဆေးတစ်လက်နှင့်မရ။ နှစ်လက်ပြောင်းရ၏။ ကျွန်တော်၏ ခြေထောက်မှအနာသည် နှစ်နှစ်လောက်ကြာ၏။ အနာကိုဖန်ရည်ဆေးရသည်။ ဆေးထည့်ရသည်။

တစ်ခါတစ်ရံ အမေက 'သားကိုပိုးမွေးသလို မွေးလာရတာ'ဟု ဆို၏။ အမေက ပိုးမွေးသလို မွေးခဲ့သော်လည်း ယနေ့အထိ နေမကောင်းသည့်အတွက် ကျွန်တော်သည် အမေ့ခြေသလုံးကို တစ်ခါမျှ မနှိပ်ပေးခဲ့ဖူးပေ။ သည့်အတွက်လည်း အမေက ဘာမှ အပြစ်မပြောခဲ့။ သူလုပ်ပေးခဲ့သည်များကိုလည်း စားမြုံ့ပြန်၍ ပြောမနေဘဲ နောက်ထပ် ကျွန်တော်နှင့် ပတ်သက်၍ ဘာလုပ်ပေးရဦးမည်ကိုသာ တွေးတောရှာဖွေနေဟန်တူသည်။

အမေသည် ကျွန်တော့်အား လူတစ်လုံးသူတစ်လုံး ဖြစ်စေရန် အမြဲရည်ရွယ်ချက်ရှိ၏။ အမေသည် သား လူတစ်လုံး သူတစ်လုံးဖြစ်ရေးအတွက် ဘယ်လိုရန်းကန်ရမည်ကိုလည်း အမြဲစဉ်းစားနေ၏။ အမေကြီး အဖေကြီးအိမ်တွင် တစ်သက်လုံးမှီခိုနေ၍ သား လူတစ်လုံး သူတစ်လုံး မဖြစ်နိုင်သည်ကို အမေသိသည်။ ထို့ကြောင့်လည်း အမေသည် မီးဖိုချောင်မှ အားလပ်သည့် အချိန်တွင် ညီမတစ်ဝမ်းကွဲတစ်ဦးနှင့်အတူ ဈေးထွက်၍ ရောင်း၏။ အရင်းအနှီးကတော့ သိပ်မရှိ။ အညာထည်လေးများနှင့်ပဲခူးမှတစ်ဆင့် ဝယ်ယူရသော အထည်လေးများကို ရောင်းခြင်း ဖြစ်သည်။ အမေ အထည်ရောင်းသောအခါ ကျွန်တော့်

www.burmeseclassic.com


အတွက် အဝတ်အစားလေးများ ရလာ၏။ မုန့်ဖိုလည်း မနက်တိုင်း ပေးလာနိုင်သည်။ အမေသည် သားအတွက် ဤမျှနှင့် ကျေနပ်နိုင်သူ မဟုတ်။ ထပ်၍ကြိုးစားသည်။ အရောင်းအဝယ်ဟူသည် အမြတ်ချည်းသာမဟုတ်။ တစ်ခါတစ်ရံ ရှုံးဟန်လည်း ရှိသည်။ မုဆိုးမဘဝနှင့် အမေသည် ဆယ်နှစ်လောက်ရုန်းကန်ခဲ့၏။ သို့သော်လည်း သူ့ခွန် သူ့အားနှင့် သူ့စိတ်တိုင်းကျ ဖြစ်မလာခဲ့ပေ။

သည်တော့မှ အမေသည် လမ်းသစ်ကိုလိုက်ခဲ့၏။ တစ်နေ့ ကျွန်တော် အိပ်ပျော်နေစဉ် အမေနှင့် ညီမဝမ်းကွဲတော်သူ အကြီးတို့ စကားပြောနေကြ၏။ သူတို့စကားပြောနေစဉ် ကျွန်တော်နိုးလာသည်။ အမေ့ကို အကြီးတော်သူက နောက်အိမ်ထောင်ပြုရန် နားချလေသည်။

"ညည်းသားလေးနဲ့ ညည်း ဒီလိုပဲ နေသွားလို့ ရမလား၊ ညည်းဘာသာညည်း ဘယ်လောက်ရုန်းနိုင်မလဲ၊ ညည်း သားလေးကို လူတစ်လုံး သူတစ်လုံး ဖြစ်စေချင်တယ်မဟုတ်လား၊ စိတ်ကူးမလွဲပါနဲ့အေ၊ ခုဟာကလည်း တခြားလူမှမဟုတ်တာ၊ အားလုံး အချင်းချင်း အကြောင်းသိတွေပဲ"

အမေကဘာမှမပြော။ ငိုလို့သာနေ၏။ ကျွန်တော်နိုးလာသော် အကြီးကလည်း စကားမဆက်၊ အမေကလည်း ဘာမှမဖြစ်ဟန်နှင့် ကျွန်တော့်အား နေ့လယ်စာကျွေးသည်။ မကြာမီ အမေ နောက်အိမ်ထောင်ပြုလိုက်သည်။ ထိုအခါ ကျွန်တော်သည် အတော်ကြီးနေပြီဖြစ်၍ ဖြစ်ရပ်အချို့ကို မှတ်မိသလောက် ရှိနေ၏။ လူကြီးများ လာရောက်တောင်းရမ်းကြသည်ကိုလည်း

www.burmeseclassic.com


ကျွန်တော်မှတ်မိသည်။ နောက်တော့ အမေကြီး အဖေကြီး အိမ်မှ အမေသည် အဖေ့ထံသို့ လိုက်သွား၏။

အမေ ယခုလို မကြာခဏ ခရီးသွားဖူး၏။ အခုတစ်ကြိမ် အမေ သွားခါနီးတွင် ကျွန်တော့်ကိုပွေ့၍ အမေငိုသည်။ ကျွန်တော်က ဘာမှန်းမသိ၍ မငိုဖြစ်။ အမေက တတွတ်တွတ် မှာသည်။ ဘာတွေမှာမှန်းမသိ။ နောက် အမေက ငိုလွန်းတော့ ကျွန်တော်လည်း ငိုချင်လာ၏။ ကျွန်တော့် အဖေကြီး အမေကြီးများသည် ရစ်ကံကြီးရွာတွင်နေ၏။ ယခု အမေက အဖေနေရာ မီးလောက်သို့ လိုက်သွားရမည်ဖြစ်ရာ မီးလောက်နှင့် ရစ်ကံကြီးသည် ၁၄မိုင်ခန့် ဝေး၏။ တစ်မနက်ခရီး သွားရသည်။ ကျွန်တော်သည် မီးလောက်သို့ လိုက်မသွား။ အဖေကြီးအမေကြီးတို့နှင့်ပင် ရစ်ကံကြီးတွင် ကျောင်းနေရစ်ခဲ့သည်။

အမေ မီးလောက်သို့ လိုက်သွားသောအခါ လှည့်ပေါ်တက်သည့်တိုင် အမေ ငိုသွားသည်ကို တွေ့လိုက်ရ၏။ အမေ ပြန်လာဦးမှာပဲဟု တွေးကာ အမေတို့လှည်း ထွက်သွားပြီး မကြာမီမှာပင် ကျွန်တော်သည် ကစားရန် သူငယ်ချင်းထံသို့ ထွက်လာခဲ့သည်။ ရင်ထဲတွင်တော့ တစ်မျိုးကြီး ဟာသွားသလို ရှိ၏။ တကယ်တော့ အမေ နောက်အိမ်ထောင်ပြုလိုက်ခြင်းသည် ကျွန်တော့်အတွက်သာ ဖြစ်သည်။ နောက် အိမ်ထောင်သည် ကျွန်တော့်အတွက် အဖေရင်းတမျှ ကောင်းသည်။ အဖေနှင့် မခြားပေ။ ကျွန်တော့်အဖေသာလျှင် ဖြစ်သည်။ အဖေသည် ကျွန်တော့်အား ပဲခူးသို့ပို့၍ ကျောင်းထားပေးသည်။ တက္ကသိုလ်သို့ ပို့ပေးသည်။ ကျွန်တော် အဖေ အဝစားရခြင်းသာလျှင်ဖြစ်၏။

နောက် ကျွန်တော်သည် ရှာဘုန်းကြီးကျောင်း၌ နေစဉ် ကျောင်းပိတ်၍ စာဝါချပြီးသော် အမေ့ဆီသို့ သွားလည်၏။

အမေက ပွေ့ဖက်၍ကြိုသည်။ ကျွန်တော့်ကို အားရပါးရ ကျွေးမွေးသည်။ မနက်တိုင်း နွားနို့မှာတိုက်သည်။ သို့သော်လည်း ကျွန်တော်က အနည်းငယ်စိမ်းနေ၍ အမေ ကျိတ်ပြီး ငိုရပြန်သည်။

အမေကြီးအိမ်တွင်နေစဉ်က အမေသည် မီးဖိုချောင်တွင် ရှိနေ၍ ကျွန်တော် အတော်ဝဝ စားခဲ့ရ၏။ မြေးတွေ တစ်ဒါဇင်လောက်ရှိသော အဖေကြီး အမေကြီးအိမ်တွင် ဟင်းကို အတိုင်းအတာနှင့် စားကြရ၏။ တစ်ယောက် တစ်ဖတ်ဆိုလျှင် ဟင်းတစ်ဖတ်နှင့် ထမင်းတစ်ပန်းကန် အလောက်စားရသည်။ ထမင်း ထပ်တောင်း၍ ရသော်လည်း ဟင်းထပ်တောင်း၍မရ။ အမေသည် ကျွန်တော်နှင့် သူ့ညီမများက မွေးသော တူများကို ညီညီညာညာ ကျွေးသောအချိန်တွင် တစ်ပြေးတည်း ထားသော်လည်း မီးဖိုထဲ၌ ကျွန်တော် အမေ့နားသွားကပ်နေချိန်တွင် ကျွန်တော့်ကို သီးခြားကျွေးပါသည်။

တစ်ခါက အမေခရီးသွားစရာရှိရာ ကျွန်တော့်အား ကျွေးမွေးခဲ့သည့်အပြင် ဘဲဥများကိုပြုတ်၍ ဝါးကျည်တောက်တစ်ခုထဲတွင်ထည့်ပြီး ဝှက်ပေးခဲ့သည်။ ‘သား ဆာရင် အဲဒီထဲက ယူစား’ဟု ပြောသည်။ ကျွန်တော်သည် အမေသွားပြီး သုံးရက်လောက်ကြာမှ ဘဲဥကို သတိရ၍ သွားယူပြီး စားသော အခါ ဘဲဥများ အားလုံး ပုပ်နေ၏။

www.burmeseclassic.com


ကျွန်တော် အနာပေါက်စဉ်က ဖြစ်ရပ်တစ်ခုကို ကျွန်တော် မမေ့သေးပေ။ ကျွန်တော် အနာပေါက်သည်မှာ တစ်နှစ်ခွဲ နီးပါရှိပြီမို့ ဆရာပေးရ၊ ဆေးဝယ်ရ၊ ဈေးဝယ်ရနှင့် အမေ သည် ဖြူခါပြာခါ လိုက်နေ၏။ ငွေကလည်းကုန်၊ လူကလည်း ပန်းနှင့် နဂိုကမှ ပိန်ရသည့်အကြား အမေသည် ဝါးခြမ်းကို ထောင်ထားသည့်အတိုင်း ရှိနေ၏။ သို့သော်လည်း အမေ မညည်းခဲ့ပေ။

တစ်နေ့တော့ အမေသည် ကျွန်တော့်ကို ဘူးသီးဟင်းအချို ချက်ကလေးနှင့် ငါးခူကြော်ပေး၏။ ကျွန်တော်က ဘူးသီးဟင်း နှင့် ငါးကြော်အချို့ကိုစားပြီး အမေစားလျှင် စားစေရန်ဟု သုံးလေးတုံး ချန်ထား၏။ နောက်တစ်နေ့တွင် အမေသည် ထို ငါးကြော်လေးများကို နွှေး၍ ကျွန်တော့်ကို ကျွေးပြန်သည်။ ကျွန်တော်က အမေစားစေလို၍ ချန်ထားသော ငါးကြော်များ ဖြစ်ရာ အမေ ဘာကြောင့် မစားသည်ကို သိလိုသောကြောင့် ထိုငါးများသည် မနေ့က ငါးကြော်များ ဟုတ်မဟုတ် သေချာ ရန် ထမင်းပွဲပြင်နေသော အမေ့အား 'မနေ့က ငါးကြော်တွေ လား'ဟု မေးရာ အမေက ငါးကြော်အသစ်မဟုတ်၍ မစားချင် ဟု ထင်ကာ ငါးကြော် ထပ်၍ မကြော်ပေးနိုင်သည့်အတွက် ဝမ်းနည်းနေပြန်၏။ အမေတို့သည် သားသမီးတို့အား အန်၍ ကျွေးရုံမျှမက လိုအပ်ပါက အသွေးအသားတို့ကို တကယ်ပင် လှီး၍ ပေးချင်ကြ၏။

ကျွန်တော့်မိတ်ဆွေ အရက်ချိုးတစ်ဦးက 'အခု ကျွန်တော့် မှာ အမေရှိသေးတယ်။ အသက်တော့ ရှစ်ဆယ်ကျော်နေပြီ။

www.burmeseclassic.com


ကျွန်တော့်ကို သိပ်ချစ်တာ။ အရက်ကိုတော့ လုံးဝမသောက်စေချင်ဘူး။ ဒါပေမယ့် အရက်မသောက်ပါနဲ့လို့ တစ်ခါမှ မတားဘူး။ ကျွန်တော် အရက်မူးလာရင် အမြည်း ရအောင် ရှာပေးတာပဲ။ အမေ့ကို အိမ်ဘေးက ကျောင်းဆရာတစ်ယောက်က အရက်သောက်လာလို့ အမြည်းများများစားရင် အရက်သောက်တဲ့လူကို ဘာမှ အန္တရာယ်မပေးဘူး။ အမြည်းမပါဘဲ သောက်ရင်တော့ အရက်က အူတွေကို ဒုက္ခပေးတယ်။ အဲဒီ အရက်သောက်တဲ့လူရဲ့ အူတွေကို လောင်ကျွမ်းပစ်တယ်လို့ ပြောထားဖူးတယ်။ ဒါကို အမေက ယုံနေပြီး ကျွန်တော် မူးလာရင် အမြည်းရှာတာပဲ။ အမြည်းကိုတော့ မရရအောင် ရှာတယ်။ အမြည်းကို ကြိုပြီးတော့လည်း ရှာထားတတ်တယ်။ အမေဟာ ဘာအမြည်းမှ ရှာလို့မရဘူး၊ မရှိတော့ဘူးဆိုရင် တော့ သူ့လက်ချောင်းတွေကို ကျွန်တော် မြည်းဖို့ မီးအုံပေးပြီး သူ့နားရွက်ကိုလည်း ရေနွေးဖျောသုပ်ပေးမှာ သေချာတယ်” ဟု အရက်မူးမူးနှင့်ပြောကာ ငိုဖူး၏။

သည်တော့လည်း ကျွန်တော် လွန်ခဲ့သည့် ကိုးနှစ်ဆယ်နှစ်ခန့်က မဂ္ဂဇင်းတစ်ခုထဲတွင် ဖတ်ဖူးသော ဝတ္ထုလေးတစ်ခုကို သွား၍ သတိရလာ၏။ ဘယ်မဂ္ဂဇင်းထဲတွင်လည်းတော့ မမှတ်မိပါ။ မြဝတီ သို့မဟုတ် ရှုမဝထဲတွင် ဖြစ်နိုင်၏။ ဘယ်သူ ရေးသည်ကိုလည်း မမှတ်မိပါ။ ဇာတ်လမ်းကိုသာ မှတ်မိနေပါ၏။

www.burmeseclassic.com


မုဆိုးမကြီးသည် ပြန်လာမည့်သားကို မျှော်နေသည်။ ညနေစာအတွက် ရှိသမျှငွေကလေးနှင့် သားအတွက် ဟင်းမြက်မြက် ချက်မကျွေးနိုင်သည်မှာ ကြာပြီဖြစ်သည်။

အမေကိုယ်တိုင်လည်း နေမကောင်းနေသဖြင့် ဈေးတောင်းနှင့်ခေါင်း ကွာခဲ့သည်မှာ ကြာနေပြီဖြစ်သည်။ သည်တော့လည်း ငွေပါခန်းလာ၏။ အမေသည် သူ့ကိုယ်သူ နေမကောင်းသည့် အဖြစ်ကိုပင် စိတ်ဆိုးလာသည်။ သား ဒီနေ့ အပြန်နောက်ကျလာသည်။ အရင်နေ့တွေကဆိုလျှင် ယခုလို အချိန်မျိုးတွင် သား အိမ်ပြန်ရောက်၍နေပြီ ဖြစ်၏။

အမေသည် ယိုင်နေသောသူ၏ တဲကလေးကိုမှီရင်း ဆက်မျှော်နေသည်။ ဒီနေ့မှ အိမ်က ကင်းအလှည့်လည်း ကျနေ၏။ အမေ့စိတ်ထဲတွင် ကင်းလှည့်မြန်သည်ဟု ထင်နေသည်။ တခြားအလုပ်ဆိုလျှင် အမေကိုယ်တိုင် ထွက်လုပ်လေ့ ရှိသော်လည်း ကင်းစောင့်ဖို့အတွက် အမေ့မှာခက်သည်။ သူကြီးက ယောကျာ်းများသာ ကင်းစောင့်ရမည်ဟု ဆို၏။ သို့မဟုတ်ပါက သားကို ဝဝလင်လင် အိပ်စေ၍ အမေကိုယ်တိုင် ကင်းထွက်စောင့်မည် ဖြစ်၏။

သား ပြန်လာသည်။

အမေသည် တံစက်မြိတ်မှထွက်၍ သားကို ကြိုလိုက်၏။ သားသည် အမေ့ကိုယ်လုံးနှစ်ဆခန့် ရှိသည်။ အမေ့ကိုပင်လျှင် ကိုယ်ပေါက်လိုက်နိုင်သည့် ခွန်အားလည်း ရှိ၏။ သည့်အတွက် အမေက အားရသည်။ အမေသည် သူမွေးထားသော သားကို တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ကြည့်နေမိသည်။

အမေ ဘယ်တော့မှ ကြည့်မဝ။

သားအတွက် ထမင်းပွဲရှေ့ရောက် အမေပြင်ပေးလိုက်၏။ သား ထမင်းမြိန်မမြိန်ကို အမေက ရင်တထိတ်ထိတ်နှင့် စောင့်နေရသေးသည်။ သားက မြိန်သည်လည်းမဟုတ်၊ မမြိန်သည်လည်းမဟုတ်၊ ဗိုက်ပြည့်သည့် သဘောသာစား၍ ထမင်းဝိုင်းမှ ထလိုက်၏။

'အမေရာ...စားစရာအချိုအချဉ်လေးဘာလေး မရှိဘူးလား'ဟု မေးလိုက်၏။

အမေက မရှိဘူးဟူသောစကားကို မပြောရက်။ သို့သော်လည်း တကယ့်ကို မရှိ၍ အမေက ကြေကွဲသော မျက်လုံးများနှင့် သားအားကြည့်ရင်း ပြောလိုက်ရ၏။

"သား ဘာစားချင်လို့လဲ သားရယ်"

"အေးဗျာ...သင်္ဘောသီးလေးများ စားရရင် ကောင်းမယ်"

သား ဘာစားချင်သည်ဆိုသည်မှာ အမေ့အသည်းထဲ၌ စွဲ၍သွားသည်။ သားသည် ကြမ်းပြင်၌ တုံးလုံးလဲနေသော ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို တွေ့လိုက်သည်။

"ဒီနေ့ ကင်းကျလို့လား အမေ"

"အေး...သားရယ်၊ အမေတို့အိမ် ကင်းကျတယ်။ ဒီကင်းကလည်း ခဏခဏပါပဲ။ ညနေကမှ ဆယ်အိမ်ခေါင်းအိမ်က မီးတောင့် လာပေးသွားတာ"

www.burmeseclassic.com


"ကျွန်တော် စောင့်ပါ့မယ်ဗျာ"

သားသည် ကြမ်းပေါ်တွင်ကျောခင်းလိုက်ရင်း သူကင်းစောင့်မည်ဟု ဆိုလိုက်၏။ ဒီအတွက် အမေသည် ဆိုနင့်နင့်ကြီးဖြစ်သွားရသည်။ သားကို ကင်းစောင့်ပါဟု အမေမပြောရက်။ သားကလွှဲလျှင်လည်း မည်သူမျှ စောင့်မည့်သူမရှိပေ။ မကြာမီ သားသည် ကင်းစောင့်သွားရန် ပြင်ဆင်လိုက်၏။ အမေသည် သားခြုံဖို့ စောင်တစ်ထည်ကို ထုပ်ထားသည်။ သား ကြိုက်သော ဆေးလိပ် သုံးလိပ်ကိုလည်း စောင်ခေါက်နှင့်အတူ ချပေးထား၏။ အိမ်မှ တစ်ခုတည်းသော တဘက်ကလေးကိုလည်း ချပေးထားသေးသည်။

သားသည် တဘက်ကို ခေါင်းပေါင်းရင်း ဆေးလိပ်များကို စောင်ကြားတွင်ညှပ်ကာ ထွက်သွားတော့၏။

အမေသည် သား၏ ကျောပြင်ကိုကြည့်၍ ဝမ်းနည်းနေမိပြန်သည်။ သားက သင်္ဘောသီးစားချင်သည်ဟု ဆို၏။ သင်္ဘောသီးတစ်လုံးကို အမေ ဘယ်လို ဝယ်ကျွေးရမည်နည်း။ တစ်နေ့က မနက်ဈေးတွင်တော့ မိသိုက်တို့အပိုင်းမှ သင်္ဘောသီးထွက်ရောင်းသည်။ ပင်မှည့်သီးများ ဖြစ်သည်။ ထိုအခါ အမေသည် သား သင်္ဘောသီးကြိုက်တတ်မှန်းသိ၍ သင်္ဘောသီးနားရစ်သီရစ်သီ လုပ်နေမိသေး၏။ သို့သော်လည်း ငွေစ မပြေလည်။ ထို့ကြောင့်လည်း သင်္ဘောသီးကို မျက်စိမှိတ်ကာ ရှိသမျှငွေစနှင့် ဆန်ဝယ်ခဲ့ရသည်။

www.burmeseclassic.com


အမေ သင်္ဘောသီး ဘယ်လို ရနိုင်ပါ့မလဲဟု စဉ်းစား၏။ မိသိုက်တို့အပိုင်းတွင် တိုးလျှိုးတောင်းပန်၍ ကြွေးသွားဝယ်ရန်ကိုလည်း စဉ်းစားနေမိ၏။ မိသိုက်တို့အပိုင်းတွင် သင်္ဘောသီး ရှိချင်မှ ရှိပေတော့မည်။ တစ်နေ့က ခူးရောင်း၍ ကုန်ပြီဖြစ်နိုင်၏။ အမေသည် သူကိုယ်တိုင် သင်္ဘောပင်များစိုက်ရန် စိတ်ကူးလိုက်၏။ မနက်ဖြန်တွင် သားစားချင်သော သင်္ဘောသီး ကျွေးနိုင်ရန်က အရေးကြီးသည်။

အမေသည် ညဦး၏ တိတ်ဆိတ်မှုကို ဖြိုခွင်း၍ ထွက်လာသော သံချောင်းခေါက်သံများကို ကြားလိုက်ရ၏။ ဒီအသံသည် အမေ့သားထံမှ ထွက်လာသောအသံ ဖြစ်သည်။ အမေသည် သံချောင်းခေါက်သံများကို ရေတွက်၍ ကြည့်နေမိသည်။ ဆယ်ချက်တိတိ ဖြစ်၏။ ဆယ်နာရီ ထိုးပေပြီ။ အမေသည် မီးခွက်ကလေးကိုမှုတ်ပြီး စောင်ပါးကလေးကိုခြုံကာ ခါးပန်းကို ခေါင်းတင်ရင်း ခွေခွေကလေး လှဲနေ၏။

အမေသည် သူ့ဘဝကို သူ ပြန်စဉ်းစားနေမိ၏။ သားလေး လူလားမမြောက်မီ အဖေဆုံးခဲ့သည်။ အမေ့အတွက် ရွှေတောင်ကြီး ပြိုသလိုဖြစ်၏။ ဒီနောက်တွင်တော့ ဒီသားကို လူဖြစ်အောင် မွေးခဲ့ရ၏။ လူဖြစ်လာသော်လည်း သားသည် လူတစ်လုံး သူတစ်လုံးဖြစ်လာသည်ဟုတော့ မဆိုသာ။ သားသည် ရွာ၌ တောင့်တင်းသန်စွမ်းသူဖြစ်၍ အားလုံးက လေးစားကြသည်ကိုတော့ အမေ ဂုဏ်ယူမိသည်။

သားထံမှ သံချောင်းခေါက်သံ ဆယ့်တစ်ချက်ကို ကြားလိုက်ရသည်။ အမေသည် အိပ်မပျော်သေး။ သားထံမှ သံချောင်းခေါက်တိုင်း အမေ ကြားနေရ၏။

ညသည် ပို၍တိတ်ဆိတ်လာသည်။ တစ်နာရီခြားတစ်ခါ ထွက်ပေါ်လာသော ကင်းသံချောင်းသည်သာ ညအမှောင်ကို ဖြိုခွင်း၍ အချိန်မှန် ထွက်ပေါ်လာ၏။ တစ်ရွာလုံး အိပ်မောကျ၍ နေပေပြီ။ သားသည် တစ်ချက်သမ်းဝေလိုက်ရင်း နာရီကို ကြည့်လိုက်၏။ နှစ်ချက်တီးတော့မည်ဖြစ်၏။ ဒီတစ်ကြိမ် သံချောင်းခေါက်ပြီးပါက ရွာထဲသို့ ကင်းတစ်ပတ်လှည့်ရန် စိတ်ကူးလိုက်သည်။ တိတ်ဆိတ်လွန်း၍ ညတာသည် ပို၍ ရှည်သည် ထင်မိ၏။ သားသည် ကင်းသံချောင်းကို နှစ်ချက်တိတိ ခေါက်လိုက်၏။ ပြီးမှ ရွာတောင်ထိပ်မှ မြောက်ထိပ်သို့တိုင် တစ်ပတ်လျှောက်၍ ကင်းလှည့်လိုက်၏။ အမေ့အိမ်ဝသို့လည်း ရောက်ခဲ့သည်။ အမေ အိပ်မောကျနေမည် ဖြစ်၍ အိမ်ထဲသို့ မဝင်ခဲ့။

ကင်းတဲသို့ ပြန်ရောက်သော သားသည် အမေထည့်ပေးလိုက်သော ဆေးလိပ်များထဲမှ တစ်လိပ်ကိုဖွာလိုက်၏။ သောက်လက်စ ဆေးလိပ်မှလွဲ၍ တစ်လိပ်သာကျန်တော့သည်။ မီးလင်းပိုင်းတွင် သောက်ရန်ရှိနေသေး၍ သားသည် ဆေးလိပ်ကို ချွေတာပြီး သောက်နေရ၏။ သားသည် ဆေးလိပ်ကို တစ်ရှိုက်ဝဝကြီး သောက်လိုက်စဉ်တွင်ပင် ရွာလယ်ပိုင်းဆီမှ အသံများသည် ည၌၏ တိတ်ဆိတ်မှုကို ဖြို၍ ထွက်လာသည်။

www.burmeseclassic.com


"သူခိုး ...သူခိုး ...သူခိုး"

သားသည် ဆေးလိပ်တိုကိုချထားလိုက်ရင်း လက်နှိပ်ဓာတ်မီးနှင့် ကြခတ်တုတ်ကိုယူကာ အသံလာရာဘက်သို့ အပြေးသွားလိုက်၏။

"သူခိုးဗျို့ ...သူခိုး"

သူခိုးအော်သံ ထပ်၍ပေါ်လာပြန်သည်။ ထိုအသံကြောင့် ဟိုလူဒီလူများ နိုးလာကြဟန်တူသည်။ သားသည် သူခိုးအော်ရာနေရာဘက်သို့ ပြေးသွားခဲ့၏။ ညသည် မှောင်နေဆဲဖြစ်၏။ လကွေးကွေး၏ အလင်းရောင်ကသာ အလွန်ကို မှုန်တိမှုန်မွှားရှိနေသည်။ သားသည် လမ်းကျဉ်းကလေးတစ်ခုထဲသို့ ပြေးဝင်လိုက်သည်။ သူခိုးသည် သူနှင့် မျက်နှာချင်းဆိုင်ဆီမှ ပြေးလာသည်။ သူသည် အမှောင်ကျနေသော ခြံစည်းရိုး တစ်ဖက်သို့ ကပ်နေလိုက်၏။ သူခိုးသည် သွက်သွက်လက်လက် ပြေးထွက်လာသည်။ သားက 'ဟေ့ရပ်'ဟု အော်လိုက်သည်။ သူခိုးကားမရပ်။

"ရပ်"

ဆက်၍ အော်လိုက်သည်။ သူခိုးသည် အရှိန်ဖြင့်ဆက်၍ ပြေးပြန်၏။ သူသည် ရပ်ခိုင်းသည်ကို မရပ်သော သူခိုးအား သူ၏ကြခတ်တုတ်ဖြင့် အမှောင်ထဲမှ ခပ်ဆတ်ဆတ်ရိုက်ချလိုက်၏။ သူ၏ အားရှိသလောက် ရိုက်လိုက်ပါက တစ်ချီတည်း အသက်ထွက်သွားနိုင်၏။ သူခိုးသည် ထိုနေရာတွင်ပုံလျက်

www.burmeseclassic.com


သားလဲကျသွားသည်။ နောက်မှ ပြေးလိုက်လာသူများလည်း မီလာတော့သည်။

သားသည် လဲကျနေသော သူခိုးပေါ်သို့ လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်၏။ သူသည် အထိတ်တလန့်ဖြင့် ထ၍အော်လိုက်မိသည်။

**"အမေ"**

သားသည် လက်နှိပ်မီးထိုးထားရင်း အမေ့ရင်ထဲမှ စောင်ပါးလေးနှင့် ထုပ်ထားသော ခိုးလာသည့် ပစ္စည်းကို ဆွဲထုတ်လိုက်သည်။

ထိုအခါ သင်္ဘောသီးလေး တစ်လုံးသည် အန်ထွက်၍ ကျလာပါ၏။

●

**မိခင်တိုင်းသည် ရှိသေအထူးကို ခံထိုက်သူများဟု သိနားလည်မှု မရှိသော အမေ၏ သားသည် လူဖြစ်ရကျိုး မနပ်ပေ။**

ဂျင်ပေါလ်ရစ်ချတာ (၁၇၆၃–၁၈၂၆)
ဂျာမန်လူမျိုးဟာသပညာရှင်

# အခန်း(၁၉)

## မြေမှာကြီးရသော အမေ့ဘဝ

အမေ့ထံသို့ ကျွန်တော် မပြန်သည်မှာ ခြောက်နှစ်ခန့်ပင် ရှိနေပြီ ဖြစ်၏။ ၁၉၆၄–၆၅ ခုနှစ်လောက်မှစ၍ ကျွန်တော်သည် အမေ့ထံသို့မရောက်။

အမေ နေလို့မှ ကောင်းပါ့မလား၊ နေမကောင်းရင်ရော ဆေးဝါးမှ စုံပါ့မလား၊ အမေ့ဆီ သွားဦးမှပဲဟု စိတ်ထဲမှ ပေါက်လာ၏။

၁၉၆၄–၆၅ က ကျွန်တော်သည်ညပိုင်းတွင် လူငယ့်ရေးရာ ကျောင်းများ၌ ကျောင်းဆရာလုပ်နေ၍ နေ့ပိုင်းတွင် သာကေတ(၈)ရပ်ကွက် (အမက)၌ မူလတန်းပြဆရာ လုပ်နေ၏။ နေ့အလုပ် ညအလုပ်အပြင် အခြားဝါသနာပါ အလုပ်အကိုင်များကိုလည်း ရှာဖွေရင်း အမေ့ထံ မရောက်ခဲ့ပေ။

www.burmeseclassic.com


၁၉၆၆ ခုနှစ်လောက်တွင် ကျွန်တော်သည် သတင်းစာလောက ထဲသို့ရောက်လာ၏။ သည်တော့ တာဝန်များက ပိုရှုပ်များလာ ကာ ထိုအခါမှပင် အမေ့ထံသို့ ပို၍ မရောက်ဖြစ်တော့ပါ။ သတင်းစာလောက၌ အချိန်ကြာလေ တာဝန်ပို၍ များလာလေ ဖြစ်ကာ နောက်ပိုင်းတွင် အမေထံ လုံးဝ ဦးမလှည့်ဖြစ်ခဲ့ပေ။

နောက်ဆုံး ကျွန်တော် မိန်းမယူသည့် အချိန်မှပင်အမေ့ကို သွားခေါ်ရ၏။ ကျွန်တော်က မိန်းမယူလျှင် ရုံးတစ်ခုခု၌ လက် ထပ်ပြီး အတူနေလိုက်က ပြီးစီးမည်ဟု စိတ်ထဲက ထင်နေမိ၏။ သို့သော် ကျွန်တော်ယူမည့် မိန်းမက ထိုကဲ့သို့ လုပ်၍မရဟု ဆို၏။ ဖိတ်စာရိုက်စရာ၊ မင်္ဂလာဆောင်စရာကိစ္စတွေပါ အပို ဆောင်းလာ၏။ ကျွန်တော်ကလည်း ရှင်းလင်းဟောပြော၍ ရနိုင်သည့် အခြေလည်းမရှိ၊ တရားလည်းမဟောချင်တော့သဖြင့် မိန်းမ၏ အလိုကို လိုက်ခဲ့သည်။

ကျွန်တော်က ‘ဒီလိုဆိုဘာလုပ်ရမလဲ’ဟု မေးသော အခါ မိန်းမက ‘ကျွန်မကို အိမ်မှာလာတောင်းရမယ်’ဟုဆို၏။ ‘ဒီလို လာတောင်းရင် ရရောလား’ဟု မေးသောအခါ မိန်းမက ‘ဒါ ထုံးစံ၊ မြန်မာ့ ယဉ်ကျေးမှု ဓလေ့စရိုက်’ဟု ဆို၏။ ဤလုပ်ရပ်သည် မြန်မာ့ ရိုးရာ စစ်စစ် ဟုတ်မဟုတ်ကိုတော့ ကျွန်တော်လည်း သုတေသနမပြုမိသေး။ တောင်းချင်သည့် အချိန်လာတောင်း၍မရ။ နေ့ကောင်းရက်သာရွေးရဦးမည်ဟု ဆိုပြန်သည်။ ကျွန်တော်က ဘုန်းကြီးကျောင်းသား၊ သို့သော် ဒါတွေကို မစဉ်းစားပါ။ မိန်းမကကွန်ဗင့်ကျောင်းသူ၊ သို့သော်

www.burmeseclassic.com


သူက ဒါတွေကိုစဉ်းစားနေပါ၏။ ကျွန်တော့်ဆန္ဒက မိန်းမ ယူရမည် ဆိုပါက ခိုးယူရတာကို အကြိုက်ဆုံး ဖြစ်၏။

မိန်းမတောင်းရန်ဟူ၍ သတ်မှတ်ပေးသောနေ့ရက်တွင် ကျွန်တော်သည် ကျွန်တော့်ဆရာများနှင့် ကျွန်တော်ရဲဘော်များအား မိန်းမတောင်းပေးပါဟု ဆိုကာ တောင်းပန်၍ အမျိုးသမီးအိမ်သို့ ပို့ရပါသည်။ ထိုအခါ ကျွန်တော့်ကို မိန်းမတောင်းပေးသူများမှာ ဆရာဦးစောဦး၊ ဆရာမန်းသာမြိုင်၊ သတင်းစာသင်တန်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်းထိုက်(အငြိမ်းစား)၊ ဦးညိုထွန်းနှင့် ဦးထွန်းရွှေ (တရားရုံးချုပ်ရှေ့နေ)တို့ ဖြစ်ကြပါ၏။

ကျွန်တော်ကတော့ လိုက်၍ မသွားပါ။ ဦးထွန်းရွှေက 'ခင်ဗျားပါလိုက်ရတယ်'ဟု အတင်းခေါ်သည်။ ကျွန်တော်က 'ကျွန်တော့်မှာ အပေါ်ဖုံးအင်္ကျီ ဝတ်စရာမရှိဘူး'ဟု ဆိုမှပင် ဦးထွန်းရွှေက ထွက်၍သွားသည်။ ဦးထွန်းရွှေသည် နံနက် ရှစ်နာရီခွဲလောက်က ထွက်၍သွားရာ (၁၁)နာရီလောက်မှ ကျွန်တော့်ဆီပြန်ရောက်လာပါ၏။ ဦးထွန်းရွှေက 'ပြီးခဲ့ပြီ ရဲဘော်'ဟု ဆိုသည်။

ထိုနေ့ညနေတွင် ကျွန်တော်သည် ကျွန်တော့်အမျိုးသမီး အိမ်သို့ သွားပါသည်။ ရှေးဦးစွာ အမျိုးသမီး၏ မိဘများနှင့် မျက်နှာချင်းဆိုင်၍ စကားပြောရာ ကျွန်တော်က သူ့အမေ၊ အဖေများကို 'ဒယ်ဒီ၊ မာမီ'ဟု ခေါ်သည်။ မိဘများက 'မင်းမိဘတွေက မလာကြဘူးလား'ဟု ဆိုပါ၏။ ကျွန်တော် က 'ဟုတ်တယ်၊ မလာကြပါဘူး၊ ရန်ကုန်ကို တစ်ခေါက်လာဖို့

ဆိုတာက သူတို့အတွက် အင်မတန်ခက်တယ်။ လာလည်း မလာတတ်ကြဘူး။ သွားခေါ်မှ လာနိုင်မှာ။ ကျွန်တော်ကလည်း သွားခေါ်ဖို့ မအားလို့ပါ’ဟု ပြောပြ၏။

မိန်းကလေး မိဘများဘက်မှ ယခုလို မင်္ဂလာအခါတွင် မိစုံဖစုံ ရှိစေလိုသည်။ ထိုစဉ်က ဆရာမန်းသာမြိုင်သည် နိုင်ငံတော် ကောင်စီဝင်၊ နိုင်ငံတော်၏ အကြီးအကဲတစ်ယောက်ဖြစ်ခဲ့၏။ နိုင်ငံတော်၏ အကြီးအကဲမျှပင် ဖြစ်လင့်ကစား သားသမီးကိစ္စများတွင် မိဘမပါက မပြည့်စုံပါလားဟု ကျွန်တော်စဉ်းစားမိလာသည်။

ထို့ကြောင့်လည်း ကျွန်တော်လက်ထပ်သောအခါ အမေ့ကို ရန်ကုန်သို့ ရအောင်ခေါ်ခဲ့ရသည်။ လက်ထပ်ပွဲ မကျင်းပမီ ခုနစ်ရက်ခန့်အလိုတွင် အမေလူကြီးနှင့် ရန်ကုန်သို့ရောက်လာ၏။ အမေနှင့် ခြောက်နှစ်မျှကွဲကွာနေပြီး ယခုပြန်တွေ့သော အချိန်သည် ပထမဆုံးအချိန် ဖြစ်ပါသည်။ အမေ့ကို တွေ့ရသောအခါ ကျွန်တော် တုန်လှုပ်၍သွားရသည်။

ယခင်က အမေသည် သနပ်ခါးအမြဲတမ်းအဖွေးသားနှင့် ဖြစ်၏။ ဆံပင်ကိုဆီရွှဲနေအောင်လိမ်း၍ ဘီးဆံပတ်ကို ပတ်ထားတတ်၏။ အမေသည် အတော်စိုစိုပြည်ပြည်ရှိ၍ အမေနှင့် ပတ်သက်လာလျှင် အမေ့အရပ်အရှည်ကြီးကို ကျွန်တော် ဂုဏ်အယူဆုံးဖြစ်၏။ အမေ၏အင်္ဂါရပ်သည် ကျွန်တော့်စိတ်ထဲ၌ မည်မျှစွဲနေသနည်းဆိုလျှင် ကျွန်တော်ကြိုက်မိခဲ့သော အမျိုးသမီးတို့သည် အမေ့လို အရပ်ရှည်ကြသည်သာ ဖြစ်၏။ အမေ့အသားရေတို့မှာ ညိုသော်လည်း စိုစိုပြည်ပြည်ရှိသည်။

အခုတော့ အမေ့တွင် အရပ်ရှည်ကြီးသာ ယခင်အတိုင်း ကျန်ရှိတော့သည်။ တစ်ဆုပ်တစ်ခဲဖြစ်သော အမေ့ဆံပင်တို့သည် ကျိုးတိုးကျဲတဲ ဖြစ်လာ၏။ အမေ၏အသားအရေတို့မှာ ခြောက်ကပ်၍ နေသည်။ မျက်တွင်းဟောက်ပက်၊ နားထင်ဟောက်ပင်နှင့် အမေ့ပါးစပ်ထဲတွင်ကား အပေါ်သွား လေးချောင်းနှင့် အောက်သွား သုံးလေးချောင်းသာ ကျန်၏။ အမေ့သွားများမှာလည်း သွေးချေးအလိမ်းလိမ်း၊ ညိုသည့်သွားကညို၊ မည်းသည့်သွားက မည်းပြီး သွားအားလုံးသည် သွားချေးပိုးတက်နေ၏။

အမေ့အသံကတော့ မပြောင်းပေ။ ယခင်ကလိုပင် စကားပြောပါက သုံးလေးအိမ်ကြား ပြောဆဲဖြစ်၏။ အမေ့အသားအရေတို့မှာ ခန်းခြောက်စပြုနေ၏။

ကျွန်တော်သည် ကျွန်တော်တို့မင်္ဂလာကိစ္စထက် ပထမဆုံး အမေ့ကို ဆေးကုသဖို့ လုပ်ရသည်။ ဆေးကုသရန်လုပ်သောအခါ အမေက 'ငါ့သား အမေဘာပြုလို့တုံး၊ နေကောင်းတာပဲ'ဟုဆို၏။ အမေက ကျွန်တော်ပင်ပန်းမည်၊ ငွေကုန်မည်စိုး၍ နေကောင်းသည်ဟု ပြောခြင်းဖြစ်၏။ တောမှာတော့ ခုလိုသွားလို့ လာလို့ရနေလျှင် နေမကောင်းဟုမဆို။ ဗုန်းဗုန်းလဲမှသာ နေမကောင်းဟု ဆိုကြ၏။ အဲသလို ဗုန်းဗုန်းလဲလျှင်တော့လည်း အသက်ပါ ပါသွားတတ်၏၊

ကျွန်တော်က ဒေါက်တာဦးအောင်ခင်ဆင့်ကို ခေါ်၍ အမေ့ကိုစမ်းသပ်စေရ၏။ ဆရာက နှလုံး၊ အဆုတ်နှင့် သွေးတိုးနှုန်းကို ပထမတိုင်း၏။ အားလုံးကောင်းသည်ဟု ဆို၏။

www.burmeseclassic.com


သို့သော်လည်း ဗီတာမင်နှင့် ပရိုတိန်း ချို့တဲ့မှုရှိကြောင်း ပြောသည်။ အားဆေးစားဖို့ အကြံပေး၏။ အမေ့သွားများကိုတော့ ရန်ကုန်ဆေးရုံကြီးမှ သွားဆရာဝန် ဦးအေးမောင်လေးနှင့် နှုတ်ပစ်လိုက်ရ၏။ သွားချေးပိုးတက်နေသော သွားများသည် သွားဖုံးကို ညစ်ပတ်စေပြီး သွားဖုံးကင်ဆာကို ဖြစ်စေနိုင်သည်။ နောက်သုံးလေးလကြာမှ သွားအသစ်စိုက်ရမည်ဟု ဆို၏။ အမေ့ပါးစပ်ထဲမှ သွားချေးပိုးတက်နေသောသွားများ ကုန်သွားသည့်အတွက် ကျွန်တော့်မှာ အတော်ဝမ်းသာသွားရ၏။

ကျွန်တော်တို့နေထိုင်ရာ စစ်တောင်းမြစ်ဝကျွန်းပေါ်ဒေသသည် ယခင်က စားစရာ အလွန် ပေါသော ဒေသ ဖြစ်သည်။ လယ်ကွင်းပြင်နှင့် ချောင်းများအတွင်းဝယ် သား၊ ငါး၊ ပုစွန်၊ ဖား၊ ကြွက်၊ လိပ် တို့သည် သူ့ဟာသူ သဘာဝအတိုင်း ပေါက်ပွားနေကြသည်မှာ စားခါနီးမှ ဖမ်းလျှင်ပင်ရသည်။ ကြက်၊ ဘဲ၊ ဝက်တို့လည်း မွေးမြူထား၍ ကြက်ဥ၊ ဘဲဥပေါ၏။ ဤသတ္တဝါများမှ ပရိုတိန်းကောင်းကောင်းရ၏။ ဖား၊ငါး၊ကြက်၊ ဘဲ၊မန်ဒါလီ၊ငန်း စသည်တို့မှာ အိမ်မှထွက်သော အိမ်ထွက်ပစ္စည်းများ ဖြစ်သည်။

ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဒန့်သလွန်ရွက်၊ ပဲသီး၊ ပဲညွန့်၊ ဘူး၊ ဖရုံ၊ သခွား စသည်ဖြင့် အသီးအရွက်စုံက ခြံထဲတွင် ရှိသည်။ ဟင်းသီးဟင်းရွက်တို့မှာ သူ့အိမ်ကိုယ့်အိမ်မှာသာ ရှိသည်မဟုတ်။ အိမ်တိုင်း အိမ်တိုင်းတွင် ရှိသည်။ ဘယ်သူ့ ခြံထဲပင်ဖြစ်ဖြစ် ခွင့်မတောင်းဘဲ ဟင်းတစ်ခါချက်လောက်ကိုတော့ ကြိုက်သလောက် ခူးယူနိုင်သည်။

www.burmeseclassic.com



ယခင်က ကျွန်တော်တို့ဒေသမှာ တစ်ဧကစပါးတင်း ၆၀–၇၀ သီး၏။ စစ်တောင်းမြစ်ဝ ကျွန်းပေါ်ဒေသဖြစ်၍ မြေသြဇာ အလွန်ကောင်း၏။

မြေဆီ မြေသြဇာတို့ကိုထပ်မံဖြည့်တင်းခြင်းမပြုဘဲ ယခု လိုနှစ်ရှည်လများ စိုက်ပျိုးစားသောက်ခဲ့ရာ ယခုအခါ ဤဒေသ ကြီးတွင် မြေဆီသြဇာ ခန်းခြောက်ခဲ့ဟန်ရှိ၏။ ယခုတော့ သားငါးလည်း အရင်ကလိုမပေါတော့။ ဖားလိုက်ရှာလို့လည်း တစ်နေ့လုံး တစ်ကောင်မျှ မရတော့။ လိပ်ဆိုတာကတော့ မရှိသလောက် ရှားပါးသွားပြီ ဖြစ်၏။

ဟင်းသီးဟင်းရွက်တို့မှာလည်း စိုက်တိုင်းမပေါက်တော့ ပေ။ ယခင်က အလျှံပယ်ပေါသော အာဒါလွတ်၊ ကန်စွန်းဥ၊ စိမ်းစားဥ၊ နိုကိုဥ၊ ခရမ်းချဉ်၊ ရှောက်၊ သံပရာ၊ ခရမ်းသီး၊ မာလကာသီး၊ ငှက်ပျောသီး၊ ဆီးသီးဆိုသည့် ခြံထွက်ပစ္စည်း များသည်လည်း ယခုအခါ အလျှံပယ် မရှိတော့ပေ။

တကယ်တော့လည်း ဤဒေသကြီးသည် အမေနှင့်မခြား လှပေ။ ဤဒေသကြီးတွင် အမေ့ကို မွေးဖွားခဲ့သည်။ ဤဒေသ ကြီး စည်ပင်သာယာစဉ်က အမေသည်လည်း စည်ပင်သာယာ ခဲ့သည်။ အခုတော့ ဤဒေသကြီးတွင် မြေသြဇာများ ခန်းခြောက်ခဲ့၍ အမေ့အသားအရေတို့သည်လည်း ခန်းခြောက် ခဲ့ပြီ ဖြစ်၏။

ယခင်က ကျွန်တော်တို့ရွာနှင့် စစ်တောင်းမြစ်ဝသည် ခုနစ် မိုင်လောက်ဝေး၏။ စစ်တောင်းမြစ်ဝ ခေါင်းလောင်းပုံနေရာ သည် လွန်ခဲ့သော ငါးနှစ်လောက်မှစ၍ တစ်စတစ်စ ကမ်းပြို

www.burmeseclassic.com


လာခဲ့ရာ ကျွန်တော်တို့ရွာနှင့် နှစ်မိုင်လောက်တွင် ပင်လယ်ကမ်းပါး ရောက်လာပြီ ဖြစ်၏။ ပင်လယ်ကမ်းပြိုကျနေသည်မှာ အမေအပါအဝင် တောင်သူလယ်သမားတို့၏ အသားစိုင်အသားခဲကြီးများ ပြိုကျနေသည့်အလားရှိ၏။ ဤဒေသကြီးတွင် တစ်စတစ်စ အထွေထွေရှားပါးလာ၍ နေထိုင်ကြသူတို့၏ အသက်မွေးဝမ်းကျောင်းသည်လည်း ခက်ခဲ၍လာသည်။

စစ်တောင်းမြစ်ဝကျွန်းပေါ်ဒေသကြီး စည်ပင်စဉ်ကလည်း အမေမှာ ဤဒေသကြီးတွင် အလုပ်နှင့်လက် မပြတ်ခဲ့။ ယခုလို ကမ်းပါးပြို၊ မြေသြဇာများ ခန်းခြောက်လာချိန်တွင်လည်း အမေမှာ လက်နှင့်အလုပ် မပြတ်ခဲ့ပေ။

ကျွန်တော်တို့ ငယ်စဉ်ကပင် အမေသည် နံနက်သုံးနာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ထရသည်။ သုံးနာရီထိုးထ၍ ထမင်းချက်ရသည်။ ဟင်းချက်ရသည်။ သို့မှသာ နံနက်(၆)နာရီ လယ်ကွင်းသို့ထွက်မည့် အလုပ်သမားတို့ မနက်အဆာပြေ စားသွားနိုင်၏။ နံနက်ဆွမ်းအတွက်လည်း အချိန်မီ၏။ ဘုန်းတော်ကြီးကျောင်းမှ မနက်ငါးနာရီထိုးလျှင် ဆွမ်းချိုင့်လာ၍ယူသည်။ တမင်းတစ်အိုး ဟင်းတစ်အိုး အပြည့်ထည့်၍ အိမ်ရှေ့တွင် ချပေးထား၏။ ထိုအခါ မောင်ကျောင်းသားကလာ၍ ထမ်းပိုးနှင့်ထမ်းသွား၏။ နံနက်ဆွမ်းချက်ရေးသည် အမေအပါအဝင် ရွာမှ မိသားစုတိုင်း၏ အရေးကြီးသောလုပ်ငန်းကြီးဖြစ်သည်။ ညဦးကပင် မနက်ဘာချက်မည်ကိုစီစဉ်၍ ထချက်ကြ၏။ ဤလုပ်ငန်းကို တစ်သက်လုံးလုပ်ကိုင်ကြရာ မည်သူမျှ တစ်ခွန်းမညည်းညူကြပေ။ ဤသည်ပင်လျှင် အမေအပါအဝင် တစ်ရွာ

www.burmeseclassic.com


လုံး၏ ထွက်ရပ်လမ်းဟု ယုံကြည်ထားကြသည်။ မိမိဘဝတွင်တော့ ဤလယ် ဤယာ ဤသစ်ပင်ဤကွဲ ဤနွား တို့ဖြင့် လွတ်မြောက်ရန် လမ်းမမြင်။ ဘုရားအားရည်စူး၍ ဘုရားအလုပ်၊ တရားအလုပ်၊ သံဃာကို အလုပ်အကျွေးပြုခြင်းသာလျှင် တစ်ခုတည်းသောထွက်ရပ်ဖြစ်၏။ ယခင့်ယခင် ဘဝများက အလှူရေစက် လက်နှင့်ကွာခဲ့၍ ယခုဆင်းရဲရသည်။ ဆင်းရဲချိန်တွင် အလှူရေစက် လက်နှင့်ကွာပါက ပို၍ဆင်းရဲပြီး ဆင်းရဲမှုသံသရာက မလွတ်နိုင်။ ရှိသမျှနှင့်ရသမျှ အချိန်လေးမှာတော့ လှူရမည်၊ တန်းရမည်၊ ကုသိုလ်ပြုရမည်ဟုဆိုသည်။ ဤသည်မှာ အမေအပါအဝင် တစ်ရွာလုံး၏ ယုံကြည်ချက်ဖြစ်၏။

အမေ မနက်သုံးနာရီလောက် ထမင်းထချက်ပါမှ ကျွန်တော်တို့ ကလေးများလည်း နိုးလျှင်နိုးချင်း ထမင်းနှင့်ထန်းလျက်ခဲကို စား၍ရသည်။ မိုးလင်းလာသည်နှင့် နိုးလာကြသောကလေးများကို အမေ ထမင်းခူးကျွေးရသည်။ လယ်ထဲ ယာထဲသွားမည့် လင်နှင့်မောင်များကို လက်ဖက်ရည်အိုး ချပေးရ၏။ လင်နှင့်မောင်တို့ကလည်း အမေကျိုပေးသော လက်ဖက်ရည်နှင့် ထမင်းအဆာပြေစားကာ လယ်ထဲဆင်းရသည်။

ဤသည်မှာ သာမန်အချိန်ဖြစ်သည်။ ကောက်စိုက်ချိန်၊ ပျိုးနုတ်ချိန်၊ စပါးရိတ်ချိန်များတွင်တော့ ကောက်စိုက်သမ ၁၅ ယောက်၊ အယောက် ၂၀ စာ၊ ပျိုးနုတ်သမား လေး ငါးယောက်စာ ထမင်းကို အမေတစ်ယောက်တည်းချက်ရ၏။ မနက်ထမင်းချက်ပြီးသော် အိုးတိုက်၊ ပန်းကန်ဆေး၊ တံမြက်စည်းလှည်း၊ အိမ်ဗာဟီရများနှင့် မနက်စာဖို့ ပြင်ရသည်။ လယ်ထဲသို့

ထမင်းပို့ရန် လုပ်ရ၏။ ညနေစာအတွက် ဟင်းချက်ရန် အသီးအရွက်ရှာရန် လယ်တောသို့ မှာတန်မှာ၊ တောင်းတန်တောင်းရန် စီစဉ်ရသည်။ နေ့ဆွမ်းပို့ရသည်။ ဆွမ်းတော် စောင့်ရသည်။

မနက်စာစားပြီးသော် တစ်အိမ်လုံးစားပြီးသမျှ ပန်းကန်များကို အမေက ဒိုင်ခံဆေးရ၏။ အမေသည် ဤကိစ္စများကို ၁၂ နာရီကျော်မှ ပြီးသည်။ ပြီးလျှင် သူ ကြိုက်တတ်သော ဆေးလိပ်ကို ဖွာ၍ နေ့လယ်နေ့ခင်း၌ တစ်အိမ်လုံးမှ အဝတ်အညစ်အကြေးများကို လျှော်ရ၏။ အဝတ်လျှော်စရာ မရှိလျှင် တော့ ကြမ်းတိုက်၊ တံမြက်လှည်း၊ ခြံတွင်း၌ အမှိုက်ရှင်း၊ ဆေးလိပ်လိပ်၊ ညောင်ရေအိုးပန်းလဲ အစရှိသော အလုပ်များကို လုပ်ရ၏။ အမေမရှိသော် ဤအလုပ်များကိုညီမများက ဆင့်ကဲဆင့်ကဲ လုပ်ကြရ၏။

ညနေ ၂ နာရီခွဲလောက်မှစ၍ မီးဖိုချောင်ထဲသို့ပြန်ဝင်ကာ အမေ ထမင်းဟင်းချက်ရပြန်သည်။ မီးဖိုချောင်မှာလည်း နေ့မီးညမီး ပြတ်သည်မရှိပါ။ ညနေပိုင်း ထမင်းဟင်း ချက်သည့်ကိစ္စမှာ ညနေ ခြောက်နာရီလောက်မှ ပြီးသည်။ တစ်အိမ်လုံးထမင်းစား၍ပြီးသော်လည်း အမေ့အလုပ်က မပြီးသေး။ စားပြီးသမျှသော ပန်းကန် အိုးခွက် စသည်တို့ကို ဆေးရသေး၏။ ဒီကြားထဲမှ သားအတွက် ဝတ္တရားများကိုလည်း မပျက်အောင် အမေ လုပ်ရသေးသည်။

နောက်ပိုင်း အမေ၏ညီမ အဒေါ်လေး မီးဖိုချောင်ဝင်နိုင်လာသောအခါ အမေက ဈေးထွက်ရောင်း၏။ အမေ နောက်

www.burmeseclassic.com


အိမ်ထောင်ပြု၍ အဖေ့အိမ်သို့ လိုက်သွားသောအခါ အဖေ့အိမ် မီးဖိုချောင်သို့ အမေ ဝင်ရပြန်သည်။ အဖေ့အိမ်တွင် အမေပို၍ ပင်ပန်းသေးသည်။ ယခင် အမေကြီး၊ အဖေကြီး အိမ်တွင် နေစဉ်က အိမ်ဦးစီး အကြီးအကဲမှာ အမေကြီး၊ အဖေကြီးတို့ဖြစ်သောကြောင့် တစ်အိမ်လုံး တာဝန်ကို မယူရ။ မီးဖိုချောင်တာဝန်ကိုသာ ယူရသည်။ ခုတော့ တစ်အိမ်လုံးတာဝန်ကိုယူလာရသည်။ စီးသည့်ရေ ဆယ်သည့်ကန်သင်း လုပ်လာရ၏။ အမေ့တွင် နှစ်ပေါင်းများစွာက အဖော်မရခဲ့။ ကျွန်တော်ကလည်း အမေနှင့်အတူနေသည်ကနည်း၏။ အမေသည် အဖေတို့ရွာ မီးလောက်သို့ လိုက်သွားသော်လည်း ကျွန်တော်က အမေကြီးတို့နှင့်အတူ ရစ်ကံကြီးရွာတွင် နေခဲ့၏။ နောက် ရစ်ကံကြီးမှ ပဲခူးတွင် ကျောင်းလာ၍နေသည်။ ထိုမှ ရန်ကုန်သို့ရောက်လာ၏။

ကျွန်တော်နှင့်အမေ ခြောက်နှစ်လောက်ကွဲနေစဉ်အတွင်း အမေသည် အဘွားကြီးအိုရုပ်ပေါက်လာ၏။ ကျွန်တော့်အား လွမ်းသောစိတ်၊ လယ်ယာလုပ်ငန်းတာဝန်များကို တာဝန်ယူရသဖြင့် ပင်ပန်းခြင်း၊ စီးပွားရေး မကောင်းသဖြင့် အစစ ခြိုးခြံလာခြင်းတို့ကြောင့် အမေသည် ဤမျှ ရုပ်ကျသွားဟန်တူသည်။

ရန်ကုန်တွင် ကျွန်တော် အလုပ်အကိုင်ရှိနေ၍ အမေ့ကို ရန်ကုန်တွင် ခေါ်ထားရန် စကားစသော်လည်း အမေ လက်မခံ။ အမေ ကျွန်တော်နှင့်လာ၍ မနေလိုခြင်းတွင် အကြောင်းနှစ်ကြောင်း ရှိသည်။ တစ်ကြောင်းမှာ သူ၏ငယ်စဉ်ကတည်းက

www.burmeseclassic.com


ပြုစုပျိုးထောင်ခဲ့သော ဒီကျွဲ၊ ဒီနွား၊ ဒီအိမ်၊ ဒီမြေ၊ ဒီယာ၊ ဒီလယ်ကို မခွဲနိုင်ခြင်းဖြစ်သည်။ နောက်တစ်ကြောင်းမှာ အမေသည် သူ့အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေမည်ကို အလွန်စိုး၏။ ထို့ကြောင့်လည်း ရန်ကုန်ကို လာနေဖို့ကိစ္စ အမေက အမြဲငြင်းသည်။ အထူးသဖြင့် သူလာနေခြင်းကြောင့် ချွေးမက သားကို စိတ်ကွက်မည် စိုး၏။

အမေသည် တစ်လတန်သည် နှစ်လတန်သည် သွေးတိုးစမ်း၍ လာနေ၏။ ကျွန်တော့်ဇနီးက နည်းနည်းမဟုတ် များများ စိတ်ကောက်တတ်၏။ ဘာအကြောင်းမှ မရှိဘဲ သူ့ဟာသူ၊ သူ့အစိပ္ပာယ်နှင့်သူ စိတ်ကောက်ပြီးနေတတ်၏။ ချော့လျှင်တော့လည်း ပျော့၏။ ဇနီးစိတ်ကောက်တတ်သည်ကို အမေသိသည်။ သည်တော့ ဇနီးက လာနေပါဟု ဆိုသည့်တိုင် နေ၍ ဖြစ်ပါ့မလားဟု အမြဲတွေးနေ၏။ နီးတကျက်ကျက် ဝေးတသက်သက်လို့ အမေက ဆို၏။

နောက်တော့အမေက 'အမေတို့လည်းအိုပါပြီ၊အိမ်ထောင်ရယ်၊ မိသားစုရယ်နဲ့လည်း မနေချင်တော့ပါဘူး၊ အမေတော့ ဘုန်းကြီးကျောင်းမှာပဲ တရား အားထုတ်နေပါ့မယ်' ဆို၏။ တကယ်တော့ အမေက ကျွန်တော်နှင့်အတူ နေချင်၏။ ဥပုသ်စောင့်ရင်းပင် သားရောက်လာ၍ ဥပုသ်ထွက်ကာ ကြက်သားဟင်း လတ်လတ်ဆတ်ဆတ် ချက်ကျွေးသော အမေသည် သားအသက်ရှင်နေသမျှ ဥပုသ် မစောင့်နိုင်သည်ကို ကျွန်တော် သိ၏။

www.burmeseclassic.com



သားရှိပါလျက် အမေ တရားစကားပြောလာခြင်းသည် အိုကြီး အိုမဖြင့် သားအတွက်၊ ချွေးမအတွက် ဝန်ထုပ်ကြီး မဖြစ်စေလို။ အမေသည် ရေဒီယိုက ဇာတ်လမ်းပမာများကို နားထောင်၍ အမေ့အတွက် သားစိတ်ဆင်းရဲရမည်ကို ကြို၍ ကာကွယ်လို၏။ ကျွန်တော့်ဇနီးမှာ ကွန်ဗင့်ကျောင်းထွက် ဗိုလ်စာတတ် ဖြစ်သော်လည်း မိဘများမှာ ဘာသာရေး ကိုင်း ရှိုင်း၍ ဆိုဆုံးမသော မိသားစုမှာ ထွက်လာသောကြောင့် ယောက္ခမကို မိဘလိုသဘောထားရမည် ဆိုသော ခံယူချက်တော့ ရှိ၏။

သို့သော်လည်း ယောက္ခမနှင့် ချွေးမသည် ချွေးမနှင့် ယောက္ခမသာတည်း။

●

www.burmeseclassic.com

**မိခင်စိတ်မချမ်းသာမှုကို မပြုသော သားများနှင့်သာ ကျွန်ုပ် မိတ်ဆွေ ဖြစ်လိုသည်။**

ဂျင်းချားလ်(စ)လာကရေတယ်လ် (၁၇၆၆–၁၈၅၅)
ပြင်သစ် သမိုင်းပညာရှင်။

# အခန်း(၂၀)

## မြန်မာ့မြေယာသမိုင်း၏ ဇာတ်ပို့ဇာတ်ရံအဖြစ်

တကယ်တော့လည်း မြန်မာ့မြေယာသမိုင်းနှင့် အမေ့ဘဝသည် များစွာခွဲ၍မရပါ။ အမေသည် မြန်မာ့ မြေယာ သမိုင်းတွင် မင်းသမီးကြီး မဟုတ်သော်လည်း တစ်နေရာ တစ်ကဏ္ဍတွင် ဇာတ်ဆောင် ဇာတ်ပို့အဖြစ် က,ခဲ့ရသူဖြစ်သည်။ အမေ့ဘဝသည် မြန်မာ့ လယ်ယာမြေသမိုင်း၏ တစ်စိတ် တစ်ဒေသ ဖြစ်သည်။

ကျွန်တော်တို့ အိမ်ရှေ့တွင် ကုက္ကိုပင်ကြီးရှိသည်။ ထိုကုက္ကိုပင်ကြီးအောက်တွင် ကွပ်ပျစ်တစ်ခုရှိ၏။ အဖေကြီးသည် ကွပ်ပျစ်ပေါ်တင် ထိုင်၍ သူတို့ ဒီမြေ ဒီဒေသတွင် လာရောက် အခြေစိုက်ပုံများကို အိပ်ရာဝင်ပုံပြင်သဖွယ် မြေးများကိုပြောပြတတ်သည်။

www.burmeseclassic.com


အဖေကြီး၏ အဘိုးအဘွားသည် အညာဒေသမှဖြစ်သည်။ မလှိုင် ပန်းအိုင်မှဖြစ်၍ ထိုအချိန်အခါသည် အထက်မြန်မာနိုင်ငံ၌ သီပေါမင်း အုပ်စိုးနေချိန်ဖြစ်သည်။

"အဖေကြီးတို့ မွေးတဲ့ အရပ်က ဒီမှာမဟုတ်ဘူး။ ဟိုးအညာဆိုတဲ့ နေရာမှာ မြေးတို့ကြီးလာတဲ့အခါမှ အဖေကြီးလိုက်ပို့ပေးမယ်။ အညာမှာ ထန်းလျက်တွေလည်း ပေါတယ်။ ဆီတွေလည်းပေါတယ်။ အဲဒီကနေ အဖေကြီးတို့ရဲ့ အဖေများအမေများနဲ့အတူ အညာလှည်းကြီးတွေနဲ့ ဆင်းလာကြတာ။ အခု အညာနဲ့ အောက်ပြည် တစ်နေ့တည်းရောက်အောင် သွားနိုင်ပေမယ့် အဖေကြီးတို့ ဆင်းလာစက သုံးလတောင်ကြာတယ်"

အဖေကြီးက သူတို့ငယ်စဉ်က အောက်ပြည် အောက်ရွာဆင်းလာကြပုံကို ပုံပြင်လိုလုပ်၍ ပြော၏။

ထိုအခါ ကျွန်တော်က 'အဖေကြီးကလည်း ထန်းလျက်တွေ ဆီတွေ ပေါလျက်နဲ့ ဘာပြုလို့ ဆင်းလာရတာလဲ အဖေကြီး' ဟု မေး၏။ အဖေကြီးက 'အညာမှာ ဆီတို့ ထန်းလျက်တို့ရှိပေမယ့် ဆန်မရှိလို့ ဆန်ပေါတဲ့နေရာ လာကြတာပေါ့'ဟု ဆို၏။ ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော်သူ မောင်စိန်ဝင်းသည် ပုံနားထောင်ဖက်ဖြစ်၏။ သူသည် ငယ်စဉ်ကပင် ကျောက်ပေါက်၍ ကွယ်လွန်သွားရှာသည်။

မောင်စိန်ဝင်းက 'အဖေကြီးက ဆင်းလာတယ် ဆိုတော့ အညာမြေဆိုတာက အမြင့်ကြီးမှာလား'ဟု မေး၏။ အညာ

www.burmeseclassic.com


လှည်းဘီးကြီးများသည် ယခုတိုင် ကျွန်တော်တို့အိမ်တွင်ရှိနေ၏။ ယခုအခါ ရေချိုးရာတွင် အောက်မှခံအဖြစ်လုပ်၍ သုံးထား၏။ အညာလှည်းဘီးကြီးများသည် အချင်းငါးပေခန့်ရှိ၍ ဒု လေးလက်မလောက်ရှိသော သစ်သားပြား အဝိုင်းကြီးဖြစ်၏။ ထိုသစ်သားပြား၏ အလယ်တွင် ဝင်ရိုးတပ်ကာ လှည်းလုပ်၍ စီးခြင်းဖြစ်၏။ ထွင်းထားခြင်း၊ ပေါ့ပါးအောင် ပြုလုပ်ထားခြင်းမရှိ၍ အလွန်မှ လေးလံလှ၏။

ထိုအခါ အထက်မြန်မာနိုင်ငံတွင် သီပေါမင်းနှင့် စုဖုရားလတ်တို့က မင်းညီမင်းသားများကို အသတ်ကြီး သတ်နေ၍ ဆင်းရဲသား လုပ်သားပြည်သူတို့ အကြောက်ကြီးကြောက်နေရချိန်ဖြစ်၏။ မင်းနှင့်မိဖုရားသည် ငယ်ရွယ်သူများဖြစ်၍ပြည်သူတို့၏ အကျိုးစီးပွားကို မကြည့်သောကြောင့်လည်း ပြည်သူတို့များစွာ ဆင်းရဲကြ၏။ ထိုအချိန်တွင် အထက်မြန်မာနိုင်ငံမှ နန်းတွင်းရေးရှုပ်ထွေးမှုများကို အခွင့်ကောင်းယူကာ အောက်ပြည် အောက်ရွာမှ ကျူးကျော်သူတို့က အမြတ်ထုတ်နိုင်သမျှ ထုတ်ယူလျက်ရှိ၏။ ဗြိတိသျှတို့သည် မြန်မာ့လယ်ယာလုပ်ငန်းမှ အမြတ်ထုတ်နိုင်သမျှ ထုတ်ယူနိုင်ရန် ရွှံ့နွံနှင့် မြေရိုင်းများကို လယ်ယာများအဖြစ် ဖန်တီးရန် စီမံချက်များချခဲ့၏။ ထိုကဲ့သို့စီမံချက်ဖြင့် လုပ်ဆောင်သော်လည်း အောက်ပြည်အောက်ရွာတွင် လူဦးရေက နည်းသဖြင့် ဗြိတိသျှကိုလိုနီသမားတို့ မျှော်လင့်သလောက် လယ်ယာများ တိုးပွားလာခြင်း မရှိခဲ့ပေ။ ထိုအခါ မြန်မာမင်း အုပ်စိုးနေသော အထက်မြန်မာနိုင်ငံမှ လူများ အောက်သို့ ဆင်းလာစေရန် အမျိုးမျိုးဖန်တီးခဲ့၏။

www.burmeseclassic.com


ဗြိတိသျှတို့သည် မြန်မာမင်းတို့၏ နန်းတွင်းအရေးများကို ဝါဒဖြန့်၍လည်းကောင်း၊ လယ်လုပ်သူတို့အား ကာကွယ်မှုကို ပေး၍လည်းကောင်း၊ ပိုင်ဆိုင်မှုကို အပ်နှင်း၍လည်းကောင်း၊ ဆွယ်၍ ခေါ်ကြ၏။ ထိုအခါတွင် အထက်မြန်မာနိုင်ငံမှ ပြည်သူ အများအပြားသည် မြစ်ဝကျွန်းပေါ် ဒေသများသို့ အလုံး အရင်းနှင့် ဆင်းလာခဲ့ကြ၏။

ထိုသို့ဆင်းလာကြရာတွင် အဖေကြီးတို့မိသားစုသည် လည်း အုပ်စုတစ်စုဖြစ်၏။ အဖေကြီးတို့မိသားစုသည် စစ်တောင်း မြစ်ဝကျွန်းပေါ်တွင် နေရာယူ၍ စစ်တောင်းမြစ်ဝရှိ လမုတော များ၊ ကနစိုတောများကို ခုတ်ထွင်ရှင်းလင်းကာ၊ ရွှံ့များ၊ နွံများကို ဆည်ကာ ဖို့ကာ စစ်တောင်းမြစ်ဝကျွန်းပေါ်ကြီး တစ်ခုလုံးကို လယ်ကွင်းကြီးများအဖြစ် ဖန်တီးခဲ့ကြ၏။ ထို လုပ်ငန်းတွင် တောင်သူယာလုပ်သူတို့၏ အသက်ပေါင်းများစွာ ဆုံးခဲ့ရ၍ သွေးနှင့်ချွေးတို့ကား စစ်တောင်းမြစ်အတွင်းသို့ စီးဝင် လျက်ရှိသော ချောင်းငယ် မြစ်ငယ်တို့ အပြည့်အထိ ရှိ၏။

'အဖေကြီးတို့ ခုလိုဆင်းလာကြတော့ လမ်းမှာဝမ်းရောဂါ ဖြစ်ပြီး သေကြကျေကြတဲ့ သူတွေလည်းရှိတယ်။ ဒီကွင်းပြင်ကြီး ကို ခုလို ခုတ်ထွင်ရှင်းလင်းကြပြန်တော့လည်း ကျားနဲ့နပန်းလုံး ရ၊ မိကျောင်းနဲ့ နပန်းလုံးရနဲ့ ဆုံးရှုံးခဲ့တဲ့ အသက်တွေလည်း မနည်းပါဘူး'ဟု ဆို၏။

အဖေကြီးတို့ အသက်သွေးချွေးဖြင့် လယ်သစ်ယာသစ် များကို ဖော်ထုတ်ခဲ့ပါသော်လည်း ထိုမြေမှရရှိသော အကျိုး စီးပွားများကို ခံစားရရှိသူတို့ကား ဗြိတိသျှနယ်ချဲ့သမားသာလျှင်

www.burmeseclassic.com


ဖြစ်၏။ ဗြိတိသျှနယ်ချဲ့သမားသည် အဖေကြီးတို့ အသက်သွေး ချွေးပေး၍ ခုတ်ထွင်ခဲ့ကြသော ဤလယ်ယာမြေတို့မှ သီးသော စပါးများကိုသယ်ယူရန် သနပ္ပင်–သက္ကလ မီးရထားလမ်းကြီးကို ဖောက်ခဲ့၏။

အဖေကြီးတို့ လယ်ယာခုတ်ထွင်ကြရာတွင် စခန်းချသော နေရာများသည် ရွာကြီးများ ဖြစ်၍လာတော့၏။ အဖေကြီးတို့ ဤမြေ ဤဒေသသို့ မရောက်မီ အောက်ပြည်အောက်ရွာတွင် ရှိနေကြသူတို့မှာ မွန်အမျိုးသားများဖြစ်၏။ အဖေကြီးသည် မွန်သွေးပါသူ အမေကြီးနှင့် အိမ်ထောင်ကျခဲ့၏။ အမေသည် အဖေကြီး အမေကြီးတို့၏ သမီးအကြီးပါတည်း။

ဗြိတိသျှတို့ မအုပ်စိုးမီ ရှေးမြန်မာပဒေသရာဇ်များ လက်ထက်က မြန်မာနိုင်ငံတွင် အရင်းရှင်စနစ်သည် ပြောစမှတ်ပြုရလောက်အောင် အစအနပင် မရှိသေးပေ။ ထို့ကြောင့် မြေယာ အပြောင်းအလဲမှာလည်း မရှိသလောက်ပင် ဖြစ်၏။ သို့သော် ဗြိတိသျှတို့ အုပ်စိုးလာသောအခါ နိုင်ငံခြားသားတို့ ဥဒဟို ဝင်ရောက်လာကြ၍ အရှင်းရှင်စနစ်နှင့် ငွေတိုးကြီးစား အမြတ်ထုတ်မှုများ အားကြီးလာကာ မြေယာ လက်ပြောင်း လက်လွှဲများ များလာသည်။

မြန်မာနိုင်ငံတွင် မြေယာ လက်ပြောင်းလက်လွှဲ ဖြစ်ရသည့်အကြောင်းအရာများစွာ ဖြစ်ပေါ်ခဲ့သည်။ အဖေကြီးတို့ကဲ့သို့သော လယ်သမားများသည် အညာမှဆင်းလာရာတွင် လုပ်အားသာ ပါလာကြသောကြောင့် ငွေကြေး အရင်းအနှီး ပါမလာကြပေ။ ထို့ကြောင့် လုပ်ကိုင်ရန် လယ်ကို မိမိခွန်အား

www.burmeseclassic.com


ဖြင့် ရှာဖွေနိုင်ပါသော်လည်း နှစ်စဉ်ရင်းနှီးစရိတ်ကို ငွေရှင်များထံမှ ချေးယူရသည်။ ထိုသို့ ချေးယူရာတွင် တောင်သူလယ်သမားများသည် အလွန်ရိုးအကြ၏။ အဖေကြီးတို့သည် ဘုန်းကြီးကျောင်းစာသာတတ်၍ အညာမှ ဆရာ ဘုန်းကြီးကိုလည်း တစ်ပါတည်းပင့်လာကြ၏။ အောက်ပြည် အောက်ရွာသို့ရောက်၍ သားမြေးမြစ်များ စာသင်ကြားရာတွင် ဆရာတော်က သင်ပေးသမျှသော စာကိုသာ အစဉ်အဆက် တတ်ကြရ၏။

အမေကြီးသည်ပင်လျှင် စာလုံးဝမတတ်ပေ။ ထို့ကြောင့် ငွေချေးယူရာတွင် မြန်မာလယ်သမားတို့သည် ကြက်ခြေခတ်ကိုသာ ခတ်ကြရ၏၊ တောင်သူလယ်သမားတို့က ရိုးသားကြသလောက် ငွေရှင်တို့က ကောက်ကျစ်ကြ၏။ အတိုးကြီးစွာဖြင့် ချေးယူရသော ငွေများသည် ငွေအရင်း၏ နှစ်ဆသုံးဆမကသော အတိုးများကိုပေးဆပ်ပြီးသော်လည်း အရင်းမကျေဘဲ ရှိတတ်၏။

ငွေရှင်တို့ မိမိအလိုရှိသလောက် အတိုးငွေများကို နင့်နေအောင် တောင်း၍မရပါလျှင် ဗြိတိသျှတရားရုံးများတွင် တရားစွဲဆိုကြ၏။ ဗြိတိသျှတရားရုံးများ၏ အက်ဥပဒေ၊ နည်းဥပဒေနည်းစနစ်တို့မှာ အလွန်မှုရှုပ်ထွေးလှ၏။ တောင်သူ လယ်သမားတို့အဖို့ ထိုဥပဒေများကို နားလည်ဖို့ဝေးစွ၊ ရုံးသို့ပင် မလာတတ်ကြပေ။ မြေယာအမှုများစွာတို့တွင် ငွေပေးနိုင်သူ ငွေရှင်များကသာ အနိုင်ရရှိခဲ့ကြ၏။ ထိုအခါ တောင်သူလယ်သမားတို့သည် ငွေရှင်တို့အား လယ်လုပ်ကိုရိယာနှင့်

ကွဲနွားပါမကျန် ထိုးအပ်ရရှိမှုမက လယ်ယာမြေကိုပါ ငွေရှင်တို့ထံ ဝကွက်၍ အပ်ကြရသည်။

အဖေကြီးတို့ ခါးမဦးချခုတ်ထွင်ရှင်းလင်းခဲ့ရသော လယ်ယာများသည် ဤနည်းဖြင့် ဆုံးရှုံးခဲ့ရသည်။ ဤနည်းဖြင့် လယ်ယာမြေများသည် ငွေရှင်နှင့် ချစ်တီးများလက်သို့ ရောက်ရှိသွားပေရာ မြန်မာ့လယ်မြေ ပိုင်ဆိုင်မှုသည် အကန့်အသတ်မရှိတော့ဘဲ တစ်ဦးတည်း လယ်ယာဧက ငါးရာမှသည် ဧကသောင်းကျော် ပိုင်ဆိုင်သည်အထိ ဖြစ်ခဲ့တော့၏။

အဖေကြီးတို့ လယ်ဆုံးသော်လည်း အားမလျော့။ နောက်ထပ် လယ်သစ်များကို ထပ်၍ တိုးပြန်၏။ လယ်သစ်တစ်ခုတိုးရသည် ဆိုသည်ကား မလွယ်ကူပေ။ လယ်သစ်တိုးနေချိန်တွင် စားဖို့သောက်ဖို့ ငွေကလိုသေးသည်။ ထိုအခါ ငွေရှင်ထံသို့ပင် ဦးခိုက်ရပြန်၏။ ဒီတော့လည်း လယ်သစ်မတိုးမီကပင် ထိုလယ်သစ်ကို ငွေရှင်က ပိုင်နေပြန်တော့သည်။

လယ်သစ်တိုးရာတွင် သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်လည်း ရှိသည်။ စာရေးသောက်ရေးကိစ္စတို့ကလည်း မလွယ်ကူ။ ကျား၊ မိကျောင်း၊ မြွေ၊ ကင်း စသော တိရစ္ဆာန်များကြောင့် အသက်ဆုံးရသည်လည်း ရှိပေရာ သမီးအကြီးဖြစ်သော အမေသည် ဤဒဏ်များကို ခံခဲ့ရသည်။ အမေသည် နယ်ချဲ့အရင်းရှင်စနစ်၏ ဒဏ်ရာဒဏ်ချက်များအောက်တွင် ဘဝကိုစခဲ့ရ၏။ ကိုလိုနီနယ်ချဲ့စနစ်၏ မတရားမှုများ၊ ရက်စက်မှုများ၏ ရေခံမြေခံဖြင့် အမေကြီးပြင်းလာခဲ့ရသည်။

www.burmeseclassic.com



အဖေကြီးတို့ ငွေရှင်ထံတွင် နှစ်ကြိမ်တိုင်တိုင် လယ်ဆုံးခဲ့ရသည်။နောက်ဆုံးအကြိမ်တွင် မည်သည့်ငွေရှင်ထံကမှ ငွေကို မယူရဘဲ ဓွဲဖြင့်တောင့်ခံပြီး ဆရာတော်ဘုန်းကြီးအကူဖြင့် လယ်သစ်တိုးခဲ့ရာ အဖေကြီးတို့သည် လယ်လုပ်ကွက် တစ်ခုကို ကြွေးမတင်ဘဲ ရရှိလာ၏။ လယ်ယာအရင်းအနှီးအတွက်လည်း ဆရာတော်၏ အကူအညီဖြင့်ပင် ဆက်လက် လုပ်ကိုင်ခဲ့ရာ ကြွေး မယူဘဲလယ်လုပ်နိုင်ပြန်၏။ ကြွေးမယူဘဲလယ်လုပ်နိုင်ခြင်းမှာအလွန်ရှား၍ ကြွေးမရှိသော လယ်သမားတို့မှာ ထိုအခါက အတော်ချောင်လည်သော လယ်သမား ဖြစ်သည်။

၁၉၃၀ပြည့်နှစ်က မြန်မာတောင်သူလယ်သမားတစ်ရပ်လုံးအပေါ် တင်ရှိနေသောကြွေးမှာ ကုဋေ ၅၀ မှ ၆၀ အတွင်းရှိ၏။ ယင်းအကြွေးများကြောင့် တစ်လပြီး တစ်လ အတိုးတက်နေခဲ့ရာ လယ်လုပ်ကိရိယာ၊ ကျွဲ၊ နွား၊ ထွန်တုံး ထွန်တံမှအစ မိမိခါးမဦးချလုပ်ခဲ့သော လယ်များသည် ချစ်တီးနှင့် ငွေရှင်များလက်သို့ ကတွတ်ပေါက်မှ ထွက်သော ရေအလားတဝေါဝေါစီး၍သာ သွားတော့၏။ ၁၉၂၈ ခုနှစ်မှာ ၁၉၃၂ ခုနှစ် လေးနှစ်တာ ကာလအတွင်း မြန်မာ့တောင်သူလယ်သမားတို့ လက်လွှတ်ခဲ့သော လယ်ယာလုပ်ကွက်များမှာ ဧကကိုးသိန်းကျော်သည်။

အဖေကြီးက 'ကြွေးလွတ်အောင် ရုန်းရတာဟာ ကြွေးရှိနေတာထက်ပိုပြီး ပင်ပန်းသေးတယ်'ဟု ဆိုကာ ကျွဲပခုံးထနေသော ပခုံးနှစ်ဘက်ကို ပြ၏။ 'ငါ့မြေးတို့ဒီဘဝက လွတ်အောင် ရုန်းကြ' ဆို၏။ အဖေကြီး၏ ပခုံးနှစ်ဘက်သည်

www.burmeseclassic.com


ရာဘာတုံးလို ဖြစ်နေ၍ ဆိတ်လိုပင် မနာပေ။ အဖေကြီး၏ လက်ဖဝါးများကား ကျားလျှာလို ဖြစ်နေ၏။ ထိုကဲ့သို့ ဖြစ်နေခြင်းသည် အထူးအဆန်း မဟုတ်ပေ။ ကျွန်တော်တို့ အရပ်မှ လယ်သမားများ အားလုံး၏ လက်ဖဝါးနှင့် ပခုံးသားတို့သည် ထိုသို့ ရှိနေသည်ချည်း ဖြစ်၏။

အမေသည် လူလားမြောက်သည်မှ စ၍ မိဘများနှင့်အတူ ရုန်းကန်လာရသည်။ အဖေကြီး အမေကြီးတို့၏ အမိများ၊ အဖများ၏ လုပ်ရည်ကိုင်ရည်နှင့် အဖေကြီး အမေကြီးတို့ ခြိုးခြံချွေတာမှုကြောင့် နောက်ဆုံးတွင် အဖေကြီးတို့သည် လယ်ဧက ငါးဆယ်လောက်အထိ ပိုင်ဆိုင်လာနိုင်၏။ အဖေကြီးတို့သည် အမွေအတော်အတန်ကို ရခြင်းကြောင့်လည်း အိမ်တစ်ဆောင် မီးတစ်ပြောင် နေလာနိုင်၏။

ထိုအခါတွင်တော့ အမေ့ဘဝသည်လည်း ခေတ္တ အနားရခဲ့၏။ အမေအပျိုအရွယ်တွင် အဖေကြီး အမေကြီးတို့လည်း အနည်းငယ် စီးပွားရေးပြေလည်လာ၏။ ထို့ကြောင့် စာသင်ခွင့်ရလာသည်။ အမေသည် အတန်းကျောင်းလည်း နေဖူးသည်။ ဘုန်းကြီးကျောင်းလည်း နေဖူးသည်။ မင်္ဂလာတရားတော်များကိုအမေသင်ဖူးသည်။ သို့သော်လည်း အမေသည် လေးတန်းစာလောက်သာ တတ်သည်။ အဖေကြီးက မိန်းကလေးစာတတ်ရန် မလိုဟု ထင်ခဲ့၏။ အဖေကြီး အမြတ်တနိုး လက်ထပ်ခဲ့သော အမေကြီးသည်ပင်လျှင် စာလုံးဝမတတ်ပေ။ အမေသည် ကျောင်းမှထွက်သည်နှင့် တစ်ပြိုင်နက် မီးဖိုချောင်ထဲသို့ တန်းဝင်သည်။ မီးဖိုချောင်မှ လယ်ထဲသို့ ဆင်းရသည်။ အမေ၏

www.burmeseclassic.com


ငယ်ရွယ်သော ဘဝတစ်ခုလုံးသည် မီးဖိုချောင်နှင့် လယ်ကွင်းထဲတွင်သာ ကုန်ဆုံးခဲ့သည်။

ထိုအချိန်တွင် ဗြိတိသျှအစိုးရသည် လူခွန်၊ လယ်ခွန်၊ သဿမေဓ အခွန် စသည်တို့ကို အတင်း ကောက်ခံသည်။ တောင်သူ လယ်သမားတို့က အခွန်ငွေအား ရွှေ့ဆိုင်းပေးရန် တောင်းဆိုသည်ကို ဗြိတိသျှတို့က လိုက်လျောခြင်း မပြုပေ။ ပိုမိုတင်းကျပ်စွာပင် ကောက်ခံခဲ့သောအခါ တောင်သူလယ်သမားတို့သည် မခံမရပ်နိုင်အောင် ရှိလာ၏။ ဗြိတိသျှအစိုးရသည် ထိုကဲ့သို့ ဖြစ်ပေါ်လာသော မြေယာပြဿနာကို မြေယာပုံစံများနှင့် ဖြေရှင်းရမည့်အစား ပုလိပ်များ၊ ဗြိတိသျှစစ်ဗိုလ်များနှင့်နှိမ်နင်းခဲ့၏။ လူခွန် မြေခွန်မပေးသူတို့အား ရိုက်နှက်ခြင်း၊သတ်ခြင်း၊ ကျွဲနွားသိမ်းခြင်းအပြင် ရွာများကိုပင် မီးရှို့ခြင်းပြုလုပ်လာသဖြင့် ဗြိတိသျှအစိုးရအား လယ်သမားထုကြီးက စတင် ပုန်ကန်၏။

အဖေကြီးသည် ဆရာစံအရေးတော်ပုံ အကြောင်းကို ကျွန်တော်တို့အား ပုံပြင်လို ပြောပြ၏။ 'အစိုးရကို သူပုန်ထတယ်လည်း' ဆိုရော အဖေကြီးတို့ ရွာသားတွေလည်း လက်နက်တွေ တိတ်တိတ်စုပြီး အရိပ်အခြည် ကြည့်နေတာပေါ့။ ရွာက ချစ်တီးတွေဆိုတာ မြို့တက်ပြေးကြတာပဲ။ အင်္ဂလိပ်အရေးပိုင်တို့ ဘာတို့ဆိုတာပဲခူးကနေ မထွက်ရဲဘူး။ ရွာက လူငယ်တွေကလည်း ဂဠုန်တပ်လာရင် တပ်ထဲဝင်မယ် တကဲကဲနဲ့ပေါ့'ဟု ပြောပြ၏။

ထိုအချိန်တွင် အမေသည် အပျိုဘော်ဝင်စ အချိန်ဖြစ်သည်။ တိုင်းပြည် မငြိမ်သက်သဖြင့်လည်း အဖေကြီး အမေကြီး

www.burmeseclassic.com


တို့က အမေ့အား ကျောင်းကိုပင် မထားတော့ဘဲ အိမ်တွင်း၌သာ နေစေသည်။

ဂျပန်ခေတ် မရောက်မီလေးတွင်ပင် အမေသည်အဖေနှင့် အိမ်ထောင်ပြု၏။ အဖေသည်လည်း လယ်ယာလုပ်သားတစ်ဦး သာလျှင်ဖြစ်သည်။ ဂျပန်ခေတ်ဝယ် အမေ့ဘဝသည် အဆိုးဆုံး ဖြစ်ရသည်။ လင်ကလည်းသေ၊ လူမမည်သားလေးနှင့် ဂျပန် ကိုလည်း ကြောက်ရသေး၏။ လင့်မျက်နှာ တစ်ရွာထင်၍လိုက် ပြီးသွားခါမှ အဖေ အမေ အိမ်ရိပ်ကို ပြန်ဝင်လာရပေရာ အဖေ့အိမ် အမေ့အိမ်တွင်ပင် မျက်နှာငယ်ရသေးသည်။

အဖေကြီးက ဂျပန်ခေတ်အတွေ့အကြုံများကို 'အင်္ဂလိပ် လက်ထက်တုန်းက ဥပဒေလေး ဘာလေး ရှိသေးတယ်။ ဂျပန် ခေတ်လည်းကျရော ဥပဒေကလည်းမရှိ၊ ဘာလည်းမရှိ၊ ဆိုးလိုက် တာကလည်း လွန်ရော၊ ဝတ်စရာလည်းမရှိ၊ ရွာမှာ ဝဲတွေကစွဲ၊ မိသားစုတစ်စုလုံး အနာတွေကပေါက်၊ ဂျပန်ခေတ်မှာ လယ် မလုပ်ဘဲ ခေတ္တရပ်နားထားခဲ့ရတယ်'ဟု ပြောပြ၏။

အမေသည် ဂျပန်တစ်ခေတ်လုံး သားကိုရင်ဝယ်ပိုက်၍ သားလေး၏ ဘဝ လွတ်မြောက်ရေးကိုကြံစည်ခဲ့၏။ ထိုအချိန် ဝယ် ကျွန်တော်က ရင်ကျပ်ရောဂါ စွဲကပ်နေသည်ဟု အမေက ပြောပြ၏။ အမြဲတမ်း ချောင်းလေးတဟွတ်ဟွတ်နှင့် သက်ဆိုးမှ ရှည်ပါ့မလားဟု အမေအမြဲပူနေရ၏။ အမေထမင်းချက်ချိန် တွင် မီးဖိုချောင်ထဲတွင်ပင် လက်နှီးလေးကို ခေါင်းခုလုပ်၍ သိပ်ထားရသည် ဆိုသည်။

www.burmeseclassic.com


ဂျပန်တော်လှန်ရေးကာလသို့ရောက်သော် ကျွန်တော် နည်းနည်းမှတ်မိလာပြီ ဖြစ်သည်။ တော်လှန်ရေးသမားများ ရွာသို့ရောက်လာကြသည်။ သေနတ်တွေလည်းပါသည်။ အမေ့ ထံတွင်လည်း သေနတ်တစ်လက်ရှိ၏။ အမေဘယ်က ဘယ်လို ရထားသည်တော့ မသိ။ ထိုသေနတ်သည် ကျွန်တော်အသက် ဆယ်နှစ် ဆယ့်တစ်နှစ်လောက်တိုင် အမေ့ထံတွင် ရှိနေ၏။

အမေသည် ထိုသေနတ်ကြီးကို လုံချည်ဖြင့်ထုပ်၍အိမ် အပေါ်ထပ်တွင် ထား၏။ ရွာထဲသို့ သူစိမ်းတစ်ရံဆံများ လာ သည်ဟု ကြားလျှင် ထိုသေနတ်ကြီးကို ရေတံလျှောက်ထဲသို့ ပြောင်း၍ဝှက်ထား၏။ ဂျပန်တော်လှန်ရေးကာလက တော် လှန်ရေးသမားများသည် ရွာသို့ ရောက်လာပြီး ရွာမှ ကျေး လက်သူများနှင့် အိမ်ထောင်ကျသည်များလည်း ရှိ၏။ သူတို့ မှာ ယခုအခါ နိုင်ငံအကြီးအကဲ ဦးစီးဦးဆောင်တို့၏ ဇနီးများ ဖြစ်လျက်ရှိ၏။

လယ်သမားများသည် လယ်ယာလုပ်ငန်းများကို ပစ်ထား ခဲ့ပြီး ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ပါဝင်ခဲ့ကြ၏။ ဂျပန် အပြေးကာလတွင် ကျွန်တော်တို့ဒေသသည် အတော်အရေးပါ သောဒေသဖြစ်၏။ ဂျပန်များသည် စစ်တောင်းမြစ်ကိုဖြတ်၍ ပြေးကြရာ စစ်တောင်းမြစ်ဝကျွန်းပေါ်ဝယ် လယ်သမားများ ကအမြစ်ဖြတ် သုတ်သင်ခဲ့ကြ၏။

ဂျပန်တပ်တစ်တပ်မှာ စစ်တောင်းမြစ်ကိုကူး၍ ထွက်ပြေး ရန်ရောက်လာကြရာ ရွာသားများက ဂျပန်စစ်တပ်အား ကောင်း မွန်စွာ ပြုစု၍ အချိန်ဆွဲထားခဲ့သည်။ စစ်တောင်း ဒီရေတက်

ချိန်ကိုစောင့်ပြီးမှ လွှတ်လိုက်ရာ သောင်ပြင်ကြီးကို ဂျပန် စစ်တပ်ဖြတ်နေချိန်တွင် ဒီရေတက်လာသောကြောင့် ဂျပန် တစ်ယောက်မကျန် ပြေးမလွတ်ဘဲရှိနေသည်ဟု သိရ၏။ ဂျပန် ခေတ်တွင် အမေသည် တော်လှန်ရေးသမားများအား ထမင်း ထုပ် ထုပ်ပေးခဲ့၏။ အချို့သော တော်လှန်ရေးသမားများကို ဝှက်ပေးခဲ့သည်။

ဂျပန်က နိုပ်စက်သဖြင့် ဂျပန်ကိုအသေသတ်ခဲ့ကြသော်လည်း ဂျပန်များ သွေးရူးသွေးတန်း ထွက်ပြေးကြသောအခါ အမေတို့ပင်သနားခဲ့ကြပြန်၏။ ဂျပန်များ ပြန်အပြေးတွင် အမေကြီးတို့လယ်တဲ၌ ဂျပန်တစ်ယောက်ကို ဝှက်ထားသည်။ ဂျပန်မှာ ပြန်ပြေးရာတွင် နောက်ကျနေခဲ့ပြီး တစ်ယောက်တည်းကွဲကျန် နေ၏။ ကျွန်တော်မှတ်မိသလောက် ဂျပန်သည် ကျွန်တော်တို့ ထဲတွင် သုံးလေးလလောက်ကြာသည်။ ဂျပန်ကလည်း မြန်မာ သူရင်းငှားလို ဝတ်စား၍ အလုပ်များ လုပ်ကိုင်ပေး၏။ သို့သော် လည်း နောက်ပိုင်းတွင် ဂျပန်ပုန်းနေကြောင်းကို သိကာ သက်ဆိုင်ရာမှ လာခေါ်သွားသလား၊ သတ်ပစ်လေသလား မသိ။ ထိုအခါမျိုးကျပြန်တော့လည်း အဖေကြီးတို့ အမေကြီး တို့က စိတ်မကောင်း ဖြစ်ကြပြန်သေး၏။

လွတ်လပ်ရေးရရှိပြီးသော်လည်း ကျွန်တော်တို့ ဒေသ များတွင် ဒုက္ခများကို ဆက်လက်ခံစားနေရ၏။ လွတ်လပ်ရေး ရရှိပြီး မကြာမီမှာပင် စစ်တောင်းမြစ်ဝှမ်းတစ်ခုလုံးကို ကွန်မြူနစ်

www.burmeseclassic.com



ပါတီက ကြီးစိုးလာ၏။ သောင်းကျန်းသူတို့ကြောင့် ရွာများ မီးရှို့ခံရကာ ပြာပုံဖြစ်ခဲ့ရသည်။

ကံကောင်းထောက်မ၍ အဖေကြီးတို့အိမ်လေး မီးလောင်သည့်အထဲသို့ ပါမသွား။ ကွန်မြူနစ်ပါတီအုပ်စိုးသောအချိန်တွင် အမေသည် နောက်အိမ်ထောင်ပြုကာ မီးလောက်သို့ ရောက်ရှိနေပြီ ဖြစ်၏။ ထိုကာလများတွင် ကျွန်တော်သည် ရှစ်နှစ်ကိုးနှစ်ခန့်ရှိပြီး ထိုအချိန်က အဖြစ်အပျက်အားလုံးကို မှတ်မိနေ၏။

အဖေကြီးတို့ အမေကြီးတို့အား လယ်ပိုင်ရှင် သတ်မှတ်ကာ အဖေကြီး အမေကြီးတို့၏ ပစ္စည်းများကို သိမ်းယူကြ၏။ ပစ္စည်းသိမ်းသောနေ့၌ မနက်ပိုင်းကပင် လူကြီးသုံးလေးယောက်က အိမ်ခြံစည်းရိုးတွင် လာစောင့်နေကြ၏။ နံနက်၁၀နာရီလောက်တွင် လူအုပ်တစ်အုပ် ရောက်လာသည်။ အိမ်ရှေ့ ကုက္ကိုပင်အောက်တွင် တရားဟောသည်။ အဖေကြီး အမေကြီးနှင့်တကွ အိမ်သားအားလုံး လူတွေ အိမ်အောက်သို့ ဆင်းပေးရ၏။ ထို့နောက် ယင်းလူအုပ်ကအိမ်ပေါ်သို့ တက်၍ ပစ္စည်းများကို ယူကြ၏။

ထွန်းတုံး ထွန်တံ၊ နွားချည်ကြိုး၊ ထမ်းပိုးတုံး အစရှိသည့် လယ်လုပ်ကိရိယာများကိုယူ၏။ လှည်းနှင့်နွားကိုယူသည်။ ဖေကြီးတို့ အိမ်မှ နွားမှာ **ကျားကြီးမောင်** နှင့် **ကက်နက်** ဖြစ်သည်။ နှစ်ကောင်စလုံးမှာ ခြံပေါက်များဖြစ်သည်။ နွား နှစ်ကောင်စလုံးသည် ဝဝဖြိုးဖြိုး ချိုရော ဘို့ရော အလုံးအထည်ပါ တောင့်တင်းကြ၍ ခုခေတ်ဈေးနှင့်ဆိုပါက တစ်ရှဉ်းကိုတစ်

www.burmeseclassic.com


သောင်းကျော် တန်ပေမည်။ ကြာကြီးမောင်နှင့် ကက်နက်မှာ ကျွန်တော်တို့ ကျောင်းနေကျ နွားနှစ်ကောင်လည်းဖြစ်သည်။ ထိုနွားနှစ်ကောင်ကိုလည်း သိမ်းယူကြသည်။

ပစ္စည်းများကို သိမ်းယူနေစဉ် အဖေကြီးရောအမေကြီး ပါ တရားခမ္မပွားများ၍ ဆရာတော်၏ အဆုံးအမကိုခံယူ ကာ ဖြေဆည်နေကြသော်လည်း ကက်နက်နှင့် ကြာကြီးမောင် ကိုဆွဲခေါ်သွားစဉ်မှာတော့ အမေရော၊အဖေကြီး၊အမေကြီးတို့ပါ ဖြေဆည်၍ မရတော့ပါ။ ကက်နက်က မလိုက်ဘဲ ရုန်းကန် နေသည်။ ဒီတော့ နွားကို ဆွဲသူကဆွဲ၊ ရိုက်သူကရိုက်သည်။ နွားကျောကို ကြိမ်နှင့်ရိုက်ရာတွင် အမေက သူ့ကျောကိုကြိမ်နဲ့ ရိုက်သလိုခံစားရ၏။ ကြာကြီးမောင်ကလည်း ကတ်တတ်တတ် လုပ်နေပါ၏။ ကက်နက်ကမလိုက်တော့ ကြာကြီးမောင်က လည်း မလိုက်ပါ။ ဒီတော့ ထပ်လို့သာရိုက်ပြန်သည်။ ကြာကြီး မောင်နှင့် ကက်နက်ဆွဲခေါ်နေရာတွင် စတင်မျက်ရည်ကျ သူမှာ အမေကြီးဖြစ်ပါသည်။ အဖေကြီးက ငိုသံပါကြီးနှင့် 'မင်းကလည်း ဘုန်းကြီးပြောထားလျက်နဲ့ ဘာလို့ ငိုနေတာလဲ' ဟုဆို၏။ အမေနှင့် ကျွန်တော့်အဒေါ်များကတော့ အော်လို့ သာငိုရာ၏။ ဤအဖြစ်အပျက်များကို ကျွန်တော်တို့ရွာမှ ရွာသားများ အားလုံး မှတ်မိနေကြ၏။

ဘုန်းကြီးက ပစ္စည်းများအသိမ်းခံရပါက ပူဆွေးသောက မရောက်စေရန် ထိုကဲ့သို့သောသတင်းများကိုကြားရစဉ်ကပင် အဖေကြီးနှင့်အမေကြီးတို့အား ခေါ်၍ ဆုံးမထားပြီ ဖြစ်၏။ လောကဌ်မြင်မြင်သမျှသည် သင်္ခါရတရားများသာဖြစ်သည်။

www.burmeseclassic.com


မိမိကိုယ်သည်ပင်လျှင် မတည်မြဲသော သဘောဖြင့် အိုရနာရ သေရမည်ဖြစ်ရာ ဘာမျှ မမက်မောကြနှင့်။ အညာမှဆင်းလာ စဉ်က လက်ချည်းသာပါလာရာ ကုသိုလ်ကံအကျိုးပေး၍ လှည်း နှင့်နွားနှင့် ဖြစ်လာခဲ့သည်။ ပြုခဲ့သော ကုသိုလ်ကံနည်းပါး ချိန်တွင် ဆုံးရှုံးရမည်။ ကံအကျိုးပေးအတိုင်းသာ ဖြစ်သည်။ တရားနှင့်သာဖြေရန် ဘုန်းကြီးက ဆုံးမထား၏။ အဖေကြီး နှင့် အမေကြီးတို့က အမေနှင့် တကွ သားသမီးတို့အား ဆက်လက်၍ ဆုံးမ၏။

ဆုံးမထားသောကြောင့် တရားနှင့် ဖြေပါသော်လည်း ဖြေ၍ရသော အရာများရှိသလို ဖြေ၍မရသော အရာများလည်း ရှိ၏။ ကက်နက်နှင့် ကြာကြီးမောင်ကို တရှုမ်းရှုမ်း တဗုန်းဗုန်း ရိုက်နေသည်ကိုတော့ အဖေကြီးရော အမေကြီးပါ ဖြေမဆည် နိုင်ပေ။ နွားဆိုသည်မှာ လယ်သမားအဖို့ သားပင်ဖြစ်ပေ၏။ နွားကိုရိုက်လျှင် သားကိုရိုက်သလို နာသည်မှာ လယ်သမား၏ ဝေဒနာဖြစ်၏။ ကြာကြီးမောင်နှင့်ကက်နက်တို့က မလိုက် သောအခါ ရိုက်လွန်းမက ရိုက်လျှင် အမေက ‘သားတို့ရေ အရိုက်မခံပါနဲ့။ လိုက်သွားပါသားရဲ့။ မင်းတို့အရိုက်ခံရတာ အမေခံနေရသလိုပါပဲ။ သားတို့ကိုရိုက်ရင်း နှက်ရင်း သေရင် အမေပါ သေရမယ်။ သားတို့မသေသေးရင် အမေနဲ့ တွေ့နိုင် ဦးမှာပါ သားတို့ရယ်’ဟု ငို၍ ပြော၏။

သည်တော့မှပင် ကြာကြီးမောင်နှင့်ကက်နက်သည် အမေ နှင့် အိမ်သားများကို တွေတွေကြီးကြည့်ကာ လိုက်သွားသည်။ ကက်နက်သည် မျက်ရည်များပင်ကျနေပါ၏။ တိရစ္ဆာန်များ

www.burmeseclassic.com


သည် လူထက်ပင် သစ္စာရှိကြ၏။ ဘီလူးမနှင့် အမေတို့ သားကို ပြိုင်လုသောအခါ ဘီလူးမက အကြမ်းပတမ်းလု၍ အမေက သားနာမည်စိုးပြီး လွှတ်လိုက်သော ဝတ္ထုကိုသင်ကြားရသော အခါ ကျွန်တော်သည် အမေနှင့် ကြာကြီးမောင်တို့၊ ကက်နက်တို့ အကြောင်းကို အမြဲပြန်၍ သတိရနေ၏။

ကြာကြီးမောင်သည် ရွှေဝါရောင်ရှိ၍ ထိပ်တည့်တည့် တွင် အဖြူရောင်အကွက်ကြီးတစ်ခုရှိပြီး ကြာပွင့်ကြီးလိုဖြစ်နေ၍ သူ့ကို ကျွန်တော့်ဦးလေးများက ကြာကြီးမောင်ဟု အမည် ပေးထားခြင်း ဖြစ်၏။ ကက်နက်မှာ နက်မှောင်နေ၍ သူ့အမွေး သည် မြင်းတစ်ကောင်၏ အမွေးလို လှပ၏။

အဖေကြီးသည် ထိုသို့ အသိမ်းခံရပြီးနောက် ချက်ချင်း ဆိုသလိုပင် ထိုနွားနှစ်ကောင်ကို ပြန်ဝယ်ရန် ကြိုးစား၏။ ထိုနွားနှစ်ကောင်ကို တစ်ကောင်စီ ဝေခြမ်းရေးလုပ်လိုက်သည်။ အဝေခြမ်းခံရသူတစ်ဦးက အဖေကြီးထံ တိတ်တိတ်လာ၍ 'ဦးလေး ကွန်းရာ (အဖေကြီးနာမည်မှာ ဦးဖိုးကွန်း) ဒီနွားက ဦးလေး ကွန်းတို့ရဲ့ ခြံပေါက်၊ ဦးလေးကွန်းတို့ ပစ္စည်းပါ။ ကျွန်တော် မတရား မယူချင်ပါဘူး။ သံသရာကိုလည်း ကြောက်ပါတယ်။ ဒါပေမယ့် အခုတော့ ပြန်မပေးရဲသေးဘူး။ ဦးလေးကွန်းတို့ သားကို ကျွန်တော် ကောင်းကောင်းမွန်မွန် ကျွေးမွေးထားပါ့ မယ်။ ဒီအတွက် ခိုင်းသင့်သလောက် ခိုင်းပါ့မယ်။ ဦးလေးကွန်း တို့ သားဟာ ဦးလေးကွန်းတို့ သားပါပဲ။ နောင်တော့ ကျွန်တော် ပြန်ပေးပါ့မယ်'ဟု ပြောရှာ၏။

www.burmeseclassic.com


တစ်ဦးကတော့ ရက်စက်သည်။ ရက်စက်သူ၏ လက်ထဲသို့ ရောက်သူမှာ ကက်နက်ဖြစ်၏။ ကက်နက်သည် အိမ်သို့ ပြန်လာသည်။ ထိုအခါ ဝေခြမ်းခံရသူက အတင်းရိုက်နှက်၍ ခေါ်သွား၏။ လှည်းတပ်၍လာလျှင် ကျွန်တော်တို့အိမ်နားသို့ ရောက်ပါက ကက်နက်သည် အိမ်ထဲသို့ အတင်းဆွဲဝင်လာ၏။ ထိုအခါ အရိုက်ခံရပြန်သည်။ ကက်နက် အိမ်သို့ ပြန်လာတိုင်း အဖေကြီးနှင့်အမေကြီးက ငိုရသည်။ ယောကျ်ားများမှလွဲလျှင် တစ်အိမ်လုံး ငိုသည်။ အဖေကြီးက ကက်နက်ကို ပေါက်ဈေးပေး၍ ပြန်ဝယ်ရန်ကြိုးစား၏။ သို့သော် ထိုသူက မရောင်း။

တစ်ညနေတွင် ကက်နက်အိမ်သို့ပြန်လာသည်။ အမေက 'ငါ့သား ...နင် ပြန်တော့၊ နင်က ငါတို့သားမဟုတ်တော့ဘူး၊ သွား... ဘာမှမကျွေးဘူး'ဟု ကက်နက်ကို စိတ်နာအောင် ပြောလွှတ်၏။

ကက်နက်က အမေ့ကို မျက်ရည်များနှင့် ကြည့်နေသည်။

ကျွန်တော်က ကက်နက်ကို အမေ့သားမဟုတ်ဘူးလို့ ပြောသည်ကို မခံနိုင်။ ကျွန်တော်လည်း အမေ့သားဖြစ်သလို ကက်နက်လည်း အမေ့သား ဖြစ်၏။ ထို့ကြောင့် ကျွန်တော်က 'အမေကလည်း၊ ငါ့သား နင်ပြန်တော့လို့လည်းပြောသေးတယ်၊ ငါ့သားမဟုတ်ဘူးလို့လည်း ပြောသေးတယ်၊ အမေ့သား မဟုတ်ရင် ကက်နက်ကို ငါ့သားလို့ မပြောနဲ့ပေါ့ဗျာ'ဟု ပြောရာ အမေက 'ခွေးကောင်လေး၊ နင် ဘာသိလို့လဲ' ဆိုကာ ငိုရင်း ကျွန်တော့်ကို ရိုက်သည်။

www.burmeseclassic.com


ထိုဖြစ်ရပ်ကိုကြည့်နေသူမှာ အဖေကြီးဖြစ်သည်။ အဖေကြီးသည် အံကြိတ်လျက်ရှိနေ၏။ သူ့ရင်ထဲ၌ မည်မျှခံစားနေရသည်ကို ကျွန်တော်သိသည်။ ကက်နက်ကား မပြန်။ အမေက သူ့အား သူ့သားမဟုတ်ဟုဆိုသည်ကိုပင် စိတ်နာနာနှင့် ကြည့်နေဟန် တူ၏။

မကြာမီ ကက်နက်အားဝေခြမ်းရေးရသူသည် ရမထာကြိမ်တစ်လုံးနဲ့ရောက်လာသည်။ သူက ကက်နက်ကိုရိုက်၍ခေါ်သည်။ ကက်နက်က တုတ်တုတ်မျှမလှုပ်။ ထိုသူကထပ်၍ရိုက်ပြန်သည်။ ကက်နက်က ငြိမ်ငြိမ်နေ၏။ ကက်နက်သည် သစ္စာရှိ၍ ကျောက်ရုပ်များ ဖြစ်သွားလေသလားဟု ထင်ရသည်။

ထိုအခါမှ အမေက စိတ်လျှော့ကာ 'ငါ့သားရယ်၊ အမေကမင်း တမင်စိတ်နာအောင်ပြောတာပါ၊ ငါ့သားက ငါ့သားပေါ့ကွယ်၊ လိုက်သွားပါ သားရယ်'ဟု ဆိုမှ ကက်နက်သည် ပြန်၍ လိုက်သွားတော့၏။ ကက်နက်၏ သံယောဇဉ်ကြောင့် အဖေကြီးသည် ရွာမှပြောင်းသွားရန်ကိုပင် စိတ်ကူးသည်။ တစ်ခါတွင် အဖေကြီးက ကက်နက်ကို မကြည့်ရက်နိုင်၍ ကက်နက်ကို သေနတ်နှင့် ပစ်သတ်ရန် ကြံစည်ဖူး၏။ အိမ်၌ ဂျပန်ခေတ်က ရထားသည့် အမေဝှက်ထားသည်ဆိုသော သေနတ်ရှိ၏။ ထိုသေနတ်ကို ပစ္စည်းသိမ်းစဉ်က အဝတ်နှင့်ပတ်ကာ မြေကြီးထဲတွင် မြှုပ်ထားသောကြောင့် မည်သူမျှ မတွေ့လိုက်ရ။

www.burmeseclassic.com


အဖေကြီးသည် ထိုသေနတ်ကိုညဘက်၌ ပြန်ဖော်ကာ ကက်နက်အား နောက်တစ်နေ့လာပါက ပစ်သတ်ရန် စိတ်ကူး၏။ အဖေကြီးသည် နေ့စဉ်ရက်စက်ဖြစ်နေသော ထိုမြင်ကွင်းကို မမြင်ရက်၊ မကြည့်ရက်တော့ပေ။ ကက်နက်ကိုပစ်သတ်လိုက်ခြင်းသည် ကက်နက်အတွက် အကောင်းဆုံးဖြစ်ပေ၏။

သို့သော် အမေကြီးကသိ၍ 'ကိုဖိုးကွန်းရယ်၊ ရှင်ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ တရားနဲ့ ဖြေပေါ့၊ ဒီလိုသတ်ပစ်ရင် ကက်နက်လည်းသေ၊ သေနတ်ရှိတာလည်း သိပြီး ရှင်လည်း အသတ်ခံရ၊ ကျွန်မတို့လည်း ဒုက္ခရောက်၊ ဒုက္ခမမွေးပါနဲ့ ကိုဖိုးကွန်းရယ်'ဟု ငိုယိုပြောခါမှ သေနတ်ကြီးကို အမေ့အား ပြန်ပေးလိုက်သည်။

မကြာခင်မှာပင် ကက်နက်သည် နောက်သခင်၏ လက်ထဲတွင် လမ်းဖျားလွမ်းနာကျ၍ သေသွားရှာ၏။ အဖေကြီးက မြေးကလေးတစ်ယောက်ရတိုင်း ကက်နက်ဝင်စားတာများလားဟု ဝမ်းသာအားရ ပြောရှာ၏။

ကက်နက် ကောင်းရာသုဂတိလားပါစေ။

ထိုကဲ့သို့ ပစ္စည်းသိမ်းခံရသည်ကို အမေသည် အဖေကြီးအိမ်တွင် တစ်ကြိမ်ကြုံရသလို အမေ့အိမ်တွင်လည်း အမေကြုံရသည်။ အမေသည် အဖေနှင့် မီးလောက်တွင်ရှိနေရာ မီးလောက်အိမ်၌လည်း ပစ္စည်းသိမ်းခံရ၏။ မီးလောက်တွင် ပစ္စည်းသိမ်းစဉ်ကလည်း ကျွန်တော်ရှိနေ၏။ အမေကြီး အဖေကြီးအိမ်တွင် ပစ္စည်းသိမ်းခံရသကဲ့သို့ပင် ပစ္စည်းအားလုံး အသိမ်းခံရသည်။

www.burmeseclassic.com


မီးလောက်တွင် အိမ်ပါ အသိမ်းခံရ၏။ အဖေနှင့် အမေတို့က အိမ်နောက်ဖေး အဖီလေးတွင် နေရသည်။ အိမ်ရှေ့ခန်းကို ရဲဘော်များက ရုံးခန်းလုပ်၏။ အိမ်စပါးကျီကိုကား အချုပ်ခန်း လုပ်ထားသည်။ အမေသည် ကိုယ့်အိမ် ကိုယ့်ခြံတွင် ဖြစ်သော်လည်း ခေါင်းကိုမျှ မဖော်ရဲပေ။

ထိုအခါက ကျွန်တော်မှတ်မိသည်မှာ ကုလားဆရာကြီး ဖြစ်၏။ ကျွန်တော်၏ ခြေထောက်တွင် အနာပေါက်ရာ တစ်နှစ်ကျော်ကြာသည့်တိုင် မပျောက်၍ အမေက ဆရာမျိုးစုံလိုက်ရှာ၏။ နောက်ဆုံးတွင် ထိုကုလားဆရာကြီးအပါအဝင် ဆရာသုံးလေးယောက်နှင့် တစ်ပြိုင်နက်ကု၏။ ကုလားဆရာကြီးက ရေမန်းနှင့် အင်းများ၊ လက်ဖွဲ့များပေးသည်။ ထိုကုလားဆရာကြီးမှာ ဝဝဖြူဖြူကြီးမို့ ကျွန်တော် သူ့ကိုမကြောက်။ သူက ကျွန်တော့်ကို ချစ်သည်။ ကုလားဆရာကြီးသည် ဘာကိစ္စနှင့်မှန်းမသိ။ ထောင်ကျနေ၏။ ထောင်သားများကို ကျွန်တော်တို့စပါးကျီထဲတွင် ထားရာ သုံးလေးရက်တွင်တစ်ကြိမ် ရေချိုးခွင့်ရ၏။ ထိုအခါ ကျွန်တော်က ကုလားဆရာကြီးထံသွား၍ စကားပြော၏။ ကျွန်တော့်ကို ကလေးမို့ စကားပြောခွင့်ပေးသည်။ ကုလားဆရာကြီးကို ထိုသို့ တွေ့ရသောအခါ ကျွန်တော်က သနား၏။ ဆရာကြီးက ကျွန်တော့်ကို တချို့စကားများအမေ့ကို ပြောရန်မှာသည်။ ကျွန်တော်က အမေ့ကို ပြောပြရာ သူ့ဆွေမျိုးများကို ပြန်ပြောရသည်ဟုထင်၏။

ဤဖြစ်ရပ်များတွင် ကျွန်တော့် အသည်းထဲ၌စွဲနေသည်မှာ ဘာပြုလို့ ပစ္စည်းသိမ်းခံရတာလဲဟူသောအဖြေဖြစ်၏။ ကလေး

www.burmeseclassic.com


ဘဝမို့ အဖြေကိုရှာလို့ မရပေ။ အမေ့ကို မေးတော့လည်း အမေက 'သိမ်းချင်လို့ပေါ့ဟဲ့'ဟု ဆို၏။

အဖေကြီး အမေကြီးတို့သည် ဤလယ်များကို ဓားမဦးချ လုပ်ကိုင်လာခဲ့ကြသည်။ နေ့စဉ် နဖူးမှချွေး ခြေမကျအောင် လုပ်ရသည်။ အဖေကြီးကွယ်လွန်သည်မှာ အနှစ်နှစ်ဆယ်ခန့် ရှိပြီ ဖြစ်သည်။ သို့သော် ယခုအခါ ရစ်ကံကြီးရွာ သင်္ချိုင်းသို့ ပြန်၍ အဖေကြီးမြေမြှုပ်သည့်နေရာကို တူးဖော်ကြည့်ပါက ကျားလျှာလိုဖြစ်နေသော အဖေကြီး၏ လက်ဖဝါးနှင့် ကျွဲပခုံးထနေသော အရေပြားပိုင်းကို တွေ့ရှိရဦးမည်ဖြစ်၏။ အနှစ်နှစ်ဆယ်လောက်ဖြင့်ကား အဖေကြီး၏ လုပ်အားအထိမ်းအမှတ်များသည် မပျက်စီးနိုင်ပါ။

ဤမျှအလုပ်လုပ်ခဲ့ပါလျက်နှင့် ကိုင်းတော၊ လမုတော၊ ကနစိုတောကြီးများကို စက်ကိရိယာ မပါ၊ ဓားမတစ်ချောင်းဖြင့် လယ်ဖြစ်အောင်လုပ်ခဲ့ပါလျက် ထိုလယ်ပေါ်တွင် လုပ်ခွင့်မပေးသည်ကိုတော့ ကျွန်တော် မကျေနပ်ပေ။ အမေသည် ဤစစ်တောင်းမြစ်ဝကျွန်းပေါ်တွင်ပင် မွေး၍ ဤမြစ်ဝကျွန်းပေါ်မှ လယ်ကွက်များ၊ လယ်ကွင်းများတွင်ပင် ကြီးလာသည်။ ယနေ့ထက်တိုင်လည်း လယ်သူမကြီးဖြစ်သည်။ ယနေ့ထက်တိုင် လယ်ယာမြေမှာပေါ်မှာ သစ္စာမပျက်ခဲ့။ အမေသည် လယ်ယာမြေကို လင်ကို သားလို ခင်တွယ်သူ ဖြစ်၏။

မိုးအခါ လယ်ကွင်းအတွင်း၌ အမေသည် ဘယ်မျှလောက်မျှသော ပင်ပန်းမှုကို ကြုံတွေ့ရပါစေ၊ ရေကြားထဲမှ ပျိုးပင်

www.burmeseclassic.com


လေးများ ရေကူးရင်း လုတက်လာပါလျှင် အမေ့ပင်ပန်းမှုများသည် ရှာ၍မတွေ့တော့ပေ။

ဆောင်းအခါတွင်လည်း အမေသည် သေလောက်အောင် ပင်ပန်းပါဦး၊ စပါးဖုံးနံ့လေး အမေရလာလျှင် အမေသည် အမောပြေသူ ဖြစ်ပါသည်။

နွေအခါသို့ ရောက်ပြန်တော့လည်း ရွှေဝါရောင် ဝင်းနေသော စပါးပင်များသည် အမေ့ရင်ကို အေးစေပြန်ပါ၏။

အမေနေမကောင်းလျှင် မဉ္ဇူရေမွှေး၊အော်ဒီကလုံးစသည်တို့ မလိုပါ။ စပါးဖုံးနံ့လေးနှင့် မိုးသက် မိုးနံ့လေး ရလျှင် အမေ ခေါင်းထောင်လာသည်သာ ဖြစ်၏။ ထိုမျှလောက် လယ်ယာမြေပေါ်ဝယ် အမေသည် သံယောဇဉ် ရှိပါလျက် အမေ့ထံမှ ဘာကြောင့် လယ်လုပ်ပိုင်ခွင့်ကို သိမ်းခဲ့ပါသနည်း။ ထို့ကြောင့်လည်း နောင်တွင် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်သို့ရောက်သောအခါ ထိုဖြစ်ရပ်များနှင့် ပတ်သက်၍ မရှင်းသည်များကို ရှင်းရှင်းလင်းလင်း သိသာရန် ဆိုရှယ်လစ်ဝါဒ စာအုပ်များကို လေ့လာခဲ့သည်။ ဆိုရှယ်လစ်ဝါဒစာအုပ်များကို ဖတ်ရင်း ကျွန်တော်သည် ဆိုရှယ်လစ်တစ်ယောက် ဖြစ်လာသည်။

ဆိုရှယ်လစ်တစ်ဦးအဖြစ် ကျွန်တော်သည် အသက်ထက်ဆုံး ခံယူသွားမည်လည်းဖြစ်သည်။ တကယ်တော့ မျှမျှတတခွဲဝေစားသုံးလိုသူတိုင်း ဆိုရှယ်လစ်တစ်ယောက်အဖြစ် ခံယူကြသည်သာဖြစ်၏။

www.burmeseclassic.com



အမေ့ဘဝ၊ အမေ့ပြဿနာ၊ မြေယာဘဝ၊ မြေယာပြဿနာများကို ကျွန်တော် သိလာသည်။ အမေတို့ ဆင်းရဲပင်ပန်းခဲ့ရမှုများ၏ အရင်းအမြစ်ကိုလည်း သိလာပါ၏။ မြေယာဘဝ၊ မြေယာ ပြဿနာ ပြေလည်ရေးသည် အမေ့ဘဝ၊ အမေ့ပြဿနာ ပြေလည်ရေးပင် ဖြစ်၏။ မြေယာပြဿနာ ပြေလည်ရေးအတွက် တစ်ခုတည်းသော စနစ်သည် ဆိုရှယ်လစ်စနစ်ဖြစ်မည်ဟု ကျွန်တော်ယုံကြည်ခဲ့၏။ အမေ့ဘဝ၊ အမေ့ပြဿနာ ပြေလည်ရေးအတွက် ဆိုရှယ်လစ်စနစ်ကို ကျွန်တော်သည် အားကိုးအားထားပြုခဲ့၏။ ယခုတော့ ဆိုရှယ်လစ် စနစ်တွင်လည်း ပြဿနာများ၊ ပြုပြင်စရာများ ရှိလာခဲ့၏။

●

www.burmeseclassic.com

**မိခင်တို့၏နှလုံးသားသည်ကလေးငယ်များ၏**
**ဘဝစာသင်ခန်းများပင် ဖြစ်သည်။**

ဟင်နရိဝဒ်ဘီချာ (၁၈၁၃–၁၈၈၇)
အမေရိကန် ဘုန်းတော်ကြီး

# အခန်း(၂၁)

## မြေကိုချစ်သော အမေ

အမေသည် ကျွန်တော့်ကိုချစ်သည်။ သူ့အသက်ထက်ပို၍ ချစ်သည်။ သူ့အသက်ထက် ဆယ်ဆဆယ်ပြန် ပို၍လည်းချစ်သည်။ ကျွန်တော့်အတွက် အမေသည် ငရဲကိုလည်းမကြောက်။ သားအတွက်ဆိုပါက အမေသည် သစ်ငုတ်ကို သင်ဖြူး၊ ဆူးကို မွေ့ရာလို သဘောထားနိုင်သည့် မိန်းမမျိုးဖြစ်၏။

ကျွန်တော့်ကိုချစ်သလို အမေချစ်သော အခြားသူမှာမြေ ဖြစ်၏။ အမေသည် မြေကို ကျွန်တော့်လိုပင် ချစ်သည်။ ကျွန်တော်နှင့်မြေ ကွာခြားသည်ကား ကျွန်တော်ကား အမေနှင့် အမြဲမနေ။ အမေ့ရင်ခွင်မှ အမြဲခွာထွက်၍ ကျွန်တော်ဝါသနာပါရာ၊ စိတ်ပါဝင်စားရာ နောက်သို့လျှောက်လိုက်နေ၏။ ဒုက္ခ

www.burmeseclassic.com


ရောက်ပါမှ အမေ့ထံသို့ပြေးလာသည်။ သို့သော် မြေသည်ကား ထိုသို့မဟုတ်။ မြေသည် အမေ့ထံမှ ဘယ်တော့မှ ထွက်မသွား။ မြေသည် အမေ့ထံမှ ထွက်၍မသွားသည့်အပြင် အမေ့ကိုပင် သူ့ရင်ခွင်ထဲ အမြဲသိမ်းဆည်းထားပေ၏။

အမေသည် မြေကိုပေါက်ပြားကလေးနှင့်ယက်၍ ကလော်ထိုးပေးပြီး သစ်ဥ၊ သစ်စေ့များကို ထည့်လိုက်ပါက မြေသည် တဟဲဟဲနှင့်ရယ်ရင်း အသီးအနှံများကို အမေ့အတွက် အန်၍ ထုတ်ပေး၏။

ထိုအသီးအနှံများကို ရောင်း၍ အမေက သားအတွက် အဝတ်ဆင်ပေးသည်။ ဆေးကုပေးသည်။ စားစရာသောက်စရာများ ပေးသည်။ ထိုအသီးအနှံများကိုပင် အစိမ်းတစ်မျိုး၊ ချက်ပြုတ်၍ တစ်ဖုံ ကျွေးမွေးပြန်၏။

ကျွန်တော်က အမေ့ကို ‘အမေ့တို့လည်း အသက်ကြီးပြီ၊ ကျွန်တော်နဲ့ လာနေပါ၊ ကျွန်တော်လည်း ပြုစုနိုင်တာပေါ့’ဟု ဆိုသောအခါ အမေက သူ့လယ်၊သူ့ယာ၊သူ့မြေကိုခွဲ၍ မလိုက်နိုင်။ သားအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်မည်စိုးသည်က တစ်ကြောင်းအပြင် မြေကိုမခွဲနိုင်သည့် အကြောင်းလည်း ပါသည်။ အမေက ဒီမြေကြီးကြောင့် ငါ့သားလေး စာတတ်သည်ဟု ထင်၏။ ထို့ကြောင့် ‘မြေကြီး၏ကျေးဇူးကို ငါသိတယ်၊ ငါ သေသောအခါ ဤလယ်ကွင်းပြင်များတွင်ပင် မြှုပ်နှံ၍ ငါ၏ ဝေါထွက်နေသော အရိုးများသည် စစ်တောင်းမြစ်ဝကျွန်းပေါ် ဒေသတွင် မြေဩဇာအဖြစ် ပြန်၍ အလုပ်အကျွေးပြုမည်’ဟု အမေက သန္နိဋ္ဌာန် ပြုထားဟန်ရှိ၏။

အမေ၌ စိုးရိမ်သော အချက်တစ်ချက် ရှိ၏။ အမေက မြေကြီးကို ချစ်သည်။ သို့သော် ကျွန်တော်က အမေချစ်သော မြေကြီးကို လိုက်၍ချစ်မည်ကို အမေအလွန်စိုးရိမ်သည်။ အမေက မြေကြီးသည် ငါကဲ့သို့သော အမေနှင့်ထိုက်တန်၍ သားနှင့်မတန်ဟု ထင်၏။ အမေသည် ကျွန်တော့်ကို ဒီမြေကြီးမှကင်းလွတ်စေလို၏။ ထို့ကြောင့်လည်း အမေသည် သူကတော့ မြေကြီးနှင့်လုံးကာ ကျွန်တော့်ကိုတော့ မြေကြီးနှင့် ဝေးရာသို့ ပို့ထား၏။

ကျွန်တော် ပညာတတ်လာ၍ တောင်သူလယ်သမား၏ ကျေးဇူး၊ လယ်ယာကဏ္ဍ၏ အရေးပါမှုများကို သိလာကာ ရွာပြန်ပြီး လယ်လုပ်ရန်ပြောလျှင် အမေက ခါးခါးသီးသီး ငြင်း၏။

အမေက 'သားကို စာသင်ထားတာက အခုလို မြေကြီးထဲ မဆင်းရအောင် သင်ထားတာ၊ သားက မြေကြီးထဲ ဘာပြုလို့ ဆင်းချင်ရတာလဲ သားရယ်၊ သားအစား အမေ မြေကြီးထဲ ဆင်းနေရင် လုံလောက်ပါတယ်၊ မင်းကို မြေကြီးထဲဆင်းစေချင်ရင် အမေ ဒုက္ခခံပြီး ဘယ်စာသင်ပေးပါ့မလဲ'ဟု ပြော၏။

ကျွန်တော်သည် အမေ စိတ်ချမ်းသာစေရန် ရန်ကုန်သို့ ပြန်လာ၍ တတ်သောပညာဖြင့် အလုပ်ကိုရှာ၏။ စာရေးစာချီ ဝန်ထမ်း အစရှိသော အလုပ်များကို ကျွန်တော် လုပ်ဖူး၏။ ကျွန်တော်သည် အရောင်းစာရေး၊ ကျောင်းဆရာ၊ စာရေး၊ အတွင်းရေးမှူး၊ စာပြု၊ လက်ထောက်အယ်ဒီတာ၊ စာပြင်၊ စာဖတ်၊ ပုံပြင်ပုံကပ်သူ၊ အယ်ဒီတာ အစရှိသော အလုပ်

www.burmeseclassic.com


များကို လုပ်ဖူးပေရာ ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော် တစ်ယောက်တည်းအတွက်ဆိုလျှင် စာရေးသော အလုပ်ပြီးလျှင် လယ်လုပ်သည့်အလုပ်သည် ဘဝတစ်ခုလုံးအတွက် အကောင်းဆုံးအလုပ်ပင် ဖြစ်၏။ ကျွန်တော်သည် စာမရေးရပါက လယ်ပင်လုပ်မည်ဖြစ်သည်။ သို့သော် အမေက 'ဖောင်တိန်ကိုင်စေချင်လို့ သားကို စာသင်ပေးထားတာ၊ ဘာပြုလို့ ပေါက်တူးပေါက်ပြားကိုင်ချင်ရတာလဲသားရယ်'ဟု ဆို၏။

သို့သော်လည်း အမေက မာနရှိသည်။ လယ်ယာလုပ်ငန်းကို ကျွမ်းကျင်သည်။ လယ်ဧက ၅၀ လောက်ကိုတော့ တစ်ယောက်တည်း ခေါင်းဆောင်၍လုပ်နိုင်သည်။ လယ်ယာမာနကတော့ တစ်ပြားမှ မလျှော့ပေ။ အမေသည် ကျွန်တော်ငယ်စဉ်က ဈေးရောင်းဖူးသည်မှလွဲ၍ အခြားလုပ်ငန်းကို ဘာမျှမကျွမ်းကျင်ပါ။ ထို့ကြောင့် အမေသည် လယ်ယာလောကမှလွဲ၍ အခြားလောကအကြောင်းကို မသိ။

ကျွန်တော်သည် တစ်ကြိမ်မှာ လုပ်ငန်းတစ်ခုတွင် အလုပ်ပြုတ်တော့မလို ဖြစ်ရာ အမေက...

"သားရယ်...သားကြည့်ရတာလည်း နားရတယ်ကို မရှိဘူး၊ လုပ်လိုက်ရတာ ဒါတောင် အလုပ်က ပြုတ်မလို ဖြစ်နေသေးလား၊ ထမင်းတစ်လုတ်အတွက်ကတော့ မပူပါနဲ့ သားရယ်၊ သား ရွာကိုပြန်ချင်လည်း လာခဲ့ပါ။ အမေ့ လယ်လုပ်ငန်းကတော့ ဘယ်သူမှ မဖြုတ်နိုင်ပါဘူး။ ငါ့သား ကိုယ့်ခွန်ကိုယ့်အားရှိရင် လယ်ယာလုပ်ဖို့ကိုတော့ ဘယ်သူ့ထံမှာမှ

www.burmeseclassic.com


လျှောက်လွှာတင်စရာ မလိုပါဘူး သားရယ်”ဟု မခံချင်သည့်ဲ့ လေသံဖြင့် ပြော၏။

အမေသည် လယ်ယာလုပ်ငန်းကို အားအကိုးဆုံးဖြစ်သည်။ ပင်ပန်းဆင်းရဲမှု များပြားခြင်းကြောင့် သားကို လယ်ယာကွက်ထဲသို့ မဆင်းစေလိုသော်လည်း တခြားတွင် ထို့ထက်ပို၍ ဆင်းရဲပါက ဤလယ်ယာများအကြားတွင်ပင် သားကို ပွေ့ထားချင်သည်မှာ အမေ့ဆန္ဒ ဖြစ်၏။

စစ်တောင်းမြစ်ဝကျွန်းပေါ် အနောက်ဘက်မှ လယ်ကွင်းပြင်များသည် အမေချစ်သော လယ်ကွင်းပြင်များ ဖြစ်၏။ ထို လယ်ကွင်းပြင်များတွင် အမေတို့ လုပ်ခဲ့ရသလို မြေကိုလက်ပြုတ်အောင်ပေါက်၊ ဇက်တိုအောင်ရွက်၍ ကျွဲလိုနွားလို မရုန်းရတော့ဘဲ လူ့လုပ်အားနေရာတွင် စက်ကိရိယာပစ္စည်းများကို အစားထိုးနိုင်ပါက လက်ဖဝါးကျားလျှာနှင့် ကျွဲပခုံးထတော့မည် မဟုတ်ပါ။ ဤလိုအခါတွင်တော့ အမေသည် သူချစ်သောလယ်၊ သူချစ်သောမြေ၊ သူချစ်သည့်ယာများရှိရာ စစ်တောင်းမြစ်ဝကျွန်းပေါ် ဒေသကြီးမှ ကျွန်တော့်ကို တစ်ဖဝါးမှ ခွာစေချင်မည် မဟုတ်ပါ။

●

**မိခင်ကောင်းတစ်ယောက်၏ စွမ်းရည်သည်**
**ဆရာပေါင်းမြောက်မြားစွာ၏ စွမ်းရည်နှင့်ညီမျှ၏။**

(စပိန်စကားပုံ)

## အခန်း(၂၂)

## ဖြဟ္မာမည်သော ပုဂ္ဂိုလ်

စာရေးဆရာ သုံးဆယ်ကျော်သည် ဤလယ်ကွင်းပြင်ကြီးကို ဖြတ်၍ပြန်လာကြသည်။ စာရေးဆရာများသည် ကဝမြို့နယ်အတွင်းသို့ လေ့လာရေးခရီးလာရင်း အမေ့ထံသို့ ဝင်ကြ၏။ အမေက ကျွန်တော်၏ ရေးဘော် မိတ်ဆွေများနှင့် ဆရာများအား နံနက်စာဖြင့် ညှော့ခံကျွေးမွေးသည်။

အမေ့ထံတွင် နံနက်စာစားပြီးနောက် ကျွန်တော်တို့သည် စစ်တောင်းမြစ်ဝကျွန်းပေါ် ဒေသကြီးအား ဖြတ်ကာ ပဲခူးသို့ ပြန်လာသည်။ လမ်းခရီးတွင် ဆရာဦးသော်ဇင်က 'ဟော့... ချစ်စံဝင်း၊ မင်းမိသားစုမှာ မင်းအကြီးဆုံးလား'ဟု မေးသည်။

ကျွန်တော်က 'ဟုတ်ကဲ့...ဆရာ'ဟုဆိုရာ ဆရာက 'မွေးချင်းဘယ်နှစ်ယောက် ရှိလဲ'ဟု ဆက်မေး၏။ ကျွန်တော်က

www.burmeseclassic.com


'ကျွန်တော် တစ်ယောက်တည်း'ဟု ဖြေသည်။ ဆရာဦးသော်ဇင်က 'မိခင်ရဲ့မေတ္တာ ဘယ်လောက်ကြီးတယ်ဆိုတာ သိလား' ဟု ဆက်မေးပြန်သည်။

မိခင်ရဲ့မေတ္တာကြီးမားသည်ကိုကား ကျွန်တော်သိ၏။ သို့သော် ဘယ်ရွေ့ ဘယ်မျှ ကြီးမားသည်ကို တိုင်းတာ၍ကား ကျွန်တော် မပြောတတ်။ ထိုအခါ ဆရာက ကျွန်တော့်အား ဂျပန်ပုံပြင်လေးတစ်ခုကို ပြောပြသည်။

တစ်ခါက ဂျပန်နိုင်ငံတွင် မုဆိုးမမိခင်ကြီးနှင့် သားတစ်ယောက် ရှိသည်။ မိခင်ကြီးသည် သားအားချစ်လွန်း၍ ဖဝါးလက်နှလုံး ပခုံးလက်နှစ်သစ်ကာလမှစ၍ ပြုစုစောင့်ရှောက်ခဲ့သည်။

သားကြီးပြင်းလာသောအခါ သူချစ်သော မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့၏။ ထိုမိန်းကလေးအား သားသည် အလွန်အမင်း စွဲလမ်းရကား မရလျှင် မနေနိုင်။ အချစ်အတွက် အသက်ပင်သေနိုင်မည့်အလား စွဲမက်နေ၏။

သို့သော်လည်း မိန်းကလေးက ချစ်တုံ့မပြန်ပေ။ ယောကျ်ား ကြိုက်တော့ စိုက်စိုက်လာဟု ဆိုသည့်အတိုင်း စိုက်စိုက်လာပါများသော် မိန်းကလေးက...

'ကျွန်မမှာ သိပ်ချစ်တဲ့ခွေးတစ်ကောင်ရှိတယ်၊ အဲဒီခွေးစားဖို့ ရှင့်အမေရဲ့ အသည်းကိုရရင် ကျွန်မပြန်ချစ်မယ်'ဟု ပြော၏။

ထိုအခါ သားမိုက်သည် အမေ့ထံသို့ အပြေးပြန်ခဲ့၏။ အမေ့အသည်းကိုရ၍ ချစ်သူအား အမေ့အသည်း ပေးအပ်

www.burmeseclassic.com


ချင်ဇောဖြင့် အဆောတလျင်လာလေရာ လမ်း၌ သားဖြစ်သူ ခလုတ်တိုက်မိ၍ လဲကျသွားရာ အမေ့အသည်းက 'သားလေး သားလေး၊ ဘယ်နာသွားလဲ'ဟု မေးရှာလေ၏။

ဆရာက သူ့ပုံကိုအဆုံးသတ်လိုက်၏။ အမေ၏ချစ်မေတ္တာ မိခင်စိတ်ကို ဖော်ပြရာတွင် အသင့်လျော်ဆုံး၊ အကောင်းဆုံး ပုံပြင်တစ်ခုဖြစ်သည်။ ထိုပုံပြင်ကား တစ်ကြိမ်က သံအမတ်ကြီး များသည် ညှော်ခံပွဲတစ်ခုတွင် မိမိတို့လူမျိုးအသီးသီးအလိုက် မိခင်မေတ္တာကို ဖော်ညွှန်းသည့် အကောင်းဆုံး ပုံပြင်များကို ပြောကြရာ၌ ဂျပန်သံအမတ်ကြီးက အထက်ပါ ပုံပြင်ကို ပြောပြရာ မိခင်စိတ် မိခင်မေတ္တာအတွက် သံအမတ်ကြီးများ အားလုံးက အကောင်းဆုံး ပုံပြင်အဖြစ် လက်ခံခဲ့ကြသည့် ပုံပြင်ဟု ဆို၏။ ထိုသတင်းသည် စစ်ပြီးစက သတင်းစာ တစ်စောင်တွင် ပါခဲ့ပြီး ဆရာဦးသော်ဇင်က မှတ်သားထား ခဲ့၏။

ဆရာဦးသုခကလည်း ထိုပုံပြင်နှင့် စကားပြောသော အသည်းနှလုံးရုပ်ရှင်ကားကို ရိုက်ကူးခဲ့ရာ အမေနှင့်သားသမီး တို့၏ အသည်းကို ခိုက်စေပြီး အထူး အောင်မြင်ခဲ့သည်။

မိခင်စိတ်ဆိုသည်မှာ သာမန်စိတ်မဟုတ်။ ရတောင့်ရခဲ သော လူ့ဘဝကိုပင် သားသမီးအတွက် ရဲရဲဝံ့ဝံ့ စွန့်လွှတ်နိုင် သောစိတ် ဖြစ်၏။ သတ္တဝါအပေါင်းသည် မိမိ၏ အသက်ကို မိမိအမြတ်နိုးဆုံး၊ အတွယ်တာဆုံး ဖြစ်၏။ မိခင်စိတ်သည် မိမိ၏ မြတ်နိုးတွယ်တာစရာ အကောင်းဆုံးဖြစ်သော အသက်ထက်

www.burmeseclassic.com


မိမိတို့၏ သားသမီးတို့ကို ဆယ်ဆ ဆယ်ပြန်မက ချစ်တတ်ကြ၏။

အချိန်သည်ကား ကောသလတိုင်း သာဝတ္ထိပြည်ဝယ် ပသေနဒီကောသလမင်းကြီးသည် ထီးဖြူဖြန့်မိုး အုပ်စိုးနေချိန်ဖြစ်ပါ၏။ ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ်ကား အန္ဒကမည်သော ပုဏ္ဏားတည်း။ အန္ဒကပုဏ္ဏား၏ မယားကား မန္တာဒနီမည်၏။

တစ်ခါတွင် မန္တာဒနီပုဏ္ဏေးမသည် သားယောက်ျားကို ညဉ့်အချိန်၌ ဖွားမြင်လေရာ ထိုသားဖွားသောခဏ၌ ပြည်သူတို့ သုံးဆောင်သော လက်နက်ကိရိယာများနှင့် ပသေနဒီ ကောသလမင်းကြီး သုံးဆောင်သော နန်းတွင်းရှိ ဓား၊လှံ၊သန်လျက် လက်နက်ပေါင်းစုံတို့သည် အရောင်အဝါထွက်ကုန်၏။

ထိုအခါ အန္ဒက ပုဏ္ဏားသည် ကောင်းကင်သို့ ထွက်၍ နက္ခတ်ကိုကြည့်ရာ စောရနက္ခတ်နှင့်ယှဉ်သည်ကို တွေ့ရ၍ ငါ့သားသည် သူခိုးကြီးဖြစ်လတ္တံ့ဟု ကြိုတင် သိမြင်လေ၏။ နောက်တစ်နေ့ နံနက်တွင် အန္ဒကပုဏ္ဏားသည် နန်းတွင်းသို့ ဝင်ပြီး အကျိုးအကြောင်းကို ဘုရင်အား လျှောက်ထားလေ၏။ ထိုအခါ ဘုရင်က ယနေ့မွေးသော သင့်သားသည် တစ်ဦးတည်းသော ခိုးသားလော၊ အစုအဝေး အခြွေအရံနှင့် ခိုးသားလောဟု မင်းကြီးက မေးရာ ပုဏ္ဏားက တစ်ဦးတည်းသော ခိုးသားဟု ဆိုသောကြောင့် မင်းကြီးလည်း တစ်သိန်းထွက်သောလယ်ယာတွင် တစ်နှံသည် အဖျင်းကဲ့သို့သာတည်းဟုဆို၍ ထိုကလေးငယ်ကိုပင် ကောင်းမွန်စွာပင် ကျွေးမွေးစေ၏။ ထို

www.burmeseclassic.com


ကလေးအားအမည်ပေးရာတွင် အမျိုးအနွယ်ကို မညှဉ်းဆဲစေရန် ဟူသော ပုဗ္ဗနိမိတ်ကိုယူ၍ **အဟိံသက**ဟု အမည်ပေးလေသည်။

ပညာသင်ချိန်သို့ ရောက်သောအခါ အန္ဒပုဏ္ဏားသည် အတတ်ပညာ အလုံးစုံကို မိမိပင် သင်ပေးနိုင်သော်လည်း သားသမီးတို့အား အဝေး၌ထားခြင်းသည် ဇာတိမာန်ကျသည်။ ပညာကိုလုံ့လပြုသည်။ အရပ်ဒေသကိုကျွမ်းသည်။ အမျိုးကောင်းသားတို့သည် မိဝေးဖဝေး၌သာ ပညာသင်ရာသည်ဟုဆိုကာ တက္ကသိုလ်ပြည် ဒိသာပေါမောက္ခထံတွင် ပညာသင်စေလွှတ်လေ၏။

အဟိံသကသည် ဒိသာပါမောက္ခဆရာထံတွင် ပညာသင်ရာ၌ ဆရာ၏အကျိုးစီးပွားကို ဆောင်၏။ ဝတ်ကြီးဝတ်ငယ်ပြု၏။ ဆရာ့အနီး၌ ဝပ်တွားလုပ်ကျွေး၏။ ထို့ကြောင့် ဆရာသည် အဟိံသကအား ရင်သွေးကဲ့သို့ ချစ်ခင် မြတ်နိုး၏။ ထိုအခါ အခြားသော တပည့်တို့သည် မနာလိုရကား ဆရာ့ထံဝင်၍ ဆရာကတော်နှင့် အဟိံသကတို့ ယိုးစွပ် ဖောက်ပြန်ကြောင်း ကုန်းချောလေရာ ပထမပိုင်း၌ မယုံကြည်သော်လည်း ပြောဖန်များလာသောအခါ အထင်မှား၍ ဆရာသည် အဟိံသကအား ပရိယာယ်ဖြင့် ဤသူငယ်ကို ငါ့ထံမှခွာ၍ သူတစ်ပါး သတ်လွယ်အောင်ပြုအံ့ဟု ကြံပြီးလျှင် အဟိံသကကို ခေါ်၍...

'ချစ်သား အဟိံသက၊ သင်သည် ပညာသင်ကြားရာတွင် တတ်လွယ်၏။ တပည့်တို့၌ ရှိအပ်သော ဝတ္တရားတို့နှင့်လည်း

www.burmeseclassic.com


ပြည့်စုံ၏။ ထို့ကြောင့် ငါ့ဆရာသည် တပည့်အား သိတတ်သမျှ ပညာတို့ကို အကြွင်းမထားဘဲ သင်ကြားပေးလို၏။ ထိုသို့ သင်ကြားရန်အတွက် ငါ့အား လက်ညှိုးတစ်ထောင်နှင့် ပူဇော်ရန် လိုသည်’ဟု ဆို၏။

ထိုအခါ အဟိံသကလည်း ဆရာအားမစိုးရိမ်လင့်ဟုဆိုကာ တောအုပ်တစ်ခု၌နေပြီး ခရီးသွားကုန်သောခရီးသည်တို့အား ဖမ်း၍သတ်ကာ လက်ညှိုးတို့ကို ဖြတ်ယူလေ၏။

အဟိံသကသည် ပထမပိုင်း၌ရသမျှသော လက်ညှိုးတို့ကို မရေတွက်ဘဲ သစ်ခွကြား၊ သစ်ခက်ကြား၌ ထားလေရာ ကျီး၊ ငှက် စသည်တို့ စား၍ ပျောက်လေ၏။ ပျောက်ဖန်များသော အခါ အဟိံသကသည် လက်ညှိုးများကို ပန်းကုံးများကဲ့သို့ သီ၍ လည်တွင်ဆွဲထားလေ၏။

လက်ညှိုးကိုပန်းကုံးကဲ့သို့သီဆွဲချိန်မှစ၍ လူတို့က အဟိံသကအား **အင်္ဂုလိမာလ**ဟု ခေါ်ကြလေ၏။ အင်္ဂုလိမာလသည် ညအခါ ရွာတွင်းသို့ဝင်၍ပိတ်ထားသော တံခါးများကို ဖွင့်ကာ ယောကျ်ား မိန်းမတို့အား ဖမ်းဆီးသတ်ဖြတ်၍ လက်ညှိုးကိုယူလေ၏။ အင်္ဂုလိမာလသည် သုံးယူဇနာခရီးကို တစ်ဟုန်တည်း ပြေးနိုင်သောကြောင့် မည်သူမျှ ဖမ်းဆီးခြင်းငှာ မစွမ်းနိုင်ဘဲရှိ၏။

အင်္ဂုလိမာလသည် တစ်စုံတစ်ယောက်သောသူကိုတွေ့ပါက လက်ထဲတွင်ရှိသော ဓားသန်လျက်ကိုစက်ရဟတ်ကဲ့သို့ လှည့်ပတ်၍ ကျားသတ္တဝါသည် သားကောင်ကို ရှေးရှုသကဲ့သို့ ခုန်ပျံကျော်လွှားကာ ထိုသူ၏နံဘေး၊ တင်သားတို့ကို လက်ဝါး

www.burmeseclassic.com


ဖြင့်ပုတ်ကာ၊ ဦးခေါင်ကို ဖြတ်ကာ လက်ညှိုးကို ယူသော ဟူ၏။

ထိုကဲ့သို့ ဖြစ်ဖန်များသော် ရွာကြီးရွာငယ်ရှိ လူတို့သည် အင်္ဂုလိမာလအား ကြောက်ရွံ့သောကြောင့် မိမိတို့ရွာများကို စွန့်၍ ပြေးကြကုန်လေ၏။ ထိုမျှသာမကပြည်သူတို့သည် မင်းထံ ဝင်၍ အကြောင်းစုံလျှောက်တင်ကြလေ၏။ ကောသလမင်း သည် ထိုသတင်းကိုကြားရုံမျှနှင့်ပင် အလွန်ကြောက်ရွံ့ခြင်း ဖြစ်သော်လည်း ပြည်သူတို့နှလုံးသက်သာစေရန် ရည်ရွယ်၍ 'ငါသည် မနက်ဖြန်တွင် မြင်းစီးသူရဲ ငါးရာနှင့် အင်္ဂုလိမာလ အား ဖမ်းယူမည်'ဟု ဆိုလေ၏။

ထိုစကားကို ဖခင်ပုဏ္ဏားကြီး ကြားသောအခါ အိမ်သို့ ပြန်၍ မိခင် မန္တာနီ ပုဏ္ဏေးမကြီးအား အကျိုးအကြောင်းကို ပြောလေ၏။ ထိုအကျိုးအကြောင်းကို သိသောအခါ မိခင် မန္တာနီ ပုဏ္ဏေးမကြီးအား အသည်းအူပြတ်မျှ ခံစားရပြီး ထို သတင်းကို သားအား ကြိုတင်၍သတိပေးရန် ဆုံးဖြတ်လေ၏။ ဖခင်ပုဏ္ဏားကြီးက...

'ရှင်မ...သင့်သားသည် သားယုတ်ဖြစ်၍ ကြမ်းကြုတ် လွန်ကျူးသော သဘောရှိ၏။ သင်သွားလျှင်ပင် သင့်အားသတ် လိမ့်မည်တကား'ဟု ဆိုလေ၏။

မိခင်ပုဏ္ဏေးမကြီးသည်လည်း သား၏အသက်လွတ် မြောက်လိုသောဈေဖြင့် 'ငါ့ကိုပင်ငါ့သား သတ်လိုလျှင်သတ်ပစေ တော့၊ ငါ့သားကို မင်းက ဖမ်းဆီးနှိပ်စက် သတ်ဖြတ်သည်မှ

www.burmeseclassic.com


ကင်းစေရာသည်’ဟုဆိုကာ သားအတွက် ထမင်းထုပ်ကိုရွက်၍ အင်္ဂုလိမာလနေရာ တောအုပ်သို့ ဝင်လေ၏။

အင်္ဂုလိမာလသည် မိမိရရှိသော လက်ညှိုးများကိုရေတွက်၍ကြည့်သော် တစ်ထောင်ပြည့်ရန် တစ်ချောင်းသာ လိုပေတော့ရာ ယနေ့မူ ငါသည် တွေ့သောသူကိုသတ်၍ လက်ညှိုးတစ်ထောင်ဖြင့် ငါ့ဆရာအား ပူဇော်၍ ကြီးမြတ်သောအတတ်ကိုသင်ပြီးသော် မိခင်ထံပြန်အံ့ဟု ကြံစည် တွေးတောလျက် တောအုပ်မှ ထွက်၍လာ၏။

ထိုအခါ တောအစပ်၌ အင်္ဂုလိမာလသည် မိခင်မန္တာနီပုဏ္ဏေးမကြီးကို တွေ့မြင်လေရာ ငါ့၌လက်ညှိုးတစ်ချောင်းသာ လိုတော့သည်။ မိခင်ကိုသတ်၍ လက်ညှိုးကိုဖြတ်ကာ ဆရာ့အား ပူဇော်အံ့ဟု ကြံစည်လာ၏။

မိခင်ပုဏ္ဏေးမကြီးသည် သားကိုတွေ့သောအခါ ‘သားရေအမေ့သား အဟိံသက၊ လူလေးမောင်၊ သားပင်ပန်းလှချေလားသားရယ်၊ သားမောင် အဟိံသကကို ဒီနေ့ ကောသလမင်းက မြင်းငါးရာနှင့် ထွက်၍ ဖမ်းချေမည်။ အမေ့ ထမင်းထုပ်ကိုယူ၍ ပြေးတော့သားရေ၊ ပြေးတော့ မောင်အဟိံသကရေ’ဟု ပြောရှာလေ၏။

အဟိံသကမှာကား မိခင်၏စကားကို ကြားပါသော်လည်း ‘ဟယ်...ဒီနေ့အဖို့ ငါ့ဆရာအား လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်မည်ဖြစ်ရာ လက်ညှိုးတစ်ချောင်းသာ လိုတော့သည်။ ငါ့ဆရာ ပူဇော်ဖို့အရေး မိခင်လေလော၊ ဘာလေလော တွေးတောလို့ မဆင်ခြင်နိုင်ဘူး၊ အမေရေ၊ ပြေးနိုင်မှ

www.burmeseclassic.com


လွတ်မယ်ဟေ့’ဟုဆိုကာ အမိထံသို့ တစ်ရှိန်ထိုး ပြေးလေ၏။ ထိုအခါ ဗုဒ္ဓမြတ်ဘုရားသည် မိခင်ပုဏ္ဏေးမကြီးနှင့်အင်္ဂုလိမာလ တို့အကြား ဝင်ရပ်၍ တရားဟောကာမှ ကျွတ်တမ်းဝင်သော ဟူ၏။

သား၏အကျိုးစီးပွားအတွက် မိမိ၏အသက်ကိုပေးအပ် ရန် အဘယ်မည်သော မိခင်မှ ဦးလေးကြမည် မဟုတ်ပေ။

ပဒကုလသလဇာတ်တော်တွင် မိခင်အဿမုခီဘီလူးမ၏ မေတ္တာသည်လည်း မိခင်စိတ်ကို ပေါ်လွင်လှပေသည်။ အခါ တစ်ပါးတွင် အဿခုမီဘီလူးမသည် ပုဏ္ဏားလုလင်နှင့် အကြောင်း ပါ၍ တစ်ပါးသောသားကို ဖွားမြင်လေ၏။ ဘီလူးမသည် သားနှင့်လင်ကို မိမိဂူထဲတွင် ကျောက်ဖျာနှင့်ပိတ်၍ နေ့စဉ် အစာရှာထွက်လေ့ ရှိသည်။ သားငယ် တစ်ဆယ့်ငါးနှစ်အရွယ် သို့ရောက်လာသောအခါ သားက ဖခင်အား...

‘အို...ဖခင်၊ ကျွန်ုပ်နှင့် ဖခင်သည် တူ၏။ မိခင်နှင့်ကား ကျွန်ုပ်နှင့်မတူ’ ဆိုသောအခါ ဖခင်ပုဏ္ဏားက ‘သား...အဖ နှင့်သားတူသည်ကား လူသားတည်း၊ မိခင်မှာမူ လူနှင့်မတူ၊ အသွင်ထူးခြား အစွယ်ထွားသည့် ဘီလူးသာတည်း’ဟု ဆိုကာ ဖြစ်ခဲ့သမျှ အကြောင်းများကို ပြန်၍ ပြောလေသည်။ ထိုအခါ သားသည် ကျောက်ဖျာကို ဖွင့်၍ အဖအားထမ်းကာ မိခင် ဘီလူးမနေသော တောအုပ်မှ လူတို့နေရာဒေသသို့ ထွက်၍ ပြေးလေသည်။

www.burmeseclassic.com


မိခင်ဘီလူးမ ဂူသို့ပြန်ရောက်သောအခါ သားနှင့်လင်မှာ မိမိ၏ပိုင်နက်မှ ကျော်၍ချောင်းခြားသော အရက်သို့ ရောက်နေပြီ ဖြစ်၏။ ထိုအခါ မိခင်ဘီလူးမက…

'ချစ်သား…အဘယ်ကြောင့်ဖခင်ကို ထမ်း၍ပြေးဘိသနည်း၊ ဒီဘက်ကမ်းကို ပြန်လာခဲ့ပါ။ တစ်ဖက်ကမ်းသည် အမေ့ပိုင်နက် မဟုတ်၍ မလိုက်နိုင်ပြီ'ဟု ဆိုလေ၏။

ထိုအခါ သားက 'အို…မိခင်၊မိခင်၏ကျေးဇူးကားကြီးလှပါ၏။ သို့သော် မိခင်ကားဘီလူး၊ ကျွန်တော်တို့က လူသားဖြစ်၍ မျိုးမတူ ဇာတ်ခြားသောကြောင့် အတူနေရန် မသင့်တော်၍ လူ့ရပ်လူ့ရွာသို့ ပြေးရပါတော့သည် မိခင်'ဟု ဆိုလေသည်။

'အို…သား၊ လူနှင့်ဘီလူး အထူးတလည်မတွေးသာ၊ အမေနှင့်သားမှာ လူနှင့် ဘီလူးမဟုတ်၊ သားနှင့်မိခင်သာတည်း၊ မိခင်ထံသို့သာ ပြန်လာခဲ့ပါသား'

'အိုမိခင်…မိခင်၏ကျေးဇူးကိုသိပါ၏။ သို့သော်လည်း သားတို့ကား လူ့ပြည်လူ့ရွာသို့သာ သွားလိုပါသည်'

'သား…အမေတားလို့မရလျှင် သားစိတ်ချမ်းသာသလို ရှိစေတော့၊ သို့သော်လည်း ငါ့သားသည် လူ့ပြည်လူ့ရွာသို့ သွားပါက အသက်မွေးမှု တစ်ခုပညာ မပါသည့်ရှိသော် အခက်တွေ့ပေလိမ့်မည်။ အသက်မွေးမှုပညာမဲ့သော ငါ့သားသည် လူ့ပြည်လူ့ရွာမှ ဒုက္ခအဖုံဖုံ ကြုံရပေမည်။ ငါ့အမေနှင့် နေသလို ငါ့သား၏ရှေ့မှောက်သို့ စားဖွယ်တို့ရောက်ရှိလိမ့်မည် မဟုတ်၊ အမေ့သားအတွက် အမေသည် **စိန္တာမဏိ** မည်သော

www.burmeseclassic.com


မန္တန်ကိုသင်ကြားပေးမည်။ ဤမန္တာန်၏ အာနုဘော်ကား တစ်ဆယ့်နှစ်နှစ်အတွင်း ခိုးသော ပစ္စည်းဥစ္စာကိုသော်မှ ခြေရာကို ခံနိုင်၏။ ဤ စိန္တာမဏိမန္တာန်ကို ငါ့သား အသက်မွေးဝမ်းကျောင်းရေးအတွက် သင်ကြားဦးလော့'

'ကောင်းပါပြီ မိခင်၊ ထိုမန္တာန်ကို ယခုပင်သားသင်ကြားပါမည်'ဟု ဆိုကာ သားသည် စိန္တာမဏိမန္တာန်ကို ခံယူ သင်ကြား၏။ မိခင်အသဃမုခိဘီလူးမသည် သောကဖြင့် နှိပ်စက်သော ရတက်မီးကို မိခင်စိတ်ဖြင့် ခေတ္တသိမ်း၍ မန္တာန်ကို ချောင်းတစ်ဖက်ကမ်းမှ သားကိုသင်ကြားပေး၏။ တစ်ခဏ၌ပင် ထိုမန္တာန်ကို သားသင်ကြားတတ်မြောက်ပေ၏။ သားဖြစ်သူသည် ထိုမန္တာန်ကို သင်ကြားတတ်မြောက်လေသော် လက်အုပ်စုမိုးရှိခိုးလျက်...

'အို...မိခင်၊ ပညာကိုကား သားမောင်တတ်ပါပြီ။ မိခင်၏ ဌာနသို့ ကြွမြန်းတော်မူပါ'ဟု ဆို၏။

ထိုအခါ မိခင် အသဃမုခိဘီလူးမသည်...

'ငါ့သားသည် အမေ၏မေတ္တာကို မသိသေး၊ သားကိုခွဲ၍ အဘယ်မိခင်သည် တစ်ဖဝါးခွာနိုင်အံ့နည်း၊ အမေ၏ ရင်ဝ၌ တောက်လောင်နေသော သောကကို မည်သူမျှ မမြင်နိုင်၊ ငါ့သားကို ငါမမြင်ရပါက ငါအမေ သေရမည် မလွဲတည်း'ဟု ဆိုကာ ထိုခဏ၌ပင် အသည်းအူတို့ ပြတ်ကြွေ၍ သေပွဲဝင်သောဟူ၏။

သားသည် မိခင်ဘီလူးမ သင်ကြားပေးလိုက်သော စိန္တာမဏိမန္တာန်ဖြင့် အသက်မွေးလေရာ ဗာရာဏသီပြည်ဝယ်

www.burmeseclassic.com


**ပဒကုလသ သတို့သား** ဟု လွန်စွာ ကျော်ကြား၍ စီးပွား ဖြစ်သတည်း။

ဗုဒ္ဓဘာသာတို့နှင့် အိန္ဒိယရှေးအယူအဆများအရ မိခင်၏ ကျေးဇူးသည် ဖခင်ထက်ပိုသည်ဟု တိတိလင်းလင်း ဆိုကြ၏။ အင်္ဂုတ္တိုရ်ကာ၊ သောကနန္ဒာ စသော ဇာတ်ဝတ္ထုတို့တွင် အမိက အဖထက် ကျေးဇူးပိုလွန်းကြောင်း ပြဆိုထား၏။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားအစရှိသော ရတနာသုံးပါး ဖြင့် မိခင်အား အတူတကွ ထားရှိလေ၏။ ဘုရား၊ တရား၊ သံဃာဟူသည့် ဗုဒ္ဓဘာသာဝင်တို့၏ အယူအားဖြင့် ဗြဟ္မာ နတ် လူတို့နှင့် မစပ်မယှဉ်သာပေ။ သို့သော် မိဘကိုကား အနန္တဂုဏ်အင် ကျေးဇူးရှင်အဖြစ် ရတနာသုံးပါးနှင့် အတူတကွ ထားရှိပေသည်။

မြတ်စွာဘုရားသည် 'မာတာပိတုဂုဏသုတ်'ကို သီးခြား ဟောကြားရာတွင် ယခု အချိန်အခါသည် အနှစ်တစ်ရာ သက်တမ်းခေတ်ဖြစ်၏။ ထိုအနှစ်တစ်ရာ သက်တမ်းကာလ ပတ်လုံး လက်ယာပခုံးထက်တွင် မိခင်အားတင်၍ ထိုပခုံးထက် တွင်ပင် မိခင်အား အမွှေးနံ့သာ ခြယ်ပေးခြင်း၊ လိမ်းကျံပေးခြင်း၊ ကောင်းစွာ ဆုပ်နယ်ပေးခြင်း၊ ရေပူ ရေအေးကမ်းလှမ်းခြင်း၊ ရေချိုးခြင်း၊ ကောင်းမြတ်သော အစာအာဟာရတို့ကို ဝစွာ ကျွေးမွေးခြင်းကို ပြု၍ အမိသည် မိမိ၏ ပခုံးထက်၌ပင် ကျင်ကြီး ကျင်ငယ်တို့ကို စွန့်စေ၍ ဤမျှလောက်အောင်ပင် ခဲယဉ်းကြီးစွာဖြင့် ပြုစုစေဦးတော့၊ သားသည် မိခင်၏ ကျေးဇူး

www.burmeseclassic.com


ကို ပြန်လှန်၍ ကျေးဇူးဆပ်သည် မမည်သေး’ဟု ဖော်ပြထား၏။

ထို့အပြင် အမိအဖတို့အား စကြဝတေးမင်းတို့နှင့် မိဖုရားတို့၏ အရာ၌ထား၍ စကြဝတေးမင်း၏ စည်းစိမ်ဖြင့် ပြုစုစောင့်ရှောက်ကျွေးမွေးသော်လည်း မိခင်၏ ကျေးဇူးကို ဆပ်သည် မမည်သေးဟု ဆိုလေ၏။ အဘယ်ကြောင့်ဆိုသော် မိဘသည် သားသမီးတို့ အပေါ်၌ မရေတွက်နိုင်အောင်များစွာသော ကျေးဇူးတို့ ရှိကုန်၏။ သားသမီးတို့အတွက် အသက်ကိုလည်း ပေး၍ အရေးတယူရှိကုန်၏။ အထူးထူးအသွယ်သွယ် ဆန်းကြယ်သော လောကလူ့ရွာ၏အကြောင်းတို့အားလည်း အတတ်မျိုးစုံလင်အောင် သင်ကြားပေးကုန်၏။ မိဘတို့၏ ကျေးဇူးကား ပြောမကုန်အောင် များပြားသတည်းဟု ဆို၏။

မိခင်၏ကျေးဇူးကား ကြီးမားလှ၏။ ဆပ်၍မကုန်နိုင်အောင်ပင်ရှိ၏။ မိခင်သည် အစစအရာရာ ခွင့်လွှတ်နိုင်သည်သာ ဖြစ်သည်ဟု ဆိုကာ မိဘ၏ ကျေးဇူးကို မေ့လျော့အံ့။ ထိုသူ၌ အကုသိုလ်တရားသည် ကိန်းဝပ်လျက်ရှိသည်ဟု ဆိုသည်။ မိခင်၏ကျေးဇူးကို အကုန်အစင် ကျေပွန်ရန်ဟူ၍ကား မဖြစ်နိုင်။ သားသမီးတို့သည် မိခင်၏ ကျေးဇူးကို တတ်နိုင်သမျှ ဆပ်ကြရမည်သာဖြစ်၏။ တတ်နိုင်သမျှ ဆပ်သောသူသည် ထိုသူ၏ ဝန်းကျင်၌ ကုသိုလ်တရားတို့သည် ထာဝရ ပွားများနေသော ဟူ၏။

ဗုဒ္ဓဘာသာ၌ အကုသိုလ်နှစ်မျိုးရှိ၏။ တစ်မျိုးမှာ အကတ္တဗ္ဗကရဏဖြစ်၍ အခြားတစ်မျိုးမှာ ကတ္တဗ္ဗအကရဏ ဖြစ်၏။

www.burmeseclassic.com


အကတ္တညုဗ္ဗကရဏဆိုသည်ကား မပြုအပ်မပြုသင့်သည်များကို ပြုကျင့်ခြင်းဖြစ်၏။ သူ့ဥစ္စာပစ္စည်းခိုးယူခြင်း၊ သူတစ်ပါးနှင့်ဇနီးမယားကို ပြစ်မှားခြင်း၊ သူတစ်ပါး၏ အသက်ကို သတ်ခြင်းတို့သည် မပြုအပ်၊ မပြုသင့်သည်ဖြစ်၍ ထိုအမှုတို့ကို ပြုပါက အကတ္တညုဗ္ဗကရဏ အကုသိုလ်ကို ရရှိကြသည်။

ပြုသင့်ပြုအပ်သောအလုပ်ကိုမပြုခြင်း၊ မိခင်၏ကျေးဇူးကို သိရမည်ဖြစ်ပါလျက် မေ့လျော့နေခြင်းသည် ကတ္တညုဗ္ဗအကရဏ အကုသိုလ်ကို ရရှိကြကုန်၏။

အမိသည် သားသမီးတို့အပေါ်၌...

(၁) ဗြဟ္မာ

(၂) ဝိသုဒ္ဓိနတ်

(၃) လက်ဦးနတ်

(၄) လက်ဦးဆရာ

(၅) အာဟုနေယျပုဂ္ဂိုလ်

(၆) ပါဟုနေယျပုဂ္ဂိုလ် မည်၏ဟု ရှေးစာဟောင်းပေဟောင်းများက အဆိုရှိကုန်၏။

ဗြဟ္မာတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်း ဟူသော ဗြဟ္မဝိဟာရ တရားလေးပါးကို ဘယ်သော အခါမှ မစွန့်လွှတ်ဘဲ အမြဲလက်ကိုင်ထားလေ၏။ အလားတူ ပင် အမိသည် သားသမီးအပေါ်၌ မေတ္တာစိတ်တို့သည် အခါမလပ် ပွားများလျက်ရှိ၏။ ထို့အပြင် သားသမီးတို့အား မှက်၊ ခြင်၊ ယင်၊ လေမသန်းရအောင် ကြီးစွာသော ကရုဏာနှင့် အမြဲ

www.burmeseclassic.com


စောင့်ရှောက်ပေ၏။ အမိသည် ကာလရေကြည် တည်သည်မှ စ၍ နှစ်သက်ရွှင်လန်းစွာ ပီတိများ တစိမ့်စိမ့်ဖြာလျက် မုဒိတာ စိတ်သည် ထာဝရ တည်ရှိနေ၏။ ထိုမှတစ်ပါး သားသမီး တို့အပေါ် ဘယ်သောအခါမှ အပြစ်မမြင်၊ အစဉ် သနား ခွင့် လွှတ်လျက် ဥပေက္ခာတရားသည် အမိရင်၌ ဘယ်သောအခါမှ မကင်းပေ။ ထို့ကြောင့် အမိသည် ဗြဟ္မာ မည်ပေ၏။

နတ်ဟူသည် (၁) သမ္မုတိနတ်
(၂) ဥပပတ္တိနတ်
(၃) ဝိသုဒ္ဓိနတ်ဟူ၍ သုံးမျိုးရှိရာ

သမ္မုတိနတ်ဟူသည် လူအများကသမုတ်၍ တင်မြှောက်ထား သော ရှင်ဘုရင်ကို ခေါ်၏။ နတ်ဘုံနတ်နန်းတို့၌ စံပျော်နေသော နတ်တို့ကို ဥပပတ္တိနတ်ဟု ခေါ်၏။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ စသည်တို့ကို ဝိသုဒ္ဓိနတ်ဟု ခေါ်၏။

**ဝိသုဒ္ဓိနတ်** ဟု ခေါ်ဝေါ်သမုတ်ခြင်း ခထိုက်သော အသဝေါကုန်ခမ်းသည့် ရဟန္တာတို့သည် ပုထုဇဉ်ဗာလတို့က နှိပ်စက်ရမ်းကားခြင်းပြုကြသော်လည်း အလေးမထားဂရုမပြုဘဲ ထိုပုထုဇဉ်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်ကြကုန်၏။ ထို နည်းတူစွာ အမိသည် သားသမီးတို့အား မည်မျှပင် ဆိုးရွား ပါစေ၊ အစဉ်အမြဲအပြစ်မမြင်ဘဲ ထိုသားသမီးတို့၏ ချမ်းသာ ရေး၊ ကျန်းမာရေးတို့ကိုသာ အစဉ်အမြဲ လိုလားကြ၍ အမိ သည် ဝိသုဒ္ဓိနတ်လည်း မည်၏။

www.burmeseclassic.com


မဟောသဓဇာတ်တော်တွင် ထီးချက်စောင့် နတ်သမီးက ဝိဒေဟရာဇ်မင်းအား အမေးပုစ္ဆာထုတ်ရာတွင် 'အရှင်မင်းကြီး၊ အကြင်သူတစ်ယောက်သည် အကြင်သူတစ်ယောက်ကို လက်ဖြင့်လည်းကောင်း၊ ခြေဖြင့်လည်းကောင်း မျက်နှာ၊ ရင်ဘတ်စသည်တို့ကို မပြတ်မလပ် အထပ်ထပ်ပုတ်ခတ်လျက်ပင် ရှိ၏။ ထိုအပုတ်အခတ်ကို ခံရသောသူသည် မည်သာမတာ အခါခါပင် ပုတ်ခတ်သူအား ကြည်ဖြူမနော အချစ်ဇော အဟုန်တို့ဖြင့် အခါမလပ် ချစ်တတ်၏။ ထိုသူတို့ကား အသူပါနည်း'ဟု မေးလေ၏။

မဟောသဓ သတို့သားက **'သားနှင့်အမိ'**ဖြစ်ကြောင်း ဖြေကြားသောအခါ ထီးချက်စောင့်နတ်သမီးက ထီးချက်ကို ဖွင့်၍ ကိုယ်ထင်ပြကာ ကောင်းချီးပေးသည်ဟု ဆို၏။

သားသမီးသည် မိခင်အား ရှေးဦးစွာအမှီပြု၍သာ တည်ရှိရ၏။ ထို့နောက် မိခင်ကို မှီခို၍သာ ကြီးပြင်းရ၏။ ထို့နောက်မှ လောကအကြောင်းစုံကို သိရ၏။ ထို့ကြောင့် ရှေးဦး ပထမ ကျေးဇူးကြီးသောသူဖြစ်၍ မိခင်အား **ပုဗ္ဗဒေဝတာ** လက်ဦးနတ်ဟုလည်း မည်၏။

အမိသည် သားသမီးတို့အား ကျွေးမွေးစောင့်ရှောက်ရုံသာမက လိမ္မာယဉ်ကျေးအောင် မည်သို့နေ၊ မည်သို့ထိုင်၊ မည်သို့သွား၊ မည်သို့စားဟူ၍ အားလုံးကို ရှေးဦးစွာ သင်ပေးယူဖြစ်၍ **ပုဗ္ဗစရိယ** လက်ဦးဆရာလည်း မည်၏။

www.burmeseclassic.com


အမိသည် သားသမီးတို့၏ အလှူဝတ္ထုကို ခံယူထိုက်သော ပုဂ္ဂိုလ်ဖြစ်၍ **အာဟုနေယျပုဂ္ဂိုလ်** ဟုလည်း မည်၏။

အမိသည် သားသမီးတို့၏ ရှေးဦးရှေးဖျား လေးစားကြည်ဖြူ အလုပ်အကျွေးပြုမှုကို ခံထိုက်၏။ မည်သည့်အလို့ငှာ စီမံထားသော ပစ္စည်းကိုပင် ဖခင်သည် အလှူခံထိုက်၏။ ထို့ကြောင့် ပါဟုနေယျပုဂ္ဂိုလ်ဟုလည်း မည်၏။

ဘုရား၏သာသနာ ၁၁၀၀ ကျော်တွင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၌ **ဝိဇ္ဇာသမ္ဘ** မည်သော အမတ်ကြီးသည် ဟိတောပဒေသ မည်သော ကျမ်းကို ပြုစု၏။ ထိုကျမ်းတွင် အမတ်ကြီးက အမိ၏ ကျေးဇူးသည် ပြည်သူပြည်သားသတ္တဝါအများတို့ မှီခိုအားထားရာ တိုင်းနိုင်ငံထက်ပင် ပိုမို မြင့်မြတ်သည်’ဟု ရေးခဲ့၏။

အမိကိုလုပ်ကျွေးသောသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟု ဆိုအပ်သော ဒုဂ္ဂတိအပါယ်ဘုံသို့ မရောက်ဘဲ သုဂတိဘုံဖြစ်သော နတ်ပြည်သို့ ရောက်ရှိခံစားကြရသည်ဟု ဗုဒ္ဓဘာသာအဆိုအမိန့်များက ဆိုသည်။ (ဤကဲ့သို့ တင်စားပြဋ္ဌာန်းရေးသားကြရာတွင် ဖခင်ကိုလည်း အမိနှင့်အတူ တွဲ၍ တင်စားပြဋ္ဌာန်းကြကုန်၏။)

●

www.burmeseclassic.com

သမုဒ္ဒေါ ပါတိကံ ယထာ

**အလွန်ကျယ်ဝန်းလှသော မဟာသမုဒ္ဒရာသည်**
**မိဘမေတ္တာနှင့် နှိုင်းစာပါက မိုးရေတစ်စက်မျှလောက်သာ**
**ဖြစ်ပေ၏။**

(မာတုပေါသကသုတ်)

# အခန်း(၂၃)

## လူသား၏ မြင့်မြတ်သော စံပြစိတ်ဓာတ်

ကမ္ဘာ့သမိုင်းကို လေ့လာသောအခါ မိခင်အုပ်စိုးသော ခေတ်ဟူ၍ ခေတ်တစ်ခေတ်ကို တွေ့ရ၏။ ထိုခေတ် ထိုအချိန်အခါသည် ဆွေမျိုးစု လူ့အဖွဲ့အစည်း၏ ပထမပိုင်းတွင် ဖြစ်၏။ မိခင် အုပ်စိုးသောခေတ်တွင် ခေါင်းဆောင်ပြုလုပ်ကြသူတို့မှာ အမျိုးသမီးများသာလျှင် ဖြစ်၏။

ထိုအခါက ယောက်ျားတို့သည် အမဲလိုက်သည့် လုပ်ငန်းကို တစ်ချိန်လုံးလုံးလိုလိုလုပ်ဆောင်နေသောကြောင့် ဆွေမျိုးစုအဖွဲ့၏ အသက်မွေးမှုအတွက် အစစအရာရာလုံလောက်အောင် အချိန်မပေးနိုင်ပေ။ ထိုအခါ အမျိုးသမီးများသည် သီးနှံများကို စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူခြင်း၊

www.burmeseclassic.com


စသည့် အလုပ်များကို လုပ်ကိုင်ကြရ၏။ ထို့ကြောင့် အမျိုးသမီးများသည် စားစရာနှင့် လူ့အသုံးအဆောင် အများစုကိုထုတ်ပေးသည့်အပြင် အိမ်ထောင်စုအတွင်း စီမံခန့်ခွဲမှုအရပ်ရပ်ကိုလည်း အမျိုးသမီးတို့ကသာ လုပ်ဆောင်ရသောကြောင့် ဆွေမျိုးစုကို ဦးဆောင်သူမှာ အမျိုးသမီးများသာဖြစ်ခဲ့၏။

ကျွန်ပိုင်ရှင်ခေတ်၊ ပဒေသရာဇ်နှင့် အရင်းရှင် စနစ်များတွင် လူလူချင်း ခေါင်းပုံဖြတ်ခွင့်နှင့်အတူ အမျိုးသားတို့က တစ်ဖက်သတ်စိုးမိုးခဲ့ကြသော်လည်း တစ်ချိန်တစ်ခါက အထက်ပါအတိုင်း အမျိုးသမီးတို့၏ ဩဇာအာဏာကြီးမားခဲ့ကြောင်း လူ့အဖွဲ့အစည်းတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက်များတွင် လေ့လာတွေ့ရှိနိုင်၏။

မြန်မာကျေးလက်ဒေသများ အပါအဝင် မော်မိုဆာ၊ မြောက်အမေရိကတိုက်ဌာနေ အင်ဒီးယန်းလူမျိုးများနှင့် အက်စ်ကီမိုးလူမျိုးတို့တွင် လက်ထပ်ပြီးပါက သတို့သားသည် သတို့သမီးအိမ်ကိုသွား၍ နေထိုင်ကြ၏။ ဤအလေ့အထသည် တစ်ကြိမ်တစ်ခါက အမျိုးသမီးများ ဩဇာလွှမ်းမိုးသည့် ခေတ်တစ်ခေတ် ဖြစ်ခဲ့ဖူးကြောင်း သိရှိစေနိုင်သည့် အချက် ဖြစ်သည်ဟု မနုဿဗေဒပညာရှင်များက ဆိုကြသည်။

မြောက်အာဖကတိုက်ရှိ **အီရိုကွိ**လူမျိုးများတွင် တစ်ချိန်က မိခင်ကြီးတစ်ဦးက ဦးစီးဦးဆောင်ပြုလျက် အိမ်ရှည်ကြီးတစ်ခုတွင် စုပေါင်းနေထိုင်သည့် အစဉ်အလာရှိခဲ့ဖူး၏။ ထိုသို့နေထိုင်ရာတွင် အုပ်ချုပ်သူမိခင်က အာဏာပိုင်ဖြစ်ပြီး မိခင်

www.burmeseclassic.com


ကြီး၏ သြဇာကို မနာခံသူအမျိုးသားများသည် ထိုအုပ်စုမှ အခြားသို့ အပြီးအပိုင် ထွက်ခွာသွားကြရ၏။

နယူးမက္ကဆီကိုရှိ ပွေဘလိုအင်ဒီးယန်းလူမျိုးများတွင်လည်း အိမ်ထောင်ပြုပြီးပါက သတို့သားသည် အမျိုးသမီး မိသားစုဘက်သို့ လိုက်၍ နေထိုင်ကြရပြီး ယောက္ခမများသည် ပထမဆုံး မြေးမရမချင်း သမက်ကိုသူစိမ်းကဲ့သို့ ဆက်ဆံကြ၏။

တောင်အမေရိကတိုက်တွင်ရှိသော ယဉ်ကျေးမှုခေါင်းပါးသည့် ဌာနေ အင်ဒီးယန်းလူမျိုးများအကြားတွင်လည်း မိခင်ကြီးစိုးသော စနစ်များကို တွေ့ရှိရ၏။ အထူးသဖြင့် ကာလီဖိုးနီးယား ပင်လယ်ကွေ့အတွင်းရှိ ဆီရီလူမျိုးအတွင်း မိသားစုများကို မိခင်ကြီးတစ်ဦးကသာ ဦးဆောင်လေ့ရှိ၏။ နေထိုင်ရန် တဲများကိုပင် အမျိုးသားတို့၏ အကူအညီမပါဘဲ အမျိုးသမီးတို့က ဆောက်လုပ်ကြ၏။ ထိုမိသားစုများတွင် လင်သားခင်ပွန်းမည်သူဖြစ်သည်ကို ရတ်တရက်သိသာရန် ခဲယဉ်းလှ၏။ အမျိုးသမီးတို့ကသာ အလုပ်လုပ်သူများဖြစ်ပြီး အမျိုးသားများသည် မိခင်ကြီး၏ အဆုံးအဖြတ်ကို တစ်သဝေမတိမ်း နာခံကြရ၏။

စစ်တိုက်ရာတွင်ကား အမျိုးသားထဲမှ ခေါင်းဆောင်တစ်ဦးကို မိခင်ကြီးက ရွေးချယ်ပေးပြီး မိန်းမသားတို့၏ သြဇာဖြင့် အမျိုးသားတို့က စစ်တိုက်ကြရ၏။

အလားတူ လူနေမှုစနစ်များကို မက္ကဆီကိုဒေသနှင့် ပီရူးဒေသများတွင်လည်း တွေ့ကြရ၏။

တောင်အမေရိကနှင့် မြောက်အမေရိကတိုက်များတွင်သာမက ထိုကဲ့သို့သော ဓလေ့စရိုက်များကို အာဖရိကတိုက်တွင်

www.burmeseclassic.com


လည်း တွေ့ကြရ၏။ အာဖရိကအတွင်းရှိ ဘုရှ်မင်းလူမျိုး၊ ဘာဆူတိုလူမျိုး၊ ဘာရိုလွန်လူမျိုးတို့သည် မိခင်အုပ်စိုးသော လူနေမှု စနစ်များအောက်တွင် နေထိုင်ခဲ့ကြ၏။

အာဖရိကအရှေ့ပိုင်း ဒေသများတွင် နေထိုင်ကြသော မာရော့ဆီလူမျိုး၊ ယာဟိုလူမျိုး၊ အန်ဟန်ဟာလူမျိုး၊ ကွမ်ဘူကာလူမျိုး၊ မိုဆူတိုလူမျိုးနှင့် ကွန်ဂို တောနက်ကြီးအတွင်းမှ ပစ်ဂမီလူမျိုးတို့သည် မိခင်အုပ်စိုးသော စနစ်ကို သမားရိုးကျ ကျင့်သုံးကြ၏။

ဆာဟာရသဲကန္တာရ တောင်ပိုင်းဒေသများတွင်လည်း အတ္တလန်တိတ်ကမ်းခြေမှ နိုင်းမြစ်ဝှမ်းအထိ မိခင်အုပ်စိုးသော စနစ်ပေါ်တွင်သာ အခြေခံ၍ နေထိုင်ခဲ့ကြသည်။

ဆာဟာရဒေသရှိ ဘာသာလူမျိုးစုများအတွင်းသို့ ရောက်ရှိခဲ့သော ခရီးသည်တစ်ဦးက မှတ်တမ်းရေးသားရာတွင် ‘ဤအရပ်တွင် ကိစ္စအားလုံးအတွက် မိခင်နွယ်ဖွား မိန်းမသားတို့၏ နှုတ်မှထွက်သော စကားများသည် ဥပဒေများသာ ဖြစ်ချေသည်’ဟု ရေးသားထားခဲ့၏။ ထိုဘာသာ လူမျိုးများကို ဂရိ လူမျိုးတို့က ‘လစ်ဗျားလူမျိုး’များဟု ခေါ်ဝေါ်ကြ၏။ ယင်း လစ်ဗျားလူမျိုးအနွယ်များတွင် လစ်ဗျားရှေးဟောင်း စာပေနှင့် ယဉ်ကျေးမှုဗဟုသုတများကို အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသူတို့မှာ မိန်းမသားများပင် ဖြစ်ကြ၏။

မလေးရှားကျွန်းဆွယ်ရှိ လူမျိုးများတွင်လည်း ယနေ့တိုင် မိခင်ကြီးစိုးသောစနစ်ကို ဦးစားပေးလက်ခံနေကြဆဲ ဖြစ်၏။ တရုတ်ပြည် မင်မင်းဆက်ကာလအတွင်း တရုတ်ခရီးသည်များ

www.burmeseclassic.com


၏မှတ်တမ်းတွင် ဆူမတြားကျွန်းရှိ မလေးအနွယ်များသည် မိခင်ကြီးစိုးသောအိမ်ထောင်ရေးနစ်ကို ကျင့်သုံးကြကြောင်း မှတ်တမ်းများ ရေးသားထားကြသည်ကို တွေ့ရှိရ၏။

မှတ်တမ်းရှင်တစ်ဦးက မလေးအနွယ်များသည် အိမ်တန်းရှည်ကြီးများကိုတည်ဆောက်၍ ထိုအိမ်ရှည်ကြီးများရှိ မိသားစုအများအပြားကို မိခင်ကြီးက အုပ်စိုးကြောင်း မှတ်တမ်းတင်ထား၏။ မလေးလူမျိုးတို့၏ မိခင်ကြီးစိုးသောစနစ်ကို မလေးဘာသာဖြင့် **ဆာမိုင်ဒိုင်** ဟု ခေါ်ဆို၏။

ထိုကဲ့သို့ မိခင်အုပ်စိုးသောစနစ်ကိုဆူမတြားကျွန်း၊ တီမောကျွန်း၊ ဖိလစ်ပိုင်ကျွန်းတို့တွင်လည်း ကျင့်သုံးလိုက်နာနေကြဆဲဖြစ်၏။

အာရှတိုက်အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင်လည်း မိခင်ကြီးစိုးသောစနစ်ကို တွေ့ရှိရ၏။ ထိုဒေသများတွင် သတို့သားသည် သတို့သမီး၏ မိသားစုနှင့် ပိုမိုကြာမြင့်စွာ အတူနေထိုင်ကြသည်မှာ ဓလေ့ထုံးစံပင် ဖြစ်တော့၏။ ဆိုက်ဘေးရီးယားတောင်ပိုင်းရှိ လူမျိုးတစ်မျိုးတွင် သတို့သမီးသည် လက်ထပ်ပြီးနောက် ဖလသို့မဟုတ် တစ်နှစ်ကြာသည့်တိုင် မိခင်နှင့်အတူပြန်နေတတ်ပြီး သတို့သားသည် သတို့သမီးနောက်သို့ လိုက်နေကြရ၏။

အိန္ဒိယနိုင်ငံ အာသံတောင်တန်းဒေသတွင် ဌာနလူမျိုးအုပ်စုတစ်စုအတွင်း၌ လူသေအလောင်းများကို မြှုပ်နှံရာတွင် အမျိုးသမီးအထိမ်းအမှတ် လက်ဝါးကပ်တိုင် အမှတ်အသားများကိုစိုက်ထူကြ၏။ ထိုလူမျိုးစုကို **မဟာရီ**ဟု ခေါ်ဆိုကြ၏။

www.burmeseclassic.com


'မဟာရီ'ဆိုသော ကစားလုံးမှာ **'မိခင်ဘဝ'**ဟု အဓိပ္ပာယ် ရ၏။ ထိုလူ့အဖွဲ့အစည်းတွင် မိခင်သည် အရပ်ရပ်ပစ္စည်းဟူသမျှ ကိုပိုင်ဆိုင်ခွင့် ရှိသည်။

မိခင်အုပ်စိုးသောစနစ်နှင့်ပတ်သက်၍ အချို့သောပုဂ္ဂိုလ် များက မိခင်အုပ်စိုးသော စနစ်မှာ ပါဏဗေဒ သဘောအရ မိန်းမသား(ခေါ်) အမများက ဝပ်ကျင်းရှာဖွေသော အလေ့ သာလျှင် ဖြစ်သည်ဟု ဆို၏။ တိရစ္ဆာန်များတွင် လိင်ကိစ္စ၌ အဖိုအရော အမပါ အကျုံးဝင်သောကိစ္စ ဖြစ်သော်လည်း အမ ကသာ ဝပ်ကျင်းရှာရသည်။

မြန်မာလူမျိုးတို့အတွင်း၌လည်း မိခင်ကြီးစိုးသော စနစ် စရိုက် ဓလေ့လက္ခဏာများကို အိမ်ထောင်ရေး ကိစ္စများတွင် တွေ့ရ၏။ သတို့သားနှင့်သတို့သမီးလက်ထပ်ပြီးပါက သတို့သား သည် သတို့သမီးအိမ်သို့ လိုက်သွားရ၏။ ထိုအချိန်မှစ၍ သတို့သားကိုသတို့သမီး၏ မိသားစုဘက်မှ လုံးဝပိုင်ဆိုင်သွား တော့၏။ ထိုသတို့သား၏ဝင်ငွေကိုလည်း သတို့သမီး၏မိသားစု လက်သို့သာအပ်ရပြီး မိမိ၏မိသားစုက အဖျား၊ သတို့သမီး၏ မိသားစုက အရင်း ဖြစ်သွားရ၏။

သတို့သား၏ မိသားစုသည် မိမိတို့ မိသားစုအတွင်းမှ စွန့်လွှတ်လိုက်သည့် သဘောရှိပြီး သတို့သမီး၏ မိသားစုက သားအဖြစ် မွေးစား လက်ခံလိုက်သည့် သဘောသာ ဖြစ် တော့၏။

ထိုကဲ့သို့သော ဓလေ့ထုံးစံများကို တိုင်းရင်းသားလူမျိုးစု များအတွင်း၌လည်း လက်ခံကျင့်သုံးနေကြဆဲ ဖြစ်၏။

www.burmeseclassic.com


ဤခလေ့ထုံးစံများသည် တစ်ကြိမ်တစ်ခါက လူ့သမိုင်းတွင် မိခင်များအုပ်စိုးခဲ့သော ခေတ်တစ်ခေတ်အဖြစ် အတိအကျ ရှိခဲ့ဖူးသည်ဟူသော သာဓကများပင် ဖြစ်၏။

မိခင်များ ကြီးစိုးခြင်း၊ အုပ်စိုးခြင်း ခေတ်၏ အဓိက လက္ခဏာရပ်မှာ **အေးချမ်းခြင်းနှင့် စည်းလုံး ညီညွတ်ခြင်း** ပင် ဖြစ်၏။

လူပေါ်စအခါက အုပ်စုအသွင် ပေါ်လာခြင်းသည် မိခင်စိတ်ဓာတ်ပေါ်တွင် အခြေခံ၍ ပေါ်လာသည်ဟု အချို့က ဆို၏။ မိခင်စိတ်ဓာတ်သည်ပင်လျှင် လူ့ဘောင် ဆက်ဆံရေးသမိုင်းတွင် စည်းစည်းလုံးလုံးရှိစေမှု၏ အခြေခံတရား ဖြစ်၏။

မိခင်နှင့်သားသမီးဆက်ဆံရေးသည် မိသားစုစိတ်ဓာတ်ကိုဖြစ်ပေါ်စေ၏။ မိသားစုစိတ်ဓာတ်သည် မျိုးချစ်စိတ်ကို မွေးဖွားစေ၍ ယဉ်ကျေးမှုဟူသည် ထိုမိခင်စိတ်ဓာတ်၊ မိခင်စရိုက်လက္ခဏာများမှ ပေါ်ပေါက်ရ၏။

မိခင်စိတ်သည် စည်းလုံးခြင်းနှင့်အေးချမ်းခြင်းကို ထာဝရဦးတည်ရကာ ငြိမ်းချမ်းရေးအတွက်လည်း အခြေခံစိတ်ဓာတ်တစ်ခုပင်ဟု ရည်ညွှန်းပေ၏။

အချို့သော သိပ္ပံပညာရှင်များ၊ စိတ်ပညာရှင်များနှင့် မနုဿဗေဒ ပညာရှင်များက မိခင်စိတ်သည် မြင့်မြတ်သော လူသားတို့၏ စံပြစိတ်ဓာတ်အဖြစ် လက်ခံကြပေသည်။

●

www.burmeseclassic.com

**မိခင်တို့၏မြင့်မြတ်ကြည်ညိုဖွယ်ကောင်းသောစိတ်ထားသည်**
**သူ၏သားသမီးများကို သာမက ခင်ပွန်းသည်၏**
**မကောင်းမှုများကိုပါ ပြုပြင်သည်။**

ချားလ်(စ)ဒစ်ကင် (၁၈၁၂–၁၈၇၀)
အင်္ဂလိပ်လူမျိုးစာရေးဆရာကြီး

## အခန်း(၂၄)

## ဦးသုခ၏ အမေ

ကျွန်တော်သည် ရန်ကင်းမြို့နယ်၊ မိဘဆရာအသင်း၏ ဖိတ်ကြားချက်အရ ရန်ကင်း (အ လ က) တစ်ကျောင်းတွင် ဟောပြောပွဲတစ်ခု သွားရောက်ဟောပြောရာ၌ ကျွန်တော်က 'ဘာအကြောင်းအရာ ပြောရမှာလဲ'ဟု မေးရာ တာဝန်ရှိသူတို့က 'ကလေးတွေအတွက် လမ်းသရဲမဖြစ်ရေး၊ လမ်းလွှဲမလိုက်ရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးစတဲ့ အကြောင်းအရာတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြောနိုင်ပါတယ်'ဟုဆိုသည်။

ကျွန်တော်က ဆရာသမား မိဘတို့၏ မေတ္တာကျယ်ပြန့်ကြီးမားပုံအကြောင်းကို ပြောရာ အားလုံးက ကျေနပ်ကြ၍ ကျောင်းသူ ကျောင်းသားများသည်လည်း အထူးစိတ်ဝင်စား

www.burmeseclassic.com


ကြ၏။ ကလေးများ မိဘမေတ္တာ၊ ဆရာ့ကျေးဇူးကိုသိလာသည်နှင့်အမျှ ပြောဆိုဆုံးမရာတွင် လွယ်ကူလာမည် ဖြစ်၍ အလုံမြို့နယ် အ ထ က ၅ နှင့် အ ထ က ၄ တို့တွင်လည်း မိဘမေတ္တာအကြောင်းကို ဟောပြော ဆွေးနွေးခဲ့ရာ ကျောင်းသူ ကျောင်းသား အားလုံးမှာ စိတ်ဝင်စားစွာ နားထောင်မှတ်သားကြ၏။

ဟောပြောပွဲပြီးသောအခါ အ ထ က ၅ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောရာတွင် 'မိဘမေတ္တာအကြောင်းကို ခုလိုဟောပြောတာဟာ သိပ်ကိုကောင်းတယ်၊ မိဘမေတ္တာကို လူငယ်အားလုံး သဘောပေါက်နားလည်ရင် လမ်းသရဲမဖြစ်တော့ဘူးလို့ ကျွန်မယုံကြည်တယ်၊ ခုလို ဟောပြောမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ပေးဖို့ လိုပါတယ်'ဟု ဆွေးနွေးရင်း 'ဆရာဦးသုခလည်း အခုလိုပဲ ဟောပြောပွဲတွေမှာ မိဘမေတ္တာကို ဟောပြောဆွေးနွေးတယ်။ အဲဒီလိုဆွေးနွေးရာမှာ ကျွန်မတောင် မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ရတယ်'ဟု ထည့်သွင်းပြောပြ၏။

ဆရာဦးသုခ၏ ဟောပြောပွဲကို ကျွန်တော်နားမထောင်ဖူးပါ။ ဆရာဦးသုခ ဟောပြောပွဲကို နားထောင်ရန် ကျွန်တော်ကြိုးစားပါသော်လည်း အကြောင်းမလှ၍ မဆုံစည်းခဲ့ပါ။ ဆရာဦးစောဦးက ဆရာဦးသုခ၏မိခင်အကြောင်း ဟောပြောချက်အား တစ်ဖန်ပြန်၍ ဟောပြောသည်ကိုတော့ ကျွန်တော်နားထောင်ဖူးပါ၏။ ဆရာဦးစောဦးသည် မိဘမေတ္တာနှင့် ပတ်သက်၍ ဒီပဲယင်းမြို့ အထကနှင့် စိုင်ပြင်တွဲဖက် အထကတို့တွင်

www.burmeseclassic.com


ဟောပြောစဉ်က နားထောင်ရသူ ကျောင်းသူကျောင်းသားများနှင့် မြို့နယ်တာဝန်ခံများသည်ပင်လျှင် မျက်ရည်ဝဲလာကြသည်။

ဆရာဦးသုခ၏ ဟောပြောပွဲကို ကျွန်တော်နားမထောင်ရသော်လည်း သူ့ဘဝသူ့အကြောင်းကို ကျွန်တော်သိပါသည်။ ဆရာဦးသုခသည် သူ၏ အမေအကြောင်းကို ဆရာရန်အောင်၏ အမေစာအုပ်နောက်ပိုင်းတွင် အမှာစာအဖြစ် ရေးသားထား၏။

ဆရာဦးသုခကအမှာစာတွင် **'အမေ'** ဆိုသည့်စာကလေးနှစ်လုံးကို အသံထွက်အောင်ရွတ်ကြည့်လိုက်စမ်းပါ။ အလွန်ချိုမြိန်သော၊ သာယာသော၊ စိတ်ချမ်းသာသော၊ မေတ္တာဖြင့်ထုံမွှမ်းသော အရသာကို ခံစားရပါလိမ့်မည်ဟု ရေးသားထား၏။

ဆက်လက်၍ ဆရာဦးသုခက မိမိ၏ရင်သွေးကလေးငယ်တီတာက **အမေ** ဟု ခေါ်လိုက်လျှင် အခေါ်ခံရသူမိခင်၏နားမှာ အရသာပေါ်သကဲ့သို့ ကြီးတောင့်ကြီးမား လူကြီးပိုင်းကျခါမှ မိမိက **အမေ** ဟု ခေါ်လိုက်လျှင် မိခင်သာမက မိမိကိုယ်တိုင်ကပါ ခေါ်၍အရသာရှိတတ်ပါသည်။ တော်ရုံတန်ရုံကုသိုလ်ဖြင့် အသက်ကြီးခါမှ **အမေ** ဟု ခေါ်စရာရှိနိုင်ကြသည်မဟုတ်။ လောကမှာ ဥစ္စာစီးပွား၊ ပညာအသိတရား၊ ဩဇာအာဏာများဖြင့် ဘယ်အရာမဆို ဖန်ဆင်းနိုင်သည်။ လိုတရနိုင်သည်ထား၊ မြေအုတ်များပြိုလျှင် ကျောက်ဆစ်ဖြင့် တည်ဆောက်နိုင်သည်ထား၊ မိခင်ဆိုသည့် ပုဂ္ဂိုလ်တစ်ယောက်ကိုတော့ အစားထိုး၍ ရနိုင်ကြသည်မဟုတ်။ လင်သေလျှင် လင်စားရနိုင်၍

www.burmeseclassic.com


မယားသေလျှင် မယားစားရနိုင်ကာ သားသမီးသေဆုံးစေဦး နောက် သား နောက်သမီး ရနိုင်သေးသည်။ မိခင်ဆိုသောအမေကိုတော့ အစစ်မဆိုထားနှင့် အလားတူ မေတ္တာပိုင်ရှင်မျိုးကိုပင်မရနိုင်’ဟု ရေးသားထား၏။

ဦးသုခ၏ ဇာတိသည် ကျိုက်လတ်မြို့ ဖြစ်သည်။ ဦးသုခ၏မိခင်ကြီးသည် ဖခင်ဖြစ်သူနှင့်လက်ထပ်ပြီး ဦးသုခကိုမမွေးဖွားမီမှာပင် လင်မယားချင်းကွဲ၍ ဖခင်၏အိမ်ပေါ်မှ အမေသည် ဆင်းခဲ့၏။ အမေအား နှစ်ဘက်သော ဆွေမျိုးမိတ်သင်္ဂဟတို့က သားသမီးရဲ့နောင်ရေးမို့ ခပ်အေးအေး စဉ်းစားဖို့ နားချသော်လည်း ဦးသုခ၏ အမေသည် ပြန်၍ မစေ့စပ်တော့ဘဲ ‘သားမွေးမွေး၊ သမီးမွေးမွေး မအေလိုချစ်ပြီး ဖအေလိုလူတစ်လုံးသူတစ်လုံးဖြစ်အောင် ပျိုးထောင်မယ်’ဟု ကြိမ်းဝါးခဲ့သည်။

ဤအကြောင်းနှင့်ပတ်သက်၍ ဆရာဦးသုခက ‘လောကမှာသူများအမေကချစ်သည်ဆိုသည်မှာ မိခင်မေတ္တာတစ်မျိုးတည်းသာ ဖြစ်လိမ့်မည်။ ကျွန်တော့်အမေကတော့ ကျွန်တော့်ကိုမိဘမေတ္တာ အစစ်နှင့်ချစ်ခဲ့သူ ဖြစ်ပါသည်။ အကြောင်းကား ကျွန်တော့်ကို မီးရှူးသန့်စင် မွေးလိုက်စဉ်က အဖေနှင့်အမေအဆင်မပြေ၍ ကွဲနေကြသည်။ ယောကျ်ားဖောင်စီး မိန်းမမီးနေ သေမင်းနှင့်ရင်ဆိုင်ရသော သားဦးကို ခင်ပွန်းသည် လင်တစ်ယောက်၏ အိမ်ဦးခန်းမှနေ၍ ချောင်းဟန့်သံမျှမကြားနိုင်ခဲ့ပဲ ကိုယ့်ဖွဲနှင့်ကိုယ် အံကြိတ်၍မာန်တင်းပြီး အာဝေဏိကကို စစ်ခင်းခဲ့ရရှာသည်’ဟူ၍ ဆရာရန်အောင်၏ အမေ စာအုပ်အမှာစာတွင် ရေးသားထား၏။

www.burmeseclassic.com


ဦးသုခ၏မိခင်ကြီးသည် မယားစရိတ်၊သားစရိတ်တစ်ပြား တစ်ချပ်မျှ မတောင်းဆိုခဲ့ပေ။ အမေသည် အဖေ့လို ကြွယ်ပိုးကြယ်ဝ မဟုတ်ဘဲ အမေ့တွင် ဦးလေးမျက်မမြင်တစ်ယောက်နှင့် ညီမလေးတစ်ယောက်ရှိ၏။ ဦးသုခ၏ မိခင်ကြီးသည် နောင်မြန်မာစာပေလောကနှင့် ရုပ်ရှင်လောကတွင် စာရေးဆရာသုခ၊ ဒါရိုက်တာသုခ ဟူ၍ ထင်ရှားလာမည့် ဦးသုခသန္ဓေသားကိုလွယ်ကာ ကျိုက်လတ်မြို့ ဈေးအလယ်တွင် ကိုယ်ဝန်ကြီးတလွယ်လွယ်နှင့် မုန့်ဟင်းခါးရောင်းရ၏။ နောင်ဦးသုခဖြစ်လာမည့်ကလေးငယ်ကို မွေးဖွားပြီးသည့်တိုင် အမေသည် တည်တည်ငြိမ်ငြိမ် ခန့်ချောချောသူမို့ သားတစ်ယောက်မိခင် ဖြစ်လာသော်လည်း လက်ဆက်လိုသူများ ရှိ၏။ သို့သော် အမေက 'ကျုပ်သားကို လင်ယောကျ်ား မပါဘဲ လူဖြစ်အောင် မွေးပြစမ်းပါရစေ'ဟု သူ့သဘောထားကို ကြေညာကာ လာသမျှယောကျ်ားများကို လက်ကာ၍ ပြခဲ့၏။

မကြာမီမှာပင် ဦးသုခ၏ဖခင်ကြီးမှာ နောက်အိမ်ထောင်ပြုလိုက်၏။ ထိုအခါ အမေက ပို၍ဝမ်းသာသွား၏။ အဘယ်ကြောင့်ဆိုသော် ဦးသုခ၏ဖခင်ကြီး နောက်အိမ်ထောင်မှ မွေးလာမည့်သား သို့မဟုတ် သမီးနှင့်ရင်သွေးချင်းပြိုင်လို၍ဟု ဆို၏။ ရင်သွေးချင်း ပြိုင်လိုသောကြောင့်လည်း မိခင်ကြီးသည် ဦးသုခအား သုံးနှစ်ကြာသည့် တိုင်အောင် အမည်မပေးသေးဘဲ နေ၏။

နောက်အိမ်ထောင်မှ သားဦးလေးကို မောင်သောင်းဟု အမည်ပေးမှပင် အမေက ဦးသုခဖြစ်လာမည့် ကလေးငယ်အား

သုညတစ်လုံးပိုကာ မောင်သိန်းဟု အမည်ပေးလိုက်၏။ ဦးသုခ၏အဖေသည် အထူးအာဏာရတရားသူကြီးဖြစ်လေရာ အမေက ဦးသုခကို မြို့အုပ်ဝန်ထောက် ဖြစ်စေရမည်ဟု ဘဝအကွက်ချထား၏။

ဦးသုခ ဇာတာကို ငယ်စဉ်ကဖွဲ့ရာတွင် နာမည်ကျော်ခတ်တော်ကျောင်းဆရာတော်က 'မင်းသော်လည်းကောင်း၊ ဘုန်းကြီးသော်လည်းကောင်း၊ ဆရာသော်လည်းကောင်း ဖြစ်လိမ့်မည်'ဟု ဟောရာ အမေကပို၍အားတက်ခဲ့၏။

အမေသည် သားကိုပြုစုလိုသော ဇောဖြင့်စီးပွားရှာလေရာ စီးပွားသည် တစ်နေ့တခြားတက်၏။ စီးပွားတက်သည်ကိုပင် အမေက သားလေးမှာသိုက်ဖွားမို့ မိမိစီးပွားတက်သည်ဟု အထင်ရှိ၏။ အမေသည် သားကိုအင်္ဂလိပ်စာ တတ်စေချင်၏။ အင်္ဂလိပ်စာတတ်မှ လူရာဝင်သည်ဟု အထင်ရှိ၏။ သို့သော် နောင်ဦးသုခဖြစ်လာမည့် ကလေးငယ်က အိမ်နားက မြန်မာကျောင်းတွင် ကကြီး ခခွေး အော်ပြီး အမေ့ထံ ပြေးကာ နို့စို့ချင်၏။ ခုနစ်နှစ်သားအရွယ်သို့ ရောက်သောအခါ အမေသည် သူ့သားအား အင်္ဂလိပ်ကျောင်းသို့ပို့၏။ အေဘီစီဒီကို သင်ကြားစေ၏။ သားက စီအေတီ(ကက်)ကြောင်၊ ဘီအေတီ(ဘက်)လင်းနို့၊ အမ်အေတီ(မက်) ဖျာဟု စာအော်ဖတ်လျှင် 'ငါ့သားကြီး၊ ဒါတွေတောင် အင်္ဂလိပ်လိုဖတ်တတ်နေပါပကော'ဟု ဆိုကာ ပြုံးပြုံးကြီး ချီးမွမ်းတတ်၏။

၁၉၂၀ပြည့်နှစ်၊အင်္ဂလိပ်ကျောင်းများကို သပိတ်မှောက်၍ ကျောင်းသားကြီးများနောက်သို့ လိုက်ပြီး ညဥ့်အိပ် ညဥ့်နေ

www.burmeseclassic.com


ဘုန်းကြီးကျောင်း သပိတ်စခန်း၌နေသောအခါ ဦးသုခ၏မိခင်ကြီးသည်တစ်သက်လုံး ကွဲရတော့မလောက် ငိုကြီးချက်မဖြင့် သားကိုလိုက်၍ ခေါ်သည်။ အမေကသားကို ဝန်ထောက်ဖြစ်စေချင်၏။ အမျိုးသားကျောင်းများကို တည်ထောင်ပြီး အစိုးရကျောင်းနှင့် ကျောင်းပြိုင်ဖွင့်သည့်အခါ သားက အမျိုးသားစိတ်ဓာတ်နှင့် အမျိုးသားစာပေကို ဝါသနာပါလာသောအခါ ဦးသုခမိခင်ကြီးမှာ ရင်တမမ ဖြစ်လာရ၏။ အစိုးရကမျက်မုန်းကျိုးလာပါက သူ့သားကိုဝန်ထောက်ရာထူး မခန့်မည်စိုးရိမ်သောကြောင့် ဖြစ်သည်။

အမေသည် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အင်္ဂလိပ်လို ရွတ်ရက်ဒွတ်ဒက်ပြောမှ ကြိုက်၏။ နောက်ဦးသုခဖြစ်မည့် ကလေးငယ်က ဗမာစာကြီးပေကြီးများကို အော်ကြီးဟစ်ကျယ် အလွတ်ကျက်သည်။ ကဗျာစပ်သည်။ သီချင်းဆိုသည်။ သီချင်းဆိုရာတွင် အဘိုးလေး ဦးတုတ်ပေါက စောင်းတီး၍ အမေကိုယ်တိုင်က ပတ်ပျိုးယိုးဒယား တစ်ပုဒ်စ နှစ်ပုဒ်စ တက်ပေးပြီး မကြာခဏဆိုသည်ကိုတော့ ခွင့်လွှတ်၏။ သို့သော် ဦးသုခလောင်းက ဘုရားကိုးဆူဆွမ်းကပ်စာများကို အော်ကြီးဟစ်ကျယ် ကျက်လိုကျက်၊ ဆိုင်းဆင့် လေပြေနှင့် ကွက်စိပ်စာများကိုရွတ်လိုရွတ် လုပ်သည်ကိုတော့ အမေသည် နည်းနည်းမှ ဘဝင်မကျပေ။ ထိုကဲ့သို့ဆိုချင်ရာဆိုနေသည့်အတွက် အမေသည် တစ်ကြိမ်တွင် သူ့ရင် သူတီး၍ ငိုကြီးချက်မပင် ငိုလေ၏။

နောင်ဦးသုခ ဖြစ်လာမည့် အမေ့သားသည် မြန်မာစာပျို့ ကဗျာ လင်္ကာတို့မှ စကားပြေဝတ္ထုတိုများ ခေတ်စားလာချိန်

www.burmeseclassic.com


တွင် ထိုဘက်သို့ အာရုံရောက်သွားပြန်သည်။ ထိုခေတ်ကဝတ္ထု ဟူသမျှ နန်းတွင်းမှအစ အရပ်ဝတ္ထုအထိ ချစ်ရေးကြိုက်ရေးသာ ဦးစားပေးကြသည်ကများ၏။ ဦးသုခလောင်းလေးသည် ဝတ္ထု ရေးလိုသောကြောင့် ဝတ္ထုများများ ဖတ်ရလေရာ ထိုဝတ္ထုများ ထဲမှ အချစ်အကြောင်းတွေက ဦးသုခကို စိုးမိုးလာ၏။ အရေး အသားသာမက အတွေးအခေါ် အယူအဆကပါ အချစ်ကို အမွန်အမြတ်ပြု၍ အချစ်ကိုသာ ကိုးကွယ်ဆည်းကပ်လာမိသော အခါတွင်ကား နောင်စာရေးဆရာ ဒါရိုက်တာ ဖြစ်လာမည့် ဦးသုခလောင်းကြီးသည် ကျောင်းမှထွက်ထွက်ချင်း မယားယူ လိုက်တော့၏။

ဦးသုခ၏ မိခင်ကြီးအဖို့ကား အနှစ်နှစ်အလလက သူ ရည်မှန်းခဲ့သော သားဝန်ထောက်ဖြစ်ရမည်ဟူသည့် တောင် ကြီးကား ပြိုလေတော့၏။ အမေကသဘောမတူသဖြင့် သား သည်ယောက္ခမအိမ်သို့ လိုက်သွားရသည်။ ယောက္ခမကြီးကတော့ သမီးရှင် ဖြစ်၍ သမက်ကိုပါ လက်ခံပါ၏။

မိန်းမရပြီးသည့်နောက် အလုပ်အကိုင်လေးရသောအခါ၊ ငွေလေးကြေးလေး ရှင်လာသောအခါ ရသမျှငွေကြေးဖြင့် ယောက္ခမကြီးအား မျက်နှာလုပ်ခဲ့၏။ အမေကိုကား သတိမရ ခဲ့ပေ။ အမေသည် သား၏လုပ်စာကို မစားရသော်လည်း သား ကလေး ချောင်ချောင်လည်လည်ဖြင့် မြင်တွေ့နေရသည့်အတွက် ပီတိဖြစ်နေရှာသည်။

စာရေးဆရာ၊ ဝတ္ထုရေးဆရာဖြစ်လိုသူတို့သည် စာပေက လွဲလျှင် ဘာအလုပ်မှ မြဲသည်မဟုတ်။ ဦးသုခသည် ရှင်ပျော်

www.burmeseclassic.com


ပျော်၍ တစ်မူးတန် ဝတ္ထုတိုလေးတစ်ပုဒ် စွဲသောအခါ မိမိကိုယ်မိမိအထင်ကြီးပြီး ရန်ကုန်သို့ တက်ခဲ့တော့၏။ စိတ်အထင်မှာ ဝတ္ထုတစ်ပုဒ် ငွေအစိတ်၊ တစ်လကို ဝတ္ထုသုံးပုဒ်ရေးပါက ၇၅ကျပ်ရမည်၊ ဒုတိယမြို့အုပ်ဆိုသူ၏ လခမှာ တစ်ရာကျော်ရုံကလေးမျှသာ ဖြစ်သည်ဟု စိတ်ကူးယဉ်ခဲ့၏။ သို့သော် ဦးသုခအဖို့ အထင်နှင့်အမြင် ပါစင်အောင် လွဲခဲ့သည်။ ရန်ကုန်သို့ရောက်၍ တစ်လနှစ်လ ဆိုလျှင်ပင် စာရေးဆရာနှင့် ဝတ္ထုရေးဆရာတို့၏ လက်တွေ့ဘဝကို မရှုမလှခံလိုက်ရ၏။ ဝတ္ထုတစ်ပုဒ် ငွေအစိတ်ဟုဆိုသော်လည်း တစ်ခါပေးမှ တစ်ကျပ်ပေး နှစ်ကျပ်ပေး အလီလီအလာလာပေးသည်။ ကိုယ်က ဝတ္ထုသုံးပုဒ်ရေးသော်လည်း ထုတ်ဝေသူက တစ်လတစ်ပုဒ်မှ အနိုင်နိုင်သုံး၏။ ဝတ္ထုရေး၍ သားမယားကို အိမ်တစ်ဆောင် မီးတစ်ပြောင် ထားဖို့ဆိုသည်မှာ ဝေးလာဝေး၊ မိမိပင်လျှင် ကုန်းကြောင်း လျှောက်၍ ဗယာကြော်နှင့် ရေသောက်ကာ နေရ၏။

ဗယာကြော်နှင့် နေကုန်ခဲ့ရသော ရက်များသည် ဆက်ကာ ဖြစ်လာပြီး ရန်ကုန်၌ ဒုက္ခနှင့် နပမ်းလုံးနေချိန် တစ်ညနေခင်းတွင် ဦးသုခသည် ဓာတ်စက်မှ ဓာတ်ပြားတစ်ချပ်ဖွင့်ရာ ယင်းဓာတ်ပြား သီချင်းကို ကြားလိုက်ရသောအခါ မွေးညင်းကြက်သီးများပင် ထလာတော့၏။ ထိုသီချင်းကို ဦးသုခ ကြားဖူးသည်မှာ ဤအကြိမ်သည် ပထမဆုံး ဖြစ်သည်။ သီချင်းမှာ 'အနန္တော အနန္တ ငါးဝဂုဏ်ရည်၊ ယုံယုံကြည်ကြည် နေ့စဉ် ရိုကျိုးရှိခိုးကြရဲ့လား၊ ဆရာသမား၊ မိဘ၊ ဘုရားနဲ့ တစ်ဂိုဏ်း

www.burmeseclassic.com


တည်း နှိုင်းယှဉ်ပြသည်’အစရှိသော **ရွှေတိုင်ညွန့်** ရေး၍ အမေ **ဒေါ်ကြည်အောင်** သီဆိုသော **‘ဝိစိတြ’** မိဘမေတ္တာသီချင်းပင် ဖြစ်၏။

ဦးသုခသည် ထိုသီချင်းကိုရပ်၍နားထောင်လိုက်၏။နား ထောင်ရင်းမှ တစ်ကိုယ်လုံး စိမ့်၍စိမ့်၍ အေးလာ၏။ ချွေးစေး များ ထွက်ကာ တုန်တုန်ယင်ယင် ဖြစ်လာသည်။ နားထဲ တွင်လည်း သေးငယ်ချွန်မြသော တံကျင်ကလေးဖြင့် သွင်း လိုက်သကဲ့သို့ နာနာကျင်ကျင် ခံစားလိုက်ရသည်၊ ရင်ထဲမှ တလှပ်လှပ်ခံစားလာရ၏။ လူကမငိုရဘဲ မျက်ရည်ပူများ မျက်စိထောင့်ဝယ် တွဲရရွဲခိုလာကြသည်။

သီချင်းထဲမှ မူရင်းစာသားတို့မှာ အဇာတသတ် လင်္ကာ ကြီးထဲမှ အကြောင်းအရာများ ဖြစ်သည်။

* * *

မဟာဗဟိုရ်စည်တီး ရာဇဂြိုဟ်ပြည်ကြီးတွင် ဘုရင် ဗိမ္ဗိသာရသည် အဖြစ်ဆိုးနှင့် တိုးရှာတော်မူခဲ့သည်။ သားတော် မောင် အဇာတသတ်မင်းသားက နန်းရပ်ထီးဖြူလုယူရာတွင် ဘုရင်ဗိမ္ဗိသာရက ထီးဖြူနန်းရပ်ကို လွှဲပေးပါသော်လည်း သား အဇာတသတ်က ထောင်သွားအကျဉ်းချထားခဲ့လေ၏။

အလင်းအမှောင်ခွဲမရတဲ့ အကျဉ်းထောင်ထဲမှ နန်းကျ ဘုရင်ဗိမ္ဗိသာရသည် ခန္ဓီပါရမီ ဖြည့်တင်းလက်ကိုင်ထား၍

www.burmeseclassic.com



ဘာဝနာပွားကာ ရဝေနန်း ပလ္လင်မှ ရွှေနန်းရှင် သားတော်လေး အဇာတသတ် သောကကင်းဝေး ပျော်မွေ့စေကြောင်း ဆုတောင်းလို့ မေတ္တာရင်၊ ငါ ယခုခံစားရသည့် ဒုက္ခတွေသည် ပြုသူအပြစ် ဖြစ်သူအဟောင်းမဖြစ်ပါစေနဲ့လို့ နန်းကျဘုရင် ဗိမ္ဗိသာရက နှလုံးပိုက်ကာ ဆုတောင်းနေပေ၏။ သို့သော် သားမိုက် အဇာတသတ်သည် ထောင်တွင်း၌ ဖခင်ကြီးအား အစာမပေးဘဲထားသော်လည်း မသေသည်မှာ စင်္ကြံလျှောက်ခြင်းဖြစ်သည်ဟုဆိုကာ ဘုရင်ဗိမ္ဗိသာရအား လမ်းမလျှောက်နိုင်ရန် ခြေဖဝါးကိုဓားနှင့် ခွဲစေ၏။

သီချင်းမှာ ကရုဏာရသဖြင့် အလွန်ပြည့်စုံသော သီချင်းဖြစ်ပေ၏။ အဆိုကလည်းပိုင်၊ သီချင်းစာသားကလည်း ကောင်းသဖြင့် နားထောင်ရသူတို့၏ စိတ်ကို ယိုဖိတ်စေပါ၏။

“ဓားတစ်လက်လက် ခြေအဆွ၊ ဆားတစ်စက်နှစ်စက် အရေချတော့ နန်းကျဘုရင်ဗိမ္ဗိသာရမှာ စကားတစ်ချက်နှစ်ချက်တောင် မပီသနိုင်ဘူး၊ ကြမ္မာရဟတ်ရယ်က တစ်ပတ်လည်လေပြီ”

ထိုကဲ့သို့ ဗိမ္ဗိသာရဘုရင်ကြီးအား အစာမပေး ရေမပေးဘဲ ခြေဖဝါးကို ဓားနှင့်ခွဲ ရက်စက်မှုများ ပြုပြီးချိန်တွင် အဇာတသတ် ဘုရင်လေးတွင် သားတော်တစ်ပါး ဖွားမြင်ခဲ့သည်။ ထိုအခါ အဇာတသတ်ဘုရင်လေးသည် သားလေးအား ချစ်မဝနိုင်လွန်း၍ ရာဇက္ကြန္ဒြေပင်ပျက်ကာ အချစ်ရူး ရူး၍ မိခင်ကြီးအား စကားလေးတစ်ခွန်းလောက် မေးပါရစေ၊ ကျွန်ုပ်

www.burmeseclassic.com


ဖခင်ဟာ ကျွန်ုပ်၏သားကို ကျွန်ုပ်ချစ်သလို ချစ်ပါရဲ့လားဟု မေးရာတွင်...

'ဝေဒဟီ ဖြေမဆည်နိုင်ပြီ၊ မင်းအပေါ် အဖေချစ်တာတွေ အမေပြောပြမည်၊ ခမည်းတော်ဘုရားရဲ့ အပေါ် အထင်တော် မမှားသင့်ပြီ၊ မောင့်အပေါ် ကြင်နာ သနားတာတွေ ပိုပါသည်၊ သားလူမမည် ငယ်ရွယ်စဉ်က အတည်၊ တကျွမ်းခူနာကြီးရယ်ကြောင့်၊ ညည်းကာငိုရှာသည်၊ မောင့်ဖခင် အာခံတွင်းမှာ သွင်းကာ သိပ်ရသည်၊ ချစ်ရတဲ့ သားပေမို့ အမေရင်ထုကာ မရှုရက်နိုင်ပါပြီ၊ ချစ်ရတဲ့ သားပေမို့ အမေ ရင်ထုကာ မကြည့်ရက်နိုင်ရှာပြီ၊ မင်းအနာ မသတိလောက်စရာပ... ပြည်ပေါက်တာတောင် မျိုကာချရှာသည်...'

* * *

ဤသီချင်းကို ကြားရသူတိုင်းသည် အနည်းနှင့် အများကြေကွဲဝမ်းနည်းကြသည်သာ ဖြစ်၏။ မေတ္တာဓာတ်ခံရှိသူများသည် ဆို့နင့်ရသည်သာ ဖြစ်၏။ နောင်တရနေသော သားသမီးတို့သည် မျက်ရည်ဖြိုင်ဖြိုင် ကျရသည်သာ ဖြစ်၏။ မိဘ၏ မေတ္တာကို ကျောခိုင်းမိခဲ့သူများသည် မဖြေသိမ့်နိုင်အောင် တစိမ့်စိမ့် ရင်နင့်ရသည်သာ ဖြစ်၏။

ဦးသုခသည် ဤဝတ္ထုကို သိဖူးကြားဖူးပါသော်လည်း

www.burmeseclassic.com


အမှုမဲ့အမှတ်မဲ့ပင် ရှိရာမှ ယခုလို ကြားလိုက်ရသောအခါ မိခင်ကြီး၏ မေတ္တာကို ထင်ထင်ရှားရှား ဘွားကနဲတွေ့လိုက်ရတော့၏။

ထိုအခါမှပင် အမေ့ကျေးဇူးနှင့် အမေ့မေတ္တာကို ဦးသုခ သိလာခဲ့သည်။ နောင်တရလာခဲ့သည်။ မိခင်ကြီးအား ကျွေးချင်ပါသည်၊ ပြုစုချင်ပါသည်ဟု ဆိုသော်လည်း ငွေက မရှိ။ ဘဝက မိမိသည်ပင်လျှင် သူများအိမ်တွင် ကပ်နေရသောဘဝ။ မည်သို့ပင်ဖြစ်စေ မိခင်ကြီးထံတော့ အရောက်ပြန်ရမည်ဟုဆိုကာ ရန်ကုန်မှ ကျိုက်လတ်သို့ပြန်ခဲ့ရာ မိခင်ကြီးထံ တိုက်ရိုက်မပြန်ရဲသေးသဖြင့် ဘုန်းကြီးကျောင်းတွင် ခေတ္တခိုနေချိန်၌ ကံအားလျော်စွာ ဒုလ္လဘရဟန်းခံရအောင် အခွင့်တစ်ခုက ကြုံခဲ့သည်။ ရဟန်းဘဝဖြင့် ဆွမ်းခံကြွချိန်တွင် ဦးသုခသည် သူ့မိခင်ကြီးနေသော အိမ်နားသို့ ရောက်သွား၏။ ထိုအိမ်ကြီးရှေ့တွင် တဲကလေးထိုးကာ သူ့မိခင်ကြီးမှာ နေနေရ၏။ မိခင်ကြီးဖြစ်သူမှာ ရဟန်းများကြွလာလျှင် ‘ငါ့သားလေးများ ဒီရဟန်းတော်တွေထဲမှာ ပါလာရင် ငါ ဘယ်လောက်များ ဝမ်းသာရပါ့မလဲ၊ ငါ့ရှေ့မှာ ဘုရားတပည့် သံဃာတော်များ လာရပ်သော်လည်း ငါ့မှာ မလှူနိုင်သော ဘဝပါလား’ဟု တွေးတောကာ တဲတိုင်လေးကို မှီရင်း သံဃာတော်များအား ကြည်ညိုစိတ်နှင့် ကြည့်နေရှာ၏။

ဦးသုခသည် သူ့မိခင်ကြီးအား တွေ့ရသောအခါ ဆို့မတတ်ဖြစ်ပြီး ဆွမ်းခံမှပြန်လာသောအခါ ရရှိလာသော ဆွမ်းကို မိခင်ကြီးအား ကျွေးရန် ထိုတဲကလေးသို့ ကြွသွားလေ၏။

တဲလေးသို့ရောက်သော် မိခင်ကြီးသည် ဆွမ်းတော်လာရပ်သည်ကို မလှူနိုင်၍ 'ကန်တော့ဆွမ်းပါဘုရား'ဟု မပြောရက်မဆိုရက် ဖြစ်နေစဉ်တွင် ရဟန်းဦးသုခက 'အမေ… အမေ၊ အမေ့သား မောင်ရဟန်းပါ၊ မောင်ရဟန်းခံလာသော ဆွမ်းကို အမေစားပါတော့'ဟု ကျွေးသောအခါ အမေသည် ဝမ်းသာလွန်း၍ ချုံးပွဲချငိုတော့၏။

ဆရာဦးသုခက ထိုကဲ့သို့ အမေ၏ ကျေးဇူးကို သိပြီးသည်နှင့် တစ်ပြိုင်နက် အလုပ်အကိုင်အတည်တကျ ရှိလာခဲ့သည်ဟု ဆို၏။ အလုပ်အကိုင်အတည်တကျ ရရှိလာသောအခါ ဆရာဦးသုခက မိခင်ကြီးအား သူနှင့်လာနေရန်ခေါ်ပါသော်လည်း မိခင်ကြီးက သမီးငယ်နှင့် ပုသိမ်သို့ လိုက်သွား၏။ မိခင်ကြီး ချောင်ချောင်လည်လည်ရှိလာသောအခါ ဖခင်က ပြန်လည်စေ့စပ်ကာ ဦးချိုး၍ဝင်လာသောကြောင့် မိခင်ကြီးသည် ဖခင်ကြီးနှင့် ပြန်ပေါင်းခဲ့ရာမှ သမီးလေးတစ်ယောက် ထပ်ရခဲ့၏။

မိခင်များသည် မိမိ၏ ချမ်းသာမှုကို ဘယ်သောအခါမှ မကြည့်။ သားသမီးများထဲတွင် အဆင်းရဲဆုံး၊ အချို့တဲ့ဆုံးသော သားသမီးတို့ထံ၌ ဝတ်ကြီးဝတ်ငယ်ပြုရင်း နေလေ့ရှိကြ၏။

တစ်နှစ်လောက်ကြာသောအခါ နှမက 'အမေနည်းနည်းနေမကောင်း၍ လာခေါ်ပါ'ဟု ဆိုလာသောအခါ ဦးသုခက အမေ့အား ဝမ်းသာအားရဖြင့် သွားခေါ်ခဲ့၏။ သို့သော် အမေမှာ အရိုးပေါ်အရေတင်၍ ခပ်ယဲ့ယဲ့သာ ရှိတော့၏။ သားကို

www.burmeseclassic.com



တွေ့သောအခါ အမေက ပြုံးလိုက်၍ မျက်လုံးများက အရောင်တဖိတ်ဖိတ် ဖြစ်လာ၏။

အမေ့ကို ရန်ကုန်ခေါ်ခဲ့ရာ ဦးသုခ၏ အိမ်တွင် နှစ်ရက်သာ နေခဲ့ပြီး ကွယ်လွန်သွားရှာ၏။ ဦးသုခသည် မိခင်ကြီးအား မကွယ်လွန်မီ ကဗ္ဗလာသီးကိုညှစ်၍ ဂလူးကို့စ်နှင့် ရောပြီး ကြွေဇွန်းနှစ်ဇွန်းကိုသာ တိုက်ကျွေးလိုက်ရ၏။ အမေသည် သားကို ပြုံးပြုံးကြီးကြည့်ပြီး သေသွားတော့သည်။

ဆရာဦးသုခသည် မိခင်၏မေတ္တာကို လူတိုင်း သဘောပေါက် နားလည်စေလို၏။ မိခင်မရှိတော့မှ မိခင်မေတ္တာကို မသိဘဲ လူငယ်လူရွယ်ဘဝကပင် မိခင်မေတ္တာကို သဘောပေါက်၍ မိခင်မေတ္တာကို အေးချမ်းစွာ ခိုလှုံစေချင်သည်မှာ ဆရာဦးသုခ၏ ကြီးမားသော စေတနာသာလျှင် ဖြစ်ပါတော့၏။

●

www.burmeseclassic.com

**အမေဆိုတာအင်အား၊ အမေဆိုတာ ဉာဏ်ပညာ**
**အမေဆိုတာ မေတ္တာပင်လယ်။**

အင်တေလော့ (၁၇၈၂–၁၈၆၆)

## အခန်း(၂၅)

## ဦးရန်အောင်၏ အမေ

ဆရာဦးရန်အောင်နှင့် မိခင်တို့ အကြောင်းမှာလည်း အထူး စိတ်ဝင်စားဖွယ်ရာ ကောင်းသည်။ မိခင်မေတ္တာ၏ ကျယ်ပြန့်ကြီးမားမှုကိုလည်း လေ့လာရသည်။

အသက် ၇၀ ရွယ်နီးပါးသို့ရောက်နေ၍ တစ်နိုင်ငံလုံးမှ လေးစားရသော စာရေးဆရာကြီးတစ်ဦးကို သူ့မိခင်က ကွယ်လွန်ခါနီးတိုင် ကလေးသဖွယ်မှတ်ထင်၍ မှာကြားသွားသည်။ ဤအကြောင်းကို ဖတ်မိသောအခါ ဆရာဦးရန်အောင်ပင် မဆိုထားဘိ၊ ကျွန်တော်ပင်လျှင် ကြေကွဲမိခဲ့ရ၏။

ဆရာဦးရန်အောင်၏ အမေသည် **မြေထဲမြို့ဇာတိ** ဖြစ်၏။ အမေ ၁၆ နှစ်သမီးတွင် ဆရာဦးရန်အောင်ကို မွေးခဲ့သည်။

www.burmeseclassic.com


မြန်မာသက္ကရာဇ် ၁၂၄၁ ခုနှစ် ပုဂံမင်းလက်ထက်တွင် မြန်မာနှင့်အင်္ဂလိပ်တို့ ဒုတိယအကြိမ် စစ်ဖြစ်ကြရာ မြေထဲသည် အင်္ဂလိပ် ပိုင်နက်ထဲပါသွားသဖြင့် မြေထဲမြို့နှင့် မြို့သူမြို့သားများသည် **ဆင်ပေါင်ဝဲရွာ**သို့ပြောင်းရွှေ့ကာ မြို့သစ်တစ်ခု တည်ခဲ့ကြ၏။ ဆင်ပေါင်ဝဲသည် စာဆိုတော် ဦးကြင်ဥ၏ ဇာတိဖြစ်ပေသည်။

ကျွန်တော်၊ ကိုစိုးသိမ်း၊ ကျော်မင်းကျော်နှင့် ရဲဘော်လှမျိုးတို့သည် အထက်မင်းလှ စာဆိုတော်နေ့ ဟောပြောပွဲသို့ သွားကြရာ ဆင်ပေါင်ဝဲသို့ ရောက်ခဲ့ဖူး၏။

ဦးရန်အောင်၏ အဘိုးအဘွားများသည်လည်း မြို့အပြောင်းအရွှေ့တွင် ဆင်ပေါင်ဝဲသို့ ရောက်လာခဲ့ကြ၏။

ဆရာဦးရန်အောင် ၃ နှစ်သားအရွယ်တွင် အမေနှင့်အဖေဖြစ်သူတို့မှာ တောရွာများသို့လှည့်၍ဈေးရောင်းရ၏။ အမေနှင့်အဖေတို့ တောသို့သွား၍ ဈေးရောင်းလျှင် ဆရာဦးရန်အောင်မှာ အဘိုးအဘွားများနှင့်အတူ နေရစ်ခဲ့ရ၏။ ထိုအခါ အမေ့ကို သတိရ လွမ်းဆွတ်သဖြင့် စိတ်မကောင်းဖြစ်ရသည်။ အထူးသဖြင့် ညအိပ်ချိန်တွင် အမေ့ကို လွမ်းစိတ်ကြောင့် အိပ်၍မပျော်နိုင်ဘဲ ငိုနေရ၏။ ထိုကဲ့သို့ အမေ့အား လွမ်းလျှင် နောင် စာရေးဆရာဖြစ်လာမည့် ရန်ကြီးအောင် (ဆရာဦးရန်အောင် ငယ်နာမည်) သည် အမေ့ အင်္ကျီအဟောင်းများကို လိုက်ရှာရင်း နမ်းရ၏။ အမေ၏ ကိုယ်နံ့ ချွေးနံ့ကလေးများကိုရသောအခါ အမေ့ရင်ခွင်ထဲသို့ ရောက်နေရသကဲ့သို့ မှတ်ထင်ရသည်ဟု ဆို၏။

www.burmeseclassic.com


အင်္ကျီအဟောင်းကလေးကို နမ်းရှူ့ရင်း အိပ်ပျော်သွားသောအခါ တွင်လည်း အမေနှင့် အိပ်ရသလို ထင်မှတ်ရသည်ဟု ဆရာ ဦးရန်အောင်က သူ၏ အမေစာအုပ်တွင် ရေးထား၏။

ရန်ကြီးအောင်သည် တစ်နေ့တွင် ရေနံဆီမီးခွက်ကြီးနှင့် ကစားရင်း အနီးရှိ ပုတ်ထဲမှ ပြောင်းဖူးဖက်များမှတစ်ဆင့် မီးလောင်သဖြင့် အိမ်တစ်လုံးပြာကျလုနီးနီး ဖြစ်ခဲ့ရာ အဖေက 'တော်တော်ဆော့တဲ့ ကလေးကွာ...'ဟု ဆိုလေရာ အမေက 'ကလေးကတော့ဆော့မှာပေါ့'ဟု ဆိုလေ၏။ တစ်ကြိမ်တွင် ရွာ၌ ရေကြီးသဖြင့် တစ်အိမ်နှင့်တစ်အိမ် လှေနှင့်သွားနေရ ချိန်တွင် ရန်ကြီးအောင်ကို တစ်နေကုန်ရှာမတွေ့ ဖြစ်ခဲ့၏။ မိဘများမှာ ရေနစ်၍ သေသည်ထင်ကာ အထပ်ထပ် အဖန်ဖန် နှံ့စပ်အောင်ရှာကြ၏။ အမေဖြစ်သူမှာလည်း ပဋာမြေလူး ဖြစ်ခဲ့ ရရှာသည်။

ညနေကျမှ ရန်ကြီးအောင် ပြန်၍ ရောက်လာ၏။ အမေက 'သားရယ်...ဘယ်သွားနေတာလဲ'ဟု မေးရာ 'ကိုဖိုးရှင်နဲ့ နွားကျောင်းလိုက်သွားတာ'ဟု ပြန်ပြော၏။

"ဘယ်ကို သွားကျောင်းတာလဲ"

"ရေပေါ်ကျွန်းကို"

"ဟင်...ရေပေါ်ကျွန်းဟုတ်လား၊ ရေပေါ်ကျွန်းကို ကူးဖို့ က ရေက အနက်ကြီးပါကလား၊ ဘယ်လိုလုပ်ပြီး ကူးတာလဲ လူလေးရယ်'ဟု အမေက တအံ့တသြမေး၏။

"ရေထဲဆင်းပြီး နွားအမြီးကို ဆွဲလိုက်သွားတယ်"

"ဆွဲဦးကွာ...နွားမြီး"

www.burmeseclassic.com


အသံနှင့်အတူ ရန်ကြီးအောင်၏ တင်ပါးကို အဖေက ထန်းဖလက်ပြားနှင့် ဖြန်းကနဲရိုက်လိုက်၏။ ထိုအခါ အမေက ပျာပျာသလဲ အဖေ့ကို ထဆွဲ၏။

"ကလေးကို မရိုက်ပါနဲ့တော်"

"ဒီလောက်တောင် ဆော့လှ နန့်လှတာ ရိုက်ပေးမှ"

"ကလေးကတော့ ဆော့မှာပေါ့"

အဖေသည် တစ်သက်နှင့်တစ်ကိုယ် ဤတစ်ကြိမ်သာ ရိုက်ဖူး၍ အမေသည် ရိုက်ဖို့မဆိုထားနှင့် ဒေါသဖြင့်အော်ငေါက်၍ပင် မပြောခဲ့ဖူးဟု ဆရာဦးရန်အောင်က သူ့အမေအကြောင်းကို အမေစာအုပ်တွင် ရေးထား၏။

ရန်ကြီးအောင်သည် သူ့မိခင်ကြီးနှင့်အတူ ဆင်ပေါင်ဝဲ၌ ဈေးရောင်းနေရင်း ၉ တန်း စာမေးပွဲ ဝင်ဖြေရာ အောင်မြင်ခဲ့၏။ ၉ တန်းအောင်လျှင် တတိယတန်းရှေ့နေ စာမေးပွဲကို ဝင်နိုင်၍ ရှေ့နေသင်တန်းရှိရာ တောင်တွင်းကြီးသို့ လာခဲ့ရ၏။ ထိုအချိန်တွင် ရန်ကြီးအောင် အသက် ၂၁ နှစ် ရှိပြီ ဖြစ်၏။

တောင်တွင်းကြီးသို့ သွားခါနီးတွင် မိခင်ကြီးက သင်္ဘောဆိပ်သို့ လိုက်ပို့ရာ၌ သားနှင့်မခွဲနိုင်၍ ဝမ်းနည်းကြေကွဲရပုံကို...

ထိုစဉ်က အဆန်ကူးတို့ သင်္ဘောသည် ဆင်ပေါင်ဝဲတွင် အိပ်ရာ နံနက် ဝေလီဝေလင်းအချိန်၌ ဆိပ်ကမ်းမှ ခွာခဲ့၏။ ကျွန်တော်သည် သင်္ဘောလက်ရန်းတွင် ရပ်ကာ မြစ်ဆိပ်ထိပ်၌ ရပ်နေသော အမေ့ကိုကြည့်၏။ မျက်ရည် မကြာမကြာ သုတ်နေသော အမေ့ကိုမြင်ရသည်။ အမေကား ကျွန်တော်

www.burmeseclassic.com


နှင့်ကွဲကွာနေခိုက် မကြာမကြာပင် မျက်ရည် သုတ်ရှာပေလိမ့်မည်။ သင်္ဘောသည် ဆိပ်ကမ်းနှင့် အတော်ဝေးရာသို့ပင် ရောက်လာခဲ့ပေပြီ။ သင်္ဘောပေါ်မှ လှမ်း၍ ကြည့်ရာ ဆိပ်ကမ်းတွင် ထီးထီးမတ်မတ် ရပ်နေသော အမေ့ကို တွေ့ရသည်ပင်။ သူ့မျက်စိအောက်မှ သင်္ဘောပျောက်ကွယ်သွားသည့်တိုင်အောင် ကျွန်တော်လိုက်ပါသွားသော သင်္ဘောကို ကြည့်နေမည့် အမေပါလားဟု ရေးသားထား၏။

အမေသည် သားနှင့် တစ်နေ့တစ်ရက်တစ်နာရီတစ်မိနစ်မျှ ခွဲ၍ မနေလိုပေ။ သားနှင့် တစ်နေ့တစ်ရက်တစ်နာရီခွဲရခြင်းသည် အမေ့အတွက် ဝေဒနာတစ်ရပ်ပင် ဖြစ်၏။ ရန်ကြီးအောင်သည် သူ ရန်ကုန်ဆင်း၍ စာရေးဆရာ၊ စာပြင်ဆရာ လုပ်ရင်း စီးပွားရှာနေသောအခါ မိခင်ကြီးဖြစ်သူက သားအားလွမ်းရပုံကို ဆရာဦးရန်အောင်က သူ၏ အမေစာအုပ်တွင် အသေအချာ ရေးသားထား၏။

ရန်ကုန်မြို့တွင် စာပြင်ဆရာလုပ်နေရာမှ တစ်နေ့တွင် ခွင့်ယူ၍ ရန်ကြီးအောင်သည် အမေ့ထံသို့ပြန်ခဲ့၏။ ထိုအခါ အမေက လွမ်းမျက်ရည်တို့ဖြင့် ‘လူကလေးသုံးနှစ်သားအရွယ်လောက်က အင်မတန် မှန်လှတယ်ဆိုတဲ့ ဗေဒင်ဆရာ တစ်ယောက်က မင်းသား ကိုယ့်မြို့ကိုယ့်ရွာမှာ မနေဘူး၊ ဟိုး တောင်ဘက်အဝေးကြီးမှာ သွားနေလိမ့်မယ်၊ ကောင်းတော့ ကောင်းစားပါလိမ့်လို့ ဟောတော့ အစ်မဖြင့် စိတ်မကောင်းဖြစ်လွန်းလို့ မျက်ရည်ကျရတယ်၊ အခုတော့ ဗေဒင်ဆရာဟောတဲ့အတိုင်း

www.burmeseclassic.com



တစ်သဝေမတိမ်း ဖြစ်နေပါပေါ့ကလား လူကလေးရယ်’ဟု ပြောရင်း ငိုရှာ၏။

ရန်ကြီးအောင်သည် (၂၁)နှစ်သားအရွယ် အမေနှင့် စတင်ခွဲသည်မှစ၍ အသက်(၆၈)နှစ်သို့ရောက်သည့်တိုင် အမေ၏ အဝေးသို့ ရောက်နေချိန်တွင် တစ်ပတ်လျှင် စာတစ်စောင်အမြဲ မှန်မှန်ရေးလေ၏။

ရန်ကြီးအောင်သည် အမေကပေးစားသော အမျိုးသမီးကို မယူဘဲ ဖွားရှင်ဆိုသော အမျိုးသမီးကို လက်ထပ်ကာ ကျောင်း ပိတ်ရက် ရွာပြန်လာပါက ဖွားရှင်ကိုပါ ခေါ်လာခွင့်ပြုရန် ရန်ကြီးအောင်က စာတစ်စောင် ရေးလိုက်၏။

မကြာမီပင် အမေ့ထံမှ စာရ၏။

“လူကလေး မောင်ရဲ၊ မင်းစာရဒယ်၊ မင်းခြစ်တဲ့သူဂို အမဒိုဂလဲခြစ်ရမှာဘဲ၊ အစ်မတို့ ချွေးမဂို ဆင်ပေါင်ဝဲခေါ်ဂ့ပါ”

မိခင်ကြီးသည် သူသဘောတူသည်မတူသည်ထား။ သား ချစ်သောသူကို ချစ်မည်ဟု ရည်သန်ခြင်းသည် မိခင်စိတ်ဖြစ်၏။

ရန်ကြီးအောင် ချစ်သူကို အမေချစ်သည်။ ရန်ကြီးအောင် မုန်းသူကို အမေ မုန်းသည်။

အကြောင်းမူကား ရန်ကြီးအောင် ချစ်သူကို အမေမုန်း၍ ရန်ကြီးအောင်မုန်းသူကို အမေချစ်နေပါက ရန်ကြီးအောင် စိတ်မချမ်းမသာ ဖြစ်ရမည်ကို အမေသိ၏။ ထို့ကြောင့် အမေ သည် သားစိတ်ချမ်းသာစေရန် အမြဲတမ်း သားနှင့် တစ်စိတ် တည်း တစ်ဝမ်းတည်း ကျင့်ကြံဆောင်ရွက်ပေး၏။ ဤသည်မှာ အမေ့မေတ္တာပင် ဖြစ်ပါသည်။

www.burmeseclassic.com


ရန်ကြီးအောင်သည် ဖွားရင်နှင့်ကွဲသောအခါ မိန်းမရှိလျှင် မနေတတ်သော ရန်ကြီးအောင်အတွက် အမေက မိန်းမရှာ ပေး၏။

တစ်နေ့တွင် အမေက 'လူကလေးတော့ သဘောကျလား မကျလားမသိဘူး၊ အစ်မတို့ သဘောကျတာကိုတော့ တွေ့ ထားပြီ'ဟု ဆို၏။

"ဘယ်သူတုံး အစ်မရဲ့"

"မကြင်နွဲ့"

"ဒီနာမည် ကျွန်တော် မကြားဖူးပါဘူး၊ ဘယ်သူ့ သမီးတုံး"

"မိမိ သမီးလေ၊ မကြင်နွဲ့ကို မင်း ဘယ်သိမလဲ"

သို့သော် အမေက မကြင်နွဲ့ကို သားဖြစ်သူ ရန်ကြီးအောင် မြင်နိုင်အောင် စီစဉ်ပေး၏။ မကြင်နွဲ့သည် အသက်(၂၀)၊ အသားဝင်းဝင်း၊ မိန်းမချော မိန်းမလှကလေး တစ်ယောက် ဖြစ်၏။

ရန်ကြီးအောင်သည်အမေ့ကိုကျေးဇူးတင်မိ၏။အမေသည် သားစိတ်ချမ်းသာမှု တစ်ခုကိုသာ ကြည့်သည်။ အိမ်ထောင်ပျက် ခဲ့သည်မှာ မကြာသေးသော်လည်း နောက်ထပ် မိန်းမပေးစားရန် အမေကစီမံသည်။ ဤသို့စီမံခြင်းသည် မင်းကုသမယ်တော်လို ချစ်စိတ်နှင့် ပြုလုပ်ခြင်း ဖြစ်၏။

'ဘယ်သူက ဘယ်လိုပင်ပြော၍ ဘယ်သူက ဘယ်ကဲ့ သို့ပင်ထင်ထင် အမေသည် ဂရုမစိုက်၊ သား စိတ်ချမ်းသာမည်

www.burmeseclassic.com


ဆိုပါက အမေသည် ဘာမဆို ပြုလုပ်သည်’ဟု ဆရာဦးရန်အောင်က သူ၏ အမေစာအုပ်တွင် ရေးသားထားပေ၏။

ရန်ကြီးအောင်သည် ရန်ကုန်တွင်ရောက်နေသောအခါ မိခင်ကြီးအား ရန်ကုန်တွင် လာရောက်နေထိုင်ရန် စာရေး၍ ခေါ်ခဲ့၏။ ထိုအချိန်တွင် မကြင်နွဲ့ ဆုံးသွားပြီဖြစ်၏။

အမေရန်ကုန်သို့ ရောက်သောအခါ ဆရာဦးရန်အောင်သည် မိခင်ကြီးအား သူနှင့်အတူ မထားနိုင်ခဲ့ပေ။ ရန်ကုန်သူဇနီးဖြစ်သူနှင့် အတူမနေဖြစ်၍ ကန်တော်မိတ်တွင် ရှိသော အဖေ့နှမ အရီးချစ်မယ်တို့အိမ်တွင် နေရသည်ဟု ဆို၏။

သို့သော် ဆရာဦးရန်အောင်က အမေ့ထံသို့ တစ်နေ့တစ်ခေါက်သွား၏။ ထိုအခါ အမေက နေ့စဉ်လာသောကြောင့် သားပင်ပန်းရသည်ကို စိုးရိမ်သဖြင့် ‘နေ့တိုင်းလာရလို့ ပင်ပန်းလှပါတယ် ငရန်ရယ်၊ တစ်ခါတလေမှ လာပါ’ဟု အမေက ဆို၏။ အမေသည် သားငရန် နေ့စဉ်လာသည်ကို သဘောကျသော်လည်း သားဆင်းရဲမည်စိုးသဖြင့် သူ့ထံသို့ မလာရန် ပြော၏။ သားဆင်းရဲပင်ပန်းမှု မဖြစ်စေလိုသည်မှာ အမေ၏ စေတနာဖြစ်၏။ ထိုစေတနာကို အမေသည် သေသည့်တိုင် ထားသွားရှာ၏။

အမေသည် မိမိသေမည်ကိုသိလျက် ဆေးရုံသို့တင်ရသော အချိန်တွင် ‘ငါ ဆေးရုံတက်တာ ငါ့သားကို မပြောနဲ့’ဟု မှာခဲ့သည်။ ဆေးရုံတက်ပြီး သုံးရက်ကြာမှပင် မဖြစ်သာတော့၍ ဆရာဦးရန်အောင်အား သွား၍ ခေါ်ရာ ‘အစ်မ ဆေးရုံတက်တာ သုံးရက်တောင် ရှိပါပကော၊ ငါ့ဘာလို့ မပြောတာလဲ’ဟု

www.burmeseclassic.com


မေးသောအခါ နှမဖြစ်သူက ‘အစ်မကပြောတယ်၊ ငါ့သား စိတ်မကောင်းဖြစ်နေလိမ့်မယ်၊ ငါဆေးရုံတက်ရတာကို မပြော နဲ့လို့ ဆိုလို့ မပြောရတာ။ ဒီနေ့တော့ အခြေအနေမကောင်းလို့ အစ်ကိုကြီးကို ပြောခိုင်းရတာပါ’ဟု ဆို၏။

အမေ ကွယ်လွန်သောအခါ အမေ၏ အသက်သည် (၈၆)နှစ်ရှိပြီဖြစ်၍ ဆရာဦးရန်အောင်၏ အသက်သည် (၆၈) ရောက်နေပြီဖြစ်၏။ အမေကွယ်လွန်ခါနီးတွင် သားဖြစ်သူငရန် အား မှာသွားခဲ့ပုံမှာ မိခင်မေတ္တာကြီးမားမှုကို နှိုင်းမရ တုမယှဉ် ဖွယ်ဖြစ်၏။

ဆရာဦးရန်အောင်က ‘အစ်မသေခါနီး ဘာများ မှာသွား သေးသလဲ’ဟု မေးရာ ‘ငရန် သွားရင် လာရင် ကြည့်သွား၊ မော်တော်ဘတ် မစီးနဲ့၊ သုံးဘီးကားနဲ့ သွားလို့ မှာသွားတယ်’ ဟု မှာသွားကြောင်း သိရ၏။

ဆရာဦးရန်အောင် ရန်ကင်း၌နေစဉ်တွင် တစ်နေ့ အမေ ရောက်လာ၏။ ထိုအချိန်တွင် ဆရာဦးရန်အောင်၏ သားသမီး များ ရှိနေပြီဖြစ်၏။ ရန်ကင်းသို့ အမေ ရောက်လာသောအခါ အမေက ‘ငရန်ရယ်၊ အစ်မတော့ နောက်ကို ရန်ကင်း မလာချင်တော့ဘူး’ဟု ညည်းညည်းညူညူနှင့် ပြောရှာ၏။

“ဘာပြုလို့လဲ အစ်မ”

“နင်တို့အိမ်မှာ အခု လူက ဘယ်နှစ်ယောက်ရှိလဲ”

“နှစ်ဆယ်ကျော်တယ် အစ်မ”

www.burmeseclassic.com


"အမယ်လေး ...များလှချည်လားဟယ်၊ သျှောင်မီးထွန်းရှာတောင် မလောက်ဘူး ဆိုတာမျိုး နင် ဖြစ်နေပါပေါ့ကလား"

"ဘယ်တတ်နိုင်မလဲ အစ်မရာ၊ ဉာတကာနဉ္စ သင်္ဂဟော ဆိုတဲ့ မင်္ဂလာတရားတော် အတိုင်းပေါ့"

"နင့် နင်းစကလည်း စပဲ စလွန်းတယ်၊ နင့်ဟာနင် ကျွေးနိုင်လို့ ကျွေးတာကို ငါ မပြောလိုပါဘူး၊ သို့ပေမယ့် ငါ့သားမှာ တာဝန်ကြီးနေတာကို မြင်ရတွေ့ရတော့ စိတ်မကောင်းဘူး၊ ငါက အမေကိုးဟဲ့"

**'ငါက အမေကိုးဟဲ့'** ဟူသော စကားရပ်သည် မိခင်တို့၏ စေတနာထူး မေတ္တာထူးတစ်ရပ် ဖြစ်၏။

တစ်ခါတွင် ဆရာဦးရန်အောင်နှင့် ဇနီးတို့ ကွာလာခဲ့၍ ငရန်နှင့် မြေးတစ်စုသည် ကြားတောရလမ်းရှိ အမေ့အိမ်သို့ ပြောင်းရွှေ့လာခဲ့၏။ နောင်သော် ကြားတောရလမ်းရှိ အမေ့အိမ်မှာ ကျဉ်းလှသဖြင့် အမေဝယ်ထားသော ဘာဂျော်ဂျီကုန်းနေအိမ်သို့ ပြောင်းနေရ၏။

သားနှင့်မြေးများ ဘာဂျော်ဂျီကုန်းအိမ်တွင် နေသောအခါ မိခင်ကြီးသည် ထမင်းစားချိန်ကျလျှင် ထမင်းဟင်းများကို တောင်းကြီး တောင်းငယ်ဖြင့် ထည့်ကာ ဆိုက်ကားဖြင့် တင်ပြီး သားနှင့်မြေးများကို ကျွေးမွေးရှာ၏။ တစ်နေ့တွင် နှစ်ကြိမ်လာ၍ ကျွေးရသည်ကို အမေက ပင်ပန်းသည်ဟု မထင်။

'အစ်မရာ၊ အစ်မပင်ပန်းလှပါတယ်၊ အစ်မအိမ်ကို ကျွန်တော်တို့ လာစားပါ့မယ်'ဟု ငရန်က ဆိုလာသောအခါ

www.burmeseclassic.com


အစ်မက ‘အမကတော့ဟော့ သားသမီးအတွက်များ လုပ်ရမယ် ဆိုရင် ဘယ်တော့မှ ပင်ပန်းတယ်လို့ မထင်ဘူး’ဟု ပြောရှာ၏။

သားပင်ပန်းမည်ကို အမေက အလွန်စိုးရိမ်သည်။ ပင်ပန်းစရာရှိလျှင် အမေက ပင်ပန်းခံလိုသည်။ ဆရာဦးရန်အောင် သည် နယ်များသို့လှည့်၍ စာပေဟောပြောပွဲများသွားသည် ကိုပင် အမေက သားကြီးပင်ပန်းမည်စိုး၍ မကျေနပ်။

ဆရာဦးရန်အောင်သည် မိန်းမနှင့်ကွဲချိန်တွင် အမေဖြစ်သူ သည် သားအတွက် ဒုတိယအကြိမ် မိန်းမ ရှာပေးစားပြန်၏။ ဒုတိယအကြိမ်ပေးစားသူမှာ စိန်စိန် ဖြစ်သည်။ အမေသည် သား၏စိတ်ကို သိ၏။ ထို့ကြောင့်လည်း သဲကုန်းသူ စိန်စိန်နှင့် ပေးစားခြင်း ဖြစ်သည်။

ဆရာဦးရန်အောင်သည် သူ့မိခင်ကြီးနှင့်ပတ်သက်၍ စာအုပ်တစ်နေရာတွင် ‘အမေသည် ကျွန်တော့်ကို ကျေးဇူးသာ တင်၏။ အပြစ်မတင်ပေ။ အမှန်မှာမူကား အမေ့ကို ကျွန်တော်ပေး သည့် ဒုက္ခတွေ မနည်းပါ။ အထူးသဖြင့် ကျွန်တော့်အိမ်ထောင် ရေးနှင့်ပတ်သက်၍ အဆင်မပြေမှုများဖြစ်ရတိုင်း ကျွန်တော်နှင့် ရောကာ စိတ်သောကရောက်ရသူမှာ အမေသာ ဖြစ်သည်’ဟု ရေးသားထားပေ၏။

ဆရာဦးရန်အောင်သည် သူ့အသက်ခုနစ်ဆယ်ခန့်ရှိသည့် တိုင် အမေနှင့်အတူ နေနိုင်ခဲ့သူဖြစ်၏။ ထို့ကြောင့်လည်း မိခင်မေတ္တာကို သူများတကာထက် နှစ်ဆမျှ ခံစားခဲ့ရသူ ဖြစ်ပေ၏။ စားစရာမရှိလျှင် အစား၊ နေစရာမရှိလျှင် အိမ်၊ ဝတ်စရာမရှိလျှင် အဝတ်တို့ကို သား ၎င်းရန်အတွက်သာမက

www.burmeseclassic.com


မြေများ၊ မြစ်များ၊ ချွေးမများအတွက်ပါ အမေက ရှာပေးသည်။ စားစရာကို ခေါင်းနှင့်ရွက်၍ ကျွေးသွား၏။

သားလေးပင်ပန်းမည်ကိုစိုးသည်။ အသက်ခုနစ်ဆယ်ခန့်ရှိနေသော သားအတွက် ကွယ်လွန်ခါနီးတိုင် နို့စို့ကလေးအရွယ်လောက်ဟုသာ ထင်နေဆဲဖြစ်၏။ ဆရာဦးရန်အောင်၏အမေမှာ အခြားသော အမေများထက် ထူးခြားသည်ကားမိန်းမတစ်ယောက်မရှိတော့တိုင်း သားအတွက် နောက်တစ်ယောက်ကို သားအကြိုက် မရရအောင် ရှာပေးခြင်းပင် ဖြစ်ပါ၏။

ဆရာဦးရန်အောင်သည် သူ့မိခင်ကြီးနှင့် ပတ်သက်၍အောက်ပါ ရေးသားချက်တို့မှာ မိခင်မေတ္တာကို ဖွဲ့ဆိုရေးသားချက်များဟုသာ ဆိုနိုင်ပါ၏။

*　　*　　*

အမေ့ကို သရဏဂုံတင်ရန် အမေ့အိမ်တွင် ပြင်ဆင်ထားသည်။ အမေနေသည့် အခန်းကလေးကို ကြည့်လိုက်ရာ ဟာလာဟင်းလင်းဖြစ်နေသလို ကျွန်တော့်ရင်ထဲမှာလည်း ဟာလာဟင်းလင်းပင် ဖြစ်သွားကာ မျက်ရည်ဝဲ၍ လာမိသည်။ (ဆရာဦးသိန်းဖေမြင့်ကလည်း မိခင်ကြီး ကွယ်လွန်သွားခြင်းသည် ကြီးမားသော ဟင်းလင်းပြင်ကြီး တစ်ခုပင် ဖြစ်နေပါသည်ဟု ဆို၏။)

*　　*　　*

www.burmeseclassic.com


ကျွန်တော်ကား အကြောင်းမဲ့ လူဖြစ်လာသူမဟုတ်ပါ။ အမေ့ကိုအကြောင်းပြု၍၊ အမေမွေးထုတ်လိုက်၍ လူ့လောကသို့ ရောက်လာရခြင်းဖြစ်ရာ ကျွန်တော်သည် အမေ့ကိုယ်ပွားကိုယ်စားသာလျှင် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် အမေသည် ကျွန်တော်၊ ကျွန်တော်သည်ပင် အမေဖြစ်ပါသတည်း။

* * *

လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း အဆောက်အအုံတစ်ခုတွင် ဤစာအုပ်ကို ကျွန်တော်ရေးနေစဉ် တစ်ညဉ့်၌ ကျွန်တော်အိပ်ရာဝင်ပြီး အိပ်၍ မပျော်တပျော်ရှိစဉ် အမေသည် ကျွန်တော်အိပ်နေသည့် ခုတင်အနီးသို့ လာ၍ ရပ်၏။

အမေ့ရပ်သွင်မှာ အသက်ရှင်စဉ်ကနှင့်မတူ၊ ကွယ်လွန်ပြီးစ ရုပ်ဆင်းသဏ္ဌာန်မျိုး ဖြစ်နေ၏။

ကျွန်တော် မျက်စိဖွင့်ကြည့်လိုက်ရာ အမေ့ကို မမြင်တော့သော်လည်း ကျွန်တော့်အနီးတွင် အစဉ်အမြဲအမေရှိနေသည်ဟုထင်မှတ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အမေသည် ကျွန်တော့်အနီးတွင် အမြဲရှိနေသည်ဟု ထင်မှတ်ခြင်းမှာ ကျွန်တော့်အတွက် အကျိုးရှိလှပါသည်။ ကျွန်တော့်အနီးတွင် အမေရှိနေသဖြင့် အမေ မနှစ်သက်သည့် စကားကို မပြော။ အမေ သဘောမကျသည့် အမှုအရာကိုမပြု။ ကျွန်တော်၏ ကာယကံမှု၊ ဝစီကံမှုကို အမြဲ ထိန်းသိမ်းစောင့်ရှောက်နေပါမည်။

* * *

www.burmeseclassic.com


အမေ၏ မေတ္တာစေတနာကား ကြီးမားလှပါဘိ။ ထို အမေ၏ မေတ္တာစေတနာကို ကျွန်တော် မခံစားရတော့ပါပြီ။

*　　*　　*

အစ်မရေ…အစ်မ မရှိတော့မှဘဲ အစ်မကျေးဇူးတွေကြီး ကြောင်း ကျွန်တော် ပိုသိလာပါတယ်၊ ကျွန်တော် အမှန်အတိုင်း ပြောတာပါ။ ကွယ်လွန်သွားပြီဖြစ်တဲ့ မိခင်ကို ကျွန်တော် မဟုတ် မမှန်ပြောရင် အပြစ်ကြီးတော့မှာပေါ့။

ဘုရားသခင်ဟာ မယ်တော်မိနတ်သားကို အဘိဓမ္မာ တရားဟောပြီး မွေးကျေးဇူးဆပ်တာတောင် နို့တစ်လုံးဖိုးသာ ကျေတယ်လို့ စကားစဉ်ရှိခဲ့ပါတယ်။ ဒါတောင်မှ ဘုရားသခင်ဟာ မယ်တော်မာယာရဲ့ နို့ကို စို့ရတာမဟုတ်ပါဘူး။ မိထွေးတော် ဂေါတမီရဲ့နို့ကို စို့ရတာပါ။

ကျွန်တော်ကတော့ အစ်မနို့ကို ငါးနှစ်သားလောက်ထိ အောင် စို့လာခဲ့ပါတယ်။ အစ်မ မှတ်မိဦးမှာပေါ့။ ကျွန်တော် ငါးနှစ်သားလောက်ရောက်တော့ ကျွန်တော့်အောက် သမီးကလေး မိနက်ကို အစ်မမွေးခဲ့တယ်။ အဲဒီလို နောက်က ကလေးရပေမယ့် အစ်မ အိပ်နေတုန်း ကျွန်တော်နို့စို့ခဲ့တယ်လေ။

မိနက်ဟာ လသမီးလေးမှာ ဆုံးသွားတော့ အစ်မက ကျွန်တော့်ကို နို့ဆက်တိုက်ပြန်ရောမဟုတ်လား။ အစ်မလို မိခင်မျိုး ရှားလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

www.burmeseclassic.com


အစ်မနဲ့အဖေ မင်းရွာမှာနေကြတော့ ကျွန်တော်မင်းရွာကို လိုက်လာတယ်မဟုတ်လား။ အဲဒီတုန်းက အစ်မက ကျွန်တော့်ကို တွေ့ချင်လွန်းလို့ ကုလားနန်နန်ဆိုင်က ကုလားမခြင်းတောင်း ဆွဲ နို့ဆီတွေ ဝယ်ဝယ်ကျွေးတာ ကျွန်တော်မှတ်မိပါသေးတယ်။

နို့ဆီဘူး ငါးမူးပေးရတယ်။ အဲဒီတုန်းက ငါးမူးဟာ နည်းတဲ့ပိုက်ဆံမဟုတ်ပါဘူး။ ငါးမူးနဲ့ဝယ်ရင် လုံချည်တစ်ထည် ဖြစ်စေ၊ အင်္ကျီတစ်ထည်ဖြစ်စေရနိုင်ပါတယ်။ ဒီလောက် တန်ဖိုးရှိတဲ့ နို့ဆီဘူးကို အစ်မလို ဆင်းရဲသူတစ်ယောက်က ဝယ်ကျွေးတာဟာ ကျွန်တော့်ကိုချစ်လွန်းလို့ဆိုတာ ငယ်စဉ်က မစဉ်းစားမိပေမယ့် ကြီးလာတော့ သေသေချာချာ စဉ်းစားမိပါတယ်။

အစ်မ အသက်ရှင်စဉ်က မပြောလိုက်ရတဲ့အကြောင်း တစ်ခုလည်းရှိပါတယ်။ ဟိုတုန်းကတော့ အစ်မစိတ်မကောင်းမှာစိုးလို့ မပြောတာပါ။ အခုပြောတဲ့အတွက် အစ်မ စိတ်မကောင်း မဖြစ်ပါနဲ့တော့။ လွန်ပြီးတဲ့ကိစ္စတွေပါ။

အဲဒီကိစ္စကတော့ အစ်မစိတ်မကောင်းအောင် ကျွန်တော် ပြုမိတဲ့အတွက် ဝဋ်လည်တဲ့ ကိစ္စပါပဲ။ ဒီစကားကြားရတော့ အစ်မ အံ့အားသင့်သွားမလား မပြောတတ်ဘူး။ ဝဋ်လည်ပုံက ဒီလိုပါ။

အစ်မဟာ ကျွန်တော့်ကိုချစ်လွန်းလို့ မခွဲမခွာဘဲ အတူတကွနေချင်တယ်။ ကျွန်တော်ကလည်း ပညာသင်ချင်တာတို့၊

www.burmeseclassic.com


စာရေးဆရာဖြစ်ချင်တာတို့ကြောင့် ရန်ကုန်လာနေတော့ အစ်မ စိတ်မကောင်းဖြစ်ရတာပဲ မဟုတ်လား။

အဲဒီ ဝင့်လည်ပုံက သားသမီးတွေနဲ့ ကျွန်တော်နဲ့ အတူမနေရတဲ့ အဖြစ်မျိုး ကြုံရခြင်းပါပဲ။ ဒီအတွက် ကျွန်တော် သင်ခန်းစာတစ်ခုပါတယ်။ စေတနာပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ မိဘ စိတ်မချမ်းသာအောင် ပြုမိရင် မိဘစိမ်ရေ သင့်တတ်တယ် ဆိုတာပါပဲ။

အစ်မ မရှိတော့မှ အစ်မကျေးဇူးတွေ ကြီးမားကြောင်း၊ အစ်မ စေတနာ မေတ္တာတွေ လွန်ကဲကြောင်း၊ အစ်မရဲ့ ကောင်းစေလို စိတ်တွေထက်သန်ကြောင်း ပိုသိရပါတယ်။

အစ်မဟာ ဘယ်မိဘနဲ့မှ မတူအောင် ကျွန်တော့်အပေါ်မှာ စေတနာမေတ္တာ ထားတယ်လို့ ကျွန်တော်ထင်ပါတယ်။

အစ်မရှိလို့ ကျွန်တော် အားငယ်နေရပါတယ်။ ကျွန်တော့်ကို အစ်မခေါ်တဲ့ 'ငရန်'ဆိုတဲ့ စကားကို မကြားရတာ နှစ်လ ရှိသွားပြီ။ ဒီအသံနဲ့ ကြာလေ ဝေးလေ ဝေးတော့မှာပါ ကလားလို့ တွေးပြီး ကျွန်တော်ရင်နာမိပါတယ်။ အစ်မကို ကျွန်တော် အထူး ပြောလိုတာကတော့ အစ်မအကြောင်းကို ရေးနေတာပါ။ အစ်မ မဖတ်နိုင်တော့တဲ့အတွက် ကျွန်တော် စိတ်မကောင်းခြင်းပြင်းစွာ ဖြစ်ရပါတယ်။

www.burmeseclassic.com


အစ်မသာ ရှိသေးလို့ အစ်မအကြောင်းရေးထားတဲ့ စာအုပ်ကိုဖတ်ရရင် တပြုံးပြုံးနေလိမ့်မယ်လို့ မြင်ယောင်မိပါတယ်။ စာအုပ်ရေးခရတဲ့ငွေနဲ့ အစ်မအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုပါမယ်။ အစ်မ သာဓုခေါ်ပါ။

အစ်မအကြောင်းရေးထားတဲ့ စာအုပ်ကို ကျွန်တော့် အသက်(၆၈)နှစ် တင်းတင်းပြည့်တဲ့နှစ်မှာ အဆုံးသတ်ခဲ့ပါတယ်။

ကျွန်တော့်တစ်သက်တာတွင် ပြုခဲ့လေသမျှ ကုသိုလ်အစုစု ကောင်းမှုအရပ်ရပ်တို့အတွက် အမျှပေးဝေပါတယ်။

အစ်မ ကောင်းရာသုဂတိသို့ ရောက်ပါစေ။

**ရန်အောင်**

●

**အမေမရှိသည့်နန်းတော်ထက် ပိုမိုကြီးကျယ်သည့် အဆောက်အအုံသည် အိမ်မဟုတ်။ အမေမရှိသော တစ်ဖက်ယပ်တဲသည်သာ နေအိမ်ဖြစ်သည်။**

အဲလစ်ဟောသွန်နေ (၁၈၂၇-၁၉၀၂)

## အခန်း(၂၆)

## ချစ်မေတ္တာကို ပေးသမားပါ

ဆရာဦးရန်အောင်အတွက် သူ့မိခင်ကြီး၏ မေတ္တာသည် ဘယ်လိုမှ အစားထိုးမရနိုင်သော မေတ္တာဖြစ်၏။ မိခင်ကြီးသည် သေအံ့ဆဲဆဲမှာပင် အသက် ၇၀ နီးပါးရှိနေသော သားငရန်ကို ခုနစ်နှစ်သားလေးပမာ အောက်မေ့ကာ ဘတ်စ်ကားမစီးဘဲ သုံးဘီးကားစီးရန် စိတ်ပူစွာဖြင့် မှာခဲ့သေး၏။ ဆရာဦးရန်အောင့် မိခင်ကြီး၏ မေတ္တာသည်သာမက မိခင်တိုင်း၏ မေတ္တာသည် အစားထိုး၍မရသော မေတ္တာများသာ ဖြစ်သည်။ မိခင်မေတ္တာကို ခံစားရပါက မိုးကြီးသည်းထန်စွာ ရွာပါလျှင် မြစ်ချောင်း၊ အင်းအိုင်တို့တွင် မိုးရေတို့သည် မိုးမောက်ပြည့်လျှံရုံမျှမက ယိုဖိတ်စီးဆင်းကုန်ဘိသကဲ့သို့ မကုန်နိုင်

www.burmeseclassic.com


မခန့်နိုင် ပြည့်လျှံစွာ ခံစားရ၏။

မိခင်မေတ္တာ မရှိတော့ဟုဆိုလျှင်လည်း မည်သည့်ပစ္စည်း မည်သည့်အရာဝတ္ထုနှင့်မျှ အစားထိုး၍ မရတော့ပေ။ မိခင်သည် မည်သည့်နေရာတွင်မဆို ကိုယ်စားဝင်ယူနိုင်၍ သူ့နေရာတွင်ကား မည်သူမျှ ကိုယ်စားမဝင်နိုင်ဟူသော အဆိုသည် မှန်ကန်သော အဆိုစကားတစ်ရပ်ဖြစ်၏။

မိခင်မေတ္တာသည် မည်သည့်အရာနှင့်မျှ အစားထိုးမရဘဲ ကြီးကျယ်မြင့်မြတ်ကြောင်းကို စပိန်စာရေးဆရာကြီး **အမာဒေါ်နာဘို** သည် ဝတ္ထုတိုတစ်ပုဒ် ရေးသားခဲ့၏။ ထိုဝတ္ထုသည် ကမ္ဘာကျော်ဝတ္ထုတစ်ပုဒ် ဖြစ်၏။

* * *

သူကား သူဌေးကြီး အနန္တပင် ဖြစ်၏။

သူဌေးကြီးဟုဆိုရာတွင် ကုဋေကုဋာချမ်းသာကြွယ်ဝသောကြောင့်သာ 'ကြီး'ဟူ၍ တပ်ခေါ်ရသော်လည်း သူသည် လူပျိုလူရွယ်တစ်ယောက်သာဖြစ်၏။ သူ့အဖို့ကား ဤလောကဝယ် ဘာမျှ လိုလေသေးမရှိ။

'သူဌေးအနန္တ၊ သင့်မှာ ဘာမျှလိုလေသေးမရှိဟု ဆိုသော်လည်း မိတ်ဆွေကား နည်းလှသည်'ဟု တစ်စုံတစ်ယောက်သောသူက ဆို၏။

"ငါ့၌ ငွေရှိသည်။ ဘာမဆို ငွေနှင့် ဝယ်နိုင်သည်။

www.burmeseclassic.com


မိတ်ဆွေအဖြစ်ကား ငွေနှင့် ဝယ်ယူရာတွင် လွယ်ကူလှ၏”

သူပြောသောစကားသည်မှန်၏။ လူပျိုလူရွယ်သူဌေးကြီး အနန္တသည်ညစာစားပွဲကြီးများကို ပြုလုပ်သည်။ ထိုညစာစားပွဲကြီးများကို ကြီးကျယ်ခမ်းနားစွာ ကျွေးမွေးညစာစားသည်။ မြောက်မြားစွာသော ပုဂ္ဂိုလ်တို့သည် သူ့ညစာစားပွဲသို့ လာကြသည်။ သူ့အား ရင်းနှီးစွာ ဆက်ဆံကြသည်။ သူနှင့်မိတ်ဆွေ ဖြစ်ရသည်ကို ဂုဏ်ရှိလှပါသည်ဟု တဖွဖွ ပြောကြသည်။

ညစာစားပွဲများတွင် စားစရာသောက်စရာ၊ အချိုအချဉ် အငန်အစပ် အရသာစုံ၏။ အရက်အမျိုးမျိုးကို ရသာအမျိုးမျိုး ထွက်အောင် စပ်ဟပ်၍ တိုက်ပေ၏။ မကြာမီပင် သူသည် ငွေသာမက မိတ်ဆွေလည်း ကြွယ်ဝသူတစ်ယောက် ဖြစ်လာ၏။

‘သူဌေးအနန္တ …သင့်၌ မိတ်ဆွေပေါသော်လည်း ကျေးဇူးသိတတ်ခြင်းကား မရှိ’ဟု တစ်စုံတစ်ယောက်သော သူက ဆိုပြန်သည်။

သူဌေးအနန္တသည် ကျေးဇူးသိတတ်ခြင်းသည် မိတ်ဆွေဖြစ်ခြင်းထက် သာလွန်ကြောင်းသိ၏။ သူသည် ကျေးဇူးသိတတ်ခြင်းကို အလိုရှိလာ၏။ ကျေးဇူးသိတတ်ခြင်းသည် မိတ်ဆွေဖြစ်ခြင်းထက် လှပသည်ဟုလည်း သူထင်၏။

“ငါ့မှာ ငွေရှိတယ်၊ ကျေးဇူးသိတတ်ခြင်းကို ငွေနဲ့ပဲအရယူမယ်”

သူဌေးအနန္တက ကျယ်လောင်စွာပင် ဟစ်ကြွေးခြင်းကိုပြု

www.burmeseclassic.com


၏။ ဟစ်ကြွေးသည့်အတိုင်းလည်း မြောက်မြားစွာသော ငွေကြေး ဥစ္စာတို့ကို မြောက်မြားစွာသော သူတို့အား အကြိမ်ပေါင်း မြောက်မြားစွာ ပေးကမ်းပေး၏။ လက်ဆန့်တန်းလာသော သူတောင်းစားမှျကိုပင်လျှင် လက်ဆောင်များ တပုံတပင် ပေးခဲ့၏။

သူဌေးအနန္တကို မြောက်မြားစွာသော သူတို့က ရောမ ကျေးဇူးစကားများကို ပြော၏။ သူဌေးအနန္တအတွက် အဆက်မပြတ်သော မေတ္တာများကို ပို့ကြ၏။ သူဌေးအနန္တအတွက် ကျေးဇူးသိတတ်ခြင်းသည်လည်း အနန္တပင်ဖြစ်၏။ မိတ်ဆွေနှင့် ကျေးဇူးသိတတ်ခြင်းကို ရရှိသောအခါ သူဌေးအနန္တသည် လောက၌ ဘာရှိသေးသနည်းဟု မရောင့်ရဲနိုင်သော မျက်လုံးတို့ဖြင့် လိုက်လံကြည့်ရှုလိုက်သည်။ ထိုအခါ တန်ခိုး၊ အာဏာ၏ တဝါးဝါးရယ်သံတို့ကို ကြားလာ၏။

"သူဌေးအနန္တ ...သင့်မှာ ငွေ၊ မိတ်ဆွေနှင့် ကျေးဇူးတရားရှိသော်လည်း ဘုန်းတန်ခိုးအာဏာကား မရှိ"

"ဘုန်းတန်ခိုး အာဏာကို ငါဝယ်၍ပင် ယူဦးအံ့"

သူဌေးအနန္တကား ရဲရင့်စွာပင် ဆက်လက်ကြွေးကြော်လိုက်ပြန်သည်။

သူဌေးအနန္တသည် ဩဇာထက်မြက်သော ရာထူးကြီးတစ်ခုကိုငွေဖြင့်ပင် စက်၍ ဝယ်ယူလိုက်ပြန်၏။ အာဏာကို ငွေနှင့် ဝယ်ယူခြင်းကား ပို၍ပင် လွယ်ကူသည်ဟု သူဌေးအနန္တက ထင်၏။ ထို့နောက် သူသည် ကဗျာဆရာကြီးများ၊ ကဝိပုရော

www.burmeseclassic.com


ဟိတ်ကြီးများ၊ ပါမောက္ခ အကျော်အမော်များ၊ ပန်းချီ ပန်းပု ပညာရှင်ကြီးများအား လေးစားစွာ ဂုဏ်ပြုခဲ့၏။ လေးစားစွာ ချီးပင့်သည်။ ပညာရှင်များအတွက် လိုအပ်သည်များကို ဖြည့်ဆည်း၏။

ငွေ၊ မိတ်ဆွေ၊ အာဏာရှိသော်လည်း ပညာရှိကို ချီးပင့်ဂုဏ်ပြု ဖြည့်ဆည်းတတ်သော အနန္တအား အချိန်အခါသင့်လျှင် သီးပွင့်မည်သူအဖြစ် နုနယ်သော၊ ပညာရှိသော၊ ထူးခြား၍ သွက်လက်သော စိတ်ဓာတ်ပြည့်သူအဖြစ် ပညာရှိတို့က အသိအမှတ်ပြုခဲ့ကြ၏။

သူဌေးအနန္တကား ငွေရှိ၏။ မိတ်ဆွေရှိ၏။ ကျေးဇူးသိတတ်ခြင်းလည်း ရှိ၏။ ဘုန်းတန်ခိုးနှင့် အာဏာသည်လည်း အနန္တဖြစ်၏။ သူဌေး အနန္တက 'ငါ့၌ လိုလေသေးမရှိပြီ' ဟူ၍ ကြွေးကြော်လေ၏။

'သင့်၌ ငွေ၊ မိတ်ဆွေ၊ ကျေးဇူးတရားနှင့် ဘုန်းတန်ခိုး အာဏာတို့နှင့်တကွ ကောင်းသတင်းနှင့်ကျော်ကြားမှု အလုံးစုံရှိသော်လည်း ချစ်ခြင်းမေတ္တာကား မရှိ'ဟု ချစ်မေတ္တာက ဆိုပေသည်။

"ချစ်ခြင်းမေတ္တာ"

"ချစ်ခြင်းမေတ္တာ"

"ချစ်ခြင်းမေတ္တာ"ဟူသော စကားလုံးတို့သည် သူဌေးအနန္တ၏ ရင်တွင်းဝယ် ပဲ့တင်ထပ်၍ ပေါ်လာသည်။

မှန်ပေသည်။ ချစ်ခြင်းမေတ္တာဟူသည် အရာခပ်သိမ်းကို

သက်ဝင်လှုပ်ရှားစေသော အရာဖြစ်သည်။ အရာခပ်သိမ်းအပေါ် အလှဖြစ်သောအရာ ဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် ငါ့၌ အလိုအပ်ဆုံးသော အရာတည်း။ ထိုအရာကို ငါသည် ငွေနှင့်ပင် ဝယ်ယူတော့အံ့။

ရတနာဆိုသော မိန်းမချောလေးကား ချောမောလှပသည်။ မိန်းမတို့၏ ကောင်းခြင်းအင်္ဂါလက္ခဏာအဖြာဖြာနှင့် ပြည့်စုံ၏။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့ဖြင့် တပ်မက်ဖွယ်ရာဖြစ်၏။ ပြိုင်ဘက်ကင်း၍ မာရ်နတ်မင်းပင် နောက်ပိုးထွက်ရမည့် မိန်းမ စားဖြစ်သည်။

သူဌေးအနန္တသည် 'ရတနာ'၏ အလှအပတွင် ယစ်မူး နေပေ၏။ ရတနာ၏ ပျိုမျစ်နုနယ်သော အဆင်းတွင် သူဌေး အနန္တ၏ ဝိညာဉ်သည်ပင် ထာဝရမှီခို လဲလျောင်းအိပ်စက် နေ၏။ သူဌေးအနန္တသည် 'ရတနာ'အား အလုံးစုံကို အပ် နှင်း၏။ တစ်နေ့လျှင် ရတနာခုနစ်မျိုးမှ တစ်မျိုးသော ရတနာ ကိုလက်ဆောင်ပေး၏။ခုနစ်ရက်ပြည့်မြောက်သောနေ့တိုင်းတွင် ရတနာခုနစ်ပါးစလုံးကို လက်ဆောင်ပေး၏။

"ရတနာ...မင်း ကိုယ့်ကိုချစ်ရဲ့လား"

"အို...အစ်ကိုရဲ့၊ အသက်မကအသည်းမက ဟောဒီကမ္ဘာ မှာ နှိုင်းစရာမရှိအောင် ချစ်ပါတယ်"

သူဌေးအနန္တသည် ထိုစကားကိုနေ့စဉ်မေးသည်။ ရတနာ က ထိုအတိုင်းပင် နေ့စဉ်ဖြစ်၏။ ထိုအခါ သူဌေး အနန္တက...

www.burmeseclassic.com


"ငါသည် ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်သူ"
"ငါသည် ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်သူ"

"ငါသည် ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်သူ"ဟူ၍ ကြီးစွာသော ကြွေးကြော်မှုကို အကြိမ်ကြိမ် ပြု၏။

ထိုအခါ တစ်စုံတစ်ယောက်က 'သူဌေးအနန္တ ...သင်ကား မိုက်မဲလှ၏။ ထိုအရာသည် ချစ်ခြင်းမေတ္တာမဟုတ်။ သူမသည် သင့်အား ချစ်ခင်စုံမက်သည်မဟုတ်။ သင်နေ့စဉ်ပေးအပ်သော ရွှေငွေ၊ ကျောက်သံပတ္တမြား ရတနာများကိုသာ ချစ်ခင်စုံမက်နေခြင်း ဖြစ်သည်'ဟု ဆို၏။

ထိုအခါ သူဌေးအနန္တသည် ညှိုးချုံးကျစွာဖြင့် သူ့ချစ်သူအား စွန့်လွှတ်လိုက်လေ၏။ နောက်သူဌေးအနန္တနှင့် တွေ့ကြုံဆုံစည်းခဲ့ပြန်သူကား 'မာယာ'ဖြစ်၏။ မာယာ၏ အလှကား ရတနာ၏ အလှထက်ပင် ဆယ်ပြန်ပိုသေးသည်ဟု ဆိုနိုင်၏။ သည်တော့လည်း သူဌေးအနန္တက မာယာကို ပထမ အချစ်ထက် ဆယ်ဆ ဆယ်ပြန် ပို၍ ချစ်ပြန်၏။

သူဌေးအနန္တ၌ ချစ်မေတ္တာဝေစီနေသော ညတစ်ည။

"ဟောဒီ ညချမ်းဟာ အတော့်ကို သာယာအေးချမ်းလှပါတယ် အချစ်ရယ်"

"ခုလိုညမျိုးမှာ ကပွဲတစ်ခုခုမှာ ရှိနေတာက ပျော်စရာအကောင်းဆုံးပဲမောင်"

"မောင်နဲ့အတူ ညချမ်း ကုန်ဆုံးတဲ့အထိ အတူ နေပါ

www.burmeseclassic.com


အသက်ရယ်”

“ညချမ်း ကုန်ဆုံးတဲ့အခါ ကပွဲတွေ ပိတ်ကုန်လိမ့်မယ် မောင်”

“ခု အသက်က ဘယ်သွားမလို့လဲ”

“သာယာတဲ့ ညချမ်းမှာ ကပွဲတစ်ခုခုမှာ ရှိနေတာဟာ ပျော်စရာ အကောင်းဆုံးလို့ ပြောထားတယ် မဟုတ်လား မောင်”

“မင်း ခုကပွဲသွားမလို့လား”

“ဟုတ်တယ်”

“ကိုယ်နဲ့အတူနေပါ အသက်ရယ်”

“သိပ်ပျင်းစရာ ကောင်းတာပဲ၊ ကပွဲကိုမသွားရရင် ကျွန်မ မနေနိုင်တော့ဘူး”

“တားပါရစေ အသက်ရယ်”

“ကျွန်မအတွက် ဒီနေရာဟာ ခြောက်သွေ့တိတ်ဆိတ်လွန်း နေပါတယ်”

“တားပါရစေဦးအသက်ရယ်”

“ခုလို တိတ်ဆိတ်ခြောက်သွေ့နေတာထက် ထိန်ထိန်လင်း နေတဲ့ မီးရောင်တွေအောက်မှာ ရမ္မက်လွှမ်းနေတဲ့ တေးဂီတသံ တွေကို ဟီးလေးခိုရင်း သီချင်းထဲကလို ကျွန်မတော့ သက်တန့် ပေါ်မှာ ကစားချင်တယ်”

မာယာသည် သူဌေးအနန္တ အား ထိုနေရာတွင်ပင် ထားခဲ့ ကာ ရမ္မက်လွှမ်းနေသော တေးဂီတများလွှမ်းမိုးရာ ကပွဲဆီသို့

www.burmeseclassic.com


ထွက်သွားလေ၏။

သူဌေးအနန္တသည် ကျယ်လောင်စွာ မဟာစ်ကြွေးနိုင်တော့ဘဲ စိတ်ပျက်အားငယ်စွာဖြင့်...

'သူက ငါ့ထက် ဟိုလောကကို ပိုလို့ခင်တွယ်ပါကလား'ဟု ဆိုလိုက်၏။

သို့သော် သူဌေးအနန္တကား အားမလျှော့။

"ငါကား ချစ်ခြင်းမေတ္တာကို ထပ်မံ၍ ဝယ်ယူဦးအံ့"

ထိုအခါ တစ်စုံတစ်ယောက်က 'ဟယ်...လူမိုက်၊ချစ်ခြင်း မေတ္တာဟူသည် ဝယ်ယူ၍ မရသည်ကို သင်ယခုတိုင်ပင် မသိ သေးသလော'ဟု ဆို၏။

"ချစ်ခြင်းမေတ္တာကို ဝယ်ယူ၍မရ"

"ချစ်ခြင်းမေတ္တာကို ဝယ်ယူ၍မရ"

"ချစ်ခြင်းမေတ္တာကို ဝယ်ယူ၍မရ"

သူဌေးအနန္တ၏ ရင်တွင်း၌ ကျယ်လောင်စွာ မြည်ဟည်း လာ၏။

"ချစ်ခြင်းမေတ္တာကို ကျွန်ုပ်အား ပေးပါ"

"ချစ်ခြင်းမေတ္တာကို ကျွန်ုပ်အား ပေးပါ"

"ချစ်ခြင်းမေတ္တာကို ကျွန်ုပ်အား ပေးပါ"

သူဌေးအနန္တသည် ချစ်ခြင်းမေတ္တာကို သနားစဖွယ် တောင်းခံလိုက်၏။ သူသည် ချစ်မေတ္တာကို တောင်းခံရင်း လှမ်းမျှော်၍ကြည့်လိုက်ရာ တစ်ကောင်နှင့်တစ်ကောင် ပူးကပ် စွာ အိပ်ပျော်နေကြသော ပျံလွှားငှက်မောင်နှံကို တွေ့လိုက်

www.burmeseclassic.com


ရ၏။

သူဌေးအနန္တသည် ‘ချစ်ခြင်းမေတ္တာကို ပေးပါ၊ ပေးပါ’ဟု အော်ရင်း သူ့အိမ်ကြီးမှ ပြေးထွက်လာခဲ့၏။ အတန်ငယ်ရောက်သောအခါ တစ်ဦးကို တစ်ဦး ပွေ့ဖက်ရင်း ညချမ်း၏ အေးမြမှုအောက်တွင် ကလူကျီစယ်နေကြသော ဆင်းရဲသားလင်မယားကို တွေ့လိုက်ရ၏။

သူဌေးအနန္တသည် ‘ချစ်ခြင်းမေတ္တာကို ပေးပါ။ ချစ်ခြင်းမေတ္တာကိုပေးပါ’ဟု ထပ်မံအော်ဟစ်တောင်းဆိုရင်း ရှေ့သို့ ပြေးထွက်လာ၏။ မကြာမီပင် သူဌေးအနန္တသည် သူတောင်းစားမလေးတစ်ဦးကို လမ်းဘေးတစ်နေရာတွင် တွေ့လိုက်ရ၏။

“မင်း ကိုယ့်ကို ချစ်မေတ္တာ ပေးပါလားကွယ်၊ ကိုယ်ဟာ ချစ်မေတ္တာကို ရှာဖွေနေပါတယ်”

“ကျွန်မမှာ ဆာလောင်မွတ်သိပ်နေတော့ ဒီအချိန်မှာ ချစ်ခြင်း မေတ္တာဆိုတာကို ကျွန်မစဉ်းစားလို့တောင် မရနိုင်ပါဘူး”

သူဌေးအနန္တသည် ရှေ့ဆက်၍ပြေးရင်း ‘ချစ်ခြင်းမေတ္တာကို ပေးပါ၊ ပေးပါ၊ ပေးပါ’ဟု အော်နေပြန်၏။ ညဉ့်ဦးယံသည် သန်းခေါင်ယံသို့ မပြောင်းသေးပါ။ သူဌေးအနန္တသည် ချစ်မေတ္တာ ဆာလောင်မွတ်သိပ်ခြင်းဖြင့် ရူးသွပ်၍ သွားခဲ့တော့၏။

“ချစ်ခြင်းမေတ္တာကို ပေးပါ”
“ချစ်ခြင်းမေတ္တာကို ပေးပါ”

www.burmeseclassic.com


"ချစ်ခြင်းမေတ္တာကို ပေးပါ"

သူဌေးအနန္တ၏ သနားစဖွယ် တောင်းခံသံများသည် ပဲ့တင်ထပ်နေ၏။

အကယ်၍ သူဌေးအနန္တဝယ် မွေးသမိခင် ရှိခဲ့လျှင်ကား...

* * *

အမာဒေါ်နာဘိုသည် သူ၏ ဝတ္ထုတိုကို ဤနေရာတွင် အဆုံးသတ်လိုက်ပါ၏။

မိခင်မေတ္တာကို ခံစားရပါက မိုးကြီးသည်းထန်စွာရွာပါလျှင် မြစ်ချောင်း အင်းအိုင်တို့တွင် မိုးရေတို့သည် မို့မောက်ပြည့်လျှံရုံမျှမက ယိုဖိတ်စီးဆင်းကုန်ဘိသကဲ့သို့ မကုန်နိုင် မခန်းနိုင် ပြည့်လျှံစွာ ခံစားနေနိုင်၏။

ကုဋေကုဋာ ချမ်းသာကြီးလှသူ သူဌေးကြီး အနန္တကား ဆင်းရဲလေစွ။

●

**လူသားတို့၏ အကောင်းဆုံးသော လုပ်ရပ်၊**
**သို့မဟုတ် အတွေးအခေါ်တစ်ခု ရှိသည်ဆိုလျှင်**
**ယင်းမှာ မိခင်မေတ္တာပင် ဖြစ်ရမည်။**

ပြင်သစ် ပညာရှင်တစ်ဦး

## အခန်း(၇)

## ကမ္ဘာစစ်ပင်ခြားခြား

မိခင်မေတ္တာသည် ကြီးမားသောစေ့ဆော်မှု၊ ကြီးမားသော အင်အားနှင့်စွမ်းအင်များ ရှိကြောင်းကို ဒုတိယ ကမ္ဘာစစ် အတွင်းမှ ဖြစ်ရပ်တစ်ခုက သက်သေပြခဲ့သည်။

ထိုဖြစ်ရပ်မှာ ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလ အတွင်းက စတင်၏။ အက်(စ်)အက်(စ်)ကွာလာသင်္ဘောကြီးသည် စစ်ပြေး ခရီးသည်များကို တင်ဆောင်ကာ ဂျပန် လက်တွင်းသို့ ကျတော့မည့်ဆဲဆဲ အချိန်တွင် စင်ကာပူမြို့မှ ထွက်ခွာခဲ့၏။

ဂျပန်ဗုံးကြဲလေယာဉ်တို့သည် စင်ကာပူမြို့မှ ထွက်ခွာသွားသော သင်္ဘောအားလုံးကို ပင်လယ်ထဲတွင် နစ်မြုပ်သည်အထိ

www.burmeseclassic.com


လိုက်လံဗုံးကြဲတိုက်ခိုက်နေ၏။

အက်(စ်)အက်(စ်)ကွာလာ သင်္ဘောကြီးပေါ်တွင် ချမ်းသာကြွယ်ဝသော တရုတ်အမျိုးသမီး **မစ္စက်ရလီ** နှင့် သမီးလေးနှစ်ယောက်ပါလာ၏။ သမီးတစ်ယောက်မှာ ခြောက်နှစ်အရွယ်ရှိ၍ အခြားတစ်ယောက်မှာ တစ်နှစ်အရွယ်သာရှိ၏။ မစ္စက်ရလီသည် တစ်နှစ်သမီးလေးကို ရင်ခွင်တွင်ပိုက်ကာ ခြောက်နှစ်သမီးလေးအား လက်ဆွဲ၍သင်္ဘောပေါ်တွင် လိုက်ပါလာသည်။

အခြားသင်္ဘောများနည်းတူ အက်(စ်)အက်(စ်)ကွာလာ သင်္ဘောကြီးသည်လည်း မကြာမီ ဂျပန်တိုက်လေယာဉ်တို့၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရ၏။ တိုက်ခိုက်ခံရသည်နှင့် တစ်ပြိုင်နက် ကွာလာသင်္ဘောကြီးသည် မီးဟုန်းဟုန်းတောက်တော့၏။ သင်္ဘောကြီးမီးတောက်လောင်နေချိန်တွင် ရသည် ခြောက်နှစ်သမီးလေး **ပက်စီ** အား မျောလာသော သစ်သားပိုင်း တစ်ခုပေါ်သို့ တင်ပေးနေစဉ် မိမိနှင့် တစ်နှစ်သမီးလေးမှာ ရေအောက်သို့ ကျသွားခဲ့သည်။

ရအား အသက်ကယ်လှေတစ်စင်းက ကယ်ခဲ့၍ သတိရလာသောအခါ သမီး နှစ်ယောက်စလုံး မရှိတော့ပေ။ ထိုအခါ ရက 'ငါ့သမီးငယ်ကတော့ ဆုံးတာ သေချာတယ်၊ ဒါပေမယ့် သမီးကြီးပက်စီကတော့ မဆုံးနိုင်ဘူး၊ သူ့ကို ငါ အိမ်ကပဲ ပြန်စောင့်မယ်'ဟုဆိုကာ စင်ကာပူသို့ ပြန်လာခဲ့၏။ ရသည် စင်ကာပူသို့ ပြန်ဝင်ရေးမှာ မလွယ်ကူပေ။ ဒုက္ခများ၊ အန္တရာယ်

များကို ရင်ဆိုင်၍ စင်ကာပူသို့ ပြန်ရောက်သော်လည်း သန်းပေါင်း မြောက်မြားစွာသော ဒုက္ခသည်များအကြားဝယ် ရသည် သမီးလေးပက်စီကို မတွေ့ရှိခဲ့။

၁၉၄၅ခုနှစ်၊ စစ်ကြီးပြီးဆုံးသည့်တိုင် ပက်စီ ပြန်မတွေ့ဘဲ ရှိခဲ့သည်။ သို့သော ရသည် အားမလျော့ပေ။

၁၉၄၆ခုနှစ်ဦးပိုင်းသို့ ရောက်လာသောအခါ ရသည် တိုင်းသတင်းစာတွင် ဂွာဒယ်(လ်)ရေလက်ကြား၌ အမေရိကန်ရေတပ်နှင့် ဂျပန်ရေတပ်တို့ တိုက်ပွဲဖြစ်ပြီးနောက် ပက်စီလီ ဆိုသော တရုတ်အမျိုးသမီးလေးတစ်ဦးကိုတွေ့၍ အမေရိကန် ရေတပ်မှ ကယ်ဆယ်ခဲ့သည်ဟူသော သတင်းတိုလေးတစ်ပုဒ်ကို တွေ့ခဲ့ရ၏။

ထို့နောက် ကလေးကို ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးက စောင့်ရှောက်ထားပြီး ထိုမှတစ်ဆင့် အဲဖိတ်ကျွန်းပေါ်ရှိ ပြင်သစ် သီလရှင်များ၏ မိဘမဲ့ကလေးဂေဟာတွင် အပ်နှံထားသည် ဟူသော သတင်းလေးလည်း နောက်ဆက်တွဲအနေဖြင့် ပါလာ၏။

ထိုအခါ ရသည် ချက်ချင်းပင် ခရစ်ယာန်ဘုန်းတော်ကြီးထံ သို့ စာတစ်စောင်ရေးကာ ဆက်သွယ်ခဲ့၏။ ထိုစာတွင် ယခု သတင်းစာတွင် ပါလာသောကလေးငယ် ပက်စီမှာ ကျွန်မ သမီးဖြစ်ပါသည်။ ကျွန်မ သမီးလေးသည် မိုင် ၄၂၀၀ ဝေးသော ဂွာဒယ်(လ်)ရေလက်ကြား၌ ဘယ်လိုရောက်သွားသည် မသိသေးသော်လည်း ထိုကလေးသည် ကျွန်မ ကလေးဖြစ် ကြောင်း ကျွန်မသိပါသည်ဟု ရေးသားလိုက်၏။

ရ၏ စာကို ဘုန်းတော်ကြီး ရရှိသောအခါ ခရစ်ယာန်

www.burmeseclassic.com


ဘုန်းတော်ကြီးသည် များစွာ စိတ်မကောင်းဖြစ်ခဲ့ရ၏။ အဘယ် ကြောင့်ဆိုသော် ဘုန်းတော်ကြီးက ဤကလေးငယ်သည် ရှ၏ သမီး ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဟု သိနေ၏။

တစ်ညတွင် ဂွာဒယ်(လ်)ရေလက်ကြား၌ တိုက်ပွဲများငြိမ် နေစဉ် ကျွန်းသားများက တရုတ်အမျိုးသမီးလေး တစ်ဦးကို အမေရိကန်ရေတပ် ကင်းစခန်းသို့ သယ်လာ၏။ ထိုရွာသူ ရွာ သားများကို ဂျပန်တို့က ပစ်သတ်ခဲ့၍ ထိုကလေးကိုမူ ရွာပြင် ဘက် မြောင်းတစ်ခုထဲတွင် တွေ့ခဲ့ရ၏။ ကလေး၏ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရနေ၍ ငှက်ဖျားလည်းမိနေသေး၏။ချက် ချင်းပင် ဆရာဝန်က ဝေဒနာများကို ကုသပေးပြီး နေကောင်း လာသောအခါ ဘုန်းတော်ကြီးက ဆက်လက်စောင့်ရှောက် ထားခဲ့၏။

နေကောင်းလာသောအခါ တရုတ်မလေးသည် ဘုန်းတော် ကြီးနောက် အမြဲကပ်လိုက်နေခဲ့၏။ သို့သော် ပြုံးခြင်း ရယ်ခြင်း မရှိပေ။

ဘုန်းတော်ကြီးသည် ထိုတရုတ်မလေးအား **ပေါင်အိုပေး**ဟု တရုတ်အမည် ပေးခဲ့၏။ သို့သော် သင်္ဘောသား တစ်ဦးက ဒီကလေးငယ်အား အင်္ဂလိပ်နာမည်ပေးလျှင် ကောင်းမည် ဖြစ်ကြောင်း ဘုန်းတော်ကြီးအား လျှောက်ထားရာ ဘုန်းတော် ကြီးက သဘောတူပြီး **ပက်စီ** ဟု အမည်ပေးခဲ့၏။

ထို့နောက် ဘုန်းတော်ကြီးသည် မျိုးရိုးအမည်နှင့်ပတ်သက်၍ မိမိ တရုတ်ပြည်တွင် သာသနာပြုလုပ်ငန်း ပြုလုပ်စဉ်က

www.burmeseclassic.com


နာမည်ဖြစ်သော **လီ** ဟူသော အမည်ကို ပေးခဲ့၏။

ထို့ကြောင့် ကလေးမ၏ အမည်မှာ ပေါင်အိုပေးမှ **ပက်စီလီ** ဖြစ်လာ၏။ ထို့ကြောင့် ဘုန်းတော်ကြီးက ဤကလေးသည် နာမည်တူရုံဖြင့် ရှ၏ကလေးငယ်မဖြစ်နိုင်ဟု ကောက်ချက်ချခဲ့ခြင်းပင် ဖြစ်၏။

ဘုန်းတော်ကြီးသည် ပက်စီလီအား ရှေ့တန်းတွင် မထားသင့်ဟု ယူဆကာ ကလေးကို မိဘမဲ့ ကလေးဂေဟာသို့ လေယာဉ်ဖြင့်ပို့ပေးရန် စီစဉ်လိုက်၏။ လေယာဉ်ပေါ်တက်ချိန်တွင် ကလေးငယ်သည် ဘုန်းတော်ကြီး၏ ခြေထောက်များအား ဖက်တွယ်၍ ငိုကာ မလွှတ်တမ်းတွယ်ထားသည်ကို စစ်မြေပြင်သတင်းထောက်ကတွေ့ရှိသောအခါ ထိုဖြစ်ရပ်အားသတင်းအဖြစ်ရေးသား၍ သတင်းစာထဲတွင် ထည့်လိုက်၏။

ထိုသတင်းစာကို ရှတွေ့ရှိခြင်းဖြစ်၏။

ဘုန်းတော်ကြီးသည် ထိုဖြစ်ကြောင်းကုန်စင်ကို ရှထံသို့ စာပြန်၍ ရေးလိုက်၏။ သို့သော် ရှက ထိုကလေးကို သူ့ကလေးဟုပင် အထင်ရှိနေ၏။ ရှသည် အားမလျှော့ဘဲ မိဘမဲ့ကလေးရှိရာ အဲဖိတ်ကျွန်းသို့ လိုက်သွား၏။

အဲဖိတ်ကျွန်းမိဘမဲ့ ကလေးဂေဟာသို့ရောက်၍ ထိုကလေးကိုတွေ့သောအခါ ရှသည် ပက်စီလီနှင့် လုံးဝ မတူသည်ကို တွေ့ရသည့်အပြင် ထိုကလေးကလည်း ရှကိုသိဟန်မပြပေ။ရှ၏ တက်ကြွနေသောစိတ်များမှာ ညိုးချုံးခဲ့ရသော်လည်း ရှသည် အားမလျှော့။

ထိုကလေး၏ လက်မောင်းတွင် ကျောက်ထိုးထားသော

www.burmeseclassic.com


အရာတစ်ခုကို တွေ့ရလေရာ ကျွမ်းကျင်သူတို့က ဂွာဒယ်(လ်) ရေလက်ကြားရဲ့ အဲဒီပတ်ဝန်းကျင်က ကလေးတွေဟာ ကျောက်ဆေးထိုးထားတဲ့ ကလေးတွေ မဟုတ်တဲ့အတွက် ‘ဒီကလေးဟာ ဂွာဒယ်(လ်)ရေလက်ကြားက မဟုတ်နိုင်ဘူး၊ တခြားဒေသက ဖြစ်ရမယ်’ဟု ဆိုသောအခါ ရသည် အနည်းငယ် အားတက်လာပြန်၏၊ ရက ‘ကျွန်မသမီးပက်စီကို ၂နှစ်အရွယ်က ကျောက်ဆေးထိုးပေးဖူးတယ်၊ အဲဒါ အခု ကလေးရဲ့ လက်မှာတွေ့ရတဲ့ နေရာမှာပဲ’ဟု ပြော၏။

ငယ်စဉ်က ပက်စီမျက်စိစွံရာတွင် မျက်ခွံကိုခွဲစိတ်ကုသခဲ့ရာ ဤဖြစ်ရပ်ကိုမှတ်မိနေသော ရက ပက်စီ၏ မျက်ခွံကိုကြည့်လိုက်သောအခါ ထိုနေရာတွင်ပင် အမာရွတ်တစ်ခု တွေ့ရပြန်၍ ရသည် အားတက်လာပြန်၏။

ရသည် ထိုကျွန်းပေါ်တွင်ပင်နေထိုင်ကာ ကလေးကို ဂရုစိုက် လေ့လာခဲ့၏။ သီလရှင်တစ်ဦးက ကလေး၏ ပေါင်တွင် မွေးရာပါ အမှတ်တစ်ခု ရှိသည်ဟုဆိုရာ ရက မိမိ သမီး၏ ပေါင်တွင် အမှတ်မပါကြောင်း ဝမ်းနည်းစွာပြန်၍ ပြောခဲ့ရ၏။ သို့သော် ကလေးကို ကုသပေးသူ ဆရာဝန်က ကလေးငယ်၏ ပေါင်မှ အမှတ်သည် မွေးရာပါ အမှတ်အသားမဟုတ်ဘဲ ယမ်းမှုန့်စင်ပြီး လောင်ခြင်းဖြစ်၍ မိမိကိုယ်တိုင် ကုသပေးထားသော အမာရွတ်ဖြစ်ကြောင်းကို ပြောပြသောအခါ ရသည် မျှော်လင့်ချက်ရှိလာပြန်၏။

ရသည် ရက်ပေါင်းများစွာ ကလေးငယ်အား စောင့်ကြည့်ခဲ့၏။ တစ်နေ့တွင် ရသည် သူ့သမီးငယ်စဉ်က ရေးသား

www.burmeseclassic.com


ပေးပို့ခဲ့သော ပို့စကက်ကလေး တစ်စောင်ကိုသတိရပြီး ထို ပို့စကတ်ပေါ်မှ စာများကို ကလေးအား ရေးသား စေခဲ့၏။ ရှ၏ သမီးငယ် ပက်စီလီသည် အင်္ဂလိပ်ပုံနှိပ်စာလုံးအကြီးဖြင့် ရေးသားပြီး ပက်စီလီသည် သူ့စာများတွင် အမှားတစ်ခု ရေးထား၏။ Ǝထိုအမှားမှာ အင်္ဂလိပ်စာလုံး(**E**)စာလုံးကို ရေးတိုင်း ပြောင်းပြန်( )ဟု ရေးထားခြင်းဖြစ်၏။

ကလေးများအားလုံးကို စုပေါင်း၍ ပို့စကတ်တွင် ပါသည့် (Dear Aunt Katherine, we are all well. How are you? I love you patsy.)ဟူသော စာလုံးကို ရှက တစ်လုံးချင်း ခေါ်ပေးပြီး ပက်စီလီနှင့် ကလေးများ အားလုံးကို လိုက်ရေးစေ၏။ ထို့နောက် ပက်စီလီရေးထားသော စာကို ယူ၍ ကြည့်သောအခါ ပက်စီလီက ပို့စကတ်ထဲတွင် ပါသည့်အတိုင်း အင်္ဂလိပ်စာလုံးအကြီးဖြင့် (**E**)ကို ပြောင်းပြန် ရေးသားထားသည်ကို တွေ့ရ၏။ Ǝ Ǝ Ǝ

**Ǝ (D AR AUNT ƎK TH RIN W AƎ ALL W LL. HOW AR YOU? I LOV YOU PATSY.)**

ထိုကလေး ယခုရေးလိုက်သော စာလုံးနှင့် ရှက မိမိသမီး ၁၉၄၁ ခုနှစ်ခန့်က ပို့စကတ်ပေါ်တွင် ရေးသားထားသည့် စာများကို လက်ရေးပါရဂူများအား ပြကြည့်ရာ ထိုလက်ရေး နှစ်ခုသည် တစ်ယောက်တည်းက ရေးသားခြင်း ဖြစ်ကြောင်း အဖြေပေးခဲ့၏။

မကြာမီ ထိုဖြစ်ရပ်များကို သတင်းစာ၌ ထည့်သွင်း

www.burmeseclassic.com


ဖော်ပြခဲ့ရာ ကွာလာသဘော်ကြီးပေါ်မှ ပက်စီလီအား အသက်ကယ် လှေတစ်စင်းက ကယ်သွားပုံကို ကွာလာသဘော်ပေါ်တွင် ထိုအခါက ပါခဲ့သော မျက်မြင်စစ်ပြေးဒုက္ခသည် တစ်ဦးက သတင်းအဖြစ် ရေးသား၍ သတင်းစာတိုက်သို့ ပေးပို့ခဲ့၏။ ထို့နောက် ပက်စီလီသည် ကုန်တင်သဘော် တစ်စင်းဖြင့် ဂွာဒယ်(လ်)ရေလက်ကြားသို့ ရောက်ခဲ့ပုံကို အခြားမျက်မြင်ဒုက္ခသည် တစ်ဦးက ရေးပို့ခဲ့ရာ ပက်စီ၏ ဘဝဆက်ထုံးများသည် တစ်ခုပြီးတစ်ခု ပြည့်သွားကာ ရသည် နောက်ဆုံးတွင် သမီးလေးပက်စီကို သူ့ရင်ခွင်ထဲသို့ ပြန်လည်ထည့်ကာ စင်ကာပူသို့ ပြန်နိုင်ခဲ့လေ၏။

အလွန်အံ့သြစရာကောင်းသော ဖြစ်ရပ်တစ်ခုပင် ဖြစ်၏။ ရသည် သူ၏ ကြီးမားသော မိခင်မေတ္တာနှင့်သာ သမီးကလေးကို ပြန်လည်ရှာဖွေနိုင်ခြင်း ဖြစ်၏။ ကမ္ဘာစစ်ဖြစ်ချိန်တွင် ကလေးငယ်တစ်ယောက်ကို ပြန်တွေ့အောင် ရှာနိုင်ခြင်းသည် မတော်တဆ တိုက်ဆိုင်မှုနှင့် တွေ့သည်မဟုတ်။ တကယ့်မိခင်မေတ္တာဖြင့် ရှာဖွေ၍သာ တွေ့ရှိခဲ့ရခြင်း ဖြစ်ပေ၏။ မိခင်နှင့်သမီးတို့အတွင်း ခိုင်မြဲစွာ ချည်နှောင်ထားသော သံယောဇဉ်ကြိုးကို ကမ္ဘာစစ်သည်ပင်လျှင် ဖြတ်တောက်ရန် မစွမ်းဆောင်နိုင်ပေ။

ထိုကဲ့သို့သော ဆင်တူဖြစ်ရပ်တစ်ခုကို ကျွန်တော်သည် ၁၉၇၃ခုနှစ်လောက်က ကြုံခဲ့ဖူး၏။ ထိုအခါက ဂါဒီယန်းသတင်းစာတွင်...

"သူတောင်းစားများသည် ကလေးများအား တိတ်တိတ်

www.burmeseclassic.com


ခိုးကာ ကြောက်ရွံ့သွားအောင် နှိပ်စက်၍ ဦးနှောက်ပျက် လောက်အောင် ညှဉ်းပန်းပြီး တောင်းခိုင်းသည့် ဖြစ်ရပ်များ ပေါ်လျက်ရှိကြောင်း”

သတင်းတိုလေးတစ်ပုဒ်ကို ဖတ်ခဲ့ရ၏။

ထိုသတင်းကို ဖတ်ရပြီးသည့်နောက်တွင် ကျွန်တော်သည် ကလေးပျောက်သော မိဘများထံသို့လိုက်မေးရာ မိသားစု သုံးလေးခုတွင် အမှန်ပင် ကလေးများပျောက်နေကြသည်ကို တွေ့ရ၏။ သို့သော် သူတောင်းစားများ ခေါ်ယူသွားသည်ကိုကား တိတိကျကျ မည်သူမျှ မပြောနိုင်ပေ။

မိဘများမှာ သားသမီးများပျောက်ဆုံး၍ ကမ္ဘာမီးလောင် သလို ခံစားနေကြရလေရာ အလုံမြို့နယ်အတွင်းမှ မိသားစု တစ်စုတွင် ကလေးငယ် ပျောက်ဆုံးသည်မှာ တစ်နှစ်ပင် ကျော်သော်လည်း ပြန်မတွေ့ဟု ဆို၏။

သားငယ်ပြန်မလာသဖြင့် မိခင်ကြီးသည် သားလေးရှိစဉ် က ဆော့တတ်သော အလုံမစ်ရှင်လမ်းဘူတာရုံတွင် နေ့စဉ် သွား၍ ငိုနေ၏။ ထိုဘူတာရုံတွင် မိခင်ကြီး နေ့စဉ်သွား၍ ငိုနေ သည်မှာလည်း သားလေးပျောက်သွားသည်မှစ၍ နှစ်နှင့်ပင် ချီ၍ကြာခဲ့၏။ တစ်နေ့သော ညနေတွင် သားလေးအား လွမ်းဆွတ်တသစွာဖြင့် ဘူတာရုံကိုတိုင်ကိုမှီ၍ မျက်ရည်ပူများ စီးကာ ငိုကြွေးနေစဉ် ပြည်မြို့သို့သွားမည့် ရထားသည် ရန်ကုန် ဘူတာကြီးဘက်မှ မစ်ရှစ်ဘူတာအတွင်းသို့ ဝင်လာ၏။ ရထားသည် ဘူတာအတွင်းသို့ အရှိန်လျှော့၍ ဝင်လာစဉ် ထိုရထားပေါ်မှ ‘အမေ...အမေ’ဟုခေါ်ကာ သားငယ်သည်

www.burmeseclassic.com


ခုန်ချလိုက်၏။

မိခင်ကြီးသည် ရထားပေါ်မှ ခုန်ချလိုက်သော သားထံသို့ အတင်းပြေးသွားကာ သားလေးအား ပွေ့ဖက်ထားရင်း ဝမ်းသာလွန်း၍ သားကိုဖက်ကာ အကြာကြီးငိုနေမိ၏။

ထိုကလေးငယ်သည် ကိုးနှစ်သာသာရှိသေး၍ တကယ်ပင် သူတောင်းစားများက ခေါ်ယူသွားခြင်း ခံခဲ့ရသူ ဖြစ်၏။ ကလေးငယ်က သူတောင်းစားများသည် သူ့အား ပဲခူးသို့ ခေါ်သွားကြကြောင်း၊ ထိုမှ တစ်နှစ်ပတ်လုံး အမျိုးမျိုးနှိပ်စက်၍ အတောင်းခိုင်းပြီး ယခုအခါ ပြည်မြို့ ဘုရားပွဲများသို့သွား၍ အတောင်းခိုင်းရန် အသွားတွင် အမေ့ကိုတွေ့ရ၍ ရထားပေါ်မှ ခုန်ချခဲ့ခြင်းကြောင်း ပြန်လည်ပြောပြ၏။

ဤဖြစ်ရပ်နှစ်ခုသည် မိခင်၏ ကြီးမားသော စေ့ဆော်မှုနှင့် စွမ်းအင်ကို ဖော်ပြသော ဖြစ်ရပ်များသာ ဖြစ်၏။ ထိုကဲ့သို့သော ဖြစ်ရပ်များသည် မိခင်နှင့် သားသမီးတို့ကြားဝယ် မည်မျှ များပြားစွာ တည်ရှိနေသည်မသိ။ ရေးသား၍ မကုန်နိုင်လောက်အောင်ပင် ရှိနေမည်မှာကား သေချာလှပါသတည်း။

www.burmeseclassic.com

●

ပထဝီ ဝေဒြူကပတ္တံ

**ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော**
**မဟာပထဝီမြေကြီးသည် မိဘမေတ္တာနှင့် နှိုင်းယှဉ်လိုက်ပါက**
**ဝါးရွက်ငယ်တမျှသာ ရှိပေ၏။**

(မာတုပေါသကသုတ်)

## အခန်း(၂၈)

## ကျွန်မသားကြီး

မိခင်နှင့် သားသမီးများအကြားဖြစ်ပွားခဲ့သော မေတ္တာဓာတ်လမ်း၊ သံယောဇဉ် ဓာတ်လမ်းတို့သည် အလွန်ပင် ထူးဆန်းအံ့ဩဖွယ် ကောင်းလှ၏။ ထိုဖြစ်ရပ်အားလုံးသည် မိခင်၏ကြီးမားသော မေတ္တာရိပ်အောက်တွင်သာ ခိုလှုံ၍ ဖြစ်ပွားလာခြင်း ဖြစ်သည်။

တကယ့်ဖြစ်ရပ်များကို ရောင်ပြန်ဟပ်၍ စာရေးဆရာအကျော်မော်တို့သည် အမေနှင့်သားသမီးတို့၏ မေတ္တာဘွဲ့ဓာတ်လမ်းများကို ဝတ္ထုဖြင့် တစ်နည်း၊ ဓာတ်လမ်းဖြင့်တစ်ဖုံ၊ ပြဓာတ်လိုတစ်မျိုး၊ စာညွန့် ကဗျာ လင်္ကာ ပုံပြင်တို့နှင့် တစ်လမ်း သီကုံးဖွဲ့နွဲ့ကြရာ လူမျိုးအသီးသီးတွင် မိခင်နှင့်ပတ်သက်သော ဓာတ်လမ်းအမျိုးမျိုး ရှိကြပေ၏။ လူမျိုးတိုင်း၏

www.burmeseclassic.com


စာပေများတွင်လည်း မိခင်အကြောင်း သီကုံးဖွဲ့ဆိုသော စာများ ရှိကြ၏။ ကမ္ဘာ့စာပေတွင်ရော မြန်မာ့စာပေတွင်ပါ မိခင်နှင့် ပတ်သက်သော သီကုံးနှုန်းဖွဲ့မှုများ များစွာရှိ၏။

မြန်မာ့စာပေမှ ကျွန်တော်မှတ်မိသမျှ၊ ဖတ်မိသမျှသော အမေ့မေတ္တာဘွဲ့ ဝတ္ထုများကို တင်ပြရလျှင် မကြာသေးမီက စာရေးဆရာ **မင်းနွယ်** သည် ငွေတာရီမဂ္ဂဇင်းတွင် **ဆု** ဆိုသော ဝတ္ထုတစ်ပုဒ်ကို ရေးသားခဲ့၏။

၁၉၇၅ခု၊ ဩဂုတ်လထုတ် ငွေတာရီ မဂ္ဂဇင်းတွင် **ဖျာပုံ မောင်ယဉ်မိုး** က အမေ့မေတ္တာအကြောင်းကို **အမေ** ဟူသော ဝတ္ထုဖြင့် နောက်အိမ်ထောင်ပြု၍ သားလေးအား မညှိုးငယ် ရအောင် ပြုစုရပုံတို့ကို ရေးသားထားသည်။ ၁၉၇၁ခု၊ ဇူလိုင်လ ထုတ်မြဝတီမဂ္ဂဇင်းတွင် **ငွေတာရာ** က အမေသည် သားအား မြို့ပိုင်ဖြစ်သည်အထိ ဘူတာရုံတွင် ခရီးသွားတို့၏ ပစ္စည်းများ ခေါင်းပေါ်ရွက်၍ လူလီလုပ်ကာ ကျွေးမွေးပြုစုခဲ့ပုံကို ရေးသား ထား၏။ ၁၉၇၂ ခု ဒီဇင်ဘာလထုတ် ငွေတာရီ မဂ္ဂဇင်းတွင် လည်း ငွေတာရာက **အတိုင်းမသိ မေတ္တာ** ဟူသောအမည်ဖြင့် ထင်းခုတ်ကျွေးသော မိခင်ကြီး၏ မေတ္တာကို မိမိကိုယ်တိုင် မိမိ သားသမီးများအား ထင်းခုတ်ကျွေးရတော့မှပင် သိလာသော ဖြစ်ရပ်တစ်ခုကို ရေးသားဖော်ပြခဲ့၏။

၁၉၆၉ ခု ဇွန်လထုတ် မြဝတီမဂ္ဂဇင်းတွင် **ပုသိမ် မောင် ထွေးညို** က **အမေ** ဟူသော အမည်ဖြင့် မိခင်မေတ္တာဘွဲ့ ဝတ္ထု တစ်ခုကို ရေးသားခဲ့၏။ **သြော်မေမေရယ်** ဟု **ပုသိမ်လှလှသီ**

www.burmeseclassic.com


ရေးသားသော ၁၉၆၉ခုနှစ် ဒီဇင်ဘာလထုတ် မြဝတီမှ ဝတ္ထု တစ်ပုဒ်မှာလည်း လင်သားရသည့်တိုင် သမီးလေးကို ကလေး သဖွယ် ထင်မှတ်ပြုစုနေသော မိခင်ကြီး၏ မေတ္တာကို ဖွဲ့ထား သည့် ဝတ္ထုတစ်ခု ဖြစ်ပါ၏။

၁၉၇၀ပြည့် နိုဝင်ဘာလထုတ် ငွေတာရီတွင် **မအေးလေး** ရေးသားသော **တို့မေမေ** ဝတ္ထုသည်လည်း မိခင်၏ မေတ္တာ အကြောင်းကို သူတို့အမြင် သူတို့ရှုထောင့်မှ ဖော်ပြထားသော ဝတ္ထု ဖြစ်ပါ၏။

မိခင်အကြောင်း မိခင်မေတ္တာအား သီကုံးဖွဲ့နွဲ့မှုများကို ရေးသား၍ကား ဆုံးမည်မဟုတ်ပေ။ မိခင်မေတ္တာကို စာဆို အကျော်အမော်တို့သည် အကောင်းတကာ့ အကောင်းဆုံး ရေးသားနိုင်ကြသော်လည်း မိခင်မေတ္တာ၏ ကျယ်ဝန်းနက်ရှိုင်း ကြီးမားမှုကိုကား မည်သူမျှပြည့်စုံအောင် ရေးသားနိုင်လိမ့်မည် မဟုတ်ပေ။

ကမ္ဘာ့စာပေလောကမှ မိခင်မေတ္တာအား အမျိုးမျိုး သီကုံး နှုန်းဖွဲ့ထားမှုများကိုကား စာရေးဆရာ **ဗမိုး** က သူ၏ **နိုင်ငံတကာ အမေ** ဟူသော စာအုပ်ဖြင့် သူ့မိခင်ကြီး ဒေါ်အေးအေးအား ရည်စူးရင်း ထုတ်ဝေထားပါ၏။

ကျွန်တော်၏ ဤစာအုပ်တွင်လည်း ကမ္ဘာ့စာပေ လောကမှ မိခင်များအကြောင်း ရေးသားထားသော စာပေများအနက် ကျွန်တော်အကြိုက်ဆုံး၊ အနှစ်သက်ဆုံး ဝတ္ထုဆောင်းပါး စာညွှန့်

www.burmeseclassic.com



တို့ကို အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ကမ္ဘာကျော်စာရေးဆရာကြီး **မော်ရေးဗီးယား** ရေးသားထားသော 'Baby' 'နို့စို့လေး'အမည်ရှိ ဝတ္ထုကို မိခင်၏ မေတ္တာအား ဖော်ပြရာတွင် ညက်ညော ထိမိလှလွန်း၍ ဖော်ပြလိုက်ပါ၏။ စာရေးဆရာကြီး မော်ရေးဗီးယားသည် မြန်မာစာဖတ်ပရိသတ်နှင့်လည်းကောင်း၊ မြန်မာရုပ်ရှင်ကြည့် ပရိသတ်နှင့်လည်းကောင်း စိမ်းနေသူမဟုတ်ပါ။ စာရေးဆရာ **နတ်နွယ်** ဘာသာပြန်ခဲ့သော **ရောမကာမိန်းမပျက်** စာအုပ်ကို ရေးသားသူမှာ မော်ရေးဗီးယားပင် ဖြစ်ပါ၏။ လွန်ခဲ့သော တစ်နှစ်နှစ်က ရန်ကုန်မြို့လယ်ရုံကြီးများတွင် တင်ဆက်သွားခဲ့သော ဆိုဖီယာလောရင်း ပါဝင် သရုပ်ဆောင်ခဲ့သည့် စစ်ဆန့်ကျင်ရေး ကားတစ်ကား ဖြစ်သော 'Two Women' ရုပ်ရှင်ကားဝတ္ထုဇာတ်လမ်းမှာလည်း မော်ရေးဗီးယား၏ ဝတ္ထုဇာတ်လမ်းပင် ဖြစ်ပါသည်။

*　　　*　　　*

ကျွန်တော့်မိန်းမသည် ခုနစ်ယောက်မြောက်သော ကိုယ်ဝန်ရှိနေပေပြီ။ ကျွန်တော်တို့ဘဝကား ချွတ်ချုံကျအောင် ဆင်းရဲသောဘဝ။ ကျွန်တော်တို့နေသော ရပ်ကွက်လေးသည် ဤမြို့တွင် အစုတ်ချာဆုံးသော ရပ်ကွက်လေးဖြစ်ပါ၏။ အခန်းကျဉ်းလေးထဲတွင် ကလေးခြောက်ယောက်သာရှိ၍ အခြား ဘာမျှမရှိဟုသာ ဆိုရပါမည်။ မိုးရွာလျှင်ကား ကျွန်တော်တို့လင်မယားနှစ်ယောက်နှင့် ကလေးခြောက်ယောက်သည် အိပ်ခန်းထဲတွင်

ထိုင်နေရသော်လည်း ပန်းခြံထဲမှ ထိုင်ခုံပေါ်တွင် နေရသည်နှင့် ဘာမှ မခြားပါ။ အမိုးမရှိသော အိမ်ခေါင်မိုးအောက်မှ မိုးစက်ပေါက်များက ရေလောင်းချသလိုသာ ရှိပါ၏။

ကလေးခြောက်ယောက်ကိုမျှပင်ဝလင်အောင် မကျွေးနိုင်ဘဲ ခုနစ်ယောက်မြောက် ကလေးကို မည်ကဲ့သို့ ကျွေးမွေးရမည်နည်း။ ကျွန်တော်တို့၏ မေတ္တာအသီးအပွင့်တစ်ခု အပေါ်တွင်တော့ ကျွန်တော်တို့သည် ရာဇဝတ်မှု ကျူးလွန်ရန် မစဉ်းစားနိုင်ပေ။ သို့သော်လည်း ကျွန်တော်တို့ထံတွင် လူလာဖြစ်သည်ထက် သေသည်ကမှ ပို၍ ကောင်းနိုင်သေး၏။

အမေသည် ပိန်ချော်နေသော်လည်း မေတ္တာရည်၊ မေတ္တာဓာတ်တို့ဖြင့် တင်းကားစပြုနေပြီဖြစ်သော သူ့ရင်ကို ပွတ်သပ်ရင်းက 'သားရယ်၊ ဘာပြုလို့ အမေ့ဗိုက်ထဲ ဝင်စားရတာလဲ၊ ဟိုသူဌေးကတော်ကြီးတွေရဲ့ ဗိုက်ထဲမှာ ဝင်စားပါလား၊ အမေ့ဝမ်းထဲဝင်စားရင် သားဆင်းရဲမှာပေါ့၊ ဟင်...လူမိုက်လေး၊ လူမိုက်လေး'ဟု ဆိုလိုက်၏။ အမေ့မျက်လုံးတွင်ကား မျက်ရည်များနှင့် ပြည့်နေ၏။ သို့သော် မျက်ရည်တို့သည် အစက်အပေါက်ဖြစ်ကား ကျမလာ။

"သားလေးကိုမွေးမယ်၊ မွေးပြီးရင်တော့ ရာသီဥတုကောင်းတဲ့ နေ့တစ်နေ့မှာ သားသားကို ဘုရားရှိခိုးကျောင်းကြီး တစ်ခုထဲမှာ သွားထားမယ်၊ ဘုရားရှိခိုးကျောင်းကို လာတဲ့သူဟာ သားသားကိုတွေ့ပြီး မွေးစားမှာ သေချာတယ်၊ ဒီလိုဆိုရင် ငါတို့နဲ့နေတာထက်စာရင် သားလေးဟာ အပုံကြီး ချမ်းသာ

မှာပဲ”

“ဟုတ်တယ်၊ ဘုရားရှိခိုးကျောင်းကို လာတဲ့သူဆိုတာက စိတ်ကောင်းစေတနာရှိတဲ့ သူတွေပဲ၊ စိတ်ကောင်းရှိတဲ့လူတွေ လက်ထဲရောက်သွားရင် သားလေးဟာ ပိုပြီး အယုအယခံရမှာပဲ”

ကျွန်တော်တို့ လင်မယားနှစ်ယောက်သည် ထိုအကြံကို နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြ၏။ သားအတွက် အကောင်းဆုံးသော စေတနာလည်း ဖြစ်၏။ ကျွန်တော်တို့နှင့်ဆိုပါက သားသားသည် လူတစ်လုံးသူတစ်လုံး မဆိုထားဘိ။ မိုးရွာလျှင်ပင် ခိုးရာမရှိ။

မွေးချိန်သို့ရောက်သော် ဆေးရုံသို့ပင်တက်၍ မီးဖွားခဲ့၏။ မွေးလိုက်တော့လည်း သားယောကျ်ားကလေး၊ သားကြီးမှာ ချစ်စရာကြီး ဖြစ်သည်။ အသံပြဲကြီးနှင့် ငိုတတ်၍ တကယ့် တုတ်တုတ် ဖြိုးဖြိုးကြီး ဖြစ်သည်။

“နည်းတဲ့အကောင်ကြီးလား မိန်းမရာ”

“သားက သားချောကြီးတော့”

“ဉပဓိရုပ်ကတော့ တယ်ကောင်းတာပဲ၊ အသံကြီးကလည်း အောင်လိုက်တာ မိန်းမရာ”

“သားရဲ့အသံက တကယ့်ကိုဩဇာရှိတဲ့အသံမျိုးပဲ၊ ဆေးရုံမှာ ညည သူမို့ထအော်ရင် တခြား ဘယ်သူမှ ဆက်အိပ်လို့ မရတော့ဘူး”

ဒီလိုဖြင့် မေလသို့ ရောက်လာပါ၏။ ရာသီဉတုသည် နွေးထွေးလာပြီမို့ အပေါ်အင်္ကျီမပါဘဲ လမ်းလျှောက်၍ ရလာပြီ ဖြစ်သည်။ ကျွန်တော်တို့လင်မယားသည် သားသားကြီးအား

ချီကာ ကျွန်တော်တို့နေထိုင်ရာ ရပ်ကွက်မှသည် မြို့ထဲသို့ ထွက်လာခဲ့၏။ သူ့အမေသည် သားသားကို အဝတ်စုတ်တွေ တစ်ပုံကြီးနှင့် ထွေးထားပြီး သူ့ရင်ခွင်ကပ်၍ ချီလာ၏။

"သားလေးကို နှင်းထဲမှာထားခဲ့ရင်တောင် ဒီလောက် ထွေးထားရင် ချမ်းမှာ မဟုတ်ဘူး"

ကျွန်တော်သည် ခေါင်းကို တစ်ချက်ညိတ်ကာ 'အင်း'ဟု ဆိုလိုက်၏။ ကျွန်တော်တို့လင်မယား တဖြည်းဖြည်း မြို့ထဲသို့ ရောက်လာသည်။။ မြို့ထဲသို့ရောက်လေ မိန်းမသည် စကားပို၍ ပြောလေဖြစ်သည်။ မိန်းမနှုတ်ခမ်းမှ ထွက်လာသော စကား များကား အဓိပ္ပာယ်မပြတ်။ စကားပြောလွန်း၍ မိန်းမသည် အသက်ရှူပင် မမှန်ရှာပေ။ သူသည် လာရင်းကိစ္စကို မေ့နေ အောင်ပင် စကားတွေ တသွင်သွင်ပြောနေသည်ဟု ထင်ရ၏။ သူ့ဆံပင်များကား သူ့မျက်နှာပေါ်တွင် ဝဲကျနေ၏။ သူ့မျက် လုံးများက အပြင်သို့ ပြူးထွက်နေသလို ထင်ရသည်။

"ကျွန်မတို့အတွက် သားသားကြီးကို ဘုရားရှိခိုးကျောင်းထဲ မှာ ထားခဲ့မယ်လို့ အကြံရတာဟာ သိပ်ကို စိတ်ကူးကောင်း တာပဲ၊ ဘုရားရှိခိုးကျောင်းဆိုတာက လူချမ်းသာတွေလာတဲ့ နေရာမဟုတ်လား၊ လူချမ်းသာတွေရဲ့ လက်ထဲကို သားရောက် သွားရင်တော့ သူ့အသံကြီးနဲ့ သူ့ဥပဓိရုပ်နဲ့ အမယ်လေး... ခန့်ချောကြီး"

"ဒါပေမယ့် ကျွန်မတို့လို လူမွဲတွေလက်ထဲ ရောက်မယ် ဆိုရင်တော့ ကိုယ့်ဟာကိုယ် မွေးမှာပေါ့၊ သားသားကြီးက

www.burmeseclassic.com


ကျွန်မတို့လို လူမွဲတွေနဲ့ မတန်ပါဘူး”

“သားသားကြီးကို ထားခဲ့ရင် ဘယ်သူ့လက်ထဲရောက်သွားမယ်ဆိုတာ ကျွန်မသိချင်လိုက်တာ၊ ကျွန်မသိလို့ရှိရင် သားသားကြီးကို ကျွန်မ သွားသွား ချောင်းကြည့်မှာ”

ကျွန်တော်သည် သူပြောသမျှကို နားထောင်ရသော်လည်း ကျွန်တော့်ရင်များသည် တဒိန်းဒိန်းခုန်နေ၏။ ကျွန်တော်သည် ကျွန်တော်တို့လုပ်ကိုင်ရမည့် လုပ်ငန်းအတွက် အလိုလိုအားငယ်နေမိ၏။ ကျွန်တော့်ကိုယ်ကျွန်တော်ပင် မနည်းစိတ်ခိုင်အောင် ကြိုးစားနေရပေရာ မိန်းမဖြစ်သူသည် သူ၏စိတ်ကို ခိုင်အောင် မည်ကဲ့သို့ ကြိုးစားနေရမည်ကို ကျွန်တော်သိ၏။ ထို့ကြောင့်လည်း သူသည် သူ့စိတ်ကိုအားပေးရင်း စကားတွေ တတွတ်တွတ်ပြောနေဟန်တူ၏။

“ကဲ...မိန်းမရေ၊ ဘယ်ဘုရားရှိခိုးကျောင်းကို ရွေးမလဲ”

သူက ဘုရားရှိခိုးကျောင်းတစ်ခုကို ပြောလိုက်ရာ ကျွန်တော်က...

“ဒီဘုရားရှိခိုးကျောင်းထက် တခြားကျောင်းကို စဉ်းစားပါဦးလား”ဟု ပြောလိုက်မိ၏။

“စိန့်ပီတာ ဘုရားရှိခိုးကျောင်းကို သွားထားရအောင်ကွာ”

“အို...မဖြစ်ပါဘူး၊ ဒီကျောင်းကြီးက ကြီးလွန်းအားကြီးတယ်၊ လာတဲ့သူတွေက သားကိုမြင်ကြမှာ မဟုတ်ဘူး”

ကျွန်တော်တို့သည် ဆက်၍ လာခဲ့ကြ၏။ ကုန်စုံဆိုင်များအနီးတစ်ဝိုက်ရှိ ဘုရားရှိခိုးကျောင်းတစ်ခုကို ရောက်ရှိခဲ့ပြန်၏။ မိန်းမသည် သားငယ်ကိုပတ်ထားသော အနီးစုတ်များကို ပြင်၍

www.burmeseclassic.com


ပတ်လိုက်ပြန်၏။ ကျောင်းသို့ရောက်ရန် ကျွန်တော်သည် ကုန်ဆိုင်များကိုဖြတ်၍ လာကြရ၏။ ဆိုင်တစ်ဆိုင်၏ ရှေ့သို့ရောက်သောအခါ မှန်ဘီရိုထဲမှ ကတ္တီပါ အနီပေါ်တွင် တင်ထားသည့် ရတနာများ ကြည့်ကာ...

'ကြည့်စမ်းပါဦး၊ ဘယ်လောက် အဖိုးတန်တဲ့ ရတနာတွေလဲ၊ ဒီလမ်းထဲကို လာတဲ့လူတွေက ဒီရတနာတွေကို ဝယ်ဖို့လာကြတာ၊ ဆင်းရဲတဲ့သူတွေ လာကြတာမဟုတ်ဘူး။ ချမ်းသာတဲ့လူတွေဟာ ရတနာဆိုင်တွေမှာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်လုပ်ရင်း ဘုရားကျောင်းကို ခဏလောက် ဝင်တတ်ကြတယ်။ အဲဒီလို စိတ်ကြည်နူးချိန်မှာ ဘုရားကျောင်းထဲဝင်ရင်း သားလေးကို တွေ့သွားရင် သူတို့ခေါ်သွားကြမှာ သေချာတယ်'ဟု ဆို၏။

သားကြီးသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။အမေသည် အနှီးစုတ်စများကို ပြင်လိုက်၊ သားလေး၏ မျက်နှာကို အနားကပ်ကြည့်လိုက်လုပ်နေ၏။ သားကြီး၏ ပန်းရောင်နှင့်အဖြူရောင်ရောနှောထားသော မျက်နှာလေးသည် အဝတ်များကြားထဲတွင် နစ်မြုပ်လျက်ရှိသည်။

ကျွန်တော်တို့ လင်မယားနှစ်ယောက်သည် ဘုရားရှိခိုးကျောင်းထဲသို့ ဝင်သွားကြပါ၏။ ကျောင်းသည် ခပ်ငယ်ငယ်ပင်ဖြစ်သည်။ ကျွန်တော်တို့လင်မယား ဘုရားကျောင်းထဲတွင် ရှိနေစဉ်မှာပင် အရပ်ရှည်ရှည် ရုပ်ချောချော အမျိုးသမီးတစ်ယောက်ရောက်လာ၏။ ချမ်းသာသည့် အသိုက်အဝန်း

www.burmeseclassic.com


ထဲမှ ဖြစ်ဟန်တူသည်။ အမျိုးသမီးသည် ကျောင်းထဲသို့ ရောက်လျှင် ရောက်ချင်း ဒူးထောက်၍ ဆုတောင်းကာ ကျောင်းထဲ၌ တစ်မိနစ်အကြာမီပင် အပြင်သို့ ပြန်ထွက်သွား၏။

"သိပ်မဟန်ပါဘူး၊ ဒီကျောင်းထဲလာတဲ့သူတွေဟာ ဒီမိန်းမလိုပဲ ခဏဝင်ပြီး ရတနာတွေကြည့်ဖို့လောက်ပဲ စိတ်စောနေကြတာ၊ ကဲ...သွားကြရအောင်"

မိန်းမကဦးဆောင်၍ ဘုရားရှိခိုးကျောင်းတွင်းမှ ပြန်ထွက်လာ၏။ အတော်လေးသွားမိသောအခါ ဘုရားရှိခိုးကျောင်းတစ်ခုကိုထပ်၍ တွေ့ပြန်သည်။ ဤကျောင်းသည် ပထမကျောင်းထက်ပို၍ ကြီး၏။ နည်းနည်းမှောင်၏။ ကျွန်တော်တို့ဘုရားရှိခိုးကျောင်း အတွင်းသို့ ဝင်သွားသောအခါ အထဲတွင် လူတော်များများ ရှိနေကြသည်။ အားလုံးသည် ငွေကြေးပြည့်စုံသူများသာ ဖြစ်ကြသည်။ ကျကျနနလည်း ဝတ်စားထားကြ၏။ ဘုန်းတော်ကြီးတစ်ပါးက တရားဟောစင်၌ တရားဟောနေသည်။ လူအားလုံးသည် ဘုန်းတော်ကြီး၏တရားကို မတ်တတ်ရပ်၍ နာနေကြသည်။ ကျွန်တော်တို့အတွက် အကောင်းဆုံးအခြေအနေ ဖြစ်သည်။

ကျွန်တော်က အသံကိုတိုး၍ 'သားသားကြီးကို ဒီမှာပဲထားခဲ့ရမလား'ဟု မေးလိုက်၏။ မိန်းမကခေါင်းညိတ်ပြလိုက်၏။ မိန်းမသည် သားကြီး၏ မျက်နှာအား ပတ်ထားသော အဝတ်စနှင့် ပြန်အုပ်လိုက်ပြီး ထိုင်ခုံတစ်ခုပေါ်တွင် တင်ထားလိုက်၏။ ထို့နောက် ဒူးထောက်ကာ အတော်ကြာပင် ဆုတောင်းနေ၏။ မိန်းမက သူ့မျက်နှာကို သူ့လက်ဝါးနှင့်အုပ်၍ ဘုရားသခင်၏

www.burmeseclassic.com


ခြေတော်ရင်း၌ ဆုတောင်းနေချိန်ဝယ် ကျွန်တော် ဘာလုပ်ရမှန်းမသိ။ အတော်လေးကြာကြာ ဆုတောင်းပြီးသောအခါ မိန်းမသည် မတ်တတ်ရပ်လိုက်၏။ သူ့မျက်နှာသည် အတော်အတန် တင်းမာနေသည်။ သူသည် နောက်ဆုံးအကြိမ် ထပ်မံ၍ ဆုတောင်းလိုက်ကာ ဘုရားရှိခိုးကျောင်းမှ တဖြည်းဖြည်း ပြန်ထွက်လာခဲ့ကြ၏။

ထိုအချိန်တွင် ဘုန်းတော်ကြီးက…

'ယေရှုသခင်က ပို့တာ၊ အသင် ဘယ်သို့သွားမည်နည်းဟု လှမ်းမေးလိုက်တယ်'ဟု ဆိုသောအခါ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံးသည် လန့်၍ ခြေတုံ့သွားပါသည်။ ဘုန်းတော်ကြီးသည် ဆက်၍ တရားဟောနေ၏။ ကျွန်တော်တို့လည်း ခပ်သွက်သွက်ကလေးလျှောက်လာကာ ကျောင်းမှထွက်ရန် တံခါးဝရှိ ကန့်လန့်ကာကို ဆွဲ၍မလိုက်စဉ်တွင် 'ဒီမှာ ရှင့်၊ ရှင်တို့ အထုပ်ကလေးတစ်ထုပ် ဟိုမှာ ကျန်နေပါတယ်'ဟု ဝတ်စုံအနက် ဝတ်ထားသော အမျိုးသမီး သူတော်ကောင်းတစ်ယောက်က သတိပေးလိုက်၏။

ထိုအခါ မိန်းမသည် ပျာပျာသလဲဖြင့် 'သြော်…ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ မေ့သွားလို့ ကျေးဇူးတင်ပါတယ်ရှင်'ဟု ပြောကာ သားကြီးကို ပြန်ချီယူ၍ ကျောင်းထဲမှ တစ်ချိုးတည်းထွက်ခဲ့ရပါ၏။ ကျွန်တော်တို့ နှစ်ယောက်စလုံးသည် မည်သို့အသက်ရှူရမည်ကိုပင် မသိကြပါ။

'အမေ့သား မောင်ကံမွဲ၊ မင်းဟာအမေတို့နဲ့ တော်တော်မခွဲချင်တဲ့ကောင်၊ တော်တော်ဆင်းရဲချင်တဲ့ကောင်'ဟု မိန်းမက

www.burmeseclassic.com


သူ့သားနှင့်သူ စကားပြောနေ၏။ သားကား တုတ်တုတ်မျှမလှုပ်။ ကျွန်တော်တို့လင်မယားသည် ဆက်၍ ထွက်ခဲ့ပြန်၏။ မကြာမီ ဘုရားရှိခိုးကျောင်းကြီး တစ်ကျောင်းကို ထပ်မံ တွေ့ရပြန်၏။ ကျောင်းကြီးသည် ကျယ်ဝန်း၏ အရိပ်အာဝါသ ကောင်းလှသည်။

"ကျွန်မရှာနေတာ ဒီလိုကျောင်းမျိုးပဲ"

မိန်းမက ခပ်တိုးတိုး လှမ်းပြော၏။ ဤတစ်ကြိမ်တွင် မိန်းမသည် သားကြီးအား ခုံတန်းလျားပေါ်မှာတင်ကာ ဆုလည်းမတောင်း၊ သားကိုလည်း မနမ်းဘဲ ခပ်သွက်သွက်ပြန်ထွက်လာခဲ့၏။ သို့သော် ခြေသုံးလေးလှမ်းမျှ မရောက်သေးမီမှာပင် သားကြီးသည် ကျောင်းကြီးတစ်ခုလုံး ဟိန်းသွားအောင် အော်ချလိုက်ပါ၏။ အမေသည် ချက်ချင်းပင်ခုံတန်းလျားဆီသို့ အပြေးသွားကာ သားကိုပွေ့ချီလိုက်ပြီး ထိုခုံတန်းလျားပေါ်တွင်ပင် ထိုင်ချလိုက်ပါ၏။ ထို့နောက် တင်းရင်းနေသော သူ၏နို့ကို ဆွဲထုတ်ကာ သားကြီး၏ ပါးစပ်နှင့် တေ့ပေးလိုက်ရပါ၏။ သားကြီးက တပြွတ်ပြွတ်နှင့် အားရပါးရကြီး စို့နေပါ၏။

ထိုအချိန်တင် 'ဟဲ့...ဟဲ့ ဒီနေရာဟာ ဘုရားသခင်နေရာ၊ ဒီလိုမလုပ်နဲ့ သွား...သွား'ဟု အစောင့်အဘိုးကြီးက မိန်းမအား နှင်ထုတ်ပါတော့သည်။

"အို...ကလေးကိုနို့တိုက်တာပဲ၊ ပုံတော်ထဲက မဒိုနာသခင်မဆိုရင် ကလေးကို ဒီလိုပဲအမြဲပွေ့ချီထားတာမဟုတ်လား"

မိန်းမက အစောင့်အဘိုးကြီးအား ပက်ခနဲ ပြောလိုက်၏။

"အမယ်...အမယ် နင့်ကိုယ်နင်များ မဒိုနာသခင်မနဲ့

www.burmeseclassic.com


နိုင်းရသလား”

အဘိုးကြီးက ဘာပြန်ပြောသည်ကိုပင် နားမထောင်ဘဲ မိန်းမသည် ထိုကျောင်းကြီးမှ ခပ်ဆတ်ဆတ်ပင် ပြန်ထွက်လာ၏။ ကျွန်တော်တို့ဆက်လာခဲ့ပြီး ပန်းခြံတစ်ခုထဲသို့ဝင်ကာ မိန်းမသည် သားကြီးကို တဝကြီးနို့တိုက်ပါ၏။ တဝကြီး နို့စို့ပြီးသော် သားကြီးပြန်၍ အိပ်ပျော်သွားပြန်၏။ တဖြည်းဖြည်း ညနေစောင်းလာပါ၏။ ဘုရားရှိခိုးကျောင်းများသည်လည်း ပိတ်စပြုလာ၏။ ကျွန်တော်ကား တစ်စထက်တစ်စ ပို၍ ချောက်ချား လာပါ၏။

“ကဲ…မိုးချုပ်တော့မယ်၊ ဒီလိုချည်း လျှောက်သွားနေလို့ မဖြစ်ဘူး၊ တစ်ခုခုကို ပိုင်ပိုင်ဆုံးဖြတ်ကွာ”

“ဩော်…ဒါက မွေးထားတဲ့သားတော့၊ သားရှင့်၊ တောင်းလို၊ ပလုံးလို ပစ်ချင်ရာ ပစ်ထားခဲ့လို့ ရတာမဟုတ်ဘူး”

“ဒီလိုပစ်ရမယ်လို့ ပြောတာလည်းမဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်ကိုပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်၊ ဆုံးဖြတ်ပြီးရင် ချက်ချင်းလုပ်၊ နောက်ပြန် လှည့်မကြည့်နဲ့တော့ကွာ”

“ဩော်…ရှင်က တော်တော်သူရဲဘောနည်းပါလား၊ ဘာလဲ၊ ကျုပ်စိတ်ပြောင်းသွားပြီး သားလေးကို အိမ်ပြန်ခေါ်မှာ စိုးလို့လား”

“မဟုတ်ပါဘူးကွာ၊ လုပ်မယ်ဆိုရင်လုပ်ဖို့ ပြောတာပါ။ သားကြီးက ဘယ်သူ့ဆီရောက်ရောက် တို့ထက်တော့သာမှာပဲ။ အိမ်သာမရှိ၊ မီးဖိုမရှိ၊ စားစရာမရှိ၊ ဝတ်စရာမရှိနဲ့ ဘယ်သူ့ အိမ်ဖြစ်ဖြစ် သားရောက်သွားတဲ့အိမ်ဟာ တို့အိမ်ထက်ကောင်း

www.burmeseclassic.com


မှာ သေချာပါတယ်”

မိန်းမသည် ဘာမျှပြန်မတော့ဘဲ သားကြီးကို ပွေ့ကာ ဆက်လျှောက်ခဲ့ပါ၏။ မကြာမီ လမ်းကျဉ်းလေးတစ်ခုထဲကို ရောက်ပါ၏။ ထိုလမ်းကလေးသည် တိတ်ဆိတ်နေ၍ အိမ်တစ်အိမ်၏ရှေ့တွင် ကားပြာလေး တစ်စီးရပ်ထားပါသည်။ ကျွန်တော်သည် ကားတံခါးတစ်ခုကို ဆွဲဖွင့်လိုက်ရာ အလိုလိုပွင့်သွားပါ၏။

“ဒါတို့အတွက် အခွင့်ကောင်းပဲ၊ သားကြီးကို နောက်ခန်းထဲမှာ ထည့်ခဲ့”

ကျွန်တော်သည် မိန်းမအား တိုးတိုးပြောလိုက်၏။ မိန်းမသည် သားကြီးအား နောက်ခန်းထဲတွင်ထည့်ပြီး ချက်ချင်းပင် ကျွန်တော်သည် မိန်းမ၏ လက်မောင်းကိုဆွဲကာ တစ်ချိုးတည်း သုတ်ခြေတင်ခဲ့ပါ၏။ ခဏကြာသော် မိန်းမသည် သူ့လက်မောင်းကို ကိုင်ထားသော ကျွန်တော့်အား ပုတ်ချကာ တစ်ခါတည်း ချုံးပွဲချငိုပါတော့သည်။

“ဟ ဘာဖြစ်ရတာတုံး မိန်းမရ”

မိန်းမက ဘာမျှ ပြန်မပြော။

“သားကြီး ကောင်းစားဖို့ တို့ သေသေချာချာ စဉ်းစားပြီး လုပ်ခဲ့တဲ့ အလုပ်ပဲ”

“သားလေးကို ကျွန်မ သိပ်အောက်မေ့တာပဲ။ ကျွန်မရင်သားတွေ ပြုတ်ကျန်ခဲ့သလိုပဲ”

မိန်းမက ကျွန်တော့်လက်မောင်းကိုပြန်၍ တင်းတင်းဆုပ်ကာငိုရင်း ပြောပါ၏။ ကျွန်တော်သည် သူ၏ ဖွာကျနေသော

www.burmeseclassic.com


ဆံပင်များကို ပြန်တင်ပေးရင်း…

‘ဒါကတော့ ဒီလိုပဲဖြစ်မှာပဲ၊ ဒါပေမယ့် သားကြီးကောင်း စားဖို့ တို့လုပ်ကြရတာပဲ မဟုတ်လား မိန်းမရယ်’ဟု ကျွန် တော်က နှစ်သိမ့်သည်။ သို့သော် သူက ဆက်ငိုနေ၏။ တအောင့် မျှကြာသော် သူ့မျက်နှာတွင် မျက်ရည် လုံးဝခြောက်ခန်းသွား ပါ၏။ သူသည် တစ်နေရာသို့ တအားထွက်၍ပြေးသွားပါ သည်။ ကျွန်တော်က သူ့လက်ကိုဆွဲရင်း ‘မင်း…မင်း ဘယ် သွားမလို့လဲ’ဟု မေးလိုက်၏။

သူက ဘာမှမပြော။ သူသည် ဒူးထောက်ကာ ဘုရားသခင် ထံတွင် ဆုတောင်းနေပါ၏။

ကျွန်တော်က သူ့အဖြစ်ကိုကြည့်ကာ ‘ကဲ…သားကြီးက တို့ပြန်ယူကြပါစို့ကွာ၊ ခြောက်ယောက်မှာ တစ်ယောက်တိုးလာ လို့လည်း ဘာမှ မထူးပါဘူး’ဟု ပြောလိုက်၏။

“အဲဒီကား ခု အဲဒီနားမှာ ရှိပါဦးမလား”

မိန်းမက အားတက်သရောအသံဖြင့် မေး၏။

“ရှိမှာပါ၊ ငါးမိနစ်လောက်ရှိသေးတာပဲ”

ကျွန်တော်တို့လင်မယားသည် ကားလေးရှိရာသို့ ပြန်၍ ပြေးကြတော့၏။ ကားလေးသည် ထိုနေရာတွင် ရှိနေဆဲ ဖြစ် သည်။ မိန်းမသည် ရှေ့မှ ပြေးသွားကာ တံခါးဖွင့်လိုက်၏။ ထိုအချိန်တွင် အထက်တန်းလွှာမှ မင်းဂိုက်စိုးဂိုက် ပေါက် နေသော လူတစ်ယောက်က အိမ်ထဲမှ ထွက်လာပြီး

‘ဟေ့…ဟေ့၊ ဘာပြုလို့ ငါ့တံခါးကို ဖွင့်နေတာလဲ၊ ရပ်လိုက်စမ်း’ဟု အော်ပြောလိုက်၏။

www.burmeseclassic.com


'ကျွန်မပစ္စည်း ကျွန်မယူမလို့ပါ"

မိန်းမသည် ပြောရင်း ဆိုရင်းပင် တံခါးကို ဆွဲဖွင့်လိုက်ပြီး ကားထဲသို့ ငုံ့ဝင်ကာ သားသားကြီးကို ပွေ့ယူလိုက်ပါ၏။

"ဘာ ကျွန်မပစ္စည်းလဲ၊ ဒါ ငါ့ကားကွယ်၊ ကားပေါ်က ပစ္စည်းကို ခုချက်ချင်း ချလိုက်စမ်း"

ထိုအခါ မိန်းမသည် အရောင်တလက်လက် ထွက်နေသော မျက်လုံးတို့ဖြင့် ထိုလူအား ကြည့်ကာ...

'ဘာပြုလို့ ချရမှာလဲ၊ ရှင့်ပစ္စည်းကို ကျုပ် ဘာတစ်ခုမှ မယူဘူး၊ ကျွန်မကလေး ကျွန်မပြန်ယူတာ'ဟု ဆိုလိုက်၏။

"ဘာပစ္စည်းလဲ၊ အဲဒီအထုပ်ပြစမ်း"

"ဒါ အထုပ်မဟုတ်ဘူးရှင့်၊ ကျွန်မသား၊ ကျွန်မသားရှင့်၊ ကျွန်မသား"

မိန်းမသည် သားကြီးပေါ်မှ အဝတ်များကို ဖွင့်ကာ သားကြီးအားပြ၍ သားကြီးကို ထင်ထင်ရှားရှားချီလိုက်သည်။

"ဒါ ကျွန်မ မွေးထားတာ၊ ကျွန်မသားရှင့်၊ ရှင်နဲ့ ရှင့်မိန်းမမှာ ဒီလို ဝဝကစ်ကစ်လှလှပပ သားမျိုး မွေးနိုင်လို့လား၊ ဝေးပါသေးရဲ့၊ နောက်ဘဝမှာ ရှင်လူလာဖြစ်တောင် ဒီလို သားမျိုးမရဘူးမှတ်..."

ထိုလူသည် အံ့အားသင့်စွာဖြင့် မိန်းမအား ကြည့်မိ၏။

"ဒါပဲနော် ကျွန်မကို ထိမယ်မကြံနဲ့၊ ကျွန်မကလေးကို လုပါတယ်ဆိုပြီး အော်လိုက်မှာပဲ"

မိန်းမသည် ထိုလူအား အမျိုးမျိုး ကြိမ်းမောင်းကာ ခပ်အေးအေးပင် ကျွန်တော့်ထံသို့ ပြန်ထွက်လာခဲ့ပါ၏။

●

**အမေသည် လောကအားလုံး၏ ကန်တော့ခံဖြစ်သည်။**

## အခန်း(၂၉)

## ဗန္ဓေ မာတရံ

ဤအခန်းသည် စာအုပ်၏ နိဂုံးပင်ဖြစ်သည်။ ဤစာအုပ်သည် အမေ့မေတ္တာကို ဖော်ညွှန်းသော စာအုပ်ဖြစ်ပါ၏။ သို့သော် ဤစာအုပ်တွင် ရေးသားထားသည်ထက် အမေ့မေတ္တာသည် အဆပေါင်းများစွာ ပိုမိုကြီးမားပါ၏။

အမေ့မေတ္တာ မည်မျှကြီးမားသနည်း။

အမေ့မေတ္တာနှင့် နှိုင်းယှဉ်အပ်သောအရာသည် ရှိသလော။

အမေ့မေတ္တာကို သိကြကုန်သော အမေ့သား၊ အမေ့သမီးတို့သည် အမေ့မေတ္တာကို အမျိုးမျိုး ဖော်ထုတ်ပြောဆိုရေးသားကြ၏။ သို့သော် မည်သူမျှ အမေ့မေတ္တာ၏ လေးနက်ကြီးမားမှုကို ပြည့်စုံစွာ မဖော်ပြနိုင်ကြပေ။

သို့သော် အမေနှင့်ပတ်သက်၍ ရေးသားမှုများတွင် အမေ့မေတ္တာကို အနီးစပ်ဆုံး ဖော်ညွှန်းနိုင်သော ပုဂ္ဂိုလ်ထူး တစ်ယောက် ပေါ်ထွက်ဖူး၏။ ထို ပုဂ္ဂိုလ်ကြီးမှာ **ဘင်္ကိမ်ချာတာဂျီ**ပင်ဖြစ်၏။ ဘင်္ကိမ်ချာတာဂျီကို ၁၈၈၃ ခုနှစ်တွင် ဖွားမြင်၍ ငယ်စဉ်က အင်္ဂလိပ်ဗင်္ဂလီကျောင်းတွင်နေပြီး ဆယ်တန်းအောင်သောအခါ ကာလကတ္တားတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိပြီး မြို့အုပ်အဖြစ်နှင့် အစိုးရအမှုထမ်း လုပ်ဆောင်ခဲ့၏။ ဘင်္ကိမ်ချာ

www.burmeseclassic.com


တာဂိုသည် အစိုးရအမှုထမ်းရင်း ဗင်္ဂလီဝတ္ထုများကို အားလပ်တိုင်း ရေးသားခဲ့၏။ ထို့နောက် ဘီစီချာတာဂျီသည် ပင်စင်ယူခဲ့ပြီး စာပေရေးသားသည့်အလုပ်ကို သီးသန့် ဆက်လက်လုပ်ကိုင်၏။ ဘီစီချာတာဂျီသည် မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်ပြီး အမျိုးသားရေး စာပေများကို ရေးရုံသာမက ဗင်္ဂလီစာပေတွင် ဝတ္ထုကို စတင် ပျိုးထောင်ခဲ့သူပင် ဖြစ်၏။ သူ၏ ဝတ္ထုများကြောင့် ကမ္ဘာတွင် ဗင်္ဂလီစာပေ၏ သြဇာထက်မြက်မှုကို ရှိစေခဲ့၏။

ထိုပုဂ္ဂိုလ်ကြီးသည် **ဗန္ဒေမာတရံ** ဟူသော သီချင်းကို ရေးစပ် သီကုံးခဲ့သည်။ ထိုသီချင်း၏ အဓိပ္ပာယ်မှာ (မာတရံ၊ အမေကို။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏)ဟု အဓိပ္ပာယ်ရပေ၏။ ဗင်္ဂလီလူမျိုးတို့သည် (ဝ)ကို (ဗ)အသံထွက် ဆိုကြ၏။ ထိုသီချင်းသည် အိန္ဒိယပြည်၏ အမျိုးသားသီချင်းလည်း ဖြစ်၏။ ဗန္ဒေမာတရံသီချင်းတွင် ဘီစီချာတာဂျီက–

ငါ၏ မိခင်သည် သောက်သုံးရန် ရေချိုရေအေးတို့ တတွေတွေ စီးဆင်းရာ ဖြစ်၏။

ငါ၏ မိခင်သည် စားသုံးရန် သစ်သီးဝလံပန်းမန်တို့ သီးပွင့်ရာ ဖြစ်၏။

ငါ၏ မိခင်သည် လေပြည်လေညင်းတို့ ဆော်သွင်းတိုက်ခိုက်ရာ ဖြစ်၏။

ငါ၏ မိခင်သည် ပန်းမြိုင်လယ်ခရီးနှင့် စိမ့်ကြီးမြိုင်ကြီးဂနိုင်ကြီး ဖြစ်၏။

ငါ၏ မိခင်သည် သောတာလရောင်တပြောင်ပြောင်

www.burmeseclassic.com


ထိန်လင်းရာ ဖြစ်၏။

ငါ၏ မိခင်သည် မိခင်၏ အနန္တဂုဏ်ကျေးဇူးကို ချီးကျူးလိုကြသည့် အသိန်းအသောင်းမက ပေါများလှသော ထောမနာ သြဘာသံတို့ တစ်ရံမစဲသော နေရာ ဖြစ်၏။

ငါ၏ မိခင်သည် အသိန်းအသောင်းမကသော လက်ရုံးတို့ကို ဆန့်တန်းရာ ဖြစ်၏။

အို...မိခင်၊ မိခင်ကို အားနွဲ့သူ၊ အားငယ်သူဟု အဘယ်သူ ဆိုဝံ့အံ့နည်း။ ဘုန်းအား လက်ရုံးအား စွမ်းပကား သတ္တိနှင့် ပြည့်စုံသော အို...မိခင်၊ မိခင်အား ငါသည် ပူဇော်ကန်တော့ပါ၏။

ခပ်သိမ်းသော ရန်ခပင်းတို့ကို နှိမ်နင်းချေမှုန်းတတ်သော အို...မိခင်၊ မိခင်အား ပူဇော်ကန်တော့ပါ၏။

မိခင်သည် ငါ၏ ပညာတန်ဆောင် ဉာဏ်လင်းရောင်သာတည်း။

မိခင်သည် ငါ၏ တာဝန်ဝတ္တရားသာတည်း။မိခင်သည် နှလုံးသားသာတည်း။

ဇရပ်တန်ဆောင်း၊ ဂူကျောင်းဗိမာန်တို့တွင် မိခင်၏ ရုပ်ရည်သဏ္ဌာန် ပုံဟန်သွင်ပြင်ကို ငါမြင်၏။ မြင်သော ငါလျှင် မိခင်ကို ပူဇော်ကန်တော့ပါ၏။

အို...မိခင်၊ မိခင်သည်ကား လက်နက်ဆယ်ပါးတို့ဖြင့် ဝင့်ဝင့်ဝါဝါတန်ဆာဆင်အပ်သည့် ထူးမြတ်

www.burmeseclassic.com


သော ဥာဏ်ရောင်သာလျှင် ဖြစ်ပေစွ။

အို…မိခင်၊ မိခင်သည် ပဒုမ္မာကြာပန်းတို့အလယ် တင့်တယ်စံပယ်လျက်နေသော ဥစ္စာသာလျှင် ဖြစ်ပေစွ။

အို…မိခင်၊ မိခင်သည် ပညာရောင်ကိုပြတတ်သော ချိုသာသည့် စကားသာလျှင် ဖြစ်ပေစွ။

မိခင်သည်မြတ်၏။တည်ငြိမ်သောနှလုံးလည်းရှိ၏။ ဖြူစင်မြင့်မြတ်သော ကျင့်ဝတ်လည်း ရှိ၏။ ချိုပြုံးသော အမူအရာလည်းရှိ၏။ ရေချိုရေအေးနှင့်လည်း ပြည့်စုံ၏။ သစ်သီးချိုချဉ်နှင့်လည်း ပြည့်ဝ စုံလင်ပါပေ၏။

အို…မိခင်၊ မိခင်အား ငါသည် လက်စုံမိုး၍ရှိခိုး ပူဇော် ဖူးမြော်ကန်တော့ပါ၏'ဟု ရေးသားထားပေ၏။

ဤစာအုပ်၏ နိဂုံးအခန်းတွင် ကျွန်တော်သည် သုခမိန်ကြီး ဘင်္ကိစိချာတာဂျီ၏ 'ဗန္ဒေ မာတရံ'သီချင်းဖြင့် ပဲခူးတိုင်း ကဝ မြို့နယ်အတွင်းရှိ လယ်ကွက် လယ်ကွင်းကြီးများ၌ ယခုတိုင် မြေနှင့်အတူ အလုပ်လုပ်နေသော မိခင်ကြီးအား ကန်တော့ ပါ၏။

**အမေ**…အမေသည် ကျွန်တော့်အတွက် သောက်
သုံးရန် ရေချိုရေအေးတို့ တတွေတွေ
စီးဆင်းရာ ဖြစ်ပါ၏။
**အမေ**…အမေသည် ကျွန်တော့်အတွက် စားသုံးရန်
သစ်သီးဝလံ ပန်းမန်တို့ သီးပွင့်ရာ

www.burmeseclassic.com


ဖြစ်သည်။

**အမေ**...အမေသည် ကျွန်တော့်အတွက် လေပြည်လေညင်းတို့ ဆော်သွင်းတိုက်ခိုက်ရာ ဖြစ်၏။

**အမေ**...အမေသည် ကျွန်တော့်အတွက် ပန်းမြိုင်လယ် လမ်းခရီးနှင့် စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးလည်း ဖြစ်ပါ၏။

**အမေ**...အမေသည် ကျွန်တော့်အတွက် သော်တာလရောင် တပြောင်ပြောင် ထိန်လင်းရာလည်း ဖြစ်ပါသည်။

**အမေခင်ဗျား**...

အမေသည် အနန္တဂုဏ်ကျေးဇူးကို ချီးကျူးလိုကြသည့် အသိန်းအသောင်းမက ပေါ်များလှသော ထောမနာဩဘာသံတို့ မရပ်မစဲသောနေရာ ဖြစ်ပါသည်။

အမေ...အမေသည် အသိန်းအသောင်းမကသော လက်ရုံးတို့ကို ဆန့်တန်းရာလည်း ဖြစ်ပါသည်။

အမေ့အား အဘယ်သူသည် အားငယ်သူ၊ အားနွဲ့သူဟု ဆိုဝံ့အံ့နည်း။ ဘုန်းလက်ရုံးအား စွမ်းပကားသတ္တိနှင့်ပြည့်စုံသော အမေ့အား ကျွန်တော်သည် ပူဇော်ကန်တော့ပါ၏။

ခပ်သိမ်းသော ရန်ခပင်းတို့ကို နှိမ်နင်းချေမှုန်းတတ်သော အို...အမေ၊ အမေ့အား ကျွန်တော်သည် ပူဇော်ကန်တော့ပါ၏။

အမေသည် ကျွန်တော်၏ ပညာတန်ဆောင် ဉာဏ်

www.burmeseclassic.com



အလင်းရောင်ပါတည်း။

အမေသည် ကျွန်တော်၏ တာဝန်ဝတ္တရားပါတည်း။

အမေသည် ကျွန်တော်၏ နှလုံးသွေးသာတည်း။

ဇရပ်တန်ဆောင်း၊ ဂူကျောင်းဗိမာန်တို့တွင် အမေ၏ ရုပ်ရည်သဏ္ဌာန် ပုံသွင်ပြင်ကို ကျွန်တော်မြင်ပါ၏။ မြင်သော ကျွန်တော်သည် အမေ့အား ပူဇော်ကန်တော့ပါသည်။

အမေ...အမေသည် လက်နက်ဆယ်ပါးတို့ဖြင့် ဝင့်ဝင့် ဝါဝါတန်ဆာဆင်အပ်သည့် ထူးမြတ်သော ဘဏ်ရောင်သာလျှင် ဖြစ်ပါ၏။

အမေ...အမေသည် ပဒုမ္မာကြာပန်းတို့အလယ်တင့်တယ် စံပယ်လျက်နေသော ဥစ္စာသာလျှင် ဖြစ်ပါ၏။ အမေသည် ကျွန်တော့်အတွက် ပညာအလင်းရောင်ကို ပြတတ်သော ချိုသာ သည့် စကားသာလျှင် ဖြစ်ပါ၏။

အမေ...အမေသည် မြတ်ပါ၏။ တည်ကြည်သောနှလုံး သားလည်း ရှိပါ၏။ချိုပြုံးသော အမူအရာလည်းရှိပါ၏။အမေသည် ရေချိုရေအေးနှင့်လည်း ပြည့်စုံပါ၏။ သစ်သီးချိုချဉ်နှင့်လည်း ပြည့်ဝ စုံလင်ပါ၏။

အို...အမေ။

အမေအား ကျွန်တော်သည် အသည်းလှိုက်အူလှိုက် ဦးခိုက်ရိုကျိုး ရှိခိုးပူဇော်ကန်တော့ပါ၏။

ချစ်စံဝင်း

www.burmeseclassic.com



စုပေါင်း၍ ဒီပနီ ဦးချလိုက်ပြီ

အမေနှင့်အမေ့အကြောင်း
စုပေါင်း၍ ဒီပနီ
ကျေးဇူးဂုဏ် အနန္တ
ဦးချလိုက်ပြီ။
လောကုတ်နှင့် လောကီ
နှစ်လီသောအကျိုး
နဘယ် အရောက်ပို့ ခေါ်ယာ
စေတနာ ကာမွှမ်းပြတယ်
ရှုမှိန့်တန်ခိုး ။

သုခ

# ချစ်ဝင်း

## အမေ နှင့် အမေ့အကြောင်း